မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန်.ပွားရေးအဖွဲ့.ချုပ်နာယက

အဂ္ဂမဟာကမ္မဌာနာစရိယ

ဘုန်ဖေမိုဝ

တစ်ဘဝသာသနာကျမ်းပြု

ခန္ဓာဉာဏ်ရောက်ပဋိဠသမုပ္ပါဒ်တရားတော် (ပထမတွဲ)



ဖိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ဒုပ်နာယက

ဒုတိယကိုယ်

တစ်ဘဝသာသနာကျမ်းပြု

အဝိဇ္ဇာ – သင်္ခါရ – ဝိညာဏ် – နာမ်ရုပ် – သဋာယတန – ဝေဒနာ – တဏှာ – ဥပါဒါန – ဘဝ – ဇာတိ – ဇရာ – မရဏ

ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော် (ပထမတွဲ)

စာမူခွင့်ပြုချက် - ၃၂၀၅၁၄၀၉၀၈

မျက်နှာဖုံးခွင့်ပြုချက် - ၃၂၀၄၃၈၀၉၀၈

၂၀၀၈ ခုနှစ် ' စက်တင်ဘာလ ' ပထမအကြိမ် ' အုပ်ရေ ၂၀၀၀

မျက်နှာဖုံးဒီဇိုင်း နှင့် စာအုပ်အပြင်အဆင်

မျိုးတင့်အောင် (မြတ်ကလောင်)၊

ဝတ်ရည်ထွန်း (" ကေကေ " ဓာတ်ပုံတိုက်)၊ အမှတ် ၂၁၊

သံသုမာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။

၀၉-၅၁၉၁၈၆၂ ၊ ၀၉-၅၁၄၃၁၅၀

ကွန်ပျူတာစာစီ - မဆုမွန်ကျော် (အမျိုးသားပြတိုက်)

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀-အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

ဦးသစ်လွင်၊ ၁၃၃/

ရွှေပြည်သာလမ်း၊ သာကေတ

တန်ဖိုး . . . . . ကျပ်



ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်တရားတော်

(ပထမတွဲ)

❖ ❖ ❖

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	❖ ပဋိစ္စသမုပ္ပါဒ် အခြေခံ(အနုလောမ)ဟရားတော်	၁
၂။	❖ တဏှာသခ်ယသုတ်	၄၁
၃။	❖ ရုပ်နာမ်ခွဲ ပညတ် ပရမတ်ခွဲ	၈၄
၄။	❖ ဆပ္ပါဏကောပမသုတ်	၁၂၄
၅။	❖ ဒါမှတ္တနွှာပမသုတ်	၁၆၆
၆။	❖ တေဝိဇ္ဇသုတ်	၂၀၆
၇။	❖ သမ္မာဒိဋ္ဌိဝါဒီမိုး	၂၄၆

အရှင်ဃောသိတ ရေးသားခဲ့သော ကျမ်းစာအုပ်များ

✠ ✠ ✠

၁။ အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ အဂ္ဂမဟာပဏ္ဍိတမိုးကုတ် ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ

၂။ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ

၃။ ပရိဝါသဝိဓိ

၄။ ပဋ္ဌိကမင်နှင့် အဌိကမင်

၅။ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းသင်တရားတော်

၆။ ဝိပဿနာအလုပ်ပေး တရားတော်

၇။ ဝိပဿနာဘူမိ

၈။ ၂၂၇- သွယ်၊ ကိုယ်ဝယ်ဆင်မြန်း၊ ပုလဲပန်း

၉။ မိတ္ထီလာမြို့ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ၊ ဓာတ်တော်များသမိုင်းတို့ ဖြစ်ပါသည်။

မိတ်ဆက်နိဒါန်း

✠ ✠ ✠

တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် အရှင်ယောသိတ (မိုးကုတ် ကမ္မဋ္ဌာနာစရိယ) ၏။ ၁၉၈၆- ခုနှစ်ဦးပိုင်းမှအစပြု၍ ၁၉၉၈- ခုနှစ်တိုင် အောင် ပလ္လင်ပေါ်မှ ဟောကြားခဲ့သော အသံတရားတော်များကို စာလုံး အဖြစ်ပြောင်းကာ ဆရာတော်ဟောနေသည့် ဟန်မပျက်စေဘဲ စာအုပ်အဖြစ် တင်ဆက်ထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာဖတ်နေသူကိုယ်တိုင် ဆရာတော်၏ တရားပွဲတွင် ပါဝင်နေပြီး ဟောကြားနေသောဆရာတော်နှင့် အပေးအဖြေ ပြုလုပ်ကာ နာယူနေရသည်ဟု ခံစားရပါလိမ့်မည်။

တရားအသိ ကြွယ်ဝပါစေသော်ငှ

ထုတ်ဝေသူ

ကျေးဇူးတော်ရှင် အဂ္ဂပဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလ ၏

ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်



လက်ခံဆောင်ပုဒ်

မှုလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးဒုအလွှာ၊ အဂ်ိတစ်ဆယ့်နှစ်ပါး၊
ဇရာကိုယ်ပျားနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မှုလ၊ ဝဋ်သုံးဝန်း၊
ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊
သိဒေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။



သာသနာနှင့်အရိယာ၊ ရေနှင့်ကြာပမာ

အံ့ဖွယ်ပြည့်စုံ သာသနာ့ဂုဏ်

ဗုဒ္ဓမြတ်စွာ၏ အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသော သာသနာတော်ကြီးအား မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်ဖြာ ဥပမာနှင့် နှိုင်းယှဉ်ဟောကြားတော်မူခဲ့သည့် အံ့ဖွယ်တစ်ပါးမှာ မဟာသမုဒ္ဒရာသည် ကမ်းပါးစပ်မှစ၍ လက်ဝ-သစ်၊ လက်j-သစ် စသည်ဖြင့် အစဉ်အတိုင်း ယူဇနာပေါင်းရှစ်သောင်း လေးထောင်တိုင်အောင် နက်ဝှမ်းသွားသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်ကြီး ၌ အကျင့်ဓမ္မတို့သည် သီလစသော သိက္ခာကျင့်စဉ်၊ ဓုတင်၁၃-ပါး စသော လုပ်ငန်းစဉ်၊ သတိပဋ္ဌာန်စသော ကျင့်စဉ်တို့ဖြင့် အရဟတ္တဖိုလ်တိုင်အောင် နက်ဝှမ်းသွားကြသည်မှာ သာသနာတော်၏ အံ့ဖွယ်တစ်ပါး။

---

၁ မျိုးတင့်အောင်(မြတ်ကလောင်)

ကောင်းကင်မှမိုးရေအယဉ်နှင့် အားလုံးသော မြစ်ကြီးမြစ်ငယ်တို့မှ ရေတို့သည် မဟာသမုဒ္ဒရာသို့ ကျဝင်ကုန်သော်လည်း မဟာသမုဒ္ဒရာ၏ ရေသည် တိုးလာခြင်း၊ လျော့သွားခြင်းဟူ၍ မရှိသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓါတ်သို့ ကြွဝင်တော်မူသော ရဟန္တာပုဂ္ဂိုလ်တို့သည် မရေတွက်နိုင်အောင် များပြားကြပြီး၊ ထိုသို့ပင် ဖြစ်သော်လည်း နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်သည် လျော့ကျဉ်းသွားခြင်း၊ တိုးကျယ်လာခြင်းဟူ၍ မရှိသည်မှာ သာသနာတော်၏ အံ့ဖွယ်တစ်ပါးပင်တည်း။

မဟာသမုဒ္ဒရာသည် ခန္ဓာကိုယ်အလွန်ကြီးမားကြသော တိမိလ၊ တိပိဂ်လ ငါးကြီးများ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်များနှင့် ယူဇနာလေးရာ၊ ငါးရာတိုင်အောင် ခန္ဓာကိုယ်ကြီးမားကြသော သတ္တဝါကြီးတို့၏ နေရာဖြစ်သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်ကြီးသည်လည်း သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ကြီးမားကြသော သောတာပတ္တိ မဂ္ဂဋ္ဌာန် သောတာပတ္တိ ဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန် အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တ ဖလဋ္ဌာန်ဟူသော ကြီးမားကြသည့် အရိယာပုဂ္ဂိုလ်ရှစ်ပါးတို့၏ နေရာဖြစ်သည်မှာ သာသနာတော်၏ အံ့ဖွယ်တစ်ပါးသာတည်း .....။

ပဋ္ဌကွသာသနာတော်၏ နေလနှစ်ဖြာ

ထိုကဲ့သို့ မဟာသမုဒ္ဒရာနှင့် နှိုင်းယှဉ်ရလောက်အောင် ကျယ်ပြန့် နက်နဲလှသည့် ဗုဒ္ဓမြတ်စွာသာသနာတော်တွင် အရဟတ္တဖိုလ် တိုင်အောင် နက်ဝှမ်းသွားသည့် ကျင့်စဉ်များ၊ နိဗ္ဗာန်သို့ မရေမတွက်နိုင်အောင် ကြွဝင်တော်မူကြပြီး၊ သာသနာဟုဆိုအပ်သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ

သာသနာတော်သုံးရပ် အရှည်တည်တံ့၍ အမျှားလွယ်ကူ ရှင်းလင်းစွာ နားလည်ပြီး သာသနာတော် ထွန်းကားပြန့်ပွားစေရန် ခေတ်အဆက်ဆက် အပတ်တကုတ်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများအနက် မျက်မှောက်ပစ္စက္ခသာသနာတော်တွင် ရေကန်နှင့်တူသော ပရိယတ္တိသာသနာတော်၌ နေအသွင် လအသွင်ထင်ရှားခဲ့သော အမရပူရ (တောင်မြို့) မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ၊ ရေနှင့်တူသော ပဋိပတ္တိ သာသနာတော်နှင့် ကြာနှင့်တူသော ပဋိဝေဓ သာသနာတော်တို့တွင် နေအသွင် လအသွင် ထင်ရှားခဲ့သော အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး ဦးဝိမလ တို့၏ တစ်ဘဝသာသနာတို့မှာ ဗုဒ္ဓမြတ်စွာ၏ ပစ္စက္ခသာသနာတော်တွင် နေအသွင် လအသွင် ထင်ရှားစွာ ကျန်ရှိခဲ့ပေသည်။

အာစရိယဂုဏ် ပြည့်စုံဝေပြာ မြတ်ဆရာ

ထိုသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ကြီးမြင့် ပြည့်စုံသော ဆရာတော်ဘုရားကြီး ၂-ပါးအနက် အရှင်ယောသိတ၏ ငယ်စဉ် ဘဝမှစ၍ ဘဝရှေ့ပိုင်းကို လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သည်မှာ ကျေးလူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသသာလျှင် ဖြစ်ခဲ့ပြီး၊ အရှင်ယောသိတ၏ ဘဝနောက်ပိုင်းတွင် သံသရာခရီးအတွက် ခြေလှမ်းသွားတတ်အောင် ညွှန်ကြားပေးတော်မူခဲ့သည်မှာ ကျေးလူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး ဦးဝိမလသာလျှင် ဖြစ်ပါတော့သည်။

တစ်ဘဝသာသနာမှ တစ်ဘဝသာသနာသို့

အများအကျိုး၊ သာသနာတော်အကျိုးအား ထက်သန်စွာ သယ်ပိုး ဆောင်ရွက်တော်မူခဲ့ကြသည့် ကျေးလူးတော်ရှင် ဆရာတော်ဘုရားကြီး ၂-ပါး တို့၏ ဘဝခရီးဝယ်ကို ကိုယ်စီကိုယ်ငြ ဆောင်ရွက်တော်မူခဲ့ကြသော သာသနာပြုလုပ်ငန်းတို့အား ကျမ်းပြုဆရာတော် အရှင်ယောသိတမှ တန်ဆာဆင်ကာ စေတနာအပြည့်အဝဖြင့် "တစ်ဘဝသာသနာ" ကျမ်းစာများ ရေးသား၍ ရှိသေလေးမြတ်စွာ ပူဇော်ခွင့်ရသဖြင့် "အာဂလူဟဲ့၊ ဒါမှ လူကွဲ့" ဟု ဤသို့ ပင်လျှင် အများကမြင်ကြ၊ ပြောစမှတ်ပြုကြရာ ထိုသည်ကပင် တစ်ဘဝ သာသနာကျမ်းပြု အရှင်ယောသိတ၏ "တစ်ဘဝ သာသနာ" ပင် ဖြစ်ပေလိမ့်မည်။ အရှင်ယောသိတ ပြုခဲ့သော "တစ်ဘဝသာသနာ" ဟုသာ ဆိုရချေတော့မည်။

ကျမ်းပြုစာပေ မြတ်ကုံရည်

တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် အရှင်ယောသိတသည်ကား ငယ်စဉ်ကတည်းမှစ၍ ဆောင်းပါး၊ ကဗျာစာပေရေးသားခြင်း ဝါသနာအထုံပါခဲ့သည်မှာ ထူးခြားသည့် ပါရမီနှင့် ဂုဏ်ရည်တစ်ရပ်ဖြစ်ပြီး၊ အရှင်ယောသိတ၏ ဘဝခရီးတွင် အာစရိယ ဂုဏ်အင်နှင့် ပြည့်စုံကြသည့် ဆရာကောင်း ဆရာမြတ်များဖြစ်ကြ၍ အနှီးအဆလွန်သော ကျေးလူးရှင်ကြီးများ ဖြစ်တော်မူသည့် ပရိယတ်အကျော်အမော် ဆရာတော်ဘုရားကြီးနှင့် ပဋိပတ်အကျော်အမော် ဆရာတော်ဘုရားကြီး ၂-ပါးတို့၏ သစ်ရိပ်-ဝါးရိပ်၊ တောရိပ်-တောင်ရိပ်တို့ထက် အဆပေါင်းများစွာ ပို၍အေးမြသော အရိပ်တော်တို့က အရှင်ယောသိတ၏ထိပ်ပေါ်တွင် အုပ်မိုးထားသကဲ့သို့ ဖြစ်ခဲ့သည်

မှာလည်း ထူးခြားသည့် ဂုဏ်ရည်တစ်ရပ်သာတည်း။

ထို့ကြောင့်ပင် အရှင်ယောသိတ၏ ဘဝခရီးတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အာဘောဂ အလိုဆန္ဒတော်အတိုင်း အသက်အရွယ်အငယ်၊ အလတ်ပိုင်းတို့၌ ပရိယတ်ကိုရွက်ဆောင်၊ အရွယ်ထောက်၍ အကြီးပိုင်းသို့ ရောက်လာလျှင်ကား ပဋိပတ်အထိ တက်ခဲ့ပြီး၊ ပဋိစ္စသမုပ္ပါဒ် အခြေခံသော ခန္ဓာဉာဏ်ရောက် သစ္စာတရားများအား ကိုယ်တိုင်နာယူ ကျင့်ကြံပွားများ အားထုတ်ခြင်းနှင့် ကျယ်ပြန့် ခက်ခဲနက်နဲလှသော ဓမ္မဒေသနာများအား မှတ်သားရလွယ်ကူ၍ အများရှင်းလင်းစွာ နားလည်စေရန် ကဗျာ၊ လက်ာများ ထည့်သွင်းပြီး တရားပြရာတွင် အထောက်အကူပြု ရောင်စုံခွက်ကလေးများဖြင့် ပြည်တွင်းပြည်ပမှ တရားနာပရိသတ်များအား ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၆)နှစ်တိုင်အောင် မြဝတီရုပ်မြင်သံကြားမှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ နံနက်တိုင်း ထုတ်လွှင့်ခဲ့သော ဆရာတော်အရှင်ယောသိတ ဟောကြားခဲ့သည့် "မြတ်ဘုရားဒေသနာ ဝိပဿနာ" တရားတော်တို့မှာလည်း ထူးခြားသည့် ဂုဏ်ရည်သာလျှင် ဖြစ်ပါတော့သည်။

ထိုသို့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်နာယက၊ သံဃတက္ကသိုလ် ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဗုဒ္ဓဒေသနာဒီပလိုမာ (Dip. B.D)၊ တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် စသည့် ဂုဏ်ထူး ဝိသေသတို့နှင့် ပြည့်စုံတော်မူသော ဆရာတော် အရှင်ယောသိတ၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်နှင့် အန္တိမအဂ္ဂိစျာပန ပူဇာသဘင် အခမ်းအနားသို့ လာရောက်ပူဇော် ပင့်ဆောင်ကြသည့် ရဟန်း ရှင်လူ

ပရိသတ်များ အထူးများပြားခြင်းနှင့် လာရောက် ဖူးမျှော်ကြသူ ရဟန်း ရှင်လူ ပရိသတ်များ အထူးများပြားခြင်းတို့အား ၂၀၀၇ ခုနှစ် မေလထုတ် မဂ္ဂဇင်း အချို့နှင့် သူရဇွမဂ္ဂဇင်း အတွဲ (၇)၊ အမှတ် (၅)ပါ ဆောင်းပါးတို့အပြင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်ထုတ် သတင်းဆောင်းပါး ဂျာနယ်အချို့နှင့် မြန်မာတိုင်း(မ်)သတင်းနှင့် စီးပွါးရေးဂျာနယ်တို့တွင် ဖော်ပြ ပါရှိသည်မှာလည်း ထူးခြားသည့် ဂုဏ်ရည်ပင်ဖြစ်အံ့။

ပူဇာ ပူဇ နေယျာ ရံ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက တစ်နိုင်ငံ လုံးအတွက် ကျောင်းထိုင်ဘုန်းကြီး သင်တန်းများ ဖြစ်ပေါ်ရေးကို ရှေးရှုခဲ့ရာ၊ ကျမ်းပြုဆရာတော် အရှင်ယောသိတသည် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ရေကူး ရပ်တွင် "သံယတက္ကသိုလ်" ကျောင်းတိုက်ကို ၁၉၆၄ ခုနှစ်မှ စတင်တည် ထောင်ခဲ့ပြီး၊ ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်အဖြစ် သာသနာပြု ဌာနတည်ထောင်ဖွင့်လှစ်ထားရှိပြီး၊ ပညာရေးတာဝန်ကို ထမ်းဆောင်ရင်း သာသနာပြု သင်တန်းများကို ပို့ချပေးလျှက် ရှိသည့်အပြင် ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ ချုပ်တွင် နှစ်ပေါင်း ၂၀ ခန့်တိုင်အောင် ပြည်တွင်း အရပ်ရပ်တို့၌ ကမ္မဌာနာစရိယအဖြစ် လှည့်လည်တရားပြခဲ့သော ဆရာတော်အရှင် ယောသိတသည် ကမ္မဌာန နယဒေသကဂုဏ်၊ ဝိပဿနာ ဓုရာဝဟဂုဏ်၊ ပဋိပတ္တိ ဓုရာဝဟ ဂုဏ်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ရဟန်း ရှင်လူ ပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူသဖြင့် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ "အဂ္ဂမဟာ ကမ္မဌာနာစရိယ"

ဘွဲ့တံဆိပ်အား ဆက်ကပ်ပူဇော်မှု ပြုခဲ့ကြသည်မှာလည်း ဆရာတော်အရှင်ယောသိတ၏ ထူးခြားသော ရဟန်းမြတ်ဂုဏ်ရည် တစ်ပါးပင်ဖြစ်ပါတော့သည်။

ကျွမ်းပြုဆရာတော် အရှင်ယောသိတ၏ တစ်ဘဝသာသနာ

ဇာတိချက်ခြေ – ဖွားရာမြေ

မြန်မာနိုင်ငံအလယ်ပိုင်း၊ မကွေးတိုင်း၊ ပြည်သစ်ပြည်နယ်၊ လေးတိုင်စင်ကျေးရွာအုပ်စု၊ ပိုကြီးကျေးရွာတွင် အရှင်ယောသိတ လောင်းလျာမောင်ကြည်လှိုင်အား ကောဇာသက္ကရာဇ် ၁၂၉၂-ခု၊ ကဆုန်လဆန်း ၉-ရက်၊ တနလ်ာနေ့ ညဉ့်ဦးပိုင်းတွင် အဘ-ဦးဖိုးချို၊ အမိ- ဒေါ်ဆယ်မိတို့မှ စတုတ္ထမြောက် သားမြတ်ရတနာကို ဖွားမြင်ခဲ့ပါသည်။

မောင်ကြည်လှိုင်မှာ ညီအစ်ကို မောင်နှမမွေးချင်း (၇) ယောက်ရှိ၍ ကြီးစဉ်ငယ်လိုက်တို့မှာ -

၁။ မောင်သိန်းအောင် (ရဟန်းဘွဲ့ ဦးသုမန) [အစ်ကို အကြီးဆုံး]
၂။ မောင်တုတ်ပေါ [အစ်ကိုအလတ်]
၃။ မောင်ဘွားဇုံ [အစ်ကိုလေး]
၄။ မောင်ကြည်လှိုင် [ဆရာတော်လောင်းလျာ]
၅။ မအုန်းမြ
၆။ မလှသိန်း
၇။ မစိန်ကြည်တို့ ဖြစ်ကြသည်။

မောင်ကြည်လှိုင်(၇)နှစ်သားအရွယ်တွင် အစ်ကိုများနှင့် အတူ ဖိုကြီးရွာမ အနောက်ကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒိယ၊ ခန်းနေလက်ထောက် ဘုန်းတော်ကြီး ဦးဝိမလတို့ထံတွင် အခြေခံပညာရပ်များ ဖြစ်သော မြန်မာစာအရေးအဖတ်၊ ဂဏန်းသင်္ချာ အတွက် အချက်တို့အပြင် ဝုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံအဖြစ် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ အတွင်း အောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရတို့အပြင် စိတ်ဓါတ်မြင့်မားလာရေး အတွက် လောကနီတိနှင့် ငါးရာ့ငါးဆယ် ဇာတ်တော်များကိုလည်း သင်ပြပေး တော်မူကြသည်။

ဆယ်တန်းသို့ သာမဏေဘဝ

မောင်ကြည်လှိုင် အသက် ၁၂ နှစ် အရွယ်တွင် မိဘ ၂-ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ဖိုကြီးရွာမ အနောက်ကျောင်း၌ ရှင်သာမဏေ ဘောင်သို့ တက်ခဲ့ရာ၊ ဥပလ္ဝယ်ဆရာတော်မှာ ဘုန်းတော်ကြီး ဦးဝိမလဖြစ်ပြီး မောင်ကြည်လှိုင်အား "ရှင်ယောသိတ" ဟု အမည်ပေးတော်မူသည်။

တစ်ချိန်တွင် မြို့ကြီးများမှ ပညာသင်၍ ပြန်လာသော ဦးပဉ္စင်းများနှင့် ပါလာသော ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အခြေပြုသဒ္ဒါ၊ အခြေပြုသင်္ကြိုလ် စာအုပ်များမှ ရတနာ့ဂုဏ်ရည် စာအုပ်ကို အလွန်သဘော ကျခဲ့၏ ဖတ်၍ကောင်းလှသည်၊ ကလေးငယ်ဘဝဖြင့် မသိရသေးသော အကြောင်းအရာတို့ကို သိရတော့၏။ ထိုအချိန်မှစ၍ "ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသ" ဆိုတာ ဘယ်ဆီမှာမှား ရှိပါလိမ့် ဖူးချင်စမ်းပါဘိဟု တောင်းတခဲ့မိ၏။ အာသာချင်ခြင်း ပြင်းခဲ့သည်။

ဤသို့ဖြင့် သာမဏေဘဝသို့ ရောက်လာကာ သဒ္ဒါ၊ သင်္ကြိုလ်တို့ကို သင်ရ၏။ သို့ရာတွင် ရတနာ့ဂုဏ်ရည်ကိုပင် မက်မောခဲ့သည်၊ အခါက်

အရှင်ယောသိတ ၏ တစ်ဘဝသာသနာ ၎

ခေါက်လည်း ဖတ်မိ၏။ ထိုအရှင်ကိုပင် "ဖူးချင် တွေ့ချင်စမ်းပါဘိ" ဟု တောင့်တခဲ့မိသည်။

ရှင်ယောသိတ၏ အစ်ကိုအကြီးဆုံး မောင်သိန်းအောင်သည် အဖေ့ ညီဘုန်းကြီး (ဘကြီးဘုန်းကြီး)နှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် ကြီးတွင် စာပေသင်ကြားရင်း ရှင်သာမဏေ ဝတ်သောအခါ "ရှင်သုမန" ဟု နာမည်တွင်၏။ ၎င်းကျောင်းတိုက်ကြီးထဲမှ ဆရာတော်ကြီး ဦးပညာ သီဟက ဆင်ဖြူကျွန်းမြို့သို့ စာသင်တိုက် ခွဲသောအခါ ရှင်သုမနလည်း ပါသွားသည်။ ထိုမြို့မှာဆက်လက် ပညာသင်၍ အသက် ၂၀-ပြည့်သော အခါ ရဟန်းဘဝသို့ ရောက်လာပြီး၊ စာတတ်ပေတော် "စာချဘုန်းကြီး တစ်ပါး" လည်း ဖြစ်လာတော့သည်။

ဤကဲ့သို့ ဘကြီးဘုန်းကြီးနှင့် အစ်ကိုရင်းဖြစ်သူ စာချဘုန်းကြီးတို့ကို အကြောင်းပြု၍လည်းကောင်း၊ ရှင်ယောသိတ၏ဆရာရင်း ဆရာတော်ကြီး ဦးနန္ဒိယနှင့် ဘုန်းတော်ကြီး ဦးဝိမလတို့ကလည်း ပိဋကတ်တော်များသို့ တက်လှမ်းရန် အခြေခံဖြစ်သော သဒ္ဒါ-သင်္ကြိုဟ် နှင့် ပုဒ်စစ်- သုတ်စစ်- သဒ္ဒါ စစ်တို့ကို သင်ပေးတော်မူနေကြခြင်းသည် ရှင်ယောသိတ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်လာရန် အခွင့်အလမ်းသာနေပါတော့သည်။

မန္တလာမှာ ပညာရှာ

ဂျပန်ခေတ်အတွင်း ရှင်ယောသိတ အသက် ၁၆-နှစ်ခန့်တွင် နောင်တော် စာချဘုန်းကြီး ဦးသုမနက ရွာသို့ လာရောက်ခေါ် ခဲ့ပြီး မန္တလေး သို့ ပညာသင်သွားရာ တောင်ပြင်ထီးလင်းတိုက်၌ နေခွင့်ရကြပြီး နောင်တော် ဦးသုမနထံမှာ ရှင်ယောသိတ ပညာသင်ရပြီး ဦးသုမနက ပရိယတ် အထက်

တန်းပညာရပ်များကို ဆက်လက် သင်ကြားခဲ့ပါသည်။ မန္တလေးပြို့၌ ၁-နှစ် ခွဲခန့်နေပြီး လွတ်လပ်ရေးရပြီးစ ၁၃၁၀-ခုနှစ်၊ နှစ်ဦးပိုင်းတွင် နောင်တော် ဦးသုမနက ပိတ်ဆွေရင်း ဦးဥက္ကဋ္ဌနှင့် ပဋ္ဌာန်းစာဝါဆိုရန် တောင်ပြို့ (အမရပူရပြို့) သို့ ပြောင်းရွှေ့ပြန်ရာ ရှင်ယောသိတပါ လိုက်ပါ ရတော့သည်။

အမရာတွင် ပညာသင်

အမရပူရရှိ မဂ်လာတိုက်ဟောင်း၊ ဒေါ်ဒေါ်ဖုန်၏ ကျောင်းကြီး အောက်တွင် ခေတ္တသီတင်းသုံးနေခဲ့ကြပြီး ထိုစဉ်က မိုးကုတ်ဆရာတော်ကြီး ဦးဝိမလသည် မိုးကုတ်ပြို့မှ အမရပူရသို့ ပြန်လည်ကြွရောက်ခြင်း မရှိသေးချေ။

ထို့နောက်ရှင်ယောသိတအား နောင်တော်ဦးသုမနက အမရပူရ အရှေ့ဖျား၊ တောင်သမန်အင်းအနီးရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆရာတော် အရှင်ဇနကာဘိဝံသထံသို့ ပို့ခဲ့ရာ ထိုအခါမှပင် အနှစ်နှစ်အလလက ပိပိတွေ့ချင် ပူးချင်လှ၍ တောင့်တခဲ့ရသော ရတနာ့ဂုဏ်ရည် ကျမ်းစာရှင် မထေရ်မြတ်ကို "ဘွားခနဲ" ပူးတွေ့ရသဖြင့် ပိပိဘဝတွင် အကျေနပ်ဆုံးဖြစ်၍ သွားပြီး ထိုအချိန်မှစ၍ ရှင်ယောသိတသည် အရှင်ဇနကာ ဘိဝံသ၏တပည့် ရင်းကြီး ဖြစ်၍ သွားတော့သည်။

ထိုစဉ်တွင် ဆရာတော်အရှင်ဇနကာဘိဝံသမှ မဟာဂန္ဓာရုံကျောင်း တိုက်ကို ပရိယတ္တိစာသင်တိုက်ကြီး ဖြစ်လာစေရန် အရှိန်ယူကာစ ဖြစ်၍ ရှင်ယောသိတအဖို့ မြင့်တက်လာဖို့ရာ အမှီအခိုကောင်း ဆရာကောင်း တွေ့ခဲ့ရပြီး ရှင်ယောသိတ၏ စိတ်နေ စိတ်ထားတို့ကို ပြုပြင်ပေးတော်မူခဲ့၍ အသိဉာဏ်ပညာ-သဒ္ဓါ တရားတိုးတက်အောင် လမ်းညွှန်ပေးတော်မူသည့်

အပြင် ဆရာတော်မှ ပြုပြင်ရေးဆွဲထားသော ပညာသင်ကြားရေးမူသစ် စနစ်သစ်ကိုလည်း သင်ယူခဲ့ရသည်။

ကဗျာစာပေ ဝါသနာတိ အထုံကပ်

ရှင်ယောသိတငယ်စဉ်မှစ၍ နောင်တော်အရင်း သင်ပြပေးခဲ့သော ကဗျာသီကုံးနည်းတို့ဖြင့် အခြိန်ရလျှင်ရသလို သီကုံးနေတတ်ပြီး စာစောင်၊ မဂ္ဂဇင်းများသို့ ကဗျာများ ပေးပို့တတ်သည်။ ၄င်း၏ လက်ရာ ကဗျာတို့မှာ ပုံနှိပ်စာလုံးဖြင့် ပါလာလျှင်ကား အိပ်မပျော်နိုင်အောင် ဝမ်းသာနေပါတော့သည်။

ကဗျာများနှင့် ဆက်နွယ်၍ စာပေရေးသားမှုဝါသနာ ထုံလာခဲ့ပြီး ဆောင်းပါးကလေး များရေးသား၍ သတင်းစာတိုက် မဂ္ဂဇင်းတိုက်များသို့ ပို့လေ့ရှိ၏။ တစ်ခါတစ်လေတိုက်မှ ရွေးချယ် အသုံးပြုလျှင် တပြုံးပြုံးနှင့် နှလုံး စိတ်ဝမ်းပျော်နေတတ်သည်။

တစ်ခါသော် အရှင်ယောသိတရေးသော "ကဆုန်လပြည့် ဗုဒ္ဓနေ့" ဆောင်းပါး သတင်းစာတွင်ပါလာရာ ဆရာတော်မှ သိသွားပြီး "ခုချိန်ခါငယ်ပါသေးတယ်၊ အသက်ကြီးတော့မှ ရေးတော့ ဗဟုသုတလည်း စုံတာပေါ့၊ အခုအချိန်သင်နေတဲ့ ပါဠိတော်တွေထဲမှာ သမာဓိနည်း သွားလိမ့်မယ်" ဟု ညွှန်ကြားပေးခဲ့ရာ မြေဝယ်မကျ နားထောင်လိုက်နာခဲ့သဖြင့် နောက်ထပ်မရေးဖြစ်တော့ချေ။

ရဟန်းဘဝ မြင့်မြတ်ရာ

ငယ်-လတ်-ကြီး စာပေးပွဲများ အဆင့်ဆင့်အောင်မြင်ပြီး အသက် ၂၀-ပြည့်၍ ရဟန်းလည်းဖြစ်ခဲ့ပြီ၊ ၁၃၁၇-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ကျင်းပပေးသော ဓမ္မာစရိယ စာချတန်းစာပေးပွဲအား ဂုဏ်ထူးများနှင့် အောင်မြင်သဖြင့် "သာသနဓဇသိရိပဝရ ဓမ္မာစရိယ" ဘွဲ့ကို ရရှိခဲ့ပြီး "မဟာဂန္ဓာရုံ စာချဘုန်းကြီးတစ်ပါး" အဖြစ် ဆရာတော် အရှင်ဇနကာဘိဝံသ၏ အသိအမှတ်ပြုခြင်း ခံယူခဲ့ရသည်။

ကျမ်းပြုစာပေမြတ်ဂုဏ်ရည်

ဆရာတော်အရှင်ဇနကာဘိဝံသမှ စာချဘုန်းကြီး အရှင်ယောသိတ စာရေးဝါသနာပါမှုနှင့် သိတော်မူသဖြင့် စာရေးသားရာတွင် မပါမဖြစ် အချက်အခြာအရေးကြီးသော "အလင်္ကာ ဘာသာဋီကာ" ကို ဦးစားပေးသင်ကြားခဲ့ပြီး ပို့ချရေးသားသောအခါ စာချဘုန်းကြီး အရှင်ယောသိတအား အချောရေးသားရန် ဆရာတော်ဘုရားကြီး၏ အစအဆုံး တာဝန်ပေးအပ်ခြင်း ခံရသူလည်း ဖြစ်သည်။ သို့ဖြစ်၍ "စာရေးသားနည်းအတတ်ပညာ" ကို ကျေးဇူးရှင် ဆရာတော် အရှင်ဇနကာဘိဝံသထံမှ ရရှိခဲ့ပါသည်။

ကဗျာလင်္ကာအနှုန်းအပွဲ့ပညာရပ်များကို ငယ်စဉ်ကပင် ကဗျာဆရာနောင်တော်အရင်း ဦးသုမနထံမှာ ရရှိခဲ့သည်။ ဤသို့အားဖြင့် အမိအဘ သဖွယ်ဖြစ်သော ဆရာတော်ထံမှာ ပညာရပ်များကို ၁၂-နှစ်ကျော်မျှ ဆည်းပူးသင်ကြားခွင့်ရခဲ့သည်။

" မိမိဘဝဤသို့ဖြစ်လာအောင် သာသနာဝန်ထမ်းသက်နှံးဝတ် ဘဝရောက်လာအောင် ရတနာဂုဏ်ရည် စာအုပ်ကလေးက မိမိကိုလာ၍

ခေါ်ပါသည်၊ သွေးဆောင်ဖြားယောင်းပါသည် " ဟု ဆရာတော်ကြီးအား လျှောက်ထားချင်၏။ သို့သော် မလျှောက်ထား ဖြစ်ခဲ့ပါ။

ဒေလာမပြတ် ဆည်းဆာယမ်းညာ

နောင်အခါ အရှင်ယောသိတ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ကမ္ဘာအေး ကုန်းမြေရှိ "သံယတက္ကသိုလ်" တွင် ၅-နှစ်၊ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် တွင် ၂-နှစ်ပညာဆည်းပူး အောင်မြင်သောအခါ "ဗုဒ္ဓဒေသနာဒီပလိုမာ" (Dip. B.D)လက်မှတ်ကို ဆက်ကပ်၍ အသိအမှတ်ပြုခြင်း ခံယူခဲ့ရသည်။

ထို့နောက် ရန်ကုန်ပြို့၊ ကမ္ဘာအေး၊ ရေကူး "သံယတက္ကသိုလ် သာသနာပြုဌာန" ၌ ပညာရေးတာဝန်ကိုယူလျှက် ဆရာတော်အရှင် ဇနကာဘိဝံသ ရည်မှန်းခဲ့သော တစ်နိုင်ငံလုံး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ပို့ချရေး ကိစ္စကို ဆောင်ရွက်ရင်း ကျေးဇူးရှင်ဆရာတော်ကြီး၏ ဆန္ဒတစ်စိတ် တစ်ဒေသကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆရာတော် အရှင်ယောသိတသည် သံယာ့အဖွဲ့အစည်း အဆင့်ဆင့် စတင်ပေါ်ပေါက်လာသည့် ၁၉၈၀-ခုနှစ်မှ ၁၉၉၀-ခုနှစ် အထိ (၁၀)နှစ် တိုင်အောင် မရမ်းကုန်းမြို့နယ် "တိုင်း သံယနာယက အဖွဲ့ဝင်" အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

"ရဟန်းသည် မိမိကိုယ်ကျိုးကို ကျင့်ခြင်းမဟုတ်၊ အများအကျိုး ငှာလည်း ကျင့်တော်မူခြင်းဖြစ်သည် "

သင်္ဂီဂဝသုတ်

ပင်လယ်ကမ်းစပ်မှ ပဌာန်းမြတ်ဒေသရာ

ထို့အပြင် နှစ်စဉ်ပဌာန်းပူဇော်ပွဲအတွက် ရန်ကုန်မြို့၊ စမ်းချောင်းနေနတ်သားစာသင်တိုက်မှ နာယကဆရာတော်ကြီးနှင့် သံဃာအချို့၊ ပြည်လမ်း၊ (၆)မိုင် ရတနာအောင်မြေကျောင်းတိုက် ဆရာတော်ကြီးတို့က "လိုက်ခဲ့" လို့ခေါ်၍ ရခိုင်ပြည်နယ် ဂွမြို့သို့ ပါသွားရပြီး နှစ်စဉ်နှစ်တိုင်းဆောင်းပိုင်းရောက်လာပြီဆိုရင် ဂွမြို့ရဲ့ ပင်လယ်ကမ်းမှာ တစ်မြို့လုံး စုပေါင်းပြီး "အသံမစဲ ပဌာန်းရွတ်ဖတ် ပူဇော်ပွဲ" လုပ်ကြတယ်၊ အဲဒီအခမ်းအနားဖွင့်ပွဲနှင့် ပိတ်ပွဲတွေမှာ ဆိုဖို့ ရွတ်ဖို့ ပါဋိဂါထာမျိုးစုံ ၊ မြန်မာကဗျာမျိုးစုံတို့အပြင် အဲဒီမှာရှိတဲ့ "ယုဝမာလာဓမ္မစကြာအမျိုးသမီးများ" ရွတ်ဖို့ စာတွေပါတစ်နှစ်နဲ့တစ်နှစ် မတူအောင် ရေးပေးရလေ့ရှိပါတယ်။

ဩဘာသံဝေ လောကစာပေ

ထိုစဉ် ကျေးဇူတော်ရှင် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူသွားခဲ့ရာ ဆရာတော်ဘုရားကြီး၏ "ကြီးမှ ရေးပါကွာ" ဟူသော ဩဝါဒမိန့်မှာချက်အရ ဆရာတော်ဘုရားကြီး၏ ဘဝတလျှောက်လုံးသာသနာပြု လုပ်ငန်းတို့ကို ဖော်ပြလျှက် "တစ်ဘဝသာသနာ" ကျမ်းစာကို ရေးသား၍ ကျေးဇူးဆပ်နိုင်ခဲ့ပါသည်။

တစ်ဘဝသာသနာ ကျမ်းစာအုပ်ကြီး ထွက်ပြီး မကြာမီ စာရေးဆရာငွေဥဒေါင်း (ဦးကြီးမောင်) ရောက်လာပြီး "အရှင် ဘုရားရေးတဲ့ စာအုပ်ကြီးကို တပည့်တော်ဖတ်ပြီးပြီ၊ ဝမ်းသာလိုက်တာဘုရား၊ အခု အရှင်ဘုရားရေးတဲ့ စာကျတော့ တစ်မျိုးပဲ၊ သွက်လည်းသွက်တယ်၊ ရှင်းလည်းရှင်းတယ်၊ အဲဒီလို စာရေးကောင်းတဲ့ ဘုန်းကြီးတွေ လက်ချိုးရေတွက်ကြည့်ရင် လက်ငါးချောင်း

မပြည့်ပါဘူး၊ အရှင်ဘုရားက အဲဒီလက်ငါးချောင်း မပြည့်တဲ့အထဲမှာ ပါတယ်" ဟု စာရေးဆရာငွေဥဒေါင်း က အားရဝမ်းသာ ချီးကျူးပြောဆို၍ အားပေးသွားပါသည်။ "နောင်လဲ ဗုဒ္ဓစာပေတွေ ရေးစရာအများကြီး ကျန်ပါသေးတယ်၊ ရေးပါဘုရား" ဟူ၍ တိုက်တွန်းသွားပါသည်။

ထို့နောက်စာရေးဆရာ ဒါရိုက်တာ ဦးသုခက ဆွမ်းကျွေးရန် ဖိတ်ပြန်သည်၊ အခြားစာရေးဆရာများလည်း ပါ၏။ ဦးလေးကြီး ဦးတင်မောင်၊ မင်းယုဝေ၊ ဦးထိန်ဝင်း၊ ဦးကြည်တွဲ၊ ဦးပေါ်ဇံ စသည်တို့လည်း ပါ၏။ လူစုံသောအခါ စာရေးဆရာ ဒါရိုက်တာဦးသုခက ဆရာတော်အရှင် ယောသိတဘက်သို့ လှည့်၍ ဤသို့ပြောပါသည်။ "အခုပွဲက အရှင်ဘုရားတရားကို နာချင်လို့လဲမဟုတ်၊ အန္တရာယ်ကင်းအောင် ပရိတ်မွန်းချင်လို့လည်း မဟုတ်၊ တကယ်တော့ စာရေးဆရာတစ်ဦးကို ထမင်းဖိတ်ကျွေးခြင်းပါဘဲ။"... ဤသို့ပြောသောအခါ တစ်ဘဝသာ သနာကျမ်းပြုအရှင် ယောသိတက စပ်ဖျဉ်းဖျဉ်းကြီး အရသာတစ်မျိုးကို ခံစားလိုက်ရပါတော့တယ်။ အကြောင်းမှာ မကြုံဘူးသော ဂုဏ်ထူးကို ရခြင်းကြောင့်တစ်မျိုး၊ မကြားဘူးသော ဝေါဟာရကို ကြားလိုက်ရခြင်းကြောင့် တစ်မျိုးဖြစ်ပါလိမ့်မည်။

ထို့အပြင်စာရေးဆရာ ဒါရိုက်တာဦးသုခက ဆက်လက်ပြီး တစ်ဘဝသာသနာ ကျမ်းစာအုပ်ထဲက အကြောင်းအရာ အချို့ကိုလည်း ထုတ်ဖော် ချီးမွမ်းပါသည်။ "ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ သဏ္ဌာတိ သရိုင်ရွာသို့ ပြန်ခန်းကို အရှင်ဘုရား ရေးထားလိုက်တာ စိတ်ဝင်စားစရာ ကောင်းတယ်"

"ဆရာတော်ကြီးက ရှေ့ဆုံးက၊ နောက်က သံယာတော်များ (၁၀၀)က သပိတ်ကိုယ်စီလွယ်လို့ ယပ်ကိုယ်စီထမ်းလို့ တစ်တန်းကြီး၊ တောတန်းက ငြိမ့်ငြိမ့်- ငြိမ့်ငြိမ့်နဲ့. ကြွနေပုံကို တပည့်တော်ဖြင့် ရုပ်ရှင်ရိုက်၍

ပြချင်လိုက်တာ" ဟု လျှောက်ပါသည် "ဒါ့အပြင်လဲ အခုလို ဗုဒ္ဓစာပေ အကြောင်းအရာတွေကို ဆက်လက်ရေးပါဘုရား" ဟု လျှောက်ထားရင်း ဘော့ပင်တစ်ချောင်းကို လှူလေသည်။

ကျမ်းပြုဆရာတော် အရှင်ယောသိတ ရေးသားပြုစုခဲ့သော ကျမ်းစာအုပ်များမှာ -

၁။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာကျမ်း

၂။ အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာ

၃။ ပရိဝါသဝိဓိ

၄။ ပဋ္ဌာဂီကမဂ်နှင့် အဋ္ဌာဂီကမဂ်

၅။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းသင်တရားတော်

၆။ အလုပ်ပေးတရားတော်

၇။ ဝိပဿနာဘူမိ

၈။ ၂၂၇-သွယ် ကိုယ်ဝယ်ဆင်မြန်း ပုလဲပန်း ကျမ်းစာအုပ်

၉။ မိတ္ထီလာဝမ်းတော်ပြည့်ကျောင်းတိုက် ဓာတ်တော်များသမိုင်း တို့ဖြစ်ပါသည်။

ရေးသားခဲ့သော ထင်ရှားသည့် ကဗျာလင်္ကာအချို့မှာ အဂ္ဂမဟာ ပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ ကျမ်းတွင် -

"မိုး"

ချုန်းထစ်သံ ဟိန်းပါဘိ
ခြိမ်းခြိမ့်ခြိမ့် လာပြီ
ရွာသည်တဲ့ မိုး။

ရွာတုန်း ရေခဲလို့
နေရဟန် ငကန်မြန်းလိုတဲ့
မလေးမေ ပူမသန်းရအောင်
ဖျန်းပက်လို့ ခဲ့ူး။ ။ ဟူ၍ရေးသားခဲ့ရာ "မိုး" ဆိုတာ
မိုးကုတ်ဓမ္မဒေသနာမိုးကို ဆိုလိုပါသတဲ့။
ဆရာတော်အရှင်ယောသိတ၏ မှတ်သားဖွယ်ရာ တရားစာတွင်-

"ဘယ်မှာငါဟု မှီအံ့နည်း"

လောကဇာတ်ခုံ၊ ဤလူ့ဘုံ၌ ၊
မျိုးစုံကကြ၊ မာန်မာနနှင့်၊
ငါကရာဇာ၊ ငါဟာသူဌေး၊
ငါပဂေးဟု၊ ငါသွေးတက်ကြွ၊
လူဗာလတို့၊ များလှဖြာဖြာ. . .
အဝိဇ္ဇာနှင့်၊ တဏှာဘီလူး၊
အမှောင်ပူး၍၊ ကျူးကျူးကျော်ကျော်၊
ဂုဏ်ကိုဖော်လျက်၊ မော်မော်မောက်မောက်၊
ငါတစ်ယောက်သာ၊ မိုးအောက်တစ်လွှား၊
ရွှေကိုယ်လားဟု၊ ထင်မှားမလွဲ၊
သို့စဉ်စွဲလည်း . . .
ဇာတ်ပွဲပြီးက၊ ပြည်ဖုံးချသော်၊
သုဘရာဇာ၊ မြေအောက်မှာပင်၊
ဘာသာလူမျိုး၊ ချိန်မထိုးဘဲ၊
ပုပ်သိုးခန္ဓာ၊ မြုပ်ရရှာသည်၊
ဘယ်မှာငါဟုရှိအံ့နည်း။

"နီးချိန်နီးချိန် လာလေပြီ"
တစ်နှစ်ကုန်တိုင်း၊ ကုန်သွားတိုင်း၊ ချိန်ပိုင်းတိုလို့၊
ယွင်းသွေချို့၊ နေဖို့တစ်နှစ်လျော့ခဲ့ပြီ၊
သေဖို့တစ်နှစ် နီးလာပြီ။
တစ်လကုန်တိုင်း၊ ကုန်သွားတိုင်း၊ ချိန်ပိုင်းတိုလို့၊
ယွင်းသွေချို့၊ နေဖို့တစ်လလျော့ခဲ့ပြီ၊
သေဖို့တစ်လနီးလာပြီ။
တစ်ရက်ကုန်တိုင်း၊ ကုန်သွားတိုင်း၊ ချိန်ပိုင်းတိုလို့၊
ယွင်းသွေချို့၊ နေဖို့တစ်ရက်လျော့ခဲ့ပြီ၊
သေဖို့တစ်ရက် နီးလာပြီ။

"ဓာတ်အစုအဝေး ၄၂-ပါးမျှသာ"
လေးဆယ့်နှစ်ပါး၊ အမျိုးပြား၊ ဓာတ်သားတွေမျှသာ။
သူပဲ ငါပဲ၊ အရုပ်ထဲ၊ မှတ်စွဲနေကြတာ။
ဘာတစ်ခုမျှ၊ မဟုတ်ကြ၊ ဒုက္ခအစုသက်သက်သာ။
လေးဆယ့်နှစ်ပါး၊ ဓာတ်သားတွေသာ။
သူပဲ ငါပဲ၊ မှတ်စွဲနေတာ။
မိန်းမ ယောကျ်ား၊ ဖောက်ပြားထွလာ။
တကယ်ခွဲ၊ ဘယ်မလဲ သူနဲ့ငါ။

"အတ္တာ ဟိ ကိရ ဒုဒ္ဒမော"

ကိုယ့်ကိုယ်ကိုသာ၊ ဆုံးမရာ၊ လွန်စွာအခက်ဆုံး။။
အရွယ်ရှိခိုက်၊ လုံ့လစိုက်၊ ကျင့်လိုက် ဉာဏ်ထက်တုန်း။။
ပိုးကုန်ကာမှ၊ ထွန်ကိုချ၊ ဗာလနောက်ပိတ်ဆုံး။။
ဆင်ခြေဆင်လက်၊ ချိန်ရွေ့ရက်၊ အခက်ကြုံကြအုံး။။
တဏှာလှည့်သမျှ၊ ငုံ့ခံကြ၊ ဘဝသံသာလုံး။။
ကိုယ့်ကိုယ်ကိုသာ၊ အားကိုးရာ၊ မှန်စွာ ဉာဏ်လက်သုံး။။

"ဖြစ်ပျက်တစ်ချက်မြင်ရင်"

ဖြစ်-ပျက်မပါ၊ သက်တစ်ရာ၊ နေတာ အလကား။။
ဖြစ်-ပျက်ကိုမြင်၊ တစ်နေ့ပင်၊ လွန်လျှင်ထို့ထက် အကျိုးများ။။

ပရိယတ်မှ ပဋိပတ်နယ်ပယ်သို့

ဆရာတော်အရှင်ယောသိတသည် ရဟန်းသိက္ခာ (၅)ဝါခန့်မှ စ၍ နှစ်ပေါင်း (၃၀)ခန့်မျှတိုင်အောင် ပရိယတ္တိနယ်ပယ်၌ ပရိယတ် စာပေများကို စာသင်သားတို့အား ချပို့ပေးခဲ့၏။။ ပရဟိတလုပ်ငန်းကို မမောမပန်း ထမ်းဆောင်ခဲ့သည်။

အသက်အရွယ်ထောက်လာသောအခါ စိတ်ဓာတ်တို့သည် ပဋိပတ်နယ်ပယ်ဘက်သို့ ယိမ်းယိုင်လာခဲ့၏။။ ထို့ကြောင့်ရန်ကုန်မြို့၊ ဗဟန်း၊ နတ်မောက်လမ်း၊ ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်အရိပ် နယ်မြေအောက်တွင်တည်ရှိသော "မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်" တွင် ၁၉၈၅-ခုနှစ် ဝါတွင်းကာလအတွင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားတော်မူခဲ့သည့်

နည်းစနစ်အတိုင်း ဝိပဿနာအလုပ်တို့ကို ကိုယ်တိုင်ကြိုးကုတ် အားထုတ်နိုင်သော အခွင့်ကိုရရှိခဲ့သည်။ ကမ္ဘာအေး၊ ရေကူး၊ သံယတက္ကသိုလ် ကျောင်းတိုက်တွင်လည်း ၁၉၈၆-ခုနှစ်မှ ၁၉၉၈-ခုနှစ်အထိ (၁၂)နှစ်တိုင်အောင် ဝါတွင်းကာလအတွင်းနှင့် သင်္ကြန်ရက်များတွင် (၁၀)ရက် အထူး တရားစခန်းပွဲများ နှစ်စဉ် ဖွင့်လှစ်ခဲ့ပါသည်။ ဝါပကာလများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီး၊ လွိုင်လင်၊ ပိုးနဲဒေသတို့နှင့် မန္တလေးတိုင်းအတွင်း အမရပူရ၊ ပိတ္ထိလာဒေသတို့ လည်းကောင်း၊ ပဲခူးတိုင်းအတွင်း ပြည်၊ တောင်ငူဒေသတို့နှင့် ဆရာတော် အရှင်ယောသိတ၏ ရွှေချက်သိုအရပ် ဖြစ်သော မကွေးတိုင်း၊ ပြုံသစ်ပြုံနယ်အတွင်း၊ မကွေး၊ စက်၊ တောင်တွင်းကြီး၊ ရခိုင်ပြည်နယ် ဂွမ်ပြုံနှင့် မြန်မာနိုင်ငံတောင်ဘက်အစွန်ရှိ ကော့သောင်းပြုံတို့ပါ လှည့်လည်၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်များအား လှည့်လည် ဟောကြားတော်မူခဲ့သည့်အပြင် ဆရာတော်အရှင်ယောသိတသည် ကိုယ်တိုင်လည်း အခါမလပ် အပတ်တကုတ် ကျင့်ကြံ ကြိုးပမ်းအားထုတ်တော်မူခဲ့ပါသည်။ ၁၉၉၇-ခုနှစ် နှစ်ဦးပိုင်းမှစ၍ (၄)လခန့် တိုင်အောင် ကော့သောင်းပြုံ တောင်ပေါ်ရှိ ဝါးကျောင်းတွင် သီတင်းသုံး၍ ကစာရိတစ်ပါးတည်း အားထုတ်ခဲ့ပြီး ရှမ်းပြည် (တောင်ပိုင်း) ပိုးနဲပြုံနယ်ရှိ ၁၂- ပါးဂူတွင် ကိုယ်တိုင်ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့ပါသည်။

ဒုက္ခသစ္စာ ဒီပနာ

ဆရာတော်အရှင်ယောသိတသည် ဂန္ဓဝုရ၊ ဝိပဿနာဝုရ စသည့် ဝုရန်းပြုတို့အား အစဉ်အတိုင်းဆောင်ရွက်ရင်း ၁၉၉၆-ခုနှစ် နိုဝင်ဘာလတွင် ပထမဆုံးအကြိမ် လေပြန်းခဲ့ပြီး ရက်သတ္တ တစ်ပတ် ခန့်ကြာအောင် ကုသမှု

ခံယူရာမှ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ ၁၉၉၇-ခုနှစ် ပြီလတွင် ကော့သောင်းမြို့၊ တောင်ပေါ်ရှိ ဝါးကျောင်း၌ ကေစာရီတစ်ပါးတည်း ခန္ဓာ ဉာဏ်ရောက် ဝိပဿနာ တရားအားထုတ်တော်မူစဉ် ဒုတိယအကြိမ် လေ့ပြန်းသဖြင့် ကော့သောင်းမြို့သို့ပြန်၍ ရက်သတ္တတစ်ပတ် ခန့်ကြာအောင် ဆေးကုသမှု ခံယူခဲ့ပြီး သက်သာလာရာ တောင်ပေါ်သို့ပြန်တက်၍ ဝါးကျောင်း၌ပင် ကေစာရီတစ်ပါးတည်း ဆက်လက်၍ အရိုးကြေကြေ အရေခန်းခန်း စိတ်ဓာတ်ဖြင့် သတ်မှတ်တော်မူသည့် ကာလပြီးဆုံးအောင် ကြိုးပမ်းအားထုတ် တော်မူခဲ့ပါသည်။

ရန်ကုန်မြို့ ကမ္ဘာအေး၊ ရေကူး၊ သံယတက္ကသိုလ်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ် ၁၉၉၈-ခုနှစ် စက်တင်ဘာလတွင် တတိယအကြိမ် လေ့ပြန်း၍ ရန်ကုန်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးတွင် ၃-လကြာမျှ တက်ရောက် ကုသမှုခံယူခဲ့ပါသည်။ ၂၀၀၁-ခုနှစ်မှစ၍ မြဝတီရုပ်မြင်သံကြား မှ ဆရာတော် အရှင်ယောသိတ ဟောကြားခဲ့သော တရားများအား "မြတ်ဘုရားဒေသနာ ဝိပဿနာ" ခေါင်းစဉ်ဖြင့် ဒေါ်ပတ်စဉ်စနေနှင့် တနင်္ဂနွေ နံနက်ပိုင်းတို့တွင် ထုတ်လွှင့်ပေးခဲ့ပါသည်၊ မြဝတီရုပ်မြင်သံကြားမှ ဆရာတော် အရှင်ယောသိတ၏ ထေရပွတ္တိအား "တစ်ဘဝသာသနာဆရာတော်၏ သာသနာတစ်ဘဝ" ခေါင်းစဉ်ဖြင့် ရိုက်ကူးခဲ့ပြီး ၂၀၀၅ ခုနှစ် ဝါတွင်းကာလ အတွင်း အပိုင်းလိုက် ထုတ်လွှင့် ပြသခဲ့ပါသည်။

ခန္ဓာဝန်ချပ်ပြိုမ်း တစ်ဘဝစာတ်သိမ်း

မြတ်စွာဘုရား သာသနာတော်သုံးရပ် တည်တံ့ထွန်းကား ပြန့်ပွား စေရန် ပရိယတ်၊ ပဋိပတ်လက်ဦးဆရာ ဆရာတော်ဘုရားကြီး ၂-ပါးတို့၏

လမ်းစဉ်အတိုင်း ဘဝခရီးတစ်လျှောက်လုံး ကျင့်ကြံ ကြိုးကုတ်အားထုတ် ခဲ့ရာမှ ပရိယတ်နယ်ပယ်၌ ထင်ရှားခဲ့သည့် ကျမ်းများပြုစုခဲ့သည့် ကျမ်းပြုဆရာတော် လည်းဖြစ်၍ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရား ပြန့်ပွားစေရန်လည်း ဆောင်ရွက် တော်မူခဲ့သည့်အပြင် ကိုယ်တိုင်လည်း အပတ်တကုတ် ကျင့်ကြံ ကြိုးကုတ် အားထုတ်ခဲ့သော ဆရာတော် အရှင်ယောသိတသည် ရန်ကုန်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီး အထူးကြပ်မတ် ကုသဆောင်တွင် ကုသမှု ခံယူလျက်ရှိရာမှ ၂၀၀၇-ခုနှစ် ဖေဖော် ဝါရီလ ၇-ရက်နေ့ နံနက် ၇ နာရီ၊ ပိန်စ် ၂၀ တွင် ဒုက္ခသစ္စာအမှန်ပြစ်သော ခန္ဓာဝန်ထုပ်ကြီးအား ချတော်မူခဲ့ရာ ဥတုဂ ရုပ်ကလပ်တော်ကို ဆရာတော် သီတင်းသုံးခဲ့ရာ ကမ္ဘာအေး၊ ရေကူး ရပ်ရှိ သံယတက္ကသိုလ် ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင် အပူဇော်ခံခဲ့ ပါသည်။ ၂၀၀၇-ခုနှစ် ဖေဖော်ဝါရီလ ၁၃-ရက် နေ့လယ် ၂-နာရီခန့်တွင် ဆရာတော်အရှင် ယောသိတ၏ အန္တိမ အဂ်ိတ္တာပန၊ သာဓုကီဠနပူဇာသဘင် အခမ်းအနားအား မြောက်ဥက္ကလာပမြို့နယ် ရေဝေးတ္တာပနကွင်းပြင်တွင် ကျင်းပခဲ့ပြီး ပို့ဆောင်ပူဇော်သူ ရဟန်း ရှင်လူ ပြည်သူများ အထူးများပြား စည်ကားလှပါသည်။

ကျန်ရစ်သူပီသားစုနှင့် တပည့်သာဝကတို့က ဆရာတော်အရှင် ယောသိတ၏ ရွှေချက်သိုအရပ်ဖြစ်သော မကွေးတိုင်း၊ မြို့သစ်မြို့နယ် ပိုကြီးရွာမအနောက်ကျောင်းတွင် ဥဒိဿအဖြစ် လွမ်းစေတီတစ်ဆူအား တည်ထားကိုးကွယ်ခဲ့ပြီး၊ ကော့သောင်းမြို့ရှိ တပည့် သာဝကယောဂီများမှ လည်း ကော့သောင်းမြို့၊ ဦးလှမောင်ချောင် အရပ်ရှိ မိုးကုတ်ဝိပဿနာဓမ္မ ရိပ်သာတွင် ဆရာတော် အရှင်ယောသိတ၏ ပုံတူရုပ်တုတော် တစ်ဆူအား ပူဇော်ထားရှိ ခဲ့ကြသည်။

"ဘာရနီကွေပနံ သုခံ. . ."

"ခန္ဓဝန်ထုပ်ကြီးကို အပြီးအပိုင် စွန့်ချနိုင်ခြင်းသည် အချမ်းသာဆုံး ချမ်းသာကြီးကို ရခြင်းပင်ဖြစ်တော့၏"

သက်ရှိ သတ္တဝါတွေဟူသမျှ အကုန်လုံး ရုပ်နာမ် ၂-ပါး၊ အကျယ် ချဲ့လျှင် ခန္ဓာငါးပါးမျှသာ ဖြစ်ကြကုန်၏။ ထို့ပြင်အာယတနတွေ၊ ဓာတ်တွေ မျှသာ ဟူ၍လည်းပြောဆိုနိုင်သည်။ ယင်းတို့ကို ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူတစ်ပါး၊ ယောကျ်ား-မိန်းမ၊ လူ-နတ်-ဗြဟ္မာ စသည်ဖြင့် နာမည်တွေတပ်၍ ပညတ်မှည့်ခေါ်ထားကြ၏။ ပညတ်ဟူသမျှ တကယ်အစစ်အမှန်မရှိကြ။

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်သို့ ၁၉၈၅-ခုနှစ်တွင် ဆရာတော်အရှင်ယောသိတ ရောက်ရှိလာခဲ့ပြီး၊ ၁၉၈၆-ခု နှစ်ဦးပိုင်းတွင် မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါးအဖွဲ့တွင် ဆရာတော်အရှင်ယောသိတအား ထပ်မံဖြည့်သွင်း ဖွဲ့စည်း၍ ကျန်ဆရာတော်များက ဓမ္မကထိကများအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည်။

ဆရာတော်အရှင် ယောသိတသည် သာသနာတော်၌ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ၏ သင်ကြားပေးမှုကြောင့် ပရိယတ်ရော ပဋိပတ်ပါ နှစ်ဖြာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့၍ နှစ်ပေါင်း ၃၀-ခန့်မျှ ပရိယတ်သာသနာကို ရွက်ဆောင်ခဲ့ပြီးလျှင် ပဋိပတ်သာသနာဘက်ကို ကူးပြောင်း၍ ရွက်ဆောင်ခဲ့ပါသည်။

ဆရာတော်အရှင်ယောသိတ ပျံလွန်တော်မူခြင်းသည် သာသနာတော်ကြီးအတွက် ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်ပါသည်။ သာသနာအတွက် ဆုံးရှုံးမှုသည် အမျိုးဘာသာအတွက် ဆုံးရှုံးမှု၊ တပည့်သာဝကတို့အတွက် ဆုံးရှုံးမှု စသည့် အထွေထွေအရပ်ရပ် ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

ကျမ်းပြုဆရာတော်အရှင်ယောသိတ၏ ထေရပွတ္တိကို ဟောကြားတော်မူခဲ့သော တရားတော်တို့နှင့်အတူ အများကြည်ညို သဒ္ဓါပွားများနိုင်ရန်

ကျွဲထေရပွတို့ကို ရေးသားပူဇော်အပ်ပါ၏။ ကျွဲသို့ ရေးသားပြုစုအပ်သော ကုဒိုလ်ကောင်းမှု အဖို့ဘာဂသည် ပီဘန့်စပါးနှင့်အတူ ကျွန်တော်တို့မိသားစု နိဗ္ဗာန်ကို မျက်မှောက်ပြုရစေခြင်းငှာ အထောက်အပံ့ကောင်း ဖြစ်ပါစေသတည်း။

မိုးတင့်အောင်(မြတ်ကလောင်)

၉ - ၉ - ၂၀၀၈

ပဋိစ္စသမုပ္ပါဒ်အခြေခံ (အနုလောမ)

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အ နာထာ' လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်၊ (မှန်လှပါဘုရား)။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီ မိန့်မှာတော်မူချက်အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ ဒကာမတို့ကို တဖွဖွနဲ့သတိပေးနေတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး . . . အဲဒီသတိပေးချက်အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စိကိုယ်ငြ မပေါ့လိုက်ကြပါနဲ့လို့ ထပ်မံနှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)။

အကြောင်းကြောင့် အကျိုးဖြစ်

ဘုန်းကြီးတို့ အခုလို စုစုရုံးရုံးနဲ့ တရားဓမ္မာရုံကြီးထဲမယ် ရောက်ပြီးတော့ လာကြတာဟာ ဘာလို့ချင်လို့လဲလို့ ဒီလိုမျှားမေးမယ်ဆိုရင် ဒုက္ခ ခပ်သိမ်း အပူငြိမ်းတဲ့နိဗ္ဗာန်ကို (လိုချင်လို့ပါ ဘုရား)၊ ဟုတ်တယ်၊ အဲလိုဆိုရင်

ဒုက္ခခပ်သိမ်း အပူငြိမ်းတဲ့နိဗ္ဗာန်ကို လိုချင်တယ်ဆိုရင် သူဆိုင်ရာလုပ်ငန်း လုပ်ရမှာပေါ့၊ သူဆိုင်ရာလုပ်ငန်းကတော့ဖြင့် ဘာဝနာအလုပ်လုပ်ရမှာပဲ၊ ဘာလုပ်ရမယ် (ဘာဝနာအလုပ် လုပ်ရပါမယ် ဘုရား)၊ ဘာဝနာအလုပ် လုပ်ရမယ်၊ တပည့်တော်တို့ဘုရား . . . ဒါနတွေ လုပ်ထားတာစုံရော၊ ဒီလောက်နဲ့ မရသေးဘူးလား ဘုရာ့၊ အို . . . ဒါနဆိုတာကတော့ဖြင့် ဘဝသံသရာမှာ စည်းစိမ်ဥစ္စာတွေ မောက်မောက်ဖြိုးဖြိုး အကျိုးပေးမှုဆိုတဲ့ ဥစ္စာကို သူက တာဝန်ယူတာ မဟုတ်လား (မှန်ပါဘုရား)၊ ဟုတ်တယ်လေ၊ အဲသလိုတာဝန်ယူတဲ့ ဥစ္စာ၊ တပည့်တော်တို့ သီလတွေလဲ ဆောက်တည်ထားပါသေးတယ် ဘုရား၊ ဒါတွေနဲ့ကော မပြီးသေးဘူးလားဆိုတော့ သီလဆိုတာကလဲပဲ သုဂတိဘဝတွေ ရအောင်၊ ရုပ်ရောကလေးတွေ လှလှပပဖြစ်အောင်၊ သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ဒီလိုသာ သူက တာဝန်ယူတာမဟုတ်လား၊ အင်း . . . တာဝန်ယူတာ၊ သူတာဝန်သူ ယူတာမဟုတ်လား (မှန်ပါဘုရား)၊ ဩော် . . . ဘာဝနာဆိုတဲ့ အလုပ်ကသာလျှင် ဒုက္ခခပ်သိမ်း အပူငြိမ်းတဲ့ နိဗ္ဗာန်ကို ရအောင်လုပ်ပေးတာ မဟုတ်လား၊ ဒီတော့ အလုပ်က ဘယ်နှလုပ်ပါလိမ့် (သုံးလုပ်ပါ ဘုရား)၊ သုံးလုပ်၊ ဒါန၊ သီလ၊ ဘာဝနာ ဒီလိုသုံးလုပ်ရှိပါတယ်၊ အလုပ်သုံးလုပ်ရှိတဲ့အနက် နိဗ္ဗာန်ကို လိုချင်တယ် ဆိုရင် ဘာဝနာအလုပ် လုပ်ရမှာ၊ အေး . . . ဘာဝနာအလုပ် လုပ်ရမဲ့ဥစ္စာ၊ ဒီလိုဆိုရင် ဒါနတို့ သီလတို့က မရတော့ဘူးလား ဘုရား၊ အလကားဖြစ်ကုန်ရောလား၊ အလကားတော့ မဖြစ်ပါဘူး၊ သူတို့တစ်တွေက အထောက်အကူတော့လဲ ပေးပါတယ်၊ အို . . . ဘုန်းကြီးတို့ အခုလိုဘာဝနာအလုပ် လုပ်ငန်းမှာ အထောက်အကူတော့လဲ သူတို့တစ်တွေက ပေးပါတယ်၊ ပေးပါတယ်။

ဘာပြုလို့လဲဆိုတော့ အခုကိုပဲ တရားစခန်း အခုလိုရောက်လာကြတဲ့ ဒကာ ဒကာမတွေဟာ နောက်ကြောင်းက စားဘို့ သောက်ဘို့ နေဘို့

ထိုင်ဘို့ ဝတ်ဘို့ ဒီလို လုံလုံလောက်လောက်ရှိလို့ ဒီရောက်လာကြတာ မဟုတ်လား (မှန်ပါဘုရား)၊ အဲသလိုတွေ လုံလောက်အောင် တာဝန်ဆောင်တာက ဒါနမဟုတ်လား (မှန်ပါဘုရား)၊ ဒီတော့ ဒီလုပ်ငန်းကို သူက အကူအညီတော့လဲ မပေးဘူးလား (ပေးပါတယ်ဘုရား)၊ ပေးပါကယ်၊ အလကား မဟုတ်ပါဘူး၊ ဒါနလဲပဲ လုပ်ရမှာပဲ၊ သီလကော အလကားဖြစ်ရောလား ဘုရား၊ သြော်. . . မဖြစ်ဘူး၊ သီလကလဲပဲ ကောင်းတဲ့သုဂတိဘဝတွေရအောင်၊ အမျိုးမြင့်မြင့်မြတ်မြတ်ဖြစ်အောင်၊ ရုပ်ရောကလေးတွေ သန့်သန့်ပြန့်ပြန့် ဖြစ်အောင်ဆိုတာ သီလက စွမ်းဆောင်တာ မဟုတ်လား (မှန်လှပါဘုရား)၊ သီလက စွမ်းဆောင်တာ၊ အခုလို တရားစခန်းပွဲရောက်လာတယ်၊ တရားအားထုတ်ချင်တယ်ဆိုတဲ့ ဥစ္စာဟာ ကောင်းတဲ့သုဂတိဘဝ အခုလို လူဘဝ ရရှိပြီးတော့နေလို့ ဒီအလုပ်လုပ်ချင်စိတ်ပေါ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ မကောင်းတဲ့ ဒုဂ္ဂတိဘဝမျှား မဆိုစကောင်းရောက်နေမယ်ဆိုရင် ဒီအလုပ်လုပ်ချင်စိတ်ပေါ်ပါ့မလား (မပေါ်ပါဘူးဘုရား)၊ မပေါ်နိုင်ပါဘူး၊ ဒီတော့ ဒီအလုပ်လုပ်ချင်စိတ် ပေါ်အောင်ဆိုတဲ့ ဥစ္စာ ဒီလိုကောင်းတဲ့ သုဂတိဘဝရစေတာ မဟုတ်လား၊ အေး. . . ကောင်းတဲ့ သုဂတိဘဝ ရစေတယ်ဆိုတာ ဘယ်သူတာဝန် ဘယ်သူကလုပ်တာတုံး၊ သီလက လုပ်တာ၊ ဒီတော့ သီလက ဒီနည်းအားဖြင့် အကူအညီ မပေးဘူးလား (ပေးပါတယ် ဘုရား)၊ အေး. . . ဟုတ်ပါတယ်၊ ဒီတော့ သီလလဲ အလကား မဟုတ်ပါဘူး၊ သီလလဲ ဆောက်တည်ရမှာပေါ့၊ အေး. . . အဲသလိုတွေ ရှေ့ဘက်က အခြေခံတွေ ပြည့်စုံတော့ အခုနောက်ဆုံးမှာ ဘာဝနာဆိုတဲ့ အလုပ်ကို လုပ်နိုင်ခွင့် ရလာတာ မဟုတ်လား၊ ဒါန သီလ ဘာဝနာ ဒီသုံးမျိုးရှိတဲ့အနက်၊ ဒါနက စည်းစိမ်ဥစ္စာတွေ မောက်မောက်ဖြိုးဖြိုး အကျိုးပေးစေတာလေ၊ သီလကျတော့ ကောင်းတဲ့သုဂတိဘဝရအောင် သူလုပ်ပေးတယ် မဟုတ်လား၊ ဘာဝနာကျတော့

ဒုက္ခခပ်သိမ်း အပျောင်ပြိမ်းတဲ့ နိဗ္ဗာန်ကိုရအောင် သူလုပ်ပေးတာ၊ ကိုယ့်တာဝန်လေးတွေနဲ့ကိုယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဒီရောက်လာတယ်ဆိုတာဟာ ဒါနလုပ်ပုံလုပ်နည်း မသိလို့ သိချင်လို့ မဟုတ်ပါဘူး၊ သီလလုပ်ပုံလုပ်နည်း မသိလို့ သိချင်လို့ ဒီလိုလာတာ မဟုတ်ပါဘူး၊ ဘာဝနာလုပ်ပုံလုပ်နည်းကို သိချင်လို့လာတာ မဟုတ်လား (မှန်ပါဘုရား)၊ အေး . . . ဒီလိုဆိုရင် ဒီကနေ့ ဘုန်းကြီးတို့ တစ်တွေ ဘာဝနာလုပ်ပုံလုပ်နည်း ပြောရမှာပေါ့နော်၊ ဒီတော့ ဆရာတော်ဘုရားကြီးကပြောတယ်၊ မင်းတို့ဆီကွယ် ဘာဝနာအလုပ် လုပ်ချင်လို့ ရောက်လာတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကို တန်းပြီးတော့ တရားအလုပ် မခိုင်းလိုက်ပါနဲ့ဦး၊ ရှေ့ဘက်က သိသင့် သိထိုက်တာလေးတွေ ပြောပြပေးကြပါဦး၊ ဒီလို ဆရာတော်ဘုရားကြီးက မှာကြားတယ်၊ အေး . . . သိသင့် သိထိုက်တဲ့ ဥစ္စာဆိုတာ တခြား မဟုတ်ပါဘူး၊ ဝိပဿနာအလုပ် လုပ်တယ်ဆိုတာ ရှေ့ဘက်က အနှောက်အယှက် အဟန့်အတားဖြစ်တဲ့ တရားတွေကို အရင်ဖယ်ရှားပြစ်ပါဦးလို့ ပြောတာ၊ ရှေ့ဘက်က အနှောက်အယှက် အဟန့်အတားဆိုတာ ဘယ်သူများလဲဆိုရင် ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ၊ ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ၊ ဟုတ်တယ်၊ ဒီသဘောတရားတွေဟာ အနှောက်အယှက် အဟန့်အတားတွေပဲ၊ သူတို့တစ်တွေကို အသိညာဏ်နဲ့ ဖယ်ရှားပြစ်လိုက်ပါဦး၊ ဘယ်လိုတဲ့တုံး (အသိညာဏ်နဲ့ ဖယ်ရှားပြစ်လိုက်ပါဦး)၊ အသိညာဏ်နဲ့ ဖယ်ရှားလိုက်ပါဦးဆိုတာ စာလိုပြောရင်တော့ ဉာတပရိညာ၊ ဘာတဲ့တုံး (ဉာတပရိညာ)၊ ဟုတ်တယ်၊ ဉာတပရိညာသဘော အသိညာဏ်သဘောနဲ့ ဖယ်ရှားပေးလိုက်ပါဦး၊ ဘာတွေကိုတုံး (ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာပါ ဘုရား)၊ ဟုတ်တယ်၊ အဲဒါတွေ ဖယ်ရှားပြီးမှ ဝိပဿနာအလုပ် လုပ်ပါစေ ဒီလိုမိန့်တာ၊ ဟုတ်တယ်၊ အဲသလိုပါ၊ အဲသလို အသိညာဏ်နဲ့ . . . ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ ဖယ်ရှားဘို့ဆိုတော့ ဒီဒိဋ္ဌဆိုတဲ့ သဘောတရားတွေဟာ ဘယ်မှာကပ်တာ

လဲလို့ ဆက်များမေးလို့ရှိရင် ခန္ဓာမှာကပ်တာ၊ ဘယ်မှာကပ် (ခန္ဓာမှာကပ်တာပါ ဘုရား)၊ ဟုတ်တယ် ခန္ဓာမှာ၊ ကပ်တဲ့နေရာ သိမှလဲ ခွာလို့ရမှာမဟုတ်လား၊ အဲလိုဆိုရင် ခန္ဓာအကြောင်း သိအောင် လုပ်ရဦးမှာပေါ့။ ခန္ဓာအကြောင်းကို သိအောင် လုပ်ရဦးမှာ၊ အေး . . . ခန္ဓာအကြောင်းကို သိအောင်လုပ်ရဦးမှာ၊ အေး . . . ခန္ဓာအကြောင်းကို ပြောတဲ့နေရာမှာတော့ ဖြင့် ပဋိစ္စသမုပ္ပါဒ်သဘောတွေ နားလည်မှ ပိုကောင်းတာ၊ ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ဥစ္စာ ဒီသဘောတရားတွေ နားလည်ပြီဆိုရင် ခန္ဓာအကြောင်း ပြောလို့ကောင်းတာပေါ့။ ဒီလိုဆိုရင် ပဋိစ္စသမုပ္ပါဒ် အကြောင်းကို အရင်စပြောရမှာပေါ့။ ဟုတ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ဥစ္စာက စာပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ်လို့ နှစ်မျိုးရှိပါတယ်၊ အဲဒီမှာ လိုချင်တာကတော့ဖြင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်ပါပဲ၊ နို့ပေမဲ့လို့ ခန္ဓာပဋိစ္စသမုပ္ပါဒ်တန်းသွားလို့ မရသေးဘူး၊ ရှေ့ဘက်က စာပဋိစ္စသမုပ္ပါဒ် အခြေခံရတာ၊ ဘာပဋိစ္စသမုပ္ပါဒ် (စာပဋိစ္စသမုပ္ပါဒ်ပါ ဘုရား)၊ အေး . . . စာပဋိစ္စသမုပ္ပါဒ်အခြေခံပြီးမှ ခန္ဓာပဋိစ္စသမုပ္ပါဒ် သွားလို့ကောင်းတာနော်၊ ဒီလိုဆိုရင် သွားမယ်၊ ဒီလိုဆိုရင် စာပဋိစ္စသမုပ္ပါဒ်ကို စရဦးမှာပေါ့နော်၊ ဟုတ်ပြီ၊ ပဋိစ္စသမုပ္ပါဒ် ပါဠိလိုတော့ ပဋိစ္စသမုပ္ပါဒ် ဘာသာပြန်မယ်ဆိုရင် အကြောင်းကြောင့် အကျိုးဖြစ်၊ ဒါပဲနော်၊ ဩော် ဒီလိုကိုး ပဋိစ္စသမုပ္ပါဒ်. . . ပဋိစ္စသမုပ္ပါဒ်နဲ့ ဘာများတုန်းလို့ အမိပ္ပါယ်က၊ ဘာသာပြန်လိုက်တော့ အကြောင်းကြောင့် (အကျိုးဖြစ်တာပါဘုရား)၊ အကျိုးဖြစ်တယ်၊ အရာခပ်သိမ်းဟာ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ ဒီလိုနော် (မှန်လှပါဘုရား)။

စက်ဝိုင်းကိုလေးစိပ် စိပ်ပါ

အေး . . . စာပဋိစ္စသမုပ္ပါဒ် စကြစို့ဆိုတော့ ဘုန်းကြီးဘေးနားမှာ ပိတ်ဖြူကားချပ်ကြီး တစ်ချပ်ထောင်ထားတယ်လို့ အောက်မေ့လိုက်ပါ၊

ဘုန်းကြီးဘေးနားမှာ ပိတ်ဖြူကားချပ်ကြီးတစ်ချပ် ထောင်မှာပေါ့နော်၊ (မှန်လှပါဘုရား)၊ ထောင်ပြီးတော့ ယောဂီတို့ကိုယ်တိုင် အဲဒီပိတ်ဖြူကားချပ်ကြီးပေါ်မှာ စက်ဝိုင်းကြီးတစ်ခု ဝိုင်းကြရမယ်နော် (မှန်လှပါဘုရား)၊ သြော်. . . သြော်. . . သြော်. . . ဒီပိတ်ဖြူကားချပ်ကြီးပေါ်မှာ စာတစ်လုံးမှ မရေးရသေးဘူး၊ အဖြူထည်မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အဖြူထည်ပေါ်မှာ စက်ဝိုင်းကြီးတစ်ခု ယောဂီတို့ကိုယ်တိုင် ဝိုင်းလိုက်ကြစမ်းပါ၊ (ဝိုင်းပြီးပါပြီဘုရား)၊ ဝိုင်းပြီးပြီဆိုလို့ရှိရင်၊ စက်ဝိုင်းကြီးအပေါ်ကနေပြီးတော့ အလယ်ကောင်တည့်တည့်၊ အောက်ကို ပေါက်သွားအောင် မျဉ်းတစ်ကြောင်းဆွဲချလိုက်ပါ၊ (ဆွဲပြီးပါပြီဘုရား)၊ သြော်. . . ဆွဲပြီးပြီဆိုရင် ယောဂီတို့ဘက်ကနေကြည့်၊ စက်ဝိုင်းကြီး လက်ဝဲဘက်ကနေပြီးတော့၊ အလယ်ကောင်ဟောဟို. . . လက်ျာဘက်ကို ပေါက်သွားအောင်၊ မျဉ်းတစ်ကြောင်းထပ်ပြီး ကန့်လန့်ဖြတ်ဆွဲလိုက်ပါဦး၊ (ဆွဲပြီးပါပြီဘုရား)၊ ဒီလိုဆိုရင် စက်ဝိုင်းကြီးထဲမျဉ်းနှစ်ကြောင်း ကန့်လန့်ဖြတ်ဆွဲတယ်ဆိုတော့၊ အကွက်ကြီးဘယ်နှကွက်ပေါ်လာ၊ (လေးကွက်ပေါ်လာပါတယ် ဘုရား)၊ လေးကွက်ပေါ်လာတာပေါ့၊ လက်ျာဘက်က အထက်ပိုင်းအကွက်ကို နံပါတ်-၁ လို့ ထိုးလိုက်ပါ၊ (ထိုးပြီးပါပြီဘုရား)၊ လက်ျာဘက် အောက်က အကွက်ကို နံပါတ်-၂ ဟုတ်ပေဘူးလား၊ လက်ဝဲဘက်က အောက်ပိုင်း အကွက်ကို (နံပါတ်-၃ပါဘုရား)၊ နံပါတ်-၃၊ လက်ဝဲဘက်က အထက်ပိုင်း အကွက်ကို (နံပါတ်-၄ပါ ဘုရား)၊ နံပါတ်-၄လို့၊ ဒီလို အသီးသီးထိုးလိုက်တော့ ၁-ကွက်၊ ၂-ကွက်၊ ၃-ကွက်၊ ၄-ကွက်၊ အကွက်ကြီး ၄-ကွက် ပေါ်လာတာပေါ့၊ (မှန်လှပါဘုရား)၊ စာတစ်လုံးမှ မရေးရသေးဘူး ဟုတ်တယ်နော်၊ (မှန်လှပါ ဘုရား)၊ အင်း . . . အဲသလို အာရုံထဲထားပါ၊ စာတစ်လုံးမှ မရေးရသေးဘူး၊ အခုအကွက်ကြီး ၄-ကွက် ကွက်ထားပြီးပြီ။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ပါး

အဲဒီအထဲမှာ နံပါတ်-၁အကွက်ထဲမှာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါနှစ်လုံး ထည့်မယ်နော်၊ (မှန်လှပါဘုရား)၊ ပဋိစ္စသမုပ္ပဒ်အင်္ဂါ နှစ်လုံးထည့်ပါမယ်၊ လက်ျာဘက်က အထက်ပိုင်းအကွက် နံပါတ်-၁ အကွက်ထဲမှာ **အဝိဇ္ဇာနဲ့ သခါရ**၊ ဘာတဲ့ (အဝိဇ္ဇာနဲ့သခါရပါဘုရား)၊ ဒီနှစ်လုံးပဲ၊ ဒီပြင်တစ်လုံးမှ မရှိဘူး၊ စာတစ်လုံးမှ မပါသေးဘူး၊ ဒီလိုအောက်မေ့ပါနော်၊ (မှန်လှပါဘုရား)၊ ဟုတ်ပြီ နံပါတ်-၁ အကွက်ထဲမှာဘယ်နှလုံး အခုရေးပြီးပြီလဲ (နှစ်လုံးရေးပြီးပါပြီ ဘုရား)၊ ဘယ်သူနဲ့ ဘယ်သူပါလိမ့်၊ (အဝိဇ္ဇာနဲ့ သခါရပါဘုရား)၊ ဟုတ်ပြီ။

နံပါတ်-၂ အကွက်ထဲကျတော့ ပဋိစ္စသမုပ္ပါဒ် အင်္ဂါငါးလုံး ထည့်မယ်နော်၊ (မှန်လှပါဘုရား)၊ ငါးလုံးက ဘယ်သူတွေပါလိမ့်၊ (**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား**)၊ ဟုတ်တယ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒီငါးလုံးပဲ ရှိတယ်၊ တခြားတစ်လုံးမှမရှိဘူး၊ (မှန်လှပါဘုရား)၊ အဲဒီလိုလုပ်ပါ၊ အာရုံတွေထဲ မြင်ရင်လည်း ဖျောက်ထားလိုက်ပါ၊ ဟောဒီ ၂-အကွက်ထဲလည်း ငါးလုံးပဲ ပါပါတယ်နော်၊ ရှေ့သွားကြစို့။

နံပါတ်-၃ အကွက်ထဲသွားကြမယ်၊ ၃-အကွက်ထဲမှာ သုံးလုံး ထည့်မယ်နော်၊ (မှန်လှပါဘုရား)၊ ၃-လုံးက၊ (**တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား**)၊ ဟုတ်ပါတယ်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဒီသုံးလုံးပဲပါတယ်၊ ရှေ့သွားကြမယ်။

နံပါတ်-၄ အကွက်သွားလိုက်တော့ နှစ်လုံးထပ်ထည့်မယ်နော်၊ (မှန်လှပါဘုရား)၊ နှစ်လုံးက၊ (**ဇာတိ၊ ဇရာမရဏပါဘုရား**)၊ ဟုတ်တယ်၊ ဇာတိ၊ ဇရာမရဏ ဒီလိုထည့်ပါတယ်နော်၊ ဒါပဲရှိသေးတယ်၊ ဒီပြင်တစ်လုံး

မှ မရေးရသေးဘူး၊ ဒီတော့ ၁- အကွက်ထဲမှာနှစ်လုံး၊ ၂-အကွက်ထဲမှာငါးလုံး၊ နှစ်လုံး ငါးလုံးဆိုတော့၊ (ခုနစ်လုံးပါ ဘုရား)၊ အဲဒီ ခုနစ်လုံးထဲ ၃-ကွက်က သုံးလုံးရောထည့်တော့ (ဆယ်လုံးပါ ဘုရား)၊ အဲဒီဆယ်လုံးထဲမှာ ၄-အကွက်က နှစ်လုံးပါပေါင်းထည့်တော့ (ဆယ့်နှစ်လုံးပါ ဘုရား)၊ ၁၂-လုံး၊ ဒါပဲ စပြီးရေးပါသေးတယ်၊ တခြားမရှိသေးပါဘူး၊ ဟုတ်တယ်။

အင်္ဂါ ၁၂–ပါး၏ အဓိပ္ပာယ်

၁-အကွက်ထဲက နှစ်လုံးဆိုတာက၊ (အဝိဇ္ဇာနဲ့သင်္ခါရ)၊ ၂-အကွက်ထဲက ငါးလုံးဆိုတာက၊ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား)၊ ဟုတ်တယ်၊ ၃-အကွက်ထဲက သုံးလုံးဆိုတာက၊ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား)၊ ၄-အကွက်ထဲက နှစ်လုံးဆိုတာက၊ (ဇာတိ၊ ဇရာမရဏာပါ ဘုရား)၊ အားလုံး ဘယ်နှလုံးပါလိမ့်၊ (ဆယ့်နှစ်လုံးပါ ဘုရား)၊ ဒီဆယ့်နှစ်လုံးကို တည်ထားတယ်နော်၊ သူတို့ရဲ့ သဘောသွား အကြမ်းစားပြောပေးပါဦးဆိုရင် ၁-အကွက်ထဲက အဦးဆုံးဖြစ်တဲ့ အဝိဇ္ဇာဆိုတာ မသိတတ်တဲ့သဘော၊ အဝိဇ္ဇာဆိုတာ၊ (မသိတတ်တဲ့သဘောပါ ဘုရား)၊ မသိတတ်တဲ့သဘော၊ ဘာမသိတာလဲလို့မှား ဆက်မေးမယ်ဆိုရင် သစ္စာလေးပါးဆိုင်ရာ မသိတာ၊ ဘာတဲ့တုံး (သစ္စာလေးပါးဆိုင်ရာ မသိတာပါ ဘုရား)၊ အင်း ဒီလောက်ပဲမှတ်ပါ။

ဟိုမှာတော့ဖြင့် ဒုက္ခေ ညာဏံ၊ ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒေ အညာဏံ၊ ဒုက္ခ နိရောဓေ အညာဏံ၊ ဒုက္ခ နိရောဓ ဂါမိနိပဋိပဒါယ အညာဏံ၊ ဟိုမှာတော့ ပါဠိလိုဆိုတာပေါ့။ (မှန်လှပါဘုရား)၊ အင်း . . . ပါဠိလိုတွေရွတ်ပြနေရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နားမလည်ဘဲနေမှာစိုးလို့ ဘာသာပြန် ပြောလိုက်တော့ သစ္စာလေးပါးဆိုင်ရာ မသိတာ ဘယ်သူတုံး၊ (အဝိဇ္ဇာပါ ဘုရား)၊ ဩော် . . . ဒီလိုဆိုရင် ပေါင်းမှတ်လိုက်

ပါတော့၊ အဝိဇ္ဇာဆိုတာ၊ (သစ္စာလေးပါးဆိုင်ရာကို မသိတာပါဘုရား)၊ ဒုက္ခနဲ့ပတ်သက် မသိဘူး၊ ဒုက္ခသမုဒယ- ဒုက္ခဖြစ်အောင်လုပ်တဲ့ အကြောင်းတရားနဲ့ ပတ်သက် မသိဘူး၊ ဒုက္ခချုပ်ရာနိဗ္ဗာန်ရောဓ မသိဘူး၊ အဲ . . . ဒုက္ခတွေချုပ်ကြောင်း အကျင့်ကောင်းလည်း မသိဘူးလို့၊ ဒီလိုမသိတာတွေနဲ့ ပတ်သက်လာလို့ရှိရင် သူ့ ဘာခေါ်မယ်၊ (အဝိဇ္ဇာပါဘုရား)။

တခြား . . . တခြား သားရေး၊ သမီးရေး၊ စီးပွားရေး၊ ရပ်ရေး၊ ရွာရေး၊ နိုင်ငံ့အရေး၊ ဟိုအရေး၊ ဒီအရေး အဲဒီအရေးတွေ မသိတာ အဝိဇ္ဇာမဆိုပါဘူးတဲ့၊ အဲဒါကတော့ ဗဟုသုတမစုံလို့ မသိတာပဲရှိမယ်နော်၊ (မှန်လှပါဘုရား)၊ အခုအဝိဇ္ဇာဆိုတာ တခြားမဟုတ်ဘူး၊ သစ္စာလေးပါးနဲ့ ပတ်သက်ပြီး မသိဘူးဆိုရင် ဘာခေါ်၊ (အဝိဇ္ဇာပါဘုရား)၊ ဟုတ်ပြီ ရှေ့သွားကြစို့ 'သဒ္ဒါရ' . . . ဘာတဲ့၊ (သဒ္ဒါရပါဘုရား)၊ သဒ္ဒါရဆိုတာ ပြုလုပ်တတ်တဲ့သဘော၊ သဒ္ဒါရဆိုတာ၊ (ပြုလုပ်တတ်တဲ့သဘောပါ ဘုရား) ပြုလုပ်တတ်တဲ့သဘော၊ ပြုလုပ်တာက သုံးမျိုးတောင် ရှိတာတဲ့၊ ကိုယ်နဲ့၊ ခြေနဲ့၊ လက်နဲ့ လှုပ်လှုပ်ရှားရှား ပြုလုပ်တာက ကာယသဒ္ဒါရ၊ ပါးစပ်နဲ့ တွတ်တွတ် တွတ်တွတ် ပြောဆိုပြုလုပ်တာက၊ (ဝစီသဒ္ဒါရပါဘုရား)၊ စိတ်နဲ့ ကြံတွေးပြီး ပြုလုပ်တဲ့ဥစ္စာက၊ (စိတ္တသဒ္ဒါရပါ ဘုရား)၊ စိတ္တသဒ္ဒါရ။

မနောက ဒီပြင်နေရာမှာ သုံးလိမ့်မယ်နော်၊ ဒီနေရာ စိတ္တသဒ္ဒါရလို့ပဲ ဘုရားကိုယ်တော်မြတ်ကြီး ဟောပြီးတော့ထားတယ်၊ သဒ္ဒါရသုံးမျိုးနော်၊ (မှန်လှပါဘုရား)၊ ဟို . . . ကိုယ်နဲ့၊ လက်နဲ့၊ ခြေနဲ့လုပ်တဲ့ အခုဘုန်းကြီးတို့ ယောဂီတွေလည်း ကိုယ့်အခန်းကနေပြီး ဟောဒီတရားခန်းမကြီးရောက်အောင် လာတယ်၊ အရပ်ထဲကလည်း ကိုယ့်အိမ်ကနေပြီးတော့ ဒီရောက်အောင် တရားနာမယ်ဆိုပြီးတော့ လာတယ်ဆိုတာ လုံ့လအားမထုတ်ဘဲနဲ့ ဘယ်ရောက်လိမ့်မလဲ၊ (မှန်လှပါဘုရား)၊ ခန္ဓာကိုယ်အရင်းတည်ပြီးတော့ လှုပ်လှုပ်ရှားရှား သွားလို့၊ လာလို့၊ လှမ်းလို့၊ ကြွလို့

အဲလိုလုပ်မှ ဒီရောက်တာ မဟုတ်လား၊ (မှန်ပါတယ်ဘုရား)၊ ခန္ဓာကိုယ်ကြီးနဲ့ပတ်သက်ပြီးတော့ ပြုလုပ်တဲ့ သခ်ၤါရမို့လို့ အဲဒါမျိုးဆိုရင် (ကာယသခ်ၤါရပါ ဘုရား)၊ ကာယသခ်ၤါရ၊ ဘာတဲ့၊ (ကာယသခ်ၤါရပါဘုရား)။

အခုဘုန်းကြီးက မေးမြန်းပြီးတော့ ဖြေဖြေနေတာ၊ ပါးစပ်နဲ့အလုပ်လုပ်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘုန်းကြီးကလည်း တစ်လုံးပြီးတစ်လုံး၊ တစ်လုံးပြီးတစ်လုံး ပြောပြီးတော့နေတဲ့ ဥစ္စာ၊ ပါးစပ်နဲ့အလုပ်လုပ်နေတဲ့ သခ်ၤါရမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘာသခ်ၤါရ (ဝစီသခ်ၤါရပါဘုရား)၊ ဝစီသခ်ၤါရ၊ တစ်လုံးပြီးတစ်လုံး ဘာပြောရပ့ါ ဘာပြောရပ့ါ ဆိုပြီးတော့ ဘုန်းကြီးကလည်း စိတ်နဲ့ကြံတွေးရသေးတာ၊ အေး . . . ဒကာ ဒကာမတို့ဘက်ကနေ ကြည့်တော့လည်း ဘုန်းကြီး ဘာတွေများ ဟောမှာပါလိမ့်၊ ဒီကနေ့ဘာတွေများ ပြောမှာပါလိမ့် ဆိုပြီးတော့ စိတ်နဲ့ကြံတွေးတဲ့ အလုပ်လုပ်တာလည်း ရှိသေးတာပေါ့၊ (မှန်လှပါဘုရား)၊ အဲဒါကျတော့ ဘာသခ်ၤါရ၊ (စိတ္တသခ်ၤါရပါဘုရား)၊ ဒါဖြင့် သခ်ၤါရက သုံးမျိုးပေါ့၊ (မှန်လှပါဘုရား)၊ ကာယသခ်ၤါရ၊ ဝစီသခ်ၤါရ၊ (စိတ္တသခ်ၤါရပါဘုရား)၊ ဟုတ်ပြီ၊ ဒါဖြင့် ၁-အကွက်ထဲက နှစ်မျိုးရဲ့အဓိပ္ပာယ် သိပြီပေါ့၊ (မှန်လှပါဘုရား)။

ဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်

ရှေ့သွားကြမယ်၊ နံပါတ်-၂ အကွက်ထဲ သွားလို့ရှိရင် ဝိညာဏ်ဖတ်တာပေါ့နော် 'ဝိညာဏ' ကို 'ဏ' အသတ်သတ်လိုက်တော့ 'ဝိညာဏ်'၊ ဝိန်ညံလို့ အသံထွက်တယ် (မှန်လှပါ!ဘုရား)၊ 'ဝလုံးကြီးတင်'ရယ် 'ည'ရေးချာပြီးတော့ 'ဏ'ကို အသတ်ထားတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဝိညာဏ်. . . ဘယ်လိုတုံး၊ (ဝိညာဏ်ပါ ဘုရား)၊ ဝိညာဏ်ဆိုတာ စိတ်ကလေးပါ၊ ဘဝတစ်ခုမှာအဦးဆုံး စပြီးဖြစ်တဲ့ စိတ်ကလေးပေါ့၊

(မှန်လှပါဘုရား)၊ ဘုန်းကြီးတို့တစ်တွေထဲက တစ်ယောက်ယောက်ပဲ ဆိုပါတော့၊ အဦးဆုံးစပြီးတော့ဖြစ်တဲ့ စိတ်ကလေးရယ်၊ ဟို့ . . . နောက်ဆုံး ကျမှ သေတဲ့စိတ်ကလေးရယ်၊ အလယ်ကောင် ဘဝတစ်ခုလုံးမှာ ဖြစ်ပြီး တော့နေတဲ့ စိတ်ရယ်လို့ စိတ်သုံးမျိုးရှိတယ်၊ (မှန်လှပါဘုရား)၊ အဦးဆုံး စပြီးတော့ ဖတ်ခနဲ. . . အဲ. . . စပြီးတော့ ပဋိသန္ဓေစိတ်ကလေးတွယ်တာ၊ ပထမဆုံးစပြီးတော့ ဖြစ်တဲ့စိတ်ကလေးကို ဝိညာဏ်၊ ဘာတဲ့တုံး၊ (ဝိညာဏ်ပါ ဘုရား)၊ ဝိညာဏ်၊ ဟို့ . . . နောက်ဆုံးသေတဲ့ စိတ်ကလေးကျတော့ စုတိစိတ်လို့ခေါ်တာပေါ့၊ (မှန်လှပါဘုရား)၊ နောက်ဆုံးသေတဲ့စိတ်က၊ (စုတိစိတ်ပါဘုရား)၊ စုတိစိတ်၊ အဦးဆုံးစပြီး ဖြစ်တဲ့စိတ်က၊ (ပဋိသန္ဓေစိတ်ပါ ဘုရား)၊ ဘဝတစ်ခုရဲ့ ဟိုး. . . နောက်ဆုံးဖြစ်တဲ့ စိတ်က၊ (စုတိစိတ်ပါ ဘုရား)၊ အလယ်ကောင်တစ်ဘဝလုံး ရှင်သန်ဖြစ်ပျက် ပြောင်းလွဲနေတဲ့ ဥစ္စာတွေက 'ပဝတ္တိစိတ်'၊ ပဝတ္တိနော်၊ ပစောက်ရယ်၊ ဝရယ်၊ တဝန်းပူနှစ်လုံး ဆင့် လုံးကြီးတင်- (ပဝတ္တိ)၊ ပဝတ္တိစိတ်၊ စိတ်ဘယ်နှမျိုး၊ (သုံးမျိုးပါဘုရား)၊ သုံးမျိုးရှိတဲ့အနက် ဟောဒီ ဝိညာဏ်ဆိုတဲ့ဥစ္စာ၊ အဦးဆုံးစဖြစ်တဲ့ စိတ်ဆိုတာ 'ပဋိသန္ဓေစိတ်'၊ ဘာတဲ့၊ (ပဋိသန္ဓေစိတ်ပါ ဘုရား)၊ အေး. . . အကောင်အလှောင်လေး မဟုတ်ဘူးနော်၊ ဝိညာဏ်ဆိုတာ အကောင်အလှောင်လေး မဟုတ်ဘူးနော်၊ စိတ်ကလေး၊ ဘာစိတ်ခေါ်မလဲ၊ (ပဋိသန္ဓေစိတ်ပါ ဘုရား)၊ ပဋိသန္ဓေစိတ်၊ အဦးဆုံးစပြီးတော့ ဖြစ်တဲ့စိတ်ဆိုတော့ ပဋိသန္ဓေစိတ်ပေါ့၊ (မှန်လှပါ ဘုရား)။

နာမ်တရား၊ တို့မှီတွယ်ဖို့ရာ ရုပ်တရား

ပြီးတော့ နောက်တစ်ခုက ဘာတဲ့တုံး 'နာမ်၊ ရုပ်' ဘယ်လို့၊ (နာမ်၊ ရုပ်ပါ ဘုရား)၊ အဲဒီမှာ နာမ်ကတစ်ပုဒ်၊ ရုပ်ကတစ်ပုဒ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အဲဒီထဲ 'နာမ်' ဆိုတဲ့ဥစ္စာက စေတသိက်တွေ၊ နာမ်က

(စေတသိက်တွေပါ ဘုရား)၊ စေတသိက်တွေ၊ ဝိညာဏ်က ပဋိသန္ဓေစိတ်၊ နာမ်ကဘာတဲ့တုံး၊ (စေတသိက်ပါဘုရား)၊ အဲဒီ ပဋိသန္ဓေစိတ်နဲ့တွဲဖက်ပြီးတော့ဖြစ်တဲ့ စေတသိက်တွေပေါ့၊ (မှန်လှပါဘုရား)၊ ဝိညာဏ်ရော နာမ်ရော သူတို့နှစ်မျိုးလုံးက နာမ်တရားတဲ့၊ (မှန်လှပါဘုရား)။

ပြီးတော့ 'ရုပ်'ဆိုတာက ရုပ်တရား၊ ရုပ်ဆိုတာ၊ (ရုပ်တရားပါဘုရား)၊ အဲဒီ ဝိညာဏ်တို့၊ နာမ်တို့ဆိုတဲ့ နာမ်သဘောတရားတွေ ဖြစ်ဖို့ရာအမှီခံအနေနဲ့ ရုပ်ကလေးလည်း ပါရသေးတာပေါ့၊ (မှန်လှပါဘုရား)၊ ဒီတော့ နာမ်တရားနဲ့ ရုပ်တရား၊ ဝိညာဏ်နဲ့နာမ်က နာမ်တရား၊ ရုပ်က၊ (ရုပ်တရားပါဘုရား)၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါး ဖြစ်စဉ်မှာတော့ တစ်ပြိုင်တည်း တစ်ချိန်တည်းဖြစ်တာပါပဲ၊ ဟောတော်မူတဲ့အခါမှာသာ အဓိကကျရာအရင်နှုတ်တော်က ထုတ်ဖော်ပြီးတော့ ဝိညာဏ်၊ ပြီးတော့မှ နာမ်ရုပ် ဒီလိုနှစ်ခုခွဲဟောတာနော်၊ တကယ့်ဖြစ်စဉ်မှာတော့ တစ်ပြိုင်တည်း တစ်ချိန်တည်းဖြစ်တာပါတဲ့၊ ပဋိသန္ဓေစိတ်ကလေး ဖြစ်လိုက်တာနဲ့ တစ်ပြိုင်တည်း နာမ်ဆိုတဲ့ဆိုင်ရာစေတသိက်တွေလည်း ပါလာတာပေါ့၊ (မှန်လှပါဘုရား)၊ အဲဒီနာမ်တရားတွေ မှီတွယ်ဖို့ရာ၊ ရုပ်ကလေးလည်း တစ်ပြိုင်တည်းပေါ်လာရတာပေါ့ ဟုတ်တယ်၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒါဖြင့် အမိဝမ်းမှာ စပြီးလာလာချင်း နာမ်တရားနဲ့၊ (ရုပ်တရားပါဘုရား)၊ ရုပ်တရား ရပြီလား။

မျက်စိ၊ ရား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်

ရှေ့သွားကြစို့၊ အဲဒီနာမ်တရားနဲ့ ရုပ်တရား တဖြည်းဖြည်း ကြီးထွားပြီးတော့ လာလို့ ပြည့်ပြည့်စုံစုံ ဖြစ်လာတော့၊ ကိုယ့်သဏ္ဌာန်မှာ ဟာ. . . ခေါင်းပိုင်းမှာ ကြည့်မယ်ဆိုရင် မျက်စိပါမယ်၊ ပြီးတော့ နားပါမယ်၊ နှာခေါင်းပါမယ်၊ လျှာပါမယ်၊ ခေါင်းပိုင်းမှာ လေးမျိုး မဟုတ်လား၊ (မှန်လှပါဘုရား)၊ ပြီးတော့ကျန်တဲ့ ခန္ဓာကိုယ်ကြီးတစ်ခုလုံးကျတော့ ခန္ဓာကိုယ် မဟုတ်ဘူး

လား၊ (မှန်လှပါ ဘုရား)၊ ပြီးတော့ စိတ်ဆိုတဲ့ဥစ္စာလည်း ပါတယ်မဟုတ်လား၊ (ပါပါတယ် ဘုရား)။

စစချင်း ပဋိသန္ဓေစိတ်က ပထမဆုံးစက္ကန့်လေးမှာသာလျှင် ပဋိသန္ဓေစိတ်လို့ ဒီလိုနာမည်ပေးရတာ၊ ဒီဘက်စက္ကန့်၊ ဒီဘက်နာရီတစ်သက်လုံး ဖြစ်ပေါ်ပြီးတော့နေတဲ့ စိတ်တွေကျတော့ 'ပဝတ္တိစိတ်' ဘာတဲ့တုံး၊ (ပဝတ္တိစိတ်ပါ ဘုရား)၊ အဲဒီလိုဆိုတော့ အားလုံးဘယ်နှမျိုးဖြစ်လာ၊ ခြောက်မျိုးဖြစ်လာ၊ ဘယ်နှမျိုး၊ (ခြောက်မျိုးဖြစ်လာ ပါတယ် ဘုရား)၊ အင်း . . . ဘယ်သူတွေတုံးဆိုတော့ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်၊ဘယ်နှမျိုး (ခြောက်မျိုးပါ ဘုရား)၊ အဲဒီလိုခြောက်မျိုးဖြစ်လာတာကို 'သဠာယတန'၊ ဘယ်လိုတုံး၊ (သဠာယတနပါ ဘုရား)၊ သ-ဆိုတာက ခြောက်မျိုး၊ အာယတန-ဆိုတာက တည်ရာဌာန၊ ခြောက်မျိုးသော တည်ရာဌာန၊ ခန္ဓာကိုယ်ပေါ်မှာ အထက်ပိုင်းမှာကိုပဲ ခေါင်းပိုင်းမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ဒီလေးမျိုးပါတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကျန်တဲ့ဥစ္စာဟူသမျှ ဘာခေါ်မယ် 'ကိုယ်'၊ ခေါင်းရောကျန်တဲ့ ခန္ဓာကိုယ်ကြီး တစ်ခုလုံးရော ခြေထောက်တွေရော၊ လက်တွေရောပေါ့နော်၊ (မှန်လှပါ ဘုရား)၊ ပြီးတော့ အဲဒီ ရုပ်တရားအစုအဝေးကြီးကို အမှီပြုပြီးတော့ ဖြစ်နေတာက 'စိတ်'၊ အားလုံး ဘယ်နှမျိုး၊ (ခြောက်မျိုးပါ ဘုရား)။

အဲလိုခြောက်မျိုးဖြစ်တာကို ပါဠိလို 'သဠာယတန' ဘာတဲ့၊ (သဠာယတနပါ ဘုရား)၊ ဟုတ်တယ်၊ နောက်တော့လာပါလိမ့်မယ်၊ အဲဒီခြောက်မျိုးနဲ့တွဲဖက် ပြင်ဘက်မှာလည်း ခြောက်မျိုးရှိတယ်၊ အဲဒါတွေဆုံတဲ့အခါကျမှ အပွင့်ဓာတ်ပေါ်တယ်၊ အဲဒီလို အခံဓာတ်၊ အတိုက်ဓာတ်၊ အပွင့်ဓာတ်၊ ဒီလိုဓာတ်တွေဆုံပြီးတော့ သွားတာကို 'ဖဿ'၊ ဘယ်လို၊ (ဖဿပါဘုရား)၊ ဖဿ၊ ဓာတ်တွေဆုံကြ၊ ကြုံကြ၊ တွေ့ကြ၊ ထိကြ၊ ခိုက်ကြ

တာကို 'ဖဿ' လို့ခေါ်တယ်၊ (မှန်လှပါဘုရား)၊ ဟုတ်ပြီ၊ ရှေ့သွားကြမယ်၊ 'ဝေဒနာ'၊ ဘယ်လို၊ (ဝေဒနာပါဘုရား)၊ 'ဝေဒနာ'ဆိုတာ ခံစားတတ်တဲ့သဘော၊ ဝေဒနာဆိုတာ၊ (ခံစားတတ်တဲ့သဘောပါဘုရား)၊ ဟုတ်တယ်၊ နာမ်သဘောတရားပဲ၊ သူလည်းပဲ မြင်တော့မြင်ရတာ မဟုတ်ဘူး၊ ခံစားတယ်ဆိုတဲ့ ဥစ္စာကလေးတွေ လာပါလိမ့်မယ်၊ ခံစားတာက သုံးမျိုးတဲ့၊ သဘောမကျတဲ့ ဆင်းရဲတဲ့ 'အာရုံ'ကို ခံစားတဲ့၊ 'ဒုက္ခဝေဒနာ'၊ ဟို . . . ကောင်းတဲ့သုခ'အာရုံ'ကို ခံစားတယ်ဆိုတဲ့ 'သုခဝေဒနာ'၊ ကြားအလယ် အလတ် 'အာရုံ'ကိုခံစားတဲ့ 'ဥပေက္ခာဝေဒနာ'လို့ ဝေဒနာကလည်း သုံးမျိုးပဲ၊ (မှန်လှပါဘုရား)၊ အင်း . . . ဆင်းဆင်းရဲရဲအာရုံကို ခံစားတော့ ဒုက္ခဝေဒနာ၊ ချမ်းချမ်းသာသာအာရုံကို ခံစားတော့ သုခဝေဒနာ၊ ကြား အလယ်အလတ် အာရုံကို ခံစားတော့၊ (ဥပေက္ခာဝေဒနာပါ ဘုရား)၊ ဝေဒနာဘယ်နှမျိုး၊ (သုံးမျိုးပါ ဘုရား)၊ အေး . . . ဒီနေရာမှာတော့ ဒီလောက်ပဲ ထားခဲ့ပါ။

လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်

ရှေ့သွားကြစို့၊ နံပါတ်-၃ အကွက် သွားလိုက်တော့ 'တဏှာ'လို့ တွေ့လား၊ (တွေ့ပါတယ်ဘုရား)၊ 'တဏှာ'ဆိုတာက (လိုချင်မက်မောမှုပါဘုရား)၊ လိုချင်မက်မောမှု၊ ဥပါဒါန်ကျတော့ ဥပ+အာဒါန-စွဲစွဲမြဲမြဲယူတယ်လို့ဆိုတာ၊ မလွတ်တမ်းယူတာ၊ ဖမ်းထားတာ၊ တုပ်ထားတာ၊ တွယ်ထားတာပေါ့နော်၊ ကြွက်ကလေးကိုကြောင်က ဖမ်းတော့၊ မလွတ်တမ်းခြေသည်းနဲ့ ကုပ်ထားတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟားကိုမြွေက ဖမ်းတော့လည်း မလွတ်တမ်း ကိုက်တွယ်ထားတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒီလို စွဲစွဲမြဲမြဲကြီး၊ မလွတ်တမ်း ဖြစ်နေတဲ့ဟာကို 'ဥပါဒါန်'၊ ဥပ+အာဒါနဆိုတော့၊ ဥပါဒါန်- စွဲစွဲမြဲမြဲ ဖမ်းယူတာ၊ တကယ်တော့ မလွတ်နိုင်ဘူး၊ ဒါမရမနေနိုင်ဘူး၊ ရကိုရမှ ဆိုတဲ့ဥစ္စာ မဟုတ်လား၊ (မှန်လှပါဘုရား)၊

ဒီတော့ သူလည်း လောဘသဘောပေါ့။ (မှန်လှပါဘုရား)။

'တဏှာ'ဆိုတာ လိုချင်မက်မောမှု၊ တဏှာဆိုတာ၊ (လိုချင်မက်မောမှုပါ ဘုရား)၊ လိုချင်မက်မောမှု၊ ဥပါဒါန်လည်း သူလည်းလိုချင်တာပဲ၊ လိုချင်မှု အားကြီးတာပေါ့။ (မှန်လှပါဘုရား)။ အရမ်းအရမ်း လိုချင်တယ်ဆိုတော့၊ ဟောဟိုတဏှာက လိုချင်မှုအသေးစား၊ ဥပါဒါန်ကျတော့ လိုချင်မှုအကြီးစား၊ အသေးစားနဲ့၊ (အကြီးစားပါဘုရား)၊ ဒါပဲကွာပါတယ်၊ နှစ်မျိုးလုံး လောဘသဘောချည်းပဲ၊ (မှန်လှပါဘုရား)၊ ဟုတ်ရဲ့လား၊ တဏှာက လိုချင်မှုအသေးစား၊ ဥပါဒါန်က လိုချင်မှု အကြီးစား၊ ဒီလိုမှတ်လိုက်ပါ။ ရှေ့သွား ဘာတွေ့တုံး 'ကမ္မဘဝ'၊ ကမ္မဘဝဆိုတာ မရရအောင် အားထုတ်တာ၊ ကမ္မဘဝဆိုတာ၊ (မရရအောင် အားထုတ်တာပါ ဘုရား)၊ မရ ရအောင်အားထုတ်တာ၊ သူလည်း သုံးမျိုးတဲ့၊ ကိုယ်နဲ့၊ ခြေနဲ့၊ လက်နဲ့ လှုပ်လှုပ်ရှားရှား အားထုတ်တဲ့ ဥစ္စာကို ကာယကံ၊ ပါးစပ်နဲ့ တွတ်တွတ် တွတ်တွတ်ပြောဆိုပြုလုပ် အားထုတ်တာကို ဝစီကံ၊ မနောနဲ့ ကြံတွေးအားထုတ်တာကို၊ (မနောကံပါဘုရား)၊ ဆိုတော့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဘယ်နှမျိုး၊ (သုံးမျိုးပါဘုရား)၊ ဘာနဲ့ သွားတူသလဲဆိုတော့ ဟို . . . ၁-အကွက်ထဲက သခ်ၤါရနဲ့ သွားမတူပေဘူးလား၊ (တူပါတယ်ဘုရား)၊ အဲ . . . တူလို့မို့လို့ကို ကြိုးလေးနဲ့ တန်းပြတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ဟိုတုန်းကလည်းပဲ ကိုယ်နဲ့၊ ခြေနဲ့၊ လက်နဲ့လှုပ်လှုပ် ရှားရှားပြုလုပ်တာ 'ကာယသခ်ၤါရ'၊ ဒီကျတော့ 'ကာယကံ'၊ ဟိုတုန်းက ပါးစပ်နဲ့ တွတ်တွတ် တွတ်တွတ် ပြောဆိုပြုလုပ်တာ 'ဝစီသခ်ၤါရ'၊ ဒီကျတော့ဘာတုံး 'ဝစီကံ'၊ ဟိုတုန်းက စိတ်နဲ့ကြံတွေးပြုလုပ်တဲ့ဥစ္စာက 'စိတ္တသခ်ၤါရ'၊ ဒီမှာ စိတ်နဲ့ ကြံတွေးအလုပ်လုပ် အားထုတ်တာ 'မနောကံ'၊ မနောလို့ ဒီမှာသုံးတယ်နော်၊ (မှန်လှပါဘုရား)၊ သဘောကတော့ စိတ်နဲ့မနော အတူတူပဲနော်၊ (မှန်လှပါဘုရား)၊ သို့သော် အသုံးလေး

တွေ့ချင်း ကွာပါတယ်၊ ဒီလိုတူတယ်ဆိုရင် ဘာပြုလို့နောက်ထပ် ထည့်ထား သလဲ၊ ကျက်ရတာတစ်လုံး ပိုအောင်၊ သြော်. . . သဘောသာ တူတာပါ။ အချိန်ကာလကျတော့ မတူကြပါဘူး၊ ဟိုတုန်းက သခ်ၤါရဆိုတာ ဒီဘဝ မရောက်ခင် လွန်လေပြီးသော အတိတ်ကာလက ဖြစ်ခဲ့ကြတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကို ပြောတာ၊ (မှန်လှပါဘုရား)၊ အဲ အခုနံပါတ် -၃ အကွက် ထဲက ကမ္မဘဝဆိုတာ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာ ရှိကြတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကို ပြောတာဆိုတော့၊ အချိန်ကာလချင်းတော့ ကွာကြတယ် မဟုတ်လား၊ (ကွာပါတယ်ဘုရား)၊ အဲဒီလိုကွာလို့ နောက်ထပ် ထည့်ထား တာ၊ ရှေ့သွားကြစို့။

ဇာတိဆိုတာ ရုပ်နဲ့နာမ်ဖြစ်ပေါ်တာ

နံပါတ်-၄ အကွက်ထဲ သွားလိုက်တော့ ဘာတွေ့၊ 'ဇာတိ' လို့ တွေ့တယ်၊ ဇာတိဆိုတာ ဖြစ်ပေါ်ခြင်း၊ ဇာတိဆိုတာ၊ (ဖြစ်ပေါ်ခြင်းပါ ဘုရား)၊ ဖြစ်ပေါ်ခြင်း၊ ဘာတွေဖြစ်ပေါ်သလဲလို့မျှား မေးရင် ရုပ်တွေ၊ နာမ်တွေ ဖြစ်ပေါ်တာ၊ ဘာတဲ့တုံး၊ (ရုပ်တွေ၊ နာမ်တွေ ဖြစ်ပေါ်တာ ပါဘုရား)၊ ရုပ်တွေ၊ နာမ်တွေဖြစ်ပေါ်တာ၊ အကျယ်ချဲ့ရင်တော့ ခန္ဓာ ငါးပါးပေါ့။ (မှန်ပါဘုရား)၊ အကျယ်ချဲ့ရင် ခန္ဓာငါးပါး၊ ဘယ်သူတွေ မျှားလဲဆိုရင် 'ရူပက္ခန္ဓာ'၊ 'ဝေဒနာက္ခန္ဓာ'၊ 'သညာက္ခန္ဓာ'၊ 'သခ်ၤါရက္ခန္ဓာ'၊ 'ဝိညာဏက္ခန္ဓာ' . . . ခန္ဓာဘယ်နှပါး၊ (၅-ပါးပါ ဘုရား)၊ အဲဒီလို ရုပ်, နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါး၊ အကျဉ်းအားဖြင့် ရုပ်နဲ့နာမ်၊ အကျယ်ချဲ့ရင် ခန္ဓာ၅-ပါး၊ အဲဒီလို ရုပ်, နာမ် ၂-ပါး၊ ခန္ဓာ၅-ပါးဖြစ်ပေါ်တာကို ပါဠိလို 'ဇာတိ' လို့ ပြောလိုက်တာ၊ (မှန်လှပါဘုရား)။

'ဇာတိ'ဆိုတာ ဖြစ်ပေါ်တာမဟုတ်လား၊ (မှန်လှပါဘုရား)၊

ဟုတ်တယ်၊ အခုအမိဝမ်းမှာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ ရုပ်နဲ့နာမ် စဖြစ်တယ်လို့ ပြောတယ်မဟုတ်လား၊ ဝိညာဏ်၊ နာမ်ရုပ်ဆိုတော့ ရုပ်နဲ့နာမ် အဲဒါ ဖြစ်ပေါ်တာ၊ အကျယ်ချဲ့ရင်တော့ (ခန္ဓာငါးပါးပါဘုရား)၊ ခန္ဓာ၅-ပါး၊ ရုပ်တရားတွေကို ဉာဏ်အားဖြင့် စုလိုက်ရုံးလိုက်လို့ရှိရင် 'ရူပ'ဆိုတာက ရုပ်တရား၊ 'ခန္ဓာ'ဆိုတာက အစုအဝေး၊ 'ရူပခန္ဓာ' ရုပ်တရား အစုအဝေး၊ စာသင်္ဘောအရ၊ 'က' ကြီးတစ်လုံး ဆင့်လိုက်တော့ 'ရူပက္ခန္ဓာ'၊ ရုပ်သင်္ဘောတရား အစုအဝေး၊ ဟုတ်ရဲ့လား၊ (မှန်လှပါဘုရား)။ ရူပက္ခန္ဓာ ဆိုတာက ဘာတဲ့တုံး၊ (ရုပ်တရားအစုအဝေးပါ ဘုရား)၊ ရုပ်သင်္ဘောတရား အစုအဝေး၊ ဟုတ်ရဲ့လား။

ပြီးတော့ ဟာ. . . ဝေဒနာဆိုတဲ့ ခံစားတတ်တဲ့သင်္ဘောတွေ ကိုယ့်သန္တာန် ဖြစ်တယ်၊ ဉာဏ်အားဖြင့် သိနိုင်တယ်၊ အဲဒီလိုဝေဒနာ သင်္ဘောတွေကို၊ တစ်စု စုပြီးတော့ 'ဝေဒနာက္ခန္ဓာ'၊ ဘယ်လိုတုံး၊ (ဝေဒနာက္ခန္ဓာပါ ဘုရား)၊ ခံစားမှုရှိတယ်၊ ကိုယ့်သန္တာန် ကောင်းတာခံစား၊ မကောင်းတာခံစား၊ ကြားအလယ်အလတ်ခံစားဆိုတဲ့ သင်္ဘောတွေ ကိုယ့်မှာရှိပါတယ်၊ အေး. . . ပြီးတော့ မှတ်သားတတ်တဲ့ သင်္ဘောတွေကို စုရုံးပြီးတော့၊ ဉာဏ်ထဲစုရုံးပြီးတော့၊ အဲဒါတွေကို ခန္ဓာဖွဲ့ရင် သညာက္ခန္ဓာ၊ ဘယ်လို၊ (သညာက္ခန္ဓာပါဘုရား)၊ အေး စေတသိက်တွေက ၅၂-မျိုး ရှိတာပဲ၊ ၅၂-မျိုးထဲက ဝေဒနာခွဲထုတ်ပြီးတော့ ဝေဒနာက္ခန္ဓာ လုပ်လိုက်ပြီ၊ သညာ ခွဲထုတ်ပြီးတော့ သညာက္ခန္ဓာလုပ်ပြီးပြီ၊ ၅၂-မျိုးထဲက ၂-မျိုး ယူပြီးပြီဆိုတော့ ဘယ်လောက်ကျန်သေးတုံး၊ (၅၀ပါ ဘုရား)၊ အဲဒီ-၅၀ ကျန်တာကျတော့ သင်္ခါရက္ခန္ဓာ၊ ဘယ်လိုတုံး၊ (သင်္ခါရက္ခန္ဓာ ပါဘုရား)၊ ဒါဖြင့် ဒီသုံးမျိုးက စေတသိက်ခန္ဓာတွေပေါ့နော်။

ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဘာပြုလို့ သင်္ခါရက္ခန္ဓာ

လုပ်သလဲဆိုတော့၊ အဲဒီ ၅၀-ထဲမှာ စေတနာလေးက လှုပ်လှုပ်ရှားရှားနဲ့ လုပ်တတ်ကိုင်တတ်တယ်၊ သူကလုပ်တတ် ကိုင်တတ် လို့၊ သူ့ကို 'သခ်ၤါရ'လို့ နာမည်ပေးထားတာ၊ လုပ်တတ် ကိုင်တတ်တာ၊ လုပ်တာဟာဘာတုံး သခ်ၤါရ၊ သခ်ၤါရလို့နာမည်ရတဲ့ စေတနာလေး ခေါင်းဆောင်တဲ့၅၀-အစု၊ သူခေါင်းဆောင်ကို နာမည်တပ်ပြီးတော့ သူ့ကို ဘာခန္ဓာ၊ (သခ်ၤါရက္ခန္ဓာ ပါဘုရား)၊ ဒါဖြင့် ဒီသုံးမျိုးက စေတသိက်ခန္ဓာ တွေပေါ့နော်၊ (မှန်လှပါဘုရား)၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ၤါရက္ခန္ဓာ ဟုတ်ရဲ့လား။

ရူပ်ခန္ဓာ ၁–ပါး၊ နာမ်ခန္ဓာ ၄–ပါး

ဟိုဘက်ကို သွားလိုက်တဲ့အခါကျတော့ သိတတ်တဲ့သဘောတွေ၊ အားလုံး ဒကာ ဒကာမတို့သန္တာန်၊ သိတတ်တဲ့ သဘောကလေးတွေ၊ စိတ်ကလေးတွေ ရှိပါတယ်၊ အဲဒီသိတတ်တဲ့ စိတ်တွေကျတော့ 'ဝိညာဏ'၊ သိတတ်တာပေါ့နော်၊ 'ဝိညာဏက္ခန္ဓာ' ဘာတဲ့တုံး၊ (ဝိညာဏက္ခန္ဓာပါဘုရား) သူလည်းပဲ ဉာဏ်နဲ့သာ သိလို့ရပါတယ်၊ မျက်စိနဲ့တော့ မြင်လို့မရပါဘူး၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ၤါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အေး အဲဒီလေးမျိုးလုံးက မျက်လုံးနဲ့မြင်လို့ မရပါဘူး၊ ဉာဏ်နဲ့သာသိလို့ ရတာဘာပြုလို့တုံး၊ (နာမ်တရားတွေမို့လို့ပါ ဘုရား)၊ ဘာတဲ့ (နာမ်တရား တွေမို့လို့ပါဘုရား) နာမ်တရားတွေဆိုတော့ မျက်လုံးနဲ့ကြည့်လို့ မြင်ရပါ့မလား၊ (မမြင်ရပါဘူးဘုရား)၊ မမြင်ရပါဘူး၊ ဘယ်လိုလုပ် သိရမတုံး၊ (ဉာဏ်နဲ့ သိရပါမယ်ဘုရား) ဉာဏ်နဲ့သာ သိလို့ရပါတယ်၊ အဉီးဆုံးဖြစ်တဲ့ ရူပက္ခန္ဓာကတော့ မျက်လုံးဖွင့်ကြည့် မြင်ရတာပေါ့။ ဟုတ်တယ်၊ အဲလို မျက်လုံးဖွင့်ကြည့် မြင်ရတဲ့ ရူပက္ခန္ဓာ ၁-ပါးရယ် နာမ်ခန္ဓာ ၄-ပါးရယ်ဆိုတော့ အားလုံးခန္ဓာဘယ်နှပါး (၅-ပါးပါ ဘုရား)။

ဟုတ်တယ် ခန္ဓာ ၅-ပါးကို အကျဉ်းချုံ့မယ်ဆိုရင် ရုပ်တစ်ခု၊ နာမ်တစ်ခု မဟုတ်လား၊ (မှန်ပါတယ်ဘုရား)၊ ရုပ်နဲ့နာမ်၊ အဦးဆုံး ခန္ဓာက ရုပ်ခန္ဓာ၊ ကျန်တဲ့ ၄-ပါးက (နာမ်ခန္ဓာပါ ဘုရား)၊ ဆိုတော့ ရုပ်နဲ့နာမ်၊ အကျယ်ချဲ့ရင် ခန္ဓာ၅-ပါး၊ အကျဉ်းချုပ်ရင် (ရုပ်နဲ့နာမ်ပါဘုရား)၊ အဲဒီလို ရုပ် နာမ် ၂-ပါး၊ ခန္ဓာ၅-ပါး ဖြစ်ပေါ်တာကို ပါဠိလို 'ဇာတိ'လို့ ပြောလိုက်တာ၊ ဘာတဲ့တုံး၊ (ဇာတိပါဘုရား)၊ သူ့အဓိပ္ပာယ်ပြန်ရင်တော့ 'ဇာတိ' ဆိုတာ ဖြစ်ပေါ်ခြင်းမဟုတ်လား၊ (မှန်ပ့ါဘုရား)၊ ဘယ်သူတွေဖြစ်ပေါ်တုံး၊ (ရုပ် နာမ် ၂-ပါး၊ ခန္ဓာ၅-ပါးပါ ဘုရား)၊ ရုပ် နာမ် ၂-ပါး၊ ခန္ဓာ၅-ပါး ဖြစ်တာပါဠိလို ဘယ်နှယ့်ခေါ်၊ (ဇာတိပါဘုရား)၊ ဇာတိ၊ ရှေ့သွားကြမယ်။

'ဇရာ'ကျတော့ အိုတာ၊ ရုပ်တွေ၊ နာမ်တွေ အိုမင်းယိုယွင်းပြီးတော့လာတာ၊ 'မရဏ'ကျတော့ သေကြေပျက်စီး၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မတွေ ဖြစ်ပေါ်လာပြီးတော့ ပျောက်သွားတယ်၊ ပေါ်လာပြီးတော့ပျောက်သွားတယ်ဆိုတော့ သေတာမဟုတ်လား၊ အဲဒီလိုဖြစ်တာတွေကို ဘာခေါ်(မရဏပါဘုရား)၊ အေး . . . အဲဒါက သူတို့ရဲ့သဘောထား အကြမ်းစားပြောထားတာပါ၊ ရပြီနော်၊ (မှန်လှပါဘုရား)။

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်

ရပြီ၊ အခု ပဋိစ္စသမုပ္ပာဒ် ကိုယ်ထည်အင်္ဂါ ဘယ်နှပါး၊ (၁၂-ပါးပါဘုရား)၊ ၁၂-ပါးတည်ထားပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးကပြောတယ်၊ 'အဝိဇ္ဇာ'ကြောင့် ဘာဖြစ်၊ (သင်္ခါရဖြစ်ပါတယ်ဘုရား)၊ 'သင်္ခါရ'ကြောင့် ဘာဖြစ်၊ (ဝိညာဏ်ဖြစ်ပါတယ်)၊ 'ဝိညာဏ်' ကြောင့် ဘာဖြစ်၊ (နာမ်, ရုပ် ဖြစ်ပါတယ်ဘုရား)၊ 'နာမ်, ရုပ်'ကြောင့် ဘာဖြစ်၊ (သဠာယတန ဖြစ်ပါတယ်ဘုရား)၊ 'သဠာယတန'ကြောင့် ဘာဖြစ်၊ (ဖဿ ဖြစ်ပါတယ်

ဘုရား)၊ 'ဖဿ'ကြောင့် ဘာဖြစ်၊ (ဝေဒနာဖြစ်ပါတယ်ဘုရား)၊ 'ဝေဒနာ'ကြောင့် ဘာဖြစ်၊ (တဏှာဖြစ်ပါတယ်ဘုရား)၊ 'တဏှာ'ကြောင့် ဘာဖြစ်၊ (ဥပါဒါန် ဖြစ်ပါတယ်ဘုရား)၊ 'ဥပါဒါန်'ကြောင့် ဘာဖြစ်၊ (ကမ္မဘဝဖြစ်ပါတယ် ဘုရား)၊ 'ကမ္မဘဝ'ကြောင့် ဘာဖြစ်၊ (ဇာတိဖြစ်ပါတယ်ဘုရား)၊ 'ဇာတိ' ကြောင့် ဘာဖြစ်၊ (ဇရာမရဏ ဖြစ်ပါတယ် ဘုရား)၊ ဒါပဲ၊ ဒါကိုယ်ထည်၊ နောက်အကျိုးဆက်တွေ ရှိသေးတယ်၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတာက အကျိုးဆက်တွေ၊ တခို့မဖြစ်ပါဘူး၊ တခို့ဖြစ်တယ်၊ ဘုရားရဟန္တာတွေကျတော့ ပူတယ်၊ ဆွေးတယ်၊ ငိုတယ်၊ ကြွေးတယ်၊ သောကပရိဒေဝမီး တောက်ကြရတာတွေ လာဦးမလား၊ (မလာတော့ပါဘူးဘုရား)၊ မလာတော့ပါဘူး၊ အကျိုးဆက်နဲ့ လူတိုင်းနဲ့မဆိုင်ဘူး၊ ဘုန်းကြီးတို့ ပုထုဇဉ်သာမန်ပုဂ္ဂိုလ်တွေကျတော့ အဲဒီ အပူအဆွေး အငိုအကြွေးတွေ တွေ့ရတယ်မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဒီလို ပုဂ္ဂိုလ်တွေကျတော့ အပို အကျိုးဆက် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အဲဒါတွေ ပါရတာပေါ့။ ဟို. . . အားလုံးနဲ့ဆိုင်တာပေါ့။ ဟောဒီ ၁၂-မျိုးကတော့ ဘယ်သူမှ ရှောင်မရဘူး၊ ဘုရား ရဟန္တာတွေလည်း အို၊ နာ၊ သေ တွေ့ရမယ်မဟုတ်လား၊ (မှန်လှပါဘုရား)။ သာမန်ပုဂ္ဂိုလ်တွေလည်း အို၊ နာ၊ သေ တွေ့ရမယ်ဆိုတော့၊ အားလုံးနဲ့ဆိုင်တဲ့ ကိုယ်ထည်အဂီါ ဘယ်နှပါး၊ (၁၂-ပါးပါ ဘုရား)။

၁၂-ပါး၊ အဲဒါ ဘုရားကိုယ်တော်မြတ်ကြီးက၊ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'၊ အဝိဇ္ဇာပစ္စယာ-အဝိဇ္ဇာကြောင့်၊ သင်္ခါရာ- သင်္ခါရတရားတွေဖြစ်၊ နောက်တစ်ခါ၊ သင်္ခါရနောက် ပစ္စယာလေးတိုးလိုက်ရင်၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏနောက် ပစ္စယာလေးထည့်လိုက်လို့ရှိရင်၊ ဝိညာဏ

ပစ္စယာ နာမရူပံ၊ နာမ်ရုပ်ပြီးတော့ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ အင်း 'သောက'က အကျိုးဆက်၊ ဒီထဲမှာ တော့ ကိုယ်ထည်တင် ပြထားတယ်နော်၊ ပြီးတော့မှ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ သမ္ဘဝန္တိ၊ ဒီလို ဟောထားတယ် မဟုတ်လား၊ အရာခပ်သိမ်းဟာ အကြောင်းတရားကြောင့်၊ (အကျိုးတရား ဖြစ်ပါတယ် ဘုရား)၊ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်နေကြ တာပဲကွယ်၊ အဲဒီဒေသနာကြီးကို ဘုရားကိုယ်တော်မြတ်က သိစေလိုလို့၊ ဒီလိုထုတ်ပြ ထားတယ်နော်၊ (မှန်လှပါ ဘုရား)။

အကြောင်းရင်းကိုသတ်မှ

အေး. . . ဒီအထဲမှာ၊ ထပ်ပြီးတော့ ကျေအောင်ညက်အောင် စစ်ကြစို့ဆိုတော့၊ ဘုန်းကြီးတို့တစ်တွေ အခုလို ဘဝသံသရာထဲမှာ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်ဖြစ် ပြီးတော့နေတာ၊ ဒီအကြောင်းရင်းလည်း မသတ်နိုင်တဲ့အတွက် ဘုန်းကြီး တို့တစ်တွေ လည်ခဲ့ရတာပေါ့။ (မှန်လှပါဘုရား)၊ အကြောင်းရင်းကို မသိဘူး၊ ရှာလို့ဖွေလို့လည်း မရတဲ့အတွက်၊ သူဖြစ်ချင်သလို ကိုယ်က အဖြစ်ခံ လိုက်နေရတာ၊ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်ပေါ်လာတော့မှ ဒီလို မဟုတ်ဘူးကွဲ့၊ မင်းတို့တစ်တွေ ဘဝသံသရာထဲမှာ၊ ချာချာလည် နေတာ အကြောင်းရင်း မသိလို့။

ဘုရား ကိုယ်တော်မြတ်ကြီးတို့ကျတော့ အကြောင်းကို သတ်တာ၊ ခြင်္သေ့မင်းတို့လို၊ ခြင်္သေ့မင်းတို့က သူ့ကို မြားနှင့်ပစ်တယ်ဆိုရင်၊ မြားကို

ဂရုမစိုက်ဘူး၊ ဒီမြား ဘယ်ကလာသလဲ အကြောင်းရင်းကိုလေ (မှန်လှပါဘုရား)၊ ဟောဟို ခွဲထဲက ထွက်လာတာဖြစ်တယ်၊ အဲဒီခွဲထဲကို လိုက်ပြီး တစ်ခါတည်း အဲဒီပစ်တဲ့လူကို ကိုက်သတ်ပစ်လိုက်တာ ဆိုတော့၊ အကြောင်းရင်းကို သေအောင်သတ်လိုက်တာဆိုတော့၊ နောက်ထပ်မြား လာဦးမလား၊ (မလာတော့ပါဘူးဘုရား)၊ ဒီသဘော၊ ခဲနဲ့ပေါက်တယ် ဆိုရင်၊ ဟော. . . တောခွေး၊ မြေခွေးတို့ကတော့၊ ခဲလုံးကိုလိုက်ကိုက်တာ ဆိုတော့၊ အကျိုးတရားကို သူလိုက်သတ်တာပေါ့။ (မှန်လှပါဘုရား)၊ ဘုရား ကိုယ်တော်မြတ်ကြီးတို့ကတော့ ဘယ်ဟုတ်မလဲ၊ ခြင်္သေ့မင်းတို့က တော့ အကြောင်းရင်းကို လိုက်ရှာတာ၊ ဒီခဲ၊ ဒီတုတ်၊ ဘယ်ခွဲပုတ်ထဲက ထွက်လာသလဲ၊ အဲဒါကို အရိပ်အကဲ ဖမ်းပြီးတော့၊ ဒီခွဲပုတ်ထဲက လူကို လိုက်သတ်တာ၊ ဘုရားကိုယ်တော်မြတ်ကြီးတို့ကလည်း ဒီသဘောပဲ၊ ခြင်္သေ့မင်းလိုပေါ့နော်၊ အကြောင်းရင်းကို သတ်တော်မူလေ့ရှိတယ် ဆိုတော့၊ အခု ဒီမယ် အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီသဘောတရားကို ဟောနေပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး အကြောင်းရင်း သတ်ပုံသတ်နည်းတွေလည်း လာပါလိမ့်မယ်။

အဝိဇ္ဇာရဲ့တဏှာ (မူလနှစ်ဖြာ)

ဒီထဲမယ်ကွယ်၊ ဘဝသံသရာထဲလည်အောင် လုပ်တဲ့သူတွေ ဒီထဲမှာ လိုက်ရှာမယ်ဆိုရင် နှစ်ဦးတွေ့သကဲ့၊ အခု ပဋိစ္စသမုပ္ပါဒ် ကိုယ်ထည်အင်္ဂါ ၁၂-ပါး စဉ်တန်းထားပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း ဟောဒီ အင်္ဂါ ၁၂-ပါးထဲက ဘဝသံသရာကို၊ လည်အောင်လုပ်တဲ့သူ နှစ်ဦးရှိတယ်၊ သူတို့အကြောင်းရင်း နှစ်ဦးကြောင့်၊ တို့တစ်တွေ မင်းတို့တစ်တွေ၊ ဘဝ သံသရာထဲ လည်ခဲ့ကြရတာပေါ့၊ ပြောတယ်နော်၊

(မှန်လှပါဘုရား)၊ ဘယ်သူလဲလိုက်ရှာတော့ ၁-အကွက်ထဲက အဦးဆုံး ဖြစ်တဲ့ အဝိဇ္ဇာနဲ့ ၃-ကွက်ထဲက အဦးဆုံးဖြစ်တဲ့တဏ္ဍာ၊ (အဝိဇ္ဇာနဲ့ တဏ္ဍာပါ ဘုရား)၊ သူတို့ နှစ်ဦးပေါ့ကွယ်၊ တို့တစ်တွေ ဘဝသံသရာထဲမှာ ချာချာလည် ဖြစ်ပြီးတော့နေတာ သူတို့နှစ်ဦးလုပ်တာပေါ့၊ (မှန်လှပါ ဘုရား)၊ အဝိဇ္ဇာက မသိတတ်တဲ့သဘောလို့ ဆိုတယ်နော်၊ ဘာမသိတာ၊ (သစ္စာ၄-ပါးဆိုင်ရာ မသိတာပါဘုရား)၊ ဟုတ်တယ်၊ သစ္စာလေးပါး မသိတော့ တဏ္ဍာဆိုတဲ့ဥစ္စာက လိုချင်မက်မောမှု၊ သူက လိုချင်လှချေရဲ့ လိုချင်လှချေရဲ့လို့ ဖြစ်တော့တာပေါ့၊ အင်း ရလို့ရှိရင် အပြစ်တွေလာမယ် ဆိုတာလည်း မသိဘူး၊ မသိအောင် ဘယ်သူကပိတ်ကာထား၊ (အဝိဇ္ဇာကပါ ဘုရား)။

အဝိဇ္ဇာက ပိတ်ကာထား၊ မျက်နှာအဝတ်နဲ့စည်းသလို၊ မမြင် ရအောင် လုပ်ထားတယ်ဆိုတော့၊ အပြစ်တွေ မသိတဲ့အတွက် လောဘ တဏ္ဍာက ငမ်းငမ်းတက် လိုချင်တော့တာပေါ့၊ ဟာ. . . လိုချင်တော့ သူက၊ အဲဒီဥစ္စာကို၊ အပြစ်တွေမမြင်ရအောင်၊ အဝိဇ္ဇာက ပိတ်ကာထား သူတို့ နှစ်ဦးပေါင်းလိုက်တာနဲ့၊ တို့တစ်တွေ ဘဝသံသရာထဲ၊ ချာချာကြီး လည်ရသတဲ့၊ ဒါဖြင့် အကြောင်းရင်းမူလပေါ့၊ (မှန်လှပါဘုရား)၊ ဘယ်နှဦး ပါလိမ့်၊ (နှစ်ဦးပါဘုရား)၊ ဘယ်သူနဲ့ဘယ်သူတုံး၊ (အဝိဇ္ဇာနဲ့ တဏ္ဍာပါ ဘုရား)၊ အဝိဇ္ဇာနဲ့ တဏ္ဍာပေါ့၊ ကောင်းမှုလေးပြုပြီ ဆိုလို့ရှိရင်၊ နောက်ထပ် ဒီခန္ဓာမျိုးရချင်တယ်၊ ဒီခန္ဓာမျိုးထက် ပိုပြီးတော့ ချမ်းသာတယ်လို့ပြော ကြတဲ့ ဥစ္စာရချင်တယ်ဆိုပြီး၊ ဆုတောင်းတတ်ကြတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကန်တော့ပွဲလေး ရှေ့ချလို့၊ ဒီကောင်းမှုကြောင့် ဆိုပြီး တော့ တောင်းတယ်မဟုတ်လား၊ ဟာ. . . လူဘဝ သူ ဒီဆွေမျိုးထဲ ပြန်ရပါရစေ၊ ဒါမှမဟုတ်ရင်လည်း ဒီထက် စည်းစိမ်ဥစ္စာတွေ ပြည့်

တယ်လို့ ပေါတယ်လို့ကြားတဲ့၊ ဟို. . . နတ်ပြည် ရောက်ရပါလို့၏လို့ တောင်းတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ တောင်းတယ်ဆိုတာ ဘယ်သူနဲ့တောင်း၊ (လောဘတဏှာနဲ့ တောင်းပါတယ်ဘုရား)၊ ဟုတ်တယ်၊ တဏှာနဲ့တောင်း. . . ရလို့ရှိရင် အဲဒါတွေ ဒုက္ခသစ္စာတွေ ဆိုတာ သိကြရဲ့လား၊ (မသိပါဘူးဘုရား)၊ မသိအောင် ဘယ်သူက ကာထား၊ (အဝိဇ္ဇာက ကာထားပါတယ် ဘုရား)၊ သူတို့နှစ်ဦးပေါင်းတာနဲ့ ဘုန်းကြီးတို့တစ်တွေ ဟော. . တောင်းမိတယ်၊ တောင်းမိရင်ရတော့ တာပေါ့၊ (မှန်လှပါဘုရား)၊ ရတယ်ဆိုရင် ဒီထဲချာချာကြီးလည်ပြီး ဒုက္ခသက်ရှည်တော့တာပေါ့၊ ဟုတ်တယ်၊ ဒီဘဝသံသရာထဲ ဒုက္ခသက်ကြီးရှည်အောင် လုပ်နေကြတာ သူတို့နှစ်ဦးပေါ့၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)၊ ဒါကြောင့်သူတို့ဟာ 'မူလ'၊ မူလဆိုတာ ပါဠိလိုပြောတာ 'အကြောင်းရင်း' လို့ အဓိပ္ပာယ်ရတာပေါ့၊ (မှန်လှပါဘုရား)၊ ဘဝသံသရာထဲ လည်ခြင်းရဲ့ အကြောင်းရင်းနှစ်ခု မဟုတ်လား၊ ဘယ်သူနဲ့ဘယ်သူ၊ (အဝိဇ္ဇာနဲ့ တဏှာ ပါဘုရား)၊ ဒါကြောင့် သူတို့ကို နာမည်ပေးရတယ်၊ မူလနှစ်ဖြာ ဘယ်လို၊ (မူလနှစ်ဖြာပါဘုရား)၊ ဘယ်သူနဲ့ ဘယ်သူတုန်း၊ (အဝိဇ္ဇာနဲ့ တဏှာပါ ဘုရား)၊ ဟုတ်တယ်၊ ၁- အကွက်ထဲက အဦးဆုံးဖြစ်တဲ့ အဝိဇ္ဇာနဲ့၊ ၃-အကွက်ထဲက အဦးဆုံးဖြစ်တဲ့ တဏှာ၊ အဝိဇ္ဇာနဲ့ တဏှာ၊ အကြောင်းရင်း နှစ်ဖြာ၊ ပါဠိလို ဘယ်နှယ်တုံး၊ (မူလနှစ်ဖြာ)။

အဝိဇ္ဇာ ရဲ့သဒ္ဒါရုံ မကောင်းတဲ့အကြောင်းတရား

ဟုတ်ပါ့၊ . . . ဟုတ်ပါ့၊ အဝိဇ္ဇာ- မသိမိုက်မဲမှု အရင်းခံပြီးတော့ သဒ္ဒါရုံ-လျှောက်ပြီးတော့လုပ်တယ်လို့ ဆိုတယ်၊ ကာယသဒ္ဒါရုံ၊ ဝစီသဒ္ဒါရုံ၊

စိတ္တသခ်ီရ လုပ်တယ်လို့ဆိုတယ်နော်၊ အဝိဇ္ဇာပစ္စယာ သခ်ီရာ. . . မသိမိုက်မဲမှု အကြောင်းကြောင့်၊ သခ်ီရဆိုတဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတွေ လုပ်ကြတယ်လို့ဆိုတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ မြင်ပြီးတော့လုပ်တာလား မမြင်ဘဲနဲ့လုပ်တာလား၊ (မမြင်ဘဲနဲ့ လုပ်တာပါဘုရား)၊ မမြင်ဘဲနဲ့ လုပ်တယ်ဆိုတော့ ရမ်းသန်းလုပ်တာပေါ့။ ရမ်းသန်းလုပ်တယ်ဆိုရင် အမှန်နဲ့အမှား ဘယ်သူကမှား၊ (အမှားက များပါတယ်ဘုရား)၊ အမှားကများမှာပေါ့။ မမြင်မကန်းနဲ့ ရမ်းသန်းလုပ်တာပဲ၊ ညကြီးမှောင်မှောင်မဲမဲ ခရီးသွားရသလိုပဲ၊ လရောင်လည်းမရှိ၊ ကြယ်ရောင်လည်းမရှိ၊ မီးရောင်လည်းမရှိ၊ ဟို . . . ပိန်းပိတ်အောင် မှောင်နေတဲ့လမ်းမကြီး၊ လျှပ်စီးလေး ဘာလေးတောင် တစ်ချက်တလေ မလက်ဘူးဆိုလို့ရှိရင်၊ လမ်းမီးတိုင်တွေလည်း မရှိဘူးဆိုလို့ရှိရင် ပိန်းပိတ်အောင် မှောင်မယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

အဲဒီလိုမှောင်တဲ့အထဲ သွားတဲ့လူတစ်ယောက်ဟာ၊ ကိုယ်သွားနေကြ လမ်းတောင်မှ တုံးတိုက်၊ တိုင်တိုက်၊ ခလုတ်ထိ၊ ဆူးငြိ၊ ကျင်းထဲကျ၊ ချိုင့်ထဲကျ၊ ဒီလိုမဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ ဘာပြုလို့တုံးမြင်ရလို့၊ ဘာပြုလို့တုံး၊ (မမြင်ရလို့ပါဘုရား)၊ မမြင်ရလို့ ဟုတ်တယ်၊ အဝိဇ္ဇာက မမြင်ရအောင် လုပ်ထားပြီးတော့၊ သခ်ီရ လှုပ်ရှားတာဟူသမျှ အမှန်နဲ့အမှား အမှားကများမှာပေါ့။ (မှန်လှပါဘုရား)၊ ဟင်. . . သူတို့နှစ်ခု ဟာ မကောင်းတဲ့ အကြောင်းတရားတွေပေါ့။ အဲ သူတို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်ပြီးတော့လာမယ့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီအကျိုးတရားတွေ ကောင်းနိုင်ပါ့မလား၊ (မကောင်းနိုင်ပါဘူးဘုရား)၊ ဒါဖြင့် မကောင်းနိုင်ဘူးဆိုရင် သူတို့တွေဟာ မကောင်းတဲ့အကျိုးတရားတွေကို ဖြစ်အောင်လုပ်တဲ့ မကောင်းကြောင်းတွေပေါ့။ (မှန်လှပါ

ဘူရား)၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ (အဝိဇ္ဇာနဲ့ သခ်ၤါရပါ ဘူရား)၊ အဝိဇ္ဇာနဲ့ သခ်ၤါရ၊ ဒီအကြောင်းတရားတွေဟာ ကောင်းတဲ့ အကြောင်းတရားလား၊ မကောင်းတဲ့ အကြောင်းတရားလား၊ (မကောင်းတဲ့ အကြောင်းတရားပါ ဘူရား)။

မကောင်းကြောင်း(သမုဒယသစ္စာ)

အဲဒီမကောင်းတဲ့ အကြောင်းတရားကြောင့်၊ ဖြစ်ပေါ်ပြီးတော့ လာတဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတွေဟာ ကောင်းကျိုးလား၊ မကောင်းကျိုးလား၊ (မကောင်းကျိုးပါဘူရား)၊ ဒါဖြင့် မကောင်းကျိုးတွေကို ဖြစ်တဲ့ဥစ္စာကျတော့ မကောင်းကြောင်းပေါ့၊ (မှန်လှပါ ဘူရား)၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ (အဝိဇ္ဇာနဲ့ သခ်ၤါရပါဘူရား)၊ ဒီလိုဆိုရင် သစ္စာအားဖြင့် နာမည်ပေးရမယ်၊ မကောင်းကြောင်းတွေဆိုရင် သမုဒယသစ္စာ၊ ဘယ်လို (သမုဒယသစ္စာပါ ဘူရား)၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ (အဝိဇ္ဇာနဲ့ သခ်ၤါရပါ ဘူရား)၊ သမုဒယသစ္စာ- မကောင်း ကြောင်းပေါ့။ အင်း အဲဒါသိစေချင်လို့၊ ဟို အောက်ခြေမှာ စာလေးနဲ့တို့ ပြထားတယ်၊ သမုဒယသစ္စာဆိုပြီး၊ သူတို့နှစ်ဦးကို လက်ညိုး လှမ်းထိုးတာ၊ ဘယ်သူနဲ့ ဘယ်သူတုံး၊ (အဝိဇ္ဇာနဲ့ သခ်ၤါရပါဘူရား)၊ သူတို့တစ်တွေဟာ ဘာသစ္စာတဲ့၊ (သမုဒယသစ္စာပါဘူရား)။

လှမ်း လက်ညိုးထိုးပြနေတာနော်၊ ဟုတ်တယ်၊ မကောင်းတဲ့ အကြောင်းကြောင့် ဖြစ်ပေါ်ပြီးတော့လာရတဲ့ ဝိညာဏ်- ပဋိသန္ဓေစိတ် ဖြစ်တယ်၊ နာမ်စေတသိက်တွေ၊ ရုပ်- သူတို့တစ်တွေ အမြဲခံဖြစ်တယ်၊ ပြီးတော့ သဠာယတန၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ ပြီးတော့ ဖဿ- ဓာတ်ထိခိုက်တယ်၊ ဝေဒနာ- ခံစားမှုဖြစ်တယ်ဆိုတာ အကျိုး

တရားတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဩော်. . . နံပါတ် ၂-အကွက်ကြီး တစ်ခုလုံးမှာ ရှိနေတဲ့၅-မျိုးက အကျိုးတရားတွေဟာ ကောင်းကျိုးတွေလား၊ မကောင်းကျိုးတွေလား၊ (မကောင်းကျိုးတွေပါဘုရား)၊ မကောင်းကျိုးဆိုရင် သစ္စာအားဖြင့် နာမည်ပေးရလိမ့်မယ်၊ ဒုက္ခသစ္စာ၊ ဘာတဲ့ (ဒုက္ခသစ္စာပါ ဘုရား)၊ အောက်ခြေမှာရေးပြထားတယ်၊ ဟိုအပေါ်က ငါးလုံးဟာ ဒုက္ခသစ္စာတွေတဲ့၊ ဟုတ်ရဲ့လား၊ ဩော်. . . ဒါဖြင့် အဝိဇ္ဇာနဲ့ သင်္ခါရက သမုဒယသစ္စာ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒီ ၅-မျိုးက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)။

ရှေ့သွား နံပါတ်-၃ အကွက်သွားတော့ တဏှာက လိုချင်တယ်၊ ဥပါဒါန်က စွဲလမ်းတယ်၊ ကမ္မဘဝက အားထုတ်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ ဟင်. . . ရွှတ်ကြည့်စမ်းပါဦး၊ အသံကြားရတာနဲ့ကို ကောင်းနိုင်ပါ့မလား၊ (မကောင်းနိုင်ပါဘူး)၊ လိုချင်သတဲ့၊ အရမ်းအရမ်းကြီး လိုချင်သတဲ့၊ အဲဒါနဲ့ အကြောင်းပြုပြီး အလုပ်လုပ် အားထုတ်သတဲ့၊ သူတို့ လှုပ်လှုပ်ရှားရှား လုပ်တာ ကောင်းတာကို မတွေ့ဘူးနော်၊ (မှန်လှပါဘုရား)၊ အို. . . ပုံပျက်ပန်းပျက်၊ အမှုအရာကစပြီးတော့ ကြားရုံမြင်ရုံနဲ့ သိပါတယ်၊ ကောင်းနိုင်ပါ့မလား၊ (မကောင်း နိုင်ပါဘူးဘုရား)၊ သူတို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာမယ့် အကျိုးတရားတွေကော ကောင်းကျိုးတွေလား မကောင်းကျိုးတွေလား၊ (မကောင်းကျိုးတွေပါ ဘုရား)။

မကောင်းကျိုး(ဒုက္ခသစ္စာ)

ဒါဖြင့် အဲဒီ မကောင်းကျိုးတွေဖြစ်စေတဲ့ ဥစ္စာတွေဆိုတော့၊ သူတို့ တစ်တွေ မကောင်းကြောင်းတွေပေါ့၊ (မှန်လှပါဘုရား)၊ လိုချင်တယ်၊

စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတော့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ တွေဟာ မကောင်းကြောင်းတွေပေါ့။ ဒီလိုဆိုရင် သူတို့ကို နာမည်ပေးရ လိမ့်မယ်၊ ဟိုတုန်းကလိုပေါ့။ ၁-အကွက်ထဲတုန်းကလို ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား)။ 'တဏှာ'၊ 'ဥပါဒါန်'၊ 'ကမ္မဘဝ' ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား)၊ ဟုတ်တယ်၊ သမုဒယသစ္စာ၊ သူတို့က အကြောင်းတရားပဲ၊ သူတို့ကြောင့်ဖြစ်ရတဲ့ အကျိုးတရားဆိုတာ နံပါတ် ၄-အကွက်ထဲမှာ ဇာတိ၊ ဇရာ မရဏာ။ ဇာတိ- ရုပ်နာမ်နှစ်ပါး ဖြစ်ပေါ်တယ်၊ ခန္ဓာ၅-ပါး ဖြစ်ပေါ်တယ်၊ ဟုတ်ရဲ့လား၊ (မှန်လှပါဘုရား)။ ပြီးတော့ ဇရာ- အိုတယ်၊ မရဏက သေတယ်၊ ကောင်းရဲ့လား၊ (မကောင်း ပါဘူး ဘုရား) အဲဒီဥစ္စာတွေက အကျိုးတရားတွေ၊ ကောင်းကျိုးတွေလား၊ မကောင်းကျိုး တွေလား၊ (မကောင်းကျိုးတွေပါ ဘုရား) မကောင်းကျိုး ဆိုရင် သစ္စာအားဖြင့် နာမည်ပေးမယ် ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)။

သြော်. . . ဒီလိုဆိုရင်၊ ပြန်ပြီးတော့ နှုတ်ခမ်းသပ်ကြမယ်ဆိုရင် ၁-ကွက်ထဲက အဝိဇ္ဇာနဲ့သင်္ခါရက ဘာသစ္စာ၊ (သမုဒယသစ္စာပါဘုရား)၊ ၂-အကွက်ထဲက ၅-မျိုးက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)၊ ၃-အကွက် ထဲက ၃-မျိုးက ဘာသစ္စာ၊ (သမုဒယသစ္စာပါ ဘုရား)၊ ၄-အကွက်ထဲက ၂-မျိုးက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒါဖြင့် ဒီပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်ထဲမယ်၊ သစ္စာအားဖြင့် လိုက်ထောက်ကြည့်မယ်ဆိုရင် သမုဒယ သစ္စာ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ ထောက်ရတာကတော့ ၄-ခါပါပဲ၊ သူတို့ရှိရာ လိုက်ထောက်ရတာလေ၊ ဒါပေမဲ့လို့ သစ္စာအမျိုး အစားကတော့ ဘယ်နှပါး၊ (၂-ပါးပါဘုရား)၊ ဘာသစ္စာနဲ့ ဘာသစ္စာ၊ (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပါဘုရား)၊ ဒီလိုဆိုရင် ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ရပ်တွင် သစ္စာအားဖြင့် ၂-မျိုး ပါတာပေါ့၊ (မှန်လှပါဘုရား)။

သမုဒယသစ္စာ ရဲ့ ဒုက္ခသစ္စာ

ဟုတ်တယ်၊ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ ကောင်းရဲ့လား၊ (မကောင်းပါဘူးဘုရား)၊ မကောင်းတဲ့သစ္စာတွေနဲ့ နေရတာကိုး၊ ဟုတ်ပြီလား၊ မူလအားဖြင့် ၂-ဖြာ၊ သစ္စာအားဖြင့် ၂-ခုပါတယ်၊ ၁-အကွက်ထဲက အဝိဇ္ဇာနဲ့ သခ်ၤါရကလည်း 'သမုဒယ'၊ ၃-အကွက်ထဲက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့ကလည်း 'သမုဒယ'၊ အတူတူ ပေါင်းနေလိုက်ကြပေါ့၊ ဘာပြုလို့ တကွဲတပြားနေရတာလဲ၊ တကယ့်မှတ်ရတာ ခက်အောင်၊ ဟို . . . ၂-ကွက်ထဲက ၅-မျိုးကလည်း 'ဒုက္ခ'တဲ့၊ ၄-အကွက်ထဲက ၂-မျိုးကလည်း 'ဒုက္ခ'၊ ဘာပြုလို့တကွဲတပြား နေကြတာတုန်း၊ ပေါင်းနေလိုက်ကြပါတော့လားဆိုတော့ မပေါင်းနိုင်ဘူး၊ သမုဒယ-သမုဒယ၊ ဒုက္ခ-ဒုက္ခချင်း မဟုတ်လား၊ ဟုတ်ပါတယ်၊ ဟုတ် ပေါင်းလိုက်ပေါ့၊ မပေါင်းနိုင်ဘူး၊ ဘာပြုလို့ မပေါင်းနိုင်တာတုန်းဆိုတော့ ၁-ကွက်ထဲက အဝိဇ္ဇာနဲ့ သခ်ၤါရက၊ ကျုပ်တို့သမုဒယဆိုတာ ဒီဘဝမရောက်ခင် လွန်လေပြီးသော အတိတ်ကာလက။

ဟော. . . ဟို ၃-ကွက်ထဲက သမုဒယဆိုတာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတာ၊ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၊ ဒီတော့အခ်ိန်ကာလချင်း တူကြသေးလား၊ (မတူပါဘူးဘုရား)၊ မတူလို့မပေါင်းနိုင်ပါဘူး၊ သြော်. . . ဟုတ်သားပဲ၊ ပေါင်းတယ်ဆိုတာ အဆင့်အတန်းတူမှ အလွှာချင်းတူမှ ပေါင်းလို့ရတာ၊ မတူရင် ပေါင်းလို့ရလား၊ (မရပါဘူးဘုရား)၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါကြောင့် တစ်ခုစီ ခြားနေပါရစေ၊ ဒီလိုပြောတာ၊ ၂-အကွက်ထဲက၅-မျိုး ဒုက္ခသစ္စာ၊ ၄-အကွက်ထဲက ၂-မျိုး ဒုက္ခသစ္စာ၊ သူတို့လည်း မပေါင်းနိုင်ဘူးပြောတယ်၊ ဘာပြုလို့ မပေါင်းနိုင်တာတုန်းလို့ ဆိုတော့ ၂-အကွက်ထဲက ၅-မျိုးကပြောတယ်၊ ကျုပ်တို့ ဒုက္ခသစ္စာဆိုတာ ယခု

ဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။

ဟိုးနံပါတ် ၄-အကွက်ထဲက ဒုက္ခဆိုတာ၊ ဒီဘဝပြီးရင် နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလဆိုတော့ ကာလချင်းတူကြသေးလား၊ (မတူပါဘူးဘုရား)၊ မတူလို့ မပေါင်းနိုင်ပါဘူး၊ အေးအေး . . . ၊ ဒီလိုတော့လည်း ဟုတ်သားပဲ၊ ကိုယ့်အကြောင်းနဲ့ကိုယ် မဟုတ်လား၊ ကဲ . . . ဒီလိုမှမပေါင်းနိုင်ဘူးဆိုရင်၊ ကိုယ့်အုပ်စုလေးနဲ့ကိုယ် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြ၊ ဟုတ်ပြီလား၊ ဟုတ်တယ်၊ သဘောတူမှ အတူတူနေချင်တာ၊ ထမင်းစားတော့တောင်မှ တစ်ဝိုင်းတည်းပေါ့၊ သဘောတူရာလေးတွေ စုတာ မဟုတ်လား၊ ဟုတ်တယ်၊ ဆိုတော့ ၁-အကွက်ထဲက အဝိဇ္ဇာနဲ့ သခ်ၤါရက လွန်လေပြီးသော အတိတ်ကာလဖြစ်တယ်၊ အကျိုးလား အကြောင်းလား၊ သူတို့တစ်တွေဟာ၊ (အကြောင်းပါဘုရား)၊ ကဲ . . . သူတို့တစ်တွေ အုပ်စုဖွဲ့လိုက်ပါတော့၊ သူတို့တစ်အုပ်စု အတိတ်လည်း ဖြစ်တယ်၊ အကြောင်းလည်း ဖြစ်တယ်၊ အဝိဇ္ဇာနဲ့သခ်ၤါရကလေ၊ ဒါကြောင့် သူတို့ကို တစ်လွှာထားလိုက်ပါတော့၊ အတိတ်အကြောင်း တစ်လွှာ။

အလွှာလေးလွှာ

အဝိဇ္ဇာနဲ့သခ်ၤါရ၊ ဘာတဲ့တုံး၊ (အတိတ်အကြောင်း တစ်လွှာပါဘုရား)၊ ဟုတ်တယ်၊ နံပါတ် ၃-အကွက်ထဲက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝကျတော့ တူပေမယ့်လို့ ပစ္စုပ္ပန်မဟုတ်လား၊ (မှန်လှပါဘုရား)၊ သူတို့သုံးမျိုးကျတော့ အကြောင်းတော့ အကြောင်းချည်းပဲ မဟုတ်လား၊ နံပါတ် ၃-အကွက်ထဲက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့က ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ ၁-အကွက်ထဲက နှစ်မျိုးက အတိတ်အကြောင်းတစ်လွှာ၊ ပြီးတော့ နံပါတ်-၂ အကွက်သွားလိုက်တော့ အကျိုးတရားပစ္စုပ္ပန်၊ နံပါတ် ၄-

အကွက်ထဲကလည်း အကျိုးတရားအနာဂတ်ဆိုတော့ ပေါင်းမရဘူးလို့ ဆိုတော့ ကိုယ့်နာမည်လေးတွေနဲ့ကိုယ် တစ်အုပ်စု နေကြ။

နံပါတ် ၂-အကွက်ထဲက ၅-မျိုးကလည်း ပစ္စုပ္ပန်လည်း ဖြစ်တယ်၊ အကျိုးလည်းဖြစ်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါကြောင့် ဘယ်နှယ်ခေါ် ပစ္စုပ္ပန်အကျိုးတစ်လွှာ ဘယ်လို၊ (ပစ္စုပ္ပန် အကျိုးတစ်လွှာ)၊ နံပါတ်၄-အကွက်ထဲက နှစ်မျိုးကျတော့ အနာဂါတ်အကျိုးတစ်လွှာ၊ ဘာတဲ့ (အနာဂါတ်အကျိုးတစ်လွှာပါ ဘုရား)၊ ဒါဖြင့် ဒီပဋ္ဌာန်စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်တွင် အလွှာ ဘယ်နှလွှာပါတုံး၊ (၄-လွှာပါဘုရား)၊ ၄-လွှာပါတယ်၊ ဟို ငယ်တဲ့သူတွေလိုက်ကြ၊ အသစ်တွေလိုက်ကြ၊ အခုဘုန်းကြီးပြောနေတာ အသစ်တွေကို ရည်ရွယ်ပြီးတော့၊ အသေးစိတ်ကလေးတွေ ပြောပေးနေတာ၊ (မှန်လှပါဘုရား)၊ ဒီအတိုင်း မှေးမလိုက်နဲ့၊ အဟောင်း တွေကရတယ်၊ အသစ်တွေ့ပြီးတော့ အကုန်လုံးစေ့စေ့စပ်စပ် ပြောနေတာနော်၊ (မှန်လှပါဘုရား)၊ အားလုံး ဒီပဋ္ဌာန်စသမုပ္ပါဒ် အင်္ဂါ၁၂-ရပ်တွင် အလွှာ ဘယ်နှလွှာပါတုံး၊ (၄-လွှာပါ ဘုရား)။

နံပါတ် ၁-အကွက်ထဲက အဝိဇ္ဇာနဲ့သင်္ခါရက ဘာအလွှာ၊ (အတိတ်အကြောင်းတစ်လွှာပါဘုရား)၊ နံပါတ် ၂-အကွက်ထဲက ၅-မျိုးက ဘာအလွှာ၊ (ပစ္စုပ္ပန်အကျိုးတစ်လွှာပါ ဘုရား)၊ နံပါတ် ၃-အကွက်ထဲက ၃-မျိုးက ဘာအလွှာ၊ (ပစ္စုပ္ပန်အကြောင်း တစ်လွှာပါဘုရား)၊ နံပါတ် ၄-အကွက်ထဲက ၂-မျိုးက ဘာလွှာ၊ (အနာဂတ်အကျိုးတစ်လွှာပါ ဘုရား)၊ အလွှာ ဘယ်နှလွှာပါတုံး၊ (၄-လွှာပါပါတယ် ဘုရား)၊ ဒါကြောင့် အခု ၄-ခု အလွှာ၊ ဘယ်လို၊ (၄-ခုအလွှာပါဘုရား)၊ ဟုတ်တယ်၊ ပဋ္ဌာန်စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်ထဲမှာ မူလအားဖြင့် ၂-ဖြာပါတယ်၊ သစ္စာအားဖြင့် ၂-ခု ပါတယ်၊ အလွှာအားဖြင့် ၄-လွှာပါတယ်၊ အင်္ဂါကျတော့ ၁၂-ပါး၊ အေး

ဆိုလိုက်စမ်းပါဦး၊ (အဝိဇ္ဇာ၊ သခ်ၤါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏာ)၊ အင်း. . . သိပ်မကြိုက်သေးဘူး၊ ဘာလို့လဲဆိုတော့၊ သူတို့က ကိုယ့်အုပ်စုလေးတွေနဲ့ ကိုယ် နေပါရစေလို့ပြောတယ် မဟုတ်လား၊ မရောချင်ဘူးတဲ့ ကိုယ့်အုပ်စုလေးတွေနဲ့ကိုယ် နေချင်တယ်ဆိုတော့၊ သူတို့အကြိုက် အတိုင်း ပြောရမယ်ဆိုရင် အဝိဇ္ဇာသခ်ၤါရ၊ နည်းနည်းလေး ရပ်လိုက်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ နည်းနည်းလေး ရပ်လိုက်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ နည်းနည်းလေး ရပ်လိုက်၊ ဇာတိ၊ ဇရာမရဏာ၊ ဒါမှ သူတို့ကြိုက်မှာပေါ့။ (မှန်လှပါဘုရား)၊ ကဲ. . . တစ်ခေါက်ပြန်ဆို (အဝိဇ္ဇာ၊ သခ်ၤါရ. . . ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ. . . တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ. . . ဇာတိ၊ ဇရာမရဏာပါဘုရား)။ အဲဒီလိုမှ သူတို့ကြိုက်မှာပေါ့။ ဟုတ်တယ်၊ အဂၤါအားဖြင့်၊ (၁၂-ပါး ပါဘုရား)၊ ဟုတ်တယ်၊ အင်္ဂါ ၁၂-ပါး၊ တရားကိုယ်မျှားနှင့် တရားကိုယ်ဆိုတော့ 'ကကြီးလုံးကြီးတင် တစ်ချောင်းငင် ယသတ်' 'ကိုယ်' မဟုတ်လား၊ ကိုယ်ထည်အင်္ဂါ ဘယ်နှပါး၊ (၁၂-ပါးပါဘုရား)၊ ဘယ်သူ့ရည်ရွယ်သလဲဆိုတော့ နောက်နားက သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ၅-မျိုးကို လှမ်းရည်ရွယ်တာ။

သုံးပါးအစပ်

သူတို့တွေက အကျိုးဆက်တွေဟာ လူတိုင်းနဲ့ မဆိုင်ပါဘူး၊ တချို့သာဆိုင်တာ၊ တချို့မဆိုင်ဘူး၊ ဟောဒီ ၁၂-မျိုးကတော့ အားလုံးနဲ့ ဆိုင်တယ်၊ အင်း ဒီလိုပြောချင်တာ၊ ကိုယ်ထည်အင်္ဂါ ဘယ်နှပါး၊ (၁၂-ပါးပါဘုရား)။ ၁၂-ပါးနဲ့ ဒီလိုပြောတာနော်၊ (မှန်လှပါဘုရား)။ ပြီးတော့

ဘာတဲ့တုံး၊ ၃-ပါး အစပ်၊ ဘာတဲ့ (၃-ပါးအစပ်ပါဘုရား)၊ ဟိုအကွက် ကြီးက ၄-ကွက်ပဲ၊ ကြားထဲအစပ် အစပ်ပေါ့နော်၊ ပထမအကွက်နဲ့ ဒုတိယ အကွက်ကြားထဲမှာ တစ်စပ်၊ ဒုတိယအကွက်နဲ့ တတိယအကွက်ကြား ထဲမှာ တစ်စပ်၊ တတိယအကွက်နဲ့ စတုတ္ထအကွက် ကြားထဲမှာ တစ်စပ် ဆိုတော့၊ အပုံကြီးက ၄-ပုံ၊ အကွက်ကြီးက ၄-ကွက်ဆိုတော့ အစပ်က (၃-စပ်ပါ ဘုရား)၊ ၃-စပ် နေမှာပေါ့။။

ဟော. . . စပါးပုံကြီး ၄-ပုံ စဉ်တန်းထားတယ်၊ ပထမအပုံ၊ ဒုတိယအပုံ၊ တတိယအပုံ၊ စတုတ္ထအပုံ၊ စပါးပုံကြီး ၄-ပုံ စဉ်တန်း ထားမယ်ဆိုရင် ပထမအပုံနဲ့ ဒုတိယအပုံကြားထဲမှာ တစ်စပ်၊ ဒုတိယ အပုံနဲ့ တတိယအပုံ ကြားထဲမှာတစ်စပ်၊ တတိယအပုံနဲ့ စတုတ္ထအပုံ ကြားထဲမှာ တစ်စပ်၊ အပုံကြီးက ၄-ပုံဆိုတော့ ကြားထဲမှာ အစပ်က ၃-စပ်ပေါ့။ (၄)ပုံဆိုတော့ လေးစပ် မဟုတ်ဘူးလားဘုရား၊ အမယ် မလုပ်နဲ့ လေ၊ ကြားထဲက အစပ်ပြောတာ မဟုတ်လား၊ ဟိုအထက်ကရော မစပ် ဘူးလား ဘုရား၊ သြော်. . . အထက်ကစပ်တာမဟုတ်ဘူး၊ ဒီလို ပြန်လည် သွားတဲ့သဘော ပေါ်အောင် ကွေးထားလိုက်တာ၊ အေး. . . ဒီလိုပဲ၊ ဒါဖြင့် အစပ် ၃-စပ်ပါတာပေါ့။ (မှန်လှပါဘုရား)။ စာလိုပြောမယ်ဆိုရင် တော့ ပထမအကွက်ရဲ့အဆုံးက သခ်ါရ၊ ဒုတိယအကွက်ရဲ့အစက ဝိညာဏ်ဆိုတော့ သခ်ါရနဲ့ ဝိညာဏ် တစ်စပ်၊ ဘယ်လို (သခ်ါရနဲ့ ဝိညာဏ် တစ်စပ်ပါဘုရား)၊ ပြီးတော့ (ဝေဒနာနဲ့တဏှာက တစ်စပ်ပါဘုရား)၊ ပြီးတော့ (ကမ္မဘဝနဲ့ ဇာတိက တစ်စပ်ပါ ဘုရား)၊ အစပ်ဘယ်နှစပ် (၃-စပ်ပါ ဘုရား)၊ ဒီပဋိစ္စသမုပ္ပါဒ် အင်္ဂါဝ ၂-ရပ်တွင် အစပ် ၃-စပ်ပါတယ်၊ ၃-ပါးအစပ်၊ ဒီလိုလေး လင်္ကာသီကုံးတာ မဟုတ်လား။။

နှစ်ရပ်မူလ၊ မူလနှစ်ဖြာ

ပြီးတော့ နှစ်ရပ်မူလ၊ ဘယ်လို (နှစ်ရပ်မူလပါဘုရား)၊ ဟာ. . . မူလဆိုတဲ့စကားလုံး၊ အရင်ကလည်း ကြားဖူးပါတယ်၊ ဘယ်တုန်းက ကြားဖူး၊ (မူလနှစ်ဖြာတုန်းက ကြားဖူးတာပါဘုရား)၊ အင်း. . . မူလနှစ်ဖြာတုန်းက ကြားဖူးတာပေါ့၊ မူလဆိုတာ ပါဠိလိုပြောတာ အကြောင်းရင်း မဟုတ်ဘူးလား၊ (မှန်လှပါဘုရား)၊ နှစ်ဖြာဆိုတာ နှစ်ခု မဟုတ်လား၊ အခုကျတော့ ဘယ့်နှယ့်တုံး၊ နှစ်ရပ်မူလ၊ သြော်. . . နှစ်ဖြာနဲ့ နှစ်ရပ် အတူတူပဲပေါ့။

မူလနှစ်ဖြာတုန်းကလည်း နှစ်ဖြာပဲ၊ အကြောင်းရင်း၊ ဘဝသံသရာထဲလည်အောင် သတ္တဝါတွေကို လှည့်ပေးနေတဲ့သူတွေ ဘယ်သူတွေလဲလို့၊ အကြောင်းရင်းလိုက်ရှာတော့ နှစ်ဦးလို့ပြောတယ် မဟုတ်လား၊ ဘယ်သူနဲ့ဘယ်သူ၊ (အဝိဇ္ဇာနဲ့တဏှာပါဘုရား)၊ သူတို့နှစ်ဦးပေါ့၊ အကြောင်းရင်းလိုက်စစ်ရင် သူတို့နှစ်ဦးပေါ့။ တို့တစ်တွေကို ဘဝသံသရာထဲ လည်အောင်လှည့်ပတ် မွှေပေးနေတာ သူတို့နှစ်ဦးပဲပေါ့။ မူလနှစ်ဖြာ နှစ်ရပ်မူလလည်း သူတို့ပါပဲ၊ ၁-အကွက်ထဲက အဝိဇ္ဇာနဲ့၊ ၃-အကွက်ထဲက တဏှာ ဒါပါပဲ၊ အင်း ဒါပေမဲ့လို့ ပြောင်းပြန် ပြန်လိုက်တာပေါ့။ အာရုံပြောင်းသွားအောင်လေ၊ ၃-ကွက်ထဲက တဏှာနဲ့၊ ၁-ကွက်ထဲက အဝိဇ္ဇာ၊ တဏှာနဲ့အဝိဇ္ဇာ အတူတူပေါ့။ ပြောင်းပြန်ပြောတာ၊ အာရုံပြောင်းသွားအောင်လို့ ပြောတာနော်၊ နှစ်ရပ်မူလ။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်

ပြီးတော့ ဘာတဲ့တုံး၊ ဝဋ်သုံးဝန့်၊ ဝဋ်ဆိုတာက ဝရယ်

တသန်လျင်းချိတ် နှစ်လုံးဆင့် 'ဋ္ဌ'၊ လုံးတယ်၊ လှည့်တယ်၊ ဝိုင်းတယ်၊ ပတ်တယ်၊ ခွေတယ်၊ ဘဝသံသရာထဲ သတ္တဝါတွေလည်အောင် ပတ်အောင် မွှေ့ပေးနေကြတာပေါ့၊ အဲလိုဥစ္စာကို ဘာခေါ်တုံး၊ ဝဋ္ဌ. . . ဝဋ္ဌ . . . လိုက်စစ်မယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-လုံး စဉ်တန်းထားပြီးတော့ အဦးဆုံးအဝိဇ္ဇာက စစစ်ဆေးရအောင်၊ ခင်ဗျားကော သတ္တဝါတွေကို လှည့်တဲ့အထဲ ပါသလား၊ ပါတာပေါ့ ကျုပ်တို့က အရင်းခံပဲ၊ လှည့်တာ ဘယ့်နှယ့်လုပ်လှည့်တာတုံး သတ္တဝါတွေ ကိုလေ. . . ညစ်ညမ်းအောင်၊ စိတ်ဓာတ်တွေ ညစ်ထည်းသွားအောင် လုပ်ပြီးတော့ လှည့်တာ၊ ညစ်ညမ်းစေတာ၊ ညစ်ညမ်းစေတာက ကိလေသာ၊ လှည့်တာက 'ဝဋ္ဌ'၊ ကိလေသဝဋ္ဌ. . . ၊ သတ္တဝါတို့ရဲ့သန္တာန် ညစ်နွမ်းအောင် လုပ်ပြီးတော့ လှည့်တယ်ဆိုတော့ 'ကိလေသဝဋ္ဌ'။

ဟင် ခင်ဗျားတစ်ယောက်တည်းလား၊ ဘယ်ဟုတ်မလဲ၊ ကျုပ်ဆွေတွေ မျိုးတွေနဲ့၊ ဘယ်မတုံး ခင်ဗျားဆွေတွေ မျိုးတွေက၊ ဩော်. . . သိချင်လို့ရှိရင် ကြိုးကလေးအတိုင်းသာ လိုက်သွား၊ တန်းတန်းတန်းတန်းနဲ့၊ ဟော တတိယအကွက်မှာ တဏှာကို ဝိုင်းထားတယ်၊ ဥပါဒါန်ကို ဝိုင်းပြီးဆက်သွယ်ထားတယ်၊ အဲဒါကျုပ်ဆွေမျိုးတွေ၊ ဩော် အဲလိုဆို ခင်ဗျားကအခုလို ရှေ့ပိုင်းက အလုပ်လုပ်တယ်ဆိုတော့ သူတို့ကျန်ရစ်သလား၊ ဘယ်ကျန်ရစ်မလဲ၊ ကျုပ်ရှေ့ကသွား သူတို့လည်းနောက်က ပါတာပေါ့၊ ဩော် ဩော်. . . အဲလိုကိုး၊ အင်း. . . မကွဲချင်ဘူး၊ မကွဲချင်လို့ကို ကြိုးလေးနဲ့ တွဲထားတာဆိုတော့၊ ဒါဖြင့်ရင် ဘဝသံသရာထဲကို အဝိဇ္ဇာက ညစ်နွမ်းအောင် လုပ်ပြီးတော့လှည့်တယ်ဆိုရင်၊ အဲ. . . ဆွေမျိုးတွေလည်းပါတာပေါ့၊ ညစ်နွမ်းအောင်လုပ်တာက ကိလေသာ၊ လှည့်တာက ဝဋ္ဌ၊ ကိလေသာနဲ့ဝဋ္ဌနဲ့ ပေါင်းလို့ရှိရင်၊ (ကိလေသဝဋ္ဌပါ

ဘုရား)၊ ဒါဖြင့် ကိုလေသဝင့် ဘယ်နှပါးပြောမတုံး၊ (သုံးပါးပါဘုရား)၊ သုံးပါး၊ ဟုတ်တယ်။

ဘယ်သူတွေပါလိမ့်၊ (အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်ပါဘုရား)၊ ဟုတ်တယ်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ် စဉ်တန်းထားပြီးတော့၊ အဲဒီလိုလိုက်ရှာရင် ဒီလိုတွေ့တာပေါ့။ ဟိုဘက် သခ်ၤါရ မေးကြည့်ရအောင် ခင်ဗျားကရော လှည့်တဲ့အထဲပါသလား၊ ပါတာပေါ့။ သြော် ခင်ဗျားက ဟိုလူလိုလှည့်တာလား၊ မဟုတ်ဘူး၊ ကျုပ်က တစ်မျိုး၊ ဘယ်လိုတစ်မျိုးတုံး၊ ကျုပ်က 'ကမ္မ' အလုပ်လုပ်တာ၊ အမယ် အကျိုးပေးတွေအနေနဲ့ အလုပ်လုပ်ပြီးတော့ လှည့်တာဆိုတော့၊ ကမ္မက အလုပ်လုပ်တာ၊ ဝင့်က လှည့်တာ၊ ကမ္မဝင့်၊ ဘာတဲ့တုန်း 'ကမ္မဝင့်'၊ ခင်ဗျား တစ်ယောက်တည်းလား၊ သြော် ကျွန်တော့်လည်း အထင်မသေးပါနဲ့၊ ဆွေနဲ့မျိုးနဲ့ပါ။ တစ်ကောင်ကြွက် မထင်လိုက်ပါနဲ့၊ ဘယ်မတုံး ခင်ဗျား ဆွေမျိုးက တောတောစပ်စုတဲ့လူတွေ၊ ဒီလောကတောင်မှသခ်ၤါရင်၊ ကြိုးကလေး အတိုင်းသာလိုက်သွား၊ တန်းတန်း တန်းတန်း တန်းတန်းနဲ့ တတိယအကွက်ထဲမယ် ကမ္မဘဝနဲ့ ဆက်သွယ်ထားတယ်၊ အဲဒ၊် ကျုပ် ဆွေမျိုး၊ ဟုတ်တယ်နော်၊ (မှန်လှပါဘုရား)၊ ဟုတ်ပြီ၊ ခင်ဗျားရှေ့က အလုပ် လုပ်ရင် သူကျန်ရစ်သလား၊ သြော် မကျန်ရစ်အောင်လို့ကို လူချင်းမကွဲအောင် ကြိုးနဲ့တွဲထားတာဆိုတော့၊ သူရှေ့ကသွားရင် သူ့နောက်က လိုက်တာပေါ့။ ဒီလိုဆိုရင် ကမ္မဝင့်ဘယ်နှပါး၊ (နှစ်ပါးပါဘုရား)၊ ဘယ်သူနဲ့ ဘယ်သူ (သခ်ၤါရနဲ့ ကမ္မဘဝပါ ဘုရား)၊ သြော် ကိုလေသဝင့်က ၃-ပါး၊ ကမ္မဝင့်က၊ (၂-ပါးပါဘုရား)၊ ကျန်တာတွေအားလုံး 'ဝိပါကဝင့်'၊ ကျန်တာတွေအကုန်လုံး၊ (ဝိပါကဝင့်ပါဘုရား)၊ အကျိုးပေးအနေနဲ့ လှည့်တာပေါ့နော်။

ကျန်တာတွေ. . . ဝိပါကဝဏ်၊ ဝိပါကဝဏ် ဘယ်နှပါး၊ (၈-ပါးပါဘုရား)၊ ဟုတ်ရဲ့လား၊ အားလုံးမှ ၁၂-ပါးရှိတာ၊ ကိလေသဝဏ် ၃-ပါးရယ်၊ ကမ္မဝဏ်က ၂-ပါးရယ်၊ ၅-ပါးနှုတ်လိုက်ပြီလေ၊ ၁၂-ပါးထဲ ဘယ်နှပါးနှုတ် (၅-ပါးပါဘုရား)၊ ၅-ပါးနှုတ်တယ်ဆိုတော့ ဘယ်လောက်ကျန်တုန်း၊ (၇-ပါးကျန်ပါတယ် ဘုရား)၊ ဒါပဲနေမှာပေါ့၊ မဟုတ်ဘူးလား၊ ဒါပဲနေမှာပေါ့။ နို့ ကိုယ်တော်တို့က ရေးထားပါကောလား၊ ဟိုမယ်၊ နံပါတ် ၄-အကွက် ထိပ်ဖျားမှာ ဝိပါကဝဏ် ၈-ပါး၊ တွက်တော့လည်း ဘယ်နှပါးရ၊ (၇-ပါးရ ပါတယ်ဘုရား)၊ ဘယ့်နှယ်လုပ်တာလဲဆိုတော့ ဩော်. . . 'ဥပပတ္တိဘဝ' လေးပါထည့်ထားတာ၊ ဘာတဲ့တုံး၊ (ဥပပတ္တိဘဝလေး ထည့်ထားတာပါ ဘုရား)၊ ဩော်. . . ဒီလိုဆိုရင်တော့ ဟုတ်တာပေါ့။ ၈-ပါး ပြည့်တာပေါ့နော် (မှန်လှပါဘုရား)၊ ဘယ်က ဥပပတ္တိဘဝလဲ၊ အေး. . . ဒါကတော့ နောက်မှတစ်ပိုင်း ပြောမယ်နော်၊ အင်း ကျန်တာတွေ ဘယ်သူတွေလဲဆိုရင် ၂-အကွက်ထဲက ၅-မျိုး၊ ၄-အကွက်ထဲက ၂-မျိုး၊ (၅-မျိုး၊ ၂-မျိုး)ဆိုရင် ၇-မျိုး၊ ဥပပတ္တိဘဝလေးပါထည့်ရင် (၈)မျိုး၊ အဲဒီလောက်ပဲ ထားပါဦးတော့၊ ဥပပတ္တိဘဝ နောက်မှပြောမှာပေါ့။

အဲဒီလိုဆိုရင် ဝိပါကဝဏ်တွေ ဘယ်သူတွေလဲ လိုက်ပြီးတော့ စစ်မယ်၊ ၂-ကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ၄-ကွက်ထဲက ဇာတိ၊ ဇရာ မရဏာ၊ ပြီးတော့ ဥပပတ္တိဘဝ၊ ဘယ်နှပါး (၈-ပါးပါ ဘုရား)၊ ဒါဖြင့် ကိလေသဝဏ် ၃-ပါး၊ ကမ္မဝဏ် ၂-ပါး၊ ဝိပါကဝဏ် ၈-ပါး၊ ဝဏ်ဘယ်နှမျိုးတုံး၊ (၃-မျိုးပါဘုရား)၊ သုံးမျိုး၊ ဝဏ်သုံးဝ၊ ဒီထဲမှာလေ။

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

ပြီးတော့ ကာလသုံးဖြာ၊ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ ၁၂-ရပ် စဉ်တန်း

လိုက်တော့ ၁-အကွက်ထဲက အဝိဇ္ဇာနဲ့သခ်ၤါရက လွန်လေပြီးသော အတိတ်ကာလ ဒီဘဝမရောက်ခင် သူတို့တစ်တွေက လွန်လေပြီးသော အတိတ်ကာလက ဖြစ်ခဲ့ကြတာ၊ ဟို နံပါတ် ၄-အကွက်ထဲက ဇာတိနဲ့ ဇရာမရဏက နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ၊ ဒီဘဝပြီးလို့ရှိရင် နောင်ဖြစ်လတ္တံ့ အနာဂတ်ဖြစ်ကြမှာ၊ ပြီးတော့ ၂-အကွက်ထဲက ၅-မျိုးနဲ့ ၃-အကွက်ထဲက ၃-မျိုး၊ ပေါင်း ၈-မျိုးက ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလဆိုတော့ ဒီထဲမှာ ကာလဘယ်နှပါး၊ (၃-ပါးပါဘုရား)၊ ပဋိစ္စသမုပ္ပါဒ်ကို ကာလအားဖြင့် ခွဲခြားတော့ ကာလဘယ်နှပါး၊ (၃-ပါးပါဘုရား)၊ ဟုတ်တယ်၊ လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ၊ ကာလသုံးဖြာ . . . ။

အခြင်းအရာ နှစ်ဆယ်

ပြီးတော့ ခြင်းရာနှစ်ဆယ်၊ ၁-အကွက်ထဲက စပြီးတော့ ရေးထားတယ်၊ အတိတ်အကြောင်းအခြင်းအရာ ၅-ပါး၊ အင်း အပြာပတ်ကြီး အောက် ရေးထားလိုက်တာ အတိတ်အကြောင်းအခြင်းအရာ ၅-ပါးတဲ့၊ သူတို့ကြည့်တော့လည်း ၂-ပါးတည်း၊ အဝိဇ္ဇာနဲ့ သခ်ၤါရ၊ ဘယ်လိုပြောတာလဲဆိုတော့၊ ဆွေမျိုးတွေပါ ထည့်ပြောတာ၊ သြော်. . . ဟုတ်ပြီ၊ ဘယ်လိုတုံး ခင်ဗျားတို့က ဆွေမျိုးဆိုတော့၊ အဝိဇ္ဇာက ပြောတယ်လေ၊ ၃-အကွက်ထဲက တဏှာနဲ့ဥပါဒါန်က ကျွပ်ဆွေမျိုးတွေပေါ့၊ တတိယအကွက်ထဲမှာ ကမ္မဘဝက ကျွပ်ဆွေမျိုးပေါ့၊ ဟုတ်တာပေါ့၊ ဆွေမျိုးတွေပါထည့်ပြောရင်တော့ သူတို့အရင်းခံနဲ့ဆို ၅-မျိုး၊ ဟုတ်တယ်နော် (မှန်လှပါဘုရား)၊ အဲဒါဖြင့် ဟုတ်ပြီ၊ အဲသလိုဆိုရင် လိုက်ဆိုလိုက်စမ်းပါဦး၊ အတိတ်အကြောင်းအခြင်းအရာ ၅-ပါး။ သူတို့ အိမ်သည်တွေကို စရေလိုက်၊

အဝိဇ္ဇာ၊ သခ်ၤိရ၊ တဏွာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ၅-မျိုး မပြည့်ဘူးလား၊ (ပြည့်ပါတယ်ဘုရား)၊ ပြည့်ပါတယ်၊ ဟိုဘက်နံပါတ် ၂-အကွက်သွား လိုက်တော့ ပစ္စုပ္ပန်အကျိုးအခြင်းအရာ ၅-ပါး၊ သူတို့ကတော့ လွယ်တယ်၊ ၅-မျိုးပဲ ရှိတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ ဘယ်သူတွေတဲ့တုံး၊ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါဘုရား)၊ ဟုတ်တယ်၊ ဟုတ်တယ်၊ နံပါတ် ၃-အကွက်သွားလိုက်တော့ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅-ပါး၊ ၅-ပါးတဲ့၊ သူတို့ကြည့်တော့လည်း ၃-ပါးတည်း မဟုတ်လား၊ ဘယ်လို ပြောတာလဲဆိုတော့ ဆွေမျိုးတွေပါထည့်ပြော တာလေ၊ သူတို့ကိစ္စ ရှိတုန်းက ဒီကသွားခဲ့ရတယ်၊ ဒီကကိစ္စ ရှိတော့လည်း သူတို့လာခဲ့ပေါ့။ ဩော်. . . အဲဒီလိုဆို တဏွာ၊ ဥပါဒါန်ရဲ့ ဆွေမျိုးက ၁-အကွက်ထဲမှာ အဝိဇ္ဇာ၊ ကမ္မဘဝရဲ့ဆွေမျိုးက ၁-အကွက်ထဲမှာ၊ (သခ်ၤိရပါဘုရား)၊ ဟုတ်တာပေါ့။ သူတို့ကိစ္စရှိ ကိုယ်သွား၊ ကိုယ့်ကိစ္စရှိ သူတို့လာမှာပေါ့။ ဟုတ်တယ် အဲဒီလိုဆိုရင် ၅-မျိုး မပြည့်ဘူးလား၊ (ပြည့်ပါတယ်ဘုရား)၊ ဆိုလိုက်ပါဦး၊ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅-ပါး၊ ဘယ်သူတွေတုံး၊ (တဏွာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သခ်ၤိရပါ ဘုရား)၊ ကိုယ်ထည်ဖြစ်တဲ့ တဏွာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ တတိယအကွက် က စရေပေါ့နော်၊ ပြီးတော့မှ ဆွေမျိုးဖြစ်တဲ့ အဝိဇ္ဇာ၊ သခ်ၤိရ ၁-အကွက်ထဲက ဥစ္စာထည့်ရမှာ မဟုတ်လား၊ ဆိုတော့ ၅-ပါး မပြည့်ဘူးလား၊ (ပြည့်ပါတယ် ဘုရား)၊ သွားလိုက်၊ နံပါတ် ၄-အကွက်ထဲကျတော့ အနာဂတ်အကျိုး အခြင်းအရာ ၅-ပါး၊ ၅-ပါးတဲ့၊ သူတို့ကြည့်တော့လည်း ၂-ပါးတည်း မဟုတ်လား၊ (မှန်ပါ ဘုရား)၊ အမယ် သူတို့နာမည်တွေ တောင်ပျောက်နေတယ်၊ တကယ် ရေတွက်တော့ ၂-အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အဲလိုဆိုတော့ ၄-အကွက်ထဲက ဇာတိ၊ ဇရာမရဏာ ကျန်နေ

သလိုပေါ့နော်၊ (မှန်လှပါဘုရား)။ မကျန်ပါဘူး၊ ဇာတိဖြစ်ပေါ်တယ်ဆိုတာ ၂-အကွက်ထဲက ခန္ဓာငါးပါးကြီးဖြစ်ပေါ်နေတာ မဟုတ်ဘူးလား၊ (မှန်လှပါဘုရား)၊ 'ဇရာ မရဏ' အို သေ ဆိုတာလည်း ၂-အကွက်ထဲက ခန္ဓာ ၅-ပါးကြီး အို သေတယ်ဆိုတော့ သူတို့ မကျန်ပါဘူး၊ ဒီထဲအတွင်းဝင်သွားတာပေါ့။ (မှန်လှပါ ဘုရား)။ ဒီတော့ အတိတ်အကြောင်းအခြင်းအရာ ၅-ပါး၊ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ၅-ပါး၊ ပစ္စုပ္ပန်အကြောင်း အခြင်းအရာ ၅-ပါး၊ အနာဂတ် အကျိုးအခြင်းအရာ ၅-ပါး၊ ၅-လေးလီ (နှစ်ဆယ်ပါ ဘုရား)၊ ခြင်းရာနှစ်ဆယ်၊ အားလုံး ၈-သွယ်နော်၊ ၈-သွယ်ကို ရေတွက်ရအောင်၊ လက်ချိုးကြစမ်းပါ။

မူလနှစ်ဖြာက တစ်သွယ်၊ သစ္စာနှစ်ခုက တစ်သွယ်၊ လေးခု အလွှာက တစ်သွယ်၊ အင်္ဂါ ၁၂-ပါးက တစ်သွယ်၊ ၃-ပါး အစပ်က တစ်သွယ်၊ ဝဋ်ဆုံးဝက တစ်သွယ်၊ ကာလသုံးဖြာက တစ်သွယ်၊ ခြင်းရာ ၂၀-က တစ်သွယ်၊ ဘယ်နှသွယ်၊ (၈-သွယ်ပါဘုရား)။ ဆိုလိုက်တော့ (မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး တရားကိုယ်များနှင့်၊ ၃-ပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်ဆုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤ ၈-သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည် သံသရာမှလွတ်ကြောင်းတည်း)၊ အသွယ် ၈-သွယ်လည်းပြည့်ပြီ၊ အချိန်လည်း စေ့ပြီ၊ တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု

❖ ❖ ❖

တဏှာသန်ယသုတ်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အနာထာ'လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီမိန့်မှာတော်မူချက်အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ ဒကာမတို့ကို တဖွဖွနဲ့သတိပေးနေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး . . . အဲဒီသတိပေးချက် အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စီကိုယ်ငင မပေါ့လိုက်ကြပါနဲ့လို့ ထပ်မံ နှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)။

တဏှာကုန်ရာ နိဗ္ဗာန်

အေး. . . ဒီကနေ့ 'တဏှာသန်ယသုတ်'ဆိုတာကို ဟောပါ မယ်၊ တဏှာသန်ယသုတ်၊ 'တဏှာ'ဆိုတာကတော့ တဏှာ၊ 'သန်ယ' ဆိုတာကတော့ ကုန်တာ၊ တဏှာကုန်တာ၊ တဏှာကုန်ရာ နိဗ္ဗာန်ပေါ့နော်၊

(မှန်ပါဘုရား)။ အေး ဒီသုတ်တော်ကို ဟောတော်မူတဲ့အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူတဲ့အခိုက်နော်၊ (မှန်ပါဘုရား)။ သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ ဝိသာခါကျောင်းအမကြီး ဆောက်လုပ်တဲ့ ပုဗ္ဗာရုံကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူတဲ့ အခိုက်ပေါ့။ (မှန်ပါဘုရား)။ အေး . . . အဲသလို သီတင်းသုံးတော်မူတဲ့အခိုက် တစ်နေ့တော့ဖြင့် သိကြားမင်းကြီးက သူဗိမာန်ကနေပြီးတော့ ဒီကနေ့ ဥယျာဉ်ပျော်ပွဲစား ထွက်မယ်ဆိုပြီးတော့ ထွက်လာတာတဲ့၊ (မှန်လှပါဘုရား)။ ဘယ်သူကတုံး၊ သိကြားမင်းကြီးက၊ ဟို သိကြားမင်းကြီးက နောက်လိုက်ပရိသတ်တွေနဲ့ တစ်တန်းကြီးပဲ ထွက်လာလိုက်ကြတာ ဒီကနေ့ ဥယျာဉ် ပျော်ပွဲစားထွက်မယ် ဆိုပြီးတော့၊ ရှေ့ဆုံးက သိကြာမင်းကြီး၊ သူက ဧရာဝဏ်ဆင်ကြီး စီးလို့ဆိုပဲ၊ ဘာဆင်ကြီး (ဧရာဝဏ်ဆင်ကြီးပါဘုရား)။ ဧရာဝဏ်ဆင်ကြီးစီးလို့ နောက်ကလည်း တစ်တန်းကြီး ပရိသတ်တွေလာလိုက်ကြတာ၊ ဒီကနေ့ ဥယျာဉ်ပျော်ပွဲစား ထွက်မယ် ဆိုပြီးတော့လာ၊ ဒီမှာ ဆင်ကြီးပေါ်မှာ စဉ်းစားလာတာဆိုပဲ၊ ဟို . . . သိကြားမင်းကြီးက၊ ဆင်ကြီးပေါ်မှာ စီးရင်းသားနဲ့ လိုက်လာတာ၊ တို့တစ်တွေ ခဏခဏခုလို ဥယျာဉ်ပျော်ပွဲစား ထွက်ကြတာဟာ ဘာကြောင့်ပါလိမ့်မလဲလို့ ဆိုတော့ လောဘတဏှာ မကုန်လို့ ထွက်ထွက် နေရတာပဲ။

လောဘ တဏှာ မကုန်သေးလို့

ဟိုတုန်းကလည်း အကြိမ်ပေါင်းများစွာ ထွက်ခဲ့လှပြီ၊ ထွက်ခဲ့ရပြီ၊ အခုလည်းပဲ ထွက်လာကြပြန်ပြီ၊ ဒီလိုပဲ ဒုက္ခများနေဦးမှာပဲလို့ လျှောက်စဉ်းစားလာတာတဲ့၊ ဘယ်သူကတုံး၊ (သိကြားမင်းကြီးကပါ ဘုရား)၊

အေး. . . တဏ္ဍာကုန်မှပဲ အေးမှာပဲလို့ ဒီလိုစဉ်းစားပြီးတော့ လာရင်းက ဥယျာဉ်ပေါက်ဝလည်း ရောက်ရော၊ ဟေ့ ဟေ့ ဟေ့ . . . ခဏ ခဏ ရပ်ကြဦးဟေ့၊ မင်းတို့ဒီနား ခဏနေကြ၊ အင်း . . . ဆင်ကြီးလည်း ဒီနားမှာပဲ ရပ်ထားကြ၊ မင်းတို့လည်း ဥယျာဉ်ထဲမဝင်ကြနဲ့ဦး၊ ခဏစောင့်ကြစမ်းပါဦးကွ ဆိုပြီး၊ ဟော. . . ငါ လူပြည်ပြေးလိုက်ဦးမယ် ဆိုပြီးတော့ ကွေးသောလက် ဆန့်သလောက်၊ ဆန့်သောလက် ကွေးသလောက်ပဲ ကြာသတဲ့၊ ဘုရားရှင်ကိုယ်တော်မြတ်ထံ ရောက်လာတာပေါ့နော်၊ (မှန်လှပါ ဘုရား)၊ ဘယ်သူတုံး၊ (သိကြားမင်းကြီးပါ ဘုရား)။

သိကြားမင်းကြီး လူပြည်ရောက်လာပြီးတော့ ဘုရားကိုယ်တော်မြတ်ထံ ဝင်လျှောက်တယ်၊ အရှင်ဘုရား တပည့်တော် အကြံကလေး တစ်ခု ပေါ်လာလို့ လျှောက်ထားချင်တဲ့အတွက် ရောက်လာရပါတယ် ဘုရား၊ ဘာအကြံပေါ်လို့လဲကွဲ့၊ ဒီလိုပါဘုရား ဒီကနေ့ ဥယျာဉ်ပျော်ပွဲစား ထွက်လာရင်း လမ်းမှာ စဉ်းစားခဲ့မိပါတယ်၊ လောဘတဏ္ဍာ မကုန်လို့ ခဏခဏ ဥယျာဉ်ပျော်ပွဲစားထွက်ရတာပဲ၊ လောဘတဏ္ဍာကုန်မှ အေးမှာပဲလို့ တပည့်တော်တွေးမိတယ်ဘုရား၊ ဒါကြောင့် လောဘတဏ္ဍာကုန်ရာ ဆိုတာ နိဗ္ဗာန်လို့လည်း ကြားဖူးပါတယ်၊ အဲဒီနိဗ္ဗာန်ရောက်မှပဲ အေးမယ်လို့ တပည့်တော် သဘောပေါက်တယ် ဘုရား၊ ဒါကြောင့် တပည့်တော်လည်း တဏ္ဍာကုန်ရာနိဗ္ဗာန် ရောက်ချင်ပြီ ဘုရား ဘယ်လို လုပ်ရမလဲလို့ ဒီလိုမေးတယ်နော်၊ (မှန်လှပါဘုရား)၊ ဘယ်သူက မေးတာပါလိမ့်၊ (သိကြားမင်းကြီးက မေးတာပါ ဘုရား)၊

ပပဉ္စတရားမလိုက်စေနဲ့

သိကြားမင်းကြီးကမေးတာ၊ ဘယ်သူကိုသွားမေး၊ (မြတ်စွာ

ဘုရားကို မေးပါတယ်ဘုရား)၊ မြတ်စွာဘုရားထံကို သွားမေးနေပြီ၊ သိကြားမင်းကြီးက ဘုရားထံရောက်ပြီးတော့ မေးလျှောက်နေပြီ၊ အရှင်ဘုရား တဏှာကုန်ရာ နိဗ္ဗာန်ဆိုတာ တပည့်တော်ကြားဖူးတယ်၊ အဲဒီ မြန်မြန်ရောက်ချင်ပြီဘုရား ဘယ်လိုလုပ်ရမလဲလို့ မေးနေပြီနော်၊ (မှန်လှပါဘုရား)၊ ဘယ်သူကမေး၊ (သိကြားမင်းကြီးကမေးပါတယ် ဘုရား)၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက ဖြေပါတယ်၊ ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့၊ သိကြားမင်းကြီးမေးတာကို ဘုရားက ဖြေတာ၊ ဟုတ်ပြီ၊ သိကြားမင်းကြီးမေးတာက တဏှာကုန်ရာနိဗ္ဗာန်ဆိုတာ ကြားဖူးတယ်ဘုရား၊ အဲဒီကိုတပည့်တော် မြန်မြန်ရောက်ချင်ပြီဘုရား၊ ဘယ်လိုလုပ်ရမလဲလို့မေးတော့ ဘုရားကိုယ်တော်မြတ်က ဘယ့်နှယ့်ဖြေ၊ ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့၊ ခန္ဓာက ဘယ်နှပါးရှိတယ် ကြားဖူးတုံး၊ (ငါးပါးပါဘုရား)၊ ဘယ်သူမှားလဲလို့ ဆိုလို့ရှိရင် 'ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ'၊ ခန္ဓာ ဘယ်နှပါး၊ (ငါးပါးပါဘုရား)။

ပပဉ္စတရားသုံးပါး

အေး . . . အဲဒီခန္ဓာငါးပါးရဲ့နောက်က ဘာမလိုက်စေနဲ့၊ (ပပဉ္စတရား မလိုက်စေနဲ့ပါဘုရား)၊ ပပဉ္စတရားမလိုက်စေနဲ့လို့ ဘုရားကိုယ်တော်မြတ်ကြီးက ဖြေပြီ၊ ခန္ဓာကငါးပါးတဲ့လား၊ (မှန်လှပါဘုရား)၊ အေး . . . ပပဉ္စတရား ဘယ်နှပါးရှိတယ် ကြားဖူးတုံး၊ သုံးပါးရှိတယ်၊ ပပဉ္စတရားက (သုံးပါးရှိပါတယ်ဘုရား)၊ သုံးပါး၊ ဘယ်သူမှားလဲဆိုရင် 'တဏှာ၊ မာန၊ ဒိဋ္ဌိ'၊ ဘာတဲ့၊ (တဏှာ၊ မာန၊ ဒိဋ္ဌိပါ ဘုရား)၊ ဒါ ပပဉ္စတရား၊ 'ပပဉ္စတရား'ဆိုတာ ပါဠိလိုပြောထားတာ၊ အဓိပ္ပာယ်ပြန်လို့ရှိရင်တော့

'သံသရာခဲ့တတ်တဲ့'တရား၊ ဘာတဲ့၊ (သံသရာခဲ့တတ်တဲ့ တရားပါဘုရား)၊ သံသရာခဲ့တတ်တဲ့တရား၊ ဘယ်နှပါးပါလိမ့်၊ (သုံးပါးပါဘုရား)၊ သုံးပါး၊ ပါဠိလိုခေါ်တော့ ဘယ့်နှယ့်ခေါ်၊ ပပဉ္စတရား၊ ဘာသာပြန်ရင် ဘယ့်နှယ့်တုံး၊ သံသရာခဲ့တတ်တဲ့တရား၊ ဘယ်သူတွေပါလိမ့် 'တဏှာ၊ မာန၊ ဒိဋ္ဌိ'၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက ပြောတဲ့ဥစ္စာ ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့၊ သိကြားမင်းကြီးက ပြောတယ် မဟုတ်လား၊ တပည့်တော်နိဗ္ဗာန် မြန်မြန်ရောက်ချင်ပြီဘုရား၊ ဘယ်လို လုပ်ရမလဲလို့ လာလျှောက်နေပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒီတော့ ဘုရားကိုယ်တော်မြတ်က ဖြေတယ်၊ ဘယ့်နှယ့်ဖြေ၊ ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့၊ အရေးကြီးပြီနော်၊ (မှန်လှပါဘုရား)။

သံသရာခဲ့တတ်တဲ့ တရားသုံးပါး

မိမိတို့တစ်တွေလည်းပဲ နိဗ္ဗာန်ရချင်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒီတော့ဘုရားကိုယ်တော်မြတ်ကြီးဖြေတဲ့ အဖြေကို ဂရုစိုက်ရတော့မယ်၊ ခန္ဓာနောက်က ပပဉ္စတရားတွေ မလိုက်စေနဲ့၊ ဟုတ်တယ်၊ ပပဉ္စတရားတွေက လိုက်လိုက်နေတာ၊ တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေက လိုက်တတ်တယ်မဟုတ်လား၊ (မှန်လှပါဘုရား)၊ လိုက်တယ်၊ လိုက်တယ်၊ လိုက်ပုံလိုက်နည်းလေး နည်းနည်းပြောပါဦးမယ်၊ ဟော. . . ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အဲဒီခန္ဓာငါးပါး တစ်ပါးပါးနောက်က ပပဉ္စတရားတွေ လိုက်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ စာလိုက္ခတော့ ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာ၊ စာလိုကလေ၊ ဧတံမမ-ဒါ ငါ့ဥစ္စာ၊ ဧသောဟမသ္မိ- ဒါငါကွလို့ လက်မထောင်တာ၊

ဧသောမေအတ္တာ-ဒါငါပိုင် ငါစိုးလို့၊ ဒီလိုဒီဋ္ဌိနဲ့ လွှမ်းမိုးတာနော်၊ (မှန်ပါဘုရား)။ တဏှာ၊ မာန၊ ဒိဋ္ဌိ. . .၊ဒီသဘောတရားလေးတွေ လိုက်တတ်ပါတယ်။

ကိုယ့်ရုပ်ကို ကျေနပ်ခေတာ တဏှာ

ဟော. . . ရူပက္ခန္ဓာပဲဆိုပါတော့နော်၊ အမယ် ကိုယ့်ကိုယ်ကို ကျကျနန လှလှပပဝတ်စားပြီးတော့ မှန်ကြီးရှေ့ သွားရပ်မယ်ဆိုရင် အမယ်. . . ဒီလိုဆိုတော့ ငါဘယ်ဆိုးလို့လဲ၊ ဒီလိုဆိုရင် ကိုယ့်ရုပ် ကိုယ့်ခန္ဓာအပေါ်မှာ ကျေနပ်တဲ့ အနေနဲ့ဆိုတော့ ဘာလိုက်တာ၊ တဏှာ လိုက်တာ မဟုတ်လား၊ ဘာလိုက်တာ၊ (တဏှာလိုက်တာပါဘုရား)။ တဏှာလိုက်တာပေါ့။ ဒီလိုဆိုတော့ မဆိုးသေးပါဘူးဆိုရင်ဘဲ ကျေကျေနပ်နပ် လောဘတဏှာလေးနဲ့ တွယ်တာမဟုတ်လား၊ (မှန်လှပါဘုရား)။ ဒီလိုဆိုရင် ရူပက္ခန္ဓာနောက် ဘာလိုက်တာ၊ (တဏှာလိုက်တာပါဘုရား)။ တဏှာလိုက်တာ၊ ကိုယ့်ကိုယ်ကို ကြွက်သားကြီးတွေ ထုတ်ပြပြီးတော့ အားအင် ဗလကြီးတွေနဲ့ဆိုတော့၊ အို. . . ဒီလောက်ဆိုလို့ရှိရင် ငါခွန်အားတွေ ရှိပါသေးတယ်၊ လူတစ်ယောက်ပစ်ထိုးရင် နံရိုး ခုနစ်ချောင်းလောက်တော့ ကျိုးနိုင်သေးတယ်ဆိုလို့ရှိရင် မောက်မောက်မာမာနဲ့ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဘာလိုက်တာ၊ (မာနလိုက်တာပါ ဘုရား)။ အမယ်. . . မာနလိုက်တာ၊ ဒီရုပ်တရားအပေါ်နော်၊ (မှန်လှပါဘုရား)။ အို. . . ဒါတွေဟာ ငါပိုင် ငါစိုး ငါအားကိုး စရာတွေပေါ့လို့ဆိုတော့ ဘာလိုက်တာ၊ (ဒိဋ္ဌိလိုက်တာပါ ဘုရား)။

ကိုယ်ခန္ဓာအပေါ်မှာ မာရလိုက်ရတာ

အမယ်. . . တစ်ခုမဟုတ်တစ်ခုတော့ လိုက်တတ်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အမယ်. . . ရုပ်တရားကြီးနောက်က 'တဏှာ၊ မာန၊ ဒိဋ္ဌိ' အဲဒါတွေလိုက်နေရင် နိဗ္ဗာန်ရပါ့မလား၊ (မရပါဘူး ဘုရား)၊ ဒါကြောင့် တပည့်တော် နိဗ္ဗာန်မြန်မြန်ရချင်ပြီ ဘုရား ဘယ်လိုလုပ်ရမလဲလို့ သိကြားမင်းကြီးကမေးတော့၊ ဘုရားကိုယ်တော်မြတ်က ဖြေတာ၊ ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့၊ တဏှာ၊ မာန၊ ဒိဋ္ဌိ မလိုက်စေနဲ့ ပြောတာနော်၊ အေး. . . ရှင်းလို့ပဲ၊ အဲဒီထဲက ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေက တယ်လိုက်တာကိုး၊ အမယ်. . . တစ်ခါတစ်လေ ကိုယ့်ခန္ဓာကိုယ့်ရုပ်တင် မကဘူးလေ၊ ကိုယ်နဲ့ဆိုင်ရာ သားသမီးလေးတွေရဲ့ ရုပ်ခန္ဓာအပေါ်လည်း တဏှာ၊ မာန၊ ဒိဋ္ဌိ လိုက်ရင်လည်းပဲ ပပဉ္စတရား လိုက်ရာရောက်တာပေါ့၊ (မှန်လှပါဘုရား)၊ လိုက်တယ်။

ငါပိုင် ငါစိုး ငါအား‌ကိုး‌စရာ ဆိုတော့

တစ်ခါတစ်လေ သူတို့ဝိုင်းဖွဲ့ပြီး စကားပြောနေတဲ့ နေရာနားလျှောက်သွားကြည့်၊ သူတို့ချင်းပြောနေကြတာ၊ ကျွန်မအကြီးဆုံးသမီးက ဒေါက်တာတဲ့ ပြောနေကြတာ၊ ဟို. . . သားက အခုအမေရိကန်မှာရောက်နေတယ်၊ ဟို. . . အငယ်ဆုံးသမီးက အခုနောက်ဆုံးနှစ်ပေါ့၊ အမယ်. . . သူတို့တစ်တွေ ပြောနေတယ်ဆိုတော့၊ ဒီဥစ္စာလေးတွေကို ထောက်ကြည့်မယ်ဆိုရင်၊ ဒီဥစ္စာလေးတွေအပေါ် ကိုယ့်သားသမီးလေးတွေအပေါ်မှာ တွယ်တွယ်တာတာနဲ့ဆိုတော့ ဘာလိုက်တာ (တဏှာလိုက်တာပါ ဘုရား)၊ တဏှာလိုက်တာ၊ ဒီလိုသားသမီးတွေ ဘယ်သူ့မှား ရှိသလဲဆိုတော့၊ မသိမသာ လက်မထောင်တာ မဟုတ်လား၊

(မှန်လှပါ ဘုရား)၊ ဘာလိုက်တာ၊ (မာနလိုက်တာပါဘုရား)၊ မာနလိုက်တာပေါ့၊ ဟုတ်တယ်နော်၊ အို့ . . . ဒါမျိုးတွေ အားကိုးစရာတွေပေါ့ ဆိုတော့ ဘယ်နှယ့်တုံး၊ (ဒိဋ္ဌလိုက်တာပါ ဘုရား)၊ ဒိဋ္ဌလိုက်တယ်နော်၊ တဏှာ၊ မာန၊ ဒိဋ္ဌလိုက်တာပေါ့၊ မလိုက်ပေဘူးလား၊ (လိုက်ပါတယ်ဘုရား)၊ အေး. . . အဲသလိုပါ၊ ရုပ်တရားနဲ့ ပတ်သက်ပြီးတော့နော်၊ (မှန်လှပါ ဘုရား)၊ ဒီလို အသက်ရှိတဲ့ပုဂ္ဂိုလ်တွေ မပြောထားနဲ့၊ ကိုယ်ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေ၊ ကိုယ်ချမ်းသာတာတွေ၊ ကိုယ့်တိုက်တာတွေ၊ မော်တော်ကားတွေ၊ ဒီဥစ္စာတွေအပေါ်မှာကော မလိုက်ဘူးလား၊ (လိုက်ပါတယ်ဘုရား)၊ လိုက်တာပေါ့၊ တို့ပြည့်ပြည့်စုံစုံရှိပါ့ဆိုတော့၊ အမယ်. . . မသိမသာ တွယ်တွယ်တာတာနဲ့ဆိုတော့ ဘာလိုက်တာ၊ (တဏှာလိုက်တာပါဘုရား)၊ အမယ် . . . တို့လိုအဆင့်အတန်း မြို့ဖွဆိုတာ မလွယ်ပါဘူးဆိုတော့ မသိမသာ လက်မထောင်တာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဘာလိုက်တာ၊ (မာနလိုက်တာပါဘုရား)၊ မာနလိုက်တာ၊ ဒါတွေဟာ အားကိုးစရာတွေပေါ့ဆိုတော့ ဘယ့်နှယ်တုံး၊ (ဒိဋ္ဌလိုက်ပါတယ် ဘုရား)၊ ဒိဋ္ဌလိုက်တယ်။

တဏှာ၊ မာန၊ ဒိဋ္ဌိလိုက်နေတာ သတိပြု

တဏှာ၊ မာန၊ ဒိဋ္ဌိ စာလိုပြောတော့ ဧတံမမ၊ ဧသော ဟ မသ္မိ၊ ဧသောမေအတ္တာ၊ စာလိုကလေ၊ စာလိုပြောနေရင် ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ ဘယ်နားလည်လိမ့်မလဲ၊ (မှန်လှပါဘုရား)၊ မလည်ပါဘူး၊ ဧတံမမ - ဒါငါ့ဥစ္စာလို့ သိမ်းပိုက်တာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဧသောဟမသ္မိ - ဒါငါကွလို့ လက်မထောင်တာက မာနမဟုတ်လား၊ ဧသောမေအတ္တာ - ဒါငါပိုင်ငါစိုးဆိုတော့ ပိုင်လည်းမပိုင်ဘဲနဲ့ ဒိဋ္ဌိ

သဘောနဲ့ လွှမ်းမိုးစိုးအုပ်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒိဋ္ဌိ လိုက်တယ် မဟုတ်လား၊ (မှန်ပါ)၊ အို. . . ဒီလိုသဘောတရားတွေ ကိုယ့်သန္တာန် ကိန်းဝပ်နေတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရနိုင်ပါ့မလား၊ (မရနိုင်ပါဘူး ဘုရား)၊ နိဗ္ဗာန်နဲ့တခြားစီ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဒါကြောင့် ဘုရား ကိုယ်တော်မြတ်ကြီးကပြောတာ ခန္ဓာ့နောက်က (ပပဉ္စတရား မလိုက်စေနဲ့ ပါဘုရား)၊ ပပဉ္စတရားမလိုက်စေနဲ့ ပြောတာမဟုတ်လား၊ အေး. . . ဒါက ရူပကွန္ဓာသဘော ပြောပြတာပါ။

သုခဝေဒနာ နောက်ကလည်း လိုက်တတ်တယ်

ဝေဒနာကွန္ဓာ နောက်ကရော မလိုက်ဘူးလား၊ (လိုက်ပါတယ် ဘုရား)၊ လိုက်ပါတယ်၊ ဝေဒနာက- သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာ၊ လိုက်မယ်ဆိုရင်တော့ သုခဝေဒနာနောက် လိုက်မှာပေါ့၊ (မှန်လှပါ ဘုရား)၊ နေထိုင်ကောင်း ကျန်းမာနေတယ်ဆိုလို့ရှိရင် သူက မသိမသာပြောတာ၊ တို့အသက်တွေ ဒီလောက်သာကြီးရော ဆေးရုံ တစ်ခါမှ မရောက်ဖူးပါဘူး၊ အမယ်. . . ဒီလိုအပြောလေးတွေ၊ (မှန်လှပါ ဘုရား)၊ ဒီဥစ္စာလေးက ကျန်းမာလို့သူ ဒီလိုပြောတာ မဟုတ်လား၊ အဲဒီတော့ ကိုယ့်ကျန်းမာရေး၊ ကိုယ့်သုခဝေဒနာပေါ်မှာပဲ တွယ်တွယ် တာတာနဲ့ဆိုတော့ ဘာတုံး၊ (တဏ္ဍာပါဘုရား)၊ တဏ္ဍာပေါ့၊ ဒါမျိုး ကျန်းမာရေးကောင်းတာ လိုက်ရှာကြည့် မတွေ့ပါဘူးဆိုတော့၊ (မာနပါ ဘုရား)၊ မာန၊ ဒါမျိုး အားကိုးစရာပေါ့ဆိုတော့၊ (ဒိဋ္ဌိပါဘုရား)၊ တဏ္ဍာ၊ မာန၊ (ဒိဋ္ဌိပါ ဘုရား)၊ ဒိဋ္ဌိတွေလိုက်တယ်နော်၊ ဝေဒနာကွန္ဓာ မဟုတ်လား၊ (မှန်လှပါဘုရား)။

သညာကွန္ဒာနောက်ကလည်း လိုက်တတ်တယ်

ကဲ . . . သညာကွန္ဒာကို ပြောကြဦးစို့၊ သညာဆိုတာ မှတ်သားတတ်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါလေးနောက်ကလည်း လိုက်တတ်ပါတယ်၊ တို့တစ်တွေကလေ မှတ်မိတယ်၊ ဟိုး. . . ငယ်ငယ်တုန်းက အကြောင်းအရာပါ ပြန်မှတ်မိနေတယ်၊ ဘယ်လောက်တုန်းက ဥစ္စာ မှတ်မိတုန်းဆိုတော့ ပုခက်ထဲမှာ အမေကလာပြီးတော့ မြူတော့လေ အမေ့ခေါင်းက စံပယ်ပန်းလေး ရင်ဘတ်ပေါ် ပြုတ်ကျတာထိအောင် မှတ်မိနေတယ်ဆိုတော့၊ ဒီဥစ္စာလေးတွေကို တွယ်တွယ်တာတာနဲ့ဆိုတော့ ဘာလိုက်တာ၊ (တဏ္ဍာလိုက်တာပါ ဘုရား)၊ အိုး . . . ဒါမျိုးလိုက်ရှာ မရှိဘူးဆိုတော့၊ ဘယ့်နှယ်တုံး၊ (မာနလိုက်တာပါ ဘုရား)၊ မာနလိုက်တာ၊ ဒီလိုဥစ္စာ အားကိုးစရာပေါ့ဆိုတော့ ဘယ့်နှယ်တုံး၊ (ဒိဋ္ဌိလိုက် ပါတယ် ဘုရား)၊ လိုက်ဖူးလား၊ (လိုက်ဖူးပါတယ်ဘုရား)၊ လိုက်တတ်တဲ့သဘောလေးတွေ ပြောတာနော်၊ ဟုတ်တယ်၊ အဲဒီ သဘောလေးတွေ ပြောတာ၊ ရူပကွန္ဒာ၊ ဝေဒနာကွန္ဒာ၊ သညာကွန္ဒာ။

တစ်ခုမဟုတ်တစ်ခု လိုက်နေတယ်

ကဲ. . . သခ်ါရကွန္ဒာ၊ သခ်ါရကွန္ဒာတွေက အများကြီးပဲ၊ ဒီထဲက ကဲ. . . လုံ့လ၊ ဝီရိယပဲပြောကြစို့နော်၊ (မှန်လှပါဘုရား)၊ တို့တစ်တွေက လုံ့လ၊ ဝီရိယ သူများလိုမဟုတ်ဘူး၊ တို့ကအင်မတန် လုံ့လဝီရိယ ကောင်းတာ၊ မနက်လေးနာရီထိုးတယ်ဆိုရင် ရေနွေးအိုးတစ်လုံးတော့ ကျက်တော့တာ၊ အမယ်. . . သူကပြောတာ၊ ဒီလိုလေးဆိုတော့ ကိုယ့်လုံ့လ ဝီရိယအပေါ်မယ် တွယ်တွယ်တာတာဆိုတော့ ဘာလိုက်၊ (တဏ္ဍာလိုက်ပါတယ် ဘုရား)၊ တဏ္ဍာလိုက်တာပေါ့၊ ဟုတ်တယ်

မဟုတ်လား၊ (မှန်လှပါဘုရား)၊ အို. . . ဒီလိုလုံ့လ ဝီရိယမျိုး မရှိပါဘူး ဆိုတော့ မသိမသာ လက်မထောင်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘာလိုက်တုံး၊ (မာနလိုက်ပါတယ်ဘုရား)၊ မာနလိုက်တယ်၊ ဒါမျိုး အားကိုး စရာဆိုတော့၊ (ဒိဋ္ဌလိုက်ပါတယ်ဘုရား)၊ ဒိဋ္ဌလိုက်တယ်၊ တဏှာ၊ မာန၊ ဒိဋ္ဌ၊ ဒီဥစ္စာတွေနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလား၊ (မရနိုင်ပါဘူးဘုရား)၊ ဒုါကြောင့် ပြောတာပေါ့။ ခန္ဓာနှောက်က ပပဉ္စတရား မလိုက်စေနဲ့ ပြောတယ်မဟုတ် လား၊ (မှန်လှပါဘုရား)၊ အေး. . . အဲလိုလေးတွေ၊ အရှင်ဘုရား ဒီဥစ္စာက တော့ လိုက်တယ်ဘုရား၊ လိုက်လိုက်နေတယ် အရှင်ဘုရားရဲ့၊ တစ်ခု မဟုတ် တစ်ခုတော့ လိုက်တာပဲ။

ခယဝယ မြင်အောင်ရှုပါ

မလိုက်အောင် ဘယ်လိုလုပ်ရမလဲဘုရား၊ သိကြားမင်းကြီးက ထပ်ပြီးတော့ လျှောက်တယ်၊ မလိုက်အောင် ဘယ်လိုလုပ်ရမလဲဆိုတော့ ဘုရားကိုယ်တော်မြတ်ကြီးဖြေတယ်၊ 'ခယဝယ' မြင်အောင်ရှု၊ ဘယ်လိုတဲ့၊ (ခယဝယ မြင်အောင်ရှုပါဘုရား)၊ အမယ်. . . ပါဠိလိုပြောတာ၊ တကယ် တော့ ခယ-ဆိုတာက 'ကုန်တာ'၊ ဝယ-ဆိုတာက 'ပျောက်တာ'၊ ကုန်တာ ပျောက်တာ မြင်အောင်ရှု၊ ဘာတဲ့၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ သြော်. . . သြော်. . . ဒီမယ်လာပြီနော်၊ ဒီမှာ အရေးကြီးတဲ့အပိုင်း ရောက် လာပြီ၊ ကုန်တာပျောက်တာ မြင်အောင်ရှု ဟုတ်ရဲ့နော်၊ (မှန်လှပါဘုရား)။

ဒီထိအောင်ဆိုရင် သိကြားမင်းကြီးက စမေးတယ်၊ ဘုရားက ဖြေတယ်၊ သိကြားမင်းကြီးက နှစ်ခွန်းမေးတယ်၊ ဘုရားကနှစ်ခွန်း ဖြေတယ်၊ ဒီအနေရောက်လာပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ စစချင်း သိကြားမင်းကြီးက ဘုရားထံရောက်လာပြီးတော့၊ အရှင်ဘုရား တဏှာ

ကုန်ရာနိဗ္ဗာန် တပည့်တော် မြန်မြန်ရောက်ချင်ပြီဘုရား၊ ဘယ်လို လုပ်ရမလဲလို့ ဒီလိုမေးခွန်း စမေးတာမဟုတ်လား၊ (မှန်လှပါဘုရား)။ ဒီတော့ ဘုရားက ဘယ့်နှယ့်ဖြေ။

ခန္ဓာနောက်က ပပဉ္စတရားမလိုက်စေရဲ့

ခန္ဓာနောက်ကပပဉ္စတရား မလိုက်စေနဲ့၊ အမေးတစ်ခု အဖြေတစ်ခု၊ နောက်တစ်ခါ ဆက်ပြီးတော့မေးတယ်၊ လိုက်တယ်ဘုရား ဒီခန္ဓာငါးပါးနောက်က တစ်ခုမဟုတ်တစ်ခု လိုက်တယ်ဘုရား၊ လိုက်လိုက်နေတယ်ဘုရား မလိုက်အောင် ဘယ်လိုလုပ်ရမလဲလို့ နောက်ထပ်ကပြီးတော့လျှောက်တော့ ဘုရားကဘယ့်နှယ့်ဖြေ၊ ခယဝယ မြင်အောင်ရှု၊ ဘာတဲ့ ခယဝယမြင်အောင်ရှု၊ 'ခယ' ဆိုတာ ကုန်တာ၊ 'ဝယ' ဆိုတာ ပျောက်တာ၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဘာတဲ့၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဘယ်အပေါ်မှာတုံး၊ ခန္ဓာပေါ်မှာ၊ သြော် ခန္ဓာပေါ်မှာ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဒီတိုင်းဆိုရင် သိကြားမင်းကြီးက နှစ်ခွန်းမေးလို့ ဘုရားကလည်း နှစ်ခွန်းဖြေနေပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဘယ်အပေါ်မှာရှုရမှာ၊ ခန္ဓာပေါ်မှာ၊ အေး . . . ဒါဖြင့် ဟော ခန္ဓာငါးပါးထဲက အဦးဆုံးဖြစ်တဲ့ ရုပ်ခန္ဓာပဲဆိုပါတော့၊ ရုပ်ခန္ဓာကို ရှုတယ်ဆိုရင် ကုန်တာ ပျောက်တာ မြင်အောင်ရှု၊ ဘယ်လို၊ (ကုန်တာပျောက်တာ မြင်အောင် ရှု)။

ကုန်တာပျောက်တာမြင်အောင်ရှု

သြော် . . . ဒီလိုကိုး၊ ရုပ်ရှုတဲ့အခါ ရုပ်တွေ့နေရမှာ မဟုတ်ဘူး၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ သြော် သြော် ဒါတွေ့ပြီ၊ ဒီလိုဆိုလို့

ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရှုတယ် ရှုတယ်ဆိုတာ၊ ခန္ဓာငါးပါး ထဲက ရုပ်ရှုတယ်ဆိုတာ ရုပ်ကိုတွေ့နေရမှာလား၊ ကုန်တာ ပျောက်တာ တွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရပါမယ်ဘုရား)၊ ဟာ ဒီမှာ အင်မတန်ဟန်ကျသွားပြီ၊ သိကြားမင်းကြီးက ဘုန်းကြီးတို့အတွက် ကိုယ်စား လျှောက်ပေးနေသလိုပဲနော်၊ (မှန်လှပါဘုရား)၊ ခန္ဓာငါးပါး ရှုကြ ပြီဆိုတော့ အဦးဆုံးဖြစ်တဲ့ ရုပ်ခန္ဓာရှုတယ် ဆိုပါတော့၊ ရုပ်ကြီးကို တွေ့နေရမှာလား၊ ကုန်တာပျောက်တာ တွေ့ရမှာလား၊ (ကုန်တာပျောက်တာ တွေ့ရမှာပါဘုရား)၊ အေး . . . ကုန်သွားတာ ပျောက်သွားတာ၊ ကုန်သွားတာ ပျောက်သွားတာကို တွေ့စေရမယ်၊ ရုပ်ကြီးတွေ့နေရုံနဲ့တော့ မဟုတ်သေးပါဘူး၊ ဘာကို တွေ့စေရမတုံး၊ (ကုန်တာပျောက်တာ တွေ့စေရပါမယ်ဘုရား)၊ အေး ကုန်သွားတာ ပျောက်သွားတာကို တွေ့စေရမယ်၊ ရုပ်ကြီးတွေ့နေရုံနဲ့တော့ မဟုတ်သေးပါဘူး၊ ဘာကို တွေ့စေရမတုံး၊ (ကုန်တာပျောက်တာ တွေ့စေရပါမယ် ဘုရား)၊ ဟုတ်တယ်၊ ကုန်တာပျောက်တာ တွေ့စေရမယ်၊ ဒီလို မဟုတ်လား၊ (မှန်လှပါဘုရား)၊ ပြီးတော့ ကုန်တာပျောက်တာက အနီစွ၊ တွေ့တာက မဂ္ဂ၊ ကုန်တာ ပျောက်တာက အနီစွ၊ တွေ့တာက မဂ္ဂ၊ ဟုတ်တယ်မဟုတ်လား၊ ကုန်တာ ပျောက်တာကလေးတွေ တွေ့နေတယ်ဆိုတော့ နှစ်ခုမဟုတ်လား၊ (မှန်လှပါဘုရား)၊ ကုန်သွားတယ်၊ ပျောက်သွားတယ်ကလေးတွေက ဘာတဲ့၊ အနီစွ၊ အဲဒါလေးကိုတွေတွေ့ တွေ့နေတာက ဘာတုံး မဂ္ဂ၊ အဲဒီ ကုန်တာပျောက်တာလေးတွေ သစ္စာဖွဲ့၊ ဘာသစ္စာ၊ ဒုက္ခသစ္စာ၊ တွေ့တွေ့နေတာကလေးကို သစ္စာဖွဲ့၊ ဘာသစ္စာ၊ (မဂ္ဂသစ္စာပါ ဘုရား)၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့တွေ့၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ တွေ့၊ ဒီလိုတွေ့တာ မဟုတ်လား၊ (မှန်လှပါဘုရား)။

ဖြစ်တာပျက်တာမြင်အောင်ရှု

သြော် . . . သြော် . . . ဒါဖြင့် ရပြီ၊ ရပြီ၊ ဒါဖြင့် ရုပ်ရှူတဲ့အခါ ရုပ်တွေ့ရမှာလား၊ ကုန်တာပျောက်တာ တွေ့ရမှာလား၊ (ကုန်တာပျောက်တာ တွေ့ရမှာပါဘုရား)၊ ဝေဒနာရှုချင်ရှု ဝေဒနာတွေ့ရမှာလား၊ ကုန်တာပျောက်တာတွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရမှာပါဘုရား)၊ သညာရှုချင်ရှု သညာတွေ့ရမှာလား၊ ကုန်တာပျောက်တာတွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရမှာပါဘုရား)၊ ဟို သခ်ၤါရရှုချင်ရှု သခ်ၤါရတွေ့ရမှာလား၊ ကုန်တာပျောက်တာတွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရမှာပါ ဘုရား)၊ သြော် စိတ်ရှုချင်ရှုပါ၊ စိတ်တွေ့ရမှာလား၊ ကုန်တာပျောက်တာ တွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရမှာပါ ဘုရား)။

အင်မတန်ကောင်းတာပဲ၊ ဒီမှာ ရှုကွင်းရှုကွက်တွေ ဘုရားကိုယ်တော်မြတ်ကြီးက ပြောပြလို့ အတိအကျသိနေရပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ရှုချင်တာရှုပါ၊ ရုပ်တရား ရှုရှု၊ နာမ်တရားရှုရှု၊ ရုပ်ရှုတဲ့အခါ ရုပ်တွေ့ရမှာလား၊ ကုန်တာပျောက်တာ တွေ့ရမှာလား၊ (ကုန်တာပျောက်တာ တွေ့ရမှာပါဘုရား)၊ နာမ်တရား ရှုချင်ရှုပါ နာမ်တရားတွေ့ တွေ့ရမှာလား၊ ကုန်တာပျောက်တာတွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရမှာပါဘုရား)၊ ဟုတ်တယ်၊ ဒါကို ပါဠိလို 'ခယဝယ' မြင်အောင်ရှု၊ ကိုယ့် ဘာသာပြန်ပြောလိုက်တော့ ဘယ်နှယ်တုံး၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဟို ဒီထက်ပြောနေကြ စကားလုံးနဲ့ဆိုရင် ဖြစ်တာပျက်တာ မြင်အောင်ရှု၊ ဘယ်လို၊ ဖြစ်တာပျက်တာ မြင်အောင်ရှု။

ဝေဒနာရဲ့ ဖြစ်—ပျက်ကို မြင်အောင်ရှု

သြော်. . . ဒီလိုကိုး၊ ရုပ်ရှုတဲ့သူက ရုပ်တွေ့ရမှာ မဟုတ်ဘူး၊ ဖြစ်တာပျက်တာ တွေ့ရမှာပေါ့။ (မှန်လှပါ ဘုရား)။ ဝေဒနာရှုပြန်တော့ကော ဝေဒနာတွေ့ရမှာလား၊ ဖြစ်တာပျက်တာ တွေ့ရမှာလား၊ (ဖြစ်တာပျက်တာ တွေ့ရပါမယ်ဘုရား)။ သညာရှုပြန်တော့ သညာတွေ့ရမှာလား၊ ဖြစ်တာပျက်တာ တွေ့ရမှာလား၊ (ဖြစ်တာပျက်တာ တွေ့ရပါမယ် ဘုရား)။

သခ်ၤါရရှုချင်ရှု သခ်ၤါရတွေ့ရမှာလား၊ ဖြစ်တာပျက်တာ တွေ့ရမှာလား၊ (ဖြစ်တာပျက်တာတွေ့ရပါမယ် ဘုရား)။ စိတ်ရှုချင်ရှု စိတ်တွေ့ရမှာလား၊ ဖြစ်တာပျက်တာတွေ့ရမှာလား၊ (ဖြစ်တာပျက်တာ တွေ့ရပါမယ် ဘုရား)။ ကောင်းလိုက်တာ၊ ဒီလိုဆိုရင် ဟာ . . . အင်မတန်ကောင်းတာပဲ၊ သိကြားမင်းကြီးက ဘုရားထံလာလျှောက်လို့၊ ဘုရားကိုယ်တော် မြတ်ကြီးက ဖြေနေတာမဟုတ်လား၊ (မှန်လှပါ ဘုရား)။ အေး . . . ခန္ဓာနောက်က ပပဉ္စတရားမလိုက်စေနဲ့၊ ပပဉ္စဆိုတဲ့ဥစ္စာက သံသရာကိုချဲ့တတ်တယ်၊ ပပဉ္စဆိုတဲ့ဥစ္စာက သံသရာကို (ချဲ့တတ်ပါတယ် ဘုရား)။ သံသရာကိုချဲ့တတ်တယ်၊ ချဲ့ချဲ့. ချဲ့ချဲ့သွားတာပေါ့။ အဲဒီချဲ့ချဲ့သွားတဲ့ တရားတွေ ခန္ဓာငါးပါးနောက်က မလိုက်စေနဲ့ ပြောတယ်မဟုတ်လား၊ (မှန်လှပါ ဘုရား)။

မလိုက်အောင် ဘယ်လို လုပ်ရမလဲ

ဒီတော့ သိကြားမင်းကြီးက ထပ်ပြီးတော့လျှောက်တာ၊ လိုက်လိုက်နေတယ် အရှင်ဘုရား၊ မလိုက်အောင် ဘယ်လိုလုပ်ရမလဲ၊ လို့ဆိုတော့ ဘုရားက ဘယ့်နှယ့်ဖြေ၊ ခယဝယ မြင်အောင်ရှု ဘာသာပြန်

ပြောမယ်ဆိုရင် ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဒါမှမဟုတ် ပြောနေကြ စကားလုံးနဲ့ပြောရင် ဖြစ်တာပျက်တာ မြင်အောင်ရှု၊ ဟုတ်တယ်၊ ဖြစ်တာပျက်တာသာ မြင်အောင်ရှုနေလို့ရှိရင် ပပဉ္စတရား တွေမလိုက်ဘူး၊ (မှန်ပါ)၊ မလိုက်ဘူး၊ ကဲ. . . ဘုန်းကြီးတို့ တစ်ခုကို ရှုပြမယ်၊ ကဲ . . . ရုပ်ကို ရှုမယ်မဟုတ်လား၊ (မှန်လှပါဘုရား)။

ဟော. . . ရုပ်ကိုရှုကြမယ်၊ ရုပ်တရားကို အရှုခံထား၊ ရှုတဲ့ ဉာဏ်က ငါးပါးမဟုတ်လား၊ (မှန်လှပါဘုရား)၊ ရှုတဲ့ဉာဏ်က ဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ငါးပါး၊ ဘယ်သူများလဲဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ အဲဒီ ငါးပါးနဲ့ရှုပြီ၊ ရုပ်တရားကို အရှုခံထားတယ်၊ ဉာဏ်ငါးပါးက အရှုဉာဏ်၊ အရှုခံနဲ့ အရှုဉာဏ်၊ အရှုခံနဲ့ အရှုဉာဏ်။

သွေးထဲမှာ ဟဒယရုပ်ဝတ္ထုတွေ ပျံ့နေ

အေး . . . အရှုဉာဏ်တွေက ဘယ်မှာပေါ်မှာတုံး၊ ဟဒယဝတ္ထုပေါ်မှာ၊ ဘုန်းကြီးတို့ ပြောခဲ့ပြီးပြီ၊ ဟော. . . ရင်ချိုင့်ထဲမှာ ပုန်းညက် စေ့ခန့်တွင်းကလေး ရှိတယ်၊ အဲဒီတွင်းကလေးထဲမှာ သွေးကလေးတွေ အောင်းနေတယ်၊ ဒီသွေးကလေးတွေ ချင်ကြည့်မယ်ဆိုရင် တစ်လက်ဆွန်းလောက် ရှိမယ်တဲ့၊ အဲဒီ တစ်လက်ဆွန်းမျှလောက်သော သွေးကလေးတွေထဲမှာ ဟဒယရုပ်ဝတ္ထုတွေ ပျံ့နေတယ်၊ အေး . . . အသိဉာဏ်တွေ ဖြစ်ပြီဆိုရင် ဘယ်ပေါ်မှာဖြစ်၊ (ဟဒယဝတ္ထုပေါ်မှာဖြစ်)၊ အသိဉာဏ်တွေ ဖြစ်ပေါ်လာတယ်ဆိုတော့၊ ဟော ရုပ်တရားလေးရဲ့ အဖြစ်အပျက်ကို ဉာဏ်နဲ့ ရှုကြည့်တဲ့အခါကျတော့၊ အဲဒီဉာဏ်က ဘယ်ပေါ်မှာ အမှီပြုပေါ်မယ်၊ (ဟဒယဝတ္ထု ပေါ်မှာပါ ဘုရား)၊ ဟဒယဝတ္ထုပေါ်မှာ အမှီပြု

ပြီးတော့ ရုပ်တရားလေးတွေရဲ့ အဖြစ်အပျက်ကို မြင်မယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။

ရုပ်တရားကအရှုခံ ဉာဏ်ငါးပါးက အရှုဉာဏ်၊ ရုပ်တရားက အရှုခံ ဉာဏ်ငါးပါးက အရှုဉာဏ်၊ ဒီလိုနေမယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ရုပ်တရားလေးတွေက တည်ငြိမ်နေမှာလား ဖြစ်ပျက်နေမှာလား၊ (ဖြစ်ပျက်နေမှာပါ ဘုရား)၊ ရုပ်တရားတွေက အဖြစ်အပျက် ရှုတဲ့ဉာဏ်က မင်၊ ရုပ်တရားက အဖြစ်အပျက် ရှုတဲ့ဉာဏ်က မင်၊ ဒီလိုနေမှာပေါ့၊ (မှန်လှပါဘုရား)။

ဟဒယဝတ္ထုအပေါ်မှာ အသိဉာဏ်ဖြစ်ပေါ်

ပါးစပ်ကတော့ မဆိုပါနဲ့၊ နာမည်ပေးရင်ပေးတတ်ဖို့ ပြောတာနော်၊ (မှန်လှပါဘုရား)၊ ရုပ်တရားတွေက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မင်၊ အဖြစ်အပျက်တွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)၊ သြော်. . . ဒီလိုနေမှာကိုး. . . ဟုတ်တယ်နော်၊ (မှန်လှပါဘုရား)၊ ရုပ်တရားလေးတွေ ဖြစ်ပျက်နေတာ ဘာနဲ့မြင်နေတုံး၊ (ဉာဏ်နဲ့မြင်ပါတယ် ဘုရား)၊ ရုပ်တရားလေးတွေ မြင်တာလား၊ အဖြစ်အပျက်တွေ မြင်တာလား၊ (အဖြစ်အပျက်တွေ မြင်တာပါဘုရား)၊ ဟုတ်တယ် ရုပ်တရားကြီး မြင်နေရုံနဲ့တော့ မမှန်သေးပါဘူး၊ (မှန်ပါဘုရား)၊ ရုပ်တရား မြင်ရမှာလား၊ ရုပ်တရားတွေ ဖြစ်ပျက်နေတာ မြင်ရမှာလား၊ (ရုပ်တရားတွေ ဖြစ်ပျက်နေတာ မြင်ရမှာပါဘုရား)၊ ဟုတ်တယ်၊ မတည်ငြိမ်ဘဲ ပြောင်းလဲဖြစ်ပျက်နေတာ ဘာနဲ့မြင်ရမယ်၊ (ဉာဏ်နဲ့ မြင်ရပါမယ် ဘုရား)၊ ရုပ်တရားတွေ ဖြစ်ပျက်နေတာက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာ

ပါဘုရား)၊ ဟုတ်တယ်၊ ရုပ်တရားတွေရဲ့ အဖြစ်အပျက်ကို ဉာဏ်နဲ့မြင်ပြီးတော့ နေတဲ့အခိုက် ဖြစ်ပျက်မင်္၊ ဖြစ်ပျက်မင်္၊ ဖြစ်ပျက်မင် ဒီလို မြင်ပြီးတော့ နေတဲ့အခိုက်၊ ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာ လာလို့မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လောဘတဏှာဆိုတာကလည်း နာမ်တရား မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ လောဘတဏှာဆိုတာကလည်း၊ (နာမ်တရားပါဘုရား)၊ မြင်တဲ့ ဉာဏ်ကလည်း နာမ်တရား၊ အေး. . . လောဘတဏှာလေးလာ ရင်ကော ဘယ်အပေါ်မှာလာမလဲ၊ ဟဒယဝတ္ထုပေါ်မှာလာမှာ၊ လိုချင်တာလေးက ဒီဟဒယဝတ္ထုအပေါ်မှာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ မြင်တဲ့ဉာဏ်ကလည်း ဘယ်အပေါ်မှာ ဖြစ်တာတုံး၊ (ဟဒယဝတ္ထု ပေါ်မှာပါ ဘုရား)၊ ဟဒယဝတ္ထုပေါ်မှာ ဖြစ်တယ်ဆိုတော့ နာမ်တရားတို့မည်သည် နှစ်ခုတစ်ပြိုင်တည်း ဖြစ်ရိုးမရှိဘူး၊ (မှန်ပါဘုရား)၊ နာမ်တရားတို့ မည်သည် နှစ်ခုပြိုင်၍ ဖြစ်ခိုးမရှိဘူး၊

ဖြစ်ပျက်မြင်ခိုက်တဏှာလာလို့မရ

ဖြစ်ပျက်မင်္၊ ဖြစ်ပျက်မင်္၊ ဖြစ်ပျက်မင်္၊ ဒီလိုမြင်နေတဲ့ အခိုက်လေ. . . (မှန်လှပါဘုရား)၊ အဲဒီအချိန်မှာ ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာ လာလို့ရရဲ့လား၊ (မရပါဘူးဘုရား)၊ မရပါဘူး၊ ဘာပြုလို့တုံးဆိုတော့ လောဘတဏှာ- လိုချင်တယ်ဆိုတာ ရုပ်လား၊ နာမ်လား၊ (နာမ်ပါ ဘုရား)၊ မြင်တဲ့ဉာဏ်ကကော ရုပ်လားနာမ်လား၊ (နာမ်ပါဘုရား)၊ နာမ်တရားနှစ်ခု မဟုတ်လား၊ (မှန်ပါဘုရား)။

ပြီးတော့ ဒီမြင်တဲ့ဉာဏ်က ဘယ်အပေါ်မှာ ဖြစ်တာတုံး၊ (ဟဒယဝတ္ထုပေါ်မှာပါဘုရား)၊ ဟဒယဝတ္ထုပေါ်မှာ၊ လိုချင်တတ်တဲ့ လောဘကလေး လာရင်ကော ဘယ်အပေါ်မှာလာ၊ (ဟဒယဝတ္ထုပေါ်မှာ

ပါဘုရား)။ အဲ . . . ဟဒယဝတ္ထုပေါ်မှာ လာမယ်ဆိုတော့ နာမ်တရားတို့ မည်သည် နှစ်ခုပြိုင်၍ ဖြစ်ရုံးမရှိဘူး၊ (မှန်လှပါဘုရား)။ နှစ်ခုပြိုင်ပြီး ဖြစ်ရုံး မရှိဘူး၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂ လုပ်နေတဲ့အချိန်မှာ လောဘတဏှာလာလို့ ရရဲ့လား၊ (မရပါဘူးဘုရား)။

ဘာပြုလို့တုံးဆိုတော့ လောဘတဏှာ လာမယ့်နေရာ ဘယ်သူ ရောက်နေတုံး၊ (မင်္ဂရောက်နေလို့ပါဘုရား)။ မင်္ဂရောက်နေလို့၊ လောဘ တဏှာဝင်မယ့်နေရာ ဘယ်သူဝင်ဦးနေတုံး၊ (မင်္ဂဝင်ဦးနေပါတယ် ဘုရား)။ မင်္ဂက ဝင်ဦးနေတယ်၊ ဟုတ်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ ဒီတော့ လောဘတဏှာ ဝင်လို့ရမလား၊ (မရပါဘူး ဘုရား)။ ဟုတ်တယ်၊ နှစ်ခု ပူးကြိုးလည်း ဖြစ်လို့မရဘူး၊ ဖြစ်ပျက် မင်္ဂ၊ ဖြစ်ပျက်မင်္ဂ ဖြစ်ပျက်မင်္ဂနဲ့ တစ်ချိန်လုံးလုပ်နေတာ၊ (မှန်ပါဘုရား)။ လောဘလေးက သူ့အလှည့်မျှား ရမလားလို့ သူ စောင့်တော့ စောင့်သေးတာပဲ့။ ဒီသဘော မဟုတ်လား၊ (မှန်ပါဘုရား)။

တဏှာဆိုတာ လောဘ

အခု တန်းဝင်လို့ကောရလား၊ (မရပါဘူးဘုရား)။ သူဝင်မယ့် နေရာ ဘယ်သူဝင်ဦးနေတုံး၊ (မင်္ဂဝင်ဦးနေပါတယ် ဘုရား)။ ဘယ်အပေါ်မှာတုံး၊ ဟဒယဝတ္ထုပေါ်မှာ၊ ဟုတ်တယ်၊ အဲဒီလို လောဘတဏှာ လာလို့ မရအောင် ဒီနေရာမှာ မင်္ဂတားတာပဲ့။ (မှန်လှပါဘုရား)။ ဖြစ်ပျက် မင်္ဂ၊ ဖြစ်ပျက်မင်္ဂ ဖြစ်ပျက်မင်္ဂနဲ့ တစ်ချိန်လုံး လုပ်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန် လောဘတဏှာ ဝင်လို့ရရဲ့လား၊ (မရပါဘူးဘုရား)။ အေး. . . ဒီလိုဆိုရင် ပပဉ္စတရား သုံးပါးထဲက တဏှာ၊ မာန၊ ဒိဋ္ဌ. . . တဏှာဆိုတာ လောဘ ဟုတ်တယ်မဟုတ်လား၊ (မှန်လှပါဘုရား)။ အင်း. . .

တဏ္ဍာနဲ့လောဘ အတူတူပဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ လောဘ တဏ္ဍာ ဝင်လို့ရရဲ့လား၊ (မရပါဘူးဘုရား)၊ ဟုတ်တယ်၊ လောဘတဏ္ဍာမှ လာလို့မရဘဲနဲ့ မာန၊ ဒိဋ္ဌိတို့ဆိုတာ သူရဲ့လက်အောက် မဟုတ်လား၊ (မှန်လှပါဘုရား)၊ လောဘစိတ်ရှစ်ပါး ရှိပါတယ်၊ ဘုန်းကြီးတို့ စာထဲပေထဲမှာ လောဘစိတ် ဘယ်နှမျိုးရှိ၊ ရှစ်မျိုးရှိတယ်၊ လောဘစိတ် ဘယ်နှပါးရှိ၊ ရှစ်ပါးရှိ၊ တစ်ဝက်ခွဲလိုက်လို့ရှိရင် ဟိုဘက်လေးပါး၊ ဒီဘက်လေးပါး၊ တစ်ဝက်ခွဲရင် ဟိုဘက်လေးပါး ဒီဘက်လေးပါး၊ ဟိုဘက် လေးပါးထဲမှာ မာနရှိတာပေါ့၊ ဒီဘက် လေးပါးထဲမှာ ဒိဋ္ဌိရှိတယ်၊ အဲဒီဟိုဘက်လေးမျိုး၊ ဒီဘက်လေးမျိုးလုံးကို လွှမ်းမိုးတာက တဏ္ဍာ ဟုတ်ရဲ့လား၊ (မှန်လှပါဘုရား)။

မာနနဲ့ ဒိဋ္ဌိက နောက်လိုက်

မာနော စတူသု ဒိဋ္ဌိဂတ ဝိပ္ပယုတ္တေသု၊

ဒိဋ္ဌိ စတူသု ဒိဋ္ဌိဂတ သံပယုတ္တေသု၊

ဒါက သင်္ဂြိုဟ်စာသား ပြောတာပါ အင်း . . . အဲဒီ ရှစ်မျိုးလုံးကို လွှမ်းမိုးထားတာက ဘယ်သူတုန်း၊ တဏ္ဍာ၊ ဒါဖြင့် မာနတို့၊ ဒိဋ္ဌိတို့ဆိုတာ တဏ္ဍာရဲ့ လက်ဝဲလက်ယာ၊ သူ့ လက်အောက်ခံ တပည့်တွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ခေါင်းဆောင်ဖြစ်တဲ့ တဏ္ဍာတောင်မှ လာမရဘူးဆိုရင် လက်အောက်ဖြစ်တဲ့ မာန၊ ဒိဋ္ဌိတွေ လာလို့ရမလား၊ (မရပါဘူးဘုရား)၊ ဟုတ်တယ်၊ ဒါဖြင့် ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ မြင်နေတဲ့ အခိုက်၊ ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏ္ဍာ ဝင်လို့ရမလား၊ (မရပါဘူးဘုရား)၊ ဩော် . . . လောဘတဏ္ဍာဝင်လို့ မရဘူးဆိုတော့၊ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးနဲ့ ပြောမယ်ဆိုရင် တတိယအကွက် မဟုတ်လား၊

(မှန်လှပါဘုရား)၊ တတိယအကွက်က ဘာတုံး၊ (တဏှာပါဘုရား)။ လောဘတဏှာ ဝင်လို့ရရဲ့လား၊ (မရပါဘူးဘုရား)။ မရဘူး၊ ဘာမြင်နေလို့ တုံးဆိုတော့ ခန္ဓာပေါ်မှာ ဖြစ်ပျက်မြင်နေလို့၊ ခန္ဓာကဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ဘုန်းကြီးတို့ စက်ဝိုင်းကြီးနဲ့ပြောရင် ဒုတိယအကွက်ကြီး တစ်ကွက်လုံး ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)။

ခန္ဓာပေါ်မှာ ဖြစ်ပျက်မြင်ခိုက်

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒါကသုတ္တန် စကားလုံးနဲ့ ပြောတာပါ၊ အဘိဓမ္မာစကားလုံးနဲ့လှယ်ပြီးတော့ ပြောမယ် ဆိုရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အဲဒီ(နှစ်) အကွက်ကြီးတစ်ကွက်လုံး ခန္ဓာငါးပါးပေါ့။ (မှန်ပါဘုရား)၊ အဲဒီနှစ်အကွက်ကြီးပေါ်မှာ၊ ခန္ဓာငါးပါးထဲက တစ်ပါးပါး အပေါ်မှာ၊ ဖြစ်ပျက်မြင်အောင် ရှုပြီးတော့နေတဲ့ပုဂ္ဂိုလ်သန္တာန်၊ တတိယ အကွက်က လောဘတဏှာ လာလို့ရမလား၊ (မရပါဘူးဘုရား)။ တဏှာ လာလို့မရရင် တဏှာကြောင့်ဖြစ်ရမယ့် ဥပါဒါန်ကော ဖြစ်ဦးမလား၊ (မဖြစ်ပါဘူးဘုရား)။ အဲ. . . ဥပါဒါန်မှမဖြစ်ဘဲနဲ့ ဥပါဒါန်ကြောင့်ဖြစ်ရမယ့် ကမ္မဘဝကော ဖြစ်ဦးမလား၊ (မဖြစ်ပါဘူး ဘုရား)။ ဒီလိုဆိုရင် ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂနဲ့ မြင်နေတဲ့အခိုက်မှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ လာလို့ရမလား၊ (မရပါဘူးဘုရား)။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ လာလို့ရမလား၊ (မရပါဘူးဘုရား)။ အဲဒီတရားတွေဟာ ကောင်းတဲ့တရားတွေလား၊ မကောင်းတဲ့ တရားတွေလား၊ (မကောင်းတဲ့တရားတွေပါ ဘုရား)။ အကျိုးတရားတွေလား၊ အကြောင်းတရားတွေလား၊ (အကြောင်းတရားတွေပါ ဘုရား)။ ကောင်းတဲ့အကြောင်းလား၊ မကောင်းတဲ့အကြောင်းလား၊

(မကောင်းတဲ့အကြောင်းပါ ဘုရား)။ ဒါကြောင့် အဲဒီသုံးမျိုးကို ဘာသစ္စာ (သမုဒယသစ္စာပါ ဘုရား)။

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ မလာနိုင်

ဒါဖြင့် အဲဒီပုဂ္ဂိုလ်သန္တာန် သမုဒယသစ္စာတွေ မလာနိုင်တော့ တာပေါ့။ (မှန်လှပါဘုရား)။ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ ရှုနေတဲ့အခိုက် ဒီပုဂ္ဂိုလ်သန္တာန် သမုဒယသစ္စာတွေ လာသေးလား၊ (မလာပါဘူးဘုရား)။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ သမုဒယသစ္စာတွေ လာသေးလား၊ (မလာပါဘူးဘုရား)။ မလာဘူး၊ အဲသလိုဆိုရင် သမုဒယသစ္စာတွေကြောင့် ဖြစ်ရမယ့် နောင်လာမယ့်အနာဂတ်ကာလ နံပါတ် ၄-အကွက်ထဲက ဇာတိ၊ ဇရာ မရဏာတို့ကော ပေါ်ဦးမလား၊ (မပေါ်ပါဘူးဘုရား)။ အဲဒါတွေက ဘာသစ္စာ၊ ဒုက္ခသစ္စာ၊ ဒါဖြင့် ဒုက္ခသစ္စာတွေလည်း မပေါ်တော့ဘူး၊ ချုပ်ငြိမ်း ရုပ်သိမ်းကုန်တော့တာပေါ့၊ သြော်. . . ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ ရှုနေတဲ့အခိုက်လေ (မှန်လှပါဘုရား)။ ဘယ်အကွက်ပေါ် မှာရှု (၂)အကွက်ပေါ် မှာရှု ခန္ဓာက ဘယ်နှပါး၊ ငါးပါး၊ အဲဒီခန္ဓာငါးပါးက အရှုခံတရား မဟုတ်လား၊ (မှန်လှပါဘုရား)။ တကယ်ရှုပြီဆိုတော့ ငါးပါးလုံးရှုရမှာ မဟုတ်ပါဘူး၊ (မှန်လှပါဘုရား)။ ငါးပါးထဲကတစ်ပါးပါး ကြိုက်ရာရွေးပြီးရှုရတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး . . . ဘာနဲ့ရှုပါ့မယ်၊ ဉာဏ်နဲ့ရှုမယ်၊ ရှုတဲ့ဉာဏ်က ဘယ်နှပါး၊ (ငါးပါးပါဘုရား)။ လောကီမဂ္ဂင်ငါးပါး၊ ဘယ်သူတွေများပါလိမ့် 'သမ္မာဒိဋ္ဌိ' 'သမ္မာသင်္ကပ္ပ' 'သမ္မဝါယာမ' 'သမ္မာသတိ' 'သမ္မာသမာဓိ' ဟုတ်တယ် မဟုတ်လား။

စာတိ၊ စရာ၊ မရဏာမလာနိုင်

အဲဒီငါးပါးနဲ့ ရှူတယ်လို့ဆိုတော့ ရုပ်ကိုရှူတဲ့သူက ရုပ်ကိုတွေ့ရ မှာလား၊ ရုပ်ရဲ့အဖြစ်အပျက်ကိုတွေ့ရမှာလား၊ (ရုပ်ရဲ့အဖြစ်အပျက်ကို တွေ့ရမှာပါ ဘုရား)။ ဖြစ်ပျက်မင်၊ ဖြစ်ပျက်မင်၊ ဖြစ်ပျက်မင် ဒီလိုလေး တည့်ပြီးတော့နေတဲ့ သူအဖို့ပေါ့နော်၊ (မှန်လှပါဘုရား)။ ဖြစ်ပျက်နေတာ လေးတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။ မြင်နေတဲ့သဘောလေးက ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)။ အဲဒီအချိန်မှာ ဒီပုဂ္ဂိုလ်သန္တာန် လောဘ တက်ကာဝင်လို့ ရရဲ့လား၊ (မရပါဘူးဘုရား)။ အင်း. . . လောဘတက်ကာ မဝင်ဘူးဆိုရင် ဥပါဒါန်၊ ကမ္မဘဝလည်းမဝင်ဘူးပေါ့။ အဲဒါတွေမရှိဘူး ဆိုရင် နောင်ခန္ဓာတွေကော လာဦးမလား၊ (မလာပါဘူးဘုရား)။ ဟုတ်တယ်၊ တက်ကာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ သမုဒယသစ္စာတွေဟာ ငုပ်လျှိုးပြီးတော့ သေကုန်ရသလို မဟုတ်လား၊ (မှန်လှပါဘုရား)။ ဖြစ်ပျက် နေတာတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာတွေပါဘုရား)။ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါ ဘုရား)။ သေကုန်ရတာက ဘာသစ္စာ၊ (သမုဒယ သစ္စာပါ ဘုရား)။ နောင်ခန္ဓာမလာတာက ဘာသစ္စာ၊ (နိရောဓ သစ္စာပါ ဘုရား)။ ဒုက္ခသစ္စာတွေ မလာဘူးဆိုတော့ ဒုက္ခသစ္စာနေရာ သုခသစ္စာ အစားထိုးတာပေါ့။ (မှန်လှပါဘုရား)။

ရောင်ခန္ဓာမလာအောင်

သုခသစ္စာဆိုတာ ဟို. . . နိရောဓသစ္စာပါပဲ၊ နိရောဓသစ္စာပါပဲ၊ ဒီတော့ နောင်ခန္ဓာတွေ မလာတော့ဘူးဆိုတာ နိရောဓသစ္စာ ဖြစ်တော့ တာပေါ့။ (မှန်လှပါဘုရား)။ ဖြစ်ပျက်နေတာတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာ ပါဘုရား)။ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)။ နောင်ခန္ဓာ

မလာတာက ဘာသစ္စာ၊ (နိရောဓသစ္စာပါ ဘုရား)၊ နိရောဓသစ္စာဆိုတော့၊ ဒီလိုသာ ဖြစ်ပျက်မြင်နေတဲ့ ပုဂ္ဂိုလ်အဖို့ သစ္စာလေးချက် တစ်ပြိုင်နက် ဆိုက်တာပေါ့။ (မှန်လှပါဘုရား)။ ဒါပဲ အခုရောက်လာပြီ၊ ဘုန်းကြီးတို့ လုပ်ငန်းခွင်ဝင်လာပြီနော်၊ (မှန်လှပါဘုရား)။ ဟုတ်တယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ ရှုတတ်အောင်၊ အခု သိကြားမင်းကြီးက ကိုယ်စား လျှောက်ပေးနေသလို မဟုတ်လား၊ (မှန်လှပါ ဘုရား)။ လျှောက်ပေးနေလို့ ဘုန်းကြီးတို့ သိရပြီ၊ အရှုခံတရားက ခန္ဓာငါးပါး၊ ဟုတ်တယ်မဟုတ်လား၊ (မှန်ပါဘုရား)။ စောစောပိုင်း အဲဒီပေါ်မှာ ရှုတဲ့ဉာဏ်ကငါးပါး၊ ဟို. . . အရှုခံငါးပါးဆိုသော်လည်း ရှုပြီဆိုရင်တော့ တစ်ခုချင်းရှုမှာ မဟုတ်လား၊ (မှန်လှပါဘုရား)။ ရှုတဲ့ဉာဏ်ကတော့ အမြဲတမ်းငါးပါးပေါ့နော်၊ (မှန်လှပါ ဘုရား)။ အရှုခံတစ်ပါး၊ ရှုတဲ့ဉာဏ်ကငါးပါး၊ ဟုတ်တယ်၊ ဒီလိုရှုပြီးတော့ နေတဲ့ ပုဂ္ဂိုလ်သန္တာန် တဏှာ၊ မာန၊ ဒိဋ္ဌိလိုက်ဦးမလား၊ (မလိုက်ပါဘူး ဘုရား)။ ရုပ်တရားက အရှုခံ၊ ဉာဏ်ငါးပါးက အရှုဉာဏ်၊ ရုပ်တရားက အရှုခံ၊ ဉာဏ်ငါးပါးကအရှုဉာဏ်၊ ဒီလိုလုပ်တဲ့အခါ ရုပ်တရားတွေတွေ့. တာလား၊ ရုပ်တရားတွေ ဖြစ်ပျက်နေတာ တွေ့တာလား၊ (ဖြစ်ပျက်နေတာ တွေ့တာပါ ဘုရား)။

အရှုခံတစ်ပါး၊ ရှုဉာဏ်ငါးပါး

ဩော်. . . ရုပ်တရားတွေ ဖြစ်လာတာလည်းတွေ့နေတယ်၊ ပျက်ကုန်တာလည်း တွေ့နေတယ်၊ ဖြစ်လာတာလည်း တွေ့တယ်၊ ပျက်ကုန်တာလည်း တွေ့တယ် ဟုတ်ရဲ့လား၊ (မှန်လှပါဘုရား)၊ ဖြစ်ဖြစ် လာတာတွေ့ရင် ဟုတ်တယ်နော် ဘာဒိဋ္ဌိစင်၊ ဥစ္ဆေဒဒိဋ္ဌိစင်၊ ပျက်ပျက် ကုန်တာမြင် ဘာဒိဋ္ဌိစင် (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)၊ ဟုတ်တယ်

မဟုတ်လား၊ ဟော. . . ရုပ်တရားလေးကို ရှုနေတာ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ တွေ့ပြီးတော့နေတာ၊ ဖြစ်လာတာလည်း တွေ့နေတယ်၊ ပျက်ကုန်တာလည်း တွေ့နေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ တွေ့တွေ့နေတာက ဘာသစ္စာ၊ (မဂ္ဂသစ္စာပါ ဘုရား)၊ ဖြစ်ပျက်နေတာကလေးတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီမှာ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌစင်၊ (သဿတဒိဋ္ဌစင်ပါတယ် ဘုရား)၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌစင်၊ (ဥစ္ဆေဒဒိဋ္ဌစင်ပါတယ်ဘုရား)၊ အဲဒီဖြစ်တာနဲ့ပျက်တာဟာ ပုဂ္ဂိုလ်သတ္တဝါတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ ယောက်ျား မိန်းမတွေလား၊ (မဟုတ်ပါဘူးဘုရား)၊ လူ၊ နတ်၊ ဗြဟ္မာတွေလား (မဟုတ်ပါဘူးဘုရား)၊ ဘာတွေပါလိမ့် အဲ. . . ဓမ္မတွေပဲ၊ နော်၊ ရုပ်ကို ရှုတယ်ဆိုရင်တော့ ရုပ်ဓမ္မ၊ ရုပ်ကိုရှုရင် ရုပ်ဓမ္မ၊ နာမ်ကိုရှုရင် နာမ်ဓမ္မ၊ ဒီတော့ ဒီလိုပြောလိုက်တာပဲ၊ ဓမ္မတွေပဲပေါ့။ (မှန်ပါဘုရား)။ ဖြစ်ပျက်နေတာတွေက ဘာတွေပါလိမ့်၊ (ဓမ္မတွေပါ ဘုရား)။

ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာစင်တဲ့ပုဂ္ဂိုလ်

အဲ. . . ဓမ္မတွေပဲလို့ ဒီလိုသိလာရင် ဘာဒိဋ္ဌစင်၊ (သက္ကာယဒိဋ္ဌစင်ပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌစင်၊ ဘာတဲ့ (သက္ကာယဒိဋ္ဌစင် ပါတယ်ဘုရား)၊ ပြန်မေးပါဦးမယ်၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌစင်၊ (ဥစ္ဆေဒဒိဋ္ဌစင်ပါတယ်ဘုရား)၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌစင်၊ (သဿတဒိဋ္ဌစင်ပါတယ်ဘုရား)၊ အဲဒီ ဖြစ်တာပျက်တာ ပုဂ္ဂိုလ်သတ္တဝါတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ ယောက်ျား၊ မိန်းမတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ လူ၊ နတ်၊ ဗြဟ္မာတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ ဘာတွေပါလိမ့်၊ (ဓမ္မတွေပါ ဘုရား)၊ ဓမ္မတွေပဲလို့ ဒီလိုညွှန်ထဲမှာ ရှင်းလာရင်ဘာဒိဋ္ဌစင်၊

(သက္ကာယဒိဋ္ဌစင်ပါတယ်ဘုရား)၊ ဒိဋ္ဌစင်တာပေါ့၊ ဟာ. . . ဒိဋ္ဌမှ စင်လို့ရှိရင် **'ဒိဋ္ဌနိရောဓာ ခေါ် ဝိစိကိစ္ဆာနုပ္ပဒ္ဓတိ'** ဝိစိကိစ္ဆာပါရောပါတယ်၊ ဒိဋ္ဌမှစင်လို့ရှိရင် ဝိစိကိစ္ဆာပါရောပါ သွားတယ်ဆိုတော့ ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ ပြုတ်သွားတာပေါ့။ (မှန်ပါဘုရား)၊ ဒိဋ္ဌနဲ့ဝိစိကိစ္ဆာ ပြုတ်တဲ့ပုဂ္ဂိုလ် ဘာပုဂ္ဂိုလ်၊ (သောတာပန်ပုဂ္ဂိုလ်ပါဘုရား)၊ ဒါပဲ သောတာပန်ဖြစ်ဖို့ လမ်းစဉ်ဟာ ဒါပဲပေါ့။ ဆရာတော်ဘုရားကြီးပြောတာ ဘုန်းကြီးကတဆင့် ပြောတာနော်၊ (မှန်လှပါဘုရား)၊ ဒါပဲပေါ့။ ဒီလိုဆိုရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ သောတာပန် မဖြစ်နိုင်ဘူးလား၊ (ဖြစ်နိုင်ပါတယ်ဘုရား)၊ ဖြစ်နိုင်တာပေါ့။ အခု ဖြစ်ပျက်ကို ဖြိုင်ဖြိုင်မြင်ဖို့ပဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါပဲ၊ ဒိဋ္ဌစင်တယ်၊ ပထမဆုံးဒိဋ္ဌကစ စင်မှာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘုန်းကြီးတို့ ပပဉ္စတရားထဲမှာ တဏှာ၊ မာန၊ ဒိဋ္ဌ ဟော. . . နောက်ဆုံးဖြစ်တဲ့ဒိဋ္ဌ စစင်မှာမဟုတ်လား၊ (မှန်ပါဘုရား)၊ ဆက်ရှုတဲ့အခါကျတော့ တဏှာစင်လို့ရှိရင် အနာဂါမ်ဖြစ်မယ်၊ မာနပါစင်လို့ရှိရင် ရဟန္တာဖြစ်မယ်၊ ဟုတ်ရဲ့နော်၊ ဒါတွေလာပါလိမ့်မယ်၊ ကဲ. . . အဲဒီ အထက်ပိုင်းတွေ အသာထားပါ၊ ဘုန်းကြီးတို့ အောက်ပိုင်းပဲ ပြောကြတာပေါ့။

သောတာပန်ဖြစ်ရေးလမ်းစဉ်

ပုထုဇဉ်ဘဝကနေပြီးတော့ သောတာပန်ဖြစ်တဲ့ဥစ္စာပဲနော်၊ (မှန်ပါဘုရား)။ ခုတိုင်းဆိုလို့ရှိရင် ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေဖို့ဘဲ မဟုတ်လား၊ ဟုတ်တယ်၊ မလိုက်ဖို့ဘဲလိုအပ်တယ်၊ ရှုချင်ရာရှုပေါ့နော်၊ အခုဟာက ရုပ်ရှုပုံ ပြောတာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ရှုပက္ခန္ဓာရယ်၊ ဝေဒနာက္ခန္ဓာရယ်၊ သညာက္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာ. . . ဝိညာဏက္ခန္ဓာဆိုတာ စိတ်ကလေးတွေ မဟုတ်လား၊

(မှန်လှပါဘုရား)၊ ဘုန်းကြီးတို့ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယား နာ ကောင်းစိတ်၊ တွေးတောကြံစည်စိတ် ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး မျက်စိနဲ့အဆင်းနဲ့ ဒီလိုတွဲမယ် မဟုတ်လား၊ မျက်စိနဲ့ အဆင်းနဲ့ဆုံ ဘာစိတ်ပေါ်၊ မြင်စိတ်ပေါ်၊ ဒီလိုလာမှာ မဟုတ်လား၊ နားနဲ့ အသံနဲ့ဆုံ ဘာစိတ်ပေါ်၊ ကြားစိတ်ပေါ်၊ ဒါလေးတွေ လာတယ်မဟုတ်လား၊ ခါတိုင်းလုပ်နေကြ မဟုတ်လား၊ ပြီးတော့ နှာခေါင်းနဲ့ အနံ့နဲ့ဆုံ ဘာစိတ်ပေါ်၊ (နံစိတ်ပေါ်ပါတယ်ဘုရား)။ လာမယ်မဟုတ်လား၊ ပြီးတော့ လျှာနဲ့ အရသာနဲ့ဆုံ ဘာစိတ်ပေါ်၊ (စားစိတ်ပေါ် ပါတယ်ဘုရား)။ စားစိတ်ပေါ်၊ ခန္ဓာကိုယ်နဲ့ တွေ့ထိစရာနဲ့ဆုံ ဘာစိတ်ပေါ်၊ တွေ့ထိစိတ်ပေါ်၊ (တွေ့ထိစိတ်ပေါ်ပါတယ် ဘုရား)။

စိတ်တွေကိုခန္ဓာဖွဲ့ 'ဝိညာဏက္ခန္ဓာ'

အဲဒီလိုလေးတွေ လာမှာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ မနောနဲ့ ကြံတွေးစရာနဲ့ဆုံ ဘာစိတ်ပေါ်၊ တွေးတောကြံစည်စိတ်ပေါ်၊ လာမယ်မဟုတ်လား၊ ဟုတ်တယ်၊ အားလုံး ကိုယ့်သန္တာန်ရှိတာ 'မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်'၊ ဘယ်နှခုပါလိမ့်၊ (ခြောက်ခုပါဘုရား)။ ဘယ်လိုတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ (လျှာ၊ ကိုယ်၊ စိတ်ပါဘုရား)။ ဟုတ်တယ်မဟုတ်လား၊ မျက်စိနဲ့အဆင်းနဲ့ဆုံ ဘာစိတ်ပေါ်၊ (မြင်စိတ်ပေါ်)။ နှာခေါင်းနဲ့ အနံ့နဲ့ဆုံ ဘာစိတ်ပေါ်၊ (နံစိတ်ပေါ်)။ လျှာနဲ့အရသာနဲ့ဆုံ ဘာစိတ်ပေါ်၊ (စားစိတ်ပေါ်)။ ခန္ဓာကိုယ်နဲ့ တွေ့ထိစရာနဲ့ဆုံ ဘာစိတ်ပေါ်၊ (တွေ့ထိစိတ်ပေါ်)။

မနောနဲ့ ကြံတွေးစရာနဲ့ဆုံ ဘာစိတ်ပေါ်၊ (တွေးတော ကြံစည်စိတ်ပေါ်)၊ ဟုတ်တယ်မဟုတ်လား၊ (မှန်လှပါဘုရား)၊ စိတ်တွေနဲ့

ပတ်သက်ပြီးတော့ ဒီစိတ်တွေ ခန္ဓာဖွဲ့ရင် ဝိညာဏကွန္ဓာ မဟုတ်လား၊ (မှန်ပါဘုရား)၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယား နာ ကောင်းစိတ်၊ တွေးတောကြံစည်စိတ်၊ ကုန်ရောမဟုတ်လား၊ (မှန်လှပါဘုရား)။

ဆိုင်ရာရုပ်တရားနှစ်ခု ပေါင်းဆုံခြင်းကြောင့်

အဲဒီအထဲမှာမြင်စိတ်ကလေးပေါ်တဲ့ အခိုက်မှာကိုပဲ ခန္ဓာကငါးပါး၊ မြင်စိတ်ကလေးပေါ်တဲ့ အခိုက်မှာကိုပဲ ခန္ဓာကငါးပါး၊ ဟုတ်လား မဟုတ်လား မျက်စိ၊ မြင်စိတ်ပေါ်ဖို့ အကြောင်းဟာ မျက်စိအကြည်လေးလည်း ရှိရမယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ မျက်စိအဖြူကြီး၊ အဖြူထဲမှာ မည်းမည်းဝိုင်းဝိုင်းကြီး၊ မည်းမည်းဝိုင်းဝိုင်းကြီးထဲမှာ မည်းမည်းဝိုင်းဝိုင်း သေးသေးကလေး မဟုတ်လား၊ (မှန်လှပါဘုရား)။

အဲ . . . မည်းမည်းဝိုင်းဝိုင်း သေးသေးကလေး၊ အဲဒါလေးက အကြည်လေး၊ မှန်ချပ်ကလေးတဲ့၊ အဲဒါရုပ်တရားလား နာမ်တရားလား စစ်ကြည့်တော့ ရုပ်တရား၊ မျက်ကြည်လေးက ဘာတုံး၊ ရုပ်တရား၊ သူမြင်ရတဲ့ဥစ္စာ အဆင်းတွေ၊ အပြင်ဘက်မှာ ဖြူတာတွေ၊ နီတာတွေ၊ ဝါတာတွေ၊ ကြောင်တာတွေ၊ ကျားတာတွေ၊ လှတာတွေ၊ မလှတာတွေ ဟူသမျှက အဆင်းတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဆင်းတွေက နာမ်တရားလား ရုပ်တရားလား၊ (ရုပ်တရားပါဘုရား)။

ဒါဖြင့်ရင် မျက်ကြည်ရယ်၊ မြင်ရတဲ့အဆင်းရယ် နှစ်ခုက ရုပ်တရားတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဆိုင်ရာရုပ်တရားနှစ်ခု ပေါင်းဆုံခြင်းကြောင့် 'မြင်စိတ်'ဆိုပြီး ပေါ်လာတာ မဟုတ်လား၊ (မှန်လှပါဘုရား)။

သုံးခုဆုံတာကို 'ဗဿ' လို့ခေါ်တယ်

ဟို. . . ရုပ်တရားတွေက အကြောင်း၊ ပေါ်လာတဲ့ဥစ္စာက အကျိုး၊ အကြောင်းကြောင့် အကျိုး၊ အကြောင်းကြောင့် အကျိုး၊ ပဋိန္ဓသမုပ္ပါဒ်၊ ပဋိစ္စသမုပ္ပါဒ်၊ သြော်. . . ပဋိစ္စသမုပ္ပါဒ်က ဒီလည်းပါတာပေါ့။ (မှန်လှပါဘုရား)၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အေး အဲဒီလို ဖြစ်တဲ့အခါမှာ စစ်ကြည့်တော့၊ မျက်စိအကြည်ရယ်၊ အဆင်းရယ်က ခန္ဓာဖွဲ့ ဘာခန္ဓာ၊ (ရူပက္ခန္ဓာ)၊ သူတို့နှစ်ခု ဆုံခြင်းကြောင့် ပေါ်ခြင်းကြောင့် ဟော ပေါ်ပြီးတော့လာတဲ့ မြင်စိတ်ကလေးက ဘာခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ မြင်စိတ်ကလေးက ဘာတဲ့တုံး၊ (ဝိညာဏက္ခန္ဓာပါ ဘုရား)၊ ဝိညာဏက္ခန္ဓာ၊ ဟုတ်ရဲ့နော်၊ (မှန်လှပါဘုရား)၊ အေး . . . သူတို့သုံးခု ဆုံပြီးတော့ သွားတော့ 'ဖဿ'မဟုတ်လား၊ (မှန်လှပါဘုရား)။ ဖဿလေးက ဘယ်ခန္ဓာထဲထည့်မယ်၊ သခ်ၤါရက္ခန္ဓာ၊ သုံးခုဆုံခြင်းကြောင့် ခံစားမှုလေးပေါ်တာက ဝေဒနာက္ခန္ဓာ၊ ဘယ်သူပဲ၊ ဘယ်ဝါပဲ၊ ဘာပဲဆိုတဲ့ မှတ်သားမှုလေးက သညာက္ခန္ဓာဆိုတော့၊ မြင်စိတ်ကလေးပေါ်တဲ့ အခါကိုပဲ ခန္ဓာက ဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ငါးပါး၊ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ဟော ကြားစိတ်ကလေးပေါ်တဲ့ အခါမှာလည်း၊ ဒီလိုပဲ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ဟုတ်တာပေါ့။ နားအကြည်ရုပ်၊ နားခလောင်ထဲမှာ နားအကြည်ရုပ်ကလေး၊ ဟော ဟိုကြားစရာ အသံရယ် ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ နားကလည်း ရုပ်၊ ကြားစရာအသံကလည်းပဲ ရုပ်၊ သူတို့ဆိုင်ရာနှစ်ခု ဆုံခြင်းကြောင့် ဘာစိတ်ပေါ်၊ ကြားစိတ်ပေါ်၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒီလို ပေါ်တဲ့အခါမှာကော ခန္ဓာက ဘယ်နှပါး၊ ငါးပါး၊ ဟုတ်တယ်။

'ဖဿ' ကြောင့် သခ်ါရကွန္ဓာ

ဟောဟို နားအကြည်ရုပ်တို့၊ အသံတို့က ရူပကွန္ဓာ၊ ပေါ်ပြီးတော့လာတဲ့ စိတ်ကလေးက ကြားစိတ်ကလေးက ဝိညာဏကွန္ဓာ၊ သူတို့သုံးခုဆုံသွားလို့ ဖဿဖြစ်တာက သခ်ါရကွန္ဓာ၊ သုံးခုဆုံသွားလို့ ခံစားမှုလေးပေါ်တာက ဝေဒနာကွန္ဓာ၊ ဘာပဲ၊ ဘာအရသာပဲ၊ ညာအရသာပဲလို့ ဟိုတုန်းက မှတ်သားထားတဲ့ အမှတ်အသားလေးက ဘာခန္ဓာ၊ သညာကွန္ဓာ၊ ဒီတော့ ကြားစိတ်ပေါ်တဲ့အခိုက် ခန္ဓာဘယ်နှပါး၊ (ငါးပါး)၊ ငါးပါး၊ အလားတူပေါ့၊ နှာခေါင်းနဲ့အနံ့နဲ့ဆုံ ဘာစိတ်ပေါ်၊ နံစိတ်ပေါ်၊ ဒီအပေါ်လည်း ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ လျှာနဲ့အရသာနဲ့ဆုံ ဘာစိတ်ပေါ်၊ စားစိတ်ပေါ်၊ ဒီအခါမှာလည်း ခန္ဓာက ဘယ့်နှယ့်တုံး၊ (ငါးပါးပါ ဘုရား)၊ ခန္ဓာကိုယ်နဲ့တွေ့ထိစရာနဲ့ဆုံ ဘာစိတ်ပေါ်၊ တွေ့ထိစိတ်ပေါ်၊ ဒီမှာလည်း ခန္ဓာငါးပါး၊ မနောနဲ့ ကြံတွေးစရာနဲ့ဆုံ ဘာစိတ်ပေါ်၊ တွေးတောကြံစည်စိတ်ပေါ်၊ အဲဒီမှာကော ခန္ဓာက၊ (ငါးပါးပါ ဘုရား)၊ ဆိုတော့ မြင်ခန္ဓာ၊ ကြားခန္ဓာ၊ နံခန္ဓာ၊ စားခန္ဓာ၊ တွေ့ထိခန္ဓာ၊ ကြံတွေးခန္ဓာ ခန္ဓာတွေပေါ့၊ ကြည့်စမ်း ဒီတော့ ဒီခန္ဓာတွေက၊ မြင်စိတ်ကလေးဆိုရင်ပဲ ဖျပ်ခနဲပေါ်ပြီးတော့ ထပ်ခနဲပျောက်သွားတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကြားစိတ်ကလေးကလည်း ဖျပ်ခနဲပေါ်ပြီးတော့ ထပ်ခနဲပျောက်သွားတာ၊ ခန္ဓာကတော့ ဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ အားလုံးကျန်တဲ့ ဥစ္စာ နံခန္ဓာ၊ ကြားခန္ဓာ၊ ကျန်တဲ့ ဥစ္စာကလေးတွေလည်း ဖျပ်ခနဲပေါ်ပြီးတော့ ထပ်ခနဲပျောက်သွားတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ပေါ်ပြီးတော့ ပျောက်တယ်၊ ပေါ်ပြီးတော့ ပျောက်တယ်။

ပေါ်တာက ဖြစ်တာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ပျောက်သွားတာက ပျက်တာ၊ ဖြစ်တာပျက်တာ၊ ဖြစ်တာပျက်တာ၊ ခန္ဓာတွေမဟုတ်လား၊ (မှန်လှပါဘုရား)၊ ပြောသာပြောရတယ်၊ အဲဒီခန္ဓာတွေကမြင်ရလား၊ (မမြင်ရပါဘူးဘုရား)၊ မမြင်ရဘူး၊ ဘုန်းကြီးတို့ အခုအထင်ကရပြောနေတဲ့ ဥစ္စာကြီးက မြင်ရတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ ဒီခန္ဓာကြီးက နေမကောင်းဘူးဆိုရင် ဆရာဝန်သွားခေါ် ဆေးတွေ ဘာတွေထိုးရင် ပျောက်သေးတယ်နော်၊ ဒီခန္ဓာလေးကလည်း ပျက်မလို ဖြစ်လာတဲ့ ဥစ္စာ နေမကောင်းတာပဲ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဆရာဝန်သွားခေါ် ခေါ်ချိန်ရလား၊ (မရပါဘူးဘုရား)၊ အဲ ပျောက်သွားပြီ၊ အဲဒီ ခန္ဓာလေး၊ အမယ် . . . ဒီခန္ဓာကြီးက ဟော အသားဖြူတယ်၊ အသားမည်းတယ် ပြောလို့ရတယ်၊ အဲဒီ ခန္ဓာလေးက အသားဖြူတယ်၊ အသားမည်းတယ် ပြောလို့ရလား၊ (မရပါဘူးဘုရား)၊ အမယ် . . . ဒီခန္ဓာလေးကို သတိပြုစမ်းပါဦး၊ ဟုတ်တယ်နော်၊ (မှန်လှပါဘုရား)၊ ဒီခန္ဓာကြီးက လှတယ် မလှဘူး၊ ဂတယ် မဝဘူး ပြောလို့ရတယ်နော်၊ ဒီခန္ဓာလေးက ပြောလို့ရလား၊ (မရပါဘူးဘုရား)၊ အဲဒီပြောလို့မရတဲ့ ခန္ဓာလေးကို သိအောင်လုပ်စမ်းပါ၊ ဒီခန္ဓာကြီးက ချိန်ကြည့်ရင် လေးဆယ်၊ လေးဆယ့် ငါးပိသာတော့ လေးမှာပေါ့၊ ဒီခန္ဓာလေးက ပေါ်လာတာ အဲသလို အလေးချိန်ရှိသလား၊ (မရှိပါဘူးဘုရား)၊ အဲဒီ အလေးချိန်မရှိတဲ့ခန္ဓာလေးကို မြင်အောင်ကြည့်စမ်းပါ၊ ဟော. . . ဒီခန္ဓာကြီးက အရုပ်ပုတယ်၊ အရုပ် ရှည်တယ်၊ ဒီလိုပြောလို့ရတယ် မဟုတ်လား၊ ဒီခန္ဓာလေးက ပြောလို့ရလား၊ (မရပါဘူး ဘုရား)၊ ဟော. . . အဲဒီလို ပြောလို့မရတဲ့ခန္ဓာနော်၊ (မှန်ပါဘုရား)၊ အို. . . ဖြောင့်ဖြောင့်ပြောကြစို့လို့ ဆိုတော့၊ ဒီခန္ဓာ

ကြီးက လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ် အလေးချိန်ရှိတယ်၊ ဒီခန္ဓာလေးက လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ် အလေးချိန်ရှိလား၊ (မရှိပါဘူးဘုရား)။

ဉာဏ်မျက်စိရဲ့ သာမြင်ရတဲ့ ခန္ဓာငါးပါး

အဲဒီခန္ဓာပြောတယ်၊ အဲဒီခန္ဓာလေးကို ကြည့်စမ်းပါ။ ပေါ်လာပြီးတော့ ပျောက်သွားတယ်၊ ပေါ်လာပြီးတော့ ပျောက်သွားတယ်၊ ဒီဥစ္စာလေးကို တွေ့ပြီးတော့နေအောင် ဉာဏ်နဲ့ကြည့်ရမှာပေါ့။ (မှန်ပါ ဘုရား)။ အဲသလိုကြည့်လို့ မြင်ပြီးတော့နေတဲ့အခိုက်၊ ဒီပုဂ္ဂိုလ်သန္တာန် ပပဉ္စတရားဝင်ပါ့မလား၊ (မဝင်ပါဘူးဘုရား)၊ ဩော် . . . ဒီလိုကိုး၊ အဲလိုမှမဟုတ်ရင် ဝင်တယ်နော်၊ (မှန်ပါဘုရား)၊ မျက်စိဟာ ဒီသဉ္ဇာယတနဆိုတဲ့ ဥစ္စာနဲ့ ပတ်သက်ပြီးတော့၊ မျက်စိနဲ့ အဆင်းနဲ့ဆုံ မြင်စိတ်ပေါ်၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဒီလိုတွေ လျှောက်လျှောက် တန်းတန်းသွားတယ်၊ တန်းတန်းသွားတယ်၊ အဲသလိုသာ တန်းတန်းသွားလို့ရှိရင် ဟာ . . . သံသရာကြီးချဲ့သွားတာမဟုတ်လား၊ (မှန်ပါဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသာဖြစ်လို့ရှိရင် ဟိုဘက်မှာ ဇာတိ၊ ဇရာ၊ မရဏာလာတယ်ဆိုလို့ရှိရင်၊ ဟိုဘက်ဆက်ပတ်မယ်ဆိုရင် သံသရာချဲ့တာပေါ့။ (မှန်ပါဘုရား)၊ ဟာ. . . ချဲ့တယ်၊ ချဲ့တယ်၊ မျက်စိ မြင်တာနဲ့ပတ်သက်ပြီးတော့လည်း ချဲ့တယ်မဟုတ်လား၊ (မှန်ပါဘုရား)။ နား ကြားတာနဲ့ပတ်သက်ပြီးတော့လည်း ချဲ့ပါ့။ ချဲ့ပါ့။ ဟုတ်လား မဟုတ်လား၊ နည်းနည်းနမူနာ တစ်ခုပြောပါဦးမယ်၊ ဟာ . . . မျက်စိ၊ ပိုက်ဆံအိတ်ကလေးနဲ့ စျေးထဲသွားမယ်နော်၊ ဟာ . . . မင်္ဂလာစျေးထဲသွားမယ်ဆိုပါတော့၊ ကိုယ့်လက်ထဲ ပိုက်ဆံအိတ်ကလေးလည်း ပါတယ်၊ ဟာဟို စျေးဝရောက်တာနဲ့ တစ်ပြိုင်တည်း

အထည်တန်းကို ဝင်လိုက်တော့၊ ဟိုမှာချိတ်ထားတဲ့ ဥစ္စာလေးတွေက အဆင်ဆန်းကလေးတွေ လှကလှနဲ့၊ နောက်ဆုံးပေါ်လေးတွေ မဟုတ်လား၊ အဲဒါကအဆင်း မဟုတ်လား၊ (မှန်ပါဘုရား)၊ ဟို မျက်စိအကြည်နဲ့ အဆင်းနဲ့ သွားမဆုံပေဘူးလား၊ (ဆုံပါတယ်ဘုရား)၊ ဆုံတော့ ဘာစိတ်ပေါ်၊ မြင်စိတ်ပေါ်၊ သုံးခုဆုံသွားတာ ဘာတုံး၊ (ဖဿပါ ဘုရား)၊ ဟာ. . . တုံ့ခနဲဖြစ်သွားတာက၊ (ဝေဒနာပါဘုရား)၊ ဝေဒနာပါ။

အကြောင်းကြောင့် ဓနုဂါးပါးပေါ်

ဟို. . . ရှေ့ဆိုင်တောင် ဆက်မသွားဖြစ်ဘူး၊ တုံ့ခနဲ ခြေထောက်ကို ဖြစ်သွားတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒါကဘာတုံး၊ (ဝေဒနာပါဘုရား)၊ လိုလိုက်ချင်ပါဘိ၊ (တဏှာပါဘုရား)၊ ရကိုရချင်တယ်၊ (ဥပါဒါန်ပါဘုရား)၊ တစ်လှမ်းချင်း ရှေ့တိုးသွားတော့၊ (ကမ္မဘဝပါဘုရား)၊ ကာယကံ၊ ဝစီကံ၊ မနောကံ လာမှာမဟုတ်လား၊ (မှန်ပါဘုရား)၊ ဟို. . . အစကောင်းလား မကောင်းလား လက်နဲ့ကိုင် ကြည့်သေးတယ်၊ ဘာတုံး၊ ကမ္မဘဝပေါ့၊ ကာယကံမဟုတ်လား၊ (မှန်ပါဘုရား)၊ တစ်ကိုက်ဘယ်လောက်လဲ ဆိုပြန်တော့ကော၊ (ဝစီကံပါ ဘုရား)၊ ဝစီကံ၊ ကမ္မဘဝပဲ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဒီထိအောင် တန်းမသွားဘူးလား၊ (တန်းသွားပါတယ်ဘုရား)၊ ဟယ် . . . တန်းသွား တာ၊ ဒီဂိုတန်းတယ်လို့ ဟိုတုန်းကတော့ သိလား၊ (မသိပါဘူး ဘုရား) မသိဘူး၊ တကယ်တော့ တန်းတော့ တန်းနေတာပဲ မဟုတ်လား (မှန်ပါ ဘုရား)၊ အဲ. . . တန်းတယ်ဆိုရင်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတွေ တန်းတယ်ဆိုလို့ရှိရင် ပပဉ္စတရားတွေ ရင်ထဲ နှလုံးထဲရောက်လာတာ (မှန်ပါဘုရား)၊ အေး . . . အဲဒါတွေနဲ့ ဆိုလို့ရှိရင် နိဗ္ဗာန်ရနိုင်ပါ့မလား (မရနိုင်ပါဘူး ဘုရား)၊ မရနိုင်ဘူး၊

ဟုတ်တယ် မဟုတ်လား၊ (မှန်ပါဘုရား)။

အရမ်းအရမ်းလို့ချင်တာ ဥပါဒါန်

ဟော. . . မျက်စိနဲ့ အဆင်းနဲ့ဆုံ ဘာစိတ်ပေါ်၊ မြင်စိတ်ပေါ်၊ စာလိုပြောနေလို့သာ၊ ဟော. . . တကယ့်လက်တွေနဲ့ ပြောမယ်ဆိုရင် မျက်စိနဲ့ ဟိုကချိတ်ပြီးထားတဲ့ အထည်အဆင်ဆန်း အစလေးနဲ့ ဆုံလိုက်တာနဲ့ ဘာစိတ်ပေါ်၊ မြင်စိတ်ပေါ်၊ ဟာ. . . မြင်စိတ်ပေါ်တယ်ဆိုတော့ သုံးခုဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)၊ သုံးခုဖြစ်သွားတာလေး ဘာခေါ်တုံး၊ (ဖဿ)၊ ဟို. . . တုံ့ခနဲ ဖြစ်သွားတာက၊ (ဝေဒနာပါ ဘုရား)၊ လိုလိုက်ချင်ပါဘိဆိုတော့ (တဏှာပါဘုရား)၊ ဒါလေးဝယ်ပေး ပါနော်၊ (ဥပါဒါန်)၊ ဆိုတော့ အရမ်းအရမ်းလိုချင်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒါ တရွေ့ရွေ့နဲ့ ရှေ့တိုးသွားတာက ကမ္မဘဝ၊ စမ်းသပ်ကြည့်တာလည်းပဲ ကမ္မဘဝ၊ တစ်ကိုက် ဘယ်လောက်လဲ ဆိုတာလည်း ကမ္မဘဝ၊ အင်း. . . ဒီလိုလေးတွေ ရင်ထဲ၊ နှလုံးထဲမတန်းဘူးလား၊ (တန်းပါတယ်ဘုရား)၊ တန်းတာဟာ ပဋိစ္စသမုပ္ပါဒ် တန်းတာပေါ့ (မှန်လှပါဘုရား)၊ ဟိုတုန်းက ပဋိစ္စသမုပ္ပါဒ် တန်းတယ်လို့သာ နာမည်မပေးတာ၊ တကယ်တော့တန်းနေတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်ပ့ါ၊ နားနဲ့အသံနဲ့ ဆုံမယ်၊ အဆိုတော် တစ်ဦးဦးပဲဆိုပါတော့၊ ဟာ. . . ရေဒီယိုက အဆိုတော်တစ်ဦးဦး လာတယ်၊ ဟာ. . . ဟိုက အသံနဲ့ ကိုယ့်နားအကြည်ရုပ်နဲ့ဆုံ ဘာစိတ်ပေါ်၊ (ကြားစိတ်ပေါ်)၊ ဟုတ်တယ် မဟုတ်လား၊ နားနဲ့ရေဒီယိုက အသံနဲ့ ဆုံတော့ ဘာစိတ်ပေါ်၊ (ကြားစိတ်ပေါ်ပါတယ် ဘုရား)၊ ကြားစိတ်လေးဆိုတော့ သုံးခုမဟုတ်လား၊ (မှန်ပါ ဘုရား)၊ ဘာဖြစ်သွား၊ ဖဿဖြစ်။

လှိုက်ခရဲဖြစ် သွားတာ ဝေဒနာ

ဟိုး. . . တစ်ခါတည်းလူကိုပဲ သဘောကိုကျပြီးတော့ သွားတာ၊ လှိုက်ခနဲဖြစ်သွားတာက၊ (ဝေဒနာပါဘုရား)။ ကောင်းလိုက်တဲ့ အသံ၊ (တဏှာ)။ နည်းနည်းခလုတ်ကလေး မြွှင့်လိုက်ကြပါဦးဟဲ့၊ (ဥပါဒါန်)။ ဘယ်သူမှမမြွှင့်တော့၊ ကိုယ့်ဘာသာကိုယ် သွားမြွှင့်တယ်ဆိုတော့၊ ကမ္မဘဝ မဟုတ်လား၊ (မှန်ပါဘုရား)။ အေး. . . အဲဒီလိုလေးတွေ ဖြစ်ကုန်တာဟာ၊ ပဋိစ္စသမုပ္ပါဒ် တန်းတာပဲမဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒီ တတိယအကွက်က တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတွေသာ တန်းလို့ကတော့၊ သူတို့တစ်တွေဟာ ပပဉ္စတရားတွေ ဖြစ်ကုန်ပြီ မဟုတ်လား၊ (မှန်ပါဘုရား)။ အဲသလို ပပဉ္စတရားတွေသာ ရင်ထဲ၊ နှလုံးထဲရောက်ရောက် ရောက်ရောက်လာလို့ကတော့၊ ဒီပုဂ္ဂိုလ် နိဗ္ဗာန်ရနိုင်ပါ့မလား၊ (မရနိုင်ပါဘူး ဘုရား)။ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက ပြောတာကိုး၊ ဒါခန္ဓာတွေပဲ မဟုတ်လား၊ (မှန်ပါဘုရား) ဒါကြောင့် နိဗ္ဗာန်ရချင်တယ်ဆိုရင် ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့၊ မမှေနဲ့နော်၊ (မှန်ပါ ဘုရား)။ သိကြားမင်းကြီးက ရောက်လာပြီးတော့ ဘုရားကိုယ်တော်မြတ်ထံ လျှောက်တယ်၊ အရှင်ဘုရား တဏှာကုန်ရာနိဗ္ဗာန်ဆိုတာ ကြားဖူးတယ်ဘုရား၊ အဲဒီ တပည့်တော် မြန်မြန်ရောက်ချင်တယ် ဘုရား၊ ဘယ်လိုလုပ်ရမလဲလို့၊ ပထမမေးခွန်းစမေးတာ မဟုတ်လား၊ (မှန်ပါ ဘုရား)။ ဘုရားက ဘယ်နှယ်ဖြေ၊ ခန္ဓာနောက်က ပပဉ္စတရားမလိုက်စေနဲ့၊ လိုက်တယ် အရှင်ဘုရားရဲ့၊ မလိုက်အောင် ဘယ်လိုလုပ်ရမလဲလို့ နောက်ထပ် မေးတယ်မဟုတ်လား၊ (မှန်ပါဘုရား)။ ဒီတော့ ဘုရားက ဘယ်နှယ် ဖြေ၊ (ခယဝယ မြင်အောင်ရှု)၊ ခယဝယ မြင်အောင်ရှု။

ဩော်. . . ဒီလိုဆိုရင် သိကြားမင်းကြီးကနှစ်ခွန်း၊ ဘုရားကလည်း နှစ်ခွန်း၊ အမေးနှစ်ခု အဖြေနှစ်ခု၊ အားလုံးမှ လေးခုတည်းပါ၊ (မှန်လှပါဘုရား)၊ မမျှားပါဘူးနော်၊ ဒီဥစ္စာလေးတော့ မှတ်မိအောင် ကိုယ့်စွဲထားရမှာပေါ့နော်၊ (မှန်လှပါဘုရား)၊ အဲသလိုနဲ့ ဘုရားကိုယ်တော်မြတ်ကြီးက ရှင်းပြတော့၊ သိကြားမင်းကြီးက သဘောကျလို့တဲ့၊ အသံဝါကြီးနဲ့ သာဓု. . . သာဓု. . . သာဓုလို့ခေါ်ပြီးတော့ ကောင်းကင်ပြန်တက်သွားသတဲ့၊ ဘယ်ပြန်တက်သွား၊ (ကောင်းကင် ပြန်တက်သွားပါတယ် ဘုရား)၊ အဲဒီ အချိန်မှာ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက၊ အဲဒီ ပုဇ္ဈာရုံကျောင်းတိုက်ထဲမှာ တစ်နေရာမှာ ရှိတာဆိုတော့ ကြားတာပေါ့၊ ဒါဟာ သိကြားမင်းကြီးရဲ့ အသံပဲ၊ အသံဝါကြီးနဲ့ သာဓုခေါ်သံ ကြားတယ်၊ ဘာတွေများ သဘောကျလို့ပါလိမ့်။

ဩော်. . . ဘုရားအနားက သာဓုခေါ်တယ်ဆိုတော့လည်း တရားသဘောကျတာနေမှာပေါ့။ ဘာတရားတွေများ ဘုရားကိုယ်တော်မြတ်က ဟောလို့ပါလိမ့်မလဲ သိလိုက်ချင်တာ၊ ဘုရားသွားမေး ရအောင် ကလည်း အားနာစရာကြီး၊ ဒီတော့သိကြားမင်းကြီးနောက် လိုက်မေးတာပဲ အေးပါသလေဆိုပြီးတော့ တက်လိုက်တာပေါ့။ ဘယ်သူကတုံး၊ (ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးပါဘုရား)၊ ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးသူကလည်းတန်ခိုးကြီးတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟိုမှာ သိကြားမင်းကြီးက ပြန်ပြီးတော့ရောက်လာတယ်။

ဟော့. . . ဟော့. . . လာကြဟော့၊ ငါ လူ့ပြည်ကပြန်လာခဲ့ပြီ ဟော့၊ ကိုင်း. . . ကိုင်း မင်းတို့စောင့်နေကြတာ အားနာစရာကောင်းလိုက်တာ၊ ကဲ. . . ဥယျာဉ်ထဲဝင်ကြစို့ ဆိုပြီးတော့ ဥယျာဉ်ထဲဝင်ကြ၊ တီးကြ၊ မှုတ်ကြ၊

ကကြ၊ ခုန်ကြ၊ စားကြ၊ သောက်ကြလုပ်ကြတာပေါ့။ (မှန်လှပါဘုရား)။ သိကြားမင်းကြီးနဲ့ ပရိသတ်ကလေ၊ စောစောတုန်းက ဥယျာဉ်ပေါက်ဝနား ထားခဲ့တယ်မဟုတ်လား၊ (မှန်ပါဘုရား)။

ဟာ အခု စားသောက်နေလို့ အရှိန်တောင် ကောင်းကောင်း မ ရသေးဘူး၊ ဟေ့. . . ဟေ့ ခဏာရပ်ကြ၊ ရပ်ကြ၊ ဟိုက ရဟန်းတစ်ပါး လာတာတွေ့နေတယ်၊ သူတို့တစ်တွေက တီးတာ၊ မှုတ်တာမကြိုက်ဘူးကွ၊ တရွေ့ရွေ့နဲ့ အနားနားရောက်လာတော့ ဟာ. . . အရှင်ဘုရားပဲ၊ ရှင်မောဂ္ဂလာန်ကြီးကိုလေ၊ (မှန်လှပါဘုရား)၊ တပည့်တော်တို့က ဖျော်ပွဲစားတာ ကိုယ်တော်နဲ့ဘာဆိုင်တုန်း၊ အို. . . အပြစ်တင်တာကလည်း တယ်စောတာကိုး သိကြားမင်းကြီးကလည်း၊ ဟုတ်တယ် ကိုယ်တော်က ဘာလို့လာတာတုံး၊ နေစမ်းပါဦး၊ စောစောတုန်းက 'သာဓု' ခေါ်သံကြားလို့ပါ။ အဲဒါသိကြားမင်းကြီး အသံလားလို့ပါ။ ဟုတ်ပါတယ်။

သာဏန်းရတာသုံးမျိုး

အဲဒါ ဘာတွေများ သဘောကျလို့လဲ၊ တရားကိုပေါ့ ကိုယ်တော်၊ ဟုတ်ပါပြီ၊ ဘာတရားတွေဟောလိုက်လို့လဲ၊ ကျွန်ုပ်တို့ကိုလည်း တဆင့် ပြန်ဟောစမ်းပါ ကြားပါရစေ. . . ဆိုတော့ မေ့သွားတယ်၊ မေ့သွားတယ်၊ သိကြားမင်းကြီးလေ၊ ကျွန်ုပ်တို့ကို ပြန်ဟောပါဦးလို့ဆိုတော့ မေ့သွားတယ်တဲ့၊ ကြည့်စမ်းပါဦး၊ ခုနတုန်းကမှနော်၊ တရားကလည်း မများပါဘူး၊ စကားလေးမှ လေးလုံးတည်းမဟုတ်လား၊ မေးတာကနှစ်ခွန်း၊ ဖြေတာက (နှစ်ခွန်း)၊ အဲဒါတောင်မေ့သတဲ့၊ အမယ်လေး အဲသလောက်ပဲ နတ်ပြည်ဆိုတာ မေ့လောက်အောင် အာရုံတွေက ပေါတာမဟုတ်လား၊ (မှန်ပါဘုရား)၊ ပေါတယ်၊ ဘုန်းကြီးတို့ လူသားတွေက သူတို့နတ်သမီး၊ နတ်သား

တွေထက် သာတန်းရတာ သုံးမျိုးရှိတယ်၊ မမေ့ဘူး၊ လူတွေက ဘာတုံး မမေ့ဘူး၊ သတိကောင်းတယ်၊ နောက်တစ်ခါ 'သူရ' ရဲရင့်တယ်၊ ဘာတဲ့၊ (ရဲရင့်တယ်)။ ရဲရင့်တယ်၊ ပြီးတော့ အခု လူပြည်က တရားအားထုတ်ဖို့ နေရာရှိတယ်၊ အားလုံး သုံးမျိုးပေါ့။ (မှန်ပါဘုရား)။ နံပါတ် (၁)က မမေ့ဘူး၊ နံပါတ်(၂)က ရဲရင့်တယ်၊ နံပါတ်(၃)က တရားအားထုတ်ဖို့ရာ နေရာတွေ ရှိတယ်၊ ငြဟ္မာ့စရိယာဝါဒဆိုတာလေ၊ ဩော်. . . သူတို့ နတ်ပြည်က ခုနတုန်းကလိုပဲ မေ့တတ်တယ်နော်၊ ပြီးတော့ ကြောက်တတ်တယ်တဲ့ . . . သူတို့က၊ ဘုန်းကြီးတို့ လူသားတွေက ရဲတယ်၊ အမယ် သတ္တိရှိတယ်၊ ဒီလိုတွေ သူတို့ထက်သာတာပေါ့။ (မှန်လှပါဘုရား)။ ပြီးတော့ သူတို့ နတ်ပြည်မှာ တရားအားထုတ်လို့ မရဘူး၊ တစ်ခါတစ်လေ ဥပုသ်ကလေး စောင့်တာတောင်မှ ပွတ်သီးပွတ်သပ် လာလုပ်တော့ ကျိုး၊ ဥပုသ်တွေ ကျိုးတယ်၊ တရားအားထုတ်ဖို့ နေရာတော့ဝေးရော၊ ဟာ. . . ဘုန်းကြီးတို့လူပြည်က ပေါပဲ့။ ဘယ်နေရာသွား အားထုတ် အားထုတ်၊ ဘယ်သစ်ပင်အောက် သွားထိုင် သွားထိုင် ရတယ်နော်၊ (မှန်လှပါ ဘုရား)။ ဟောမယ့်သူတွေလည်းရှိတယ်၊ တရားအားထုတ်စရာ နေရာတွေလည်း ပေါပဲ့။ အဲသလိုပေါတာ၊ အခုသူတို့မှာဆိုရင် အခု မေ့သွားပြီ မဟုတ်လား၊ (မှန်ပါ)။ အူး. . . အဲ နဲ့လုပ်နေတယ်၊ ဩော်. . . ဩော်. . . ဒီတော့ သူ ပြောတော့တာ။

မဆိုင်တာလိုးလွဲဖြေ

ဟိုတစ်ခါတုန်းက. . . တပည့်တော်တို့နဲ့ အသူရာတွေနဲ့ စစ်တိုက်တာပေါ့ဘုရား၊ ဟော. . . မမေးတာ သွားပြောတယ်၊ မမေးတာ ဖြေနေတယ်နော်၊ အင်း. . . စစ်တိုက်တော့ တပည့်တော်တို့က နိုင်တာ

ပေါ့ဘုရား၊ အဲ နိုင်တာနဲ့ တပည့်တော်တို့က အောင်နိုင်တဲ့ အထိမ်းအမှတ် ဆိုပြီးတော့ ဗိမာန်ကြီးလုပ်ထားတယ်ဘုရား၊ ဝေဇယန္တာ နန်းပြာသာဒ်ကြီး ဆိုတာ အကြီးကြီးပဲ၊ အရှင်ဘုရား ကြည့်မလား၊ ဒါနဲ့သိကြားမင်းကြီးက ရွှေကသွား၊ အရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက နောက်ကလိုက်၊ ဟိုရောက်တော့ပြတယ် ကွန်းတိုင်ကြီးတွေကို။

ကဲ. . . ဘယ်လောက်ခံ့သလဲ အရှင်ဘုရား၊ ဒါက ရွှေတွေ၊ ဒါက မြတွေ၊ ဟိုက ကျောက်တွေ၊ ဟိုက စိန်တွေ ခြယ်ထားတာ ခမ်းခမ်းနားနား အရှင်ဘုရားတွေ့တဲ့အတိုင်းပဲ၊ အဆောင်အကြီးကြီးတွေချည်းပဲ၊ အဆောင်ပေါင်း ၁၀၀-တွဲဆောက်ထားတာ၊ အဆောင်ပေါင်း ဘယ်လောက်တုံး၊ (၁၀၀-ပါဘုရား)၊ တစ်ဆောင်တစ်ဆောင်မှာ အထွဋ်က ခုနစ်ခု ခုနစ်ခု၊ အထွဋ်တစ်ခုမှာ မိဖုရားကခုနစ်ဦး ခုနစ်ဦး၊ မိဖုရားတစ်ဦး တစ်ဦးမှာ အလုပ်အကျွေးက ခုနစ်ယောက် ခုနစ်ယောက်၊ အမယ်လျှောက်ပြောနေတာ၊ အမှန်က ဟို. . . တရား ဖြေရမှာစိုးလို့။

အဲသလိုနဲ့လျှောက်ပြီးတော့ ဟိုပြ ဒီပြပြတော့၊ ရှင်မောဂ္ဂလာန်ကြီးက သိပါတယ်၊ အင်း. . . သိကြားမင်းကြီးက သူမေ့လို့လုပ်နေတာ၊ ကဲ ဒီလောက်ရှိလှတာဆိုပြီးတော့၊ တန်းဆိုးအဘိညာဉ်နဲ့ ကောင်းကင်တက်ပြီးတော့၊ ပြာသာဒ်ဖျားကို ခြေမနဲ့ညှပ်ပြီးတော့ ရမ်းခါပစ်လိုက်တာလေ၊ ဝရုန်း ဝရုန်း ဝရုန်းဆိုပြီးတော့၊ ဒီနန်းပြာသာဒ်ကြီးဟာလေ. . . ဟာ. . . ကျွမ်းထိုးမှောက်ခုံ တစ်ခါတည်း စောင်းယိမ်းပြီးတော့ သွားတာဆိုတော့၊ နတ်သမီးလေးတွေ ပြတင်းပေါက်က ထွက်ကျတော့မလို့တဲ့. . . ဖြစ်ပုံက၊ ဟို. . . ကြောက်လိုက်ကြတာ၊ နတ်သမီးလေးတွေလည်း ထွက်ကျမှာစိုးလို့ သံတိုင်ကိုင်ထားရဆိုပါလား၊ အဲလိုနဲ့သူတို့တစ်တွေက လန့်လန့်ဖျပ်ဖျပ်နဲ့ ဟဲ့. . . ဟဲ့. . . ဟဲ့ ဘယ်လိုဖြစ်တာလဲဟဲ့၊ မကြုံဖူးပါလား ဟဲ့၊

နန်းပြာသာဒ်ကြီး ယိမ်းထိုးသွားတယ်၊ မြေငလျင်လှုပ်တယ်ဆိုတာ ဒါမျိုးလားဟဲ့ . . . ၊ ဖြစ်ကုန်တာတဲ့။

ကြောက်လန့်သွားတော့မှ

အဲဒီတင် သိကြားမင်းကြီးလည်း ချွေးတွေများကျလို့ ကြောက်လိုက်တာ၊ အဲဒီတော့မှ ဘယ်နှယ်လဲ သိကြားမင်းကြီး သတိရပြီလားမေးတာ၊ ဟာ. . . ရပြီဘုရား၊ ကြောက်တာနော်၊ အင်း. . . ကြောက်တော့မှ သတိရတယ်နော်၊ တရားကိုသတိရတာမျှား ကြောက်တဲ့အခါကျမှ ရတာနော်၊ (မှန်ပါဘုရား)၊ အမယ်. . . ဘုန်းကြီးတို့ ဒကာကြီးတွေလည်း ဒီလိုပဲ. . . ကြောက်ပြီဆိုရင် ကျောင်းပြေးလာကြပြီ၊ အဲ. . . ကြောက်တဲ့အခါကျမှ သတိရကြတယ်၊ အခုလည်း သိကြားမင်းကြီး ကြောက်အောင်လုပ်လိုက်တော့၊ အခုချွေးတွေထွက်လာ၊ ကြောက်လို့မို့လို့ သတိရပြီတဲ့။

အေး. . . ကဲ. . . ပြောစမ်းပါဦး၊ ဒီလိုဘုရား တပည့်တော်က သွားပြီးတော့ ဘုရားကိုယ်တော်မြတ်ထံ လျှောက်ပါတယ်၊ ဘယ်လို လျှောက်တာတုန်း၊ အရှင်ဘုရား တဏှာကုန်ရာ နိဗ္ဗာန်ဆိုတာ ကြားဖူးတယ်ဘုရား၊ အဲဒီကို မြန်မြန်ရောက်ချင်တယ် ဘယ်လိုလုပ်ရမလဲလို့ တပည့်တော် သွားပြီးတော့ လျှောက်ပါတယ်၊ ဒီတော့ဘုရားက ဘယ်နှယ်ဖြေ၊ ခန္ဓာနောက်က ပပဉ္စတရား မလိုက်စေနဲ့။

ဩော်. . . ဒီလိုဖြေသလား၊ ဟုတ်တယ်ဘုရား၊ ခန္ဓာနောက်က ပပဉ္စတရားမလိုက်စေနဲ့၊ အဲဒါနဲ့တပည့်တော်က ထပ်မေးပါတယ်၊ လိုက်တယ်ဘုရား မလိုက်အောင် ဘယ်လိုလုပ်ရမလဲလို့ တပည့်တော်က ထပ်ကဲ မေးပါတယ်ဘုရား၊ ဒီတော့ ဘယ်နှယ်ဖြေ၊ ခယဝယ မြင်အောင်ရှု။

အလွန်ကောင်းတဲ့တရား၊ မေ့မသွားပါစေနဲ့

ဘယ်လိုတဲ့ 'ခယဝယ'မြင်အောင်ရှု၊ အို. . . အင်မတန်ကောင်းတဲ့တရားပါပဲလား သိကြားမင်းကြီးရဲ့၊ ဒီလိုတရားမျိုးဖြင့် ဖျောက်မပစ်ပါနဲ့၊ အင်း. . . များလည်းမများပါဘူးနော်၊ (မှန်ပါဘုရား)၊ အင်း . . . အားလုံးမှ စကားလေးကလေးလုံးတည်း မဟုတ်လား၊ (မှန်ပါဘုရား)၊ လေးလုံးတည်း။

ကဲ. . . ဘုန်းကြီးက ဘုရားကို လျှောက်ထားတဲ့အနေနဲ့ဆိုရင် ဒကာ၊ ဒကာမတို့က ဖြေတဲ့အနေနဲ့ လုပ်မှာလေ၊ (မှန်ပါဘုရား)၊ သိကြားမင်းကြီးက ဘုရားထံရောက်လာပြီးတော့ လျှောက်တယ်၊ အရှင်ဘုရား တဏ္ဍာကုန်ရာ နိဗ္ဗာန်မြန်မြန်ရောက်ချင်တယ်ဘုရား ဘယ်လိုလုပ်ရမလဲ လို့ဆိုတော့ ဘုရားကဘယ့်နှယ်ဖြေ၊ (ခန္ဓာ့နောက်က ပပဉ္စတရား မလိုက်စေနဲ့)၊ လိုက်တယ်ဘုရား မလိုက်အောင် ဘယ်လိုလုပ်ရမလဲ ဘုရား ဆိုတော့ ဘယ့်နှယ်ဖြေ၊ (ခယဝယ မြင်အောင်ရှု)။

အို. . . အင်မတန်ကောင်းတယ်နော်၊ (မှန်ပါဘုရား)၊ ခယဝယ ဆိုတာ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ဒါဖြင့် ရှုကွင်းရှုကွက်တွေ ရှုတိုင်းရှုတိုင်း ဟို. . . ဝေဒနာ၊ သညာ၊ သခ်ါရ၊ ရုပ် ဒါတွေရှုတဲ့အခါ အဲဒီအတုံးအခဲ မြင်နေရမှာ မဟုတ်ဘူး၊ ကုန်တာပျောက်တာ မြင်အောင်ရှု၊ ရုပ် ရှုတဲ့သူက ရုပ်တွေ့ရမှာလား၊ ကုန်တာပျောက်တာ တွေ့ရမှာလား၊ (ကုန်တာပျောက်တာတွေ့ရမှာပါဘုရား)၊ သညာရှုတဲ့သူကလည်း ကုန်တာပျောက်တာ၊ သခ်ါရရှုတဲ့သူကလည်း ကုန်တာပျောက်တာ၊ ဟို. . . ပြောနေကြစကားလုံးနဲ့ ပြောရင် ဖြစ်တာပျက်တာ မြင်အောင်ရှု၊ ဘာတဲ့၊ ဖြစ်တာပျက်တာ မြင်အောင်ရှု၊ ကောင်းလိုက်တဲ့တရား သိကြားမင်းကြီးရယ် မမေ့ပါနဲ့လို့၊ ဒီလိုသတိပေးပြီးတော့ ရှင်မောဂ္ဂလာန်

ကိုယ်တော်ကြီးလည်း လူပြည် ပြန်ဆင်းလာခဲ့တယ်၊ (မှန်ပါဘုရား)။

ဘုရားပွင့်ခိုက် ကြုံဆော်လည်း

အေး. . . ဒီတော့မှ နတ်သမီးလေးတွေ ဟိုကထွက်လာသည်ကထွက်လာ တော်တော်ကြောက်သွားတာကိုး၊ အဲသလိုနဲ့ သိကြားမင်းကြီးနားလာပြီးတော့ ပွတ်သီးပွတ်သပ်ပေါ့လေ၊ အင်း. . . ဟိုမှာလေတဲ့၊ အမယ်. . . သူတို့ပြောနေကြတာ၊ အင်း. . . အစ်ကိုကြီးတို့ လူပြည်က ပြန်ပြန်လာတဲ့အခါကျတော့၊ ဘုရား. . . ဘုရားလို့ ပြောပြော နေတာတဲ့၊ **ဧသောနုခေါ် တေ မာရိသ သောဘဂဝါ သတ္ထာ**၊ အမယ်. . . သူတို့ ပြောတာလေ၊ ဟို အစ်ကိုကြီးတို့ ပြောပြောနေတဲ့ ဘုရား. . . ဘုရား. . . ဆိုတာ သူလားတဲ့၊ အမယ်. . . သူတို့ ဘုရားကို မမြင်ဖူးဘူးပေါ့၊ ဘုရား သူတို့မြင်ဖူးလား၊ (မမြင်ဖူးပါဘူးဘုရား)၊ မမြင်ဖူးဘူး။

အဲဒါကြောင့် ဘုရားဆိုတာ သူလားတဲ့၊ ဟယ်. . . **နာခေါ် မာရိသ**၊ တောက်တီးတောက်တဲ့ မဟုတ်ဘူးဟဲ့၊ ဒါက ဘုရားရဲ့တပည့်လက်ဝဲတော်ရဲ့ မောဂ္ဂလာန်၊ နင်တို့မှတ်ထားကြဟဲ့ဆိုတော့ နတ်သမီးလေးတွေက ပြောတယ်တဲ့။

ဩော်. . . ဘုရားတပည့်တောင် ဒီလောက်တန်ခိုးကြီးတယ်ဆိုတော့ ဘုရားဆိုရင် ဒီထက်တန်ခိုးကြီးမှာနော်တဲ့၊ ပြောကျန်ရစ်တယ်၊ အေး. . . ဇာတ်ကြောင်းလေးကတော့ အဲသလောက်ပါပဲ၊ ပြောချင်တာကတော့၊ ဘုန်းကြီးတို့ ဒီမှာ ရှုကွင်းရှုကွက် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး. . . နိဗ္ဗာန်လိုချင်လို့ရှိရင် ခန္ဓာနောက်က ပပဉ္စတရားမလိုက်စေနဲ့၊ ပပဉ္စတရားမလိုက်အောင် ဘယ်လိုလုပ်ရမယ်၊ (ခယဝယ

မြင်အောင်ရှု)၊ ခယဝယ မြင်အောင်ရှု၊ ဒါကလိုရင်းပါနော်၊ (မှန်လှပါဘုရား)။

အေး. . . ရှုကွင်း ရှုကွက်တွေကိုရကြ၍၊ ကိုယ်လိုလားအပ်တဲ့ အဆင့်ကို ရသည့်တိုင်အောင်၊ ကိုယ်စီကိုယ်ငြိုးစား အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု

ရုပ်ရာမ်ခွဲ၊ ပညတ် ပရမတ်ခွဲ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အ နာထာ'လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီမိန့်မှာတော်မူချက် အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ကလည်း၊ အမြဲထာဝရ ဒကာ၊ ဒကာမတို့ကို တဖွဖွနဲ့ သတိပေးနေတယ် မဟုတ်လား၊ (မှန်ပါဘုရား) အေး . . . အဲဒီသတိပေးချက်အတိုင်းပဲ၊ ဘုန်းကြီးကလည်း ကိုယ်စီကိုယ်ငင တရားလက်မလွတ်ကြပါစေနဲ့လို့ ထပ်မံ နှိုးဆော်ပါတယ်၊ (မှန်ပါဘုရား)။ အေး. . . ဘုန်းကြီးတို့ ဒီကနေ့ဆိုလို့ရှိရင် တရားစခန်းပွဲကြီးရဲ့ တတိယမြောက်နေ့ မဟုတ်လား၊ (မှန်ပါဘုရား)။ အေး . . . ဟိုဘက်နေ့တွေတုန်းက ဘုန်းကြီးပြောခဲ့ပါတယ်၊ ဟော. . . ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို တည်ခင်းပြီးတော့၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးအရ လွန်လေပြီးသောအတိတ်ကာလက အစွမ်းသတ္တိကြောင့်၊ ယခုပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်ဖြစ်လာပုံကို

ပြောခဲ့တယ်နော်၊ (မှန်ပါဘုရား)။

ဟို. . . အဝိဇ္ဇာနဲ့သခ်ါရက လွန်လေပြီးသော အတိတ်ကာလက ဖြစ်ခဲ့ကြတာ မဟုတ်လား၊ (မှန်ပါဘုရား)၊ အဝိဇ္ဇာဦးစီးပြီးတော့ သခ်ါရ ဆိုတဲ့ အကြောင်းတရားကံတွေ လုပ်ခဲ့တယ်လေ၊ (မှန်ပါဘုရား)၊ အဲဒီ အစွမ်းသတ္တိတွေကြောင့်၊ ယခုပစ္စုပ္ပန်ကာလ အဖိဝမ်းထဲမှာ ဝိညာဏ်၊ နာမ်ရုပ် ဒီလိုစဖြစ်လာတာ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဝိညာဏ်၊ နာမ်ရုပ်၊ အင်း . . . အဲဒီမှာကြည့်စမ်းပါဦး၊ ဝိညာဏ်၊ နာမ်ရုပ်၊ ဒီမှာကိုပဲ ခန္ဓာက ငါးပါးပဲ၊ ဝိညာဏ်နဲ့ နာမ်ရုပ်၊ အဲဒီမှာကိုပဲ ခန္ဓာက ဘယ်နှပါး၊ (၅-ပါးပါ ဘုရား)။

ခန္ဓာငါးပါးရှိတယ်၊ ဘယ်သူတွေများလဲလို့ဆိုတော့၊ ဘုန်းကြီး တို့တွေ ဟော . . . ပထမဆုံးက ဝိညာဏ်၊ နာမ်ရုပ်ဆိုတဲ့ဥစ္စာ၊ ရုပ်ဆိုတဲ့ ဥစ္စာ ခန္ဓာဖွဲ့လို့ရှိရင် ရူပက္ခန္ဓာ၊ ပြီးတော့ နာမ်ဆိုတဲ့အထဲမှာ စေတသိက် တွေ မဟုတ်လား၊ စေတသိက်တွေထဲ ဝေဒနာပါတော့ ဝေဒနာက 'ဝေဒနာက္ခန္ဓာ'၊ သညာက 'သညာက္ခန္ဓာ'၊ သခ်ါရက 'သခ်ါရက္ခန္ဓာ'၊ ပြီးတော့ ဝိညာဏ်ဆိုတဲ့ဥစ္စာက 'ဝိညာဏက္ခန္ဓာ'ဆိုတော့ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ဒါဖြင့် ဝိညာဏ်၊ နာမ်ရုပ်မှာကိုပဲ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ အဖိဝမ်းထဲမှာ ခန္ဓာငါးပါး စပေါ်လာတာပေါ့နော်၊ (မှန်ပါ ဘုရား)၊ ဝိညာဏ်ကလေးက ခန္ဓာဖွဲ့. ဘာခန္ဓာ၊ (ဝိညာဏက္ခန္ဓာ ပါဘုရား)၊ ဝိညာဏက္ခန္ဓာ၊ ဟုတ်တယ် မဟုတ်လား။

ဟော ရုပ်ဆိုတဲ့ဥစ္စာကလေးက ခန္ဓာဖွဲ့လို့ရှိရင် ရူပက္ခန္ဓာ၊ ဟို. . . နာမ်ဆိုတဲ့အထဲ စေတသိက်တွေဆိုတော့၊ အဲဒီအထဲ ဝေဒနာ စေတသိက် က 'ဝေဒနာက္ခန္ဓာ'၊ သညာစေတသိက်က 'သညာက္ခန္ဓာ'၊ စေတသိက်က ၅၂-ပါးတောင်ရှိတာပဲ၊ ၂-ပါးခွဲထုတ်ပြီးပြီ၊ ကျန် ၅၀

ကျန်သေးတာပေါ့၊ (မှန်ပါဘုရား)၊ အဲဒီ ၅၀-ထဲက သခ်ၤါရဆိုတဲ့ နာမည်ကလေး၊ သခ်ၤါရ ဆိုတဲ့စေတနာလေး ခေါင်းဆောင်ထားပြီးတော့၊ ဒီ-၅၀အစုအဝေးက သခ်ၤါရက္ခန္ဓာဆိုတော့၊ ဝိညာဏ်ကလေးက ဘာခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ပြီးတော့ ဝိညာဏ်၊ နာမ်ရုပ် ဒီနှစ်ခုတင်ပဲ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါ ဘုရား)၊ ဟုတ်တယ်၊ ဒီခန္ဓာငါးပါး၊ အမိဝမ်းထဲမှာ စပေါ်လာတာ မဟုတ်လား၊ (မှန်ပါဘုရား)။

အမိဝမ်းထဲမှာ မှုန်မှုန်သေးသေးလေးမို့လို့သာ ခန္ဓာက ဘယ်နှပါး (၅-ပါးပါဘုရား)၊ ၅-ပါး၊ ဒီခန္ဓာ ၅-ပါးဖြစ်ပေါ်လာတာဟာ အလိုလို ဖြစ်ပေါ်လာတာလား၊ ရှေးအစွမ်းကြောင့် ဖြစ်ပေါ်လာတာလား၊ (ရှေးအစွမ်းကြောင့် ဖြစ်ပေါ်လာတာပါဘုရား)၊ ဟုတ်တယ်၊ လွန်လေပြီးသောအတိတ်ကာလက ရှေးအစွမ်းသတ္တိကြောင့်၊ ဒီပစ္စုပ္ပန်ကာလမှာ ပေါ်ပေါက်လာရတယ်လို့ ပြောခဲ့ပါတယ်၊ ဟုတ်တယ်၊ အလိုလိုမျှား ပေါ်လာတယ်ဆိုရင် ဘာဒိဋ္ဌိ၊ (ဉစ္ဆေဒဒိဋ္ဌိ)၊ အင်း . . . အလိုလိုဆိုတော့ (ဉစ္ဆေဒဒိဋ္ဌိ)၊ ဟုတ်တယ်၊ အလိုလိုဆိုတော့ ဟိုဘက်က အတိတ်နဲ့ဘာမှ မဆိုင်ဘူး၊ ဒီပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်ဆိုတာ ခန္ဓာငါးပါး မဟုတ်လား၊ (မှန်ပါဘုရား)၊ ဒီခန္ဓာငါးပါး ဘယ်သူနှင့်မျှ မဆက်စပ်ဘဲ အလိုလိုပေါ်လာတယ်လို့ယူဆရင် ဘာဒိဋ္ဌိ၊ (ဉစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ လူသေရင် ဟိုဘက်ကနေပြီးတော့ အသက်ကောင်ကလေးတွေ၊ ဒီဘက်ကူးလာတယ်လို့မျှား ယူဆရင် ဘာဒိဋ္ဌိ၊ (သဿတဒိဋ္ဌိပါဘုရား)၊ မကူးပါဘူး၊ တစ်တိုတစ်စမှ ဒီဘက်ပါမလာပါဘူး၊ ရုပ်တွေ၊ နာမ်တွေ ဒီဘက်တစ်တိုတစ်စမှ ပါမလာပါဘူး၊ ဝိညာဏ်နာမ်ရုပ်တို့ဟာ အသစ်ပါပဲ၊ သို့သော် အလိုလိုထပြီး အသစ်ပေါ်လာတာ မဟုတ်ပါဘူး၊ ဟိုဘက်က၊ ရှေဘက်က အဝိဇ္ဇာဦးစီးပြီးတော့ သခ်ၤါရဆိုတဲ့ အစွမ်းသတ္တိတွေလုပ်ခဲ့လို့၊

အဲဒီအစွမ်းသတ္တိတွေကြောင့် ဒီဘက်ပေါ်ရတာ၊ အလိုလိုဆိုတော့ လုံးလုံးပြတ်နေတာရော ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး ဘုရား)။ အထည်ဝတ္ထုတွေနဲ့ ဒီဘက်ကူးလာတာရော ဟုတ်ရဲ့လား။ (မဟုတ်ပါဘူး ဘုရား)။ မဟုတ်ပါဘူး။

ရုပ်ဟူသမျှ မသီကြ

ဟိုဘက်ကအစွမ်းကြောင့် ဒီဘက်မှာ ရုပ်နဲ့နာမ် ပေါ်ရတယ်လို့ အခု ပြောနေပြီမဟုတ်လား။ (မှန်ပါဘုရား)။ အဲဒီလိုဆိုတော့ သဿတဒိဋ္ဌိကလည်း လွတ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိကလည်း လွတ်တယ်၊ ဒီလိုမဟုတ်လား။ အေး အဲဒီလိုပါ။ ဒါဖြင့်ရင် အခုဘုန်းကြီးတို့ အမိဝမ်းထဲမှာ ဝိညာဏ်၊ နာမ်ရုပ် ဒီနှစ်မျိုးနဲ့ကိုပဲ ခန္ဓာဘယ်နှပါး။ (၅-ပါး၊ပါဘုရား)။ ခန္ဓာဘယ်နှပါး။ (၅-ပါး)။ အဦးဆုံးက ဘာခန္ဓာ၊ (ရူပက္ခန္ဓာ)။ ကျန်တဲ့ဥစ္စာတွေက (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါ ဘုရား)။ အေး. . . အဲဒီလို ၅-ပါးရှိတဲ့အနက် အဦးဆုံးဖြစ်တဲ့ ရုပ်တရားက ဘာမှမသီတတ်ပါဘူး၊ သီတတ်တယ်ဆိုတာက နာမ်တရားတွေကသာ သီတာပါ။ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ သီတယ်ဆိုတာ နာမ်တရားတွေကသာ သီတတ်တာ၊ ရုပ်တရားတွေက သီတတ်ရဲ့လား။ (မသီတတ်ပါဘူးဘုရား)။ သီတတ်တာက ဘယ်သူ၊ (နာမ်တရားပါ ဘုရား)။ ဟုတ်တယ်၊ ရုပ်ဟူသမျှဘာမှ မသီတတ်ကြပါဘူး၊ အခု မြင်နေရတဲ့အတိုင်းပဲ၊ တုံးတွေ၊ တိုင်တွေ၊ သစ်တွေ၊ ဝါးတွေ၊ အဲဒီ ရုပ်တရားတွေဟူသမျှ ဘာမှမသီတတ်ကြပါဘူးနော်၊ အဲဒါကြောင့် ရုပ်ဟူသမျှ မသီကြ၊ ဒီလိုလုပ်လိုက်ပါ။ ရုပ်ဟူသမျှ မသီကြ၊ သိတဲ့ဥစ္စာက နာမ်၊ ဘယ်သူတွေက သိတာ၊ နာမ်တရားကသိတာ၊ ဒါကြောင့်

ရုပ်ဟူသမျှ မသိကြ၊ သိကနာမ်ခေါ်လေ။

သိတဲ့ဥစ္စာတွေက နာမ်တရားတွေပါ။ (မှန်ပါဘုရား)။ သိတဲ့ဥစ္စာက နာမ်တရား၊ မသိတဲ့ဥစ္စာက ရုပ်တရား၊ မသိတဲ့ဥစ္စာက ရုပ်တရား၊ သိတဲ့ဥစ္စာက နာမ်တရား၊ ရုပ်တရားနဲ့ နာမ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါးစလာတာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဟုတ်တယ်၊ ဘုန်းကြီးတို့ အမိဝမ်းမှာ ရုပ်တရားနဲ့ နာမ်တရား၊ အကျယ်ချဲ့မယ်ဆိုရင်တော့ ခန္ဓာဘယ်နှပါး၊ (၅-ပါးပါဘုရား)။ ခန္ဓာ ၅-ပါးပါ။ ပြန်ချုံ့လိုက်လို့ရှိရင်တော့ ရုပ်နဲ့ နာမ်၊ အို. . . ချဲ့မယ်ဆိုရင် ခန္ဓာဘယ်နှပါး၊ (၅-ပါးပါဘုရား)။ ၅-ပါး၊ အို. . . အကျယ်ချဲ့လို့ရှိရင် ခန္ဓာငါးပါး၊ အကျဉ်းချုံ့လို့ရှိရင် ရုပ်နဲ့ နာမ်၊ အဲဒီထဲ ရုပ်တရားနဲ့ နာမ်တရား၊ နှစ်ပါးရှိသည်တွင် ရုပ်တရားက ဘာမှမသိတတ်ပါဘူး၊ သိတတ်တာက ဘယ်သူတုံး၊ နာမ်တရား၊ ဒီတော့ ဆိုလိုက်ကြစမ်းပါ။ **ရုပ်ဟူသမျှ မသိကြ၊ သိကနာမ်ခေါ်လေ၊** ဘာတဲ့ (ရုပ်ဟူသမျှ မသိကြ၊ သိကနာမ်ခေါ်လေ)။

လူ၊ နတ်၊ ဗြဟ္မာ၊ သူ၊ ငါ မဟုတ်

အေး . . . ဘုန်းကြီးတို့၊ ဒကာ ဒကာမတို့ သန္တာန်မှာရှိတာ၊ ရုပ်တရားနဲ့ နာမ်တရား နှစ်ပါးပဲရှိပါတယ်၊ ဒီထဲ အသက်ကောင်လေးများပါသလား၊ (မပါပါဘူး ဘုရား)။ သိတတ်တဲ့ နာမ်တရားလေးသာ ပါတာနော်၊ သိတတ်တဲ့ အဲ. . . အသက်ကောင်ကလေးတို့၊ လိပ်ပြာတို့၊ ဝိညာဉ်တို့၊ အတ္တတို့၊ ဇီဝတို့ဆိုတာ ဒီထဲပါသလား၊ (မပါပါဘူး ဘုရား)။ မပါပါဘူး၊ သိသိနေတဲ့ ဥစ္စာတွေက ဘာတရား၊ (နာမ်တရားပါ ဘုရား)။ နာမ်တရား၊ ရုပ်တရားနဲ့ နာမ်တရား၊ ဒီနှစ်ပါးပဲရှိပါတယ်။

မသိတတ်တဲ့ဥစ္စာက ဘာတရား၊ (ရုပ်တရားပါ ဘုရား)၊

ရုပ်တရား၊ ရုပ်တရားနဲ့နာမ်တရား ဒီနှစ်ပါးရှိတဲ့ဥစ္စာ၊ ရုပ်နဲ့နာမ် ရှိတာကိုပဲ ဒါကို သူတို့၊ ငါတို့၊ ယောက်ျားတို့၊ မိန်းမတို့၊ ပုဂ္ဂိုလ်တို့၊ သတ္တဝါတို့၊ သမီးတို့၊ သားတို့ လျှောက်မှည့်နေကြတာ၊ တကယ်တော့ ရှိတာကဖြင့် ရုပ်တရားနဲ့ နာမ်တရား ဒီနှစ်ပါးရှိပါတယ်၊ အဲဒီရုပ်နဲ့ နာမ်ကိုပဲ ဒါက သမီးလေး၊ ဒါက သားလေး၊ ဒါက တူမလေး၊ ဒါက တူလေးနဲ့ လျှောက်မှည့်နေကြတာ၊ မှည့်ပြီးတော့ မှည့်တဲ့အတိုင်း ထင်မနေဘူးလား၊ (ထင်နေပါတယ်ဘုရား)၊ ဒါကဇနီး၊ ဒါကခင်ပွန်း၊ ဒါကအမေ၊ ဒါကအဖေ၊ အဘိုး၊ အဘွား လျှောက်မှည့်နေတာ၊ မှည့်လို့သာမှည့်တာ ရှိတာကဖြင့် ရုပ်နဲ့ နာမ်၊ အေး. . . ရုပ်နဲ့ နာမ်ရှိတာ၊ ရုပ်နဲ့ နာမ်အတိုင်းထားပေါ့။ ဘာဖြစ်လို့ ဒီထဲသွားနာမည်တွေ မှည့်နေရမှာတုန်း၊ မှည့်နေလို့ရှိရင် အဲဒီ မှည့်တဲ့အတိုင်း အထင်တွေမှားတယ် မဟုတ်လား၊ အေး . . . အဲဒီလိုတွေဖြစ်နေကြပါတယ်၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ သူတွေ၊ ငါတွေ၊ ဖြစ်ကုန်ရောမဟုတ်လား၊ ဟုတ်တယ်၊ အဲဒီလို ဖြစ်ကုန်တယ်၊ သူ့အရှိ အတိုင်းထားမယ်ဆိုရင် ရုပ်နဲ့နာမ်၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ သူတွေ၊ ငါတွေ ဟုတ်ကြရဲ့လား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ရုပ်ဟူသမျှ မသိကြ၊ သိက နာမ်ခေါ်လေ၊ ဘယ်လို၊ (ရုပ်ဟူသမျှ၊ မသိကြ၊ သိက နာမ်ခေါ်လေ)၊ အဲဒါကိုပဲ လူတို့၊ နတ်တို့၊ ဗြဟ္မာတို့၊ ပုဂ္ဂိုလ်တို့၊ သတ္တဝါတို့ လုပ်နေကြတာ၊ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ပါဘူး၊ လူ၊ နတ်၊ ဗြဟ္မာ၊ သူ၊ ငါ မဟုတ်၊ နာမ်နဲ့ ရုပ်၊ မုချဉာဏ်မြင်စေ။ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ လျှောက်မှည့်တဲ့အတိုင်း အထင်မှားမနေကြဘူးလား၊ ဟုတ်ရောဟုတ်လို့လား၊ မဟုတ်ပါဘူးတဲ့၊ **'လူ နတ် ဗြဟ္မာ၊ သူငါမဟုတ်၊ နာမ်နဲ့ရုပ်၊ မုချဉာဏ်မြင်စေ'**၊ ဒါဖြင့် သူ့အရှိ အရှိအတိုင်း ထားလိုက်ပေါ့နော်။

သီတာက 'နာမ်'

ရုပ်တရားနဲ့ နာမ်တရား၊ ဘုန်းကြီးတို့ စလာတာလည်း ဒါပဲ မဟုတ်လား၊ သခ်ၤါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ အဲဒီမှာ ဝိညာဏ်နဲ့ နာမ်ရုပ်၊ ဒီနှစ်ပါးတွင်ပဲ ဒီဥစ္စာကလေးကိုပဲ လိုက်ပြီးစစ် ကြည့်တော့ ခန္ဓာဘယ်နှပါး၊ (ခန္ဓာငါးပါးပါ ဘုရား)၊ ခန္ဓာငါးပါး ပေါ်ပေါက် လာတာ၊ အမိဝမ်းထဲမှာ ဘုန်းကြီးတို့တစ်တွေ ကိန်းအောင်းပြီးတော့ ခန္ဓာ ငါးပါးဖြစ်ပေါ်လာတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး. . . ခန္ဓာ ငါးပါး၊ ချုံ့မယ်ဆိုရင် ရုပ်တရားနဲ့ နာမ်တရား၊ အဲဒီမှာ ရုပ်တရားက မသိတတ်ပါဘူး၊ နာမ်တရားကသာ သိတတ်တာ၊ ရုပ်တရားနဲ့ နာမ်တရား၊ ဒီနှစ်ပါးပဲ မဟုတ်လား၊ 'ရုပ်ဟူသမျှ၊ မသိကြ၊ သိက နာမ်ခေါ်လေ' ဆိုပါဦး၊ (ရုပ်ဟူသမျှ၊ မသိကြ၊ သိကနာမ်ခေါ်လေ)၊ အဲဒါကို လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေလုပ်နေတာ ဟုတ်ရောဟုတ်လို့လား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ အေး . . . 'လူ၊ နတ်၊ ဗြဟ္မာ၊ သူ၊ ငါမဟုတ်၊ နာမ်နဲ့ ရုပ်၊ မုချဉာဏ်မြင်စေ' ဆိုပါဦး၊ (လူ၊ နတ်၊ ဗြဟ္မာ၊ သူ၊ ငါမဟုတ်၊ နာမ်နဲ့ ရုပ်၊ မုချဉာဏ်မြင်စေ)၊ ဟုတ်တယ်၊ ဒီလိုဆိုရင် အခု ဘုန်းကြီးတို့ တစ်တွေ၊ တို့တစ်တွေရှိနေတဲ့ဥစ္စာ၊ ရုပ်တရားနဲ့ နာမ်တရား၊ ဒီနှစ်ပါးတွင် သိတတ်တာက ဘယ်သူတုံး၊ (နာမ်တရားပါ ဘုရား)၊ မသိတတ်တာက၊ (ရုပ်တရားပါ ဘုရား)၊ အဲဒီနှစ်ပါး၊ ပူးတွဲ လှုပ်ရှားပြီးတော့ နေကြတာ။

နာမ်ကဦးဆောင်၊ ရုပ်ကနောက်လိုက်

လှုပ်လှုပ် လှုပ်လှုပ်နဲ့၊ ရွရွ ရွရွနဲ့ သွားကြတယ်ဆိုတဲ့ ဥစ္စာ နာမ်တရားက ဦးဆောင်လို့၊ ရုပ်တရားကြီးက လိုက်နေရတာ၊ အဲဒါ ရွရွ ရွရွနဲ့ဖြစ်တာ၊ ဘုန်းကြီးတို့တစ်တွေက အသက်ကောင်ကလေးကမျှား

အသွားခိုင်းသလား၊ ဘာလားနဲ့ ထင်တယ်မဟုတ်လား၊ ခြော်. . . အစ
ကတည်းကမှ အသက်ကောင်မရှိဘဲနဲ့၊ ဒီထဲပါဦးမလား၊ (မပါပါဘူး
ဘုရား)။ မပါပါဘူး၊ အသက်ကောင်ရှိသလား၊ (မရှိပါဘူးဘုရား)။ မရှိပါဘူး၊
ရုပ်တရားနဲ့ နာမ်တရား၊ ဒီနှစ်ပါးတွင် ရှေ့ဆောင်တာက ဘယ်သူတုံး၊
(နာမ်တရားပါ ဘုရား)၊ နာမ်တရား၊ နောက်ကလိုက်တာက (ရုပ်တရားပါ
ဘုရား)၊ ရုပ်တရား၊ အဲဒီလိုပါ။

သွားတယ်ဆိုတာ

အခု သွားတယ်ဆိုလို့ရှိရင် ဦးစွာပထမ၊ သွားချင်စိတ်ကလေး
ဖြစ်သေးတာ၊ **ဂစ္ဆာမီတိ စိတ္တံ ဥပ္ပဇ္ဇတိ**၊ သွားမယ်ဆိုတဲ့စိတ်က ပထမ
ဖြစ်တယ်နော်၊ အေး . . . အဲဒီသွားမယ်ဆိုတဲ့စိတ်ကလေး ဖြစ်တယ်၊
တံ ဝါယံ ဇနေတိ၊ အဲဒီသွားမယ်ဆိုတဲ့ စိတ်ကလေးက- ဝါယောဓာတ်ကို
ဖြစ်အောင်လုပ်၏။ အဲလိုပြောတယ်နော်၊ **ဝါယော ဝိညတ္တိ ဇနေတိ**၊
အဲဒီ ဝါယောဓာတ်က- အမူအရာကိုထပ်ပြီးတော့ ဖြစ်အောင်လုပ်တာ၊
အားလုံး သုံးဆင့်လောက်ရှိတာပေါ့။ ပထမ နံပါတ်တစ် သွားမယ်ဆိုတဲ့
စိတ်ကလေး ဖြစ်တယ်နော်၊ (မှန်လှပါဘုရား)။ အဲဒီစိတ်ကလေးက ဘာကို
ဖြစ်အောင်လုပ်တုန်းဆိုတော့ တံ ဝါယံ ဇနေတိ- ဝါယောဓာတ် လှုပ်ရှားမှု
ဝါယောဓာတ်ကို ဖြစ်အောင်လုပ်တယ်၊ ဝါယော ဝိညတ္တိ ဇနေတိ၊ အဲဒီ
ဝါယောဓာတ်ကနေပြီးတော့ အမူအရာကိုဖြစ်အောင် ထပ်လုပ်ပြန်တယ်၊
အဲလိုဆိုတော့ သွားချင်စိတ်ရယ်၊ ဝါယောဓာတ်ရယ်၊ အမူအရာရယ်၊
အဲသလိုတွေ စုပေါင်းပြီးတော့ **စိတ္တကရိယ ဝါယော ဓာတု ဝိပ္ဖာရေန**၊
စိတ်သည် ပြုလုပ်အပ်သော၊ ဝါယောဓာတ်၏ ပျံ့.နှံ့.ခြင်းကြောင့်၊
ပုရတော-ရှေ့သို့၊ အဘိနိဟာရော-တရွေ့တရွေ့ ဖြစ်နေတာကို၊ ဂမနန္တိ-

သွားတယ်ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ သွားတယ်ဆိုတာ အဲဒါပါပဲ၊ သွားချင်စိတ်ဖြစ်တယ်၊ သွားချင်စိတ်က ဝါယောဓာတ်ကို လုပ်တယ်၊ ဝါယောဓာတ်ကတစ်ဆင့် အမှုအရာကို ဖြစ်အောင်လုပ်ပြီးတော့ စုလိုက်၊ ပေါင်းလိုက်တဲ့အခါကျတော့ ရွေ့ရွေ့ ရွေ့ရွေ့နဲ့ ဖြစ်နေတာလေ၊ အဲဒါကို ဘာခေါ်၊ သွားတယ်လို့ခေါ်တာ၊ ပြီးတော့ သွားတဲ့နေရာမှာ ငါသွားတာ၊ သူသွားတာ ဒီထဲပါသလား၊ (မပါပါဘူးဘုရား)၊ သွားချင်စိတ် ဖြစ်တာကို အကြောင်းပြုပြီးတော့ ရုပ်ကြီးက နောက်ကလိုက်တာ မဟုတ်လား။

လှမ်းတယ်ဆိုတာ

ဟုတ်တယ်၊ လှမ်းတဲ့နေရာမှာလည်း ဒီအတိုင်းပဲပေါ့၊ ခြေထောက်ကြီး ကြွချင်တယ်ဆိုတဲ့စိတ်က ပထမဖြစ်တယ်၊ အဲဒါက ဝါယောဓာတ်ကို ဖြစ်အောင်လုပ်တယ်၊ ဝါယောဓာတ်ကနေပြီးတော့ အမှုအရာကို ဖြစ်အောင်လုပ်တယ်၊ စုလိုက်ပေါင်းလိုက်တော့ ခြေထောက်ကြီး ကြွလာတာပေါ့၊ ရွေ့တိုးပြန်တော့လည်း၊ တိုးချင်တယ်ဆိုတဲ့စိတ် ဖြစ်တယ်၊ အဲဒါကနေပြီး ဝါယောဓာတ်ကို လုပ်တယ်၊ ဝါယောဓာတ်က အမှုအရာကို ဖြစ်အောင်လုပ်တယ်ဆိုတော့၊ ရှေ့ တစ်ရွေ့ တစ်ရွေ့ ဖြစ်လာတာပေါ့ (မှန်ပါဘုရား)၊ တစ်ခါ အောက်နိမ့်သွားချင်တဲ့ စိတ်ဖြစ်လို့ ဝါယောဓာတ်၊ ဝါယောဓာတ်က အမှုအရာဖြစ်တော့ ခြေထောက်ကြီး နိမ့်ကျသွားတာပေါ့၊ နောက်. . . မြေကြီးချချင်တယ်ဆိုတဲ့ စိတ်ဖြစ်လို့မို့လို့ ဝါယောဓာတ်၊ အဲဒီ ဝါယောဓာတ်ကနေပြီး အမှုအရာဖြစ်အောင် လုပ်တော့၊ ခြေဖဝါးပြင်ကြီး မြေကြီးပေါ်ကျသွားတာ၊ အဲဒါကို လှမ်းတယ်လို့ ပြောတာမဟုတ်လား၊ အမယ်လေး တစ်လှမ်းအတွင်းမှာပဲ ဒီလိုဟာတွေ၊ ရှေ့ပိုင်းက အများကြီး မဟုတ်လား၊ အဲသလို ခရီးကမဆုံးသေးဘူး

ဆိုတော့၊ နောက်တစ်လှမ်း လှမ်းတော့လည်း၊ ဒီအတိုင်းပဲပေါ့။ နောက်တစ်လှမ်း လှမ်းတော့လည်း၊ လှမ်းချင်စိတ် ဖြစ်တယ်၊ အဲဒီကနေပြီးတော့ ဝါယောဓာတ်ကို လုပ်တယ်၊ ဝါယောဓာတ်က အမူအရာကိုဖြစ်အောင် လုပ်တယ်၊ ဒီလိုမဟုတ်လား၊ အဲသလိုနဲ့ စုပေါင်းပြီးတော့ ရှေ့ တစ်လှမ်း ချင်း၊ တစ်လှမ်းချင်း ဖြစ်ဖြစ် ဖြစ်ဖြစ်နေတာ၊ အဲဒါကို သူလှမ်းတယ်၊ ငါလှမ်းတယ်၊ မိန်းမလှမ်းတယ်၊ ယောကျ်ားလှမ်းတယ်၊ လုပ်နေတာ။

ရုပ်၊ရာမ် နှစ်ပါး လှုပ်ရှားမှု

တကယ့်တကယ်တော့ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါး လှုပ်ရှားနေကြတာ မဟုတ်လား၊ (မှန်ပါ့ဘုရား)။ အေး . . . အဲဒီလိုဖြစ်နေတာပါ။ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါးလှုပ်ရှားနေတာ၊ အဲသလိုနဲ့ဟိုမှာ ကိုယ်သွားလိုတဲ့ခရီးက ရောက်ပြီမို့လို့ ရပ်ချင်စိတ် ဖြစ်တယ်၊ ဘာတဲ့တုံး၊ (ရပ်ချင်စိတ်ဖြစ်ပါတယ် ဘုရား)။ ဒီမှာတင် ရပ်ချင်စိတ်က တံ ဝါယံဇနေတိ၊ ဝါယောဓာတ်ကို ဖြစ်အောင်လုပ်တယ်၊ ဝါယောဆိုတာ လှုပ်ရှားတာမှ ဝါယောမဟုတ်ဘူး၊ တည်ငြိမ်တာလည်း ဝါယောဆိုတော့ တည်ငြိမ်တဲ့ဝါယော ဖြစ်အောင်လုပ်တာပေါ့။

ဝါယော ဝိညတ္တိ ဇနေတိ- ရှေ့မသွားဘဲ တန့်သွားတဲ့အမူအရာကို ဖြစ်အောင်လုပ်တာ၊ အဲသလို နာမ်တရားတွေက စေစားလိုက်တော့၊ ရုပ်တရားကြီးလည်း ရှေ့မသွားဘဲတန့်သွားတာ၊ အဲဒါကို ဘယ်နှယ့်ခေါ်တုံး၊ ရပ်တယ်လို့ခေါ်တာ၊ ဘယ်လို၊ ရပ်တယ်ခေါ်တာ၊ အဲဒီရပ်တဲ့အထဲ ပုဂ္ဂိုလ် သတ္တဝါတွေ ပါလား၊ (မပါပါဘူး ဘုရား)။ သူတွေ၊ ငါတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေပါလား၊ (မပါပါဘူးဘုရား)၊ လှုပ်လှုပ်လှုပ်လှုပ်နဲ့ ဘယ်သူနဲ့ ဘယ်သူတုံး၊ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့

ရုပ်တရား၊ ရပ်ရတာကြာတော့ ထိုင်ချင်တယ်ဆိုတဲ့စိတ်ဖြစ်တယ်၊ ထိုင်ချင်တယ်ကနေပြီးတော့ ဝါယောဓာတ်ကို ဖြစ်အောင်လုပ်တယ်၊ ဝါယောဝိညတ္တိ ဇနေတိ၊ အမူအရာကိုဖြစ်အောင် လုပ်တယ်ဆိုတော့၊ ကိုယ်တစ်ပိုင်းကျိုးကျသွားတာ၊ ခါးတစ်ပိုင်းခွေကျ သွားတာလေ၊ အဲဒါကို ဘာခေါ်တုံး၊ ထိုင်တယ်၊ အမယ် ထိုင်တဲ့နေရာမှာလည်း၊ ဒီလိုဆိုရင် ရုပ်တရားနဲ့ နာမ်တရား၊ ထိုင်ရတာကြာတော့ တုံးလုံးလှဲချင်စိတ်ပေါ်လာတယ်၊ ဟုတ်တယ်နော်၊ လှဲချင်စိတ်ဖြစ်လာတယ်၊ အဲဒီလှဲချင်စိတ်ကမှတဆင့် ဝါယောဓာတ်ကို ဖြစ်အောင်လုပ်တယ်။

ဝါယောဝိညတ္တိ ဇနေတိ-ဝါယောဓာတ်က အမူအရာကိုဖြစ်အောင်လုပ်တယ်၊ ဒီလိုတွေ တစ်ဆင့်တစ်ဆင့်နဲ့ ခန္ဓာကိုယ်ကြီး အိပ်ရာပေါ်မှာ ကန့်လန့်ကြီးတင်သွားတာ မဟုတ်လား၊ အဲဒါကို ဘာခေါ်၊ အိပ်တယ်လို့ခေါ်တာ၊ အဲဒီ အိပ်တဲ့နေရာမှာလည်း အိပ်ချင်စိတ်ရယ်၊ အိပ်တဲ့ရုပ်ရယ်၊ အိပ်ချင်စိတ်ရယ်၊ အိပ်တဲ့ရုပ်ရယ်၊ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါးပါပဲ၊ တခြား တခြား . . . ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ ပါသေးလား၊ (မပါပါ ဘူးဘုရား)။ ယောက်ျားတွေ၊ မိန်းမတွေ ပါသေးလား၊ (မပါပါဘူး ဘုရား)။ ဘာနဲ့ဘာပါလိမ့်၊ (ရုပ်တရားနဲ့ နာမ်တရားပါ ဘုရား)။ ရုပ်တရားနဲ့ နာမ်တရား၊ ဒီနှစ်ပါးပါပဲ။

သွားလိုတာစိတ်

ဒီလိုဆိုရင် သွားချင်တဲ့စိတ်၊ ရပ်ချင်တဲ့စိတ်၊ ထိုင်ချင်တဲ့စိတ်၊ ပြီးတော့ဘာတဲ့တုံး၊ အိပ်ချင်တဲ့စိတ်ဆိုတော့ နာမ်တရားတွေ မဟုတ်လား၊ သွားချင်တာရယ်၊ ရပ်ချင်တာရယ်၊ ထိုင်ချင်တာရယ်၊ အိပ်ချင်တာရယ်၊ နာမ်တရားလို့ခေါ်တဲ့ စိတ်တွေ မဟုတ်လား၊ သွားလိုတာရယ်၊ ရပ်လို

တာရယ်၊ ထိုင်လိုတာရယ်၊ အိပ်လိုတာရယ်၊ ဘာတဲ့တုံး၊ စိတ်တွေ၊ **သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟူသိ**၊ ဘာတဲ့ (သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟူသိ)၊ ဟုတ်တယ်မဟုတ်လား။

စိတ်ကြောင့်ဝါယောဓာတ်ဖြစ်

စိတ်ကြောင့် ဘာတွေဖြစ်သလဲ၊ (ဝါယောဓာတ်ဖြစ်ပါတယ် ဘုရား)၊ စိတ်ကြောင့် ဘာတွေဖြစ်သလဲ (ဝါယောဓာတ်ဖြစ်ပါတယ် ဘုရား)၊ စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ ဝါယောဓာတ်တွေက ခန္ဓာကိုယ် ပြည့်သွားတာပေါ့၊ အနှံ့.အပြားကို ပြည့်သွားတာနော်၊ **'စိတ်ကြောင့် ဖြစ်သော ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ် ပြည့်'**၊ ဆိုပါဦး၊ (စိတ်ကြောင့်ဖြစ်သော ဓာတ်ဝါယော၊ နှံ့နှော ကိုယ်ဝယ် ပြည့်)။

ခန္ဓာကိုယ်မှာ ဝါယောဓာတ်တွေ ပြည့်လာတာပေါ့၊ **'ဝါယော ပြည့်သော်၊ ဝိညာဏ်ပေါ်၊ ရူပ်သော်သွားပေ၏'**၊ ဝါယောပြည့်သော် ဝိညာဏ်ပေါ်၊ ရူပ်သော်သွားပေ၏။ ဝါယောတွေပြည့်လာတော့ ရွရွ ရွရွနဲ့ သွားနေတော့ ရူပ်ကြီးသွားတာပါ။ ငါသွားတာ၊ သူသွားတာ ဟုတ်သလား၊ (မဟုတ်ပါဘူးဘုရား)၊ ဘယ်သူသွားတာတုံး၊ (ရူပ်ကြီး သွားတာပါဘုရား)၊ ရူပ်ကြီးသွားတာပါ။ **'ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရူပ်သွားဉာဏ်ဖြင့်သိ'**၊ ဘာတဲ့ (ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရူပ်သွားဉာဏ်ဖြင့်သိ)၊ ဒီလိုမဟုတ်လား။

ဝါယောဓာတ်က အမူအရာ ဖြစ်အောင်လုပ်

ပြန်ဆိုကြမယ်၊ သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟု သိ၊ ဒီထိအောင်ကတော့ သွားချင်တာ၊ ရပ်ချင်တာ၊ ထိုင်ချင်တာ၊ အိပ်ချင်တာ၊ နာမ်တရားမဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒီနာမ်တရားတွေက ဘာတွေ

ဖြစ်အောင်လုပ်၊ ဝါယောဓာတ်တွေကို ဖြစ်အောင်လုပ်၊ ဝါယောဓာတ်က တဆင့် ဘာဖြစ်အောင်လုပ်၊ အမှုအရာဖြစ်အောင်လုပ်၊ သုံးဆင့်မဟုတ်လား၊ (မှန်ပါဘုရား)၊ ပြန်ဆိုကြမယ်၊ 'သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟုသိ။ စိတ်ကြောင့် ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ် ပြည့်။ ဝါယောဓာတ်ပြည့်သော်၊ ဝိညာဏ်ပေါ်၊ ရုပ်သော် သွားပေ၏။ ပဋိလိ မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ'။

ရာမ်ကခိုင်းလို့, ရုပ်ကလုပ်ရတာ

ရွရွ ရွရွနဲ့သွားနေတာ ငါသွားတယ်၊ သူသွားတယ်သာ ပြောနေတာ၊ တကယ်တော့မဟုတ်ဘူး၊ ရုပ်ကြီးကသွားတာပါ။ ရုပ်ကြီးကလည်း သူဘာမှ၊ အင်း . . . သူ့ချည်းပဲဆိုရင် မသွားတတ်ပါဘူး၊ နာမ်တရားတွေက ခိုင်းလို့မဟုတ်လား၊ (မှန်ပါဘုရား)။

နာမ်တရားတွေက သွားဟဲ့ဆိုရုံ သွားတယ်၊ ရပ်ဟဲ့ဆိုရုံ ရပ်တယ်၊ ထိုင်ဟဲ့ဆိုရုံ ထိုင်တယ်၊ အိပ်ဟဲ့ဆိုရုံ အိပ်တယ်ဆိုတော့ ရုပ်တရားနဲ့ နာမ်တရား၊ နာမ်တရားက စေစားတိုင်း ရုပ်တရားကြီးက လုပ်ပေးရတာ၊ နာမ်တရားကခိုင်းတိုင်း ရုပ်တရားက လုပ်ပေးရတာဆိုတော့၊ အခိုင်းသမားက နာမ်၊ အလုပ်သမားက ရုပ်၊ အခိုင်းသမားက နာမ်၊ အလုပ်သမားက ရုပ်၊ ဒီနှစ်ပုဒ်ပဲ၊ သွားလိုရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟု သိ။ စိတ်ကြောင့် ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ် ပြည့်။ ဝါယာပြည့်သော်၊ ဝိညာဏ်ပေါ်၊ ရုပ်သော်သွားပေ၏။ ပဋိလိမသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။ လေးပိုဒ်မဟုတ်လား၊ ပဋိလိသွားတာလား၊ သတ္တဝါသွားတာလား၊ (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ပါဘူး၊ ယောက်ျား၊ မိန်းမသွားတာလား၊ မဟုတ်ပါဘူး၊ ဘယ်သူ သွားတာပါလိမ့်၊

(ရုပ်တရားပါဘုရား)၊ ရုပ်တရားကြီးသွားတာ၊ သူကလည်း သူ့ဈေးပဲ သွားတတ်လို့လား၊ (မသွားတတ်ပါဘူး ဘုရား)၊ ဘယ်သူကခိုင်းလို့၊ (နာမ်ကခိုင်းလို့)၊ ဟုတ်တယ်၊ နာမ်ကခိုင်းလို့၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါဖြင့် လှုပ်လှုပ်ရွရွ၊ သွားသွားလာလာ လုပ်နေကြတာ ဟူသမျှ၊ ရုပ်တရားနဲ့ နာမ်တရားပဲရှိပါတယ်၊ ဒီအထဲ အသက်ကောင်ကလေးမျှား ပါသလား၊ (မပါပါဘူးဘုရား)၊ မပါပါဘူး။

'နာမ်'ဆိုတာ စေတသိက်တွေ

ဟိုးတုန်းကကိုပဲ ဘုရားကိုယ်တော်မြတ်ကြီး ဟောတဲ့အထဲမှာ သခ်ါရပစ္စယာ ဝိညာဏံ၊ ဝိညာဏာ ပစ္စယာ နာမရူပံ၊ ဒီလို မဟုတ်လား၊ ဝိညာဏ်ဆိုတာ အကောင်ကလေးမှမဟုတ်ဘဲ၊ ပဋိသန္ဓေစိတ်လို့ ပြောတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ နာမ်ဆိုတာက အဲဒီပဋိသန္ဓေစိတ်နဲ့ တွဲဖက်ပြီးတော့ ဖြစ်တဲ့စေတသိက်တွေ ပြောခဲ့တယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ ရုပ်ကျတော့ ဘယ့်နှယ့်တုံး၊ ရုပ်တရား၊ အဲဒီ ဝိညာဏ်တို့၊ နာမ်တို့က နာမ်တရား၊ ရုပ်က ရုပ်တရား၊ နာမ်တရားတွေ မှီတွယ်ဖို့ရာ အမှီခံအနေနဲ့ ရုပ်ကလေးပါရတာ မဟုတ်လား၊ (မှန်လှပါဘုရား)။

နာမ်တရားနဲ့ ရုပ်တရား အဲဒီနှစ်ပါးတွင်၊ ရုပ်တရားက သိတတ်ရဲ့လား၊ (မသိတတ်ပါဘူးဘုရား)၊ ဘယ်သူကသာ သိတတ်တာ၊ (နာမ်တရားပါဘုရား)၊ နာမ်တရားကသာ သိတတ်တာ၊ ဝိညာဏ်တို့ နာမ်တို့ဆိုတဲ့ နာမ်တရားကသာ သိတတ်တာ၊ ဒီလိုမဟုတ်လား၊ (မှန်ပါဘုရား)၊ ဒါကြောင့် ရုပ်ဟူသမျှ၊ မသိကြ၊ သိက နာမ်ခေါ်လေ၊ ဘယ်လို၊ (ရုပ်ဟူသမျှ မသိကြ၊ သိက နာမ်ခေါ်လေ)၊ လူ၊ နတ်၊ ဗြဟ္မာ၊ သူ၊ ငါ မဟုတ်၊ နာမ်နဲ့ ရုပ်၊ မုဆို ဉာဏ်မြင်စေ၊ ဒီလိုမဟုတ်လား၊ ဟုတ်တယ်၊

ရုပ်တရားနဲ့ နာမ်တရား ဒီနှစ်ပါးပဲရှိတယ်၊ အဲဒီထဲမှာ သွားတယ်ဆိုတဲ့ နေရာမှာ၊ ဦးစွာပထမ သွားချင်စိတ်ဖြစ်၊ ရပ်တဲ့နေရာမှာလည်း ဦးစွာပထမ ရပ်ချင်တဲ့စိတ်ဖြစ်၊ လှဲချင်တယ်၊ အိပ်ချင်တယ်ဆိုတဲ့ နေရာမှာလည်း ဦးစွာပထမ လှဲချင်စိတ်၊ အိပ်ချင်စိတ် ဆိုတဲ့ဥစ္စာလေးက အရင်ဖြစ်တာမဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒါလေးကနေပြီးတော့၊ ဝါယောဓာတ်ကို လုပ်၊ ဝါယောဓာတ်ကတစ်ဆင့် အမှုအရာဖြစ်အောင်လုပ် . . . အားလုံး ၃-ဆင့်လောက် ရှိပြီးတော့မှ သွားတယ်တို့၊ ရပ်တယ်တို့၊ ထိုင်တယ်တို့၊ အိပ်တယ်တို့ ဖြစ်တာမဟုတ်လား၊ (မှန်လှပါဘုရား)။

အဲဒါကို မှတ်မိအောင်လို့ သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လို စိတ်ဟု သိ။ စိတ်ကြောင့် ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှောကိုယ်ဝယ်ပြည့်။ ဝါယောပြည့်သော်၊ ဝိညာဏ်ပေါ်၊ ရုပ်သော်သွားပေ၏။ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွားဉာဏ်ဖြင့်သိ။ ဒီလိုဆိုရင် ရပ်တဲ့နေရာမှာ (ပုဂ္ဂိုလ်မရပ်၊ ငါမရပ်၊ ရုပ်ရပ်ဉာဏ်ဖြင့် သိ)၊ အိပ်တဲ့နေရာမှာ (ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့်သိ)၊ ဒီလိုနေမှာပေါ့။ အေး. . . နာမ်တရားက ခိုင်းတိုင်း ခိုင်းတိုင်း၊ ရုပ်တရားက လှုပ်ရှားပြီးတော့ လိုက်နေရတာပါ။ မိမိတို့တစ်တွေသည်ပင်၊ ကိုယ့်နေရာကနေပြီးတော့ ဟောဒီ တရားခန်းမကြီးထဲ လာတဲ့အခါ။ လှုပ်လှုပ် လှုပ်လှုပ်နဲ့၊ ခြေ တစ်လှမ်းချင်း၊ တစ်လှမ်းချင်း လှမ်းလာနေတာမဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒါမသိတော့ ငါလှမ်းလာတယ်၊ ငါ့ခြေထောက်နာသွားတယ်၊ ပြောနေတာနော်၊ အင်း . . . ငါလှမ်းတယ်တဲ့၊ ငါရော ဒီထဲပါလို့လား၊ (မပါပါဘူး ဘုရား)။

တကယ်အစစ်ရှိတာ သက္ကာယ

လှမ်းချင်စိတ်ဆိုတဲ့ နာမ်တရားဖြစ်လို့၊ လှမ်းတဲ့ ရုပ်ကြီးပေါ်တာ၊

ဟိုအပေါ် ရောက်တဲ့အခါ။ ရပ်ချင်စိတ်ဖြစ်လို့ ရပ်သွားတာ၊ ထိုင်ချင်တဲ့စိတ်ဖြစ်လို့ ထိုင်သွားတာ၊ ခန္ဓာကိုယ်တစ်ပိုင်း ကျိုးကျသွားပြီးတော့လေ၊ အင်း . . . အဲဒီလိုတွေသွားနေတာပါ။ ကိုယ့်အိပ်ရာထဲဆိုရင် အိပ်ချင်စိတ်ဖြစ်လို့ အိပ်သွားတာဆိုတော့ နာမ်တရားက နာမ်တရားက ခိုင်းတိုင်း ခိုင်းတိုင်း၊ ရုပ်တရားကြီးက နောက်က လိုက်လုပ်နေရတာ၊ ရုပ်တရားနဲ့ နာမ်တရား ဒီနှစ်ပါးပဲ ရှိတာပါပဲလား တို့တစ်တွေ၊ ဩော်. . . တို့တစ်တွေ မသိလို့သာ လျှောက်ပြောနေတာ၊ တကယ့်တကယ်ကျတော့၊ ရုပ်တရားနဲ့ နာမ်တရား ဒီနှစ်ပါးပဲ ရှိတာပါလားလို့၊ ဒီလိုအမှန်အတိုင်း သိလို့ရှိရင် သက္ကာယဒိဋ္ဌိ စင်တယ်၊ သက္ကာယဒိဋ္ဌိစင်ကြယ်သွားတယ်၊ သက္ကာယစင်ကြယ်တယ်၊ အဲဒီလိုမဟုတ်ဘဲနဲ့ သူသွားတယ်၊ ငါသွားတယ်၊ ယောက်ျားသွားတယ်၊ မိန်းမသွားတယ် လုပ်လို့ကတော့ဖြင့် သက္ကာယဒိဋ္ဌိ ဝင်နေတာပေါ့။ ဘာဒိဋ္ဌိ ဝင်နေ၊ (သက္ကာယဒိဋ္ဌိဝင်နေပါတယ် ဘုရား)။

အေး . . . သက္ကာယဆိုတာ တကယ်အစစ်ရှိတာကို ပြောတာ၊ တကယ်အစစ်ရှိတာကို ပါဠိလို ဘယ်နှယ်ခေါ်၊ (သက္ကာယပါ ဘုရား)၊ တကယ်အစစ်ရှိတဲ့တရားက ဘယ်သူများလဲလို့ဆိုတော့၊ ရုပ်နဲ့ နာမ်၊ အကျယ်ချဲ့မယ်ဆိုရင် ခန္ဓာငါးပါး၊ ဟုတ်တယ်၊ ရုပ်နာမ်နှစ်ပါး၊ အကျယ်ချဲ့ ခန္ဓာငါးပါးကတော့ တကယ်အစစ်ရှိတဲ့တရားမို့လို့ ပါဠိလိုဘယ်နှယ်ခေါ်၊ သက္ကာယ၊ အေး. . . အဲဒီသက္ကာယအပေါ်မှာ တကယ်လည်း အစစ်မရှိဘဲနဲ့ ယောက်ျားတို့၊ မိန်းမတို့၊ ပုဂ္ဂိုလ်တို့၊ သတ္တဝါတို့၊ သူတို့၊ ငါတို့ တင်စားပြီး ထင်မှားနေတာက ဒိဋ္ဌိ၊ ထင်မှားနေတာက ဒိဋ္ဌိ၊ သက္ကာယ အပေါ်မှာမှားတဲ့ ဒိဋ္ဌိမို့လို့၊ 'သက္ကာယဒိဋ္ဌိ'၊ အမယ် ဒီကနေ့တစ်မျိုး တိုးလာပြီနော်၊ ဟိုဘက်နေ့တွေတုန်းက 'သဿတဒိဋ္ဌိ'၊ 'ဥစ္ဆေဒဒိဋ္ဌိ'၊ အဲဒါတွေတွေ့ခဲ့တယ်၊ ဒီကနေ့ကျတော့ ဘာဒိဋ္ဌိတိုးလာ၊ (သက္ကာယဒိဋ္ဌိ

တိုးလာပါတယ် ဘုရား)၊ သက္ကာယဒိဋ္ဌိတိုးလာပြီ။

တကယ်အစစ်ရှိတာ ရုပ်နဲ့နာမ်

တကယ်အစစ်ရှိတာ မလွဲမသွေ အမြဲတမ်းရှိနေတာ ဘယ်သူလဲ၊ ခန္ဓာငါးပါး၊ အကျဉ်းချုံ့မယ်ဆိုရင် ရုပ်နဲ့ နာမ်၊ အကျယ်ချဲ့ရင်တော့ ခန္ဓာဘယ်နှပါး၊ ငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ ဒီတရားတွေကတော့ တကယ်အစစ်မရှိပေဘူးလား၊ (ရှိပါတယ် ဘုရား)၊ တကယ်အစစ်ရှိတဲ့ တရားတွေမို့လို့ ပါဠိလို ဘယ့်နှယ့်ခေါ်၊ (သက္ကာယပါဘုရား)၊ သက္ကာယ၊ ဘယ်သူတွေတုန်း၊ ရုပ်နဲ့နာမ်၊ အကျယ်ချဲ့ရင်တော့ ခန္ဓာငါးပါး၊ ဒီတရားတွေက တကယ် အစစ်ရှိလို့ ပါဠိလိုဘယ့်နှယ့်ခေါ်၊ (သက္ကာယပါဘုရား)၊ သက္ကာယ၊ အဲဒီတကယ်အစစ်ရှိတဲ့ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးအပေါ်မှာ တကယ်အစစ်မရှိတဲ့ ယောက်ျားတို့၊ မိန်းမတို့၊ သူတို့၊ ငါတို့၊ ပုဂ္ဂိုလ်တို့၊ သတ္တဝါတို့ ဒီနာမည်တွေ တင်စားပြီးတော့၊ တင်စားတဲ့အတိုင်း ထင်မှားတာကဒိဋ္ဌ၊ သက္ကာယအပေါ်မှာ မှားတဲ့ဒိဋ္ဌမို့လို့၊ (သက္ကာယဒိဋ္ဌ)၊ သက္ကာယဒိဋ္ဌ၊ အဲဒီ သက္ကာယဒိဋ္ဌတန်းလန်းကြီးနဲ့ တရားအားထုတ်နေလို့ကတော့ဖြင့် တရားမရပါဘူးတဲ့၊ အဲဒီ သက္ကာယဒိဋ္ဌ ခွာရမှာပေါ့၊ (မှန်ပါဘုရား)၊ တရားထိုင်တော့မယ်ဆိုရင် ဘာခွာရမယ်၊ (သက္ကာယဒိဋ္ဌ ခွာရပါမယ် ဘုရား)၊ အခု ငုတ်တုတ်ထိုင်နေတာ၊ ငါထိုင်နေတာ၊ သူထိုင်နေတာ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)၊ ဘယ်သူထိုင်နေတာပါလိမ့်၊ နာမ်နဲ့ ရုပ်၊ အဲ နာမ်နဲ့ ရုပ်၊ ရုပ်နဲ့ နာမ်၊ ဟုတ်ပဲ့၊ နာမ်တရားက ထိုင်ဟဲ့ခိုင်းလို့၊ ရုပ်တရားကြီးက ခါးတစ်ပိုင်းကျိုးကျသွားပြီး ထိုင်တာ၊ အမယ် ဒီလိုဆိုလို့ရှိရင် သူလည်း ရုပ်နဲ့ နာမ်၊ ကိုယ်လည်း ရုပ်နဲ့ နာမ် မဟုတ်လား၊ (မှန်ပါဘုရား)၊ ငါ၊ သူ ရှိသေးလား၊ (မရှိပါဘူး ဘုရား)၊

ငါ့နေရာ မတိုးနဲ့ရော ဖြစ်သေးလား၊ (မဖြစ်ပါဘူး ဘုရား)၊ အဲ မဖြစ်တော့ ပါဘူး၊ ငါမှမရှိဘဲ။

သူရောရှိလို့လား၊ (မရှိပါဘူးဘုရား)၊ ယောက်ျား၊ မိန်းမရော ရှိလား၊ (မရှိပါဘူးဘုရား)၊ မရှိပါဘူး၊ ဘာနဲ့ဘာပဲရှိ၊ (ရုပ်နဲ့ နာမ်ပဲရှိ ပါတယ်ဘုရား)၊ အဲဒီလို ရုပ်နဲ့ နာမ်နဲ့ပဲ ရှိတယ်လို့၊ ဒီလိုသိနေတဲ့အချိန်မှာ ဘာဒိဋ္ဌိ စင်ကြယ်နေတုံး၊ (သက္ကာယဒိဋ္ဌိ စင်ကြယ်နေပါတယ်ဘုရား)၊ ဟုတ်တယ်၊ အဲ အဲဒီလိုတဲ့နော်၊ ဒိဋ္ဌိတန်းလန်းကြီးနဲ့၊ တရားအားထုတ်လို့တော့ မရဘူးတဲ့၊ အဲဒါကြောင့် ဒိဋ္ဌိခွာတတ်အောင်လို့၊ ဘုန်းကြီးပြောပေးနေတာ၊ (မှန်ပါဘုရား)။

'ရုပ်'ဆိုတာ 'အရိုးစု'

တစ်ခါတုန်းက အခုလိုမနက်ပိုင်းပေါ့။ တောကျောင်းကိုယ်တော်ကြီးတစ်ပါး၊ တောထဲကနေပြီးတော့ မြို့ထဲဘက် ဆွမ်းခံကြွလာတာ၊ သပိတ်ကြီးပိုက်လို့၊ စိုက်စိုက် စိုက်စိုက်နဲ့လာနေတာ၊ တောကျောင်းကိုယ်တော်ကြီးနော်၊ (မှန်ပါဘုရား)၊ အမယ် သပိတ်ကြီးပိုက်လို့၊ မြို့ထဲဘက် ဆွမ်းခံကြွလာနေတာ၊ အဲဒီအချိန်မှာ မြို့ထဲပိုင်းမှာ ဇနီးမောင်နှံနှစ်ယောက် ဘောက်ဘောက် ဘောက်ဘောက်နဲ့ ရန်ဖြစ်ကြတယ်၊ အပေါက်အလမ်းမတည့်ဘူး၊ စကားပြောရတာကိုပဲ အဆင်မပြေပါဘူး၊ ဘောက်ဘောက် ဘောက်ဘောက်နဲ့ဆိုတော့ ဇနီးဖြစ်တဲ့သူကလည်း ထက်ထက်ပဲ၊ သူက ဒီအိမ်မနေဘူးတဲ့ ၊ မနေချင် သွားပေါ့ကွ ဆိုတော့ ပြန်မယ်တဲ့ အမေ့ရွာ၊ သြော်. . . အမေ့ရွာတဲ့၊ အမေ့ရွာဆိုတော့ သူတောကပေါ့။ အမယ် ပြန်ကွာတဲ့၊ ယောက်ျားလုပ်တဲ့ သူကလည်း၊ အဲဒါနဲ့ ဟို. . . ဇောက် ဇောက် ဇောက်နဲ့၊ ဆင်းလာခဲ့တာပေါ့။ အဲသလိုနဲ့

ဆင်းလာ၊ ဟော တောလမ်းလည်း ရောက်ကရော၊ စောစောတုန်းက ပြောတဲ့ မထေရ်ကြီးနဲ့ ခရီးရင်ဆိုင် တွေ့ကြပါရောလား၊ ဟယ် ဒီတော့ သူတို့တစ်တွေကလည်း ဘယ်လို လုပ်တယ်မှတ်တုံး၊ အပြင်ဘက် ရောက်တယ်ဆိုရင်ပဲ၊ အဲဒီ မထေရ်ကြီးကို ပြုံးပြသတဲ့၊ ခုနတုန်းက အမျိုးသမီးက မထေရ်ကြီးကို ဘာလုပ်ပြ၊ (ပြုံးပြပါတယ် ဘုရား)၊ ပြုံးတယ်ဆိုတော့ သွားကလေးပေါ်တာပေါ့၊ သွားဆိုတာ အရိုးပဲ၊ အရိုးနဲ့ ခေါင်းဆက်မနေဘူးလား၊ (ဆက်နေပါတယ် ဘုရား)၊ အဲဒီခေါင်းနဲ့ ခန္ဓာကိုယ်နဲ့ ရော ဆက်မနေဘူးလား၊ (ဆက်နေပါတယ် ဘုရား)။

အဲဒီမထေရ်ကြီးအနေနဲ့က အဲဒီလိုမြင်တာ၊ အမယ် အရိုးစုကြီးပဲ၊ ပြုံးတယ် ဘာတယ်တောင် မသိပါဘူး၊ မထေရ်ကြီးအနေနဲ့တော့ အဲဒီလို အရိုးစုကြီးပဲလို့ ဆိုတဲ့အနေမျိုးနဲ့ဆိုတော့၊ သူပြုံးပြတဲ့ဥစ္စာကို သိပ်အရေးယူပုံ မပေါ်တော့လည်းဘဲ၊ ရိုရိုသေသေနဲ့၊ လက်အုပ်လေး ချီပြီးတော့ ဘေးကရှောင်သွားပါသတဲ့၊ အဲဒီအမျိုးသမီးကလေ၊ အဲသလိုနဲ့ မထေရ်ကြီးအဖို့တော့ အမျိုးသမီးလေးလို့၊ ဒီလိုအောက်မေ့ရဲ့လား၊ (မအောက်မေ့ပါဘူး)၊ ဘယ်လိုအောက်မေ့တုံး၊ (အရိုးစုကြီးပါဘုရား)၊ အရိုးစုကြီးပါပဲ၊ အမယ် အဲဒီလိုဆိုပြီးတော့ သွားလိုက်တာ လေးလှမ်း၊ ငါးလှမ်းလောက် သွားလိုက်ရတယ်၊ မထေရ်ကြီး တရားတွေတက်သွားပြီးတော့ တစ်မဂ်၊ နှစ်မဂ်၊ သုံးမဂ်၊ လေးမဂ်ထိအောင် ဆိုက်သွားပြီး ရဟန္တာကြီးဖြစ်သွားတာ၊ ဟော ရှေ့ဆက်သွားလို့ ဘယ်လောက်မှမကြာပါဘူး၊ ဟော. . . ဟိုက ယောက်ျားတစ်ယောက် သုတ်သုတ် သုတ်သုတ်နဲ့ လိုက်လာတယ်၊ အမယ် အနားလည်းရောက်ရော ဦးချပြီးတော့ လျှောက်တယ်၊ အရှင်ဘုရား ဒီလမ်းက အမျိုးသမီးလေးတစ်ယောက် သွားတာ မတွေ့လိုက်ပါဘူးလားဘုရား၊ ခြေရာ ခြေကြောင်းကတော့

ဒီလမ်းအတိုင်းပဲ ဘုရား၊ အမယ် သူ့ခင်ပွန်းသည်က လိုက်ခေါ်တာ၊ နှင်တုန်းကနှင်ချပြီးတော့၊ အခု ဘယ်လောက်မှ မကြာဘူး၊ လိုက်ခေါ်တာ မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲ သူ့ခင်ပွန်းသည်က လျှောက်တာ၊ မထေရ်ကြီးကိုလျှောက်တော့၊ မထေရ်ကြီးက ပြန်ပြီးတော့ ပြောတဲ့စကား၊ အင်မတန်မှတ်သားဖို့ ကောင်းတယ်။

နာဘိ ဇာနာမိ ဣတ္ထိဝါ ပုရိသောဝါ ဣတောဂတော
အပိစ အဒ္ဒိ သယ်ာတော၊ ဂစ္ဆတေသ မဟာပထေ။

မထေရ်ကြီးပြောတာနော်၊ (မှန်လှပါဘုရား)၊ အဓိပ္ပာယ် ပြန်ရင်တော့ အမျိုးသမီးလား၊ အမျိုးသားလား၊ ယောကျ်ားလား မိန်းမလားတော့ မပြောတတ်ပါဘူးကွယ်၊ ငါ့ဘေးက အရိုးစုကြီးတစ်ခုတော့ ရှောင်သွားလေရဲ့၊ အမယ် ဘာရှောင်သွား၊ (အရိုးစုကြီးပါ ဘုရား)၊ ဟယ် အမျိုးသမီးလေးရှောင်သွားတယ် ဟုတ်သလား၊ (မဟုတ်ပါဘူးဘုရား)၊ ဘာရှောင်သွား၊ (အရိုးစု ရှောင်သွားတာပါဘုရား)၊ ကြည့်စမ်း၊ အမျိုးသမီးလေးဆိုရင် ဘာဒိဋ္ဌိဝင်နေ၊ (သက္ကာယဒိဋ္ဌိဝင်နေ ပါတယ် ဘုရား)၊ သက္ကာယဒိဋ္ဌိဝင်နေတယ် မဟုတ်လား၊ (မှန်ပါဘုရား)။

ဟော အရိုးစုဆိုတော့၊ သူမြင်ရာ ပြောတာပေါ့နော်၊ အဲ နာမ်တရားလည်း ပါတော့ပါတာပေါ့၊ နာမ်တရားဆိုတာကတော့ မျက်လုံးနဲ့ မြင်လို့မရပါဘူး၊ ရုပ်တရားကိုသာ မြင်လို့ရတာမဟုတ်လား၊ (မှန်ပါဘုရား)၊ အေး အရိုးစုဆိုတော့ ဘာဒိဋ္ဌိကွာနေတုံး၊ (သက္ကာယဒိဋ္ဌိကွာနေပါတယ်ဘုရား)၊ သက္ကာယဒိဋ္ဌိကွာတဲ့ အနေနဲ့ပြောတာ မဟုတ်လား၊ ဟုတ်တယ်၊ သူပြုံးပြတုန်းက၊ ဟာယ်... အမျိုးသမီးလေးဟဲ့၊ ဒီလိုသာ ခံယူခဲ့လို့ရှိရင် သက္ကာယဒိဋ္ဌိတွေ ဝင်နေမယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ တရားရနိုင်မလား၊ (မရနိုင်ပါဘူးဘုရား)၊ အခုတော့

တရားသမားကြီးပီပီ၊ ပြုံးပြတာကိုပဲ၊ သွားအဖျားကလေးပေါ်တော့ အရိုး၊ အရိုးကနေပြီးတော့ ဆက်တွေးလိုက်တာ တစ်ကိုယ်လုံးဘာတုံး၊ (အရိုးစုပါဘုရား)။ အရိုးစုကြီးကို ဖြစ်သွားတာပဲ မဟုတ်လား၊ အဲဒီ အရိုးစုကြီးအနေနဲ့ သူရှုမှတ်တဲ့အတွက် တရားတွေတက်သွားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဘာဒိဋ္ဌကွာနေလို့၊ (သက္ကာယဒိဋ္ဌကွာနေလို့ ပါဘုရား)။ ဟုတ်တယ်၊ ဒါကြောင့် တရားသမားတွေဆိုတာ ဒိဋ္ဌကွာရမယ်ဆိုတာ ဒါပေါ့နော်၊ (မှန်လှပါ ဘုရား)။ ဒါပေါ့။ ဒိဋ္ဌတန်းလန်းကြီးနဲ့ အားထုတ်လို့ရောရပါ့မလား၊ (မရပါဘူး ဘုရား)။ ဒီလိုဆိုရင်၊ အခုထိအောင် ဒိဋ္ဌသုံးမျိုးတွေ့ပြီပေါ့၊ (မှန်ပါဘုရား)။ မနေ့တုန်းကပြောခဲ့တယ်၊ သဿတဒိဋ္ဌ၊ ဥစ္ဆေဒဒိဋ္ဌ၊ ဒီကနေ့ဆိုရင် သက္ကာယဒိဋ္ဌ၊ အေး . . . ဒီဒိဋ္ဌသုံးမျိုးတော့ အရေးကြီးတာပေါ့၊ (မှန်ပါဘုရား)။ ဒီလောက်တော့ ပိုင်ပိုင်နိုင်နိုင် လုပ်ထားရမယ်၊ ဒီဒိဋ္ဌသုံးမျိုး နားလည်လို့ရှိရင် အကုန်လုံး ကျန်တဲ့ဒိဋ္ဌတွေ ဒီထဲလာ အကုန်ဝင်တယ်နော်၊ (တင်ပါ့ဘုရား)။ သဿတဒိဋ္ဌ၊ ဥစ္ဆေဒဒိဋ္ဌ၊ သက္ကာယ ဒိဋ္ဌ၊ ဟုတ်တယ် မဟုတ်လား၊ အေး . . . ဒိဋ္ဌသဘောတွေပါ။

အရိုးစု (သို့မဟုတ်) ရုပ်

တစ်ခါတုန်းက ဘိက္ခုနီမတွေရဲ့ကျောင်းမှာ ကြက်တူရွေးလေးတစ်ကောင်ရှိတယ်၊ ဘိက္ခုနီမတွေက ပြောတယ်၊ ဟဲ့ရွှေဂဲ၊ နင်က သူတော်ကောင်းတွေနဲ့ နေပြီးတော့ အိပ်ကာ၊ စားကာနဲ့ မတော်ဘူးနော်၊ နင်လည်း တရားတစ်မျိုးမျိုးတော့ နှလုံးသွင်းမှကောင်းမယ်၊ နင်ကတော့ လွယ်လွယ်ပေါ့ပါဟယ်၊ ကိုယ့်ကိုယ်ကို အရိုးစု အရိုးစု ဒီလိုပဲ အောက်မေ့နေပါ။ အရိုးစု၊ အရိုးစု၊ အရိုးစု. . . ကိုယ့်ဘာသာကိုယ်ဆိုသာနေ၊ သဘောပေါက်လာလိမ့်မယ်ဆိုတော့၊ ရွှေဂဲလေးကဆိုနေတာ အရိုးစု၊

အရိုးစု၊ အမယ် အရိုးစု၊ အရိုးစု၊ သူဆိုနေတာပေါ့။ အမယ် ဆိုတာတောင် အတော်ကြာလာပြီဆိုတော့ သူ သဘောပေါက်နေပါလိမ့်မယ်၊ တစ်နေ့တော့ ကျောင်းရှေ့က လှေခါးဦးတိုင်မှာ နေစာလှူပြီးတော့ နေတဲ့အခိုက်၊ ကောင်းကင်က ဝေါခနဲ. . . သိန်းစွန်ကြီးတစ်ကောင် ဆင်းလာပြီးသုတ်လိုက်တာ၊ ကလက် ကလက် ကလက်နဲ့ ကောင်းကင် ပါသွားတာပေါ့။ ဟဲ့ဟဲ့. . ဟဲ့ဟဲ့ ရွှေဂဲလေးပါသွားသဟဲ့၊ ပါသွားသဟဲ့ဆိုပြီးတော့ အောက်ကနေ ဘိကျွန်မတွေက ခဲနဲ့ပေါက်၊ တုတ်တွေနဲ့ပစ်၊ လက်ခုပ်သံတွေနဲ့ဆိုတော့၊ လန့်ဖျပ်ပြီးတော့၊ ဟိုက ပြန်ချလိုက်ပါတယ်၊ ဟယ် ပြန်ကျလာတယ်၊ ရွှေဂဲလေး ပြန်ကျလာပြီ၊ ပြန်ကျလာပြီဆိုတော့ အဲဒါကို ဝိုင်းကောက်တော့ သူ့ခမျာ ဆတ်ဆတ် ဆတ်ဆတ်နဲ့ တုန်လှုပ်ပေါ့။။

အမယ် ကြောက်လိုက်တာ၊ အဲဒါ ယပ်ခပ်ပေး၊ ရေကလေး မိုးကလေး တိုက်ပေးပြီးတော့၊ ဟဲ့ ရွှေဂဲ နင့်မေးရဦးမယ်၊ အခုနတုန်းက ကောင်းကင်ပါသွားတော့ နင်ဘယ်လို အောက်မေ့လိုက်သလဲ၊ အင်းတဲ့ဟိုလေ အရိုးစုကြီးတစ်ခုက အရိုးစုလေးတစ်ခုကို ခိုသွားပေါ့ဆိုတော့၊ အမယ် ပြောပုံကတော့ မည့်ဘူး၊ ဟုတ်တာ၊ မဟုတ်တာ အသာထား၊ ဘာဒိဋ္ဌကွာနေတုံး၊ (သင်္ကာယ ဒိဋ္ဌကွာနေပါတယ်ဘုရား)၊ ရွှေဂဲလေးကို သိန်းစွန်ကြီးက ခိုတယ်ဆိုရင်၊ ဒါသင်္ကာယဒိဋ္ဌ အပြောမဟုတ်လား၊ (မှန်ပါဘုရား)၊ သိန်းစွန်ရော ရှိလို့လား၊ (မရှိပါဘူးဘုရား)။။

ရွှေခဲရော ရှိလို့လား၊ မရှိပါဘူး၊ ရှိတာက ရုပ်နဲ့နာမ်၊ အမယ် ဒါကို အမြင်ပြောမယ်ဆိုရင် အရိုးစုမျှပဲ မဟုတ်လား၊ (မှန်ပါဘုရား)၊ အေး . . . အဲလိုပါပဲ၊ ဒါဖြင့် အခုဘုန်းကြီးတို့တစ်တွေလည်း၊ ဒီပရိသတ်ကြီးတစ်ခုလုံးလည်း အရိုးစုပဲ၊ ဟုတ်တယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ အင်း . . . ငုတ်တုတ်ထိုင်နေကြတာ အရိုးစုတွေပေါ့။ (မှန်လှပါဘုရား)၊

ဟုတ်တယ်၊ ကိုယ့်ကိုယ်ကို တရားထိုင်တော့မယ်ဆိုတဲ့ အချိန်ကစပြီးတော့ အရိုးစုကြီး၊ ဒီအရိုးစုကြီးထဲမှာ အသိသဘောတရား နာမ်တွေ၊ ဒီလိုနော်၊ (မှန်ပါဘုရား)။

ရုပ်တရားရဲ့ နာမ်တရား ခွဲစိပါးမျှသာ

အင်း အဲဒီလိုပါ။ နာမ်တရားနဲ့ ရုပ်တရား၊ ဒီခွဲစိပါးပါပဲ၊ ဒါဖြင့်ရင် တရားထိုင်တော့မယ်ဆိုတဲ့ အချိန်ကစပြီးတော့ ကိုယ့်ကိုယ်ကို သိမှတ်ရပါလိမ့်မယ်၊ ရုပ်တရားနဲ့ နာမ်တရား ဒီခွဲစိပါးမျှပဲရှိတယ်လို့၊ ဒီလိုအမှန်အတိုင်း သိလို့ရှိရင် ဘာဒိဋ္ဌစင်ကြယ်မယ်၊ (သက္ကာယဒိဋ္ဌ စင်ကြယ်ပါမယ်ဘုရား)၊ ဟုတ်တယ်၊ သက္ကာယဒိဋ္ဌစင်ကြယ်အောင် တရားထိုင်တဲ့ အချိန်က စပြီးတော့ ရုပ်အစုနဲ့ နာမ်အစု၊ ဟုတ်ပ့ါ။ ရုပ်အစုနဲ့ နာမ်အစု၊ ဒီခွဲစိစုတွင် ဟော နာမ်တရားက စေစားလို့၊ ရုပ်တရားက သွားတာ၊ ရုပ်ချည်းပဲသွားတတ်ရဲ့လား၊ (မသွားတတ်ပါဘူး ဘုရား)၊ မသွားတတ်ပါဘူး၊ တုံးတိုကြီးတစ်ခု ဒီနားချထား၊ နာမ်တရားမပါဘူး၊ နာမ်တရားနဲ့ ရုပ်တရား၊ ရုပ်တရားချည်းပဲ သက်သက်ဆိုရင် သွားတယ်၊ လာတယ် ဘယ်လုပ်တတ်လိမ့်မလဲနော်၊ နာမ်တရားက စေစားလို့ ရုပ်တရားကြီးက လိုက်ပါနေရတာ မဟုတ်လား။

လေအဟုန်ရဲ့တူတဲ့ နာမ်တရား

ဟုတ်တယ်၊ လေတစ်စင်း ဒီဘက်ကမ်းကနေပြီးတော့၊ ဟိုဘက်ကမ်းကို လှော်ခတ်ပြီးတော့ သွားတယ်ဆိုလို့ရှိရင်၊ ရွက်တိုက်ပြီးတော့ သွားတယ်ဆိုရင်၊ တန်းတန်း တန်းတန်းနဲ့ သွားတယ်မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အမယ် အပြောကတော့ လေကလေးသွားတယ်လို့

ပြောတယ်နော်၊ (မှန်လှပါဘုရား)။

တကယ်တော့ လှေကသွားတတ်လို့လား၊ (မသွားတတ်ပါဘူးဘုရား)။ မသွားတတ်ပါဘူး၊ ရွက်ထောင်ထားတဲ့အခါကျတော့ လေအဟုန်နဲ့၊ လှေကလေးက တန်းတန်း တန်းတန်းနဲ့သွားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒီအတိုင်းပါပဲ၊ မြားပစ်တဲ့အခါကျတော့လည်း၊ ဒီကနေပြီးတော့ ဒင်းကနဲ. . . ပစ်လိုက်တယ်ဆိုရင်၊ မြားက တန်းတန်း တန်းတန်းနဲ့သွားတယ်နော်၊ (မှန်ပါဘုရား)။ မြားက သစ်သားပဲ၊ သွားတတ်ပါ့မလား၊ (မသွားတတ်ပါဘူး ဘုရား)။ ဒါပေမဲ့ ဘာကြောင့်သွား သလဲဆိုရင်၊ ဒီက အရှိန်အဟုန်နဲ့ လွှတ်လိုက်တဲ့အတွက် တန်းတန်း တန်းတန်းနဲ့သွားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ လေရဲ့အရှိန်အဟုန်ကြောင့် သူသွားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဒီသဘောတွေပါပဲ၊ ဘုန်းကြီးတို့ ဒီခန္ဓာကိုယ်ကြီးဟာလည်းပဲ၊ ဟော. . . နာမ်တရား၊ သူက စေစားလို့၊ ရုပ်တရားကြီးက ရွှေ့ ရွှေ့ ရွှေ့ရွှေ့နဲ့၊ သွားနေတာ မဟုတ်လား၊ (မှန်ပါ ဘုရား)။ ဟုတ်တယ်။

နာဝါမာလုက ဝေဂေန၊ ဇိယာဝေဂေန တေဇနံ၊
ယထာ ယာတိ ကထာ ကာယော၊ ယာတိ ဝါတာ
ဟတော အရံ၊

ဆိုတာလေ၊ အေး . . . လှေတစ်စင်း ရွက်ထောင်ပြီးတော့၊ ဟိုဘက်ကမ်းကို သွားတယ်ဆိုတာ လေအဟုန်ကြောင့်၊ ဒီလှေဟာ သွားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဒီမှာလည်းပဲ၊ လေအဟုန်နဲ့တူတဲ့ နာမ်တရားတွေကြောင့်၊ လှေကြီးနဲ့တူတဲ့ ဒီခန္ဓာကိုယ်ကြီး ရွှေ့လျားနေတာ မဟုတ်လား၊ (မှန်ပါဘုရား)။

လေးညို့အမွမ်းနဲ့တူတဲ့ နာမ်တရား

ဇီယာ ဝေဂေန တေဇနံ၊ ဟုတ်တယ်၊ မြားပစ်တဲ့အခါ ကျတော့လည်း၊ လေးညို့ရဲ့အစွမ်းကြောင့် တန်းတန်း တန်းတန်းနဲ့ သွားတာ မဟုတ်လား၊ (မှန်ပါ့ဘုရား)၊ လေးညို့ရဲ့အစွမ်းနဲ့တူတဲ့ နာမ်တရားတွေကြောင့်၊ မြားနဲ့တူတဲ့ခန္ဓာကိုယ်ကြီး၊ တန်းတန်း တန်းတန်းနဲ့. သွားတာမဟုတ်လား၊ (မှန်ပါဘုရား)၊ အေး . . . ဒီလို သဘောတွေပါ၊ ဒါတွေ သိထားရပါမယ်၊ ဒီလိုသိမှ ဒိဋ္ဌိကွာမှာ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဘာဒိဋ္ဌိ ကွာမယ်၊ (သက္ကာယဒိဋ္ဌိ ကွာပါမယ် ဘုရား)၊ သက္ကာယဒိဋ္ဌိကွာမယ်၊ ဟုတ်တယ်။

ကြိုးကလေးတို့၏ အစွမ်းကြောင့်

ယန္တံ သုတ္တ ဝသေနေဝ၊ စိတ္တသုတ္တ ဝသေနိတံ၊
ပယုတ္တံ ကာယ ယန္တံပိ၊ ယာတိဋ္ဌာတိ နိသီဒတိ၊

ယန္တံ-ရုပ်သေးရုပ်ကလေးသည်. . . ၊ အခုတော့ ရုပ်သေးရုပ်ကလေးတွေက မရှိသလောက် ရှားသွားပြီ၊ ရှေးတုန်းကတော့ ရုပ်သေးစင်တွေရှိတယ်၊ ပေါတယ်၊ အရုပ်ကလေးတွေ စင်ပေါ်မှာကတာလေ၊ အေး. . . အဲဒီအရုပ်ကလေးတွေက ကတယ်၊ လက်ချိုးတယ်၊ ခြေထောက်မြောက်တယ်၊ ခေါင်းခါတယ်၊ ကျမ်းထိုးတယ်၊ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ ဒီလိုလေးတွေ လုပ်မပြဘူးလား၊ (လုပ်ပြပါတယ် ဘုရား)၊ တကယ်တော့ သစ်သားရုပ်ပဲ၊ လုပ်တတ်ပါ့မလား၊ (မလုပ်တတ်ပါဘူးဘုရား)၊ ဘယ်လုပ်တတ်လိမ့်မလဲ၊ အဲဒီ ကျမ်းထိုးအောင်၊ ခြေထောက်မြောက်အောင်၊ လက်လှုပ်ရှားအောင်က ကြိုးလေးတွေနဲ့ ဆွဲပေးတာ မဟုတ်လား၊ အေး . . . သုတ္တ ဝသေနေဝ- ခေါင်း၊ ခါး၊

ခြေ၊ လက်၊ သွယ်ဆက်ထားတဲ့ ကြိုးကလေးတို့၏ အစွမ်းအားဖြင့်၊ ယန္တံ-ရုပ်သေးရုပ်ကလေးသည်၊ ဥလ္လင်္ဂတိ- ကျွမ်းလည်းထိုး၏၊ ယာတိ-သွားလည်းသွား၏၊ ဌာတိ-ရပ်လည်းရပ်၏၊ နိသီဒတိ- ထိုင်လည်းထိုင်၏။

ဒီအရုပ်လေးတွေဟာလေ၊ (မှန်ပါဘုရား)၊ သူကတော့ သစ်သားကြိုးပဲ လုပ်တတ်ပါ့မလား၊ (မလုပ်တတ်ပါဘူးဘုရား)၊ ကြိုးလေးတွေရဲ့ အစွမ်း၊ ကြိုးကလေးတွေ လှုပ်ရှားပေးလို့သာ သူဒီလို လုပ်တတ်တာ မဟုတ်လား၊ (မှန်ပါဘုရား)၊ အလားတူပေါ့။ ကြိုးကလေးတွေနဲ့ အလားတူတဲ့ ဒီမှာ ဘုန်းကြီးတို့ နာမ်တရားမဟုတ်လား၊ (မှန်ပါဘုရား)၊ ဒီနာမ်တရားက ခိုင်းတိုင်း သွားဟဲ့ဆိုရင် သွားတယ်၊ ရပ်ဟဲ့ဆိုရင် ရပ်တယ်၊ ထိုင်ဟဲ့ဆိုရင် ထိုင်တယ်၊ အိပ်ဟဲ့ဆိုရင် အိပ်တယ်ဆိုတော့၊ နာမ်တရားတွေက ကြိုးကလေးတွေနဲ့ မတူဘူးလား၊ (တူပါတယ်ဘုရား)၊ အဲဒါပြောတာ။

ယန္တံ သုတ္တ ဝသေနေဝ၊
စိတ္တ သုတ္တ ဝသေနိတံ၊
စိတ္တ သုတ္တ ဝသေန- ကြိုးကလေးတွေနဲ့တူတဲ့ စိတ်တို့၏ အစွမ်းအားဖြင့်၊ ဒီခန္ဓာကိုယ်နော်၊ (မှန်လှပါဘုရား)။

ဣဒံ ယန္တံပိ - ယန္တရားရုပ်သည်၊ ရုပ်သေးရုပ်ကြီးသည်လည်း၊ အားလုံး ဒကာ၊ ဒကာမတို့ ဒီခန္ဓာကိုယ်ကြီးက၊ ရုပ်သေးရုပ်ကြီးနဲ့ တူတာပေါ့။ (မှန်ပါဘုရား)၊ ဒီရုပ်သေးရုပ်ကြီးသည်လည်းပဲ၊ ယာတိ-သွားလည်း သွား၏၊ ဌာတိ-ရပ်လည်းရပ်၏၊ နိသီဒတိ- ထိုင်လည်းထိုင်၏၊ ဤခန္ဓာကိုယ်ကြီးဟာ ဘာနဲ့တူတုံး၊ (ရုပ်သေးရုပ်နဲ့ တူပါတယ်ဘုရား)၊ ရုပ်သေးရုပ်၊ ဘာနဲ့တူ-ရုပ်သေးရုပ်၊ ရုပ်သေးရုပ်ဟာ သူ့ချည်းပဲဘာမှ မလုပ်တတ်ဘူး မဟုတ်လား၊ (မှန်ပါဘုရား)၊ ကြိုးက လှုပ်ရှားပေးရင်သာ

သူလည်းလှူပ်ရှားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ သန္တာန်မှာရှိတဲ့ နာမ်တရားကလည်း ဒီအတိုင်းပဲ၊ သူပဲ လှူပ်ရှားပေးနေတာ ဟုတ်တယ်နော်၊ (မှန်ပါဘုရား)၊ ဒါကြောင့်မို့လို့ ပြောရပါတယ်၊ သွားလို၊ ရပ်လို၊ ထိုင်နေလို၊ အိပ်လိုစိတ်ဟုသိ။ စိတ်ကြောင့်ဖြစ်သော၊ ဓာတ်ဝါယော၊ နှံ့နှော ကိုယ်ဝယ်ပြည့်။ ဝါယော ပြည့်သော်၊ ဝိညာဏ်ပေါ်၊ ရုပ်သော်သွားပေ၏။ ပုဂ္ဂိုလ်မသွား၊ ငါမသွား၊ ရုပ်သွား ဉာဏ်ဖြင့်သိ။ အိပ်တဲ့အခါ ပုဂ္ဂိုလ်မအိပ်၊ ငါမအိပ်၊ ရုပ်အိပ် ဉာဏ်ဖြင့်သိ။ ကွေးတဲ့အခါမှာ ပုဂ္ဂိုလ်မကွေး၊ ငါမကွေး၊ ရုပ်ကွေး ဉာဏ်ဖြင့်သိ။ ဆန့်တဲ့အခါမှာ ပုဂ္ဂိုလ်မဆန့်၊ ငါမဆန့်၊ ရုပ်ဆန့် ဉာဏ်ဖြင့်သိ။ အဝတ်ဝတ်တဲ့အခါ ပုဂ္ဂိုလ်မဝတ်၊ ငါမဝတ်၊ ရုပ်ဝတ် ဉာဏ်ဖြင့်သိ။ သနပ်ခါးလူးတဲ့အခါ ပုဂ္ဂိုလ်မလူး၊ ငါမလူး၊ ရုပ်လူး ဉာဏ်ဖြင့်သိ။ ဒီလိုမဟုတ်လား၊ (မှန်ပါဘုရား)။

ရုပ်အနိစ္စ၊ နာမ်အနိစ္စ

အကုန်လုံး ရုပ်တရားနဲ့ နာမ်တရား၊ ရုပ်တရားနဲ့ နာမ်တရား၊ အေး . . . အဲဒီရုပ်တရားနဲ့ နာမ်တရားကကော မြဲကြလို့လား၊ (မမြဲပါဘူး ဘုရား)။

မမြဲပါဘူး၊ ရုပ်တရားလည်း မမြဲကြဘူး၊ နာမ်တရားလည်း မမြဲကြဘူး၊ သခ်ါရ ပစ္စယာ ဝိညာဏ်၊ ဝိညာဏပစ္စယာ နာမရူပံ ဆိုတဲ့ ဝိညာဏ်တို့၊ နာမ်တို့က နာမ်တရား၊ ရုပ်ကရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါးမြဲကြလို့လား၊ (မမြဲပါဘူး ဘုရား)၊ မမြဲဘူး၊ တဖွဲဖွဲ တသဲသဲ အသစ်အဟောင်း ပြောင်းလဲနေလိုက်ကြတာ၊ ဘုန်းကြီးတို့ တစ်တွေက အကြမ်းစားဖြစ်ပြီးတော့နေလို့ မမြင်ရလို့ပါ၊ တကယ် တော့ဖြင့် အင်မတန်လျင်မြန်တဲ့နှုန်းနဲ့ ဖြစ်ပျက်ပြောင်းလဲ နေကြတာ၊

အဟောင်းအဟောင်းတွေ ချုပ်ပျောက်၊ အသစ်တွေရောက်၊ အဟောင်း အဟောင်းတွေ ချုပ်ပျောက်၊ အသစ်အသစ်တွေရောက်၊ ဒီလိုလုပ်နေတာ၊ ဟုတ်တယ်နော်၊ အခု ဘုန်းကြီးတို့ အဲဒီမှာ မီးတွေထွန်းထားတဲ့ မီးချောင်း ကြီးတွေဆိုရင် ဖြူဖြူဖွေးဖွေးကြီးတွေ မဟုတ်လား၊ (တင်ပါဘုရား)။

သူတို့ကိုကြည့်တော့ ငြိမ်နေတယ်လို့ မထင်ရဘူးလား၊ (ထင်ရပါတယ် ဘုရား)၊ ဘယ်ငြိမ်နေတာဟုတ်လိမ့်မလဲ၊ မီးချောင်းဆိုတာ မီးကြိုးကြီးအတိုင်း လျှပ်စီးတွေ ပြေးလာပြီးတော့၊ ဒီမှာတစ်ပွင့် ပွင့်လိုက်တယ်လေ၊ ပွင့်ပြီးရင် သူတာဝန်ကုန်လို့ သေတယ်၊ အဲ သေတဲ့နေရာကို နောက်ထပ်ပြေးလာတဲ့အတွက်၊ ဒီမှာ တစ်ပွင့်ပွင့်လိုက်တယ်၊ ပွင့်ပြီးရင် သေတယ်၊ တစ်ခါပြေးလာပြီးတော့ ပွင့်လိုက်ပြန်ပြီ၊ ပွင့်ပြီးရင် ဘာဖြစ်တုံး၊ သေတယ်၊ အဲ သေတဲ့နေရာမှာ နောက်ထပ်လာပြီးပွင့်တယ်၊ ပွင့်ပြီးရင် သေတယ်၊ သေတဲ့နေရာမှာ နောက်ထပ်ပွင့်တယ်၊ ပွင့်ပြီးတော့ သေတယ်၊ အဲသလိုသေတာနဲ့ ဟို အလားတူပွင့်တာနဲ့ ဆက်စပ်ကပ်နေလို့သာ၊ မီးကဖြူဖြူဖွေးဖွေးကြီး ရပ်တည်နေတယ်လို့ အောက်မေ့တာ၊ အဲဒီလို ထင်ရတယ်နော်၊ (မှန်လှပါဘုရား)။ တကယ်တော့ရပ်တည်နေတာ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)။ အသစ်အဟောင်း ပြောင်းလဲနေကြတာပါ။ အသစ် အဟောင်း ပြောင်းလဲနေကြတယ်။

ရုပ်/ နာမ်—ဖြစ်၊ ပျက်

အလားတူပါပဲ၊ ဘုန်းကြီးတို့ နာမ်တရားနဲ့ ရုပ်တရား၊ ဟောဒီ ဒကာ ဒကာမတို့၊ ဘုန်းကြီးတို့သန္တာန်၊ ရှိတာကလည်း ရုပ်တရားနဲ့ နာမ်တရား၊ ရိုးရိုးပကတိမျက်စိနဲ့ မြင်ရတဲ့ဥစ္စာကြီးတွေက ရုပ်တရား၊ မမြင်ရဘဲ ဒီကိုယ်တွင်းထဲမှာက နာမ်တရား၊ ဒီနှစ်ပါးလုံး မြဲကြရဲ့လား၊

(မမြဲပါဘူးဘုရား)။ အဟောင်း အဟောင်းတွေ ချုပ်ပျောက်၊ ချုပ်ပျောက်တဲ့ နေရာ အလားတူ အသစ်တွေဖြစ်၊ ချုပ်ပျောက်တဲ့နေရာ အလားတူ အသစ်တွေ ဖြစ်ဖြစ်ပြီးတော့နေလို့ အခုအတိုင်းကြီး ဖြစ်နေတာပေါ့နော်၊ (မှန်လှပါ ဘုရား)။ မီးခြောင်းဟာလည်းပဲ ရပ်တည်နေတယ် လို့ထင်တာ၊ တကယ်တော့ အသစ်အဟောင်း ပြောင်းနေတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)။

ဟို ရေမြောင်းကလေး၊ တသွင်သွင်နဲ့ စီးပြီးတော့နေတဲ့ ရေမြောင်းကလေးမှာ သွားပြီးတော့ဆင်းကြည့်၊ ခြေသလုံး တစ်ပတ်ရစ် လောက် မဟုတ်လား၊ (တင်ပါဘုရား)။ တော်တော်လေးကြာမှ သွားဆင်း ကြည့်လည်း တစ်ပတ်ရစ်လောက်ပဲ၊ အဲ နောက်ထပ် တစ်နာရီလောက် ကြာမှ သွားဆင်းကြည့်လည်း ခြေသလုံးတစ်ပတ်ရစ်လောက်ပဲ နက်တယ်၊ ဟဲ့. . . ဒီရေတွေ မသွားဘူးလား၊ သွားပါတယ်၊ သွားရင် ဘာဖြစ်လို့ ဒီလောက် ဒီလောက်ပဲ နက်နေရတုန်းဆိုတော့၊ သြော်. . . အဟောင်း အဟောင်းလျော့သွား၊ လျော့သွားတဲ့နေရာ အစားဖြည့်တယ် မဟုတ်လား၊ ဖြည့်တဲ့သူလည်း အောက်ဆင်းသွားတယ်၊ နောက်ထပ်ဖြည့်တယ် မဟုတ်လား၊ ဟို အသစ်အဟောင်း ပြောင်းလား မပြောင်းဘူးလား၊ တုတ်ကလေးနဲ့ တိုင်းကြည့်မယ်ဆိုလို့ရှိရင် တုတ်ကလေးအပေါ်မှာ ဖြတ်ဖြတ်သွားကြမယ်မဟုတ်လား၊ ဖြတ်ဖြတ်သွားတဲ့ဥစ္စာတွေက အဟောင်း၊ နောက်ထပ် နောက်ထပ် အစားဖြည့်တာတွေက အသစ်တွေ မဟုတ်လား၊ (မှန်ပါဘုရား)။ အဲသလို အဟောင်းလျော့သလောက် အသစ် အစားဖြည့်နေလို့ ဒီတိုင်း ဒီတိုင်းပဲ ဖြစ်နေတာနော်၊ တကယ်တော့ အသစ်အဟောင်း ပြောင်းလျက်ပဲ မဟုတ်လား၊ (တင်ပါဘုရား)။ အဲဒီလိုပဲ ဘုန်းကြီးတို့ ဒကာ ဒကာမတို့ သန္တာန်မှာရှိတဲ့ ရုပ်တွေ၊ နာမ်တွေလည်း

အသစ်အဟောင်း ပြောင်းနေတာပါ။ ပြောင်းနေတာ။

ဟို . . . မီးခွက်ကလေးတစ်ခွက်၊ ရေနံဆီမီးခွက်ကလေး တစ်ခွက်ကို ထွန်းထားမယ်၊ ရေနံဆီမီးခွက်ကလေးတစ်ခွက်၊ မီးစာရယ်၊ ရေနံဆီအပြည့်ရယ်၊ မီးထွန်းထားတော့၊ မီးတောက်ကလေးမဟုတ်လား၊ မနက်ကျတော့ ဒီမီးတောက်ကလေးက ရှိသေးတော့ ပြောတယ်၊ အမယ် ညတုန်းက မီးတောက်ကလေး အခုမနက်ထိအောင် မသေသေးဘူး၊ ဒီလိုပြောတယ်နော်၊ အေး . . . အဲဒါကိုစစ်ကြမယ်၊ ညတုန်းကမီးတောက်ကလေးဟုတ်လား မဟုတ်လားဆိုတာ၊ ရေနံဆီမီးခွက်ဆိုတာ ရေနံဆီရယ်၊ မီးခွက်ရယ်၊ မီးစာရယ်၊ မီးတောက်ရယ် ရှိတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ မီးတောက်ကလေးကို ကြည့်ထားတယ်ဆိုရင်၊ ဟာ . . . မီးစာကနေပြီး စုပ်ယူလိုက်တော့၊ အောက်ကရေနံဆီ အကုန်မြှုလုံးလေးတွေ အပေါ်မီးစာအတိုင်း တက်မလာဘူးလား၊ (တက်လာပါတယ် ဘုရား)၊ အထက်နားရောက်တော့ မီးတောက်က ဆီးဝါးလိုက်တာပေါ့။ ဝါးလိုက်တော့၊ မီးတောက်တစ်တောက်ရယ်၊ အဲဒီတစ်ဝါးစာဖြစ်တဲ့ ဟို မီးစာကလေး ကျွမ်းသွားတာရယ်၊ ရေနံဆီ အကုန်မြှုလေးရယ်၊ ကုန်မသွားဘူးလား၊ (ကုန်သွားပါတယ်ဘုရား)၊ ကုန်သွားရင် သူ့တာဝန် ကုန်လို့၊ ဒီမီးတောက်ကလေးက သေတာပဲ၊ သေပေမယ့်လို့ စောစောတုန်းကတိုင်း စုပ်ထားတဲ့ ဥစ္စာလေးတွေက ရေနံဆီအကုန်မြှုလုံးလေးတွေက အထက်နားမှာ တက်ပြီးတော့ စီပြီးတော့နေတာ၊ သူဝါးပါ။ ငါဝါးပါနဲ့ အလှည့်စောင့်နေသလိုလေ၊ အဲ . . . ဟိုတစ်ခုကုန်သွားတာနဲ့၊ သူက ရှေ့တက်တယ်ဆိုရင် မီးတောက်က ဆီးဝါးလိုက်တာပေါ့။

ဝါးတယ်ဆိုရင် ရေနံဆီအကုန်မြှုလေးတစ်လုံးလည်း ကုန်တယ်၊ သူနဲ့လိုက်ဖက်တဲ့ မီးစာလေးလည်း ကျွမ်းသွားတယ်၊ ဒီလိုမဟုတ်လား

အဲ. . . ပြီးတော့ မီးတောက်က ပြီးသွားတာနဲ့၊ သူက ဘာဖြစ်သွားတုံး သေသွားတာ၊ သေပေမယ့် ရေနံဆီအဏုမြူလုံးကလေးတွေက သူ့အလှည့်ကျဖို့ရာ စောင့်နေတော့၊ အဲဒါတွေက အထက်တက်လာတော့ တစ်ခါ မီးတောက်က ဆီးဝါးလိုက်ပြန်ပြီ မဟုတ်လား၊ ဝါးလိုက်တော့ မီးတောက်တစ်တောက်ရယ်၊ ရေနံဆီ အဏုမြူလေးတစ်လုံးရယ်၊ သူနဲ့လိုက်ဖက်တဲ့ မီးစာကလေးရယ်၊ ကျမ်းမသွားဘူးလား၊ (ကျမ်းသွားပါတယ်ဘုရား)၊ ကျမ်းသွားလို့ သူတို့ကိစ္စ ပြီးတာနဲ့တစ်ပြိုင်နက် ဘာဖြစ်သွား၊ သေတာပဲ၊ သေပေမယ့်လို့ အလားတူနောက်ထပ် ထပ်ပြီးတော့ဖြစ်၊ အဲသလိုလေးတွေ လုပ်လုပ် လုပ်လုပ်နေတယ်ဆိုတော့၊ မီးတောက်တစ်တောက်နဲ့တစ်တောက် ကပ်နေတာမဟုတ်လား၊ (တင်ပါ့ဘုရား)၊ အေး အဲဒီလိုဖြစ်ပြီးတော့၊ မနက်ထိအောင်တွေ့ရတဲ့ မီးတောက်က ညတုန်းကမီးတောက် ဟုတ်သေးလား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူးဗျာ၊ ညတုန်းက မီးတောက်က သေတာကြာလှပြီ၊ အခုတွေ့နေတဲ့ မီးတောက်က အခုဖြစ်ဆဲ၊ ယခုပစ္စုပ္ပန်ကာလမှာ ရေနံဆီအဏုမြူလေးရယ်၊ မီးတောက်ရယ်၊ သူနဲ့လိုက်ဖက်တဲ့မီးစာရယ်၊ ဝါးနေတဲ့အချိန်မှာ မြင်ရတဲ့ မီးတောက်မျှသာဖြစ်တယ်၊ ညတုန်းကမီးတောက် ဟုတ်သေးလား၊ (မဟုတ်ပါဘူးဘုရား)၊ ပြောင်းခဲ့၊ လွှဲခဲ့တာ မျှားလှပေါ့။ ဒီသဘောပါပဲ။

အဟောင်းချုပ်ပျောက်၊ အသစ်ရောက်

ဘုန်းကြီးတို့၊ ဒကာ ဒကာမတို့သန္တာန်မှာရှိတဲ့ ရုပ်တွေနာမ်တွေလည်း အဟောင်းအဟောင်းတွေ ချုပ်ပျောက်၊ ချုပ်ပျောက်တဲ့နေရာ အလားတူတွေရောက်၊ အဲဒီ အလားတူလည်း ချုပ်ပျောက်၊ ချုပ်ပျောက်

နေတဲ့နေရာ နောက်ထပ် အလားတူတွေ အစားဖြည့်၊ ဒီလိုလုပ်နေတာ၊ အဲဒါကြောင့် ဒီခန္ဓာကိုယ်ကြီးပျောက်မသွားတာ၊ တကယ်တော့ အခု ကြည့်နေဆဲ ကြည့်နေဆဲအခါမှာကိုပဲ၊ အဟောင်း အဟောင်းတွေ ချုပ်ပျောက်၊ အသစ်အသစ်တွေဖြည့်၊ ဒီလိုလုပ်တာနော်၊ အဟောင်း ချုပ်ပျောက်တဲ့နေရာမှာ အသစ်တွေရောက်၊ အဟောင်းချုပ်ပျောက်တဲ့ နေရာမှာ အသစ်တွေရောက်၊ ဒီလိုအစားဖြည့်နေလို့ ပျောက်မသွားခြင်း မျှဘဲ၊ တည်ငြိမ်နေတာရော ဟုတ်လို့လား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ် ပါဘူး၊ ဒီလိုမဟုတ်တဲ့အကြောင်းကို၊ သမာဓိထူထောင်ပြီးတော့ ဉာဏ်နဲ့ ကြည့်လို့ရှုရင် သိနိုင်တယ်၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းနေတာ၊ ပြောင်းတဲ့ နေရာ အလားတူလေးတွေ ဖြည့်ဖြည့်နေတာလည်း တွေ့နေတယ်၊ အလားတူဖြည့်ဖြည့် နေတာတွေလည်း တွေ့နိုင်ပါတယ်၊ အဲဒီသဘောပါ။

ဘုန်းကြီးတို့ သောက်ရေအိုးတစ်လုံး၊ လည်ပင်းပါတဲ့ သောက်ရေအိုးတစ်လုံး လည်ပင်းကိုကြိုးတပ်၊ အဲဒီထဲ သဲအခြောက် တွေထည့်၊ လူတစ်ရပ်လောက်မြင့်တဲ့ အမြင့်မှာဆွဲ၊ ဆွဲပြီးတော့ အိုးဖင်ကို လက်သန်း တန်ရုံလောက် ဖောက်၊ ဖွားဖွားဖွားဖွားနဲ့ သဲတွေကျမှာပေါ့ နော်၊ (တင်ပါ့ဘုရား)၊ ခပ်လှမ်းလှမ်းကနေပြီးတော့ ကြည့်မယ်ဆိုရင်၊ အိုးဖင်ကနေပြီးတော့ တန်းတန်း တန်းတန်းနဲ့ သဲတွေကျနေမှာပေါ့။ အင်း. . . ကျနေတဲ့ဥစ္စာ၊ ခပ်လှမ်းလှမ်းကနေကြည့်ရင် ဘယ်လိုမြင်ရ မတုံး၊ သဲတန်းကြီး၊ ဘယ်လိုလဲ၊ (သဲတန်းကြီးပါဘုရား)၊ အမယ် အမယ် . . . တကယ်တော့ သဲတန်းကြီးများ ဟုတ်ရဲ့လား၊ အနားနားကပ် ကြည့်တော့ မဟုတ်ပါဘူး၊ အပေါ်က သဲလုံးလေးတွေကျသွား၊ အဲဒီကျတဲ့နေရာ အောက်ရောက်၊ လျော့တဲ့နေရာ အပေါ်ကထပ်ဖြည့်လိုက်ကြတာ၊ အဲ ဖြည့်ပြီးတော့၊ သူလည်းအောက်ကျသွားဘယ် မဟုတ်လား၊ (မှန်ပါဘုရား)။

သူ့နေရာကို အပေါ်က ထပ်လိုက်မလာဘူးလား၊ (လိုက်လာပါတယ် ဘုရား)၊ လိုက်လာတဲ့သူလည်း အောက်ကျသွား၊ လျော့တဲ့နေရာ အပေါ် က ထပ်လိုက်လာ၊ အဲဒီလိုကြောင့် ဘေးက ခပ်လှမ်းလှမ်းက ကြည့်တော့ ဘယ်လိုထင်ရတုံး၊ သဲတန်းကြီး၊ တကယ်တော့ သဲတန်းဟုတ်ရဲ့လား၊ (မဟုတ်ပါဘူး ဘုရား)၊ အမယ် သဲလုံးကလေးတွေ။

ဟို. . . အောက်ရောက်တဲ့ သူကရောက်၊ လျော့သွားတဲ့နေရာ အပေါ် က ထပ်ဖြည့်၊ ဖြည့်တဲ့သူလည်း အောက်ရောက်သွား၊ ရောက်သွား တဲ့နေရာ ထပ်ဖြည့်လာ၊ ဒီလိုနည်းအားဖြင့် တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီး တော့နေတာကို အတန်းကြီးလို့ ထင်တာနော်၊ တကယ်တော့အတန်းကြီး ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူးတဲ့၊ ဒီသဘောပါပဲ၊ ဘုန်းကြီးတို့သန္တာန်၊ ဒကာ၊ ဒကာမတို့သန္တာန်မှာရှိတဲ့ ရုပ်နာမ်တွေလည်း ဒီလိုပဲ၊ မမြဲဘဲ၊ တဖွဲဖွဲ တသဲသဲ အသစ်အဟောင်း ပြောင်းလဲနေကြတာ၊ ဘာသိဘာသာကြည့် မြင်ရဲ့လား၊ (မမြင်ပါဘူး ဘုရား)၊ မမြင်ပါဘူး။

အဲဒါကို အခုသမာဓိထူထောင်ပြီးတော့ ကြည့်ကြမယ်၊ သမာဓိ ထူထောင်ကြည့်လို့၊ အဲသလိုမျှား မြင်ပြီဆိုရင်၊ ဒါအမှန်အတိုင်း မြင်တာပဲ၊ (မှန်လှပါဘုရား)၊ ဘယ်လိုတုံး၊ အမှန်အတိုင်းမြင်တာ၊ သူတို့လည်း ဒီတိုင်း လုပ်နေတာမဟုတ်လား၊ အမှန်အတိုင်း ဒီအတိုင်း ဖြစ်ပျက်ပြောင်းလဲ နေတာ၊ သူ့သဘာဝကို မြင်လိုက်ခြင်းပဲ၊ အဲသလိုမြင်အောင် ကြည့်ကြရ မှာနော်၊ ဒီလိုမြင်အောင် ကြည့်တာဟာ ထူးထူးခြားခြား၊ တိတိကျကျ၊ မှန်မှန်ကန်ကန် မြင်အောင်ကြည့်တာ၊ အဲဒါ ဝိပဿနာပေါ့။

ဟုတ်တယ်၊ မီးဖိုထဲမှာရှိနေတဲ့ မီးစတစ်စ၊ ရဲနေတဲ့မီးစ တစ်စကို ဆွဲလိုက်ပါ။ ဆွဲပြီးတော့ ခေါင်းအထက်ထိအောင် မြှောက်အောင်လုပ် ပြီးတော့ အဝိုင်း အဝိုင်း ရမ်းလိုက်ရမယ်နော်၊ ဟိုစက်ဝိုင်းဝိုင်းသလို

တစ်ခါတည်း ခပ်မြန်မြန် ဝိုင်းလိုက်ရမယ်နော်၊ အေး . . . အဲဒီလို ဝိုင်းထားတဲ့ဥစ္စာ၊ ညမှောင်မှောင်ဆိုလို့ရှိရင် ခပ်လှမ်းလှမ်းကနေကြည့်ရင် ဘယ်လိုထင်ရတုံး၊ (မီးဝိုင်းကြီးပါ ဘုရား)။

မီးဝိုင်းကြီးထင်ရတယ်၊ ဘယ်လိုထင်ရ၊ (မီးဝိုင်းကြီးပါ ဘုရား)၊ မီးဝိုင်းကြီး၊ မီးဝိုင်းကြီးလို့ထင်ရပါတယ်၊ တကယ်တော့ မီးဝိုင်းကြီး ဟုတ်သလား၊ မဟုတ်ဘူးလား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ ရဲခနဲဆိုရင် ရဲခနဲလုပ်တဲ့နေရာမှာ ရဲပြီးရင်သူက ပျောက်သွားပြီးတော့၊ ရှေ့ဆက် မရဲဘူးလား၊ (ရဲပါတယ် ဘုရား)၊ ရှေ့ဆက်ရဲပြီးတော့၊ အဲဒီ ရှေ့ဆက်ရဲတဲ့ နေရာလည်း၊ သူကရဲပြီးရင်သူ ပျောက်တယ်မဟုတ်လား၊ အဲဒီလိုရဲအောင် နောက်တစ်ခါ တစ်ပတ်ပတ်လိုက်တယ် ဆိုလို့ရှိရင် နောက်က ချုပ်ချုပ် လိုက်တာပေါ့၊ ချုပ်လိုက်တဲ့နေရာ ထပ်ပြီးတော့ မရဲဘူးလား၊ (ရဲပါတယ် ဘုရား)။

အထက်ရယ်၊ ဘေးရယ်၊ အောက်ရယ်၊ အလယ်ရယ် အဲလိုရှိတဲ့ နေရာမှာ အမြန်နှုန်းနဲ့ ဝင့်ရမ်းပြီးတော့၊ ဝိုင်းနေတဲ့အခါမှာ ချုပ်သွားတဲ့ နေရာ၊ အရဲချုပ်သွားတဲ့နေရာ၊ နောက်ထပ်အရဲပေး၊ အရဲချုပ်သွားတဲ့ နေရာ နောက်ထပ်အရဲရောက်လာ၊ အရဲချုပ်သွားတဲ့နေရာ နောက်ထပ် အရဲရောက်လာ၊ အင်မတန်မြန်တဲ့နှုန်းနဲ့ လှည့်ပတ် မွှေ့နေတော့၊ ဘေးကနေ ကြည့်ရတဲ့သူက ရဲရဲဝိုင်းဝိုင်းကြီးလို့ ထင်ရတာ၊ ထင်ရတယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ တကယ်တော့ ရဲရဲဝိုင်းဝိုင်းကြီး ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)၊ ခဏမျှား ချလိုက်မယ်ဆိုရင် မီးစ မီးစပဲမဟုတ်လား၊ (မှန်ပါဘုရား)၊ အေး . . . ဘာဖြစ်လို့ ရဲရဲဝိုင်းဝိုင်းကြီး ထင်ရသလဲဆိုတော့၊ အမြန်နှုန်းနဲ့ ချုပ်ပျောက်တဲ့နေရာ နောက်ထပ် အစားဖြည့်၊ ချုပ်ပျောက်တဲ့ နေရာ နောက်ထပ်အစားဖြည့်၊ လုပ်နေတာ မဟုတ်လား၊ (တင်ပါဘုရား)။

အဲဒါကြောင့်မို့လို့ အဝိုင်းကြီးလို့ ထင်ရတာနော်၊ တကယ်တော့ အဝိုင်းကြီး ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး။

ဒီသဘောပဲ၊ ဘုန်းကြီးတို့၊ ဒကာ ဒကာမတို့ သန္တာန်ရှိနေတဲ့ ရုပ်တွေ နာမ်တွေလည်း ဒီအတိုင်းပဲ၊ အဟောင်း အဟောင်းချုပ်ပျောက်တဲ့ နေရာ အသစ်အစားဖြည့်၊ အဟောင်းချုပ်ပျောက်တဲ့နေရာမှာ အသစ် အစားဖြည့်၊ ဖြည့်ဖြည့်နေလို့သာ၊ ဒီအတိုင်း ဒီအတိုင်း ရုပ်ကြီး မပျောက်ဘဲ ဖြစ်နေတာနော်၊ (မှန်ပါဘုရား)၊ တကယ်တော့ ဒီရုပ်တရား ကြီးကရော မြဲနေတာဟုတ်လို့လား၊ (မဟုတ်ပါဘူးဘုရား)၊ နာမ်တရားတွေကရော မြဲနေတာဟုတ်လို့လား၊ မဟုတ်ဘူး၊ အဟောင်း အဟောင်းတွေ ချုပ် ပျောက်တယ်၊ ချုပ်ပျောက်တဲ့နေရာ အလားတူတွေ ဖြည့်တယ်၊ ဖြည့်တဲ့ နေရာ နောက်ထပ်ပြီးတော့ အစားဖြည့်၊ ဖြည့်တဲ့သူလည်း ချုပ်သွားတာပဲ မဟုတ်လား၊ ချုပ်တဲ့၊ လျော့သွားတဲ့နေရာ နောက်ထပ် ဖြည့်၊ ဒီလိုမဟုတ် လား၊ အဲဒီလိုတွေ ဖြစ်ပြီးတော့ နေတယ်ဆိုတော့-

သမာဓိတည်ရင် ဉာဏ်ဝင်လာပြီ

ဟို. . . သမာဓိထူထောင်ပြီးတော့ ဉာဏ်နဲ့ကြည့်မယ်ဆိုရင် မြင်နိုင်တယ်၊ သမာဓိထူထောင်ပြီးတော့ ဉာဏ်နဲ့ကြည့်ရင် ဘယ့်နှယ်တုန်း၊ (မြင်နိုင်ပါတယ်ဘုရား)၊ မြင်နိုင်ပါတယ်၊ ဝင်လေသိ ထွက်လေသိ ခဏခြိမ် သွားအောင် လုပ်လိုက်၊ စိတ်ငြိမ်တယ်ဆိုရင် သမာဓိတည်တာပေါ့။ သမာဓိတည်ရင် ဉာဏ်ဝင်လာပြီ၊ အဲဒီဝင်လာတဲ့ ဉာဏ်ကလေးနဲ့ စိုက်ပြီး တော့ ကြည့်မယ်ဆိုရင်၊ အမယ် ပြောင်းလဲနေတာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းလဲနေတာတွေ တွေ့တယ်၊ ရုပ်တရားတွေ ကြည့်ပြန်တော့လည်း၊ ရုပ်တရားတွေမမြဲဘဲ တဖွဲဖွဲ တသဲသဲ အသစ်အဟောင်းပြောင်းလဲ

နေတာကို တွေ့တယ်၊ နာမ်တရားတွေကို ကြည့်ပြန်တော့လည်း နာမ်တရားတွေ မမြဲဘဲ ပြောင်းလဲတာကိုတွေ့တယ်၊ ပျောက်ပျောက်ကုန်တယ်၊ ပျောက်ပျောက် ကုန်တာလေးတွေကို တွေ့တယ်၊ ရုပ်တရားတွေက တည်ငြိမ်နေတာ မဟုတ်ဘူး၊ ပျောက်ပျောက်ကုန်တာကို တွေ့တယ်။

ခိုင်တယ်၊ မြဲတယ်ဆိုတာ သဿတ

နာမ်တရားတွေလည်း ပျောက်ပျောက်ကုန်တာကို တွေ့တယ်၊ ဟိုတုန်းကတော့ ခိုင်မြဲနေသလားလို့ အောက်မေ့ပါတယ်၊ လက်စသတ်တော့ ဘယ်နှယ့်တုံး၊ ပျောက်ပျောက် ကုန်တယ်ဆိုတော့ မမြဲပါဘဲလား၊ အမယ် သေသေချာချာ ဉာဏ်နဲ့ကြည့်တဲ့အခါကျတော့ မမြဲဘူးဆိုတာ ယုံလာတယ်၊ ကိုယ်ကိုယ်တိုင် တွေ့တာမဟုတ်လား၊ ပျောက်ပျောက်ကုန်တယ်၊ ပျောက်ပျောက်ကုန်တယ်တွေ တွေ့လာတော့ မမြဲဘူးဆိုတာ ယုံလာတာပေါ့။ ဟိုတုန်းကတော့ တည်ငြိမ်နေတယ်၊ မြဲနေတယ်လို့ မထင်ဘူးလား၊ (ထင်ပါတယ်ဘုရား)၊ အခုတော့ တည်ငြိမ်နေတာ မဟုတ်ဘူးဟဲ့၊ ပျောက်ပျောက်ကုန်သဟဲ့၊ ပျောက်ပျောက်ကုန်သဟဲ့လို့၊ ဒီလို တွေ့လာတဲ့အခါကျတော့၊ သြော်... မမြဲပါဘဲလား မခိုင်ပါဘဲလားလို့ ဆိုပြီးတော့ သဘောပေါက်လာတာပေါ့။ (မှန်ပါဘုရား)။

ဘာကိုမြင်လို့တုံး၊ ပျောက်ပျောက်ကုန်တာ မြင်လို့၊ ဘာမြင်လို့တုံး၊ ပျောက်ပျောက်ကုန်တာမြင်လို့၊ မမြဲဘူးဆိုတဲ့ဥစ္စာ ယုံလာတာ မဟုတ်လား၊ (တင်ပါ့ဘုရား)၊ မြဲတယ်ဆိုတာ ပါဠိလို ဘယ်နှယ့်တုံး၊ သဿတ၊ ယူစွဲတာက ဒိဋ္ဌ၊ သဿတနဲ့ဒိဋ္ဌနဲ့ပေါင်း၊ (သဿတဒိဋ္ဌပါဘုရား)၊ သဿတဒိဋ္ဌ၊ ဟိုတုန်းကတော့ ခိုင်တယ်၊ မြဲတယ်လို့ ဒီလိုအယူစွဲပြီးတော့လာခဲ့တာ၊ သဿတဒိဋ္ဌ ဝင်ခဲ့တာပေါ့။ အခုတော့ ကိုယ့်ဉာဏ်နဲ့

ကိုယ်ကြည့်တော့ ဟုတ်သဟဲ့၊ ဟုတ်သဟဲ့၊ ပျောက်ပျောက်ကုန်သဟဲ့၊ ပျောက်ပျောက်ကုန်သဟဲ့၊ ပျောက်တယ်ဆိုတာ ပျက်တာမဟုတ်လား၊ (မှန်ပါဘုရား)၊ ပျက်ပျက်ကုန်သဟဲ့၊ ရုပ်တွေလည်းပျက်တယ်၊ နာမ်တွေလည်းပျက်တယ်လို့ ဒီလို ကိုယ်ကိုယ်တိုင် မြင်ပြီးတော့လာတော့ မမြဲဘူးဆိုတဲ့ဥစ္စာ ယုံကြည်လာတာပေါ့။။

ဟိုတုန်းကတော့ မြဲနေတယ်လို့ ထင်နေခဲ့တုန်းက ဘာဒိဋ္ဌိဝင်နေခဲ့တုံး၊ သဿတဒိဋ္ဌိ ဝင်နေခဲ့တယ်၊ မြဲတယ်လို့ထင်ခဲ့တုန်းက ဘာဒိဋ္ဌိဝင်နေတုံး၊ (သဿတဒိဋ္ဌိပါဘုရား)၊ သဿတဒိဋ္ဌိ ဝင်နေခဲ့တယ်၊ အခုတော့ မမြဲဘူးဆိုတာ ကိုယ်ကိုယ်တိုင် ယုံကြည်လာတယ်၊ ကိုယ်ကိုယ်တိုင် သိလာတယ်၊ ပျောက်ပျောက်ကုန်တာတွေကို မြင်လို့ မမြဲဘူးဆိုတာ ယုံကြည်တာပေါ့။ (မှန်ပါဘုရား)၊ ပျောက်ပျောက်ကုန်တာမြင် ဘာဒိဋ္ဌိလွင့်စင်သွားတုံး၊ (သဿတဒိဋ္ဌိ လွင့်စင်သွားပါတယ် ဘုရား)၊ သဿတဒိဋ္ဌိလွင့်စင်သွားတယ်၊ တစ်နည်းအားဖြင့် သဿတဒိဋ္ဌိ မရှိဘူးဆိုတော့ စင်ကြယ်သွားတယ်လည်း ပြောလို့ရတာပေါ့။ ပျောက်ပျောက်ကုန်တာမြင် ဘာဒိဋ္ဌိစင်၊ (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)၊ ပျောက်တာနဲ့၊ ပျက်တာနဲ့ အတူတူမဟုတ်လား၊ (မှန်ပါဘုရား)၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌိစင်၊ (သဿတဒိဋ္ဌိစင် ပါတယ်ဘုရား)၊ ဟုတ်တယ်၊ ထိုင်တဲ့အခါမှာ ဟုတ်ပါ့။ ရုပ်တရားတွေ၊ ဟော. . . နာမ်တွေလည်း ပျောက်ပျောက်ကုန်၊ ပျက်ပျက်ကုန်တော့၊ သြော်. . . ဟိုတုန်းကတော့ ခိုင်မြဲနေသလားလို့ အောက်မေ့ပါတယ်၊ လက်စသတ်တော့ ဘယ်ခိုင်ကြလို့ မြဲကြလို့လဲ၊ အကုန်လုံးပျက်စီးနေကြတာပါလားလို့၊ ဒီလို ဉာဏ်ထဲမှာတွေ့လာရင် ဘာဒိဋ္ဌိစင်၊ (သဿတဒိဋ္ဌိပါဘုရား)၊ ဒါဖြင့် ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌိစင်၊ (သဿတဒိဋ္ဌိ စင်ပါတယ်ဘုရား)၊ အေး ဒါကိုပုံသေမှတ်၊ ပျက်ပျက်

ကုန်တာမြင် ဘာဒိဋ္ဌစင်၊ (သဿတဒိဋ္ဌ စင်ပါတယ်ဘုရား)၊ ဘာတဲ့၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌစင်၊ (သဿတဒိဋ္ဌ စင်ပါတယ် ဘုရား)၊ သဿတဒိဋ္ဌစင်။

ပြတ်သွားတာဥစ္စာဒ

ဟိုတုန်းကတော့ အောက်မေ့မိတယ်၊ ပျက်သွားရင်ပြီးရော၊ နောက်ထပ် အဆက်အစပ်မရှိတော့ဘူး၊ ဟော သစ်ပင်ပေါ်ကသစ်ရွက်ကလေးတွေဝါပြီး ရော်ပြီး ကြွေကျ နောက်ထပ်ပြန်တပ်လို့ မစိမ်းသလို၊ ဟော ခုလိုပျက်ကုန်တဲ့ ဥစ္စာတွေလည်း ပြီးပြတ်တာပဲ၊ နောက်ထပ်လည်း အဆက်အစပ်မရှိဘူး၊ ဒီလို အောက်မေ့ခဲ့တာ ဘယ်ဟုတ်လို့လဲ။

အခုညာဏ်နဲ့ကြည့်တော့မှ အမယ် ပျောက်သွားတဲ့နေရာ၊ ပျက်ကုန်တဲ့နေရာ နောက်ထပ်အစားဖြည့်တယ်၊ ပျက်ကုန်တဲ့နေရာ အစားဖြည့်တယ်၊ ဟိုတုန်းက အစားမဖြည့်ဘူးလို့ထင်ခဲ့တာ၊ အစားမဖြည့်ရင် ပြတ်သွားတာပေါ့၊ (မှန်ပါဘုရား)၊ ပြတ်သွားတာကို ပါဠိလို ဥစ္ဆေဒ၊ ယူစွဲတာကဒိဋ္ဌ၊ ဟော ပျောက်သွားပြီးရော နောက်ထပ် အဆက်အစပ် မရှိဘူးလို့၊ ဟိုတုန်းက ဒီလိုလည်းယူစွဲခဲ့ဖူးတယ်၊ အင်း. . . အဲလို ယူစွဲခဲ့တော့ ဘာဒိဋ္ဌဝင်နေတုံး၊ (ဥစ္ဆေဒဒိဋ္ဌဝင်နေ ပါတယ်ဘုရား)။

အခုတော့မဟုတ်ဘူး၊ ညာဏ်နဲ့ကြည့်တော့ အဲဒီပျောက်သွားတဲ့နေရာ အလားတူတွေဖြည့်နေတယ်၊ ပျောက်သွားတဲ့နေရာမှာ အလားတူတွေ ဖြည့်ဖြည့်နေတာတွေ တွေ့နေတော့၊ သြော်. . . ဖြည့်ဖြည့်နေတာပါလား၊ ဖြည့်ဖြည့်နေတာပါလားလို့၊ ဒီလိုယုံကြည် လာရတာပေါ့။ သြော်. . . ဒီလိုဆိုရင် ပြတ်တာဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)၊ အစားတွေ ဖြည့်ဖြည့်နေတာ၊ ဖြည့်ဖြည့် နေတာတွေကို တွေ့ပြီးတော့

ပြတ်သွားတာ မဟုတ်ဘူးဟဲ့၊ ဒီလိုအသိ ဝင်လာတာပေါ့။ (မှန်ပါဘုရား)။ ဖြည့်ဖြည့်လာတာ၊ ဖြည့်ဖြည့်လာတာတွေ မြင်တော့၊ ပြတ်သွားတယ်ဆိုတဲ့ ဟိုတုန်းက စွဲခဲ့တဲ့အယူ လွင့်စင်သွားတာပေါ့။ ဖြည့်ဖြည့်လာတာမြင် ဘာဒိဋ္ဌစင် (ဉဿေဒဒိဋ္ဌစင်)၊ ဟုတ်တယ်၊ ဉဿေဒဆိုတာ ပြတ်သွားပြီလို့ ဟိုတုန်းက စွဲခဲ့တာမဟုတ်လား၊ (မှန်ပါဘုရား)။ အခု မပြတ်ဘူးဟဲ့၊ ကိုယ့်ဉာဏ်နဲ့ ကိုယ်ကိုယ်တိုင် တွေ့နေတာဟဲ့၊ မပြတ်ဘူးဟဲ့၊ အစားတွေ ဖြည့်ဖြည့်နေတယ်ဟဲ့ ဆိုတော့၊ ဖြည့်ဖြည့်နေတာမြင် ဘာဒိဋ္ဌစင်၊ (ဉဿေဒဒိဋ္ဌစင်)၊ ဖြည့်တယ်ဆိုတာ ဖြစ်တာမဟုတ်လား၊ (တင်ပါဘုရား)။ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌစင် (သဿတဒိဋ္ဌစင်)၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌစင် (ဉဿေဒဒိဋ္ဌစင်)၊ ဒါပုံသေ မှတ်လိုက်တော့နော်။

သြော်. . . ဉာဏ်နဲ့ကြည့်တဲ့အခါ ဖြစ်တာလေးတွေလည်း တွေ့တယ်၊ ပျက်တာကလေးတွေလည်း တွေ့တယ်နော်၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌစင်၊ (ဉဿေဒဒိဋ္ဌစင်)၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌစင် (သဿတဒိဋ္ဌစင်)၊ အဲဒီ ဖြစ်တာပျက်တာတွေက ပုဂ္ဂိုလ် သတ္တဝါတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ ယောက်ျား၊ မိန်းမတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ လူ၊ နတ်၊ ငြဟ္မာတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ ဘာတွေပါလမ်း၊ ရုပ်နဲ့နာမ်၊ သြော်. . . အကျယ်ချဲ့မယ်ဆိုရင် ခန္ဓာငါးပါး၊ အကျဉ်းချုံ့မယ်ဆိုရင် ရုပ်တရားနဲ့ နာမ်တရား၊ ဒီတရားတွေ ဖြစ်ပျက်နေတာပဲလို့ ဒီလိုသိလာရင် သင်္ကာယဒိဋ္ဌစင်၊ (သင်္ကာယဒိဋ္ဌစင်)၊ ဘာတဲ့တုံး၊ (သင်္ကာယဒိဋ္ဌစင်ပါတယ် ဘုရား)။

သင်္ကာယဒိဋ္ဌစင်၊ ဟိုတုန်းကတော့ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကိုပဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမလို့ ထင်နေခဲ့တယ် မဟုတ်လား၊ ဘယ်ဟုတ်လိမ့်မလဲ၊ ရုပ်အစုနဲ့ နာမ်အစု၊ ရုပ်အစုနဲ့၊

(နာမ်အစု)၊ ဒီအစုမျှသာပဲလို့၊ ဒီလိုကွဲကွဲပြားပြားသိလာရင် ဘာဒိဋ္ဌစင်၊ (သက္ကာယဒိဋ္ဌစင်)၊ ဒိဋ္ဌသုံးမျိုးမဟုတ်လား၊ (တင်ပါ့ဘုရား)၊ ဒီလိုဆိုရင် ဖြစ်ပျက်မြင်တာနဲ့ကိုပဲ၊ ဒိဋ္ဌသုံးမျိုးစင်တာပေါ့၊ (တင်ပါ့ဘုရား)၊ ဟုတ်တယ်မဟုတ်လား၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌစင်၊ (သဿတဒိဋ္ဌစင်)၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌစင်၊ (ဥစ္ဆေဒဒိဋ္ဌစင်)၊ အဲဒီဖြစ်တာပျက်တာ ပုဂ္ဂိုလ် သတ္တဝါတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ ယောက်ျား၊ မိန်းမတွေလား၊ (မဟုတ်ပါဘူးဘုရား)၊ လူ၊ နတ်၊ ဗြဟ္မာတွေလား၊ (မဟုတ်ပါဘူးဘုရား)၊ ဘာတွေပါလိမ့်၊ (ရုပ်အစုနဲ့ နာမ်အစုပါဘုရား)၊ ရုပ်အစုနဲ့ နာမ်အစု၊ အကျယ်ချဲ့မယ်ဆိုလို့ရှိရင် ခန္ဓာငါးပါး၊ သြော်. . . ရုပ်တရားနဲ့ နာမ်တရား၊ ခန္ဓာငါးပါးမျှသာပဲလို့၊ ဒီလို ကွဲကွဲပြားပြားသိလာရင် ဘာဒိဋ္ဌစင်၊ (သက္ကာယဒိဋ္ဌစင်ပါတယ် ဘုရား)၊ အေး. . . ဒါဆိုရင် လုံလောက်ပြီ။

သဿတဒိဋ္ဌ၊ ဥစ္ဆေဒဒိဋ္ဌ၊ သက္ကာယဒိဋ္ဌ၊ ဒီဥစ္စာခွဲတတ်ရင် လုံလောက်ပြီပေါ့။ (တင်ပါ့ဘုရား)၊ ဒါတွေ ကွဲကွဲပြားပြား၊ ခွဲခြားပြီးတော့ ဒိဋ္ဌဆွာပြီးမှ တရားအားထုတ်လို့ရှိရင် မကြာပါဘူးတဲ့၊ အေး. . . အဲသလို ဆွာတတ်အောင် ဒီကနေ့ပြောနေပါတယ်၊ ဒီအတိုင်းဆိုရင် ဒီကနေ့ ရုပ်နဲ့ နာမ်နဲ့လည်း ခွဲတတ်ပြီ၊ ပညတ် ပရမတ်တွေလည်း ခွဲတတ်ပြီပေါ့။ (တင်ပါ့ဘုရား)၊ အားလုံး ကိုယ်စီကိုယ်င ဒိဋ္ဌတွေ ဆွာနိုင်ကြ၍ ကိုယ်လိုလား အပ်တဲ့ တရားထူးအဆင့်ကိုရအောင်၊ ရောက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု



ဆပွါဏကောပမသုတ်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အ နာထာ' လို့ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီမိန့်မှာတော်မူချက် အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး ကလည်း၊ အမြဲထာဝရ ဒကာ၊ ဒကာမတို့ကို တဖွဖွနဲ့ သတိပေးနေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အား အဲဒီသတိပေးချက် အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စီကိုယ်ငေ တရားလက်မလွတ်ကြပါစေနဲ့လို့ ထပ်မံ နှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)။

သားကောင်ခြောက်ကောင် ဥပမာ

ဒီကနေ့ ဆပွါဏကောပမသုတ် ဆိုတာကို ဟောပါ့မယ်၊ ပါဠိလို တော့ ဆပွါဏကောပမ၊ ဘာသာပြန်မယ်ဆိုရင် သားကောင် ခြောက်ကောင်၊ သားကောင်ခြောက်ကောင်ဥပမာ၊ ဟုတ်တယ်၊

သားကောင်ဟာ ခြောက်ကောင်ရှိပါတယ်၊ လူတစ်ယောက်က သားကောင်ခြောက်ကောင်ကို ထိန်းရသတဲ့၊ သားကောင်ဘယ်နှကောင်၊ (ခြောက်ကောင်ပါဘုရား)။

ခြောက်ကောင်ကို ထိန်းရသတဲ့၊ ပထမဆုံးသားကောင်က ဘာလဲလို့ဆိုတော့ မြွေတဲ့၊ ပထမဆုံးသားကောင်က ဘာတုံး၊ (မြွေပါဘုရား)။ မြွေဆိုတဲ့သားကောင်ကို ထိန်းရသတဲ့၊ အဲဒီမြွေဆိုတော့ အနားကပ်ထိန်းလို့ တော်ပါ့မလား၊ (မတော်ပါဘူး ဘုရား)။

ဘယ်ဖြစ်လိမ့်မလဲ၊ လှည့်ပေါက်လိုက်မှဖြင့်၊ ဘယ် ကြောက်စရာမကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။ ဒီတော့ အဲဒီမြွေကို ကြိုးကြိုးဆယ့်လေးငါးတောင်လောက် ရှည်တဲ့ဥစ္စာကြိုးနဲ့ ခါးချည်ပြီးတော့ အဝေးကနေကိုင်ရမှာပေါ့၊ မြွေကိုထိန်းရတယ်ဆိုတာလေ၊ အနားကပ်ကိုင်ထားလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး ဘုရား)။ မဖြစ်ပါဘူး၊ အဲဒီမြွေကို ဆယ့်လေးငါးတောင်လောက် ရှည်တဲ့ကြိုးကြိုးနဲ့ ခါးချည်၊ အဝေးကနေဆွဲထားရမှာပေါ့။ (မှန်လှပါဘုရား)။

ဒုဿုပ်ဒ္ဓိရာဘက် ရုန်းတဲ့မြွေ

ဒီတော့မြွေကြီးက တွန့်တွန့် တွန့်တွန့်နဲ့ ရုန်းမှာပဲနော်၊ (မှန်လှပါဘုရား)။ အေး အဲဒီမြွေကြီးက ဘယ်ဘက်ရုန်းမလဲဆိုရင် သူက ရှုပ်ရှုပ်ထွေးထွေးဘက် ကြိုက်တာမဟုတ်လား၊ (မှန်လှပါဘုရား)။ မြွေဆိုတာ ရှင်းရှင်းလင်းလင်း ကွင်းပြင်ထားလို့ ကြိုက်ပါ့မလား၊ (မကြိုက်ပါဘူး ဘုရား)။ မကြိုက်ဘူး၊ အမှိုက်သရိုက်ရှိတဲ့နေရာ၊ မည်းမှောင်တဲ့နေရာ၊ တွင်းတွေ လိုဏ်တွေရှိတဲ့နေရာ၊ အဲဒီဘက်ပဲ သူရုန်းမှာပေါ့။ (မှန်လှပါဘုရား)။ ဘာကောင် (မြွေပါ ဘုရား)။ မြွေ . . . သူ့ရှင်းရှင်းလင်းလင်း

ထားလို့ ကြိုက်ပါ့မလား၊ (မကြိုက်ပါဘူးဘုရား)၊ ဒါကြောင့် အဲဒီမွေ့က သူ့ကိုကြိုးကြီးနဲ့ ချည်ပြီးတော့ထားတဲ့အချိန်၊ ရှုပ်ရှုပ်ထွေးထွေးဘက် ရုန်းမှာပေါ့နော်၊ (မှန်လှပါဘုရား)၊ ဟုတ်တယ်။

ရဂျီရာဘက်ရုန်းတဲ့ မီးကျောင်း

နောက်တစ်ကောင်က မီးကျောင်း၊ နောက်တစ်ကောင်က၊ (မီးကျောင်းပါ ဘုရား)၊ ဟုတ်တယ်၊ မီးကျောင်းဆိုတဲ့အကောင်က၊ သူက ရေထဲဆင်းပြီးတော့ နေချင်တဲ့အကောင်၊ မီးကျောင်းဆိုတာလေ၊ ရေထဲဆင်းပြီးတော့ အေးအေးဆေးဆေးပဲ သူက နေချင်တဲ့အကောင်ပါပဲ၊ အဲလိုဆိုတော့ သူကကော ဘယ်ဘက်ရုန်းမလဲ၊ (ရေထဲဘက်ရုန်းပါမယ် ဘုရား)၊ ရေထဲဘက်ရုန်းမှာပေါ့။ သူ့လည်း ဆယ့်လေးငါးတောင်လောက် ရှည်တဲ့ကြိုးကြီးနဲ့ ချည်ပြီးတော့ အဝေးကနေကိုင်ရမှာပဲ၊ (မှန်ပါ ဘုရား)၊ ဟယ်. . . အကောင် ဘယ်နှကောင်ရှိပြီလဲ၊ (နှစ်ကောင်ပါဘုရား)။ ထိန်းရတဲ့သူက တစ်ယောက်တည်းမဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း. . . မီးကျောင်းကြီးကလည်း၊ ရေထဲဘက်ကိုပဲ သူလုပြီးတော့ ဆွဲမှာပဲမဟုတ်လား၊ (မှန်လှပါ ဘုရား)။ မွေ့က ဘယ်ဘက်ကိုရုန်းမယ်၊ ခုံရှုပ် ရှိရာဘက် ရုန်းမယ်၊ မီးကျောင်းကျတော့ ဘယ်ဘက်ကိုရုန်း၊ (ရေထဲဘက် ရုန်းပါမယ် ဘုရား)။

ကောင်းကင်လုလုတက်ချင်တဲ့ ငှက်ဆင်

နောက်တစ်ကောင်က ငှက်ဆင်တဲ့၊ ဘာကောင်တုံး၊ (ငှက်ဆင်ပါဘုရား)။ ငှက်ဆင်ဆိုတဲ့အကောင်က အတောင်ရှိတဲ့အကောင် ဆိုတော့၊ သူ ကောင်းကင်တက်မှာပေါ့။ (မှန်ပါဘုရား)၊ အဲ. . . ကောင်းကင်ပဲ

လုလုတက်ချင်တယ်၊ အတောင်ရှိတဲ့ အကောင်ဆိုတော့လည်းပဲ၊ ကောင်းကင်တက်ချင်တာပေါ့။ (မှန်ပါဘုရား)။ ဘာကောင်တဲ့၊ (ငှက်ဆင်ပါဘုရား)၊ ငှက်ဆင်၊ သူကိုလည်း ဆယ့်လေးငါးတောင်လောက် ရှည်တဲ့ ကြိုးကြီးနဲ့ ချည်ပြီးတော့ အဖျားကနေ ကိုင်ထားမယ်နော်၊ (မှန်လှပါဘုရား)၊ အခုဆိုရင်ပဲ သားကောင်က ဘယ်နှကောင်၊ (သုံးကောင်ပါဘုရား)၊ သုံးကောင်၊ ကျောင်းရတဲ့သူက တစ်ယောက်တည်း၊ ဟုတ်ပါ့။ သုံးကောင်၊ ကိုယ်ကြွက်ရာ ကြွက်ရာ ရုန်းကြမှာပဲပေါ့။ (မှန်လှပါဘုရား)။ အေး . . . နံပါတ်(၁)က ဘာကောင်ပါလိမ့်၊ (မြွေပါဘုရား)။ နံပါတ်(၂)ကျတော့၊ (မိကျောင်း ပါဘုရား)။ နံပါတ်(၃)က၊ (ငှက်ဆင်ပါဘုရား)။ ငှက်ဆင်ဆိုတဲ့အကောင် ဟုတ်တယ်နော်၊ (မှန်လှပါဘုရား)။ ဟုတ်တယ်။

စားစရာရှိရာဘက်ရုန်းတဲ့ အိမ်ခွေး

နံပါတ်(၄)ကျတော့၊ အိမ်ခွေး၊ နံပါတ်(၄)က၊ (အိမ်ခွေးပါဘုရား)။ အိမ်ခွေးတဲ့၊ ခွေးဆိုတဲ့အကောင်က၊ အားအားရှိ စားချင်တာပဲ၊ (မှန်ပါဘုရား)။ ဟို ပါးစပ်ကလေးတပျပ်ပျပ်၊ လျှာလေး တစ်လစ် တစ်လစ်နဲ့၊ တယ်စားချင် သောက်ချင်တဲ့အကောင် မဟုတ်လား၊ (မှန်ပါဘုရား)။ အေး . . . သူ့ကိုလည်း ထိန်းကြစို့ဆိုတော့၊ ဆယ့်လေး ငါးတောင်လောက် ရှည်တဲ့ကြိုးကြီးနဲ့၊ သူ့လည်း ခါးချည်ထားရမှာပေါ့။ (မှန်လှပါဘုရား)။ အဝေးကနေကိုင်တယ်ဆိုတော့၊ သူကလည်း ဘယ်ဘက်ရုန်းမလဲဆိုတော့ စားစရာ သောက်စရာရှိတဲ့ဘက်ပေါ့။ (မှန်ပါ ဘုရား)။ ထမင်းအိုးချောင်ဘက် ရုန်းမှာပေါ့။ အိမ်ခွေးလေ၊ (မှန်ပါ ဘုရား)။ စားစရာက အဲဒီအထဲ ပေါတယ်မဟုတ်လား၊ (မှန်ပါဘုရား)။ ဩော်. . . အခုကိုပဲ သားကောင်က ဘယ်နှကောင်၊ (လေးကောင်ပါ ဘုရား)။ လေးကောင်၊

အိမ်ခွေး၊ အမြဲတမ်းစားဖို့ သောက်ဖို့ဘက်ပဲ သူကလုတယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ ဟုတ်ပ့ါ။

တောထဲဘက်ရှုန်းတဲ့ တောခွေး

နောက်တစ်ကောင်ကတော့ တောခွေး၊ ဘာတဲ့တုံး၊ (တောခွေးပါဘုရား)၊ တောခွေးဆိုတာက တောထဲဘက်ရှုန်းတာပေါ့။ တောထဲဘက်ရှုန်းပြီးတော့ သုသာန်မှာနေမယ်၊ လူသေတွေလာပြီးတော့ မြှုပ်တယ်ဆိုရင်၊ လူသေကောင်တွေ ဖော်စား၊ ဒီလိုအကောင်ပဲ၊ (မှန်ပါဘုရား)၊ အားအားရှိုပြီဆိုရင် ကျောခင်းအိပ်တယ်၊ ဟုတ်ရဲ့နော်၊ (မှန်ပါဘုရား)၊ အင်း . . . အခုကိုပဲ သားကောင်ကဘယ်နှကောင်၊ (ငါးကောင်ပါဘုရား)၊ အဲဒီတောခွေးကိုလည်း၊ ခါးကြိုးကြီး ဆယ့်လေးငါးတောင်လောက်ရှည်တာနဲ့ ချည်ပြီးတော့ ကိုင်ထားမယ်၊ သူက တောထဲဘက်ရုန်းမှာပေါ့။ (မှန်လှပါ ဘုရား)၊ ဟယ် . . . ကျောင်းရတဲ့သူကတော့ တစ်ယောက်တည်းမဟုတ်လား၊ ကြည့်စမ်း၊ အခုကိုပဲ သားကောင်က ငါးကောင်တွေပြီးမဟုတ်လား၊ (မှန်လှပါဘုရား)၊ ကြိုးကြီးတွေ ဆယ့်လေးငါးတောင်လောက်နဲ့၊ အသီးသီးချည်ထားတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဟုတ်ပ့ါ။ အဲသလိုချည်ထားတာ၊ တောခွေးဆိုတော့ ဘယ်ဘက်ရုန်းမယ်၊ (တောထဲဘက် ရုန်းပါမယ် ဘုရား)၊ တောခွေး တောထဲဘက်ရုန်းမှာပေါ့။ ဟုတ်ပ့ါ။

သစ်ပင်မြင့်မြင့်တက်ချင်တဲ့ မျောက်

နောက်တစ်ကောင်ကျတော့ မျောက်တဲ့၊ ဘာတဲ့တုံး၊ (မျောက်ပါဘုရား)၊ မျောက်ဆိုတဲ့အကောင်က သစ်ပင်တက်ချင်တာပဲ၊ အင်း . . . သစ်ပင်တောင် နိမ့်နိမ့်အပင်မျိုး မကြိုက်ဘူး၊ မြင့်မြင့်အပင်မှ ကြိုက်တာ၊

မြင့်မြင့်အပင်မှာလည်း၊ အမြင့်ဆုံးကိုင်းကိုတက်ပြီးတော့၊ ဟိုလှမ်းမျှော်ကြည့်၊ ဒီလှမ်းမျှော်ကြည့်၊ အဲလိုလုပ်ရမှ ကြိုက်တဲ့အကောင် မဟုတ်လား၊ (မှန်လှပါဘုရား)၊ သူလည်း ဆယ့်လေးငါးတောင်လောက်ရှည်တဲ့ ကြိုးနဲ့ ခါးချည်၊ ဟော. . . အဖျားကနေကိုင်ထား၊ ရုန်းမှာပဲ။

သူက ဘယ်ဘက်ရုန်းမလဲ၊ သစ်ပင်မြင့်မြင့်ဘက်ဆီ ရုန်းမယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကြည့်စမ်း၊ ကြိုးကြီးတွေအသီးသီးနဲ့၊ ဆယ့်လေးငါးတောင်လောက် ရှည်တဲ့ဥစ္စာကြီးတွေနဲ့ ချည်ပြီးတော့ ထားတာ၊ ကျောင်းရတဲ့သူက ဘယ်နှယောက်ပါလိမ့်၊ (တစ်ယောက်တည်းပါဘုရား)၊ တစ်ယောက်တည်း၊ သားကောင်က ဘယ်နှစ်ကောင်၊ (ခြောက်ကောင်ပါ ဘုရား)၊ ဟုတ်တယ်၊

ကြိုးထုံးကို ငုတ်ကြိုးတစ်ငုတ်မှာ ခါတ်ပါ

နံပါတ် (၁)က ဘာကောင်ပါလိမ့်၊ (မြွေပါဘုရား)၊ နံပါတ်(၂)က (မိကျောင်း ပါဘုရား)၊ နံပါတ်(၃)က (ငှက်ဆင်ပါဘုရား)၊ နံပါတ်(၄)က (အိမ်ခွေးပါဘုရား)၊ နံပါတ်(၅)က (တောခွေးပါဘုရား)၊ နံပါတ်(၆)က (မျောက်ပါဘုရား)၊ ဟုတ်တယ်၊ သားကောင်ခြောက်ကောင်၊ ကြိုးကြီးတွေအသီးသီး ခါးချည်လို့မဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း. . . အဖျားကနေစုကိုင်ထားတဲ့ သူ မနိုင်နိုင်ဘူးနော်၊ (မှန်လှပါဘုရား)၊ ရုန်းတယ်၊ အကောင်ခြောက်ကောင် ထိန်းရတဲ့သူက မနိုင်နိုင်ဘူးနော်၊ အေး . . . သားကောင်က ဘယ်နှစ်ကောင်၊ ခြောက်ကောင်၊ မနိုင်နိုင်ဘူးနော်၊ ဟာ. . . လွတ်လွတ် ထွက်မတတ်ဖြစ်တယ်၊ ကြိုးစကြီးတွေလေ၊ (မှန်ပါဘုရား)၊ အဲဒီတော့ ဘယ့်နှယ်လုပ်ရတုံးဆိုတော့ ကြိုးကြီးခြောက်ချောင်းကို အဖျားစု ထုံးလိုက်ပြီ၊ ကြိုးကြီးခြောက်ချောင်းကို အဖျားစုပြီးတော့

ထုံးလိုက်ပြီ၊ ထုံးတာတောင်မှ မနိုင်နိုင်ဘူး၊ အားသန်တဲ့ အကောင်က ဆွဲဆွဲသွားလွန်းလို့၊ ဟို. . . တော်တော်ကြီးကို တစ်ခါတည်း ထိန်းယူရတာ၊ ထိန်းရတဲ့သူက တစ်ယောက်တည်း မဟုတ်လား၊ (မှန်လှပါဘုရား)။ သားကောင်က ဘယ်နှကောင်၊ (ခြောက်ကောင်ပါဘုရား)။ ခြောက်ကောင် မနိုင်နိုင်ဘူးနော်၊ ဒီတော့ ဘယ်နှယ် လုပ်ရတုံးဆိုတော့၊ ငုတ်ကြီးတစ်ငုတ် ရိုက်ရတယ်၊ ဟာ. . . ငုတ်ကြီးတစ်ငုတ်၊ အောက်ကိုနက်နက်၊ မြေကြီးထဲ ရိုက်ပြီးတော့ ခုနတုန်းက ကြိုးခြောက်ချောင်း အဖျားစုထုံးထားတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲဒီ အထုံးကြီးကို ခုနတုန်းက ငုတ်ကြီးကို ချိတ်လိုက်ရတယ်၊ အဲဒီလိုဆိုတော့ ဒီအကောင်တွေ ရုန်းနိုင်သေးလား၊ (မရုန်းနိုင်ပါဘူး ဘုရား)။

အမယ် ထိန်းပုံထိန်းနည်းက အဲလိုမဟုတ်လား၊ (မှန်လှပါဘုရား)။ သားကောင်ဘယ်နှကောင်၊ (ခြောက်ကောင်ပါဘုရား)။ နံပါတ်(၁)က ဘာကောင်ပါလိမ့်၊ (မြွေပါဘုရား)။ နံပါတ်(၂)က၊ (မိကျောင်းပါဘုရား)။ နံပါတ်(၃)က၊ (ငှက်ဆင်ပါဘုရား)။ နံပါတ်(၄)က၊ (အိမ်ခွေးပါဘုရား)။ နံပါတ်(၅)က၊ (တောခွေးပါဘုရား)။ နံပါတ်(၆)က၊ (မျောက်ပါဘုရား)။ အေး. . . သားကောင်ခြောက်ကောင်၊ ဒါက ဥပမာပါ။ တန်ဆာဆင်တာပါ။

သူ့ရဲ့ ဥပမေယျကတော့ဖြင့်၊ နံပါတ်(၁)၊ မြွေဆိုတာက တကယ့် မြွေ မဟုတ်ပါဘူး၊ မြွေနဲ့တူတဲ့ မျက်စိ၊ မြွေနဲ့တူတဲ့၊ (မျက်စိပါ ဘုရား)။ ဘုန်းကြီးတို့၊ ဒကာ ဒကာမတို့ ကိုယ်စီကိုယ်ငင် မျက်စိမပါကြဘူးလား၊ (ပါပါတယ်ဘုရား)။ ဒီမျက်စိက မြွေနဲ့တူတယ်၊ မြွေဟာ ရှုပ်ရှုပ်ထွေးထွေးကို တယ်ကြိုက်တယ် မဟုတ်လား၊ (မှန်ပါ ဘုရား)။ အင်း အဲသလိုပါပဲ၊ မျက်စိကလည်း ရှုပ်ရှုပ်ထွေးထွေးမှ ကြည့်ချင်တာ၊ အမယ် ရှင်းရှင်း လင်းလင်း

ဆိုရင် သူမကြည့်ချင်ဘူး၊ ဘုန်းကြီးဘေးနားချထားတဲ့ ကားချပ်ကြီးနှစ်ခု ယှဉ်ထောင်ထားမယ်၊ တစ်ခုက ဘာမှမရေးနဲ့ ပြောင်တင်းအတိုင်း ထားပေါ့။ (မှန်လှပါဘုရား)၊ အင်း ပြောင်ထားပါ။

ဟိုတစ်ခုကတော့ ပန်းခက်ပန်းလက်ကလေးတွေ၊ ကွေးကွေး ကောက်ကောက် အရုပ်ကလေးတွေနဲ့၊ အဲလိုရေးထားလို့ရှိရင်၊ ဘယ် ကားချပ် ကြည့်ကြမတုံး၊ အဲ. . . ရှုပ်ရှုပ်ထွေးထွေး ပန်းခက်ကလေးတွေ ရေးထားတဲ့ဥစ္စာ ကြည့်မှာမဟုတ်လား၊ (မှန်လှပါဘုရား)။ ပြောင်ချောကြီး ရေးထားတဲ့ကားချပ်ကို ကြည့်မလား၊ (မကြည့်ပါဘူး ဘုရား)။

မြွေနဲ့တူတဲ့ မျက်စိ

သြော် မျက်စိဆိုတာ ရှုပ်ရှုပ်ထွေးထွေး တယ်ကြုံက်တာကိုး၊ ဒီတော့ ဘာနဲ့တူတယ်၊ (မြွေနဲ့ တူပါတယ်ဘုရား)၊ မြွေနဲ့တူတယ်၊ မြွေကလည်း ရှုပ်ရှုပ်ထွေးထွေးမှကြုံက်တာ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဟုတ်ပါ့။ သွားကြမယ်ဆိုပြီးတော့ ရှုပ်ရှုပ်ထွေးထွေး ပွဲခင်းထဲသွားမယ်၊ ရေသဘင်ရေပက်တာ သွားကြည့်မယ်၊ ရုတ်ရုတ် ရုတ်ရုတ်နဲ့ ရှုပ်ရှုပ် ထွေးထွေးပဲ သူကြည့်ချင်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ ဘာကတုံး၊ မျက်စိက၊ ဒီတော့ ဘာကောင်နဲ့တူ၊ (မြွေနဲ့တူပါတယ်ဘုရား)၊ ဟာ. . . မြွေနဲ့တူပါ့။ မြွေနဲ့တူပါ့။ သြော်. . . အဲလိုပြောတာကိုး၊ ဘုရားကိုယ်တော် မြတ်ကြီးက သူ့တရားကို စိတ်ဝင်စားစေချင်လို့၊ (မှန်လှပါ ဘုရား)၊ မျက်စိလို့ တန်းပြောလိုက်ရင် ရိုးတာပေါ့။ (မှန်လှပါဘုရား)၊ ဟင်း ဒီဥစ္စာ များ အဆန်းလုပ်လို့ ဆိုပြီးတော့ သိပ်စိတ်မဝင်စားဘူး၊ ဒါကြောင့် မြွေ၊ မျက်စိဟာ မြွေနဲ့တူတယ်လို့ဆိုတော့၊ မြွေစပြောတာ မဟုတ်လား၊ (မှန်လှ ပါဘုရား)၊ ဘာများပါလိမ့်လို့ အောက်မေ့တယ်၊ ပြီးတော့မြွေဆိုတာ

တကယ့်မြွေ မဟုတ်ပါဘူးတဲ့၊ ဘာတဲ့တုံး၊ (မျက်စိပါဘုရား)၊ အင်း မျက်စိ ပြောတာပါဆိုတော့၊ ဩော်. . . ဒီလိုကိုး။

မီးကျောင်းရဲ့တူတဲ့ နား

နောက်တစ်ခုက၊ နံပါတ်(၂)ကျတော့ ဘာကောင်ပါလိမ့်၊ (မိကျောင်းပါ ဘုရား)၊ မိကျောင်း . . . မိကျောင်းဆိုတာ အေးအေးဆေးဆေးနဲ့ ရေထဲဆင်းစိမ်ချင်တဲ့ အကောင်မဟုတ်လား၊ အဲဒါလည်းပဲ တကယ့် မိကျောင်းမဟုတ်ပါဘူးတဲ့၊ ဟော နားပြောတာ၊ အားလုံး ဒကာ ဒကာမတို့၊ မျက်စိပြီးတော့ ဘာတုံး၊ (နားပါဘုရား)၊ နားဆိုတာပါတယ် မဟုတ်လား၊ (ပါပါတယ် ဘုရား)၊ နားအေးပါးအေးနေချင်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒါ တန်ဆာဆင်ပြောတာပါတဲ့။

ငှက်ဆင်ရဲ့တူတဲ့ နှာခေါင်း

ဟုတ်ပြီ၊ ရှေ့ဆက်သွားကြမယ်၊ နံပါတ်(၃)က ဘာကောင်ပါလိမ့်၊ (ငှက်ဆင်ပါဘုရား)၊ ငှက်ဆင်ဆိုတာ အတောင်ပါတာဆိုတော့၊ အပေါ်ကို လုလုပြီးတော့ ကောင်းကင်တက်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါလည်းပဲ တင်စားပြောတာပါတဲ့၊ နှာခေါင်းပြောတာ၊ ဘာတဲ့တုံး၊ (နှာခေါင်း ပြောတာပါဘုရား)။

နှာခေါင်းပြောတာပါ၊ နှာခေါင်း လေရှူပြီဆိုရင် ဒီလိုမော့မော့ ရှူမှ အားရတာ၊ ကောင်းကင်ကို မော့မော့ရှူမှ အားရတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ငုံရှူလို့ အားရရဲ့လား၊ (မရပါဘူး ဘုရား)၊ မရပါဘူး၊ အပေါ်ကို မော့ရှူလိုက်ရမှ အားရတာဆိုတော့၊ အပေါ်လုတာပေါ့၊ (မှန်လှပါဘုရား)၊ အမယ် အပေါ်လုတက်တဲ့ ငှက်ဆင်နဲ့ မတူပေဘူးလား၊

(တူပါတယ်ဘုရား)၊ အေး နှာခေါင်းဆိုတာဟာ ငှက်ဆင်နဲ့တူတယ်လို့၊ ဒီလို တန်ဆာဆင်ပြီးတော့ ပြောတာ၊ ဘယ်နှစ်ကောင်ရှိပြီလဲ၊ (သုံးကောင်ပါ ဘုရား)၊ ဟုတ်ပြီ၊ နံပါတ်(၁)က မြွေ၊ နံပါတ်(၂)က မိကျောင်း၊ နံပါတ်(၃)က ငှက်ဆင်။

အိမ်ခွေးရဲ့တူရဲ့ လျှာ

ရှေ့သွားမယ်၊ နံပါတ်(၄)ကျတော့ ဘာကောင်ပါလိမ့်၊ (အိမ်ခွေးပါဘုရား)၊ အိမ်ခွေးဆိုတာ ပါးစပ်ကလေးက တပျပ်ပျပ်၊ လျှာလေးက တစ်လစ် တစ်လစ်နဲ့ တယ်စားချင်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟယ် တကယ့်ခွေးပြောတာ မဟုတ်ပါဘူး၊ 'လျှာ' ပြောဘာပါ၊ အားလုံးဒကာ၊ ဒကာမတို့ 'လျှာ' မပါဘူးလား၊ (ပါပါတယ် ဘုရား)၊ တယ်စားချင်တာကိုး၊ အင်း အအားကို မနေချင်ဘူး၊ ကိုယ့်နေရာလေးရောက် ဘာမျှားရှိကြတုံးဟဲ့၊ အဲ. . . တစ်ယောက်တစ်ယောက် ကိုယ့်မရှိလည်း သူမျှားရှိတဲ့ဥစ္စာ ဝိုင်းဖွဲ့စားကြတာ၊ ဟင် လျှာကလေးက တပျပ်ပျပ်နဲ့ အအားကိုနေချင်တာမဟုတ်ဘူး၊ (မှန်ပါဘုရား)၊ အဲဒီလိုအကောင်၊ ဒီတော့ လျှာကလေးက ဘာကောင်နဲ့တူ၊ (အိမ်ခွေးနဲ့ တူပါတယ်ဘုရား)၊ အိမ်ခွေးနဲ့ တူပါတယ်၊ အမြဲတမ်း စားချင်နေတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အဲသလိုပြောတာ၊ လျှာဟာ ဘာကောင်နဲ့တူ၊ (အိမ်ခွေးနဲ့ တူပါတယ် ဘုရား)၊ အိမ်ခွေးနဲ့တူတယ်လို့ ဒီလိုပြောတာ။

တောခွေးရဲ့တူတဲ့ ဓနုကိုယ်

ရှေ့သွားကြမယ်၊ နံပါတ်(၅)-ကျတော့ ဘာကောင်ပါလိမ့်၊ (တောခွေးပါဘုရား)၊ တောခွေး . . . တောခွေး ဆိုတာ တောထဲဘက်ကို

လုရုန်းပြီးတော့ သုသာန်မှာနေ လူသေကောင်တွေ ဖော်စား၊ ဗိုက်ပြည့်တော့ ကျောခင်းအိပ်တာ မဟုတ်လား၊ (မှန်လှ ပါဘုရား)။ ဟာ ဗိုက်ပြည့်ပြီဆိုရင် သူကအိပ်ချင်တော့တာ မဟုတ်လား၊ (မှန်လှပါဘုရား)။ အင်း. . . ဒါလည်းပဲ တင်စားပြောတာပါ။ တကယ့်တောခွေးပြောတာ မဟုတ်ပါဘူး၊ ဒီခန္ဓာကိုယ်ကြီး ပြောတာမဟုတ်လား၊ (မှန်လှပါဘုရား)။ ဟာ. . . ဝပြီဆိုရင် ဒီခန္ဓာကိုယ်ကြီးကလည်း ကျောခင်းအိပ်ချင်တာ၊ အဲသလို၊ အမယ် ကျောခင်းပြီးတော့အိပ်ချင်တယ်၊ အိပ်ရတာ နည်းနည်း. . . နည်းတယ် လို့ထင်ရင် မကျေနပ်ဘူး၊ ဟိုက ကြေးမောင်းထိုးပြီ၊ အင်း . . . အဲသလို၊ ခန္ဓာကိုယ်ကြီးက ဘာနဲ့တူသလဲဆိုတော့၊ (တောခွေးနဲ့တူပါတယ်ဘုရား)။ တောခွေး ဟုတ်တယ်နော်၊ (မှန်ပါဘုရား)။ တောခွေးပါ။ တောခွေးပြောတာ၊ တောခွေး . . . တောခွေး တင်စားပြောတာ မဟုတ်လား၊ (မှန်လှပါဘုရား)။ အေးပါ။ တင်စားပြောတာပါ။ တကယ့်တောခွေး ဘယ်ဟုတ်လိမ့်မလဲ၊ တောခွေးနဲ့တူတယ်၊ ဒီခန္ဓာကိုယ်ကြီးကနော်၊ (မှန်လှပါဘုရား)။

မျောက်နဲ့တူတဲ့စိတ်

ဟို နံပါတ်(၆)ကျတော့ ဘာကောင်ပါလိမ့်၊ (မျောက်ပါ ဘုရား)။ မျောက်၊ မျောက်ဆိုတာကလည်းပဲ၊ အေး သူက သစ်ပင်ခေါင်ဖျားဘက်ကို လုတယ်လို့ပြောတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ သစ်ပင်နိမ့်နိမ့်တောင် မကြိုက်ဘူး၊ မြင့်မြင့်တက်တာ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဟိုး . . . အမြင့်ဆုံးကိုင်း တက်ပြီးတော့၊ ဟိုလှမ်းမျှော်၊ ဒီလှမ်းမျှော်၊ အဲလိုလုပ်ရမှ ကြိုက်တာပဲ၊ မျောက်ဆိုတာလေ၊ (မှန်လှပါဘုရား)။ ဟော. . . မျောက်ဆိုတဲ့ဥစ္စာ၊ တကယ့်မျောက် မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ အားလုံး ဒကာ၊ ဒကာမတို့မှာ 'စိတ်'ဆိုတာ ရှိတယ်မဟုတ်လား၊ (ရှိပါတယ်

ဘုရား)၊ အဲဒီစိတ်ကလေးဟာ မျောက်ကလေးနဲ့ တူတယ်လို့ ပြောတာ၊ စိတ်ဟာ၊ (မျောက်ကလေး နဲ့တူပါတယ်ဘုရား)၊ မျောက်ကလေးနဲ့ တူတယ်၊ ဟိုလှုပ်မေ့မျော်၊ ဒီလှုပ်မေ့မျော် လုပ်သလိုပဲ၊ ဒီစိတ်ကလည်း ဟိုလှုပ်မေ့မျော်၊ ဒီလှုပ်မေ့မျော်၊ အခုထိ အိမ်ကလူတွေ မလာကြသေးဘူး၊ အင်း . . . အဲသလို အိမ်ကလူတွေ ပို့ပါဆိုတာ ခုထိအောင် မပို့သေးဘူး၊ သုံးရက်တောင်ရှိပြီ၊ အဲသလိုနဲ့ မကျေနိုင်၊ မချမ်းနိုင်၊ ဟိုလှုပ်မေ့မျော်၊ ဒီလှုပ်မေ့မျော်၊ မျော်တဲ့စိတ်ကလေ၊ (မှုန်လှုပါဘုရား)၊ ဘာနဲ့တူတုံး၊ (မျောက်နဲ့ တူပါတယ်ဘုရား)၊ မျောက်နဲ့တူတယ်၊ အဲသလိုပါ။ စိတ်လို့ ပြောလိုက်လို့ရှိရင် ရိုးနေလို့၊ စိတ်မဝင်စားဘဲ နေမှာစိုးလို့၊ ဘုရားကိုယ်တော်မြတ်ကြီးက သူ့တရားတော်ကို စိတ်ဝင်စားအောင်လို့ တန်ဆာဆင်တာ မဟုတ်လား၊ (မှုန်လှုပါဘုရား)။ အင်း စိတ်ကိုပဲ စိတ်လို့မပြောဘူး၊ ဘာတဲ့တုံး၊ (မျောက်ပါဘုရား)၊ မျောက်ကလေးနဲ့ တူတယ်ဆိုတော့ မျောက်ကလေးနဲ့တူတဲ့စိတ် မဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။ ဟိုလှုပ်မေ့မျော်၊ ဒီလှုပ်မေ့မျော်၊ မျော်တာမဟုတ်လား၊ (မှုန်လှုပါ ဘုရား)။ ဟုတ်တယ်။

သမာဓိရမှု ဉာဏ်ဝင်မယ်

စိတ်က အဲလိုလေးတွေ လျှောက်ပြီးတော့မျော်တော့ သမာဓိမရဘူး ဖြစ်မှာပေါ့။ (မှုန်လှုပါဘုရား)၊ သမာဓိ မရလို့ရှိရင် ဉာဏ်မဝင်ဘူး၊ (မှုန်လှုပါဘုရား)၊ လူကတော့ဖြင့် တရားထိုင်လို့လေ၊ စိတ်တွေက ဟိုရောက် ဒီရောက်ဆိုရင် မျောက်ကလေးမျော်တာနဲ့ တူနေမှာပေါ့။ (မှုန်ပါဘုရား)။ အင်း အဲသလို၊ ဟောဟို. . . တစ်နေရာမှာပေါ့။ ကမ္မဋ္ဌာန်းဆရာတော်က သူ့တပည့်တွေကို ချပေးနေတာ၊ ဘုန်းကြီး ကြားခဲ့တယ်၊ သူချပေးနေတဲ့ဥစ္စာက 'လူကတော့ ရိပ်သာတဲ့၊ စိတ်ကတော့ အိမ်မှာ'၊

အမယ် ရှေ့ဆက်ချသေးတယ်၊ 'ထမုံကင်း၊ ဟုန်ကင်း၊ ထုံကင်းတဲ့ ယောဂီပါ'၊ ဟာ. . . လုပ်နေတာ။

အမယ် တစ်ခေါက်ဆိုပါမယ်၊ 'လူကတော့ ရိပ်သာ၊ စိတ်ကတော့ အိမ်မှာ၊ ထမုံကင်း၊ ဟုန်ကင်း၊ ထုံကင်းတဲ့ ယောဂီပါ'တဲ့ ဗျား၊ အမယ် အဲသလို စိတ်ကလေးက ဟိုသွား၊ ဒီသွား၊ ဟိုလှမ်းမျှော်၊ ဒီလှမ်းမျှော်၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး ဘုန်းကြီးတို့ယောဂီတွေ၊ ဘုန်းကြီးတို့ ဒီမှာတော့မရှိပါဘူး၊ ဒီမှာငြိမ်ပါတယ်၊ အင်း ငြိမ်တယ်၊ ဒီက ကြိုးစားကြပါတယ်၊ အချိန်ပိုတွေတောင် ကြိုးစားတာနော်။

သားကောင်ခြောက်ကောင်၊ တံခါးခြောက်ပေါက်

အားလုံး သားကောင်က ဘယ်နှကောင်၊ (ခြောက်ကောင်ပါဘုရား)၊ ဟို. . . သားကောင်ခြောက်ကောင်က နံပါတ်(၁)က(မြွေ)၊ နံပါတ်(၂)က (မိကျောင်း)၊ နံပါတ်(၃)က (ငှက်ဆင်)၊ နံပါတ်(၄)က (အိမ်ခွေး)၊ နံပါတ်(၅)က (တောခွေး)၊ နံပါတ်(၆)က (မျောက်)၊ သားကောင်ဘယ်နှကောင်၊ (ခြောက်ကောင်ပါဘုရား)၊ သားကောင်ခြောက်ကောင် ဥပမာအတိုင်းပဲ၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ သန္တာန်မှာရှိတဲ့ဥစ္စာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဒီခြောက်မျိုးပြောတာမဟုတ်လား၊ (မှန်လှပါဘုရား)၊ အမယ် လက်စသပ်တော့ ဒါပြောတာကိုး၊ ဘုရားကိုယ်တော်မြတ်ကြီးက သူတရားတော်ကို စိတ်ဝင်စားစေချင်လို့လေ၊ (မှန်လှပါဘုရား)၊ အားလုံး ကိုယ်စီကိုယ်ငဒီခြောက်မျိုးမပါကြဘူးလား၊ (ပါပါတယ်ဘုရား)၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် အရေးကြီးတယ်နော်၊ အေး . . . သားကောင် ခြောက်ကောင်ဟာ ထိန်းရတဲ့အခါမှာ အို. . . လွတ်. . . လွတ် လွတ် ထွက်သွားမတတ်ကြီး

ထိန်းရသလိုပေါ့။ (မှန်လှပါ ဘုရား)။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်

ဒီ သားကောင်ခြောက်ကောင်နဲ့တူတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် သူတို့ကိုလည်း ထိန်းရတာပဲ၊ (မှန်လှပါဘုရား)။ သူတို့ကျတော့ သတိဆိုတဲ့ကြိုးနဲ့ ချည်ပေါ့။ သတိဆိုတဲ့ကြိုးနဲ့ ချည်ပြီးတော့ သားကောင်ခြောက်ကောင်ကို နှိုင်အောင် ငုတ်ကြိုးရိုက်ပြီး ထိန်းသလိုပေါ့။ (မှန်လှပါဘုရား)။ အဲ ကြိုးဘယ်နှချောင်းပါလိမ့်၊ (ခြောက်ချောင်းပါဘုရား)။ ခြောက်ချောင်း၊ ကြိုးခြောက်ချောင်းအဖျားမှာ စုထုံးလိုက်တော့ နော်. . . ထုံးပြီးတော့၊ သူ့လည်းငုတ်တိုင်ကြိုး မရိုက်လို့ကတော့ ပါပါသွားတယ်နော်၊ (မှန်လှပါဘုရား)။ သားကောင်ခြောက်ကောင်၊ ကြိုးကြိုးက ဘယ်နှချောင်း၊ (ခြောက်ချောင်း ပါဘုရား)။ ကြိုးကြိုးခြောက်ချောင်းကို အဖျားကို စုပြီးတော့ ထုံးလိုက်မယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲ ကြိုးဘယ်နှ ချောင်းပါလိမ့်၊ (ခြောက်ချောင်းပါဘုရား)။ ခြောက်ချောင်း၊ ကြိုးခြောက်ချောင်း အဖျားမှာ စုထုံးလိုက်တော့နော်၊ ထုံးပြီးတော့၊ သူ့လည်း ငုတ်တိုင်ကြိုးရိုက်ရမှာပေါ့။ အမယ် ငုတ်တိုင်ကြိုး မရိုက်လို့ကတော့ ပါပါသွားတယ်နော်၊ (မှန်လှပါ ဘုရား)။ သားကောင်ခြောက်ကောင်၊ ကြိုးကြိုးက ဘယ်နှချောင်း၊ (ခြောက်ချောင်း ပါဘုရား)။ ကြိုးကြိုးခြောက်ချောင်းကို အဖျားကိုစုပြီးတော့ ထုံးလိုက်မယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲ ငုတ်သာမရိုက်လို့ကတော့ အားသန်တဲ့အကောင်က ဆွဲသွားလို့ရှိရင် အဲဒီ ပါပါသွားတယ်၊ (မှန်လှပါ ဘုရား)။ ပါပါသွားတယ်၊ ပါပ့်။ ပါပ့်။ ကြိုးကြိုးက ခြောက်ချောင်း၊ စုပြီးတော့ ထုံးထားတာကိုး၊ ထုံးထားတာဆိုတော့၊ တစ်ခါတစ်လေ မျက်စိကအားသန် . . . အားသန်တဲ့အခါ

မျက်စိနဲ့တူတဲ့ မြွေ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဆွဲသွားလိုက်တာ ကျန်တဲ့ငါးကောင်က ပါရတော့တာပေါ့။ ဟေး. . . သွားကြမယ်ဟော့၊ ထမင်း စောစောစီးစီးစားကြ၊ ဒီကနေ့ ပွဲခင်းထဲ သွားမယ်၊ ရုပ်ရှင်သွားမယ်၊ ပြောတယ်ဆိုရင်လေ၊ ဟာ ဒီနေ့ ဟောဟို ရေသဘင်တွေက စည်ကစည်နဲ့ သွားမယ်ဆိုတော့၊ အဲဒီမှာ မိသားစု သွားကြတာ။

သတိဆိုတဲ့ ကြိုးနဲ့ဖျည်ပါ

ပွဲခင်းထဲရောက်၊ ဟိုရောက်ဒီရောက်၊ ရုပ်ရှင်ရုံတွေလည်း ရောက်တယ်၊ အကုန်လုံး အနှံ့အပြားပေါ့။ ပန်းခြံတွေရောက်တယ် ဆိုတော့ ဘယ်အကောင်က ဆွဲသွားတာတုံး၊ (မြွေက ဆွဲသွားတာပါ ဘုရား)။ ဟာ. . . မြွေကဆွဲသွားတာ၊ ကျန်တဲ့ငါးကောင်ကော ပါမသွားဘူးလား၊ (ပါသွားပါတယ်ဘုရား)။ အဲလို . . . ၊ အမယ်. . . အမယ်၊ ဒီလိုကိုး. . . ကြိုးကြိုးခြောက်ချောင်း စုထုံးထားတာကိုး၊ (မှန်လှပါ ဘုရား)။ အဲလိုဆိုတော့ ကျန်တဲ့အကောင်လည်း ပါရတော့တာပေါ့။ (မှန်လှပါဘုရား)၊ အားသန်တဲ့အကောင်က ဆွဲသွားလို့ရှိရင်၊ ကျန်တဲ့ အကောင်တွေလည်း ပါရတော့တာပေါ့။ (မှန်လှပါဘုရား)။ ပါသွားရတာ၊ ဟိုမှာ ကြည့်ပြီးတော့နေတုံး ဇာတ်လမ်းတောင် မဆုံးသေးဘူး အိမ်ပြန်ချင်တယ်တဲ့၊ အမယ် ဒီလိုလုပ်လာတာ၊ ဟဲ့ နေဦးလေ၊ ဇာတ်လမ်းမှ မဆုံးသေးဘဲ၊ မဆုံးဆုံး အိပ်ချင်လှပြီတဲ့၊ နေစမ်းပါဦးဆိုတာတောင် ပြောမရဘူး ငွေတ်ပြန်လာတယ်၊ ကြည့်စမ်း! အိမ်ရောက်တော့ အိပ်ရာထဲထိုးလဲ အိပ်ပစ်လိုက်တယ်၊ ဟော. . . ဒီကျတော့ ဘယ်အကောင်က ဆွဲလာတာတုံး၊ (တောခွေးပါ ဘုရား)။ တောခွေး. . . တောခွေးက အိပ်ချင်တယ်၊ ကျောခင်းအိပ်ချင်တယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။

အားသန်ရာဘက် ပါသွားမယ်

တောခွေးက ဆွဲလာပြန်တော့လည်း အားသန်တော့ ကျန်တဲ့ ငါးကောင်က ပါလာရတယ်မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲသလိုနဲ့ အိပ်ရာထဲ အိပ်နေလိုက်တာ တစ်ဝကြီးပဲ၊ နောက်တော့မှလူးလွန့်ထလာတယ်၊ အိပ်ရာကနိုးတော့ ဗိုက်ဆာတယ်တဲ့၊ ဘာများစားစရာရှိသလဲဆိုတော့ မီးဖိုချောင်ဘက်သွားတာပေါ့။ အိပ်ရာကထပြီး အိပ်မှုံစုံမွှားနဲ့ မျက်စိပွတ်သပ်ပြီးတော့ ဘယ်ကိုသွားတုံး၊ (မီးဖိုချောင် သွားပါတယ် ဘုရား)၊ မီးဖိုချောင်ထဲ သွားတယ်ဆိုတော့ ဘာကောင်ပါလိမ့်၊ (အိမ်ခွေးပါဘုရား)၊ ဟုတ်ပ့ါ။ စားချင်သောက်ချင်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း အဲသလိုနဲ့ မီးဖိုထဲလှန်လှောပြီး စားသောက်လို့ဝလည်းဝရော ဟဲ့ . . . ရေဒီယိုလေး ဘာလေးများ ဖွင့်ကြပါဦးဟဲ့၊ ဖြစ်လာပြီ၊ သူက နားကထောင်ချင်တယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။ နားအေးပါးအေးဆိုပေမယ့်လို့၊ ဆူဆူပွက်ပွက်သာ မကြိုက်တာလေ၊ (မှန်လှပါ ဘုရား)။ သာသာယာယာတော့လည်း ကြိုက်သေးတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း အဲဒီလိုနဲ့ ရေဒီယိုလေး ဘာလေး ဖွင့်ပါဟဲ့ဆိုတော့ ဘယ်သူက အားသန်သွားတုံး၊ (မိကျောင်းက အားသန်သွားပါတယ် ဘုရား)၊ စောင့်နားထောင်ပြီးတော့ တော်တော်လေးလည်းထောင်ပြီးရော ဒါက အသံပဲကြားရတာ၊ ရုပ်ပါမြင်ရတဲ့ တီဗွီခန်းထဲ သွားဦးမယ်ဆိုပြီးတော့ အဲဒီ သွားတဲ့အခါကျတော့ အသံလည်း ကြားရတယ်၊ ရုပ်ရှုပ်ထွေးထွေးတွေလည်း မြင်ရတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

သားကောင်ခြောက်ကောင် ထိန်းရခက်တယ်

အမယ်. . . အမယ် ဒီကျတော့လည်း သူတို့နှစ်ကောင် ပူးပေါင်း

သွားကြတာ မဟုတ်လား၊ မြွေနဲ့၊ (မိကျောင်းပါဘုရား)၊ အဲ မိကျောင်း . . . သူတို့နှစ်ကောင် ပေါင်းပြီးတော့ အလုပ်လုပ်ကြတာ မဟုတ်လား၊ အေး. . . အဲသလိုပါ။ တစ်ခုက အားသန်ပြီဆိုလို့ရှိရင် ရုန်းရုန်းသွားတယ် မဟုတ်လား၊ ကျန်တဲ့အကောင်တွေလည်း ပါရတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကြည့်စမ်း ကိုယ်ကမသိလို့၊ အမှတ်တမဲ့နေလို့၊ တကယ့် တကယ်ကျတော့ ကိုယ့်သန္တာန်ရှိနေတဲ့ ခြောက်မျိုး ထိန်းရတာ မခက်ဘူးလား၊ (ခက်ပါတယ်ဘုရား)၊ ခြောက်မျိုးက ဘာတွေပါလိမ့်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အေး အဲဒီ ခြောက်မျိုးထိန်းရ အခက်ဆုံးပဲ၊ ဘုရားကိုယ်တော် မြတ်ကြီးကလည်း ပြောတယ်၊ ထိန်းကြဟဲ့၊ ဒါမထိန်းနိုင်လို့ ဒုက္ခများနေတာ၊ ကိုယ့်သန္တာန်မှာ ရှိနေတဲ့သားကောင်ခြောက်ကောင်နဲ့တူတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ကို မထိန်းနိုင်လို့ ဒုက္ခ များများနေတာ၊ မဟုတ်နိုင်ဘူးလား၊ (ဟုတ်နိုင်ပါတယ် ဘုရား)၊ ဟုတ်နိုင်တာပေါ့၊ ဘယ်နှများပါလိမ့်၊ (ခြောက်များပါဘုရား)။ ဘာတွေတဲ့တုံး၊ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်) ဟုတ်တယ်၊ ဒီခြောက်ကောင်ကို မထိန်းနိုင်လို့ ဒုက္ခတွေများတာ၊ ဒီတော့ သူတို့ကို ကြိုးနဲ့ချည်ပြီးတော့ ထားတယ်မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကြိုးက ဘာကြိုးပါလိမ့်၊ သတိဆိုတဲ့ကြိုး၊ သူ့လည်း အဖျားကိုအထုံးကြီး စုထုံးထားတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

သတိပဋ္ဌာန်ဥတ်တိုင်ရိုက်ပါ

ဒီတိုင်းထားရင်တော့ ဆွဲဆွဲသွားလို့၊ ပါပါသွားတယ်နော်၊ (မှန်လှပါဘုရား)၊ ဒီတော့ ဒီလိုလုပ်ကြစို့၊ သူ့လည်း ဥတ်တိုင်ရိုက်မယ်၊ သူ့လည်းဘာလုပ်မယ်၊ (ဥတ်တိုင်ရိုက်ပါမယ်ဘုရား)၊ ဘာဥတ်တိုင်

ရိုက်တုံးဆိုတော့ သတိပဋ္ဌာန်ငုတ်တိုင်၊ ဘာငုတ်တိုင်၊ (သတိပဋ္ဌာန်ငုတ်တိုင်ပါဘုရား)၊ ဟုတ်တယ်၊ သတိပဋ္ဌာန်ငုတ်တိုင် ရိုက်မယ်၊ ဟုတ်ကဲ့နော်၊ (မှန်ပါဘုရား)၊ ကဲ သတိပဋ္ဌာန်ငုတ်တိုင် ရိုက်ပြီးတော့ သူ့ကိုလည်းပဲငုတ်တိုင်ကို စွပ်ထားမယ်လို့ဆိုတော့၊ ဘုန်းကြီးတို့ သတိပဋ္ဌာန်ငုတ်တိုင် ရိုက်ကြရအောင်၊ ခန္ဓာငါးပါးကြီး တည်ထားမယ်နော်၊ (မှန်ပါဘုရား)။ အားလုံး ဒကာ၊ ဒကာမတွေ ခန္ဓာငါးပါးက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)။ ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးနဲ့ ပုံကြစို့ဆိုတော့၊ အဦးဆုံးဖြစ်တဲ့ ရူပက္ခန္ဓာက 'ကာယာနုပဿနာ'၊ ဘာတဲ့၊ (ကာယာနုပဿနာပါဘုရား)။ ဒုတိယဖြစ်တဲ့ ဝေဒနာက္ခန္ဓာက 'ဝေဒနာနုပဿနာ'၊ တတိယဖြစ်တဲ့ သညာက္ခန္ဓာနဲ့ စတုတ္ထဖြစ်တဲ့ သင်္ခါရက္ခန္ဓာ နှစ်ခုပေါင်းက 'ဓမ္မာနုပဿနာ'၊ ပဉ္စမဖြစ်တဲ့ ဝိညာဏက္ခန္ဓာက 'စိတ္တာနုပဿနာ'။

ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးနှင့်ပုံပါ

ခန္ဓာငါးပါးကို လေးပုံ ပုံလိုက်တော့ ဒီလိုဖြစ်လာတာပေါ့။ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ ရတယ်နော်၊ ပြန်ပြီးတော့ ပြောပါဦးမယ်၊ ခန္ဓာငါးပါး၊ ပြန်ပြီးတော့ တည်ခင်းလိုက်ကြစမ်းပါဦး၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးမဟုတ်လား၊ (မှန်လှပါဘုရား)။ အေး အကြမ်းစားပြောကြစို့ဆိုတော့ သူကြည့်လည်းမြင်ရ၊ ကိုယ့်ကြည့်လည်းမြင်ရ၊ ငုက်တုတ်ကြီးတွေ ပကတိမျက်စိနဲ့ မြင်ရတဲ့ဥစ္စာ၊ ရုပ်ကြမ်းကြီးတွေ၊ ပကတိမျက်စိနဲ့မြင်ရတဲ့ ရုပ်ကြမ်းကြီးတွေပေါ့နော်၊ ထားပါဦး၊ အဲဒီရုပ်ကြမ်းကြီးတွေကိုပဲ ခန္ဓာဖွဲ့၊ ဘာခန္ဓာ (ရူပက္ခန္ဓာ)၊ အို. . . ကြာကြာ

ထိုင်တယ်ဆိုရင်၊ ညောင်းတယ်၊ ညာတယ်၊ ကိုက်တယ်၊ ခဲတယ်၊ အောင့်တယ်၊ အင့်တယ်၊ မသက်သာဘူးဆိုတဲ့ ဒုက္ခဝေဒနာတွေလည်း ရှိတာပဲ၊ ဟို တစ်ခါတစ်လေတော့လည်း မညောင်းဘူး၊ မကိုက်ဘူးဆိုတဲ့ သုခဝေဒနာလည်းရှိတယ်၊ တစ်ခါတစ်လေ ကြား အလယ်အလတ် သဘော ဥပေက္ခာဝေဒနာလည်း ရှိတယ်၊ အဲဒါတွေကျတော့ ဘာခန္ဓာ၊ ဝေဒနာက္ခန္ဓာ ဟုတ်တယ်မဟုတ်လား၊ ရူပက္ခန္ဓာ၊ ပေဒနာက္ခန္ဓာ၊ မှတ်သားတတ်တဲ့ သဘောတွေက သညာက္ခန္ဓာ၊ စေ့ဆော် အားထုတ်တတ်တဲ့ စေတနာအစရှိတဲ့ အမျိုးအစားငါးဆယ်က သခါရက္ခန္ဓာ၊ သိတတ်တဲ့ စိတ်ကလေးတွေက ဝိညာဏက္ခန္ဓာ၊ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)။

ရုပ်ခန္ဓာတစ်ခုသာ ပကတိမျက်စိနဲ့ မြင်ရတယ်

ခန္ဓာငါးပါးရှိတဲ့အနက် အဦးဆုံးဖြစ်တဲ့ ရုပ်ခန္ဓာပဲ ရိုးရိုးပကတိ မျက်စိနဲ့မြင်ရတာ မဟုတ်လား၊ ဒါတောင် ရုပ်ကြမ်းကြီးတွေမို့လို့ မြင်ရတာနော်၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဆိုတဲ့ လေးပါးကျတော့၊ မျက်လုံးနဲ့ မြင်ရသေးလား၊ (မမြင်ရပါဘူးဘုရား)၊ မမြင်ရပါဘူး၊ နာမ်တရားတွေ မဟုတ်လား၊ (မှန်ပါဘုရား)။ နာမ်တရားတွေဆိုတော့၊ ရိုးရိုးပကတိမျက်လုံးနဲ့ မြင်ရပါဦးမလား၊ (မမြင်ရပါဘူးဘုရား)၊ ဘယ်နှယ်လုပ်သိရမယ်၊ ဉာဏ်နဲ့ပဲသိရပါတယ်၊ ဟုတ်တယ်၊ ဉာဏ်နဲ့သာ သိရတဲ့ခန္ဓာ ဘယ်နှပါး၊ (လေးပါးပါဘုရား)။ သူတို့တစ်တွေက နာမ်ခန္ဓာတွေ မဟုတ်လား၊ (မှန်ပါဘုရား)။ အဦးဆုံးဥစ္စာက ရုပ်ခန္ဓာ၊ ကျန်တဲ့ လေးမျိုးကနာမ်ခန္ဓာ၊ ရုပ်ခန္ဓာနဲ့ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာနဲ့ ၊ (နာမ်ခန္ဓာ)။ နာမ်နဲ့ ရုပ်၊ ရုပ်နဲ့နာမ်၊ ဒါပဲမဟုတ်လား၊ (မှန်ပါဘုရား)။ ချဲ့လိုက်မယ်ဆိုရင် ခန္ဓာ

ဘယ်နှပါး၊ ငါးပါး၊ ဟုတ်တယ်၊ ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးနဲ့ ပုံကြို့၊ အဦးဆုံးဖြစ်တဲ့ ရူပက္ခန္ဓာက ကာယာနုပဿနာ၊ ဒုတိယဖြစ်တဲ့ ဝေဒနာက္ခန္ဓာက ဝေဒနာနုပဿနာ၊ တတိယဖြစ်တဲ့ သညာက္ခန္ဓာနဲ့ စတုတ္ထဖြစ်တဲ့သင်္ခါရက္ခန္ဓာ နှစ်ခုပေါင်းက 'ဓမ္မာနုပဿနာ'၊ ပဉ္စမဖြစ်တဲ့ ဝိညာဏက္ခန္ဓာက (စိတ္တာနုပဿနာ)၊ နုပဿနာဘယ်နှခု၊ (လေးခုပါဘုရား)၊ လေးခု၊ ဒါအနုပဿနာလေးပါးပေါ့။ (မှန်ပါဘုရား)၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ၊ အဲဒီအထဲ သတိပဋ္ဌာန်လေး ထပ်ထည့်လိုက်လို့ရှိရင် ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာ နုပဿနာ သတိပဋ္ဌာန်. . .၊သတိပဋ္ဌာန်ဘယ်နှပါး၊ (လေးပါးပါဘုရား)၊ အေး. . . ဒီသတိပဋ္ဌာန်လေးပါးဟာ ငုတ်ကြီးတွေပေါ့။ (မှန်ပါဘုရား)။

သတိပဋ္ဌာန်ငုတ်မှာ နှုပ်လိုက်ပါ

ကြိုးခြောက်ချောင်း စုထုံးထားတဲ့ဥစ္စာ ဒီငုတ်ကြီးတွေကို စွပ်မယ်နော်၊ (မှန်ပါဘုရား)။ စွပ်ကြစို့၊ ဒီငုတ်ကြီးတွေကို စွပ်မယ်ဆိုတော့၊ ငုတ်ကြီးလေးငုတ်ရိုက်၊ ဘယ်ငုတ်ပဲ စွပ်စွပ်၊ ကြိုက်ရာငုတ်ကို စွပ်ပေါ့။ ဟုတ်တယ်နော်၊ ကဲ. . . ပထမဆုံးငုတ်ပဲ စကြပါစို့၊ ပထမဆုံးငုတ်က ကာယာနုပဿနာသတိပဋ္ဌာန် ဟုတ်တယ်မဟုတ်လား၊ အေး. . . တို့ ဘယ်ဟာနဲ့တည့်သလဲ၊ ဒါလည်း ချိန်ကြပါဦးစို့၊ အခုအပုံကြီးက လေးပုံ မဟုတ်လား၊ (မှန်လှပါဘုရား)။ ကိုယ့်ကိုယ်ကို ချိန်ကြည့်၊ ငါဉာဏ်ထိုင်းသလား၊ ထက်သလား၊ ဉာဏ်ထိုင်းတယ်၊ လောဘတွေကောများသလား၊ မမျှားဘူးလား၊ များတယ်၊ ဉာဏ်ထိုင်းပြီးတော့ လောဘများတယ်။

ဉာဏ်ထိုင်းပြီး လောဘများရင် ဲရုပ် ဲရှုပါ

ဉာဏ်ထိုင်းပြီးတော့ လောဘများတယ်ဆိုရင် အဦးဆုံးဖြစ်တဲ့ ရုပ်ကိုရှုပါတဲ့၊ ဉာဏ်ထိုင်းပြီးတော့ လောဘများရင် ဘာရှုရမယ်၊ (ရုပ်ကို ရှုပါ)၊ ရုပ်ကိုရှုပါ။ ဟို. . . ကိုယ့်ကိုယ်ကို ချိန်ကြည့်၊ နံပါတ်-၄အပုံကို သွားမယ်၊ ဉာဏ်ထိုင်းသလား၊ထက်သလား၊ ထိုင်းတယ်၊ ဒိဋ္ဌတွေကော များသလား၊ များပါ့။ ဉာဏ်ထိုင်းပြီးတော့ ဒိဋ္ဌများ၊ ဉာဏ်ထိုင်းပြီးတော့ ဒိဋ္ဌများတယ်ဆိုရင် စိတ္တာနုပဿနာရှုပါတဲ့၊ အပုံဘယ်နှပုံ၊ လေးပုံ၊ အခု ပထမအပုံနဲ့ စတုတ္ထအပုံပြောနေတာနော်၊ (မှန်ပါဘုရား)။ ပထမအပုံက ဉာဏ်ထိုင်းပြီးတော့ လောဘများ၊ ဉာဏ်ထိုင်းပြီးတော့၊ (လောဘများ)။ လောဘများတယ်ဆိုရင် ဘာကို ရှုရမယ်၊ (ရုပ်ကိုရှုရပါမယ် ဘုရား)။ ကာယာနုပဿနာရှုပါဆိုတော့ ရုပ်မဟုတ်လား၊ အေး နံပါတ်(၄)အပုံ သွားမယ်၊ ဉာဏ်ထိုင်းသလား ဉာဏ်ထက်သလား၊ ဉာဏ်ထိုင်းတယ်၊ ဒိဋ္ဌလည်းများသလား၊ မများဘူးလားဆိုတော့ များတယ်ဆိုရင် ဉာဏ်ထိုင်းပြီးတော့ ဒိဋ္ဌများတယ်၊ ဉာဏ်ထိုင်းပြီးတော့ ဒိဋ္ဌများတယ်ဆိုရင် ဘယ်သူ့ ရှုမယ်၊ စိတ္တာနုပဿနာ ရှုမယ်။

ဉာဏ်ထိုင်းပြီး ဒိဋ္ဌများရင် စိတ္တာနုပဿနာရှုပါ

အပုံ ၄-ပုံ ရှိတဲ့အနက် ပထမအပုံနဲ့ စတုတ္ထအပုံပြောတော့ နှစ်ပုံလုံး ဉာဏ်ထိုင်းတဲ့သူတွေပေါ့။ (မှန်ပါဘုရား)။ အေး အပုံလေးပုံ ရှိတဲ့အနက် ပထမအပုံကလည်း ဉာဏ်ထိုင်းတယ်၊ စတုတ္ထအပုံကလည်း ဉာဏ်ထိုင်းတယ်၊ ပထမအပုံက ဉာဏ်ထိုင်းပြီးတော့ လောဘများတဲ့သူဆိုရင် ကာယာနုပဿနာရှုပါ။ ရုပ်မဟုတ်လား၊ (မှန်လှပါဘုရား)။ ပြီးတော့ ဉာဏ်ထိုင်းတယ်၊ စတုတ္ထအပုံကဉာဏ်ထိုင်းပြီးတော့ ဒိဋ္ဌများရင် စိတ္တာ

နုပသဿနာရှုပါ။ အဲလိုရှုမှ ကိုယ်နဲ့လိုက်တဲ့ ကမ္မဋ္ဌာန်းရှုမှ ဖြစ်ပျက်တွေ မြင်လွယ်တာ၊ (မှန်လှပါဘုရား)၊ ဟုတ်ပြီ၊ ရှေ့သွားကြမယ်၊ အလယ်နှစ်ပုံသွားမယ်၊ ဟော အလယ်နှစ်ပုံမယ် ဟော ကိုယ့်ကိုယ်ကို ချိန်ကြည့်၊ ဉာဏ်ထိုင်းသလား ထက်သလား ဉာဏ်ထက်တယ်၊ လောဘရောမှားသလား မမှားဘူးလား၊ လောဘတွေလည်းမှားပါ့ဆိုရင် ဉာဏ်ထက်ပြီးတော့ လောဘမှား၊ ဉာဏ်ထက်ပြီးတော့၊ (လောဘမှား)၊ လောဘမှားတယ်ဆိုရင် ဝေဒနာနုပသဿနာ ရှုပါ။

ဉာဏ် ထက်ပြီး လောဘမှားရင် ဝေဒနာနုပသဿနာ ရှုပါ

ဉာဏ်ထက်ပြီးတော့ လောဘမှားရင် ဝေဒနာနုပသဿနာ ရှုပါ။ ဟို . . . နောက်တစ်ပုံကျတော့၊ ဟော ကိုယ့်ကိုယ်ကို ချိန်ကြည့်၊ ဉာဏ်ထိုင်းသလား ထက်သလား ဉာဏ်ထက်တယ်၊ လောဘတွေကောမှားသလား မမှားပါဘူး၊ လောဘလည်း နည်းနည်းပါးပါးပါပဲဆိုရင် ဉာဏ်ထက်ပြီးတော့ လောဘနည်းပါးတယ်ဆိုရင် ဓမ္မာနုပသဿနာရှု၊ ဘာတဲ့တုံး၊ (ဓမ္မာ နုပသဿနာရှု)၊ သစ္စာတရားတွေပါပဲ၊ ဖြစ်ပျက်တွေပါပဲ၊ (မှန်လှပါ ဘုရား)၊ သူ အကောင်းဆုံးပဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အခုအလယ်နှစ်ပုံကတော့ ဉာဏ်ထက်တဲ့သူချည်းပဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဉာဏ်ထက်ပြီးတော့ လောဘမှားရင် ဝေဒနာနုပသဿနာရှု၊ ဉာဏ်ထက်ပြီးတော့ လောဘမျှားရင်၊ (ဝေဒနာနုပသဿနာရှု)၊ ဉာဏ်ထက်ပြီးတော့ လောဘနည်းပါးရင် ဓမ္မာနုပသဿနာ ရှု။

ဉာဏ် ထက်ပြီး ဒလောဘရည်းရင် ဓမ္မာနုပသဿနာ ရှုပါ

အလယ်နှစ်ဦးက ဉာဏ်ထက်တဲ့သူချည်းပဲ မဟုတ်လား၊

(မှန်လှပါဘုရား)။ ဘေးနှစ်ဦးကတော့ ဉာဏ်ထိုင်းတဲ့သူတွေ၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)။ ကိုယ့်ကိုယ်ကို ချိန်နိုင်အောင်၊ ရွေးနိုင်အောင်ပေါ့နော်၊ ဟုတ်ပြီ၊ ကဲ ဘုန်းကြီးတို့ အဦးဆုံး ကာယာနုပဿနာပဲ ရှုကြစို့လား၊ (မှန်လှပါဘုရား)။ ကဲ အဲဒါနမူနာပဲ ရှုကြမယ်၊ အဦးဆုံး ကာယာနုပဿနာဆိုတာ ရုပ်မဟုတ်လား၊ (မှန်လှပါ ဘုရား)။ အေး. . . ကာယာနုပဿနာဆိုတာ ဘာတုံး၊ ရုပ်၊ အဲဒီ ရုပ်ကိုရှုကြစို့၊ ရုပ်တရားကို အရှုခံထား၊ ရှုဉာဏ်များဖြစ်တဲ့- သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ ငါးပါးနဲ့ရှုမှာ မဟုတ်လား၊ အေး. . . ရုပ်ကို အရှုခံထားပြီး၊ ဉာဏ်ငါးပါးက ရှုဉာဏ်များ၊ အရှုခံနဲ့ (ရှုဉာဏ်)၊ အရှုခံနဲ့ ရှုဉာဏ်၊ အဲသလိုရှုမယ်၊ ဟုတ်ပြီနော်၊ အေး ဒီနေရာမှာ ရုပ်ကိုရှုပြီဆိုတော့ ဘုန်းကြီးတို့ ပြောရလိမ့်မယ်၊ ရုပ်ရှုပြီဘို့တော့ စောစောတုန်းက ပြောခဲ့တုန်းကတော့ ရုပ်တရားကြီးဟာ အခုလိုမြင်နေရတာ သူ့ကြည့်လည်းမြင်ရ၊ ကိုယ့်ကြည့်လည်းမြင်ရ၊ ငိုးတိုးငုတ်တုတ်ကြီးတွေ ထိုင်နေတဲ့ဥစ္စာ၊ ရုပ်တရားကြီးတွေ၊ ရှုပက္ခန္ဓာလို့ ပြောခဲ့တယ်နော်၊ (မှန်လှပါဘုရား)။

ပညတ်ကိုမရှုရ၊ ပရမတ်ကိုသာရှုပါ

ဟုတ်လည်းဟုတ်ပါတယ်၊ အင်း ရုပ်တရားကြီးတွေပါပဲ၊ သို့သော် အခုလိုရှုပြီဆိုတော့၊ အဲဒီမြင်နေရတဲ့ရုပ်ကြီးကို မရှုနဲ့တဲ့၊ မြင်နေရတဲ့ မိုးတိုးမတ်တတ်ရုပ်ကြီးက ရုပ်ကြမ်းကြီးတွေပဲ၊ အတုံးအခဲကြီးတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟင် ဒါမရှုရဘူး၊ အတုံးအခဲကြီးတွေ ရှုနေလို့ အတုံးအခဲကြီးတွေ မြင်နေလို့ရှိရင် ပညတ်ကို ရှုမိရာရောက်မှာပေါ့။ (မှန်လှပါဘုရား)။ ဝိပဿနာရှုတယ်ဆိုတာ ပညတ်ကို ရှုရတာမဟုတ်ဘူး၊ ပရမတ်ကို ရှုရတာ၊ ဘာတဲ့၊ (ပရမတ်ကို ရှုရတာပါ ဘုရား)။ ပညတ်ကိုခွာထား၊

ပြီးတော့ ပရမတ်သားရောက်အောင် ဖောက်သိရတာ၊ အခုလို အတုံးအခဲကြီးတွေကဖြင့် တစ်ခုခု ပညတ်တင်ပြီးပြီပေါ့။ (မှန်လှပါ ဘုရား)။ ငိုးတိုးငုတ်တုတ်ကြီးတွေ မြင်တယ်ဆိုရင်၊ ဒါက ယောက်ျား၊ ဒါကမိန်းမ၊ ဒါကကိုယ်၊ ဒါကခေါင်း၊ ဒါကခြေ၊ ဒါကလက်၊ ဒါကဆံပင်၊ ဒါကမျက်စိ၊ နှာခေါင်း၊ နား၊ ပါးစပ် တစ်ခုခု ပညတ်တွေ တင်ပြီးပြီပေါ့။ (မှန်လှပါဘုရား)။ အဲဒီပညတ်ကြီး သွားကြည့်နေမိရင် ပညတ်ရူမိရာ ရောက်နေမှာပေါ့။ (မှန်လှပါဘုရား)။

ဝိပဿနာရူတယ်ဆိုတာ ပညတ်ရူရတာ မဟုတ်ဘူး၊ ပရမတ်ကို ရူရတာ၊ ဘာတဲ့၊ (ပရမတ်ကို ရူရတာပါဘုရား)။ ပရမတ်ကို ရူရတာ၊ ဒါလေးသတိပြုစမ်းပါ။ ဝိပဿနာရူတယ်ဆိုတာ ပညတ်ရူရတာလား၊ ပရမတ်ကို ရူရတာလား၊ (ပရမတ်ကိုရူရတာပါဘုရား)၊အေး . . . ပရမတ်ကို ရူရတာပါ။ ပရမတ်ကို ရူရတာနော်။

ဟောက်ပြန်တတ်တဲ့သဘောဟာ 'ရုပ်'

ဒီတော့ ပရမတ်ဖြစ်တဲ့ရုပ်ဆိုတော့၊ ဘယ်လိုဟာလည်းဆိုလို့ ရှိရင် အခုလို ရိုးရိုးပကတိမျက်စိနဲ့ မြင်နေရတဲ့ဥစ္စာ ဆိုလို့ရှိရင် တစ်ခုခုတော့ ပညတ်တင်ပြီးပြီပေါ့။ (မှန်လှပါဘုရား)၊ ဒါကြောင့် အဲဒါကို မရူပါနဲ့တဲ့၊ ရုပ်နုကိုရူပါ၊ ဘာတဲ့၊ (ရုပ်နုကိုရူပါဘုရား)၊ ရုပ်နုကိုရူပါ၊ ချုပ်နုဆိုတာ ဘယ်လိုဟာတုံးဆိုရင် သမာဓိထူထောင်ကြည့်စမ်းပါ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သမာဓိလေး ထူထောင်လိုက်စမ်းပါ၊ စိတ်ကလေး ငြိမ်သွားပါလိမ့်မယ်၊ စိတ်ငြိမ်ရင် သမာဓိတည်ပါတယ်၊ သမာဓိတည်ရင် ဉာဏ်ဝင်လာတာပေါ့၊ အဲဒီဝင်လာတဲ့ဉာဏ်နဲ့ စောင့်ပြီးတော့ကြည့်ရင် ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းလဲနေတာလေးတွေ ဉာဏ်ထဲမှာ တွေ့နိုင်ပါလိမ့်

မယ်၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းလဲနေတာလေးတွေ ဉာဏ်အောက်မှာ တွေ့နိုင်ပါလိမ့်မယ်၊ အဲဒီ ရိပ်ရိပ် ရိပ်ရိပ်ပြောင်းလဲတာဟာ၊ ပြောင်းလဲတယ်ဆိုတာ၊ ဖောက်ပြန်တာမဟုတ်လား၊ (မှန်လှပါဘုရား)။

ဖောက်ပြန်တယ်ဆိုတာ ရုပ္ပတီတိရူပံ- ဖောက်ပြန်တတ်တဲ့ သဘောဟာ ရုပ်၊ ဖောက်ပြန်တတ်တဲ့ သဘောဟာ၊ (ရုပ်ပါဘုရား)၊ ရုပ်ပေါ့။ ယောဂီတို့လက်ထဲမှာ ရနေတဲ့ စာရွက်ထဲမှာကို ရှိုတယ်၊ ရူပက္ခန္ဓာ၊ ဖောက်ပြန်မှုသဘောတရားအစု၊ ဒီလိုဆိုထားတာ မဟုတ်လား၊ အဲစောစောတုန်းက ဉစ္စာက မြင်လွယ်၊ ထင်လွယ်အောင်လို့ ပြောခြင်းမျှသာ ဖြစ်တယ်၊ ဦးတိုးဥတ်တုတ်ကြီးတွေကလေ၊ (မှန်လှပါဘုရား)၊ အင်းဟုတ်တော့ဟုတ်ပါတယ်၊ အဲဒါကြီးတွေက ရုပ်ကြမ်းကြီးတွေပဲ။

သမာဓိထူထောင်ပြီး ဉာဏ်နဲ့ကြည့်ပါ

တကယ် ရူပြီဆိုတော့ ရုပ်ကြမ်းမရှုရဘူး၊ ဘာရှုရမယ်၊ (ရုပ်နဲ့ကို ရှုရပါမယ်ဘုရား)၊ ရုပ်နဲ့ကိုရှုရတာ၊ အဲဒီရုပ်နဲ့ကလည်း ဘယ်လိုဟာမျိုးလဲလို့ဆိုတော့ ဉာဏ်နဲ့တွေ့ရပါမယ်၊ ဟော ဉာဏ်အောက်မှာ ရိပ်ရိပ် ရိပ်ရိပ် ပြောင်းလဲတာလေးတွေ တွေ့မယ်နော်၊ အေး . . . အဲဒီ ရိပ်ရိပ် ရိပ်ရိပ် ပြောင်းလဲတာဟာ ဖောက်ပြန်တာပဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး ဖောက်ပြန်တယ်ဆိုတော့ ရုပ်ပေါ့။ ဖောက်ပြန်တဲ့သဘောဟာ၊ (ရုပ်ပါဘုရား)၊ ရုပ်ပေါ့။ အဲဒီဖောက်ပြန်တဲ့ သဘောကလေးကို ဉာဏ်နဲ့ကြည့်ပါ။ ဖောက်ပြန်တဲ့သဘောလေးကို ဉာဏ်နဲ့ကြည့်ပါ။ အဲဒီမှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာနဲ့ စာရွက်ထဲမှာ ရေးထားတဲ့အထဲ ရူပက္ခန္ဓာကို ဘယ်လို အဓိပ္ပာယ်ဖွင့်တုံး၊ (ဖောက်ပြန်မှု သဘောတရား အစု)၊ ဒီလိုသာ ပြောတာနော်၊ (မှန်လှပါ ဘုရား)၊ မိုးတိုးမတ်တတ် ခန္ဓာကိုယ်ကြီး ဟုတ်ရဲ့

လား၊ (မဟုတ်ပါဘူး)၊ မဟုတ်ဘူး၊ အဲဒီရှုကွင်း ရှုကွက်ရုပ်ကို ပြောနေတာ နော်၊ (မှန်လှပါဘုရား)၊ ရှုပက္ခန္ဓာ၊ ဖောက်ပြန်မှုသဘော တရားအစု၊ ဘာတဲ့၊ (ဖောက်ပြန်မှု သဘောတရားအစု) ဟုတ်တယ်၊ အဲဒါလေးတွေ၊ ဟော. . . ဉာဏ်နဲ့ကြည့်စမ်းပါ၊ သမာဓိထူထောင်ပြီး ဉာဏ်နဲ့ကြည့်မယ် ဆိုရင် ဖောက်ပြန်နေတဲ့ သဘောလေးတွေ ဉာဏ်အောက်မှာ တွေ့နိုင် ပါတယ်၊ (မှန်လှပါ ဘုရား)၊ အဲဒီလို ပြောင်းလဲ ဖောက်ပြန်ပြီးတော့နေတဲ့ ဥစ္စာလေးကို ဉာဏ်နဲ့မြင်အောင်ကြည့်ပါ ဆိုတော့၊ ဖောက်ပြန်နေတာ လေးက အကြည့်ခံပေါ့၊ (မှန်လှပါဘုရား)။

လျင်မြန်တဲ့ ဖောက်ပြန်ပြောင်းလဲမှု

အဲဒါကို မြင်နေတဲ့ဉာဏ်က ကြည့်ဉာဏ်၊ ဖောက်ပြန်နေတဲ့ သဘောကလေးက အကြည့်ခံ၊ မြင်နေတဲ့ဉာဏ်က ကြည့်ဉာဏ်၊ အကြည့် ခံနဲ့၊ (ကြည့်ဉာဏ်)၊ အကြည့်ခံနဲ့ ကြည့်ဉာဏ်၊ အကြည့်ခံတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာ)၊ ကြည့်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာ)၊ နာမည်ပေးရင် ပြောတာနော်၊ ဟိုကျတော့ တကယ့်လုပ်ငန်းခွင်ကျတော့ အဲသလို ပါးစပ် က ရွတ်မနေပါနဲ့၊ သြော် ဟုတ်ပြီဟ-တွေ့ပြီကွ၊ သြော် ဟုတ်သားပဲ ကြည့်စမ်း ဟုတ်တယ်၊ ဟုတ်တယ်၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့၊ **ရွရွ ရွရွ**နဲ့. ပြောင်းလဲ ဖောက်ပြန်နေလိုက်တာ မြန်လှပါလား၊ အဲဒါကို နောက်ကနေ ဉာဏ်နဲ့ လိုက်တာတောင် မမှီနိုင်အောင်ပေါ့၊ (မှန်လှပါ ဘုရား)၊ အင်း ဒီမှာနှစ်ခု တွေ့နေပြီ၊ အရှုခံနဲ့ ရှုဉာဏ်၊ အရှုခံနဲ့ ရှုဉာဏ်၊ အရှုခံလေးတွေလည်း ကိုယ့်ဉာဏ်အောက်မှာပဲ တွေ့နေတယ်၊ ရှုတဲ့ဉာဏ်တွေကလည်း နောက်ကလိုက်ပြီးတော့ သိနေတယ်၊ ဘယ်နှခုတုံး၊ နှစ်ခု၊ ဒါပဲရှိတယ်၊ အရှုခံနဲ့ ရှုဉာဏ်၊ အရှုခံတရားလေး တွေကလည်း မတည်ငြိမ်ဘူး၊

ပြောင်းလဲ ဖောက်ပြန်နေမှာပေါ့။ (မှန်လှပါ ဘုရား)။ ရှူနေတဲ့ဉာဏ်တွေ ကလည်း နောက်ကလိုက်သိနေမယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။ အရှူခံနဲ့ရှူဉာဏ်၊ အရှူခံတရားတွေက အဖြစ်အပျက်၊ ရှူတဲ့ ဉာဏ်က မဂ်၊ ဒီလိုနေမှာပေါ့။

ရှူဉာဏ်နဲ့ရောက်ကလိုက် သိသိရေတာပါ

အရှူခံတရားတွေက အဖြစ်အပျက်၊ ရှူတဲ့ဉာဏ်ကမဂ်၊ ဖြစ်ပျက်နေတာတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)။ မြင်နေတဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)။ အဲဒီလိုမြင်ပြီးတော့နေတဲ့ အချိန်မှာ ဒီပုဂ္ဂိုလ်သန္တာန် မြင်တဲ့ဉာဏ်တွေက ဟဒယဝတ္ထုအပေါ်မှာ အမှီပြုမြင်မှာ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဟာ အဲသလိုဖြစ်တာ၊ အဲလိုဆိုလို့ရှိရင် ဟဒယဝတ္ထုပေါ်မှာ မြင်တဲ့ဉာဏ်ကလေးတွေက ပေါ်ပြီးတော့၊ ဖြစ်ပျက်နေတာလေးတွေကို မြင်၊ ဖြစ်ပျက်နေတာလေးတွေကို မဂ်နဲ့မြင်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဒီလိုမြင်နေမယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲဒီအချိန်အခါမျိုးမှာ၊ ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာဝင်လို့ ရမလား၊ (မရပါဘူး ဘုရား)။ မရဘူး၊ ဘာပြုလို့တုံးဆိုတော့ လောဘတဏှာ ဆိုတာက နာမ်တရားမဟုတ်လား၊ (မှန်လှပါဘုရား)။ မြင်တဲ့ဉာဏ်ကလည်း နာမ်တရား၊ မြင်တဲ့ဉာဏ်က ဘယ်ပေါ်မှာဖြစ်တယ်၊ ဟဒယဝတ္ထု ပေါ်မှာ၊ လောဘ လိုချင်တာလေးတွေ လာရင်ကော ဘယ်ပေါ်မှာ လာမယ်၊ ဟဒယဝတ္ထုပေါ်မှာ လာမယ်ဆိုတော့၊ နာမ်တရားဟာ တစ်ချိန်တည်း နှစ်ခုပြိုင်ဖြစ်ရိုး ရှိသလား၊ (မရှိပါဘူးဘုရား)။ မရှိဘူး၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ အလုပ်လုပ်နေတဲ့အချိန်မှာ ဟဒယဝတ္ထု ပေါ်မှာ ဘယ်သူ ရောက်နေတုံး၊ (ဉာဏ်ရောက်နေပါတယ် ဘုရား)။ ဉာဏ်ရောက်နေတယ်၊

မဂ်ရောက်နေတယ်၊ လောဘတဏှာလာရင်လည်း ဟဒယဝတ္ထုပေါ်မှာ လာမှာမဟုတ်လား၊ (မှန်လှပါဘုရား)။

ဟဒယဝတ္ထုပေါ်မှာ နာမ်တရား၄မျိုး ပြိုင်မပေါ်နိုင်

လောဘလေးလာမယ်လုပ်တော့၊ သူလာမယ့်နေရာ ဘယ်သူဝင်ဦးနေတုံး၊ မဂ်ဝင်ဦးနေတယ်ဆိုတော့၊ ဒီလိုနှစ်ခုပူးကြီးလည်း လောဘကလာလို့ရမလား၊ (မရပါဘူးဘုရား)၊ မရဘူး၊ အဲဒီလို ဖြစ်နေတာ၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် တစ်ချိန်လုံး လုပ်နေတာပေါ့။ (မှန်လှပါ ဘုရား)။

ဒီတော့ လောဘတဏှာ ဒီပုဂ္ဂိုလ်သန္တာန် ကိန်းအောင်းနေလို့ရမလား၊ (မရပါဘူးဘုရား)၊ လောဘမှ ကိန်းအောင်းလို့မရရင် သူ့ကြောင့် ဖြစ်ရမယ့် ဥပါဒါန်ကော ဖြစ်နိုင်ပါဦးမလား၊ (မဖြစ်ပါဘူး ဘုရား)၊ အင်း. . . ဥပါဒါန်လည်း မဖြစ်နိုင်တော့ဘူး၊ ဥပါဒါန် မဖြစ်နိုင်တော့ရင် သူ့ကြောင့်ဖြစ်မယ့် ကမ္မဘဝကော ဖြစ်ဦးမလား၊ (မဖြစ်ပါဘူး ဘုရား)၊ အဲလိုဆိုရင် တဏှာရော၊ ဥပါဒါန်ရော၊ ကမ္မဘဝရော၊ ဒီပုဂ္ဂိုလ်သန္တာန်ပေါ်သေးလား၊ (မပေါ်ပါဘူး ဘုရား)၊ ဟုတ်တယ်၊ သူတို့မှမပေါ်ရင် သူတို့ကြောင့်ဖြစ်ရမယ့် နံပါတ်(၄)အကွက်က အကျိုးတရားတွေ၊ ဒုက္ခသစ္စာတွေကော ပေါ်ဦးမလား၊ (မပေါ်ပါဘူး ဘုရား)၊ ကြည့်စမ်း၊ တစ်တန်းလုံး၊ အကုန်လုံး ရုပ်သိမ်းကုန်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲသလို ရုပ်သိမ်းကုန်အောင် လုပ်ပုံလုပ်နည်းကတော့၊ အခုလို့ရှုနေခြင်းပဲ၊ (မှန်လှပါဘုရား)၊ ဘုန်းကြီးတို့တစ်တွေက အဲသလို မရှုတတ်တဲ့အတွက်၊ ဟော တဏှာတို့ ဥပါဒါန်တို့၊ ကမ္မဘဝတို့ထိအောင် တန်းတန်းကုန်တယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒီတင်ရပ်တာပဲ။

အကြောင်းကြောင့် အကျိုးဖြစ်

ဟို နံပါတ(၄)အကွက်ကတော့ နောင်သေပြီးမှ၊ ဟိုဘက် အနာဂတ်ဘဝမှာ ဖြစ်မှာဆိုတော့၊ သူတို့မလာသေးပါဘူး၊ (မှန်လှပါဘုရား)။ အခု ရောက်ရောက်သွားတာကတော့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ထိအောင် တန်းတန်းသွားတာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဒီရောက်ရင် ရပ်ပြီ၊ ဟော ပြတ်တော့ပြတ်တာပဲနော်၊ ချုပ်တော့ချုပ်တာပါပဲ၊ ချုပ်ပေမယ့်လို့၊ သတ္တိလေးတွေချန်ချန် ချုပ်တယ်လို့ ပြောတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲသလိုဖြစ်တယ်၊ အခုတန်းတာဟာ ၂-အကွက်က နေပြီးတော့ (၃)အကွက် တန်းတာပေါ့။ (မှန်ပါဘုရား)။ ဒီမှာ အကွက် (၄)ကွက်လုံး ထည့်ထားတဲ့ ဥစ္စာကတော့ဖြင့် ၂-အကွက်ကြီး ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းရင်းဟာ၊ ၁-အကွက်ထဲက အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်ပေါ်လာရတာလို့ သိရအောင်လို့၊ ၁-အကွက်ကြီး ထည့်ထားတာ၊ (မှန်လှပါ ဘုရား)။ ဟိုနံပါတ်(၄) အကွက်ကြီးကလည်းပဲ သေပြီးတော့ ဟောဒီဘဝ ပစ္စုပ္ပန်ဘဝမှာ တရားနဲ့သာ မသိမ်းနိုင်လို့ကတော့၊ သေပြီးရင် နံပါတ်-၄ အကွက်ထဲက ဇာတိ၊ ဇရာ၊ မရဏာ နောက်ထပ် ဘဝတွေ ရဦးမယ်ဆိုတာ သိရအောင်လို့ ထည့်ထားတာနော်၊ (မှန်လှပါ ဘုရား)။ တကယ်တော့ မလာသေးဘူး၊ မလိုသေးဘူးပေါ့နော်၊ (မှန်လှပါ ဘုရား)။ ၁-အကွက်ကလည်း ပြီးခဲ့ပြီဆိုတော့ သူကလည်း မလိုတော့ဘူး၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကို ဟော. . . ခါးလယ်ကနေချိုးပြီးတော့ ဟိုဘက် ခေါက်ချလိုက်ရမယ်၊ အဲလိုဆိုရင် ၁-အကွက်တို့၊ ၄-အကွက်တို့ ရှိသေးလား၊ (မရှိပါဘူး ဘုရား)။ ရှိတာက ဘာနဲ့ဘာ၊ ၂-အကွက်နဲ့၊ ၃-အကွက်၊ ဘာတဲ့ (၂-အကွက်နဲ့ ၃-အကွက်ပါ ဘုရား)။

သဋ္ဌာယတန ခြောက်ဌာန

၂-အကွက်ထဲမှာ သဋ္ဌာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အားလုံး ၂-အကွက်ထဲမယ်၊ ခန္ဓာကငါးပါး မဟုတ်လား၊ (မှန်လှပါဘုရား)၊ အခု ဘုန်းကြီးတို့ဒကာ ဒကာမတွေ ငုတ်တုတ်ထိုင်နေတာ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ဘယ်သူတွေပါလိမ့်မယ် (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သခ်ါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ)၊ အေး ဒီခန္ဓာငါးပါးထဲမှာ အရေးကြီးတဲ့ ခြောက်ဌာနပါတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘယ်သူတွေပါလိမ့်၊ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)၊ အဲဒီ သားကောင်ခြောက်ကောင်ကို မထိန်းနိုင်လို့၊ ဘုန်းကြီးတို့တစ်တွေ ဒုက္ခရောက်ရောက်နေတာ မဟုတ်လား၊ (မှန်လှပါဘုရား)။

မျက်စိမြင်တာလေးနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝက လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ နား ကြားတာလေးနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ နှာခေါင်း နံတာ၊ မွှေးတာလေးနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ ခန္ဓာကိုယ်တွေ့ထိမှုနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ မနောကြံတွေးမှုနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ အားထုတ်တယ်ဆိုတဲ့ ကမ္မဘဝထိအောင် ရောက်တယ်ဆိုရင် ကံမြောက်တော့တာပေါ့၊ (မှန်လှပါဘုရား)။

တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ အမြစ်တွေထွက်

အဲဒီထိအောင် တန်းတန်းသွားတာ၊ အဲဒီလိုတန်းတန်း သွားတယ်

ဆိုရင် ပပဉ္စတရားတွေ၊ သံသရာချဲ့တတ်တဲ့တရားတွေ ပေါ်တော့တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး ပေါ်လို့ပေါ်မှန်းလည်း မသိတော့ ကြည့်ပါဦး တစ်နေ့ အကြိမ်ပေါင်းများစွာ ပေါ်တာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟို. . . သံသရာချဲ့တတ်တဲ့တရားတွေ ရင်ထဲနှလုံးထဲ လှောင်ပြီး သေလို့ကတော့၊ ကံတရားတွေ လှောင်သေတဲ့အတွက် ကမ္မဘဝပစ္စယာ ဇာတိ၊ နောက်ထပ်ဘဝတွေရတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟိုတုန်းကတော့ ပတ်တာမှန်းမသိဘူး၊ ဘယ်သူက ပတ်ပတ်ပေးတယ်လို့ မသိဘူး၊ အခုလို ဘုရားကိုယ်တော်မြတ်ကြီး ဟောတော့မှ၊ သြော်. . . ဒီသဘောတွေ ဒီအကြောင်းတွေက ပတ်ပတ် ပေးနေတာကိုး၊ ဒီတော့ ပတ်ပေးတဲ့ အကြောင်းတရားတွေ မပေါ်အောင် လုပ်ရမှာပေါ့။ (မှန်ပါဘုရား)။ ကဏ္ဍာ၊ ဥပါဒါန်၊ ကမ္မဘဝ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတဲ့ ဥစ္စာတွေ မပေါ်အောင်လုပ်မှ၊ ရှေဆက် ဘဝသံသရာကြီး မပတ်မှာပေါ့။ (မှန်ပါ ဘုရား)။ အေး အဲဒါကို ဘုရားကိုယ်တော်မြတ်ကြီးက ဟောပါတယ်။

အဝိဇ္ဇာဦးစီးပြီး သင်္ခါရ ထင်ရာလုပ်ခဲ့လို့

ဆက်ဆက် မပတ်အောင်ကတော့ဖြင့် ဟော ၂-အကွက်ထဲက ခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ အဖြစ်အပျက်မြင်အောင် ရှုရမှာ၊ (မှန်ပါဘုရား)၊ ၂-အကွက်ထဲ ခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ ဖြစ်ပျက်မြင်အောင်ရှုရမှာ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ သုတ္တန်စကားလုံးနဲ့ ပြောတာမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အဘိဓမ္မာ စကားလုံးနဲ့ပြောရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အဲဒီငါးပါး တစ်ပါးပါးအပေါ်မှာ အဖြစ်အပျက်

မြင်အောင်သာ ရှုပြီးတော့နေလို့ရှိရင် ဒီပုဂ္ဂိုလ်သန္တာန် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်တွေ လာပါဦးမလား။ (မလာပါဘူးဘုရား)။ အဲဒါ ဘုရားကိုယ်တော်မြတ်ကြီးက ပြောတယ်၊ ဒီလိုသာ လုပ်နိုင်လို့ရှိရင် ရှေ့ဆက် သံသရာမပတ်ဘူး၊ သံသရာမပတ်ဘူးပေါ့။ (မှန်ပါဘုရား)။ မပတ်ဘူး။

အခု မင်းတို့တစ်တွေက အဲလို မရှုတဲ့အတွက် ဘဝသံသရာကြီး ပတ်ပတ်ပြီးတော့ လာခဲ့ရတယ်မဟုတ်လား။ (မှန်လှပါဘုရား)။ အင်း . . . တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတာ အမြစ်တွေထွက်တာ မဟုတ်လား။ (မှန်လှပါဘုရား)။ စောစောတုန်းက ပြောခဲ့ပါရောလား။ ၂-အကွက်ကြီး ခန္ဓာငါးပါးကြီးက အပင်ပေါက်တာ မဟုတ်လား။ (မှန်လှပါ ဘုရား)။ အပင် ပေါက်ဖို့ရာအတွက်လည်း ရှေ့ဘက်က ၁-အကွက်ထဲက အဝိဇ္ဇာဦးစီး ပြီးတော့ ထင်ရာလုပ်တယ်ဆိုတဲ့ သခ်ၤါရတွေလုပ်ခဲ့တာဆို၊ (မှန်လှပါ ဘုရား)။ မသိမှုကြောင့် ဘာတွေလုပ်ခဲ့၊ (ထင်ရာလုပ်ခဲ့ပါတယ် ဘုရား)။ ထင်ရာ လုပ်ခဲ့တယ်။

ထင်ရာလုပ်လို့ ခန္ဓာငါးပါး အပင်ကြီးပေါက်

အဲသလို ထင်ရာလုပ်လို့၊ နံပါတ် ၂-အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါး၊ ဒုက္ခသစ္စာတရား အပင်ကြီးပေါက်လာခဲ့တာ၊ (မှန်လှပါဘုရား)။ အဲဒီ အပင်ကြီးတင်ရပ်နေ ရင်တော့ ကောင်းတာပေါ့။ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝအမြစ်တွေ ထွက်တော့ အဲဒီအမြစ်တွေကြောင့်ပဲ ဟိုဘက်မှာ ၄-အကွက် ဇာတိ၊ ဇရာ၊ မရဏာ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ ဥစ္စာတွေဆက်ပြီးတော့၊ အပင်ပေါက်၊ ချာလည်ဒုက္ခရောက်တယ်

မဟုတ်လား၊ (မှန်လှပါဘုရား)၊ ပြောခဲ့ပါရောလား၊ **မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ချာလည်ဒုက္ခရောက်** လာခဲ့ရတယ်လို့ ပြောပါတယ်၊ တစ်ခေါက်ပြန်ဆိုပါဦး၊ "မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ချာလည် ဒုက္ခရောက်" လို့၊ ဘဝသံသရာကြီးထဲ လည်ခဲ့ရတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အဲသလို လည်ခဲ့ရတာ၊ အဲဒီ အမြစ်တွေ မတားနိုင်လို့မို့လို့ အမြစ်တွေ ပေါက်ပေါက်ပြီးနေတော့၊ ဟိုဘက် ထပ်ထပ် အပင်တွေ ထပ်ထပ်ဖြစ်တယ် မဟုတ်လား၊ (မှန်လှပါဘုရား)။

ဖြစ်ပျက် မြင်အောင်ရှုပါ

အေး . . . အဲဒီအမြစ်တွေ ရှေ့ဆက်မသန်အောင်၊ မရှင်အောင် ဆိုလို့ရှိရင်၊ ဟောဒီ ၂-အကွက်ထဲက ခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ ဖြစ်ပျက်တွေ မြင်အောင်ရှုရမယ်လို့ ဆိုတယ်မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်ပြီ၊ ဒါပဲ၊ ဒါပဲ၊ ဒါအရေးကြီးတဲ့အချက်ပဲ၊ ဘုန်းကြီးတို့ ဒီလိုတွေ နားမလည်ခဲ့တဲ့အတွက် ဘဝသံသရာထဲ လည်ခဲ့ရတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟိုတုန်းကတော့ မသိလို့ လည်ခဲ့ရတာ ရှိပါစေတော့၊ အခု ဒီအချိန်ကစပြီး သိပြီမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘုရား ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ လိုရင်းအဓိပ္ပာယ်ကို၊ မိုးကုတ် ဆရာတော်ဘုရားကြီးက ဘုန်းကြီးတို့တစ်တွေ၊ ဒကာဒကာမတို့တစ်တွေ နားလည်အောင် အရပ်သုံးစကားလုံးနဲ့၊ ရှင်းပြတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါပေါ့။ ရှင်းပြတော့ ၂-အကွက်ကနေပြီးတော့ ၃-ကွက် မတန်းအောင် လုပ်ပုံလုပ်နည်း မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဒါပဲ၊

စာလိုပြောရင်တော့-

စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ၊
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏ္ဍာ၊ တဏ္ဍာ ပစ္စယာ ဥပါဒါနံ၊
ဥပဒါန ပစ္စယာ ကမ္မဘဝေါ၊

ဘယ် ဒီလိုတွေလျှောက်ရွတ်နေ ဘယ်နားလည်လိမ့်မလဲ၊ လည်ရဲ့လား၊ (မလည်ပါဘူး ဘုရား)၊ ဘယ်လည်လိမ့်မလဲ၊ အခု ဟိုက အရပ်သုံးစကားလုံးနဲ့ ပြောတော့ သဘောပေါက်တယ်၊ မနေ့တုန်းကပဲ ပြောပေါ့လား။

သံသရာလည်စေခြင်း အကြောင်းများ

မျက်စိနဲ့ အဆင်းနဲ့ဆုံတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဈေးထဲသွားတယ်၊ ပိုက်ဆံအိတ်ကလေး ကိုင်ပြီးတော့ ဟိုက အထည်တန်းသွားတော့၊ မျက်စိနဲ့ ဟိုကချိတ်ထားတဲ့ အထည် အဆင်ဆန်းလေးနဲ့ ဆုံလိုက်တာနဲ့ ဘာစိတ်ပေါ်၊ (မြင်စိတ်ပေါ်ပါတယ် ဘုရား)၊ အဲသလို ဆိုတော့ မြင်စိတ်ကလေးဆိုရင်ပဲ သုံးခုဖြစ်လာတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ သုံးခုဖြစ်လာတာလေး နာမည်ပေးလို့ရှိရင်၊ (ဖဿပါ ဘုရား)၊ 'ဖဿ'ပေါ့၊ လှိုက်ခနဲ ရင်ထဲဖြစ်သွားတာက၊ (ဝေဒနာပါဘုရား)၊ လိုလိုက်ချင်ပါဘိ၊ (တဏ္ဍာပါဘုရား)၊ ဝယ်ကိုဝယ်မှ ဖြစ်မယ်၊ (ဥပါဒါန်ပါ ဘုရား)၊ ဟို. . . ရှေ့တစ်လှမ်းခြင်း၊ တစ်လှမ်းခြင်း လှမ်းသွားတော့၊ (ကမ္မဘဝပါ ဘုရား)၊ အင်း တစ်ကိုက်ဘယ်လောက်လဲ ဆိုတော့ကော၊ (ကမ္မဘဝပါ ဘုရား)၊ ကမ္မဘဝပါပဲ၊ အဲလိုလေးတွေဟာ တန်းတာပဲ မဟုတ်လား၊ (မှန်လှပါဘုရား)။

အမယ် လိုချင်တာတို့၊ အလွန်အလွန် လိုချင်တာတို့၊ အဲသလို လေးတွေ ရှေ့ဆက်ကြိုးစားတာတို့ဆိုတာ၊ တကယ်တော့ သူတို့တစ်တွေဟာ အကြောင်းတရားတွေ ဖြစ်ကုန်တာမဟုတ်လား၊ (မှန်ပါဘုရား)။ ကောင်းတဲ့အကြောင်းလား၊ မကောင်းတဲ့အကြောင်းလား၊ (မကောင်းတဲ့အကြောင်းပါ ဘုရား)။ မကောင်းတဲ့အကြောင်းပါ၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်။ ကောင်းတဲ့အကြောင်းလား၊ မကောင်းတဲ့အကြောင်းလား၊ (မကောင်းတဲ့အကြောင်းပါ ဘုရား)။ အဲဒါကြောင့် ဘာသစ္စာ၊ (သမုဒယသစ္စာပါ ဘုရား)။ တကယ်တော့ ကိုယ့်ရင်ထဲ၊ နှလုံးထဲသမုဒယသစ္စာတွေ ပေါက်ပွားလာကုန်တာ မဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒါပေါက်ပွားလို့ ပေါက်ပွားမှန်းလည်း မသိတော့ ကြောက်ရမှန်း မသိဘူး ဖြစ်နေတာမဟုတ်လား၊ (မှန်လှပါဘုရား)။ အမယ် သံသရာလည် စေခြင်းရဲ့အကြောင်းတွေပဲ၊ (မှန်ပါ ဘုရား)။

ခန္ဓာငါးပါးတစ်ပါးပါးအပေါ် ဖြစ်ပျက်ရှုပါ

အေး အဲဒါတွေ မလည်အောင် အခုလုပ်တတ်ပြီ မဟုတ်လား၊ (မှန်လှပါဘုရား)။ ၂-အကွက်ထဲက တစ်ခုခုအပေါ်မှာ၊ ဘာမြင်အောင်ရှုရမယ်၊ အဖြစ်အပျက်မြင်အောင် ရှုရမယ်၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)။ အဲဒီလိုသာ ဖြစ်ပျက်မြင်နေတဲ့အခိုက်၊ ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာလာဦးမလား၊ (မလာပါဘူးဘုရား)။ အင်း မြင်တာလေးနဲ့ ပတ်သက်ပြီး လိုချင်တယ်ရှိဦးမလား၊ (မရှိပါဘူးဘုရား)။ ကြားတာလေးနဲ့ ပတ်သက်ပြီးတော့ကော (မရှိပါဘူး)။ နံတာမွှေးတာလေးနဲ့ ပတ်သက်ပြီး တော့လည်း လိုချင်မှု မရှိတော့ဘူး၊ စားချင်စိတ်ကလေးတွေကော မရှိတော့ပါဘူး၊ ခန္ဓာကိုယ်တွေ့ထိမှုနဲ့ ပတ်သက်ပြီးတော့လည်း လိုချင်မှု

မရှိတော့ပါဘူး၊ မနောကြဲတွေးမှုနဲ့ ပတ်သက်ပြီးတော့လည်း လိုချင်မှု၊ (မရှိတော့ပါဘူး)။

ဩော် . . . ဟိုတုန်းကဆိုရင်တော့ သားကောင်ခြောက်ကောင် အထိန်းရခက်တယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ ဟင် အခုတော့လည်းပဲ၊ သူ့နည်းနဲ့သူ ဆိုပြန်တော့လည်း၊ ဒီသားကောင် ထိန်းလို့ရသားပဲ၊ (မှန်ပါဘုရား)၊ သားကောင်ခြောက်ကောင်ကို ကြိုးခြောက်ချောင်းနဲ့ စုထုံးထား တယ်လို့ ပြောတယ်မဟုတ်လား၊ (မှန်လှပါဘုရား)၊ ထုံးပြီးတော့၊ ငုတ်တစ်ခုရိုက်၊ အဲဒီငုတ်တိုင်မှာ ကြိုးအထုံးကို စွပ်တယ်လို့ ဒီလိုပြောတယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ အင်း တန်ဆာဆင်ပြောတာပဲ၊ အဲဒီငုတ်ကလည်း သတိပဋ္ဌာန်ငုတ်လို့ ပြောတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ အဲဒီ သတိပဋ္ဌာန်လေးပါးထဲက၊ အခု တစ်ငုတ်ကိုပဲ ပြောနေတာပါ။

ဉာဏ်နဲ့ကြည့်တာ ဝိပဿနာ

ရုပ် ရှုပုံရှုနည်းပြောတာ မဟုတ်လား၊ အေး ရုပ်ရှုတယ်ဆိုတော့ ပြန်ပြီးတော့ တစ်ခေါက်ပြောပါဦးမယ်၊ အခုလိုမြင်နေရတဲ့ ငုတ်တုတ် ရုပ်ကြီးကို ရှုရမှာလား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ ဒါက မျက်စိနဲ့ မြင်တာပဲ၊ ဝိပဿနာ ရှုတယ်ဆိုတာ မျက်စိနဲ့ ရှုရတာမှ မဟုတ်ဘဲ၊ ဘာနဲ့ ရှုရမှာ၊ (ဉာဏ်နဲ့သာ ရှုရမှာပါဘုရား)၊ ဉာဏ်နဲ့သာရှုရတာပါ။ ဟုတ်တယ် နော်၊ (မှန်ပါဘုရား)၊ အင်း မျက်စိနဲ့ကြည့်တဲ့ဥစ္စာက 'သမထ'၊ တည်ငြိမ် နေတာတွေကို မြင်အောင်ကြည့်တာက 'သမထ' မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အခု ရုပ်ရှုတယ်ဆိုတော့ ဟင် . . . အဲဒါကျတော့ မျက်စိနဲ့

ကြည့်တာ မဟုတ်ဘူး၊ ဝိပဿနာဆိုတာ ဘာနဲ့ကြည့်၊ (ဉာဏ်နဲ့ ကြည့်ရတာပါဘုရား)၊ ဉာဏ်နဲ့ကြည့်ရတာပဲ၊ နောက်တစ်နည်းက 'သမထ'ဆိုတာ တည်ငြိမ်နေတာကို မြင်အောင် ကြည့်ရတာမဟုတ်လား၊ (မှန်လှပါဘုရား)။ အဲ. . . ဝိပဿနာကျတော့ မတည်ငြိမ်တာတွေကို မြင်အောင်ရှုရတာ၊ ဘာတဲ့ (မတည်မငြိမ်တာတွေကို မြင်အောင်ရှုရတာပါ ဘုရား)။ ကိုယ့်ခန္ဓာ၊ ကိုယ့်သန္တာန်ရှိနေတဲ့ ရုပ်နဲ့နာမ်ကကော တည်ငြိမ်နေလို့လား၊ (မတည်ငြိမ်ပါဘူး ဘုရား)၊ သူ့သဘာဝကကို စက္ကန့်မလပ်တရစပ် မတည် မငြိမ်ဖြစ်နေတာ၊ (မှန်ပါဘုရား)။

အဲဒီ မတည်မငြိမ်ဖြစ်နေတာကို အမှန်အမှန်အတိုင်း မြင်အောင် ဉာဏ်နဲ့ကြည့်တာ၊ အဲဒါက ဘာတုံး၊ (ဝိပဿနာ)၊ ဉာဏ်နဲ့ကြည့်တာ ဝိပဿနာ၊ သမထကျတော့ အဲလို မဟုတ်ဘူးလေ၊ ရိုးရိုးပကတိ မျက်စိနဲ့ မီးကသိုဏ်း၊ ရေကသိုဏ်း၊ နေကသိုဏ်း ဆိုတဲ့ဥစ္စာ၊ တည်ငြိမ်နေတာကို စိုက်ကြည့်ရတာ မဟုတ်လား၊ (မှန်ပါဘုရား)၊ သူကတော့ တည်ငြိမ်နေတာကို ကြည့်တာဟာ ဘာတုံး၊ 'သမထ'၊ ဟော. . . မတည်မငြိမ်တာတွေကို မြင်အောင်ကြည့်တာက 'ဝိပဿနာ'၊ ဟို'သမထ'က မျက်စိနဲ့ ကြည့်တာမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဒီဝိပဿနာကျတော့ ဘာနဲ့ကြည့်၊ (ဉာဏ်နဲ့ကြည့်တာပါ ဘုရား)၊ ဩော်. . . ဒီလိုကွာတယ် မဟုတ်လား၊ ဟုတ်ပြီ၊ အခု ဉာဏ်နဲ့ကြည့်ပြီ။

မတည်ငြိမ်တာတွေကို ဉာဏ်နဲ့ ကြည့်ပါ

ရုပ်ကလေးဆိုပါတော့၊ ဉာဏ်ထဲမှာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းလဲနေတဲ့ ရုပ်ကလေးတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒါ ကလေးတွေ ကြည့်နေတယ်၊ ဟော မြင်ပြီးတော့လည်းနေတယ်၊ ရိပ်ရိပ် ရိပ်ရိပ်နဲ့.

ပြောင်းလဲတာလေးတွေက အရှုခံမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ မြင်နေတဲ့ဉာဏ်က ရှုဉာဏ်၊ အရှုခံနဲ့ရှုဉာဏ်၊ အရှုခံနဲ့ရှုဉာဏ်၊ အဲသလိုသာ မြင်နေတဲ့အခိုက်၊ ရှုဉာဏ်ကလေးက ဟဒယဝတ္ထုအပေါ်မှာ ရောက် နေတာ၊ (မှန်လှပါဘုရား)၊ ဒီတော့ အဲဒီ ဟဒယဝတ္ထုအပေါ်မှာ လောဘ တဏှာ လာလို့ရမလား၊ (မရပါဘူးဘုရား)၊ လောဘတဏှာဆိုတာ စက်ဝိုင်းနဲ့ပြောရင် တတိယအကွက် အစမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ တဏှာမှမလာပဲနဲ့၊ သူ့ကြောင့်ဖြစ်ရမယ့် ဥပါဒါန်ကော ဖြစ်ဦးမလား၊ (မဖြစ်ပါဘူး ဘုရား)၊ ဒီလိုဆိုရင် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဘာတဲ့၊ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား)၊ အဲဒီရှုတဲ့အခိုက် ဒီပုဂ္ဂိုလ်သန္တာန် အဲဒါတွေမလာဘူး၊ (မှန်လှပါဘုရား)၊ အဲဒါတွေမလာဘူးဆိုရင် သမုဒယသစ္စာ မလာဘူးပေါ့။ (မှန်လှပါ ဘုရား)၊ အေး သူတို့တစ်တွေပေါ့။ ဒုက္ခပေးတာ၊ ဒုက္ခပေးတတ်တဲ့တရားတွေ ကိုယ့်ရင်ထဲ နှလုံးထဲမလာ ဘူးပေါ့၊ (မှန်လှပါဘုရား)၊ အဲသလိုမလာအောင် လုပ်နေတာပဲ။

ရှုပုံ ရှုရည်းရဂုံပဲ ရှိသေးတယ်

အခုနည်းပေးနေတာ နည်းရပြီဆိုရင် အဲဒါတွေ.ပြီဆိုတာနဲ့ တစ်ပြိုင်နက် တစ်ချိန်လုံးကြည့်နေမယ် မဟုတ်ဘူးလား၊ ခုတော့ တစ်နာရီကြည့် တစ်နာရီလုံးတောင် မြင်တာမဟုတ်ဘူးနော်၊ (မှန်လှပါ ဘုရား)၊ ဟို တစ်ကွက် နှစ်ကွက်မြင် နောက် ပျောက်သွား၊ ဩော် . . . အစအနလေးတွေတွေ့ပြီ၊ နည်းရရုံပဲ ရှိသေးတာပေါ့နော်၊ (မှန်ပါဘုရား)၊ နောက်တော့ ဒါသိပြီဆိုလို့ရှိရင် အချိန်ယူပြီးတော့ အများကြီးသာ ကြည့်ပစ်လိုက်စမ်းပါ၊ ရသမျှအချိန်တိုင်း ကြည့်တော့လည်းပဲ၊ တကယ် တွေ့.လာတော့လည်းပဲ၊ ကြည့်လို့မဝနိုင်အောင် ဖြစ်ပါလို့မ်မယ်၊ ဩော်

ဒီလိုကိုး၊ တို့သန္တာန်ဖြစ်နေတာ မတည်မငြိမ်တဲ့သဘောတွေ ဖြစ်နေတာ ပါလား၊ မတည်ငြိမ်တဲ့သဘောတွေ ဖြစ်နေတာပါလားဆိုတာ ဉာဏ်နဲ့ တွေ့.လာမှာပေါ့။ (မှန်လှပါဘုရား)။ အဲဒီတွေ့.တဲ့အချိန်မှာ မျက်စိလည်း ထိန်းနိုင်တယ်၊ နားလည်းထိန်းနိုင်တယ်၊ နှာခေါင်းလည်း ထိန်းနိုင်တယ်၊ လျှာလည်း ထိန်းနိုင်တယ်၊ ကိုယ်လည်းထိန်းနိုင်တယ်၊ စိတ်လည်းထိန်း နိုင်တယ်၊ ဒီလိုဆိုရင် သားကောင်ခြောက်ကောင်ကို ထိန်းနိုင်တာပေါ့။ (မှန်လှပါဘုရား)။ အေးဗျ၊ ဒါလောက်တင်မရပ်ပါနဲ့၊ ဒါက စောစောပိုင်း ထိန်းနိုင်ရုံပဲ ရှိသေးတယ်၊ ဒီလောက်နဲ့.တော့ မရပ်ပါနဲ့၊ ထပ်ကြည့်၊ ထပ်ကြည့်၊ ဆက်ပြီးတော့ကြည့်ပါ။ ကြည့်ပါ၊ ဟိုး ဉာဏ်ရဲ့အောက်မှာ ဘာတွေ တွေ့.မလဲ၊ (ဖြစ်တာပျက်တာပဲတွေ့.မှာပါ ဘုရား)။ ရှိတာကလည်း ဒါပဲရှိတာ မဟုတ်လား၊ (မှန်လှပါဘုရား)။

တစ်ခါလာလည်းဖြစ်တာ ပျက်တာ၊ တစ်ခါလာလည်း ဖြစ်တာ ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာပဲရှိတယ်၊ ဒီပြင်ကော ရှိလို့လား၊ (မရှိပါဘူး ဘုရား)။ မရှိပါဘူး၊ ဒီပြင်ဘာတွေ ညာတွေ အာရုံတွေ နိမိတ်တွေထင်လာရင် ဝိပဿနာမဟုတ်ဘူးနော်၊ (မှန်လှပါ ဘုရား)။ ကိုယ့်သမာဓိက ဖန်ဆင်းတာ၊ ဟိုအကြောင်းအရာတွေ၊ ဒီအကြောင်း အရာတွေ၊ ဘုံဗိမာန်တွေ၊ နန်းပြာသာဒ်တွေ မြင်တာ မဟုတ်သေးဘူး နော်၊ (မှန်လှပါဘုရား)။ အဲဒီအာရုံတွေ ဖျောက်ပစ်ပါ။ အဲဒါတွေက သမထ အာရုံ၊ သမထနိမိတ်တွေမျှသာ ဖြစ်တယ်၊ ဝိပဿနာ မဟုတ်ဘူးနော်၊ (မှန်လှပါဘုရား)။ ဝိပဿနာနဲ့မြင်ရမှာက ဖြစ်တာနဲ့ ပျက်တာ၊ ဖြစ်တာနဲ့ ပျက်တာ။

မုန်းလာလည်းဆက်ရှုပါ

ဒါပဲ ထပ်ပြန်တလဲလဲ ထပ်ပြန်တလဲလဲမြင်၊ ဒါပဲ၊ တစ်နေ့လာ

လည်း ဒီဖြစ်ပျက်၊ နောက်တစ်နေ့လာလည်း ဒီဖြစ်ပျက်၊ နောက်တစ်နေ့လာလည်း ဒီဖြစ်ပျက်နေမှာပဲ၊ (မှန်လှပါဘုရား)၊ အို ဖြစ်ပျက်တွေကလည်း ကုန်မကုန်နိုင်ဘူး၊ ဆုံးမဆုံးနိုင်ဘူး၊ မုန်းစရာကောင်းလိုက်တာ၊ ဒီအနေအထားမျိုး ဖြစ်လာမှာပေါ့၊ (မှန်လှပါဘုရား)၊ ဖြစ်ပျက်တွေကလည်း မကုန်နိုင်ဘူး၊ မုန်းစရာကောင်းလိုက်တာ၊ မုန်းစရာကောင်းလည်း ရှုသာရှုတဲ့၊ အမယ် ဒီအခြေအနေတွေဟာ အဆင့်အတန်း တက်လာတာ၊ အဆင့်အတန်းတက်လာလည်း ရှု. . . ရှု ထပ်ပြန်တလဲလဲ ရှု၊ ဒီတော့ မုန်းစရာကောင်းလိုက်တာ၊ အို ဒါတွေ လိုလည်းမလိုချင်တော့ပါဘူး၊ ဟိုတုန်းကတော့ မသိလို့၊ ဒီရုပ်ကိုလည်း မလိုချင်တော့ပါဘူး၊ ဟိုတုန်းကတော့ မသိလို့ ဒီရုပ် ဒီနာမ်တွေ လိုချင်လာခဲ့တာ၊ အခုကျတော့ ဒီလိုဖြစ်ပျက်နေတဲ့ ရုပ်နာမ်မျိုးဖြင့် မလိုချင်ပါဘူး၊ မလိုချင်လည်းရှုပါ၊ မလိုချင်လည်း ရှုပါ. . . ၊အဲသလိုနဲ့ တဖြည်းဖြည်းဉာဏ်ဟာ ရင့်ကျက် မြင့်တက်လာမယ်တဲ့။

ပရိပက္ကာ ကမေနေဝံ ပရိဘာဝိတ ဘာဝနာ၊
ပရိစ္စဇန္တိ သခ်ါရေ ပက္ခန္ဒတိ အ သခ််တေ။

ဧဝံ-ဤနည်းအားဖြင့်၊ ကမေန-အစဉ်အတိုင်း၊ ပရိဘာဝိတ ဘာဝနာ- ပွားများ အားထုတ်ထားအပ်တဲ့ ဝိပဿနာဘာဝနာ ဉာဏ်သည်၊ ပရိပက္ကာ-ရင့်ကျက်မြင့်တက်လာသည်၊ သ မာနာ-ဖြစ်လတ်သော်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ ရှုနေတဲ့ဉာဏ်ဟာ တဖြည်းဖြည်း ရင့်ကျက် မြင့်တက်လာမယ်နော်၊ (မှန်လှပါဘုရား)။

ဖြစ်ပျက်မရှိရာ အသခ််တနယ်ထဲသို့

ဒီအခါမှာ ပရိစ္စဇန္တိသခ်ါရေ- သခ်ါရတရားတွေကို တွန်းခွာ

ပစ်လိုက်တာ၊ သခ်ီရတရားဆိုတာ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် ဥစ္စာတွေပေါ့။ (မှန်လှပါဘုရား)၊ သခ်ီရေ- သခ်ီရတရားတို့ကို၊ သခ်ီရ-ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်ဆိုတဲ့ သခ်ီရတရားတို့ကို၊ ပရိစ္ဆေဒန်- တွန်းခွာလျက်၊ ဘယ်သူက၊ ဉာဏ်က၊ အသခ်ံတေ-ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်တွေမရှိရာ အသခ်ံတနယ်ထဲသို့၊ ပက္ခန္ဒတိ- ဉာဏ်ကထိုးစိုက် သက်ဝင်သွားတော့၏၊ စောစောတုန်းကတော့ ဒီဉာဏ်က ဖြစ်ပျက်တွေနဲ့ တည့်နေတာ၊ အခုအခါကျတော့ ဉာဏ်က ဖြစ်ပျက်မရှိတဲ့ဘက်ကို သက်ဝင်သွားတယ်၊ (မှန်လှပါဘုရား)၊ စောစောတုန်းက ဘာနဲ့တည့်နေတုံး၊ ဖြစ်ပျက်နဲ့တည့်နေတယ်၊ ဖြစ်ပျက်က ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)၊ တည့်နေတဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါ ဘုရား)၊ ဆိုတော့ အင်း လောကုတ်လား၊ လောကီလား၊ (လောကီပါ ဘုရား)၊ လောကီ. . . လောကီဆိုတော့ ရှစ်ပါးလား၊ ငါးပါးလား၊ (ငါးပါးပါဘုရား)၊ ငါးပါး၊ အခု ဉာဏ်အားကောင်းပြီးတော့ ဖျတ်ခနဲ အဖြစ်အပျက်မရှိတဲ့ နယ်ဘက်ကို သက်ဝင်သွားတယ်လို့ ဆိုတယ်၊ (မှန်လှပါဘုရား)၊ ဒီတော့ အဖြစ်အပျက် မရှိတာကျတော့ ဘာသစ္စာ၊ (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာ၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)၊ ဉာဏ်တွေက ငါးပါးမကဘူး၊ သီလမဂ္ဂင် သုံးပါးပါတိုးလာပြီး ရှစ်ပါးဖြစ်ပြီးတော့ အဖြစ်အပျက်မရှိတဲ့ နယ်ဘက်ကို သက်ဝင်သွားတာ၊ (မှန်လှပါဘုရား)။

လောကုတ္တရာမဂ္ဂင် ၅စ်ပါးဖြင့်

ဒီအခါကျတော့ လောကီလား၊ လောကုတ်လား၊ (လောကုတ်ပါဘုရား)၊ လောကုတ်ဆိုတော့ ငါးပါးလား၊ ရှစ်ပါးလား၊ (ရှစ်ပါးပါဘုရား)၊

အေး ရှစ်ပါးနဲ့ နိရောဓသစ္စာနဲ့ သွားတည့်တာပေါ့။ (မှန်လှပါဘုရား)။ အဲဒီ နိရောဓဆိုတာ နိဗ္ဗာန်ပဲမဟုတ်လား၊ (မှန်လှပါဘုရား)။ အဲဒီနိဗ္ဗာန်နဲ့ လောကုတ္တရာ မဂ်ဉာဏ်နဲ့ သွားတည့်လိုက်တာပေါ့။ ဒါဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပဲ၊ နိဗ္ဗာန်ကိုမဂ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုခြင်းပဲ၊ တစ်ကြိမ်ပြုလိုက်တယ်ဆိုရင် မဂ်ပြီးရင် ဖိုလ်မဟုတ်လား၊ (မှန်လှပါဘုရား)။ ဆက်လျက် ပစ္စဝေက္ခဏာဉာဏ်တွေနဲ့ ဆိုတော့ ပထမဦးဆုံး အဆင့်တစ်ဆင့် ပြီးသွားတာပေါ့။ ဒါပဲ လမ်းစဉ်က စောစောပိုင်းမှာ ဖြစ်ပျက်တွေ မြင်အောင်လုပ်၊ အလယ်ပိုင်းမှာ အဖြစ်အပျက်တွေ မုန်းအောင်လုပ်၊ နောက်ဆုံးဖျတ်ခနဲ အဖြစ်အပျက် ဆုံးသွားတာဘဝက်ကို ဉာဏ်က သက်ဝင်သွားတဲ့ထိအောင် လုပ်ရမှာတဲ့၊ (မှန်လှပါဘုရား)။ ဒီတော့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး ဒီအဆင့်ထိအောင် လုပ်ပါလို့၊ ဆရာတော်ဘုရားကြီးက တိုက်တွန်းထားပါတယ်၊ (မှန်လှပါဘုရား)။ ဒီနည်းနဲ့သာ ကြိုးစားလို့ရှိရင် သားကောင် ခြောက်ကောင်ကော မနှိုင်ဘူးလား၊ (နှိုင်ပါတယ် ဘုရား)။ နှိုင်တဲ့အပြင် ဘုန်းကြီးတို့လိုချင်တဲ့ အဆင့်လည်း မရပေဘူးလား၊ (ရပါတယ်ဘုရား)။

အားလုံး ကိုယ်စီကိုယ်ငလိုချင်တဲ့အဆင့်ကို ရကြသည့်တိုင် အောင် ကြိုးစားအားထုတ် နှိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့ အတွက် တော်ကြဦးစို့။

သာဓု... သာဓု... သာဓု

ဒါရုက္ခန္ဓောပမသုတ်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အ နာထာ'လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာ တရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီ မိန့်မှာတော်မူချက် အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ၊ ဒကာမတို့ကို တဖွဖွနဲ့ မမေ့ဖို့ သတိပေးနေတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အား . . . အဲဒီသတိပေးချက်အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စိကိုယ်ငြ မပေါ့လိုက်ကြပါနဲ့လို့၊ ထပ်မံ နှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)။

ဒါရုက္ခန္ဓဆိုတာ သစ်တုံးကြီး

ဘုန်းကြီးတို့ ဒီကနေ့ ဒါရုက္ခန္ဓောပမသုတ်ဆိုတာ ဟောရပါ မယ်၊ 'ဒါရုက္ခန္ဓ'ဆိုတာက သစ်တုံးကြီးလို့ အဓိပ္ပာယ်ရပါတယ်၊ ဥပမာက ဥပမာဆိုတော့ သစ်တုံးကြီးဥပမာပေါ့၊ ဟုတ်တယ်၊ ဒီအကြောင်းအရာတွေ

ဘုရားကိုယ်တော်မြတ်ကြီးက ဟောပါတယ်၊ သစ်တုံးကြီးကို ဥပမာပြုပြီး တော့ တစ်ခါတုန်းက ဟောတော်မူပါတယ်၊ ဧကံ သမယံ-အခါ တစ်ပါး၌၊ ဘဂဝါ-မြတ်စွာဘုရားသည်၊ ကောသမ္ဗိယံ-ကောသမ္ဗီပြို့၊ ဂင်္ဂါယနဒီယာ တီရေ-ဂင်္ဂါမြစ်ကမ်းနား၌၊ ဝိဟရတိ-သီတင်းသုံးတော်မူ၏၊ အကြောင်း အားလျော်စွာ နောက်ပါသံယာတွေနဲ့ ဒေသစာရီလှည့် လည်ရင်း ဂင်္ဂါ မြစ်ကမ်းနားကို ရောက်သွားပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးလေ၊ ဘုရားကိုယ်တော်မြတ်ကြီးတို့ ဂင်္ဂါမြစ်ကမ်းနားရောက် သွားတဲ့အချိန်မှာပဲ ဟိုး. . . ဂင်္ဂါမြစ်ကြော အထက်ပိုင်းကနေပြီးတော့ တုံးကြီးတစ်တုံး မျောပြီးတော့လာလိုက်တာ လိမ့်လိမ့် လိမ့်လိမ့်နဲ့၊ နည်းတဲ့တုံးကြီး မဟုတ် ဘူး၊ ရှည်ကလည်း ရှည်၊ တုတ်ကလည်း တုတ်၊ ဖြောင့်ကလည်း ဖြောင့် ဆိုတော့ ကျွန်းတုံးကြီးများ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်နော်၊ အဲဒါကို မြင်တော့ ဘုရားကိုယ်တော်မြတ်ကြီးက ရဟန်းတွေကို မေးတယ်။

ပဿထ နော တုမ္မေ ဘိက္ခဝေ အမုံ မဟန္တံ
ဒါရုက္ခန္ဓံ၊ ဂင်္ဂါယ နဒိယာ သောတေန ဝုယ္ဟမာနံ။

ဘိက္ခဝေ-ရဟန်းတို့၊ တုမ္မေ-သင်တို့သည်၊ ဂင်္ဂါယနဒီယာ သောတေန-ဂင်္ဂါမြစ်ရေကြောဖြင့်၊ ဝုယ္ဟမာနံ-မျောပြီးကော့လာတဲ့၊ အမုံ မဟန္တံ ဒါရုက္ခန္ဓံ-ဟောဟိုက သစ်တုံးကြီးကို၊ ပဿထနော ပဿထန္ဒု-မြင်ကြကုန်၏လော၊ စာလိုမေးနေတာနော်၊ ဘုန်းကြီးတို့ အဓိပ္ပာယ် သိလွယ်အောင်ပြောကြတော့ ဟိုမှာတွေ့ကြရဲ့လားဟဲ့ ရဟန်းတို့ ကြည့်ကြ စမ်း၊ ဂင်္ဂါမြစ်ကြော အထက်ပိုင်းလှမ်းပြီးတော့ ကြည့်လိုက်ကြစမ်းဟဲ့၊ မျောလာလိုက်တဲ့ တုံးကြီးတစ်တုံးဟဲ့၊ လိမ့်လိမ့် လိမ့်လိမ့်နဲ့ နည်းတဲ့ဟာကြီး မဟုတ်ဘူး၊ မြင်ကြရဲ့လားဟဲ့၊ ဒီလိုမေးတာ မဟုတ်လား၊ ဧဝံဘဒန္တ-မြင်ပါတယ်ဘုရား။

ဒီဘက်ကမ်းကို မေးထိုးတင်ရေနဲ့သော်

ရဟန်းတွေကလေ သစ်တုံးကြီး မျောလာတာများ ဘုရားကိုယ်တော်မြတ်က ဘာတွေများပြောမလို့လဲလို့ အောက်မေ့တယ်၊ အကြောင်းမဲ့ဘယ်ဟုတ်လိမ့်မလဲ၊ အဲဒီသစ်တုံးကြီးဟာ ဘယ်ရောက်သွားမယ် ထင်ကြသလဲဟဲ့၊ မှန်ပါ တရွေ့တရွေ့နဲ့ အောက်လျှောက်ရောက်၊ ဟို. . . ပင်လယ်သမုဒ္ဒရာထဲရောက်မယ် ထင်ပါတယ်ဘုရား၊ အေး. . . ဒါကတော့ဖြင့် လမ်းမှာအန္တရာယ်မရှိရင်တော့ ဟုတ်မှာပေါ့။ တစ်ခုခုအန္တရာယ်တွေနဲ့ငြိပြီးတော့ နေလို့ရှိရင် ဒီတုံးကြီး ပင်လယ်ထိအောင် ရောက်နိုင်ပါ့မလား၊ (မရောက်နိုင်ပါဘူးဘုရား)။ ဟုတ်တယ်၊ အခုထိတော့ ဟုတ်တာပေါ့။ ရေလယ်ကြောမှာ လိမ့်လိမ့် လိမ့်လိမ့်နဲ့ မျောလာလိုက်တာ၊ ဘာအန္တရာယ်မှ မရှိဘူးဆိုရင်တော့လည်း ချောချောမောမော ရောက်မှာပေါ့။ အကယ်၍ ဒီတုံးကြီး ဒီဘက်ကမ်းလာပြီးတော့ မေးထိုးတင်နေမယ်ဆိုပါတော့၊ ဒီတုံးကြီးတောက်လျှောက် ပင်လယ်ထိအောင် ရောက်နိုင်ပါ့မလား၊ (မရောက်နိုင်ပါဘူး ဘုရား)။

ဟိုဘက်ကမ်းတင်ရေနဲ့သော်

မရောက်နိုင်ဘူး၊ ဒါအန္တရာယ်တစ်ခုပဲ မဟုတ်လား၊ ဟို. . . ဒီဘက်ကမ်းမရောက်လို့ ဟိုဘက်ကမ်းသွားပြီးတော့ ထိုးတင်နေရင်ကော ဒီတုံးကြီး ပင်လယ်ထိအောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါ ဘူးဘုရား)။ ကြည့်စမ်း၊ အခုကိုပဲ အပြစ်ကနှစ်ချက်တွေ.နေပြီ မဟုတ်လား၊ ဒီဘက်ကမ်းကိုတင်နေမယ်၊ ဟိုဘက်ကမ်းကိုတင်နေမယ်ဆိုတော့ ဒီတင်ပဲအပြစ်က နှစ်ချက်လောက်တွေနေပြီ မဟုတ်လား၊ ဒို့ပြင်ဘာများ ဖြစ်နိုင်သေးသလဲ။

ရေလယ်တွင်နစ်မြုပ်သွားသော်

ဘယ်လိုများ အန္တရာယ်ရှိနိုင်သေးသလဲ စဉ်းစားကြစမ်းဟဲ့၊ ဒီဘက်ကမ်းလည်း မတင်ဘူးဘဲထား၊ ဟိုဘက်ကမ်းလည်း မတင်ဘူးဘဲထား၊ အိုး. . . ရေလယ်မှာ တုံးကြီးက ရေစိုပြီးတော့ အောက်ကိုများ နစ်သွားရင်ကော၊ ဟိုး . . . ပင်လယ်ထိအောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါဘူး ဘုရား)၊ အမယ် အဲသလိုတွေ့တာကိုး၊ အခုအတိုင်း ဆိုလို့ရှိရင် ဟိုဘက်ကမ်းတင်နေမယ်၊ ဒီဘက်ကမ်းတင်နေမယ်၊ ရေလယ်တွင်မြုပ်နေမယ် ဆိုလို့ရှိရင် တုံးကြီးဟာ ဟို ရှေ့ဆက်မျောနိုင်ပါ့မလား၊ (မမျောနိုင်ပါဘူးဘုရား)၊ မမျောနိုင်ဘူး၊ ဘယ်နှချက်တွေ့၊ (သုံးချက်တွေ့ပါတယ် ဘုရား)။

ကျွန်းသောင်ပေါ် ထိုးတင်ခဲ့သော်

ဘယ်လိုများ ဖြစ်နိုင်သေးသလဲဟဲ့ စဉ်းစားကြစမ်း၊ ဒီဘက်ကမ်းလည်း မတင်ဘူးဘဲထား၊ ဟိုဘက်ကမ်းလည်း မတင်ဘူးဘဲထား၊ ရေလယ်တွင်လည်း မမြုပ်ဘူးဘဲထား၊ တစ်ခါတလေ အလယ်ကောင် ကျွန်းသောင်ပေါ်လည်း ထိုးတင်တတ်သေးတာပဲ၊ ဟို ကုန်းကြီးတွေ မို့ပြီးတော့ သဲသောင်ကြီးတွေ ထိုးပြီးတော့နေတော့ အလယ်ကောင်ကြာတော့ ကိုင်းပင်တွေ၊ မြက်ပင်တွေပါပေါက်ပြီး ကျွန်းကြီးတွေ ဖြစ်တတ်တယ် မဟုတ်လား၊ အဲသလို ကျွန်းသောင်ပေါ်မှာ မေးထိုးပြီးတော့ တင်နေရင်ကော ဒီတုံးကြီး ပင်လယ်ထိအောင် မျောနိုင်ပါ့မလား၊ (မမျောနိုင်ပါဘူးဘုရား)၊ အခုကိုပဲ အပြစ်က ဘယ်နှချက်တွေ့တုံး၊ (လေးချက်ပါဘုရား)၊ ဟုတ်တယ်၊ ဟိုဘက်ကမ်း တင်နေမယ်၊ ဒီဘက်ကမ်းတင်နေမယ်၊ ရေလယ်တွင်မြုပ်နေမယ်၊ ကျွန်းသောင်ပေါ်မှာ

ထိုးတင်နေမယ်၊ အပြစ်လေးချက်လောက် တွေ့တယ်နော်၊ ဒီအချက်တွေနဲ့ ငြိနေလို့ရှိရင် ဒီတုံးကြီး ဟိုး. . . အောက်ထိအောင် ရောက်ပါ့မလား၊ (မရောက်ပါဘူးဘုရား)၊ မရောက်ဘူး၊ ဟိုဘက်ကမ်းလည်း မတင်ပါမှ၊ ဒီဘက်ကမ်းလည်း မတင်ပါမှ၊ ရေလယ်တွင်လည်း မမြုပ်ပါမှ၊ ကျွန်းသောင်ပေါ်လည်း မတင်ပါမှ၊ ဘယ်နှချက်၊ (လေးချက်ပါ ဘုရား)၊ ဟိုဘက်ကမ်းရယ်၊ ဒီဘက်ကမ်းရယ်၊ ရေလယ်ရယ်၊ ကျွန်းသောင်ရယ် မဟုတ်လား၊ ဟိုဘက်ရယ်၊ ဒီဘက်ရယ်၊ ရေလယ်ရယ်၊ ကျွန်းထက်ရယ် ထိုးတင်မနေပါမှ ချောချောမောမော ရောက်မှာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ရောက်မယ်၊ ဒီအပြစ်တွေ ငြိပြီးတော့မနေပါမှ ချောချောမောမော ရောက်မှာနော်၊ ဒီအထဲက တစ်ခုခုမှားငြိပြီးတော့ နေလို့ရှိရင် ဟိုး. . . ပင်လယ်ထိအောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါဘူး ဘုရား)၊ မဆိုက်နိုင်ဘူး၊ 'ဟိုဘက်၊ ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက် မတင်'၊ ဟိုဘက်၊ ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက်မတင်၊ အခုကိုပဲ အပြစ်က လေးချက်လောက်တွေ့နေပြီ၊ ဒီလိုအပြစ်တွေ မတွေ့ဘူးဆိုရင်တော့ ဟုတ်တာပေါ့၊ ဒီပြင် ဘယ်လိုမျှား ဖြစ်နိုင်သေးသလဲ ဟဲ့ စဉ်းစားကြစမ်း ပါဦး၊ ဘုရားကိုယ်တော်မြတ်ကြီးက အကြောင်းမဲ့တော့ မဟုတ်ပါဘူး။

လူ မဆယ်ပါမှ

ဟိုဘက်ကမ်းလည်းမတင်ဘူး၊ ဒီဘက်ကမ်းလည်းမတင်ဘူး ဘဲထား၊ ရေလယ်တွင်လည်းမြုပ်ပြီးတော့ မနေဘူးဘဲထား၊ အဲ ကျွန်းသောင်ပေါ်လည်း မတင်ဘူးဘဲထားပါတော့၊ တစ်ခါတလေ လူတွေ တွေ့တဲ့အခါ လှလိုက်တဲ့တုံးကြီးကွာ၊ ရှည်ကလည်းရှည်၊ ဖြောင့်ကလည်း ဖြောင့် ကောင်းလိုက်တာ၊ ဟေး ဒါကြီးကိုတို့ ဆယ်ယူရအောင်ကွ၊

ဟော. . . ကျောင်းဆောက်မယ်၊ ဇရပ်ဆောက်မယ်၊ အသားကြီးက ကောင်းပါဘိဆိုပြီးတော့ လူတွေမျှား ဝိုင်းဆယ်ထားရင်ကော ဒီတုံးကြီးဟာ ပင်လယ်ထိအောင် ဆိုက်နိုင်ပါ့မလား။ (မဆိုက်နိုင် ပါဘူးဘုရား)။ ဟာ လူတွေဆယ်ထားခြင်းဟာ အပြစ်တစ်ချက်ပေါ့။ ဟုတ်တယ်၊ ဟိုဘက်၊ ဒီဘက်၊ ရေလယ်ချက်နှင့် ကျွန်းထက်မတင်။

နတ်မဆယ်ပါမှ

လူတွေမျှားဆယ်ထားရင်ကော ရောက်ပါ့မလား။ (မရောက်ပါဘူး ဘုရား)။ ကဲ လူတွေမဆယ်ဘူးဘဲထား၊ တစ်ခါတလေ နတ်တွေကတွေ့ပြီး ကောင်းလိုက်တဲ့တုံးကြီး၊ တို့ဗိမာန်ဦးမှာ လှေခါးဦးတိုင်ကြီးလုပ်ရကောင်းမှာပဲဆိုပြီးတော့ နတ်တွေကမျှား ဝိုင်းဆယ်ထားရင်ကော ဒီတုံးကြီး ပင်လယ်ထိအောင် ဆိုက်နိုင်ပါ့မလား။ (မဆိုက်နိုင်ပါဘူး ဘုရား)။ ဩော်. . . ဒီလိုဆို လူတွေလည်းဆယ်၊ နတ်တွေလည်းဆယ်၊ ဒီအပြစ်တွေ တွေ့နိုင်တာ တကယ့်တကယ်လိုက်ရှာတော့လည်း အပြစ်တွေက အဲသလို လာတယ်နော်၊ ဟုတ်တယ်၊ လူတွေဆယ်ထားမယ်၊ နတ်တွေဆယ်ထားမယ်၊ ဟုတ်တယ်နော်၊ အဲသလိုမဆယ်ပါမှ၊ လူလည်းမဆယ်ပါမှ၊ နတ်လည်းမဆယ်ပါမှ၊ ချောချောမောမောရောက်မှာ မဟုတ်လား။ (မှန်လှပါဘုရား)။ ခုကိုပဲအပြစ်က ဘယ်နှချက်လောက်တွေ့၊ (ခြောက်ချက်တွေ့ပါတယ်ဘုရား)။ ခြောက်ချက်တွေ့နေပြီ။

ဝဲအတွင်း မရစ်မြုပ်ပါမှ

ဟိုဘက် ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက်မတင်၊ လူပင်မဆယ်၊ နတ်မဆယ်တည့် ဒီလိုလုပ်ရမှာပေါ့။ လူလည်း မဆယ်ပါမှ၊

နတ်လည်း မဆယ်ပါမှ၊ လူပင်မဆယ်၊ နတ်မဆယ်တည့် ဟုတ်တယ်နော်၊ အင်း ဒီလိုဆိုတော့လည်း အပြစ်တွေက ရှိနေတာကိုး၊ ကဲထားပါတော့ လူလည်း မဆယ်ဘူးပဲထား၊ နတ်လည်းမဆယ်ဘူးပဲထား၊ ဒို့ပြင် ဘယ်လို များ ဖြစ်နိုင်သေးသလဲဟဲ့၊ ကြည့်ကြစမ်းပါဦး၊ ဟိုး . . . ဝဲကြီးထဲ များ ရောက်သွားမယ်ဆိုရင်၊ ချာလည် ချာလည်နဲ့ ဒီတုံးကြီးဟာ ဝဲပြင်ဘက် မထွက်နိုင်ဘူး၊ ဒီလိုဆိုရင်ကော ဟိုး . . . ပင်လယ်သမုဒ္ဒရာထိအောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါဘူးဘုရား)၊ ဒီလိုဆိုရင် ဘယ်နှချက် လောက်တွေ့၊ (၇-ချက် တွေ့ပါ တယ်ဘုရား)၊ ဟုတ်တယ်၊ ဝဲထဲလည်း မြုပ်တတ်တာပေါ့၊ ချာလည် ချာလည်နဲ့ အပြင်မထွက်နိုင်ဘူးဆိုရင် ဒီတုံးကြီး ပင်လယ်ထိအောင် မဆိုက်နိုင်ဘူး၊ ကဲ ဝဲထဲလည်း မရောက်ဘူး ဘဲထား၊ ဒို့ပြင်ဘယ်လိုများ ဖြစ်နိုင်သေးလဲ၊ စဉ်းစားကြစမ်းပါဦး ဟဲ့။

ဒေါ်းမပုပ်ပါမှ

ရဟန်းတွေကတော့ မစဉ်းစားတတ်ပါဘူး၊ ဘုရားကိုယ်တော် မြတ်ကြီးကပဲ စဉ်းစားပေးပါတယ်၊ ဝဲထဲလည်းမမြုပ်ဘူးဘဲ ထားပါဦးတော့၊ ကျန်တဲ့အချက်အလက်တွေ၊ အချက်အလက်တွေကလည်း လွတ်လာခဲ့ တယ်ပဲ ထားပါဦးတော့၊ တစ်ခါတစ်လေ ဒီတုံးကြီးဟာ ဟိုး. . . အထက် ပိုင်းကနေပြီးတော့ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်း များစွာနဲ့ခဲ့ပြီးတော့ တငြိမ့်ငြိမ့်နဲ့ လာခဲ့တာဆိုတော့ ဆွေးပုပ်ပြီးတော့များ တုံးကြီးကပုပ်ပြီးတော့ ဟိုနေရာပြုတ်ကျ၊ ဒီနေရာ ပြုတ်ကျ၊ အတွင်းထဲ ရေတွေဝင်ပြီးတော့လေ ဆွေးပုပ်ပြီးတော့ လမ်းမှာပဲ ပြုတ်ကျ၊ တစ်ခု တစ်ခြား ဖြစ်ကုန်ကြရင်ကော ဒီတုံးကြီး ပင်လယ်ထိအောင် ဆိုက်နိုင်ပါ့ မလား၊ (မဆိုက်နိုင်ပါဘူးဘုရား)၊ အဲလိုဆိုရင် အပြစ်က ဘယ်နှချက်၊

(ရှစ်ချက်ပါ ဘုရား)၊ ဒီရှစ်ချက် မကျန်တော့လောက်ပါဘူးနော်၊ မကျန်တော့လောက်ပါဘူး၊ အဲသလို အပြစ်ရှစ်ချက်က လွတ်ပါမှ ဒီတုံးကြီးဟာဟိုး. . . ပင်လယ်ထိအောင် ဆိုက်နိုင်မယ်၊ ဟုတ်တယ်၊ ဒီလိုမျှားမဟုတ်လို့ ဒီရှစ်ချက်ထဲက တစ်ချက်ချက်များ ငြိနေလို့ရှိရင် ဒီတုံးကြီးပင်လယ်ထိအောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက် နိုင်ပါဘူးဘုရား)၊ မဆိုက်နိုင်ဘူး၊ ဟိုဘက်၊ ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက်မတင်၊ လူပင်မဆယ်၊ နတ်မဆယ်တည့်၊ ပြီးတော့ ဝဲလား၊ ဝဲဝယ်မမြုပ်၊ ဘာတဲ့တုံး၊ ဝဲဝယ်မမြုပ်၊ အဲသလိုလည်းမဖြစ်ပါမှ၊ ဝဲမမြုပ် ရုံတင်မကဘူး၊ ဒီဟာကြီးဟာ၊ ဆွေးပုပ်ပြီးတော့လည်း မသွားပါမှ၊ ဝဲဝယ်မမြုပ်၊ ဆွေးပုပ်ပြီးတော့လည်း မသွားပါမှ၊ သမုဒ္ဒပင်လယ်ထိအောင် ဆိုက်နိုင်မယ်၊ ဒီလိုမဟုတ်လား၊ ဝဲဝယ်မမြုပ်၊ ဆွေးမပုပ်သော်၊ သမုဒ္ဒပင်လယ် ရောက်လိမ့်သော်၊ ဒီလိုလာမှာ၊ 'လူပင်မဆယ်၊ နတ်မဆယ်တည့်၊ ဝဲဝယ်မမြုပ်၊ ဆွေးမပုပ်သော်၊ သမုဒ္ဒပင်လယ် ရောက်လိမ့်သော်'၊ အဲဒီလို အပြစ်ရှစ်ချက်လွတ်မှ ဒီတုံးကြီးဟာပင်လယ်သမုဒ္ဒရာထိအောင်၊ ချောချောမောမော ဆိုက်မယ်မဟုတ်လား၊ အပြစ်ရှစ်ချက်ရပြီလား၊ (ရပါပြီဘုရား)၊ အဓိပ္ပာယ်ရပြီနော်၊ အေး. . . အဲသလိုပဲ၊ ဒီတုံးကြီးဟာ အပြစ်ရှစ်ချက်လွတ်ပါမှ၊ ဟိုး. . . ပင်လယ်သမုဒ္ဒရာတိုင်အောင် ဆိုက်နိုင်သလို၊ မင်းတို့တစ်တွေလည်း အပြစ်ရှစ်ချက်လွတ်မှ ပင်လယ် သမုဒ္ဒရာကြီးနဲ့တူတဲ့ နိဗ္ဗာန်ကို ဆိုက်လိမ့်မယ်၊ ဘုရားကိုယ် တော်မြတ်ကြီးက အဲသလိုပြောပြီးတော့ ရှေ့ဆက်မဟောဘူး၊ ရပ်ထားတယ်၊ ငြိမ်နေကြတယ်၊ ဟောများ ဟောမလားလို့ စောင့်နေတယ်၊ မဟောဘူး၊ ဘာလို့ မဟောသလဲဆိုတော့ မေးစေချင်လို့၊ ဘုရားကိုယ်တော် မြတ်ကြီးက မေးစေချက်လို့၊ ငြိမ်ပြီးတော့ ဘယ်သူမှလည်း မမေးဝံ့ဘူး။

ဒီဘက်ကမ်းဆိုတာ အတွင်းအာယတနခြောက်ပါး

နောက်တော့မှ ကိုယ်တော်လေးတစ်ပါးက စပ်စပ်စုစုပဲ ထလျှောက်တယ်၊ '**အထခေါ် အညတရော ဘိက္ခု ဘဂဝန္တံ့ ဧတေ ဒဂေါ်စ**' မနေသာဘူး၊ ထလျှောက်တယ်၊ အရှင်ဘုရား ခုနတုန်းက အရှင်ဘုရားပြောတဲ့ တုံးကြိုး ဟိုဘက်ကမ်းကပ်တယ်၊ ဒီဘက်ကမ်းကပ်တယ်၊ ရေလယ်တွင်မြုပ်တယ်၊ ကျွန်းသောင်ပေါ်တင်တယ်၊ တပည့်တော်တို့ သဘောပေါက်ပါတယ် ဘုရား၊ လူဆယ်တယ်၊ နတ်ဆယ်တယ်၊ ဝဲဝယ်မြုပ်တယ်၊ ဆွေးပုပ်ပြီးတော့ သွားတယ်ဆိုတာတွေလည်း တပည့်တော်တို့ သဘောပေါက်ပါတယ်ဘုရား၊ မင်းတို့တတွေလည်း ဟိုဘက်ကမ်း မတင်ပါမှ၊ ဒီဘက်ကမ်းမတင်ပါမှ၊ ရေလယ်တွင် မမြုပ်ပါမှ၊ ကျွန်းသောင်ပေါ်လည်း မတင်ပါမှဆိုတော့၊ တပည့်တော်တို့ ဟိုဘက်ကမ်းကပ်တယ်၊ ဒီဘက်ကမ်း ကပ်တယ်ဆိုတာတော့ နားမလည်ဘူး ဘုရား၊ အရှင်ဘုရား မိန့်တော်မူပါ၊ ရှင်းပြတော်မူပါ၊ လျှောက်တယ်လေ၊ လျှောက်စေချင်လို့ကို ငြိမ်နေတာ၊ ဒီတော့မှ ဘုရားကိုယ်တော်မြတ်ကြီးက ပြောပါတယ်၊ အေး- ဒါပြောရမှာပေါ့ကွယ်၊ မင်းတို့တွေ ဒီဘက်ကမ်းတင်နေတယ်၊ ဟိုဘက် ကမ်းတင်နေတယ် ဆိုတာက '**သြရိမ တီရံ**'၊ ပါဠိလိုတော့ ဒီဘက်ကမ်းပေါ့နော်၊ ဒီဘက်ကမ်း ဆိုတာ မင်းတို့အတွက် တခြားမဟုတ်ဘူး ကွဲ့။

'သြရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နေတံ
အဗျတ္တိကာနံ အာယတနာနံ အဓိဝစနံ'

အဓိပ္ပာယ်ကတော့ ဒီဘက်ကမ်းဆိုတာ တခြားမဟုတ်ဘူးကွဲ့၊ မင်းတို့သန္တာန်မှာရှိနေတဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အာယတနခြောက်ပါး၊ အတွင်း အာယတနခြောက်ပါး၊ ဒါပြောတာကွဲ့၊

ဒီဘက်ကမ်းဆိုတာ အတွင်းအာယတန ခြောက်ပါး၊ အတွင်းအာယတန ခြောက်ပါးဆိုတာ ဘယ်သူတွေတုံး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟုတ်တယ်မဟုတ်လား၊ အဲဒါပြောတာကွဲ့၊ (တင်ပါ့ဘုရား)၊ တပည့်တော်တို့ အဲဒီအတွင်းအာယတန ခြောက်ပါးဟာ ဒီဘက်ကမ်း ဆိုတာတော့ နားလည်ပါပြီဘုရား၊ ဒီဘက်ကမ်းကပ်တယ်ဆိုတာ ဘယ်လို ကပ်တာတုံး ဘုရား။

လောဘတဏှာနဲ့ ကပ်တယ်

အေး. . . ဘယ်လိုကပ်တာလဲဆိုတော့ တစ်ခါတလေလည်း လောဘတဏှာနဲ့ကပ်တယ်၊ တစ်ခါတစ်လေလည်း ဒေါမနဿနဲ့ မကျေမနပ်ဖြစ်တဲ့ အနေမျိုးနဲ့လည်း ကပ်တာပေါ့၊ ကပ်ပုံကပ်နည်းက အဲသလို ရှိပါတယ်၊ တစ်ခါတစ်လေကျတော့လည်း ကျေနပ်တဲ့အနေနဲ့ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)ထဲက မျက်စိမဟုတ်လား၊ မျက်စိတို့၊ မျက်လုံးတို့၊ အို မျက်လုံးကလေးတွေ မျက်ခုံးကလေးတွေက လှလိုက်ပါဘိ၊ သမင်မမျက်လုံးကလေးလိုပဲ၊ ဘာပဲညာပဲ အဲသလိုကလေးတွေ၊ အမယ် ဒီမျက်စိကိုပဲ ကျေကျေနပ်နပ်နဲ့၊ ဒီမျက်ကြည် အပေါ်မှာ ကျေကျေနပ်နပ်နဲ့ ဖြစ်နေတယ်ဆိုတော့ လောဘတဏှာ မဟုတ်လား၊ အမယ် အဲသလို မျက်လုံးကလေး လှတာရော၊ သို့မဟုတ် တို့မျက်စိကြည်ပဲ့၊ အခု အသက် တွေသာ ဒီလောက်ကြီးလာတယ်၊ အသက်က ၈၀-ကျော်လာပြီ၊ ဟော. . . အပ်ပေါက် ဒီအတိုင်း မြင်ရသေးတယ်၊ မြေးတွေ အကူအညီ မလိုပါဘူး၊ ကိုယ့်ဘာသာကိုယ် အပ်ပေါက်ထိုးလိုက် ရင်ရတာပဲ၊ ပြောတယ်မဟုတ်လား၊ အဲလိုဆိုတော့ ကိုယ့်မျက်စိကြည်တဲ့ ဥစ္စာလေး အပေါ်မှာ လောဘတဏှာနဲ့တွယ်တာ မဟုတ်လား၊ သြော်. . .

မျက်စိဆိုတော့ ဒီဘက်ကမ်းမဟုတ်လား၊ ဒီဘက်ကမ်းနဲ့ ပတ်သက်တဲ့ မျက်စိအကြည်ပေါ်မှာ လောဘတဏှာနဲ့ တွယ်နေတယ်ဆိုတော့ ဘယ်ဘက်ကမ်း ကပ်တာ၊ (ဒီဘက်ကမ်း ကပ်တာပါဘုရား)။

ဒေါမနဿနဲ့ကပ်တယ်

တစ်ခါတစ်လေကျတော့လည်း ဒီမျက်စိ အကြည်အပေါ်မှာ မကျေနပ်ဘူး၊ အိုး-အသက်ကကြီးလာရင် မကောင်းတော့ပါဘူး ကိုယ်တော်၊ အနားနား လာပြီးတော့ထိုင်ရင် တစ်ယောက်ကို နှစ်ယောက် ပူးကြီး မြင်မြင်နေတယ်၊ အရုပ်ကနှစ်ရုပ် နှစ်ရုပ်ထင်ထင်နေတယ် ကိုယ်တော်၊ မကောင်းတော့ပါဘူး၊ အသက်ကြီးလာရင် ဘာမှမကောင်းတော့ပါဘူး၊ ဒီလိုညည်းညည်းတွားတွား ဆိုတော့လည်း ကိုယ့်မျက်စိအပေါ်မကျေနပ်တာ မဟုတ်လား၊ မကျေနပ်ဘူးဆိုတော့ ဒေါမနဿပေါ့။

အမယ် မျက်စိအကြည်ပေါ်မှာပဲ ဒေါမနဿနဲ့ မကျေမနပ်ဖြစ်နေရင်လည်း ဒီဘက်ကမ်းကပ်တာပေါ့၊ ဒါဖြင့် မျက်စိဆိုတဲ့ ဒီဘက်ကမ်းအပေါ်မှာ လောဘတဏှာနဲ့ပဲ ကပ်ကပ်၊ ဟုတ်ရဲ့လား၊ ပြီတော့ဘာတုံး၊ ဒေါမနဿနဲ့ပဲ မကျေနပ် မကျေနပ်၊ အဲသလိုဖြစ်ပြီးတော့နေလို့ရှိရင် ဘယ်ဘက်ကမ်းကပ်တယ်၊ (ဒီဘက်ကမ်းကပ်ပါတယ်ဘုရား)၊ ဒီဘက်ကမ်းကပ်နေပြီ၊ ဒီဘက်ကမ်းကပ်နေတဲ့ တုံးကြီးဟာ ပင်လယ်ထိအောင် မမျှောနိုင်သလို ဒီဘက်ကမ်းကပ်နေတဲ့ ဘုန်းကြီးတို့တစ်တွေကော နိဗ္ဗာန်တိုင်အောင် ဆိုက်နိုင်မလား၊ (မဆိုက်နိုင်ပါဘူး ဘုရား)၊ ဟုတ်တယ်လေ၊ လောဘတဏှာတို့၊ ဒေါမနဿတို့တွေနဲ့ ပြည့်ပြီးတော့နေတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်နဲ့ နီးပါ့မလား၊ (မနီးပါဘူး ဘုရား)၊ ဘယ်. . . အဲဒါတွေ ရှိနေတဲ့သူ နိဗ္ဗာန်ဘယ်ရောက်လိမ့်မလဲ၊

နိဗ္ဗာန်ရောက်ချင်တယ်ဆိုရင် အဲဒီတရားတွေ မရှိအောင်လုပ်ရမှာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒီလိုဖြစ်ပါတယ်။

ဩော်. . . ဒီလိုကိုး၊ ကိုယ့်မျက်စိ အကြည်ပေါ်မှာပဲ ကျေနပ်တဲ့ အနေနဲ့ဖြစ်ဖြစ်၊ မကျေနပ်တဲ့ အနေနဲ့ဖြစ်ဖြစ်၊ ဒီအပေါ်မှာ တွယ်ကပ်နေလို့ရှိရင် ဘယ်ဘက်ကမ်း ကပ်တာပါလိမ့်၊ (ဒီဘက်ကမ်းကပ် တာပါဘုရား)၊ ဒီဘက်ကမ်းကပ်နေပြီ၊ ဟုတ်ရဲ့လား၊ အေး . . . အဲဒီသဘောလေးတွေ ရှိပါတယ်။

မျှော်စေခြင်းရင် တွန်းခြပါ

မျက်စိပြီးတော့ ဘာပါလိမ့်၊ နား၊ နားဆိုတဲ့ဥစ္စာကလည်း နားပုံပန်းကိုပဲ ပြောပြော၊ တစ်ခါတစ်လေပြောကြတယ်၊ ဒီနားကြီးကလည်း ဘယ်လိုကြီးမှန်းမသိဘူး၊ အမေက ဘယ့်နှယ်ကြောင့် သူများလို လှလှလေး မွေးမပေးတာလဲ၊ ငါ့နားကြီးက ဘယ့်နှယ်မှန်းမသိဘူး၊ သူများနားနဲ့ကို မတူဘူး၊ ဟို-နားကပ်ပန်တဲ့အခါ ကြည့်မကောင်းဘူး ဖြစ်တယ် ဆိုပြီးတော့၊ အမေ့ကိုပဲ လျှောက်အပြစ်တင်တယ်၊ ဒီနားအပေါ်ပဲ မကျေနပ်တာဆိုတော့ ဒေါမနဿ၊ ကျေနပ်တဲ့အနေနဲ့ကျပြန်တော့လည်း တို့နားကလျင်တယ်နော်၊ ချွတ်ခနဲဆို ကြားတာ၊ အဲသလို နားအပေါ်မှာ ကျေကျေနပ်နပ်နဲ့ဆိုပြန်တော့ကော၊ ဒီဘက်ကမ်း ကပ်တာပဲ၊ လောဘတဏှာနဲ့ မဟုပ်လား၊ အဲဒါလည်းပဲ ဒီဘက်ကမ်း ကပ်တာပဲ မဟုတ်လား၊ မျက်စိအပေါ် မှာလည်းကပ်တယ်၊ နားအပေါ်မှာလည်း ကပ်တယ်၊ နှာခေါင်းအပေါ် မှာလည်းပဲကပ်တာပဲ၊ နှာခေါင်းလေးလှလှလေး၊ သွယ်သွယ်လေး၊ နှာတံလေးပေါ်ပေါ် ဒီလိုလေးတွေပေါ့။ ကျေကျေနပ်နပ်နဲ့ ဒီဥစ္စာကလေးတွေ အပေါ်မှာ လောဘတဏှာ တွယ်

နေလို့ရှိရင်ကော ဘယ်ဘက်ကမ်းကပ်၊ (ဒီဘက်ကမ်းကပ်တာပါ ဘုရား)။ အိုး . . မကျေမနပ်၊ တို့ ဒီနှာခေါင်းကြီးက ဘယ်လိုကြီးမှန်း မသိဘူး ဆိုပြီးတော့ ဘယ့်နှယ် ပြားပြားကပ်ကပ်ကြီး၊ တကယ်ဆို ပေါ်ပေါ်လေး မွေးပေးပါလား၊ ဒီအမေကလည်း ဆိုပြီးတော့ ဒီနှာခေါင်းအပေါ်မှာ မကျေမနပ် ဒေါမနဿတွေ ဖြစ်နေရင်ကော ဘယ်ကမ်းကပ်၊ (ဒီဘက်ကမ်း ကပ်တာပါဘုရား)၊ ဒီဘက်ကမ်းကပ်တယ်။

မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်၊ ခြောက်မျိုးမဟုတ်လား၊ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီးတော့ လှလှပပလေး၊ အချိုးအဆစ်ကျကျလေး ဆိုပြန်တော့လည်း တို့အမေက လှလှလေးမွေးပေးတာ၊ လှမှာပေါ့။ အမေတူတာကိုး ဆိုပြီးတော့ ကျေကျေနပ်နပ် ဖြစ်ပြန်တော့ကော ဘယ်ဘက်ကမ်းကပ်၊ (ဒီဘက်ကမ်း ကပ်ပါတယ်ဘုရား)။ ဒီဘက်ကမ်း ကပ်တာပဲဆိုတော့၊ ဒီဘက်ကမ်းနဲ့ တူတာက ဘယ်နှမျိုး၊ (ခြောက်မျိုးပါဘုရား)။ ဘာတွေပါလိမ့်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အေး . . . စိတ်ဆိုတာလည်း အတူတူပေါ့။ တို့စိတ်ကလေ အင်မတန်ကောင်းတာ၊ ဖြောင့်တာ၊ စင်းတာ၊ တို့ကြုံလိုက်လို့ရှိရင် ဘာမဆိုအောင်မြင်တယ်၊ ဒီလို ကိုယ့်စိတ်အပေါ်မှာ ကျေနပ်နေပြန်တော့လည်း ဒီဘက်ကမ်းကပ်တယ်၊ မကျေနပ်ပြန်တော့လည်း ဒီဘက်ကမ်းကပ်တယ်၊ ဒီဘက်ကမ်းကပ်နေတဲ့ တုံးကြီးဟာ၊ ဟိုး . . . ပင်လယ်ထိအောင် မျှောနိုင်သေးလား၊ (မမျှောနိုင် ပါဘူးဘုရား)။ မျှောစေချင်ရင် ဘယ်နှယ့်လုပ်ရမတုံး၊ တွန်းချရမယ်၊ မျှောစေချင်ရင် ဘယ်နှယ့် လုပ်ရမတုံး၊ တွန်းချရမယ်၊ ရေလယ်တွန်းချရမယ် မဟုတ်လား၊ ဒီဘက်ကမ်းကပ်နေတဲ့ တုံးကြီး ဆက်မျှောအောင်ဆိုရင် ဘယ်လို လုပ်ရမယ်၊ ရေထဲပြန်တွန်းချရမယ် မဟုတ်လား၊ အဲသလိုပဲ ဘုန်းကြီးတို့ တစ်တွေလည်း

ဒီဘက်ကမ်းကပ်နေတဲ့ ပုဂ္ဂိုလ်တွေ. . . ၊ နိဗ္ဗာန်တိုင်အောင် ဆိုက်ချင်လို့ ရှိရင် သူကော ဘယ်နှယ်လုပ်ရမတုံး၊ (တွန်းချရပါမယ် ဘုရား)။ တွန်းချရမှာပဲ၊ ဘယ်နှယ်တုံး၊ တွန်းချရမှာပဲ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုရမယ်

ဘယ်လိုတွန်းမလဲဆိုတော့ ဒီမှာ ဘုရားကိုယ်တော်မြတ်ကြီးက ဟောပါတယ်။

'အနိစ္စံ ဒုက္ခံ အနတ္တာ'တိ တိက္ခံ လက္ခဏာနံ ဝသေန
အနု ပဿန္တော အနုပဂ္ဂတိ ဥပဿန္တော အနုပဂ္ဂတိနာမ'

ခုနတုန်းက မကျေနပ်တဲ့ ဒေါမနဿတို့၊ ကျေနပ်ပြီးတော့နေတဲ့ လောဘတဏှာတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုရမယ်လို့ဆိုတော့ ပြောနေကြစကားလုံးအတိုင်း ပြောရမယ်ဆိုရင် ဖြစ်ပျက်ရှုရမယ်ပေါ့။ (မှန်ပါဘုရား)၊ ဟို. . . ကျေနပ်နှစ်သက်နေတဲ့ လောဘတဏှာတွေ ပေါ်လာရင် ဘယ်လိုရှုမယ်၊ (ဖြစ်ပျက်ရှုပါမယ်)၊ ဖြစ်ပျက် ရှု မကျေနပ်တဲ့ ဒေါမနဿတွေ ပေါက်ပွားနေရင်ကော၊ (ဖြစ်ပျက်ရှု ရပါမယ်ဘုရား)။ ဟုတ်တယ်၊ သူတို့တစ်တွေ ဖြစ်ပြီးတော့ ပျက်တယ်၊ ပေါ်ပြီးတော့ပျောက်ကုန်တယ်၊ ပေါ်ပြီးတော့ပျောက်ကုန်တယ်၊ ဒီသဘောကို ဉာဏ်နဲ့ နောက်ကနေ သိမယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာတွေ ရင်ထဲ၊ နှလုံးထဲ လာပါဦးမလား၊ (မလာပါဘူးဘုရား)။ လောဘတဏှာ ကပ်နေရင်ကော နိဗ္ဗာန်ရောက်ပါ့မလား၊ (မရောက်နိုင် ပါဘူးဘုရား)။ ဒါဖြင့် သူတို့တစ်တွေက နိဗ္ဗာန်တားတဲ့ဥစ္စာတွေ မဟုတ်လား၊ (မှန်ပါ)။ သူတို့တစ်တွေ မလာအောင်ဆိုရင် ဘယ်နှယ့်လုပ်ရမယ်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဘယ်နှယ့်လုပ်ရမယ်၊ (ဖြစ်ပျက်ရှုရပါမယ် ဘုရား)၊

ဟုတ်တယ်၊ ဖြစ်ပျက်ရှုရပါမယ်၊ ကိုယ့်ကိုယ်ကို သိပါတယ်၊ ကျေနပ်တဲ့ အနေနဲ့ လောဘတဏှာလေး လာလို့ရှိရင်လည်း သူ့ကို နောက်ကနေ ဉာဏ်နဲ့ လိုက်သိလို့ရှိရင် ဒီလောဘတဏှာလေး ပေါ်ပြီးတော့ ပျောက် တယ်၊ ပေါ်ပြီးတော့ ပျောက်တယ်၊ ဒါလေး သိနိုင်ပါတယ်နော်။

တစ်ချိန်တည်းနှစ်ခုပြိုင်ဖြစ်ရိုး ထုံးစံမရှိ

အဲသလို ပေါ်ပြီးတော့ပျောက်တယ်၊ ပေါ်ပြီးတော့ပျောက် တယ်လေးကို ဉာဏ်နဲ့မြင်လိုက်လို့ရှိရင် မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ မဂ္ဂသစ္စာ၊ မဂ္ဂသစ္စာက ဘယ်မှာပေါ်တာတုံး၊ (ဟဒယဝတ္ထုပေါ်မှာပေါ် တာပါ ဘုရား)၊ အဲ့ဒီမဂ္ဂသစ္စာလေး ဟဒယဝတ္ထုပေါ်မှာ ရောက်ပြီးတော့ နေတဲ့အခိုက်၊ လောဘတဏှာ ဒီပုဂ္ဂိုလ်သန္တာန် လာနိုင်မလား၊ မလာနိုင် ဘူး၊ သူလာလို့ရှိရင်လည်းပဲ ဟဒယဝတ္ထုအပေါ်မှာ လာမှာမဟုတ်လား၊ မြင်တဲ့ဉာဏ်ကလည်း နာမ်တရား၊ လောဘတဏှာကလည်း နာမ်တရား၊ နာမ်တရားတို့မည်သည် တချိန်တည်း နှစ်ခုပြိုင်ဖြစ်ခြင်း ရှိသလား၊ (မရှိပါဘူး ဘုရား)၊ မရှိဘူး၊ ဒီတော့သူလာမယ့်နေရာမှာ ဘယ်သူက အရင်ရောက် နေတုံး၊ (ဉာဏ်က အရင်ရောက်နေပါတယ် ဘုရား)၊ ဉာဏ်ဆိုတာ မဂ် မဟုတ်လား၊ ဟို လောဘတဏှာလေးပေါ်လာ၊ ဉာဏ်နဲ့ကြည့်၊ သူလည်း ပေါ်ပြီးပျောက်တာ၊ ပေါ်ပြီးပျောက်တာ ဉာဏ်နဲ့ သိတာပေါ့။ ဒေါမနဿ လေးပေါ်လာတဲ့ ဥစ္စာကိုလည်း၊ ဉာဏ်နဲ့ကြည့်မယ်ဆိုရင်၊ သူပေါ်ပြီး ပျောက်တာကို သိသိ သိသိနေတယ်ဆိုရင် သိတဲ့ သဘောတရားလေးက၊ ဟဒယဝတ္ထုပေါ်မှာ ရောက်နေတာ မဟုတ်လား၊ (မှန်ပါဘုရား)။ အဲသလို သာ ရောက်အောင်လုပ်နေလို့ရှိရင် ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာ ကပ်ဦးမလား၊ (မကပ်ပါဘူးဘုရား)။ ဒေါမနဿ မကျေနပ်တဲ့ ဥစ္စာတွေ

ကော ကပ်ဦးမလား၊ (မကပ်ပါဘူး ဘုရား)၊ သြော်. . . ဒီလိုနည်းနဲ့ ဖယ်တာပေါ့နော်။

ဖြစ်ပျက်ရှုပါ

အေး. . . ဒီလိုဆိုလို့ရှိရင်၊ ဟော. . . တုံးကြီးကို ရေထဲပြန် တွန်းချသလိုပဲ၊ ဟော-ဒီဘက်ကမ်း ကပ်နေတဲ့ မိမိတို့တစ်တွေလည်း ပင်လယ်ထိအောင် ပင်လယ်ကြီးနဲ့တူတဲ့ နိဗ္ဗာန်တိုင်အောင် ရောက်ဖို့ရာ အတွက် ဟော. . . ရေကြောမဟုတ်လား၊ ရေကြောဆိုတဲ့ဥစ္စာ၊ ရေကြော ဆိုတာ မဂ္ဂင်ရေကြောပေါ့နော်၊ အဲဒီရေကြောရောက်အောင် ပြန်ပြီးတော့ တွန်းချရမှာပဲ မဟုတ်လား၊ အဲသလို၊ ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးက အပြည့်အစုံဟောတာပဲ၊ ဟုတ်ပြီ၊ ဒီဘက်ကမ်းကပ်နေတဲ့ တုံးကြီး ရေလယ်ရောက်အောင် ပြန်ပြီးတွန်းချသလို ဒီဘက်ကမ်းကပ်နေတဲ့ ပုဂ္ဂိုလ် တွေလည်းပဲ အခု မဂ္ဂင်ရေကြောရောက်အောင် ပြန်ပြီးတော့ မျှောတာ မဟုတ်လား၊ မျှောပုံမျှောနည်း သိပြီလား၊ (သိပါပြီဘုရား)၊ ဘယ်လိုလုပ် ပါမယ်၊ ဖြစ်ပျက်ရှုတာပေါ့။ ဖြစ်ပျက်ရှုတာ၊ ကျေနပ်တဲ့ဥစ္စာ လည်း ဖြစ်ပျက်ရှု မကျေနပ်တဲ့ ဒေါမနဿတွေ ဖြစ်နေရင်လည်း ဖြစ်ပျက် ရှု၊ စိတ်ဆိုးတဲ့အခါ အဲသလိုပဲ နောက်က သတိလေးလိုက်ရတယ်၊ တစ်ခါတလေ မလိုက်မိဘူးဆိုရင်တော့ ရှေ့ဆက် လျှောက်မှားတယ် မဟုတ်လား၊ အမြဲတမ်းသတိထားပါ။ ဒေါသဖြစ်တော့မယ် ဆိုကတည်းက သတိထား၊ ဟုတ်ရဲ့လား၊ အဲသလို နောက်ကနေသတိနဲ့ ချုပ်ချုပ်ပေးမယ် ဆိုလို့ရှိရင်တော့ ရှေ့မလွန်ဘူးပေါ့၊ ဒါတင်မကဘူး၊ သူတို့လေးတွေ ပေါ်ပြီးတော့ ဟျောက်ကုန်တယ်ဆိုတာ ဉာဏ်နဲ့ နောက်ကလိုက်သိလို့ ရှိရင် ဝိပဿနာတောင်ဖြစ်သေး၊ အို-ဒီလိုဆိုရင် ရပြီ၊ ဒီဘက်ကမ်းကပ်

နေတဲ့ပုဂ္ဂိုလ်ကို မဂ္ဂင်ရေကြောထိအောင် ပြန်ပြီးတော့ မျှောပုံ မျှောနည်းလည်း နည်းရပြီပေါ့။ (မှန်ပါဘုရား)။

ဟိုဘက်ကမ်းဆိုတာ အပြင်အာယတနခြောက်ပါး

ဒါဖြင့် ဒီဘက်ကမ်းတော့ သိပြီဘုရား၊ ဟိုဘက်ကမ်းကပ်တယ်ဆိုတာ ဘယ်လိုဟာလဲဘုရား၊ ကိုယ်တော်လေးကလေ၊ ဟိုဘက်ကမ်းကပ်တယ်ဆိုတာ **'ပါရိမ တီရံ'**လို့ ခေါ်တယ်။

'ပါရိမံ တီရန္တိ ခေါ ဘိက္ခု ဆန္နံ
ဗာဟိရာနံ အာယာတနာနံ အဓိဝစနံ'

သူ့အဓိပ္ပာယ်ကတော့ ဟိုဘက်ကမ်းဆိုတာ တခြားမဟုတ်ဘူးကွဲ့၊ ဒီဘက်ကမ်းနဲ့တူတဲ့ ခြောက်မျိုးနဲ့တွဲဖက်က အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ ဟုတ်တယ်မဟုတ်လား၊ ဒီဘက်ကမ်းက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟုတ်တယ်မဟုတ်လား၊ ဟိုဘက်ကမ်းက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ၊ သူတို့လည်း ခြောက်မျိုးပဲ မဟုတ်လား၊ (မှန်ပါ)၊ သူတို့လည်း အာယတန၊ သူတို့ကျတော့ ခန္ဓာကိုယ်ရဲ့ ပြင်ဘက်မှာရှိတဲ့ အာယတနမို့လို့ အပြင်အာယတန၊ ဘယ်နှပါးပါလိမ့်၊ (ခြောက်ပါးပါ ဘုရား)၊ အပြင်အာယတန ခြောက်ပါး၊ ဟုတ်ပါ့၊ ဟိုဘက်ကမ်းတင်နေတဲ့ တုံးကြီးဆက်မျှောအောင် ဆိုရင် ပြန်တွန်းချရမယ် မဟုတ်လား၊ အလားတူပေါ့။

လောဘတဏှာနှင့်ကပ်တယ်

ဘုန်းကြီးတို့တစ်တွေလည်း ဟိုဘက်ကမ်းနဲ့တူတဲ့ အဆင်း ကလေးအပေါ်မှာ၊ အသံကလေးအပေါ်မှာ၊ အနံ့အရသာ၊ တွေ့ထိစရာ၊

ကြံတွေးစရာ၊ ဒီအပြင်အာယတန ခြောက်ပါးအပေါ်မှာ တစ်မျိုးမဟုတ် တစ်မျိုး၊ တစ်ခါတစ်လေ လောဘတဏှာနဲ့ တွယ်တယ်လေ၊ အဆင်း ကလေးအပေါ်မှာ လောဘတဏှာနဲ့ တွယ်တာမရှိဘူးလား၊ (ရှိပါတယ် ဘုရား)၊ ကိုယ့်အဆင်းအပေါ်ဖြစ်ဖြစ်၊ သူများအဆင်းအပေါ်ဖြစ်ဖြစ် အဲဒီ အဆင်းအပေါ်မှာ လောဘတဏှာနဲ့တွယ်ရင် ဘယ်ဘက်ကမ်းကပ်၊ (ဟိုဘက်ကမ်းကပ်ပါတယ် ဘုရား)၊ ဟုတ်တယ်၊ ဒီလိုဆိုရင် သဘော ပေါက်ပြီပေါ့။ အဆင်းရယ်၊ အသံရယ် ဒီအတိုင်းပဲ မဟုတ်လား၊ အနံ့ လည်း ဒီအတိုင်းပဲ၊ အရသာလည်း ဒီအတိုင်းပဲ၊ တွေ့ထိစရာလည်း ဒီအတိုင်းပဲ၊ ကြံတွေးစရာလည်း ဒီအတိုင်းပဲ၊ ဒီအတိုင်းပေါ့။ ကပ်တယ်၊ မခွာတတ်လို့ ဟို သိဝိဘုရင်ကြီး အားလုံးကြားဖူးနေတာပဲ၊ ဥမ္မာဒန္တီကို မြင်တယ်ဆို မဟုတ်ဘူးလား၊ ဥမ္မာဒန္တီက မိဖုရားဖြစ်ရမှာ ပုဏ္ဏားကြီးတွေ က တောပြော တောင်ပြော ပြောလို့ သူကစစ်သူကြီးကတော် ဖြစ်ရတာ မဟုတ်လား၊ ဟို ဘုရင်ကြီးကလည်း အူလိုက်၊ အလိုက်တာ၊ တကယ့် ဟောဟို- အမတ်ကြီးတွေ ကုန်းချောတိုင်း သူကယုံတာ၊ နေနှင့်ပေစေ၊ ဒီရှင်ဘုရင်ကြီးတော့ သိစေရမပေါ့ဟဲ့ ဆိုပြီးတော့၊ တစ်နေ့တော့ နက္ခတ်ပွဲ သဘင်ကြီး ကျင်းပတယ်လို့ ဆိုတယ်မဟုတ်လား၊ အဲဒီအချိန်မှာ ဆင်ကြီး နဲ့ မြို့ထဲ လျှောက်လှည့်၊ တစ်လမ်းပြီး တစ်လမ်းလျှောက်လှည့်တော့၊ ဟိုလမ်းဘေး တစ်နေရာ ရောက်တဲ့အခါကျတော့ ဥမ္မာဒန္တီတို့ အိမ်နား ရောက်သွားတာကိုး၊ အဲဒီတင် ဥမ္မာဒန္တီက အသင့်စောင့်နေတာ၊ ပန်းတောင်းကြီး ကိုင်လို့၊ အိမ်ထဲက ပြတင်းပေါက်ကလေး လှပ်ပြီးတော့ ခန်းဆီးကြားထဲက မျက်နှာလေးတစ်ချက် လှစ်ခနဲပြတဲ့ပြီး ပန်းပွင့်တစ်ပွင့်နဲ့ ပေါက်ထည့် လိုက်တာ ဘုရင်ကြီးကိုလေ၊ ဘုရင်ကြီးကလည်း လှစ်ခနဲ မြင်လိုက်တယ် မဟုတ်လား၊ မြင်ပြီးတော့ သူမျက်နှာ ဝအောင်လည်း

အကြည့်မခံဘူး၊ တစ်ခါတည်း လိုက်ကာကြားထဲ ပြန်ပြီးတော့ ဝင်သွားတာ၊ နည်းနည်း တော့ လှစ်ခနဲ မြင်လိုက်ရတယ် မဟုတ်လား၊ အို. . . သမင်မလေးက မုဆိုးကြီးကို ကြောက်သလိုတဲ့၊ သူပြောတာ၊ သူမျက်နှာလေး ဝအောင်လည်း မကြည့်လိုက်ရဘူး၊ အတွင်းထဲ ပြန်ဝင်သွားတယ်၊ သိပ်လှတဲ့ အဆင်းလေးကို သူက ရိပ်ခနဲ မြင်လိုက်ရတာကိုး၊ အို. . . ဘုရင်ကြီး ဆင်ပေါ်မှာ လူးနေတာပဲတဲ့၊ ရှေ့ဆက်သွားလို့ မဖြစ်ပါဘူးကွာ နောက်ပြန် လှည့်၊ ဒီလိုဖြစ်တော့တာတဲ့၊ နန်းတော်ရောက်တဲ့ အခါကျတော့လည်း ဒါပဲ ပါးစပ်က ဗျစ်တောက် ဗျစ်တောက်နဲ့ပြော၊ အင်မတန်လှတဲ့ အဆင်းကလေးအပေါ်မှာ မဟုတ်လား၊ ဒီအပေါ်မှာ လောဘတကြာတွေနဲ့တွယ်မိပြီမဟုတ်လား၊ ဘယ်ဘက်ကမ်း ကပ်တာပါလိမ့်၊ (ဟိုဘက်ကမ်း ကပ်တာပါဘုရား)၊ အမယ်. . . ဟိုဘက်ကမ်း ကပ်နေတဲ့ အဲသလို ပုဂ္ဂိုလ် မျိုးကော နိဗ္ဗာန်တိုင်အောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါဘူးဘုရား)၊ သြော်. . . အဲသလိုပဲ ပုံစံတွေအများကြီး ရှိတယ်မဟုတ်လား၊ ဟိုဘက် ကမ်း ကပ်နေတာ၊ ဒီဘက်ကမ်းကပ်နေတာဆိုတဲ့ ကပ်ပုံကပ်နည်း အဓိပ္ပာယ်ပေါ်ပြီပေါ့။

တတ္ထာကဆွဲနှစ်တာ

ဟိုဘက်ရယ်၊ ဒီဘက်ရယ် နှစ်ချက်ပြီးပြီလား၊ ပြီးတော့ ဘာပါလိမ့်၊ ရေလယ်ချက်၊ တပည့်တော်တို့ ရေလယ်မှာတုံးကြီး အောက်ကို နစ်မြုပ်သွားတာတော့ သဘောပေါက်ပါရဲ့၊ တပည့်တော်တို့တစ်တွေ အောက်နစ်တယ်ဆိုတာ ဘယ်လိုလဲဘုရား၊ ကိုယ်တော်လေးက လျှောက်တော့- **'မလွှေ သံသီဒေါ တိ ခေါ ဘိက္ခု နန္ဒီ ရာဂသေတံ အဓိဝစနံ'**

အလယ်ကောင် နစ်တယ်ဆိုတာကွယ်၊ တခြားပြောတာမဟုတ် ပါဘူး၊ **'နန္ဒီရာဂ'** လို့ခေါ်တဲ့ လောဘတဏှာ၊ လောဘတဏှာ၊ ဟို . . . လိုချင်တတ်တဲ့ လောဘတဏှာဆိုတာ အောက်ကိုဆွဲနှစ်တာပဲ၊ လေးတယ်၊ အောက်ဆွဲနှစ်တယ်၊ ဒီတော့ ရေထဲနစ်တာနဲ့ တူတာပေါ့။ အေး. . . လူတစ်ယောက် ဟိုဟာရချင်၊ ဒီဟာရချင်၊ ဟိုဟာလိုချင်၊ ဒီဟာလိုချင် အတောမသတ်ဘူး၊ လိုချေင်တဲ့ဥစ္စာတွေက နှုတ်ခမ်းမသတ် ဘူး၊ ဒီတစ်ထည်ပြီးပြန်တော့လည်း နောက်တစ်ထည်၊ နောက်တစ်ထည် ပြီးပြန်တော့လည်း နောက်တစ်ထည်၊ အသစ်ကလေးတွေ ရချင်တယ်၊ ဝတ်ချင်တယ်၊ လိုချင် ဝယ်ချင် လောဘကိုနှုတ်ခမ်း မသတ်ဘူးဆိုရင် ဒီပုဂ္ဂိုလ် လောဘတဏှာတွေ ဖုံးနေတာနော်၊ အောက်ဆွဲနှစ်တယ်၊ ရေလယ်ကောင်အောက် နစ်တာနဲ့ တူတာပေါ့။ ဟုတ်တယ်။

ဖြစ်ပျက်ရှုပြီး ပြန်ဖော်ပါ

အောက်နစ်တဲ့တုံးကြီး၊ ရှေ့ဆက်မျောချင်ရင်တော့ ပြန်ဖော် ရမယ်မဟုတ်လား၊ ဘယ်လိုလုပ်ဖော်ရမလဲ ဆိုတော့ ဖြစ်ပျက်ရှုရမှာပေါ့။ ဘယ်လို၊ (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဟုတ်ပါတယ်၊ ဖြစ်ပျက်ရှုရမယ်၊ သတိထားရင်တော့ လောဘတွေ ဘယ်လောက်များနေတယ်ဆိုတာ ကိုယ့်ကိုယ်ကို ခန့်မှန်းနိုင်တာပေါ့။ အဲဒီ ပေါ်လာတဲ့လောဘတွေကို ဉာဏ်နဲ့ ကြည့်မယ်ဆိုရင်တော့၊ ဉာဏ်နဲ့ကြည့်ကြည့် ကြည့်ကြည့်နေလို့ မြင်တဲ့အခိုက် မြင်တဲ့အခိုက်မှာ၊ ဉာဏ်က ဟဒယဝတ္ထုအပေါ်မှာ အမှီပြု မြင်တာ မဟုတ်လား၊ ဉာဏ်သာပေါ်နေပါစေ၊ အဲဒီအချိန် လောဘ တဏှာ လာဦးမလား၊ (မလာပါဘူးဘုရား)။ လောဘတဏှာ မလာအောင် လုပ်တာပေါ့နော်၊ ဟုတ်တယ် ဒီသဘောပဲ၊ ဉာဏ်တွေသာများများ

နှလုံးသားကိုရောက်ပါစေ၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် မြင်ခိုက်မြင်ခိုက်မှာ လောဘတဏှာ ကပ်ဦးမလား၊ (မကပ်ပါဘူးဘုရား)၊ မကပ်တော့ပါဘူး၊ အဲဒီနည်းအားဖြင့် တုံးကြီးဟာ ပေါ့ပြီးတော့ ရေပေါ် ပြန်ရောက်တော့တာ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဩော် အဲသလိုကိုး၊ ဟိုဘက်ရယ်၊ ဒီဘက်ရယ်၊ ရေလယ်ချက်ရယ်၊ ဘယ်နှခု၊ (သုံးခုပါဘုရား)၊ သုံးခုပြီးသွားပြီ၊ ဘယ်နှခု၊ (သုံးခုပြီးသွားပြီ ဘုရား)။

ကျွန်းလို မိုမိုမောက်မောက်

ရှေ့ကျတော့ ဘာပါလိမ့်မလဲ၊ 'ကျွန်း' ဟုတ်တယ်၊ ကျွန်းဆိုတဲ့ ဥစ္စာ၊ မိုမောက်ပြီးတော့နေတာ၊ ရေတောင် မလွှမ်းမိုးနိုင်တာ မဟုတ်လား၊ သဲတွေ၊ သောင်တွေ၊ မို့မောက်လာတော့ ကိုင်းပင်တွေပါပေါက်၊ သစ်ပင်ကြီးတွေပါ ပေါက်ပြီးတော့ ကျွန်းကြီးသဖွယ် ဖြစ်နေတာ မဟုတ်လား၊ အဲဒီကျွန်းပေါ်မှာ ရေလွှမ်းနိုင်ရဲ့လား၊ (မလွှမ်းနိုင်ပါဘူး ဘုရား)၊ အဲဒီသဘောပဲ၊ ဘုန်းကြီးတို့တစ်တွေလည်း ကျွန်းသောင်ပေါ်မှာတင်တယ်ဆိုတာ အခြားမဟုတ်ဘူး၊ ကျွန်းလို မိုမိုမောက်မောက်၊ မောက်မောက်မာမာ လုပ်နေတဲ့သဘောက 'မာန' မဟုတ်လား၊ ဘာတဲ့၊ (မာနပါဘုရား)၊ မာနတွေ တယ်ကြွားတာပဲ၊ မောက်ကြွားကြတယ်နော်၊ ဒီဥစ္စာကလေးတွေ မောက်ကြတယ်၊ ပြိုင်လိုက်မယ်၊ ကားကားချင်း ပြိုင်မယ်၊ စိန်စိန်ချင်း ပြိုင်မယ်၊ ထဘီထဘီချင်း ပြိုင်မယ်၊ ဒီလိုလေးတွေ ရှိတယ်နော်၊ အမယ်သူတို့လောက်တော့ တို့လည်း လိုက်နိုင်ပါတယ်၊ ဒီလိုလေးတွေ မောက်မောက်မာမာဟာ မာနမဟုတ်လား၊ မာနနဲ့ နိဗ္ဗာန်နဲ့တည့်လား၊ (မတည့်ပါဘူး ဘုရား)၊ ဒီလိုမာနတွေသာ ရှိနေလို့ကတော့ နိဗ္ဗာန်ရမလား၊ (မရပါဘူးဘုရား)၊ မရလိုက်သမှ ဒီပုဂ္ဂိုလ်ဟာ မောက်မောက်မာမာ

လုပ်နေတယ်ဆိုရင် ကျွန်းသောင်ပေါ်တင်နေတဲ့ တုံးကြီးလိုပေါ့။ ဟို. . . ပင်လယ်သမုဒ္ဒရာတိုင်အောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါဘူးဘုရား)၊ အလားတူပါပဲ၊ မောက်မာပြီးတော့နေတဲ့ ပုဂ္ဂိုလ်လည်း နိဗ္ဗာန်တိုင်အောင် ရောက်မလား၊ (မရောက်ပါဘူး)။ မရောက်ဘူး၊ တို့ ဘယ်နှယ့်ကြောင့် နိဗ္ဗာန်ခုထိ မတွေ့သေးပါလိမ့်၊ လုပ်မနေနဲ့၊ ဒီအထဲက တစ်ချက်ချက် ငြိချင်ငြိနေမှာပေါ့။ ဒီဘက်ကမ်း ကပ်နေချင်ကပ်မယ်၊ ဟိုဘက်ကမ်း သွားကပ်ချင်လည်း ကပ်မယ်၊ ရေလယ်မြုပ်တဲ့သူလည်း မြုပ်ချင်မြုပ် နေမယ်၊ ကျွန်းသောင်ပေါ်တင်ချင် တင်နေမယ်၊ အဲသလိုတွေ ဖြစ်နေဦးမယ်နော်၊ အမယ် တို့မရဘူး၊ အပြစ်တင်မနေနဲ့။

ဒီအထဲက တစ်ချက်ချက်ငြိနေရင် နိဗ္ဗာန်တိုင်အောင် ဆိုက်ပါ့မလား၊ (မဆိုက်ပါဘူးဘုရား)။ မဆိုက်နိုင်ဘူး၊ မဆိုက်နိုင်ဘူး၊ အခုလို မောက်မောက်မာမာ လုပ်နေလို့ နိဗ္ဗာန်ရမလား၊ (မရပါဘူးဘုရား)။ ဘယ်ရမလဲ၊ နိဗ္ဗာန်က အဲသလိုမဟုတ်ဘူး၊ ဒီလိုမဟုတ်ပါဘူး။

ငါဆိုတဲ့မာနကြောင့်

ဟို မထေရ်မြတ်တစ်ပါးဆိုလို့ရှိရင် ငါဟာ. . . လောကမာတ် တစ်ထောင်မြင်အောင် ကြည့်နိုင်ပါတယ်၊ ငါဟာလုံ့လဝီရိယလည်း ကောင်းတာပဲ၊ ဒါပေမဲ့လို့ ဘယ်နှယ့်ကြောင့် ငါနိဗ္ဗာန်မရသေးတာလဲ၊ ဒီလိုလုပ်နေတယ်၊ လောကမာတ် တစ်ထောင်တောင် မြင်အောင်ကြည့်နိုင်ရဲ့သားနဲ့ ဘာလဲဆိုတော့ ဒီသဘောလေးက ဘာတုံး၊ (မာန)၊ မာန၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဆီသွားပြီး လျှောက်တော့ ငါ့ရှင် စကားထဲမှာပဲ ပါနေပြီ၊ ငါဟာလောကမာတ်တစ်ထောင် မြင်အောင်ကြည့်နိုင်ရဲ့သားနဲ့ ဆိုတဲ့စကားက ဘာတုံး၊ (မာနပါ ဘုရား)။ မာန၊ မာနလေးကို

ဖြုတ်ပြီးတော့၊ ငါဘာ့ကြောင့် မရနိုင်ပါလိမ့်မလဲ ဆိုတဲ့စကားလုံးက ဘာတုံး၊ (မာနပါ ဘုရား)၊ မာန၊ မာနပါနေပြီ ငါ့ရှင်ရဲ့၊ အဲဒီ မာနလေးကို လျှော့လိုက်စမ်း၊ အဲဒီဥစ္စာလေးကို ဖြုတ်ပြီးတော့ ရိုးရိုးလေး၊ စင်းစင်းလေး စိတ်ကို ဖျော့ဖျော့ကလေးထားပြီး နိဗ္ဗာန်ကိုဦးတည်ပြီးတော့ ကြိုးစားစမ်း ပါလို့ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးက ညွှန်ကြားတော့မှ အဲဒီအတိုင်း၊ ဩော် ဟုတ်သားပဲ၊ မာနနော်၊ ကြည့်စမ်း၊ ဟိုဘက်ကတော့ လောကဓာတ် တစ်ထောင်တောင် မြင်နိုင်တယ် မဟုတ်လား၊ အဘိညာဉ်တန်ခိုးနဲ့ အဲသလောက် ပုဂ္ဂိုလ်ကြီး၊ နိဗ္ဗာန်မတွေ့သေးဘဲ ဖြစ်နေတာကိုး၊ အဲဒီမှာ သူဘာခံနေ၊ (မာနခံနေပါတယ် ဘုရား)၊ အဲလိုဆို ကျွန်းသောင်ပေါ်တင် နေတာပေါ့၊ ရှင်သာရိပုတ္တရာကြီးက ညွှန်ကြားတော့မှ သူ ပြင်ပြီးအလုပ် လုပ်လိုက်တော့ မကြာပါဘူးတဲ့၊ ရသွားပါသတဲ့၊ အဲဒီလိုနော်၊ ဒါဖြင့် နိဗ္ဗာန်ရချင်တဲ့ ပုဂ္ဂိုလ်တွေဟာ မာနတွေ ခံနေလို့ကောရပါ့မလား၊ (မရပါဘူးဘုရား)၊ မရဘူး၊ မရဘူး၊ ဒါ သတိပြုပါ။

ငါ...ငါ...ငါပိုင်...ငါစိုး

ဘုရားလက်ထက်တုန်းက ဆန္ဒ၊ မြင်းမီးဆွဲ ဆန္ဒဆိုတာ ရှိတယ်၊ သူက ဘုရားကိုယ်တော်မြတ်ကြီး ဘုရားဖြစ်ပြီးတော့လာတော့ ဒီပြင် သူတွေလည်း သာသနာ့ဘောင်ထဲ ရောက်လာပါတယ်၊ သူလည်း သာသနာ့ဘောင်ထဲ ရောက်လာပြီးတော့ ဘုရားဟာ ငါ့ဘုရား၊ ငါနဲ့ တစ်နေ့တည်းလည်း မွေးဖွားတာ၊ နန်းတော်ထဲအတူတူ ကစားဖက်၊ ပြီးတော့ ငါက ငယ်ကျွန်တော်၊ သူတောထွက်တုန်းကတောင်မှ ငါက မြင်းကြီးနဲ့ လိုက်ပို့ ရတာ၊ အမယ် ခုကျမှ ဘယ်သူတွေ ဘယ်ဝါတွေက သာသနာတော်ထဲ ရောက်လာပြီးတော့ နေရာတွေ ယူလိုက်ကြတာ၊

လက်ဝဲတော်ရံတဲ့၊ လက်ျာတော်ရံတဲ့၊ အမယ်လေး . . . အမယ်လေး . . . ယူလိုက်ကြတာ၊ ဝေယျာဝစ္စပြုသတဲ့၊ အမယ် နောက်မှပေါ်တဲ့ ရွှေကြာပင်တွေ၊ သူက ဒီလိုလုပ်နေတာ၊ တောထွက်တုန်းကတော့ဖြင့် ဘယ်သူမှ သိကြတာ မဟုတ်ဘူး၊ ငါပဲ မြင်းကြီးနဲ့ လိုက်ပို့လိုက်ရတာ၊ ဒီတုန်းက ဘယ်သူမှ အသိအမှတ် ပြုကြတာ မဟုတ်ဘူး၊ အဲဒါကြောင့် ဒီဘုရားဟာ ငါဘုရား၊ အမယ် သူပါးစပ်က ထွက်တဲ့တရားတွေလည်း ငါတရားတွေပေါ့တဲ့၊ သူက ဒီလိုလုပ်နေတာ၊ ငါလာ ဆရာမလုပ်ကြနဲ့တဲ့၊ အတော် အပြောရခက်နေတာပဲ၊ မောက်မောက်မာမာလေ၊ တရားရမလား၊ (မရပါဘူး ဘုရား)။

ဗြဟ္မဒဏ်ဆိုတာ မြတ်သောဒဏ်

မရဘူး၊ ၄၄-နှစ် ဘုရားကိုယ်တော်မြတ်ကြီးက ၄၅-ဝါ၊ နောက်တစ်ဝါလောက်ကျမှ သူက ရောက်လာတာဆိုတော့၊ ဘုရား ကိုယ်တော်မြတ်ကြီး ၄၅-ဝါပြည့်လို့ ပရိနိဗ္ဗာန်ပြုတော့၊ သူက ၄၄-နှစ်ရှိပြီပေါ့။ ရဟန်းဘဝနဲ့ ၄၄-နှစ်ရှိပြီ၊ တရားမရဘူး၊ ဘာပြုလို့တုံး၊ မာန်မာနတွေ မောက်ကြွားနေလို့၊ အရှင်ဘုရား သူ့အပေါ် ပြောရဆိုရ ခက်လိုက်တာ ဘုရား၊ သူ့ဘယ်လို ဆက်ဆံရမလဲဘုရား၊ ဘုရားကိုယ်တော်မြတ်ကြီး ပရိနိဗ္ဗာန် ပြုတော့မယ်လုပ်တော့ အရှင်အာနန္ဒာက လျှောက်တော့၊ သူ့ ဗြဟ္မဒဏ်ထားကွဲ၊ ဘာတဲ့တုံး၊ (ဗြဟ္မဒဏ်ပါဘုရား)၊ ဗြဟ္မဒဏ်ဆိုတာ ဘယ်လိုဟာလဲဘုရား၊ 'ဗြဟ္မ'ဆိုတာ မြတ်သော၊ 'ဒဏ္ဍ'က ဒဏ်၊ သူ့အပေါ် ဘာဒဏ်ထားရမယ်၊ မြတ်သောဒဏ်ထားရမယ်၊ မြတ်သော ဒဏ်ဆိုတာ ဘယ်လိုဟာလဲ ဘုရား၊ အို . . . မြတ်သောဒဏ်ဆိုတာ သူပြောချင်ရာပြောပေစေ၊ သူဆိုချင်တာဆိုပေစေ၊ သူလုပ်ချင်တာ

လုပ်ပေစေ၊ သွားချင်တာသွားပေစေ၊ သူ့ဝိုင်းပယ်ထားလိုက်၊ ဒီ အဓိပ္ပာယ် မဟုတ်လား၊ အဲဒါနဲ့ ဘုရားကိုယ်တော်မြတ်ကြီးက ပရိနိဗ္ဗာန် ပြုပြီးသွားပြီ၊ နောက်ပိုင်းကျတော့ အရှင်အာနန္ဒာက သူ့ကို သွားပြောရတယ်၊ ငါ့ရှင်၊ ငါ့ရှင်အပေါ်မှာ ဘုရားကိုယ်တော်မြတ်က ဇြဟ္မဒဏ်ထားရမယ်တဲ့ မှာခဲ့တယ်၊ ဇြဟ္မဒဏ်ဆိုတာ ဘယ်လိုလဲဘုရားဆိုတော့ ခုနတုန်းက အဓိပ္ပာယ်တွေ ရှင်းပြတာပဲ့၊ အမယ်လေး၊ ဒီလိုတော့ မလုပ်ပါနဲ့ ဘုရား၊ မလုပ်ပါနဲ့ ဆိုပေမယ်လို့ လုပ်ရမှာပဲ၊ သူ့ဝိုင်းပယ်ထားမှာ၊ မလုပ်နဲ့၊ ငါ့ရှင်ကို ဘယ်သူမှ အဖက်မလုပ်ရဘူးတဲ့၊ ဒီအချိန်ကစပြီး ဇြဟ္မဒဏ်ထားပြီလို့ ကြေငြာလိုက်တာနဲ့ တစ်ပြိုင်နက် အိုး. . . အရှင်ဘုရားတို့ရဲ့၊ ဟိုတစ်ချိန် တုန်းကတော့ တပည့်တော် မောက်မာခဲ့ပါတယ်၊ ယခုအချိန်ကျတော့ ဘုရားကိုယ်တော်မြတ်ကြီးလည်း မရှိဘူး။

တပည့်တော်ကို ဒီလိုဝိုင်းပယ်ထားလို့ရှိရင် ဘယ်လိုလုပ်နေရ တော့မှာလဲဘုရား ဆိုပြီးတော့၊ ငိုရင်းယိုရင်းနဲ့ တစ်ခါတည်း မူးခနဲ၊ မိုက်ခနဲ၊ ဗိုင်းခနဲလဲကျသွားတာ ဘယ်လောက်ကြာတယ်တောင်မသိဘူး၊ သတိရ တော့မှ လူးလဲထလိုက်တော့၊ ခပ်လှမ်းလှမ်း ကိုယ်တော်တစ်ပါး မြင်တော့၊ သူ အားကိုးတကြီးပြေး သွားလိုက်တာလေ၊ ဟိုကိုယ်တော်က ဆီးပြီးတော့ မျက်နှာကို တည်တည်ကြီးလုပ်နေလိုက်တာ၊ သူပယ်ရမယ် မဟုတ်လား။

အားကိုးရမလားလို့၊ အဲဒီတင် ခပ်လှမ်းလှမ်းမြင်တဲ့ ကိုယ်တော် ဆီ ပြေးပြန်တော့၊ ဟိုကလည်း တည်တည်ကြီးလုပ်နေတာ၊ ဟိုပြေးကပ်၊ ဒီပြေးကပ်၊ အားကိုးရာမဲ့ ဖြစ်တော့တာ၊ အိုး- သနားစရာပါပဲ၊ ဒီကျတော့ လည်း သူနေစရာ မရှိရှာပါဘူး။

မာန်ကိုချပြီးမှ

အကုန်လုံး ဝိုင်းပယ်ထားကြပြီမဟုတ်လား၊ အဲသလိုဖြစ်သွား ပါတယ်၊ နောက်တော့ သူ့မာန်မာနတွေ အကုန်ချပြီးတော့၊ မထေရ်ကြီး တွေထံ ချဉ်းကပ်ပြီးတော့၊ တပည့်တော်ကို ဆုံးမတော်မူကြပါ ဘုရား၊ တပည့်တော်ကို ပစ်မထားကြပါနဲ့ဘုရား၊ ဒီတော့လည်း ဟိုကျောင်းလည် လျှောက်၊ ဒီကျောင်းလည်လျှောက်၊ သနားစရာပဲနော်၊ အဲသလိုဖြစ် ပါတယ်၊ စောစောတုန်းက မာန်မာနတွေ မောက်ကြွားပြီးတော့ နေခဲ့ တာလေ၊ အခုတော့မာန်မာနတွေ အောက်ကျကုန်ပြီ မဟုတ်လား၊ (မှန်ပါ ဘုရား)၊ တပည့်တော်ကို တရားလေးဟောပါဦး ဆိုတော့၊ အေး-အားလုံး သခ်ၤါရတရားတွေဟာ မမြဲဘူးကွဲ့၊ အနိစ္စကွဲ့၊ ဒါတွေရှုကွဲ့.ဆိုတော့ အဲဒီဥစ္စာရှုပါတယ်၊ ဟုတ်ပါ့၊ ဖြစ်ပျက်တွေမြင်နေတယ်၊ ဟုတ်ပါ့၊ ဖြစ်ပျက်တွေမြင်ပါ့၊ မထေရ်ကြီးတွေ ပြောတဲ့အတိုင်း ရှုတော့လည်း အဖြစ်အပျက်တွေ မြင်နေတယ်။

အပျက်တွေမြင်တဲ့အခါ

သို့သော် နိဗ္ဗာန်ကျတော့ မမြင်သေးဘူးဖြစ်နေတယ်၊ ဘယ်လို ဖြစ်နေပါလိမ့်၊ ဖြစ်ပျက်တွေရှုလိုက်၊ ပျက်ပျက်ကုန်တယ်၊ ပျက်ပျက် ကုန်တာတွေတွေ့.တော့ ထိတ်ထိတ်သွားတယ်၊ ဖိုခန့်၊ တစ်ခါတစ်လေ သစ်ပင်ကိုင်းကို ကိုင်ထား၊ ကိုင်ထားတဲ့ကိုင်းကြီးက အရင်းကဖြောင်းခနဲ ကျိုးကျတော့ ချောက်ထဲ၊ ဟိုး ချောက်ထဲအောက်ကို ကျသွားသလိုလည်း ထင်လိုက်တယ်၊ ဖိုခန့်၊ တစ်ခါတလေ လူကိုယ်တိုင် ချောက်ထဲကျသွား သလား အောက်မေ့ရတယ်၊ အပျက်တွေမြင်တာကိုး၊ ကြည့်လိုက်တဲ့အခါ ပျက်ပျက်ကုန်တာ၊ ပျက်ပျက်ကုန်တာတွေမြင်တော့ ဖိုခန့်၊ ကြောက်ခနဲ၊

လန့်ခနဲ ဖြစ်ဖြစ်သွားတယ်၊ ဘာဖြစ်မှန်းလည်း မသိဘူး၊ အဖြစ်အပျက်တွေ ရှုဆိုလို့၊ အခု အဖြစ်အပျက်တွေ ရှုတာ၊ အပျက်တွေ မြင်တယ်နော်၊ အပျက်တွေမြင်တော့ လန့်လန့်သွားတယ်မဟုတ်လား။

ရုပ်နာမ်နှစ်ပါး ပျက်တာပါ

ဘာပြုလို့ လန့်တာပါလိမ့်မလဲဆိုတော့၊ ဒီပျက်တာဟာ ငါပျက်တယ် လုပ်တာပေါ့။ ငါပျက်တယ်ဆိုတော့ အောက်ကိုကျသွားတယ်၊ ပျက်ကျသွားတယ်၊ ငါ ပျက်သွားတယ်ဆိုတော့ ငါဆိုတော့၊ ပျက်တာနဲ့ ငါနဲ့၊ သူက ရောနေတာမဟုတ်လား၊ အမှန်က ငါကောရှိလို့လား၊ (မရှိပါဘူးဘုရား)၊ ခန္ဓာငါးပါးသာရှိတာ၊ ခန္ဓာငါးပါးကြီး ပျက်သွားတာ ငါပျက်တယ် လုပ်နေတာ၊ ရုပ်နာမ်နှစ်ပါး ပျက်သွားတဲ့ဥစ္စာကို ငါပျက်တယ်လုပ်နေတာ၊ တကယ်တော့ ရုပ်နာမ်နှစ်ပါးက ရုပ်နာမ်နှစ်ပါးပဲ၊ ငါဟုတ်လို့လား၊ (မဟုတ်ပါဘူး ဘုရား)၊ ဒါဖြင့် ငါနဲ့ရောနေတာပေါ့။ (မှန်ပါ)၊ ခန္ဓာနဲ့ငါ ရောနေတယ်။

ခန္ဓာနဲ့ငါ မရောပါဘူးနဲ့

ခန္ဓာနဲ့ ငါနဲ့ရောနေတော့ ဟိုက အပျက်တွေ ပြပြနေတော့၊ သူကြောက်ကြောက်နေတာပေါ့။ ဘာ့ကြောင့်မှန်းလည်း မသိဘူး၊ ဒါနဲ့ အရှင်အာနန္ဒာရှိရာ ပြေးတော့မှ အရှင်အာနန္ဒာက သိလိုက်တယ်၊ သြော်-သြော်... ဒီဌိမကွာဘဲနဲ့ လုပ်နေတာကိုးဆိုပြီးတော့ ဒီဌိဆွာတာကို စဟောတာ၊ ငါနဲ့ဒီဌိ ကွာရမှာ၊ အားလုံးရှိတာ ခန္ဓာငါးပါး၊ ချဲ့လိုက်မယ် ဆိုရင် ရုပ်နဲ့နာမ်၊ ပျက်တယ် ဖြစ်တယ်ဆိုတာ ရုပ်နဲ့နာမ်၊ တစ်နည်းအားဖြင့် ခန္ဓာငါးပါး၊ ဒီထဲမှာ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးပဲ ဖြစ်ကြ ပျက်ကြတာ

မဟုတ်လား၊ အဲဒါကို ငါနဲ့ မခွာဘဲထားတော့ ငါပျက်တယ်၊ ငါဖြစ်တယ် လုပ်နေတာ မဟုတ်လား၊ ပျက်ပျက်သွားတာတွေမြင်တော့ ဖိုခန့်၊ ဖိုခန့် ဖြစ်သွားတာပေါ့။။

အဲဒါ ဒိဋ္ဌခွာတဲ့တရားတွေ ဟောပြီးတော့၊ ရှေ့ဆက်ရှုပုံ ရှုနည်းလေး ပြလိုက်တော့၊ ခဏလေးနဲ့ ရဟန္တာဖြစ်သွားပါတယ်၊ အေး. . . စောစောတုန်းကတော့ မာန်မာနတွေ မောက်ကြွားနေတော့ တရားရရဲ့လား၊ (မရပါဘူးဘုရား)၊ နောက်ပိုင်း မာန်မာနတွေချလိုက် တော့မှ ဘာဖြစ်၊ (တရားရသွားပါတယ်)၊ အဲဒီလို ဘုန်းကြီးတို့ သတိထား၊ ဒကာ ဒကာမများလည်း တို့ တစ်နည်းနည်းနဲ့ စီးပွားဥစ္စာကြောင့်၊ ဆွေမျိုးကြောင့်၊ ပညာဂုဏ်ကြောင့်၊ အလှဂုဏ်ကြောင့်၊ ဒီလိုတွေ မောက်မောက်မာမာကြီးတွေ လုပ်နေရင် တရားရမလား၊ (မရပါဘူး ဘုရား)၊ မရနိုင်ဘူး၊ မာန်မာနတွေ ချရမယ်မဟုတ်လား၊ အေး. . . ဒါသတိပြုပါ။ အဲသလို မာန်မာနတွေ တက်ပြီးတော့နေလို့ရှိရင် ကျွန်းသောင်ပေါ် တင်ရာ ရောက်မှာပေါ့။ ဟုတ်တယ်၊ ကျွန်းသောင်ပေါ် တင်ရာရောက်မယ်။

သညာသိရဲ့ ပညာသိ

'ပေါဋ္ဌိလ' ဆိုတဲ့ ကိုယ်တော်ကြီးက ပဋ္ဌကတ်သုံးပုံဆောင်ကြီးပေါ့၊ သူ့တပည့် ပရိသတ်တွေလည်း ငါးရာလောက်ရှိတယ်၊ စာပေပို့ချနေတာ၊ အင်မတန် စည်စည်ကားကားပါပဲ၊ မြို့ငြိမ်ဆိုင်ဆိုင်နဲ့၊ တပည့်ပရိသတ် တွေနဲ့ ဘုရားထံသွားပြီဆိုရင် ဘုရားကိုယ်တော်မြတ်ကြီးက မောယပုရိသ- အလကားကောင်ကြီး၊ ဆီးဆူတာ၊ တုစ္ဆပုရိသ- အလကား သူ့ဗိုက်ထဲ ဘာမှမရှိဘူး၊ အဲသလို ဆီးဆီးဆူနေတော့၊ ဘယ့်နှယ့်

ပိဋ္ဌကတ်သုံးပုံဆောင်ပဲ၊ ငါ့လည်း တပည့်ပရိသတ်တွေအများကြီးနဲ့၊ ငါ့အလကား ကောင်ကြီးလို့ ဆူဆူနေတယ်၊ ဘာကြောင့်ပါလိမ့်မလဲ၊ ဘာကြောင့်ပါလိမ့်မလဲနဲ့ ဘေးကိုမေးတော့မှ ကိုယ်တော်က စာတွေသာ ရထားတာ ပါးစပ်နဲ့သာ ရထားတာပဲ၊ ဉာဏ်နဲ့သိတာမှ မဟုတ်ဘဲနဲ့၊ ပါးစပ်နဲ့တော့ရတယ်၊ ဉာဏ်နဲ့သိတာ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)။ ဉာဏ်နဲ့သိရမှာ၊ ကိုယ်တော့်ဥစ္စာက သညာသဘောနဲ့ ပိတ်ပြီးတော့ ကျက်ထားလို့သာ ပါးစပ်ထဲရတာ၊ တကယ်ဉာဏ်နဲ့ သိတာမှမဟုတ်ဘဲနဲ့၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက ဆူတာ၊ ဩော် ဒီလိုလား၊ ဟုတ်တယ် ကိုယ်တော်၊ ကဲ ဒီလိုဆိုလို့ ရှိရင် ဉာဏ်နဲ့ လက်တွေ့သိအောင် လုပ်မယ်၊ ဒီခန္ဓာထဲ ဝိပဿနာရှုရမှာ မဟုတ်လား၊ (မှန်လှပါဘုရား)။

ဦးစွာပထမ မာန်ကိုခမြဲပါ

ဒါနဲ့ မထေရ်ကြီးတွေ တက်လျှောက်တယ်၊ တပည့်တော် တရားအားထုတ်နည်းလေး ပေးပါဆိုတော့ မထေရ်ကြီးက ဒီကိုယ်တော် လွယ်လွယ်ပေးလို့ မဖြစ်ဘူး၊ မာနကြီးတဲ့ပုဂ္ဂိုလ်၊ သွား ဒုတိယကိုယ်တော်ထံ သွားတောင်း၊ ဒုတိယကိုယ်တော်ထံသွားတော့ ဒုတိယကိုယ်တော်ကလည်း မထေရ်ကြီးက ငါဆီလွှဲတာ အဓိပ္ပာယ်ရှိရမယ်၊ အထက်ကိုယ်တော်ကြီးတွေလုပ်တာ၊ သွား တတိယကိုယ်တော်ထံ၊ စတုတ္ထကိုယ်တော်၊ ပဉ္စမကိုယ်တော်၊ ဆဋ္ဌမကိုယ်တော်၊ သတ္တမကိုယ်တော်၊ အဋ္ဌမကိုယ်တော်၊ နဝမကိုယ်တော်၊ ဒသမကိုယ်တော်နဲ့ သွားလိုက်တဲ့ဥစ္စာ တစ်ကျောင်းလုံးကုန်ရော၊ ကိုယ်တော်တွေလေ၊ မပေးဘူး။

ဘာဖြစ်လို့တုံးဆိုတော့ ဟိုတုန်းက မာနကြီးတဲ့ကိုယ်တော်ကြီး မဟုတ်လား၊ အမယ် သူကိုယ်သူ စာတတ်တယ် လုပ်နေတာ၊ တပည့်

ပရိသတ်တွေ မျှားတယ်ဆိုပြီးတော့ မာနကြီးတဲ့ ကိုယ်တော်ကြီးဆိုတော့ ဒီတိုင်း လွယ်လွယ်မပေးဘူးပေါ့။ ဟိုး အောက်ဆုံးကိုယ်တော်ကလေးက လည်းမပေးဘူး၊ သွား ဟိုကိုရင်ကလေးထံ၊ ကိုရင်ကလေးကလည်း အဲဒီမှာ ၇ နှစ်သားအရွယ်လေး ရှိတယ်တဲ့ ၊ အမယ်သူက ရေနွေးအိုးတည်မလို့ မီးဖိုထဲမှာ ဖိုခုံလောက်ပြင်နေတာ၊ ကိုရင်ကလေးသာပြောတယ် ရဟန္တာ။

ဘာတဲ့တုံး (ရဟန္တာပါဘုရား)၊ ရဟန္တာ၊ အသက် ၇-နှစ် အရွယ် ရဟန္တာကိုရင်ကလေးပဲ၊ သူ ဝေယျာဝစ္စလုပ်ပြီးတော့နေတုန်း၊ အရှင်ဘုရား တပည့်တော်ကို ကမ္မဋ္ဌာန်းအားထုတ်နည်းလေး ပေးပါဆိုတော့ ကိုရင်ကလေးကလည်း အေး . . . အထက်က ကိုယ်တော်ကြီးတွေ မပေးတာ အဓိပ္ပာယ်ရှိရမယ် မဟုတ်လား၊ ဒီတော့ လွယ်လွယ်ပေးလို့ မဖြစ်ဘူး၊ အရှင်ဘုရားက တပည့်တော်ဆီလာပြီးတော့ တရားတောင်းတယ်ဆိုတော့၊ တပည့်တော်ခိုင်းတဲ့အတိုင်း လုပ်မှာလား၊ လုပ်ပါ့မယ် ကိုရင်ကလေးရဲ့၊ အမယ် ဒီမှာလေ စောစောတုန်းက မာန်မာန အင်မတန်ကြီးတဲ့ကိုယ်တော်ကြီး မဟုတ်လား၊ (မှန်ပါ)၊ အခုတော့ ကိုရင်ကလေးကို သူလက်အုပ်ချီ တောင်းပန်နေပြီမဟုတ်လား၊ အိုး- တပည့်တော်ခိုင်းတဲ့အတိုင်း တကယ်လုပ်မှာလား၊ လုပ်ပါ့မယ် ကိုရင်ကလေးရဲ့၊ ဒီလိုဆိုဆုတ်နောက်ကို၊ လေးငါးခြောက်လှမ်းလောက် ဆုတ်၊ ဆုတ်ပြီးတော့ အဲဒီကနေ အရှိန်နဲ့ပြေးလာခဲ့၊ ဟောဒီရေကန်ကြီးထဲ ခုန်ချရမယ်၊ ကျောင်းထဲမှာ ရေကန်ကြီးတစ်ခုကလည်း ရှိတာကိုး၊ သြော် သူ့ခမျာ ခိုင်းတဲ့အတိုင်းတော့လည်း လုပ်ရှာတယ်နော်၊ အဲဒီတင် နောက်ကိုလေးငါး ခြောက်လှမ်းလောက် နောက်ဆုတ်တယ်။

နောက်ဆုတ်ပြီးတော့ ပြေးလာတာ၊ သင်္ဘန်းကြီး လုံးလုံး လုံးလုံး

လုံးလုံးနဲ့၊ ပြေးလာလို့ ရေစပ်ရောက်တော့၊ ကိုရင်လေးက ဟိုး ဟိုး ဟိုး. . . တားတယ်၊ တကယ်ခုန်တော့မှာ မဟုတ်လား၊ တော်ပြီ၊ တော်ပြီ၊ အရှင် ဘုရား တပည့်တော်ခိုင်းတဲ့အတိုင်း တကယ်လုပ်မှာ သိပြီ၊ သိပြီ။

ငါးပေါက်ကိုပိတ်ထား

ကဲ-မခက်ပါဘူး အရှင်ဘုရားရဲ့၊ တရားအားထုတ်တာမျှား၊ ဟော-တပည့်တော်ပြောမယ် တောင်ပို့ကြီးတစ်ခုရှိတယ် အရှင်ဘုရားရဲ့၊ အပေါက်က ခြောက်ပေါက်၊ အပေါက်က၊ (ခြောက်ပေါက်)၊ ဘာကြီးတုံး၊ တောင်ပို့ကြီး၊ အဲဒီခြောက်ပေါက်ရှိတဲ့ တောင်ပို့ကြီးကို ငါးပေါက်ကို ပိတ်ထား၊ ဟို-ကျန်တဲ့ တစ်ပေါက်ကသာ စောင့်ဖမ်း၊ ဒီအထဲမှာရှိတဲ့ 'ဖွတ်' ဘယ်ပြေးမလဲကိုယ်တော် မိရမှာပေါ့၊ ဟာ-ဟုတ်ပြီဘုရား၊ သူကလည်း ပိဋကတ်သုံးပုံဆောင်ကြီး မဟုတ်လား၊ အရိပ်အမြွက် ပြောရုံနဲ့ သဘောပေါက်တာပေါ့။

မနော တစ်ပေါက်တည်းမှ စောင့်ဖမ်း

တောင်ပို့ကြီးဆိုတာ ဒီခန္ဓာကိုယ်ကြီးပြောတာ၊ အပေါက်က ဘယ်နှပေါက်၊ (ခြောက်ပေါက်ပါဘုရား)။ ဘယ်သူတွေတုံးဆိုတော့ မျက်စိပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်၊ ကိုယ်ပေါက်၊ စိတ်ပေါက်၊ ဘယ်နှပေါက်၊ (ခြောက်ပေါက်ပါဘုရား)။ ခြောက်ပေါက် ရှိတဲ့အနက် ရှေ့ဘက်က ငါးပေါက်ကိုပိတ်ထား၊ ပိတ်ထားဆိုတော့ တကယ် လိုက်ပြီးတော့ ပိတ်ဖို့၊ ဆို့ဖို့မဟုတ်ပါဘူး၊ အာရုံမပြုဘဲ ထားမယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ ဟော. . . မနောပေါက် တစ်ပေါက်ကနေပြီးတော့ စောင့်ဖမ်းမယ် မဟုတ်လား၊ ဒီလိုဆို ကိုယ့်သန္တာန်မှာ ရှိနေတဲ့ အဖြစ်

အပျက်ကလေးတွေ မတွေ့နိုင်ဘူးလား၊ (တွေ့နိုင်ပါတယ် ဘုရား)၊ တန်းသဘောပေါက်တယ်၊ အဲဒီအတိုင်းလုပ်လိုက်တာ မကြာပါဘူးတဲ့၊ ဒီကိုယ်တော်ကြီးလည်း လေးမင်၊ လေးဖိုလ်ဆိုက်ပြီးတော့ ရဟန္တာကြီးဖြစ်သွားပါသတဲ့၊ စောစောတုန်းကတော့ သူ အဲဒီလိုတရားရရဲ့လား၊ (မရပါဘူး ဘုရား)၊ ဘာတွေဖြစ်နေလို့တုံး၊ မာန်မာနတွေ မောက်ကြွားနေလို့၊ အခုတော့ အဲဒီ မာန်မာနတွေချပြီးတော့ ကိုရင်ပေါက်စကလေးဆီထိအောင် သူသွားတောင်းပန်တာ မဟုတ်လား၊ အဲဒီအခါကျမှ တရားရပါတယ်၊ အဲသလိုနော် မောက်မာနေလို့ တရားရမလား၊ မရဘူး၊ ဘယ်နှခုပြီးပါလိမ့်၊ (လေးခုပြီးပါပြီ ဘုရား)၊ ဟိုဘက်ကမ်းရယ်၊ ဒီဘက်ကမ်းရယ်၊ ရေလယ်ရယ်၊ ကျွန်းသောင်ရယ်၊ ဟိုဘက်ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက်မတင်၊ လေးခုပြီးသွားပြီနော်။

ရဟန်းဖြစ်လျှင် ရဟန်းအလုပ် လုပ်ပါ

ဟို-နံပါတ်ငါးကျတော့ လူဆယ်တယ် ဆိုတာက ဘာပြောတာလဲဘုရား၊ တပည့်တော်တို့ တုံးကြီးကို လူဆယ်တယ်ဆိုတာတော့ သဘောပေါက်ပါရဲ့၊ တပည့်တော်တို့ လူဆယ်တယ်ဆိုတာ ဘာပြောတာလဲဘုရား၊ အေး-ဒါက မင်းတို့တစ်တွေနဲ့ ဆိုင်တာပေါ့ကွာ၊ ဘယ်လိုလဲလို့ဆိုတော့ **'ကွမ ဘိက္ခု ဂိဟီဟိ သံသဋ္ဌော'**၊ လူတွေနဲ့ရောနေတာ၊ ရဟန်းလုပ်ပြီးတော့ ရဟန်းပီပီ မနေချင်ဘူး၊ လူတွေနဲ့ရောတယ်၊ **ဂိဟီဟိ သံသဋ္ဌော၊ သုခိတေသု သုခိတော၊ ဒုက္ခိတေသု ဒုက္ခိတော၊ ဥပ္ပန္နေသု ကိစ္စကရဏီ ယေသု . . .။**

ဟော. . . လူတွေကိစ္စထဲ ရောနှောပြီးတော့ ရဟန်းကလည်း လုပ်နေတယ်၊ လူတွေစီးပွားရေးထဲ လျှောက်ပူနေတယ်၊ လူတွေအဆင်

ပြေတဲ့အခါ သူလည်း ပြုံးပြုံး ပြုံးပြုံးနဲ့၊ လူတွေ အဆင်မပြေဘူးဆိုရင် သူလည်း မျက်နှာလေးညှိုးလို့၊ အမယ် လူတွေရဲ့ ဖမ်းယူခြင်းကို ခံနေရတာ မဟုတ်လား၊ (မှန်ပါ)။ ရဟန်းဖြစ်နေပြီးတော့ ရဟန်းအလုပ်၊ ရဟန်းဘဲနေ မနေဘူး၊ အဲသလို ရောနေတယ်ဆိုရင် ဒီပုဂ္ဂိုလ် လူအဆယ်ခံရတာပေါ့။ ဘာအဆယ်ခံရ၊ (လူအဆယ်ခံရတာပါ ဘုရား)၊ ဘာအဆယ်ခံရ၊ (လူအဆယ်ခံရတာပါ ဘုရား)၊ လူအဆယ်ခံရတာ၊ အမယ်လေး . . . ဟော အရှင်ဘုရား၊ ဒီကိစ္စလေးအတွက် သွားပေးပါဦးဆိုရင် သွားတာပဲ၊ ဒီကိစ္စကတော့ အရှင်ဘုရားမှ ဆောင်ရွက်နိုင်မှာဆိုရင် လိုက်လုပ်ပေးတာ၊ အဲသလိုဆိုငေးဟ့ လူတွေရဲ့အခိုင်းခံ၊ လူတွေစိမ်သလို သွားလာလုပ်ကိုင်ပေးနေတယ်ဆိုတော့ ဘယ့်နှယ့်တုံး၊ လူအဆယ်ခံရတာ၊ လူအဆယ်ခံရတဲ့ တုံးကြီးဟာလေ၊ ဟိုး. . . ပင်လယ်ထိအောင် မရောက်နိုင်သလို၊ လူအဆယ်ခံရတဲ့ ရဟန်းရော ပင်လယ်ကြီးနဲ့တူတဲ့ နိဗ္ဗာန်တိုင်အောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက်နိုင်ပါဘူးဘုရား)၊ မဆိုက်နိုင်ဘူး၊ အဲသလို ဖြစ်တာနော၊ ဟုတ်ပါ့။ လူဆယ်တာ၊ အဲဒီ သဘောမျိုးတွေ ရှိပါတယ်၊ ဒီခေတ် ဒီအခါမှာလည်း ရှိတယ်၊ ဟိုး . . . ခေတ်တုန်းကလည်း ဒီအကြောင်းအရာတွေ ရှိနေလို့မို့လို့ ပြောတာမဟုတ်လား၊ အေး . . . ရဟန်းဆိုတာ ရဟန်းကျင့်ဝတ်အတိုင်း နေရမှာ မဟုတ်လား၊ လူတွေနဲ့ သွားရော ပြီးတော့ လူတွေခိုင်းသလို လုပ်နေတယ်ဆိုရင် ဒီပုဂ္ဂိုလ် လူအဆယ်ခံရပြီပေါ့။ (တင်ပါ့ သဘောပေါက်ပါပြီ ဘုရား)။

လူရောဘုန်းကြီးပါ အဆယ်ခံရတာ

နတ်အဆယ်ခံရတယ်ဆိုတာကော ဘယ်လိုပြောတာလဲ ဘုရား၊ အေး. . . နတ်အဆယ်ခံရတယ်ဆိုတာကတော့ အားလုံး လူတွေရော၊

ဘုန်းကြီးတွေရော ဆိုင်တာပေါ့။ ကုသိုလ်ကောင်းမှုလေးတွေ ပြုကြပြီ ဆိုလို့ရှိရင် ဆုတောင်းတတ်ကြတယ်နော်၊ ဤကောင်းမှုကြောင့် တပည့်တော်တို့ နတ်စည်းစိမ် ရရပါလို၏၊ ဟုတ်ဘူးလား၊ အင်း-လူဘဝက ဒုက္ခတွေ များလွန်းလို့ဘုရား၊ နတ်ပြည်မှာတော့ဖြင့် စည်းစိမ်ဥစ္စာတွေ အပြည့်လို့ ပြောတယ်၊ အဲဒါကြောင့် ဒီကောင်းမှုကြောင့် ဆိုပြီးတော့ နတ်ပြည် နတ်နန်းကိုပဲ စံမြန်းချင်ကြတာ မဟုတ်လား၊ အေး- အဲသလို ရည်ရွယ်ပြီးတော့ လုပ်လို့ကတော့ဖြင့်၊ တကယ့်စွဲစွဲလမ်းလမ်းနဲ့ လုပ်တယ် ဆိုလို့ရှိရင် ရောက်တယ်နော်။

သီလတွေပါ ဆောက်တည်၊ ဒါနတွေပါပြုပြီးတော့ ကျကျနန ဆုတောင်းရင် နတ်ပြည် ရောက်တာပေါ့။ နတ်ပြည် ရောက်တယ်ဆိုလို့ ရှိရင် နတ်ပြည်မှာ နတ်စည်းစိမ်တွေက ပေါပဲ့။ ပြီးတော့ သက်တမ်းတွေ ကလည်း ရှည်တယ် မဟုတ်လား ကိုယ်က နိဗ္ဗာန်မြန်မြန် ရောက်ချင် တယ်ဆိုပြီးတော့ နတ်ပြည်တင် နှစ်ပေါင်းများစွာ သောင်တင်နေရင် နိဗ္ဗာန် ရောက်ပါဦးမလား၊ (မရောက်ပါဘူးဘုရား)။ ဘယ်မှာ သောင်တင် နေတုံး၊ နတ်ပြည်မှာ သောင်တင်နေမယ် သို့မဟုတ် ငြဟ္ဘာပြည်ရောက်နေ ရင်ကော၊ ကဲ. . . နိဗ္ဗာန်မရောက်ဘဲ ဘယ်မှာ သောင်တင်နေတုံး၊ (ငြဟ္ဘာ ပြည်မှာ သောင်တင်နေပါတယ် ဘုရား)။ ငြဟ္ဘာပြည်မှာ သောင်တင် နေတယ်ဆိုတော့ နတ်ပြည်၊ ငြဟ္ဘာပြည်မှာ အဲသလို လမ်းခုလတ်တွင် သောင်တင်ပြီးတော့ နေတယ်ဆိုရင်၊ ဘယ်သူအဆယ် ခံရ (နတ်အဆယ် ခံရပါတယ် ဘုရား)။ နတ်အဆယ်ခံရတာ၊ ဒါသတိပြုပါ။

နတ်ပြည်၊ ငြဟ္ဘာပြည်မှာ ကြာမြင့်စွာ
ကုန်းကြီးတို့ ဒီပစ္စုပ္ပန်ကာလမှာ တက္ကာ၊ ဥပါဒါန်၊ ကမ္မဘဝ၊

'ကမ္မဘဝ'က ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီလိုမဟုတ်လား၊ အို. . . ကန်တော့ပွဲလေးချလို့ ရိုရိုသေသေနဲ့ ကျိုးကျိုးလေးထိုင်ပြီးတော့ ဘုရားရှေ့မှာ၊ အဲဒါက ဘာကံ၊ 'ကာယကံ'၊ ပါးစပ်က တွတ်တွတ် တွတ်တွတ်နဲ့ ဆုတောင်းပြီးတော့နေတာက ဘာကံ၊ 'ဝစီကံ'၊ ကိုယ် ဖြစ်ချင်တဲ့ဥစ္စာကို ရည်မှန်းတာက ဘာတုံး၊ (မနောကံပါ ဘုရား)။ 'မနောကံ'၊ 'ကာယကံ၊ ဝစီကံ၊ မနောကံ'၊ ကမ္မဘဝတွေ မဟုတ်လား၊ အေး. . . အဲဒီကမ္မဘဝတွေလုပ်တဲ့အခါ သတိပြုပါ၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်၊ အဲသလိုတွေ တောင့်တပြီးတော့လုပ်ရင် အဲဒီရောက်တော့တာပဲ၊ ရောက်လို့ရှိရင် ဘယ်သူအဆယ်ခံရ၊ (နတ်အဆယ်ခံရပါတယ် ဘုရား)၊ နတ်အဆယ်ခံရပြီ ဆိုလို့ရှိရင်၊ နိဗ္ဗာန်မြန်မြန် ရောက်ရပါလို့၏လည်း ပြောသေး၊ အခု နိဗ္ဗာန်မရောက်သေးဘူး၊ လမ်းခုလတ်တွင် သောင်တင်နေတာပေါ့၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ အဲဒီတင် သောင်တင်နေတယ် ဆိုတော့ ဟော . . . ကဲ ချောချောမောမော နိဗ္ဗာန်တိုင်အောင် ဆိုက်သေးရဲ့လား၊ (မဆိုက်ပါဘူးဘုရား)။

အဲသလိုတွေ ဖြစ်တယ်၊ ဒီကျတော့ ဘုန်းကြီးတွေတင်မကဘူး၊ လူတွေလည်းပါတယ် မဟုတ်လား၊ အားလုံး ဘုန်းကြီးတို့ဒကာ ဒကာမတွေ သတိပြုပါ၊ လူအဆယ်ခံရတယ်၊ နတ်အဆယ်ခံရတယ်၊ သဘောရပြီလား။

ဓန္ဓာဝန်ဒုက္ခမှ ဂျပ်လွတ်လိုသောဆန္ဒဖြင့်

လူအဆယ်ခံရတယ်၊ နတ်အဆယ်ခံရတယ်၊ လူအဆယ်ခံရတာတော့ ရဟန်းတွေနဲ့ပဲ ပက်သက်တာပေါ့၊ နတ်အဆယ်ခံရတာကျတော့ ဒကာ၊ ဒကာမတွေကော မပါဘူးလား၊ (ပါပါတယ် ဘုရား)၊

ပါတယ်၊ သတိပြုပါ။ ဒါကို ဆရာတော်ဘုရားကြီးက သိပ်ပြောတာပဲ၊ အေး ကုသိုလ်ကောင်းမှုပြုပြီဆိုရင် မင်းတို့သတိပြုကြပါ တဲ့. . . ၊ စည်းစိမ်တွေ မတောင့်တနဲ့၊ စည်းစိမ်တွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာ)၊ အဲဒါမျှား အကောင်းမှတ်လို့၊ ဒုက္ခသစ္စာတွေ တောင်းနေတာ၊ အခုရရှိနေတဲ့ ဒုက္ခသစ္စာတွေက ငယ်သေးလို့၊ နည်းသေးလို့၊ ဒုက္ခကြီးကြီးပေးတော်မူပါ၊ ဒီလို မဖြစ်ပေဘူးလား၊ အဲသလို ဖြစ်သွားမယ်တဲ့၊ ဒါကြောင့် တောင်းတဲ့အခါ ဘယ်လိုတုံးဆိုတော့၊ အို. . . ခန္ဓာဝန်ဒုက္ခမှ ကျွတ်လွတ်ရပါလို၏၊ ခန္ဓာဝန်ဒုက္ခမှ ကျွတ်လွတ်ရပါလို၏၊ အခုရရှိနေတဲ့ခန္ဓာငါးပါးကြီးက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါဘုရား)၊ ဒီဒုက္ခသစ္စာကြီး၊ နေရထိုင်ရတာ သက်သာ လို့လား၊ (မသက်သာ ပါဘူး)၊ အခုကို မသက်သာပါဘူး၊ ပူလို့၊ အိုက်လို့ တဖျပ်ဖျပ် ယပ်ခတ်နေရတာ မသက်သာပါဘူး၊ ပူလို့၊ အိုက်လို့ တဖျပ်ဖျပ် ယပ်ခပ်နေရတာ မဟုတ်လား၊ အို သူ့အတွက် ကျွေးပေးရတယ်၊ မွေးပေး ရတယ်၊ သူ့အတွက် ရေမိုးချိုးပေးရတယ် မလုပ်ရဘူးလား၊ (လုပ်ရပါတယ် ဘုရား)၊ လုပ်ရပါ့၊ သူ့အစာဖြည့်ပေးရတာကော မရှိဘူးလား၊ (ရှိပါတယ် ဘုရား)၊ အို-အိပ်ချင်ပါတယ်ဆိုလို့ကော အိပ်ပေးရတာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)၊ အို-အကုန်လုံး သူညောင်းညာလို့ သူ့ နှိပ်ပေးပါဦးဆိုလည်း နှိပ်ရတယ် မဟုတ်လား၊ (နှိပ်ရပါတယ်ဘုရား)၊ တော်တော် ဒုက္ခပေးတာ မဟုတ်လား၊ အခုကိုပဲ မနေနိုင်လို့ ယပ်ခပ်ပေးပါဦးလို့ ပြောတယ် မဟုတ်လား၊ ယပ်ခပ်ပေး မနေရဘူးလား၊ (ပေးနေရပါတယ် ဘုရား)၊ ပေးနေရတာ၊ ဒီဥစ္စာကြီးမျှား သုခလို့ဆိုဦးမလား၊ အို-ဒုက္ခတုံး၊ ဒုက္ခခဲ၊ ဒုက္ခသစ္စာကြီး မဟုတ်လား၊၊

တောင်တ တောင်တနေလို့ ရရနေတာ

အဲဒါမသိလို့ ဘုန်းကြီးတို့တစ်တွေက ဒီ လူပြည် လူဘဝကိုပဲ တသသနဲ့ ပြန်ပြန်ပြီးတော့ တောင့်တနေတာ မဟုတ်လား၊ ဒီအတိုင်း ဖြစ်နေရတာ၊ ကိုယ်လိုချင်တယ်၊ ပြန်ပြန်ပေးပါဆိုလို့ ဒီပြန်ပြန် ဖြစ်နေတာ မဟုတ်လား၊ အေး . . . ဒါတွေသိတော့တဲ့၊ ဒါတွေသိပြီးတော့ ဒီဒုက္ခ သစ္စာတွေ ကျွတ်လွတ်ဖို့ရာ လှူဒါန်းပါ၏။

ဒီလိုလုပ်ပါတဲ့၊ ခန္ဓာဝန်ဒုက္ခမှ ကျွတ်လွတ်ရပါလို့၏၊ ဆရာတော် ဘုရားကြီး မျှားမျှားပြောပါတယ်နော်၊ အေး . . . ဘုန်းကြီးတို့ဒကာ ဒကာမမျှားလည်း သတိပြုပါ၊ ဆုတောင်းပြီဆိုရင် ခန္ဓာဝန်ဒုက္ခမှ ကျွတ်လွတ်ရပါလို့၏၊ ဒီလိုသာဆုတောင်းမှ ကျွတ်လွတ်တဲ့ နိဗ္ဗာန်ရမှာ မဟုတ်လား၊ ဟုတ်ပြီ၊ ရှေ့သွားကြစို့၊ အခုဟာက လူအဆယ်ခံရတယ်၊ နတ်အဆယ်ခံရတယ်၊ ဒီအဓိပ္ပာယ်မဟုတ်လား။

ဝဲဆိုတာ အာရုံငါးပါး

ရှေ့သွားတော့ ဘာတုံး၊ ဝဲဝယ် မြုပ်တယ် ဆိုတဲ့ဥစ္စာ၊ ဝဲဆိုတာ အာဝဋ္ဋဂါဟ-

'အာဝဋ္ဋဂါဟော တိ ခေါ ဘိက္ခု ပဉ္စန္နံ ကာမဂုဏာနံ အဓိဝစနံ'

ဟို-ဝဲဆိုတာ ချာချာကြီးလည်နေတာ မဟုတ်လား၊ တခြားပြောတာ မဟုတ်ပါဘူးကွယ်၊ ငါးပါးအာရုံကာမဂုဏ်၊ ငါးပါးအာရုံ ကာမဂုဏ် ဆိုတာ စောစောကုန်းက ပြောတဲ့အတိုင်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် အဲဒါကအခံမာတ်၊ ဟိုဘက်က အတိုက်မာတ်က ဘာပါလိမ့်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ၊ သူတို့တစ်တွေက အတိုက်မာတ်မဟုတ်လား၊ အခံမာတ်ခြောက်ပါး၊ အတိုက်မာတ်

ခြောက်ပါး၊ အဲဒီအတိုက်ဓာတ် ခြောက်ပါးထဲက နောက်ဆုံးတစ်ပါး ဖယ်လိုက်တော့၊ ရှေ့ဘက်က ငါးပါးက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ငါးမျိုးမဟုတ်လား၊ အဲဒီငါးမျိုးကလည်း သာမန်မဟုတ် ဘူးတဲ့၊ အလွန်အလွန်လှပတဲ့ အဆင်း၊ လှပေ့ဆိုတဲ့ အဆင်း၊ ကောင်းပေ့ ဆိုတဲ့ အသံ၊ ကောင်းပေ့ဆိုတဲ့ အနံ့၊ ကောင်းပေ့ဆိုတဲ့ အရသာ၊ ကောင်းပေ့ဆိုတဲ့ အတွေ့အထိ၊ အဲဒီငါးမျိုးကို အာရုံငါးပါး ကာမဂုဏ် တရား၊ ငါးပါးအာရုံကာမဂုဏ်၊ အတူတူပါပဲ၊ ပြောင်းပြန်ခေါ်လည်း အတူတူပဲ၊ အဲဒီငါးမျိုးကို ဘာခေါ်တယ်၊ အာရုံငါးပါး ကာမဂုဏ်တရား၊ အဲဒီ အာရုံငါးပါး ကာမဂုဏ်တရားထဲမှ မထွက်နိုင်ဘူး၊ ရစ်ဝဲရစ်ဝဲနဲ့ တလည်လည်ဖြစ်နေတယ် ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ် ဝဲထဲလှည့် နေတာပေါ့၊ အမယ် အများကြီးပဲ၊ ဝဲထဲလှည့်တဲ့သူတွေ၊ ဟော ခုလို ဥပုသ်နေ့လေး တောင်မှ တရားမနာနိုင်ဘူး၊ သင်္ကြန်တွင်းလေးတောင်မှ တရားစခန်း မကပ် နိုင်ဘူး၊ ဟို-အလုပ်ထဲမှာ၊ သားရေးသမီးရေးနဲ့ စီးပွားရေးထဲမှာ အကြောင်း အမျိုးမျိုးကြောင့်ပေါ့နော်၊ တဝဲလည်လည်နဲ့ မထွက်နိုင်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ အဲဒီအာရုံငါးပါး ကာမဂုဏ်တရားဝဲထဲမှာ မဟုတ်လား။

ဝဲဆိုတာ လှည့်ပြီးတော့ နှစ်တယ်

ချာလည်ချာလည် ချာလည်ချာလည်နဲ့၊ ဝဲဆိုတာ အစပိုင်း ကျယ်ကျယ်လှည့်သေးတယ် မဟုတ်လား၊ တဖြည်းဖြည်း ကတော့ကြီးလို ဖြစ်သွားပြီးတော့၊ ဟို. . . အလယ်ကောင် ရောက်မသွားဘူးလား၊ (ရောက်သွားပါတယ်ဘုရား)၊ ခွက်ကြီးလို ကတော့ကြီးလိုဖြစ်ပြီးတော့ အလယ်ကောင်လည်းရောက်ရော စပ်ဆို အောက်ကို နှစ်မြှုပ်ပစ်လိုက်တာ

မဟုတ်လား၊ အဲသလိုပဲ၊ အာရုံငါးပါး ကာမဂုဏ်တရားတွေ ကလည်း ဝဲကြီးတွေဆိုတော့ ပထမလှည့်သေးတယ်နော်၊ လှည့်ပြီးတော့ နောက်ဆုံး ကျတော့ ဘယ်ထိအောင်နှစ်၊ အပါယ်လေးပါး ထိအောင်နှစ်၊ ဘာတဲ့၊ (အပါယ်လေးပါး ထိအောင် နှစ်ပါတယ်ဘုရား)၊ အပါယ်လေးပါး ထိအောင် နှစ်တယ်နော်၊ အဲဒါမသိလို့၊ ဝဲထဲလှည့်နေတဲ့သူတွေ အများကြီး မဟုတ်လား၊ အေး အဲဒီလို ဝဲထဲလှည့်နေတဲ့၊ ဝဲထဲမှာချာချာ ကြီးလည် နေတဲ့ ပုဂ္ဂိုလ်တွေ အများကြီးမဟုတ်လား၊ အေး-အဲဒီလို ဝဲထဲမှာ လှည့်ပြီး တော့နေရတဲ့ ပုဂ္ဂိုလ်ကော နိဗ္ဗာန်တိုင်အောင် ဆိုက်နိုင်ပါ့မလား၊ (မဆိုက် နိုင်ပါဘူး ဘုရား)၊ ဩော်-ဩော်-ဩော်. . . ဒီလိုပြောတာကိုး၊ ဒါက နံပါတ်-၈ လား၊ နံပါတ် ဘယ်လောက်ပါလိမ့်၊ (ခုနစ်ပါ ဘုရား)၊ ဩော်. . . နံပါတ်ခုနစ်။

သီလကျိုးပေါက်ရင် အတွင်းဆွေး ဆွေးတယ်

ရှေ့သွားကြစို့၊ နံပါတ် ၈-ကျတော့ ဘာပါလိမ့်၊ ဆွေးပုပ်ပြီးတော့ သွားတာ၊ တုံးကြီးဆွေးပုပ်သွားတာတော့ တပည့်တော်တို့သဘော ပေါက်ပါရဲ့ အရှင်ဘုရား၊ တပည့်တော်တို့တစ်တွေ ဆွေးတယ်၊ ပုပ်တယ် ဆိုတာ ဘယ်လိုပြောတာလဲဘုရား၊ အေး-အဲဒါက-

ဣဓ ဘိက္ခု ဧကစ္စော ဒုဿီလော ဟောတိ ပါပ
ဓမ္မောအသုစိ သင်္ကဿရ သမာစာရော ပဋိစ္ဆန္နကမ္မန္တော။

ပုဂ္ဂိုလ်တစ်ယောက်ဟာ သီလတွေ ပျက်စီးပြီးတော့နေတယ်၊ လူဆိုလည်း လူ့သီလရှိရမှာနော်၊ သီလရှင်ဆိုရင်လည်း သီလရှင်ရဲ့ သီလပြည့်စုံ ရမှာ၊ သာမဏေဆိုလည်း သာမဏေသီလ ပြည့်စုံရမှာ၊ ရဟန်းဆိုလည်း ရဟန်းသီလ ပြည့်စုံရမှာ၊ အဲသလို မပြည့်စုံဘူး၊ အဲသလို

မပြည့်စုံဘူးဆိုရင် သီလတွေ ကျိုးကျိုးပေါက်ပေါက်နဲ့ဆိုရင် ဒီပုဂ္ဂိုလ်ဟာ အတွင်းဆွေး ဆွေးပြီပေါ့။ လူဆိုရင်အနည်းဆုံး ငါးပါးသီလလုံရမှာ၊ သီလရှင်တွေကျတော့ ဘယ်နှပါး၊ (ရှစ်ပါးပါဘုရား)၊ရှစ်ပါး၊ သာမဏေတွေကျတော့ ဘယ်နှပါး၊ (ဆယ်ပါးပါဘုရား)၊ ဆယ်ပါး၊ ရဟန်းတော်တွေကျတော့ နှစ်ရာနှစ်ဆယ့် ခုနစ်သွယ်၊ (၂၂၇-သွယ်)၊ ဘာတဲ့တုံး၊ ၂၂၇-သွယ်၊ ဒါက အကျဉ်းပြောတာနော်၊ အကျယ်အားဖြင့်ဆိုရင် ကုဋေကိုးထောင်တစ်ရာ ရှစ်ဆယ့်ငါးသန်း သုံးသောင်း ခြောက်ထောင်၊ နည်းပါဘူးနော်၊ ကုဋေကိုးထောင်တစ်ရာ ရှစ်ဆယ့်ငါးသန်း သုံးသောင်း ခြောက်ထောင်၊ အဲသလို ဆိုင်ရာဆိုင်ရာ သီလတွေ လုံရမှာ၊ မလုံကြဘူးဆိုရင် အတွင်းပုပ် ပုပ်ပြီ၊ ဟုတ်ကဲ့နော်၊ အားလုံး ဘယ်နှချက်ပါလိမ့်၊ ရှစ်ချက်၊ ဒီရှစ်ချက်က လွတ်ပါမှ မဟုတ်လား၊ ဆိုလိုက်ပါဦး၊ **'ဟိုဘက် ဒီဘက်၊ ရေလယ်ချက်နှင့်၊ ကျွန်းထက်မတင်၊ လူပင်မဆယ်၊ နတ်မဆယ်တည့်၊ ဝဲဝယ်မမြုပ်၊ ဆွေးမပုပ်သော်၊ သမုဒ်ပင်လယ် ရောက်လိမ့် သော်'...** အားလုံး အပြစ်ရှစ်ချက်လွတ်မှ တုံးကြီးဟာ ပင်လယ်သမုဒ္ဒရာတိုင်အောင် ဆိုက်နိုင်သလို ဘုန်းကြီးတို့ ဒကာ၊ ဒကာမများလည်းပဲ၊ အလားတူ အပြစ်ရှစ်ချက်လွတ်မှ နိဗ္ဗာန်တိုင်အောင် ဆိုက်မယ်မဟုတ်လား၊ အားလုံး ကိုယ်စီကိုယ်ငပင်လယ်သမုဒ္ဒရာကြီးနဲ့တူတဲ့ နိဗ္ဗာန်သို့ ဆိုက်နိုင်ကြသည့်တိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

◆ ◆ ◆



တေဝိဇ္ဇသုတ်

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အ နာထာ'လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီ မိန့်မှာတော်မူချက်အရပင် ကျွေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ၊ ဒကာမတို့ကို တဖွဖွနဲ့သတိပေးနေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး အဲဒီသတိပေးချက်အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စီကိုယ်ငဲ့ မပေါ့လိုက်ကြပါနဲ့လို့ ထပ်မံနှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)။

ဒီကနေ့ တေဝိဇ္ဇသုတ်ကို ဟောပါ့မယ်၊ တေဝိဇ္ဇသုတ်နော်၊ (မှန်ပါဘုရား)၊ အေး. . . 'တေဝိဇ္ဇ'ဆိုတာ 'တေ'က သုံးပါး၊ 'ဝိဇ္ဇာ'က ဝိဇ္ဇာ၊ သုံးပါသောဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးရှိ အဓိပ္ပာယ်ရတာပေါ့နော်၊ (မှန်လှပါဘုရား)၊ ဒီသုတ်တော်ကို ဟောတော်မူတဲ့အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ သီတင်းသုံးပြီးတော့ နေတော်မူတဲ့ အခိုက်ပါ ဘုရားကိုယ်တော်မြတ်ကြီးလေ . . .။

အိပ်နေစဉ်ပြစ်တဲ့စိတ်

တစ်နေ့တော့ဖြင့် 'ဝစ္ဆ'ဆိုတဲ့ ပုဏ္ဏားကြီး ဘုရားထံရောက်လာပြီးတော့ စကားစမြည်တွေ ပြောပါတယ်၊ အရှင်ဂေါတမဘယ်လိုလဲ နေရထိုင်ရတာ ကောင်းပါရဲ့လား၊ ရာသီဥတုအဆင်ပြေရဲ့လား၊ ကျန်းမာရေးကော ကောင်းရဲ့လား၊ ဒီလိုစကားလေးတွေ ပြောတာကို အလ္လာပသလ္လာပလို့ခေါ်တာပေါ့ ၊ (မှန်လှပါဘုရား)၊ အဲဒီလိုလေးတွေပြောပြီးတော့ အရှင် 'ဂေါတမ'က တယ်နာမည်ကြီးတာပဲတဲ့၊ အမယ်. . . ပုဏ္ဏားကြီးကလေ (မှန်ပါဘုရား)၊ ဘယ်လိုကြီးတာလဲ၊ ဟို. . . တပည့်တော်တို့ရပ်ကွက်ထဲ ပြောလိုက်ကြတာ၊ အရှင်ဂေါတမက သိပ်တော်တာတဲ့၊ အမယ်. . . ဘယ်လောက်တောင် တော်သလဲဆိုရင် သွားရင်းသိ၊ စားရင်းသိ၊ လာရင်းသိ၊ နေရင်းသိ၊ ထိုင်ရင်းသိ၊ အဲဒီလို အသိတွေကြွယ်တဲ့ ပုဂ္ဂိုလ်ပဲ၊ ဘယ်လောက်လဲဆိုလို့ရှိရင်လေ အိပ်နေတုန်းတောင် သိတာ၊ ရှင်ဂေါတမကို အဲသလိုပြောကြတယ်ဘုရား၊ အဲဒီ သူတို့ပြောတာ ဟုတ်ပါသလားလို့ဆိုတော့၊ အေး. . . သူတို့ပြောတာဟာ သိတယ်ဆိုတာတော့ သိပါတယ်၊ ဒါပေမဲ့လို့ အိပ်နေတုန်းတောင် သိတယ် ဆိုတဲ့စကားကတော့ လွန်သွားပြီကွယ်၊ ဘုရားကလေ၊ အိပ်နေတုန်းတော့ဖြင့် မသိပါဘူးကွဲ့၊ ဘာပြုလို့တုံးဆိုတော့ အိပ်နေတဲ့အခါ ဖြစ်တဲ့စိတ်က မသိစိတ်နဲ့ အိပ်တာပဲ၊ အားလုံး ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အိပ်တဲ့အခါ စိတ်တွေကတော့ ဖြစ်နေတာပဲနော် (မှန်ပါ ဘုရား)၊ အင်း . . . အဲဒီ အချိန်မှာဖြစ်တဲ့စိတ်က ဘာစိတ်တွေ၊ (မသိစိတ်ပါ ဘုရား)၊ မသိစိတ်တွေ။

ဘဝင်စိတ်နဲ့ ဝိထိစိတ်

စိတ်ကနှစ်မျိုးရှိပါတယ်၊ မသိစိတ်ဆိုတာရယ်၊ သိစိတ်ဆိုတာရယ်၊

စိတ်ဘယ်နှမျိုးတုံး၊ (နှစ်မျိုးပါဘုရား)။ နှစ်မျိုးရှိပါတယ်၊ လူဟာ တစ်သက်စ
လုံးလေ ဟာ. . . စိတ်တွေကတော့ ဖြစ်နေတာပါပဲ၊ ဒါပေမယ်လို့ ဟာ
. . . အိပ်ပျော်နေတဲ့အခါဖြစ်တဲ့ စိတ်တွေကတော့ မသိပါဘူး၊ (မှန်ပါ
ဘုရား)။ လူကတော့ အိပ်ပျော်နေပါတယ် ဂရူး. . . ဂရူးနဲ့ စိတ်တွေ
အဲဒီအချိန်ဖြစ်တယ်၊ အဲဒီအချိန်ဖြစ်တဲ့စိတ်က သိရဲ့လား၊ (မသိပါဘူး
ဘုရား)။ မသိပါဘူး၊ စိတ်တွေကတော့ ဖြစ်လျက်ပဲနော်၊ ဖြစ်ပေမယ့်လို့
အဲဒီအချိန် ဖြစ်တဲ့စိတ်တွေက မသိစိတ်တွေ မဟုတ်လား၊ (မှန်ပါ ဘုရား)။
စာလိုပြောရင်တော့ 'ဘဝင်စိတ်'လို့ခေါ်တာပေါ့။ စာလိုပြောရင် ဘဝင်စိတ်၊
အရပ်သုံးနဲ့ပြောကြပါစို့ ဘာစိတ်တွေ၊ (မသိစိတ်ပါ ဘုရား)။ မသိစိတ်၊
ဟို. . . နိုးနေတဲ့အခါ ဖြစ်တဲ့စိတ်ကျတော့ မသိပေဘူးလား၊ (သိပါတယ်
ဘုရား) စာလိုပြောရင်တော့ 'ဝီထိစိတ်'လို့ ခေါ်တာပေါ့။ ဟို. . . ဝီထိတို့
ဘဝင်တို့ဆိုတာက စာသုံးတွေဆိုတော့ မှတ်ရတာခက်မှာစိုးလို့ ဘုန်းကြီး
တို့ အရပ်သုံးနဲ့ပြောကြစို့ဆိုတော့ မသိစိတ်နဲ့ သိစိတ်၊ မသိစိတ်နဲ့ သိစိတ်လို့
စိတ်ကနှစ်မျိုး၊ (နှစ်မျိုးပါ ဘုရား)။ နှစ်မျိုးရှိပါတယ်၊ အဲဒီနှစ်မျိုးရှိတဲ့အနက်
အိပ်ပျော်နေတဲ့အခါ ဖြစ်တဲ့စိတ်က မသိစိတ်နဲ့ အိပ်နေတာပဲ သိနိုင်ပါ့
မလား၊ (မသိနိုင်ပါဘူး ဘုရား)။ မသိနိုင်ပါဘူးကွဲ့၊ ငါဘုရားလည်း မသိစိတ်
နဲ့ အိပ်တာပါ။ မင်းတို့ တစ်တွေလည်း မသိစိတ်နဲ့ အိပ်ကြတာ၊ ဒါကတော့
မထူးပါဘူးကွယ်၊ သူတို့ပြောတာဟာ အိပ်နေ တုန်းတောင်သိတယ်လို့
ဆိုတာကတော့ ငါခြိုးကျူးကြတာ လွန်လွန်းကုန် ပြီ. . . ပြောတယ်။

သုံးပါးဩဝါဒ

ဒီလိုဆိုရင် အရှင်ဘုရား ဘယ်လိုပြောမှ မှန်ပါမလဲ၊ အရှင်
ဘုရားကို ဘယ်လိုခြိုးကျူးမှ မှန်ပါ့မလဲလို့ ပုဏ္ဏားကြီးက ဆက်ပြီးတော့

မေးတယ်လေ၊ (မှန်ပါဘုရား)၊ အေး.. . . တဝိဇ္ဇပုဂ္ဂိုလ်လို့ ပြောရင်တော့ မှန်ပါတယ်၊ ဘာတဲ့တုံး၊ (တဝိဇ္ဇပုဂ္ဂိုလ်ပါ ဘုရား)၊ တဝိဇ္ဇပုဂ္ဂိုလ်ဆိုတာ 'တေ'ကသုံးပါး၊ 'ဝိဇ္ဇ'က ဝိဇ္ဇာ၊ သုံးပါးသောဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးရှိတဲ့ ပုဂ္ဂိုလ်လို့ ပြောရင်တော့ မှန်ပါတယ်။

နောက်ကြောင်းပြန်ကြည့် သိတဲ့ဉာဏ်

အေး. . . ဝိဇ္ဇာသုံးပါးဆိုတာ ဘာလဲဆိုတော့ နံပါတ်တစ်က ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဘာတဲ့၊ (ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ပါ ဘုရား)၊ အမယ်. . . ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဆိုတာ ရှေး. . . ရှေး ဘဝတွေ ဘဝတွေကို နောက်ကြောင်းပြန်ပြီးတော့ သိနိုင်တဲ့ဉာဏ် ပြောတာ၊ (မှန်ပါဘုရား)၊ ဟို. . . ဘုန်းကြီးတို့ ဘုရားကိုယ်တော်မြတ်ကြီး က သူ့ဘဝတွေ နောက်ကြောင်း. . . နောက်ကြောင်းတွေ ပြန်ကြည့် လိုက်လို့ရှုရင်ပဲ ဘဝတွေအများကြီးကို သိတာလေ၊ ဟောဒီ ပရိသတ်ထဲက တစ်ယောက်ယောက်ကို ချွတ်တော့မယ်ဆိုလို့ရှိရင်၊ ဒီတစ်ယောက်ရဲ့ ဘဝတွေ နောက်ကြောင်းပြန်ကြည့်ရင် ဘဝပေါင်း များစွာကို ပြန်ပြီးတော့ သိနိုင်တဲ့ဉာဏ်၊ ဒီဉာဏ်က 'ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်'၊ ဘာတဲ့၊ (ပုဗ္ဗေ နိဝါသာနုဿတိဉာဏ်ပါ ဘုရား)၊ ရှည်လိုက်တာ၊ ရှည်လှပါတယ်၊ တိုတိုပဲ မှတ်ကြပါစို့၊ 'ပုဗ္ဗေနိဝါသာ နုဿတိ' ဆိုတော့ အဦးဆုံး စကားလုံးလေးပဲ ယူကြစို့ 'ပု'လို့ ယူလိုက်တော့မယ်၊ ဘယ်လိုတဲ့တုံး (ပု)၊ အဲ. . . တော်ပါပြီ၊ ပု. . . ဆိုတော့ ရှေ့ဘဝတွေ ဘဝတွေ များစွာကို ပြန်ပြီးတော့ မြင်နိုင်တဲ့ ဉာဏ်ပေါ့နော်။

ရတ်မျက်နီ

ဒုတိယဉာဏ်က 'ဒိဗ္ဗစက္ခုဉာဏ်'၊ ဘာတဲ့တုံး၊ (ဒိဗ္ဗစက္ခုဉာဏ်)၊

'ဒိဗ္ဗ'ဆိုတာ နတ်၌ဖြစ်သော၊ 'စက္ခု'က မျက်စိ၊ နတ်၌ဖြစ်သောမျက်စိ၊ 'နတ်မျက်စိ'၊ နတ်မျက်စိဆိုတာ တိမ်သလွှာတို့ ဘာတို့ကလည်း မရှိဘူး ဆိုတော့ အဝေးကြီးကို လှမ်းမြင်ရတာပေါ့။ (မှန်ပါဘုရား)။ အဲဒီလိုပါပဲ၊ အခုဒါက ညကော်နဲ့မြင်တာ၊ အုတ်တံတိုင်းကြီး ကာနေလည်းမြင်ရတာပဲ၊ တောင်တန်းကြီးခြားနေလည်း မြင်ရတာပဲ၊ တောအုပ်ကြီးကွယ်နေလည်း မြင်ရတာပဲ၊ ညကော်နဲ့မြင်တာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဒီတော့ ဘာနဲ့တူသလဲဆိုတော့ နတ်မျက်စိနဲ့ တူတာပေါ့။ အဲဒါမျိုးကျတော့ 'ဒိဗ္ဗစက္ခုညကော်'၊ ဘယ်လို၊ (ဒိဗ္ဗစက္ခုညကော်ပါဘုရား)။ ဒါလည်း နည်းနည်းရှည်တာပဲ၊ ဒီတော့ တိုတိုပဲ ကောင်းပါတယ်၊ အစအလုံးပဲ ယူလိုက်တော့မယ် 'ဒိ' ဘာတဲ့တုံး၊ (ဒိ. . . ပါဘုရား)။ ဩော်. . . ဩော်. . . နံပါတ်တစ်က 'ပု'၊ နံပါတ်နှစ်က၊ (ဒိ. . . ပါဘုရား)။ ဒီလိုယူကြပါစို့၊ ဟိုဟာတွေက ရှည်တယ်မဟုတ်လား၊ (မှန်လှပါဘုရား)။

အာသဝတရားတွေ ကုန်ခမ်းစေနိုင်တဲ့ညကော်

နောက်တစ်မျိုးကတော့ဖြင့် 'အာသဝက္ခယညကော်'၊ ဘယ်လို၊ (အာသဝက္ခယညကော်ပါ ဘုရား)။ 'အာသဝက္ခယ'ဆိုတာ အာသဝတရားတွေ ကုန်ခမ်းစေနိုင်တဲ့ညကော် ပြောတာပေါ့။ (မှန်လှပါဘုရား)။ အာသဝတရားတွေ ကုန်ခမ်းစေနိုင်တဲ့ ညကော်ဆိုတော့ ဘာညကော်၊ (အာသဝက္ခယညကော်)။ ဒါလည်းရှည်တာပဲ မဟုတ်လား၊ မှတ်ရတာ ရှည်တယ်၊ တိုတိုပဲ ယူတော့မယ်၊ အစအလုံး၊ ဘယ်နှယ့်တုံး 'အာ'။

ပု၊ဒီ၊အာ ညကော်သုံးပါး

ဩော်. . . ဩော်. . . ဒီလိုဆို နံပါတ်တစ်က (ပု)၊ နံပါတ်နှစ်က

(ဒီ)၊ နံပါတ်သုံးက (အာ)၊ ဒီလိုဆိုတော့ (ပု-ဒိ-အာ) တော်ပါပြီ၊ ဟိုဟာတွေက ရှည်ကရှည်နဲ့ ဟုတ်ဘူးလား၊ (မှန်လှပါဘုရား)၊ ဘာတဲ့တုံး၊ (ပု၊ဒိ၊အာ)၊ အမယ်. . . ပြောကြတာ 'ပု၊ ဒိ၊ အာ' နဲ့ ပြည့်စုံ ရပါလို၏၊ ဒါပြောတာနော်၊ ပု၊ ဒိ၊ အာ အတိုကောက် မဟုတ်လား၊ ဟုတ်တယ်၊ အရှည်တွေက ခက်ပါတယ်၊ ပြောရတာ ဒီခေတ်မှာ တချို့. အရှည်တွေ တယ်သုံးကြတယ် မဟုတ်လား၊ (မှန်ပါ)၊ ဟာ. . . နာမည်တောင်မှ တစ်ယောက်တည်း နှစ်ယောက်စာ သုံးယောက်စာကြီးတွေ မှည့်ကြတာလေ၊ အင်း. . . အဲဒီလို. . . ဟိုတစ်နေရာမှာ တွေ့ပါတယ်၊ စာထဲမှာ 'သီရိစန္ဒာသက်လျာ ကေခိုင်ဦး' (မှန်လှပါဘုရား)၊ ဟယ်. . . ရှည်လိုက်တာ နာမည်ကြီးက၊ ဟို. . . ဘုန်းကြီးတို့တူမ တစ်ယောက်ရှိတယ်၊ ဟောဟို ၇-မိုင်မှာ၊ သူသမီးလေးမှည့်ထားတာ 'မသိမ်းကမ္ဘာ နုနုသက်ဝေ' တဲ့၊ အယ်. . . မှည့်လိုက်တာ၊ ဟင်. . . ဒီပြင် သမီးတွေက ပြောတယ် အမေ့ဟာလည်း ရှည်လိုက်တာဆိုတော့ မရှုပ်နဲ့ ငါမှည့်ထားတာတဲ့၊ သူ အဲဒီလိုပြောတယ်၊ အဲဒီလိုပါ မှည့်ကြတာ မှည့်ကြတာ၊ ဟို တစ်ယောက်က တော့လည်း 'မဝေဝေလွင်ဇူးဇူးဇင်' တဲ့၊ အယ်. . . တကယ့် ကြဲကြဲဖန်ဖန် နာမည်တွေ ရှည်လိုက်ကြတာ၊ ဟို. . တစ်ယောက်ကတော့ 'မကလျာစမ်းစမ်းစိမ့်စိမ့်စိုး' တဲ့ မှည့်ကြတာ၊ ဘုန်းကြီးတို့ကတော့ တိုတိုပဲနော်၊ 'ဦးယောသိတ' တောင် ရှည်သေးတယ်၊ 'ဦးယော' ပေါ့။ အေး. . . ဒီဝိဇ္ဇာသုံးပါးနဲ့ အမြဲတမ်းရှိတဲ့ ပုဂ္ဂိုလ်၊ ဒီလိုဝိဇ္ဇာသုံးပါးရှိတဲ့ ပုဂ္ဂိုလ်လို့ပြောရင်တော့ အမြဲတမ်းမှန်ပါတယ်နော်၊ အင်း. . . သူတို့ပြောတဲ့ဥစ္စာက အိပ်နေတုန်းတောင် သိတယ်ဆိုတာကတော့ လွန်ကုန်ပြီကွယ်၊ ပြောတယ်နော်။

နိဗ္ဗာန်ရနိုင် ဓရာက်နိုင်ရန်

အေး. . . အဲဒီတင် ပုဏ္ဏားကြီးက သဘောကျသလေ၊ အရှင် ဂေါတမနဲ့စကားပြောရတာ ကောင်းပါတယ်၊ ကြုံတုန်းမေးပါရစေဦး အရှင်ဘုရား၊ လူဟာ လူသံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်သလားဆိုတော့ ဘုရားကိုယ်တော်မြတ်က ဖြေတယ်၊ မရနိုင်ဘူးနော်၊ ဒီမေးခွန်းလေးတွေ အရေးကြီးတာပေါ့။ လူဟာ လူသံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်သလား ဆိုတော့ ဘယ်နှယ်တုံး၊ (မရနိုင်ပါဘူးဘုရား)။ ဘုရားကိုယ်တော် မြတ်ကြီးက ဖြေတယ်၊ မရနိုင်ဘူးလို့ဆိုတယ်၊ ဒီလိုဆိုရင် မေးဦးမယ် အရှင်ဂေါတမ၊ လူဟာ လူသံယောဇဉ်မစွန့်ဘဲနဲ့ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ ကောင်းတဲ့သုဂတိဘဝတွေ ရနိုင်သလားလို့ မေးပြန်ပြီ။

အင်း. . . အဲဒါကတော့ ရနိုင်တယ်၊ အရာမက၊ အထောင်မက၊ အသောင်းမက၊ အသိန်းမက ရနိုင်ပါတယ်၊ ဖြေတယ်နော်၊ (မှန်ပါဘုရား)။ မေးခွန်းနှစ်ခု အရေးကြီးပြီ ကျက်ရအောင်၊ ဘုန်းကြီးတို့ဒီမှာ ဒီမေးခွန်းနှစ်ခုဟာ အရေးကြီးတာပေါ့။ ပုဏ္ဏားကြီးကမေးတယ် နံပါတ်တစ်မေးခွန်းက လူဟာလူသံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်သလားဘုရားဆိုတော့ ဘုရားကိုယ်တော်မြတ်ကြီးက ဘယ်နှယ်ဖြေ၊ (မရနိုင်ပါဘုရား)။ မရနိုင်ဘူး။

ကောင်းတဲ့သုဂတိရောက်နိုင်ရန်

နောက်တစ်ခု မေးဦးမယ်၊ အရှင်ဘုရား လူဟာလူသံယောဇဉ် မစွန့်ဘဲနဲ့ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ ကောင်းတဲ့သုဂတိဘဝတွေ ရနိုင်သလားဘုရားဆိုတော့၊ (ရနိုင်ပါတယ်ဘုရား)။ အဲ. . . ရနိုင်တယ်၊ ဟိုဟာက နိဗ္ဗာန်မဟုတ်လား၊ (မှန်လှပါဘုရား)။ ဒါက နတ်ပြည်ရော၊ လူပြည်ရော၊ ဗြဟ္မာပြည်ရော ကောင်းတဲ့ဘဝတွေပေါ့။ ကောင်းတဲ့သုဂတိ

ဘဝကို သံယောဇဉ်တွေ တန်းလန်းနဲ့ရလို့ ဖြစ်သလားဆိုတော့ ဖြစ်တယ်၊ ရနိုင်တယ်၊ သံယောဇဉ်တွေမဖြတ်ဘဲနဲ့ လူပြည်သွားချင်လည်း ရတယ်၊ နတ်ပြည်သွားချင်လည်း ဖြစ်တယ်၊ ငြဟ္မာပြည်တက်ချင်လည်း ဖြစ်ပါတယ်၊ ဟို. . . နံပါတ်တစ်မေးခွန်းက သံယောဇဉ် မပယ်ဘဲနဲ့ နိဗ္ဗာန်ကို ရနိုင်သလားဘုရားဆိုတော့ ဘယ်နှယ်၊ (မရနိုင်ပါဘူး ဘုရား)၊ မရနိုင်ဘူး၊ နံပါတ်နှစ်ကျတော့ သံယောဇဉ်တွေတန်းလန်းနဲ့ လူ့ပြည်၊ နတ်ပြည်၊ ငြဟ္မာပြည်၊ ကောင်းတဲ့သုဂတိဘဝတွေ ရနိုင်သလားဘုရား ဆိုတော့၊ ရနိုင်တယ်။

သံယောဇဉ်စွန့်မှရနိုင်

အဲဒီမေးခွန်းနှစ်ခုမှာ ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ ဒီလာကြတာဟာ လူပြည်သွားပုံသွားနည်း သိချင်လို့လာတာလည်း မဟုတ်ဘူး၊ နတ်ပြည်သွားပုံသွားနည်း သိချင်လို့လာတာလည်း မဟုတ်ဘူး၊ ငြဟ္မာပြည်တက်ချင်လို့ နည်းသိချင်လို့ လာတာလည်း မဟုတ်ဘူး၊ ဒါဖြင့် နံပါတ်(နှစ်) မေးခွန်းနဲ့ မဆိုင်ဘူးနော်၊ (မှန်လှပါဘုရား)၊ ရှေ့ဘက်က မေးခွန်းက လူဟာ လူသံယောဇဉ်မစွန့်ဘဲနဲ့ နိဗ္ဗာန်ကို ရနိုင်သလားဘုရား မေးတော့၊ ဘုရားက ဘယ်နှယ်ဖြေ၊ (မရနိုင်ပါဘူး ဘုရား)၊ ဒါဖြင့်ရင် မေးခွန်းကို ပြင်ဦးမယ်၊ လူဟာ လူသံယောဇဉ် စွန့်နိုင်ရင်တော့ ရနိုင်ပါတယ်၊ ရနိုင်တာပေါ့၊ ဒီလိုအဓိပ္ပာယ် လာမပေါ်ဘူးလား၊ (မှန်ပါဘုရား)၊ လူဟာ လူသံယောဇဉ် မစွန့်ဘဲနဲ့တော့ နိဗ္ဗာန်ကိုမရပါဘူး၊ လူဟာ လူသံယောဇဉ် စွန့်နိုင်လို့ရှိရင်တော့ ရနိုင်ပါတယ်၊ ဆိုင်ရာသံယောဇဉ် စွန့်နိုင်လို့ ရှိရင်တော့ ဘယ်နှယ်တုံး ရနိုင်ပါတယ်၊ ဒီလိုအဓိပ္ပာယ် မပေါ်ဘူးလား၊ (ပေါ်ပါတယ် ဘုရား)၊ ဒါဖြင့်ရင် ပထမမေးခွန်းနဲ့ ဆိုင်တာပေါ့။ (မှန်လှပါ

ဘုရား)၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဘယ်မေးခွန်းနဲ့ဆိုင်တုံး၊ (ပထမမေးခွန်းနဲ့ဆိုင်ပါတယ် ဘုရား)၊ ပထမမေးခွန်းက လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်သလားဆိုတော့ မရနိုင်ဘူး၊ ဆိုင်ရာ လူ့သံယောဇဉ် စွန့်ရင်တော့ ရနိုင်ပါတယ်၊ ရနိုင်တယ်လို့ ဒီလိုအဓိပ္ပာယ် မပေါ်ပေဘူးလား၊ ဒါဖြင့် ဒါနဲ့လိုက်တယ်၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သိချင်တဲ့ ဥစ္စာ ဒါနဲ့လိုက်တာပေါ့၊ (မှန်လှပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန် ရချင်တယ်ဆိုရင် ဆိုင်ရာသံယောဇဉ် စွန့်ရမယ်၊ (မှန်လှပါဘုရား)၊ နိဗ္ဗာန် ရချင်တယ်ဆိုရင် ဆိုင်ရာသံယောဇဉ် စွန့်ရမယ်၊ ဆိုင်ရာသံယောဇဉ် စွန့်ရမယ်။

သံယောဇဉ်ဆယ်မျိုး

အဲဒီလိုဆိုတော့ သံယောဇဉ်တွေက ဘယ်လောက်များသလဲ၊ ဒါသိဖို့လိုတာပေါ့၊ စွန့်ရမှာ ဟုတ်ပါပြီ၊ အဲဒီစွန့်ရမယ့် သံယောဇဉ်တွေက ဘယ်လောက်များသလဲဆိုတာ သိဖို့မလိုအပ်ဘူးလား၊ (လိုအပ်ပါတယ် ဘုရား)၊ လိုအပ်လာပြီ၊ သံယောဇဉ်ကွေက ပြောရမယ်၊ နံပါတ်တစ်က 'ကာမ ရာဂ'သံယောဇဉ်၊ ဘာတဲ့၊ (ကာမ ရာဂသံယောဇဉ်ပါ ဘုရား)၊ နံပါတ်နှစ်က 'ပဋိဃ'သံယောဇဉ်၊ ဘယ်လိုတဲ့၊ (ပဋိဃသံယောဇဉ်)၊ ဟုတ်တယ်၊ ပဋိဃသံယောဇဉ်၊ တကယ်တော့ ဒီစကားလုံးတွေက တစ်ခါတစ်ရံမှ သုံးတာဆိုတော့ ချောင်ကျတယ် အဓိပ္ပာယ်တန်းမသိဘူး၊ နံပါတ်တစ် 'ကာမရာဂ'သံယောဇဉ်ဆိုတာ လောဘပြောတာပါ၊ ဘာတဲ့တုံး၊ (လောဘပြောတာပါ ဘုရား)၊ နံပါတ်(နှစ်) 'ပဋိဃ' သံယောဇဉ်ဆိုတာ ဒေါသပြောတာ ဘာတဲ့တုံး၊ (ဒေါသပြောတာပါ ဘုရား)၊ အဲ. . . လောဘလို့၊ ဒေါသလို့ ပြောလိုက်ရင်ကော့ အဓိပ္ပာယ်တန်းမပေါ်ဘူးလား၊ (ပေါ်ပါတယ် ဘုရား)၊ ဒါဖြင့် အဲသလိုလှယ်ပြီးတော့ သုံးပါတော့

မယ်၊ နံပါတ်တစ်က **'လောဘ'**၊ နံပါတ်နှစ်က **'ဒေါသ'**၊ ဒီလိုဆို အဓိပ္ပာယ်ပေါ်တာပေါ့။ (မှန်လှပါဘုရား)၊ ရှေ့သွားကြမယ် နံပါတ်သုံးက **'ဒိဋ္ဌိ'**၊ နံပါတ်လေးက **'သီလဗ္ဗတ ပရာမာသ'**၊ ဘာတဲ့တုံး၊ (သီလဗ္ဗတ ပရာမာသပါဘုရား)၊ နံပါတ်ငါးက **'ဝိစိကိစ္ဆာ'**၊ ဘယ်လို၊ (ဝိစိကိစ္ဆာပါဘုရား)၊ ဟုတ်တယ် ဒါအရေးကြီးပါတယ်၊ ပြန်ပြောပါဦးမယ် **လောဘ၊ ဒေါသ၊ ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသ၊ ဝိစိကိစ္ဆာ. . .**

အေး. . . မကုန်သေးဘူး သံယောဇဉ်တွေရှိသမျှ ဖော်ပြရမယ်ဆိုရင်-

နံပါတ်ခြောက်-**'ရူပရာဂ'** သံယောဇဉ်၊ နံပါတ်ခုနစ်-**'အရူပရာဂ'** သံယောဇဉ်၊ နံပါတ်ရှစ်-**'မာန'**သံယောဇဉ်၊ နံပါတ်ကိုး-**'ဥဒ္ဓစ္စ'** သံယောဇဉ်၊ နံပါတ်တစ်ဆယ်-**'အဝိဇ္ဇာ'**သံယောဇဉ်၊ ဟုတ်တယ်၊ ပြန်ပြောပါဦးမယ်၊ နောက်ပိုင်းငါးခုက- **ရူပရာဂ သံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ မာနသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်၊ အဝိဇ္ဇာသံယောဇဉ်**၊ ရှေ့ပိုင်းငါးမျိုး၊ နောက်ပိုင်းငါးမျိုး၊ ရှေ့ပိုင်းငါးမျိုး၊ နောက်ပိုင်းငါးမျိုး၊ ပြန်ပြောပါဦးမယ်။

သံယောဇဉ်ကြိုး

နံပါတ်တစ်က လောဘ၊ နံပါတ်နှစ်ကဒေါသ၊ နံပါတ်သုံးက ဒိဋ္ဌိ၊ နံပါတ်လေးက သီလဗ္ဗတ ပရာမာသ၊ နံပါတ်ငါးက ဝိစိကိစ္ဆာ၊ ဒီတင် တစ်ချက်ရပ်လိုက်ပါဦး၊ ပြီးတော့ နောက်ပိုင်းငါးမျိုးက- နံပါတ်ခြောက်က ရူပရာဂ၊ နံပါတ်ခုနစ်က အရူပရာဂ၊ နံပါတ်ရှစ်က မာန၊ နံပါတ်ကိုးက ဥဒ္ဓစ္စ၊ နံပါတ်တစ်ဆယ်က အဝိဇ္ဇာဆိုတော့ ရှေ့ပိုင်းငါးမျိုး၊ နောက်ပိုင်းငါးမျိုးဆိုတော့ ဆယ်မျိုးပေါ့။ ဆယ်မျိုး၊ ကြိုးတွေလိုပါပဲ၊ **သံယောဇဉ်ကြိုး**

ဗန္ဓန္တီတိ သံယောဇနာနိ. . . ချည်တတ်၊ တုပ်တတ်၊ နှောင်တတ်၊ ဖွဲ့တတ်တယ်၊ ဒီဆယ်မျိုးက ကြိုးတွေလိုပေါ့၊ (မှန်လှပါဘုရား)၊ ဟာ. . . သူတို့တစ်တွေနဲ့ ချည်တယ်၊ တုပ်တယ်၊ နှောင်တယ်၊ ဖွဲ့တယ်ဆိုရင် လှုပ်မရဘူး ကြိုးတွေနဲ့တူတာပေါ့၊ ဒါကြောင့် သံယောဇဉ်ကြိုးက ဆယ်မျိုး မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ခိုင်လိုက်ပါ့၊ ဘယ်လောက်ခိုင်တယ် ဆိုတာ ဘုန်းကြီးတို့ ယောဂီ၊ ဒကာ၊ ဒကာမတွေ ကိုယ်တွေ့ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ခိုင်ပါ့၊ ဒီကြိုးတွေဆယ်မျိုးနဲ့များ တုပ်ချည်၊ နှောင်ဖွဲ့ထား လို့ကတော့ လှုပ်နိုင်ပါ့မလား၊ (မလှုပ်နိုင်ပါဘူး ဘုရား)၊ မလှုပ်နိုင်ဘူး။

ရှေ့ပိုင်းကြိုးငါးချောင်း ဖြတ်နိုင်ရင်

သံယောဇဉ်ကြိုး၊ ဆယ်မျိုးခိုင်ခိုင်၊ ချုပ်ထားတုပ်ထား၊ လှုပ်အား မနိုင်ဆိုတာ ဒါပြောတာပေါ့၊ သံယောဇဉ်ကြိုးက ဘယ်နှမျိုး၊ (ဆယ်မျိုးပါ ဘုရား)၊ ဆယ်မျိုး၊ ဟုတ်တယ်မဟုတ်လား၊ အေး . . . ကြိုးဆယ်မျိုး၊ အဲဒီကြိုးဆယ်မျိုးမှာ၊ ဟော. . . နောက်ဘက်က ကြိုးငါးချောင်းက အထက်ဗြဟ္မာ့ဘုံတွေနဲ့ဆိုင်တယ်၊ နောက်ဘက်ကြိုး ငါးချောင်းက အထက်ဗြဟ္မာ့ဘုံတွေနဲ့ ဆက်သွယ်ထားတာ၊ ရှေ့ဘက်က ကြိုးငါးချောင်း က အောက်ကာမဘုံတွေနဲ့ ဆက်သွယ်ထားတာ၊ နောက်ဘက်ကြိုး ငါးချောင်းက အထက်ဗြဟ္မာ့ဘုံတွေနဲ့ ဆက်သွယ်ထားတယ်၊ သူတို့ တစ်တွေနဲ့ ဆိုင်တာပေါ့နော်၊ (မှန်လှပါ ဘုရား)၊ ရှေ့ဘက်ကြိုးငါးချောင်း က အောက်ကာမ(၁၁)ဘုံနဲ့ ဆက်သွယ်ပြီးတော့ နေတယ်၊ (၁၁)ဘုံဆိုတာ ဘယ်သူတွေတုံး၊ အပါယ်လေးဘုံဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အဲဒီ အပါယ်လေးဘုံရယ်၊ ပြီးတော့ လူ့ဘုံရယ်ဆိုတော့ ဘယ်နှဘုံတုံး၊ (ငါးဘုံပါဘုရား)၊ ငါးဘုံ၊ နတ်ပြည်ခြောက်ထပ်ပါ

ထည့်လိုက်တော့ (၁၁)ဘုံ၊ အေး. . . ရှေ့ပိုင်းကြိုး ငါးချောင်းက အောက်ကာမ(၁၁)ဘုံနဲ့ ဆက်သွယ်နေတာနော်၊ (မှန်လှပါဘုရား)၊ အဲဒီကြိုးတွေသာ မပယ်နိုင်လို့ကတော့ အောက်ထဲ တလည်လည်ပေါ့။ အဲဒီကြိုးတွေကို ပယ်နိုင်လို့ရှိရင်၊ ရှေ့ပိုင်းကြိုးတွေသာ ပယ်နိုင်လို့ရှိရင် အောက်ကာမဘုံတွေ ပြန်မလာတော့ဘူး၊ အဲဒီကြိုးတွေ ပြတ်ပြီးတော့ အထက်သာတက်တာပေါ့နော်၊ (မှန်လှပါဘုရား)၊ အေး. . . ခုတိုင်းဆိုရင် ရှေ့ပိုင်းကြိုးငါးချောင်းက အောက်ကာမ (၁၁)ဘုံနဲ့ ဆက်သွယ်ထားတယ်၊ သက်ဆိုင်တယ်၊ နောက်ပိုင်းကြိုး ငါးချောင်းက အထက် ဗြဟ္မာဘုံတွေနဲ့ ဆက်သွယ်တယ်၊ ဘာတဲ့တုံး၊ (အထက် ဗြဟ္မာဘုံတွေနဲ့ ဆက်သွယ်ပါတယ်ဘုရား)၊ အဲသလိုဆိုတော့ ဘုန်းကြီးတို့တစ်တွေ ဖြတ်ရမယ်ဆိုတဲ့ ကြိုးဟာ အခုဆိုရင် ကြိုးဘယ်နှချောင်းတွေ့တုံး၊ (ငါးချောင်းပါဘုရား)၊ ရှေ့ပိုင်းငါးချောင်း၊ နောက်ပိုင်းငါးချောင်း စုစုပေါင်းဆိုလို့ရှိရင် ကြိုးဘယ်နှချောင်းပါလိမ့်၊ (၁၀-ချောင်း ပါဘုရား)၊ ဆယ်ချောင်း၊ အဲဒီဆယ်ချောင်းလုံးကို အခုအရေးတကြီး ဖြတ်ရမှာလား၊ လိုက်စစ်ကြည့်တော့၊ နောက်ပိုင်းကြိုးငါးချောင်းက အထက်ဗြဟ္မာဘုံတွေနဲ့သာ သက်ဆိုင်တယ်လို့ ပြောတယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ မိမိတို့တစ်တွေနေတာက အခု အောက်ကာမဘုံသား လူဘုံနေကြတဲ့သူတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ပုထုဇဉ်သားတွေလည်း ဖြစ်တယ်ဆိုတော့၊ အင်း. . . နောက်ပိုင်းကြိုးငါးချောင်းနဲ့ ဆိုင်ပါ့မလား၊ (မဆိုင်ပါဘူးဘုရား)၊ မဆိုင်ပါဘူး၊ ဟောဒီနောက်ပိုင်း ကြိုးငါးချောင်းက နောက်ပိုင်းကျမှ သူက ပယ်ရမယ့်ကြိုးတွေပါ၊ အခုလောလောဆယ် အရေးမကြီးသေးပါဘူး၊ ဒါကြောင့် ဘေးကပ်ထားလိုက် စမ်းပါဦး၊ ဒီတော့ မိမိတို့တစ်တွေ ပယ်ရမယ့်ကြိုးက ဆယ်ချောင်းလုံး မဟုတ်ပါဘူး၊ (မှန်လှပါဘုရား)၊ အခု ပုထုဇဉ်သားဘဝ

အနေနဲ့ ဟော. . . သောတာပန် ဖြစ်ချင်တယ်ဆိုလို့ရှိရင် ပယ်ရမယ့်ကြိုး က ဆယ်ချောင်းလုံး မဟုတ်သေးပါဘူး၊ (မှန်လှပါ ဘုရား)။ အခုမလိုတဲ့ ဥစ္စာကို ဖယ်လိုက်တယ်ဆိုရင်ပဲ ဟော. . . ကြိုး ဘယ်နှချောင်းကျန်တော့ တုံး၊ (ငါးချောင်းပါ ဘုရား)။ ဟုတ်ပါ့။ ကြိုးငါးချောင်းပဲ ကျန်တော့တယ်။

အနာဂါမ်ပုဂ္ဂိုလ်ပယ်ရမည့် ကြိုးနှစ်ချောင်း

ကြိုးငါးချောင်းက နံပါတ်တစ်ကလောဘ၊ နှစ်ကဒေါသ၊ နံပါတ် သုံးက ဒိဋ္ဌိ၊ နံပါတ်လေးက သီလဗ္ဗတ ပရာမာသ၊ နံပါတ်ငါးက ဝိစိကိစ္ဆာ၊ ဒီကြိုးငါးချောင်းက ဘုန်းကြီးတို့အောက်ကာမဘုံတွေနဲ့ ဆက်သွယ် ပြီးတော့ နေတယ်ဆိုတော့ အားလုံးနေကြတာကလည်း အောက်ကာမ ဘုံထဲ နေကြတာမဟုတ်လား၊ (မှန်ပါ့ဘုရား)။ ဒါဖြင့် မိမိတို့တစ်တွေနဲ့ ဆိုင်တာ ဒီရှေ့ပိုင်းလို့ဆိုတော့၊ ကြိုးဘယ်နှချောင်း၊ (ငါးချောင်းပါ ဘုရား)။ အဲဒီငါးချောင်းထဲ ထပ်စစ်မယ်ဆိုရင်၊ အခု ဟော. . . နံပါတ်တစ်က လောဘ၊ နံပါတ်နှစ်က ဒေါသဆိုတာဟာ အနာဂါမ်ဖြစ်ဖို့အတွက် အနာဂါမ်အဆင့် ပုဂ္ဂိုလ်တွေ ပယ်ရတာ၊ သူတို့နှစ်ခုကို ပယ်နိုင်လို့ ရှိရင် အနာဂါမ်ဖြစ်တယ်လေ၊ နံပါတ်တစ် လောဘ၊ နံပါတ်နှစ် ဒေါသ၊ ဒီဥစ္စာ တွေပယ်နိုင်မှ အနာဂါမ်ဖြစ်မှာ၊ အနာဂါမ်ဖြစ်မယ့် ပုဂ္ဂိုလ်တွေ ပယ်ရမှာ မဟုတ်လား၊ (မှန်လှပါဘုရား)။ အခုဘုန်းကြီးတို့တစ်တွေက အခုမှ ပုထုဇဉ်သား ရှိသေးတယ်ဆိုတော့၊ ဟိုး . . . အထက်ကဥစ္စာ တက်ပယ် လို့ကော ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား)။ အဲဒီတော့ ကိုယ်နဲ့ကော အရေးတကြီး ဆိုင်ရဲ့လား မဆိုင်ပါဘူး၊ မဆိုင်ပါဘူး၊ နံပါတ်တစ် လောဘ၊ နံပါတ်နှစ် ဒေါသ၊ သူအရေးတကြီး မဟုတ်သေးပါဘူး၊ ဒီလိုဆိုလို့ရှိရင် သူ့လည်း အသာထားလိုက်စမ်းပါဦး။

သောတာပန်ပုဂ္ဂိုလ်ပယ်ရမည့် ကြိုးသုံးချောင်း

အားလုံးဘုန်းကြီးတို့တစ်တွေ အခုမိမိတို့တစ်တွေ အရေးတကြီး ပယ်ရမှာ ဘယ်နှချောင်းပဲကျန်တော့၊ (သုံးချောင်းပဲကျန်ပါတယ် ဘုရား)၊ ဩော်. . . သုံးချောင်းကတော့လည်း ပယ်ရမှာပေါ့ဗျာ၊ မပယ်ဘဲနဲ့ အချောင်ရချင်လို့ ဖြစ်ပါ့မလား၊ (မရပါဘူးဘုရား)၊ အေး. . . ဆယ်ချောင်းကြီးလုပ်တုန်းက တကယ်များ ဆယ်ချောင်းကြီး ပယ်ရမလား အောက်မေ့တာ၊ လက်စသတ်တော့ အခုလိုစစ်လိုက် ဆေးလိုက်တော့ လည်း အားလုံး ဘယ်နှချောင်းကျန်တော့၊ (သုံးချောင်းပဲကျန်တော့ ပါတယ် ဘုရား)၊ သုံးချောင်းက ဘယ်သူတွေလဲဆိုတော့ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာ အားလုံးဘယ်နှချောင်း ကျန်တော့တုံး၊ (သုံးချောင်းပါဘုရား)၊ ဟိုး . . . ကျန်တဲ့ဥစ္စာတွေက အသာထားစမ်းပါဦး၊ လောလောဆယ် အရေးမကြီးသေးပါဘူး၊ မိမိတို့တစ်တွေ အခုလောလောဆယ်ပယ်ရမယ့် သံယောဇဉ်က ဘယ်နှချောင်း၊ (သုံးချောင်းပါဘုရား)၊ သုံးချောင်း၊ အများကြီးလားလို့ အောက်မေ့တယ်၊ ဟိုတုန်းက တော့လည်း ဆယ်ချောင်းဆိုတော့ ဆယ်ချောင်းကြီး တစ်ခါတည်း တန်းပယ်ရမလား အောက်မေ့တယ်၊ မဟုတ်သေးပါဘူးနော်၊ (မှန်ပါ)၊ အခုတဖြည်းဖြည်း မလိုရာတွေ စစ်ထုတ်လိုက်တော့ ဘယ်နှချောင်း ကျန်တော့၊ (သုံးချောင်းကျန်ပါတယ်ဘုရား)၊ သုံးချောင်းက ဘာတွေ ပါလိမ့်၊ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ သံယောဇဉ်ဘယ်နှပါး၊ (သုံးပါးပါဘုရား)၊ ဩော် . . . ဒါတော့လည်း ပယ်ရမှာပေါ့ဗျာ၊ ဒါမပယ်ဘဲနဲ့ သောတာပန် ဖြစ်ချင်လို့ ရပုံမလား၊ (မရနိုင်ပါဘူး ဘုရား)၊ မရနိုင်ပါဘူး၊ ဒါကတော့ ပယ်ရမှာပေါ့၊ ပယ်ရမှာပေါ့ ဒိဋ္ဌိသံယောဇဉ်၊ သီလဗ္ဗတပရာမာသ သံယောဇဉ်၊

ဝိစိကိစ္ဆာသံယောဇဉ်၊ ဆိုင်ရာသံယောဇဉ်ပယ်မှ ဆိုင်ရာအဆင့် ရမယ်လို့ ပြောတယ်မဟုတ်လား၊ (မှန်ပါ့ဘုရား)၊ အခုဘုန်းကြီးတို့တစ်တွေက ပုထုဇဉ်ဘဝကနေပြီးတော့ သောတာပန်ဖြစ်ချင်တယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲ. . . သောတာပန်ဖြစ်ချင်ရင် သောတာပန်ပယ်ရမယ့် သံယောဇဉ်တွေ အခုတွေ့ပြီ မဟုတ်လား၊ (မှန်ပါဘုရား)၊ ဘယ်နှချောင်း ပါလိမ့်၊ (သုံးချောင်းပါ ဘုရား)၊ သုံးချောင်း၊ ဘယ်သူတွေပါလိမ့် ဒိဋ္ဌိသံယောဇဉ်၊ သီလဗွတ ပရာမာသ သံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ ဘယ်နှချောင်းပါလိမ့်၊ (သုံးချောင်းပါဘုရား)။

ဘယ်လိုပုဂ္ဂိုလ်ဟာ သောတာပန်လဲ

ဟုတ်တယ် ဘုရားကိုယ်တော်မြတ်ကြီးက ပုဂ္ဂလပညတ် ပါဋိ တော်ကြီးထဲမှာ ဟောထားတာ **'ကတမောစ ဘိက္ခဝေ ပုထုဇနော'** ဘယ်လိုပုဂ္ဂိုလ်ဟာ ပုထုဇဉ်လဲ၊ **'ယဿ ပုဂ္ဂလာသ တီနိ သံယောဇနာနိ အပွဟီနာနိနစ တေသံ ဓမ္မာနံ ပဟာနာယ ပဋိပန္နော'** သံယောဇဉ်သုံးပါး မပယ်ရှားရသေးတဲ့သူ၊ ပယ်ရှားဖို့ရာလည်းပဲ မကျင့်ကြံတဲ့သူ၊ အဲဒီလိုပုဂ္ဂိုလ်ဟာ 'ပုထုဇဉ်'၊ သံယောဇဉ်သုံးပါးဟာ ဒိဋ္ဌိ၊ သီလဗွတ ပရာမာသ၊ ဝိစိကိစ္ဆာ၊ ဒီသံယောဇဉ်တွေ မပယ်ရသေးတဲ့သူ၊ ပယ်ရှားဖို့ရာလည်း မကြိုးစားတဲ့သူဟာ ဘာပုဂ္ဂိုလ်၊ ပုထုဇဉ်ပုဂ္ဂိုလ်၊ နောက်တစ်ခု **'ကတမောစ ဘိက္ခဝေ ပုဂ္ဂလော သောတာပန္နော'** ဘယ်လိုပုဂ္ဂိုလ်ဟာ သောတာပန်ပုဂ္ဂိုလ်လဲလို့ မေးခွန်းထုတ်ပြီးတော့ **'ယဿ ပုဂ္ဂလာသ တီနိ သံယောဇနာနိ ပဟီနာနိ အယံ ဝုစ္စတိ ပုဂ္ဂလော သောတာပန္နော'** သံယောဇဉ်သုံးပါး ပယ်ရှားပြီးသား ပုဂ္ဂိုလ်ဟာ ဘာပုဂ္ဂိုလ် "သောတာပန်"ပုဂ္ဂိုလ်၊ သံယောဇဉ်သုံးပါးက

ဘယ်သူတွေ- ဒိဋ္ဌိ၊ သီလဗွတပရာမာသ၊ ဝိစိကိစ္ဆာ ဟုတ်တယ်နော်၊ အဲသလို ဟို. . . သောတာပတ္တိမဂ်ဉာဏ် ရလိုက်တာနဲ့တစ်ပြိုင်နက် **'သဟာဝဿ ဒဿန သမ္ပဒါယ သယသုဓမ္မာ ဇဟိတာ ဘဝန္တိ'** ဆိုတာလေ၊ **'သဟာဝဿ ဒဿန သမ္ပဒါယ'** သောတာပတ္တိ မဂ်ဉာဏ် ရလိုက်တာနဲ့ တစ်ပြိုင်နက်-

'သယော အသုဓမ္မာ ဇဟိတာဘဝန္တိ'

သုံးမျိုးသော သံယောဇဉ်တရားတို့ကို ပယ်ရှားပြီး ဖြစ်တော့တယ်၊ ဘယ်သူတွေလဲလို့ဆိုတော့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆိတဥ္စ၊ သီလဗွတံဝါပိ ယဒတ္ထိကိဥ္စိ ရတယ်မဟုတ်လား၊ ဘယ်ထဲမှာရ၊ ရတနာသုတ်ထဲ. . . ဘာတဲ့ . . . ရတနာသုတ်ထဲ၊ ဘယ်သူ ဟောတာတုံး၊ ဘုရားကိုယ်တော် မြတ်ကြီးဟောတာ၊ သောတာပတ္တိမဂ်ဉာဏ် ရလိုက်တာနဲ့ သံယောဇဉ် သုံးပါး ပယ်ရှားတယ်လို့ ပြောတယ်မဟုတ်လား၊ (မှန်ပါဘုရား)၊ သံယောဇဉ်သုံးပါးက ဘယ်သူတွေတုန်း ဒိဋ္ဌိသံယောဇဉ်၊ သီလဗွတ ပရာမာသသံယောဇဉ်၊ ဝိစိကိစ္ဆာ သံယောဇဉ်၊ ဒီလိုဆိုရင် ဘုန်းကြီးတို့ တစ်တွေ ဒီသံယောဇဉ်သုံးပါး ပယ်ရမှာပေါ့၊ နံပါတ်တစ်က ဘာပါလိမ့် ဒိဋ္ဌိသံယောဇဉ်၊ နံပါတ်နှစ်က သီလဗွတပရာမာသ သံယောဇဉ်၊ ဒါလည်း ဒိဋ္ဌိတစ်မျိုးပါ၊ (မှန်ပါဘုရား)၊ သီလဗွတပရာမာသဆိုတာကလည်း ဒိဋ္ဌိတစ်မျိုး၊ သက္ကာယဒိဋ္ဌိ၊ အကျယ်ချဲ့လိုက်တယ်ဆိုရင် ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိ၊ ဒိလိုမဟုတ်လား၊ (မှန်လှပါ ဘုရား)။

"သီလဗွတ ပရာမာသ"ဒိဋ္ဌိဆိုတာ

သီလဗွတပရာမာသကလည်း အဲဒီထဲအပါအဝင်ပါပဲ၊ သူက ထူးခြားနေလို့ သီးသန့်ပြောထားတာနော်၊ သူကဘယ်လိုတုံးဆိုတော့

ခွေးအကျင့်၊ နွားအကျင့်၊ ဘယ်လို၊ (ခွေးအကျင့်၊ နွားအကျင့်)။ အဲဒါတွေ ရှိတယ်နော်၊ ဘုရားလက်ထက်တုန်းကရှိတယ်၊ အိန္ဒိယမှာ၊ ဘုန်းကြီးတို့ ဒီမြန်မာပြည်မှာတော့ မရှိပါဘူး၊ ခွေးလိုကျင့်တယ်၊ နွားလိုကျင့်တယ် ဆိုတာတွေလေ၊ 'သေနိယ'တို့၊ 'ပုက္ကာ'တို့ ဆိုတာ ဘုရားထံရောက် လာတယ် မဟုတ်လား၊ (မှန်ပါဘုရား)။ အမယ် ခွေးလိုကျင့်တဲ့သူကလည်း အဝတ်စုတ်ကြီးကို လိမ်ကျစ်ပြီး အမြီးကြီးလုပ်တယ်၊ လေးဖက်ကြီးသွား ပြီးတော့ ခွေးတွေထဲရောနေတာ၊ ခွေးတွေနဲ့ တွေ့ပြီဆိုရင် ဟိုခွေးတွေကို သူကသွားကြီး ဖြီးပြ၊ သူကလည်း ခွေးလိုလုပ်တာပေါ့လေ၊ လေးဖက်ကြီး ထောက်ပြီးတော့သွား၊ စားတဲ့အခါကျတော့ ခွက်ထဲမှာထည့်ပေးမှ သူက စားတာ၊ အိပ်ခါနီးပြီဆိုရင် မီးဖိုနားသွား လှည့်ပတ်ခွေလိုက်သေးတယ်၊ ပြီးတော့မှ ဖုတ်ခနဲ အဲသလို အိပ်ပစ်လိုက်တာတဲ့၊ ခွေးပုံအတိုင်းပေါ့နော်၊ (မှန်လှပါဘုရား)၊ အဲသလိုကျင့်လို့ရှိရင် ကောင်းတဲ့သုဂတိဘဝ ရတယ်လို့ သူတို့ဆရာကြီးတွေကပြောလို့ ကျင့်တာတဲ့၊ အေး. . . တချို့.ပုဂ္ဂိုလ်တွေ ကျတော့ နွားလိုကျင့်တယ်၊ သစ်သားကြီးနှစ်ချောင်းကို ကျိုကြီးလုပ် ခေါင်းတပ်၊ အဝတ်စုတ်ကြီးလိမ်ကျစ် အမြီးလုပ်တပ်၊ သူလည်း လေးဖက်ကြီးထောက်သွား၊ ဟို. . . နွားမအုပ်တွေရှိရာ လျှောက်သွား တာပေါ့၊ ဟိုကနွားမအုပ်တွေလာပြီဆိုရင် ဟာ. . . သူကနွားလို အော်တာ၊ အဲလိုလုပ်ရတာကို သူကကျေနပ်နေတာ၊ အဲဒီလို နွားပုံကြီး အတိုင်းဖမ်းပြီးတော့ လျှောက်သွားလာရတာ ကောင်းတဲ့သုဂတိဘဝ ရတယ်ဆိုလို့တဲ့၊ (မှန်ပါဘုရား)။ ထူးထူးခြားခြား လွန်လွန်ကဲကဲကျင့်တာ၊ တို့အကျင့်ကမှ အမှန်၊ လွန်လွန်ကဲကဲ စွဲစွဲလမ်းလမ်းကြီးကျင့်တာ ဘာတုံး၊ သီလဗွတပရာမာသ၊ ဘာတဲ့ သီလဗွတပရာမာသ၊ တကယ်တော့ ဒိဋ္ဌိတစ်မျိုးပဲ မဟုတ်လား၊ (မှန်လှပါဘုရား)။

ဒီဋ္ဌနဲ့ ဝိစိကိစ္ဆာ နှစ်မျိုးသာ ပယ်ပါ

ဒီလိုဆိုရင် ဒိဋ္ဌ ဒိဋ္ဌချင်း ပေါင်းလိုက်ကြစို့၊ (မှန်လှပါဘုရား)။ ဒိဋ္ဌ ဒိဋ္ဌချင်း ပေါင်းလိုက်တော့မယ်ဆိုတော့ ဟော. . . ပေါင်းလိုက်တော့ ဒိဋ္ဌသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ သြော်. . . ဒီလိုဆိုပြန်တော့လည်း ကြည့်ပါဦး၊ ဘယ်နှပါးကျန်တော့၊ (နှစ်ပါးကျန်ပါတော့တယ် ဘုရား)။ သြော်. . . နှစ်ပါးတော့လည်း ပယ်ရှားနိုင်ပါမှပေါ့ဗျာ၊ ဒီနှစ်ပါးလေးတောင် မပယ်ရှားဘဲနဲ့ အလကားရချင်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး ဘုရား)၊ သောတာပန်ဖြစ်ချင်ရင် ဆိုင်ရာသံယောဇဉ် ပယ်ရမယ်မဟုတ်လား၊ (မှန်လှပါဘုရား)၊ အခု သံယောဇဉ် ဘယ်နှစ်ချောင်းတဲ့တုံး (နှစ်ချောင်းပါ ဘုရား)၊ အဲ. . . နှစ်ချောင်းတော့လည်း ပယ်ပါမှပေါ့၊ အလကားအချောင် ရချင်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူးဘုရား)။ မဖြစ်ဘူး၊ ပယ်ရပါမယ်၊ ဒိဋ္ဌနဲ့ဝိစိကိစ္ဆာ အထင်မှား အမြင်မှားဆိုတဲ့ ဒိဋ္ဌတွေရယ်၊ ယုံမှားသံသယဆိုတဲ့ ဝိစိကိစ္ဆာရယ်၊ ဒီနှစ်ခုပယ်နိုင်လို့ရှိရင် ဘာပုဂ္ဂိုလ်၊ (သောတာပန်ပုဂ္ဂိုလ်ပါ ဘုရား)၊ သောတာပန်ပုဂ္ဂိုလ်၊ အခုအရေးတကြီး သောတာပန်ဖြစ်ချင်တယ်၊ ဘုန်းကြီးတို့တစ်တွေ ပုထုဇဉ်ဘဝကနေပြီးတော့ သောတာပန်ဘဝတက်ချင်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒီလို တက်ချင်တဲ့ပုဂ္ဂိုလ်တွေ ပယ်ရမယ့်သံယောဇဉ် ဘယ်နှပါး၊ (နှစ်ပါးပါ ဘုရား)၊ အမှားကြီးလားလို့ အောက်မေ့တယ်၊ မဟုတ်ပါဘူး၊ နှစ်ပါးတည်းကျန်တော့တယ်၊ ဟိုဟာတွေက သူ့ဆိုင်ရာဆိုင်ရာ အဆင့်ရောက်မှ ပယ်ရမှာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ပုထုဇဉ်ဘဝကနေပြီးတော့ သောတာပန်တက်ချင်လို့ရှိရင် ပယ်ရမယ့် သံယောဇဉ်က ဘယ်နှချောင်း၊ (နှစ်ချောင်းပါဘုရား)၊ ဘာနဲ့ဘာပါလိမ့်၊ (ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာပါဘုရား)။

ဖြစ်ပျက်ရှုတာပါ

ဟုတ်တယ် ပယ်ရမယ်၊ အေး. . . ပယ်ရမယ်၊ သံယောဇဉ်တွေ ဖြတ်ရမယ်ဆိုတော့ ဘယ်လိုလုပ်ဖြတ်တာတုံး၊ ကပ်ကြေးကြီးနဲ့ထိုး ဖြတ်တာလား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ဓားကြီးနဲ့ ပိုင်းထို ဖြတ်တာလဲ မဟုတ်ဘူး၊ မဟုတ်ပါဘူး၊ ဒါဖြင့်ဘယ်လို လုပ်တာတုံး၊ ဖြစ်ပျက်ရှုတာ၊ ဘယ်လိုလုပ်တာ၊ ဖြစ်ပျက်ရှုတာပါ။ ဖြစ်ပျက်ရှုတာပါ။ အဲဒီကိုယ့်ရုပ်၊ ကိုယ့်နာမ်၊ ကိုယ့်ခန္ဓာပေါ်မှာ ဉာဏ်နဲ့ကြည့်တာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဉာဏ်နဲ့ကြည့်တာ၊ ဉာဏ်နဲ့ကြည့်လို့ အဖြစ်အပျက်တွေ မြင်လာတယ်ဆိုရင်၊ ဒီအပေါ်မှာ တွယ်တာတဲ့ဥစ္စာတွေ ဒိဋ္ဌတွေ ကွာတာပေါ့။ (မှန်ပါဘုရား)၊ အဲဒီလို အဖြစ်အပျက်တွေ မမြင်လို့ရှိရင် တော့ ဒီမှာဒိဋ္ဌတွေ ဝင်တယ်မဟုတ်လား၊ (မှန်ပါဘုရား)။ အေး. . . သံယောဇဉ် ဖြတ်တယ်၊ ဖြတ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ဘယ်လို လုပ်တာ ဖြစ်ပျက်ရှုတာပါပဲ၊ တချို့အဘွားတွေက ပြောတတ်ကြသေးတယ်၊ မြေးတွေကို ပြောလို့ဆိုလို့ မကောင်းတော့၊ နှင်တို့နော် ပြောမကောင်း ဆိုမကောင်းနဲ့၊ ငါက ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်ရက်ရှည် စောင့်နေလိုက်မယ်၊ နှင်တို့နဲ့ သံယောဇဉ်ဖြတ်ထားလိုက်မယ်၊ ဟယ်. . . အဘွားတွေက ပြောတာနော်၊ အမယ်. . . ကျောင်းသွားနေပေမယ့်လို့ ဖြစ်ပျက်သာမရှုလို့ကတော့ အိမ်နဲ့ကျောင်း ကြိုးကြီးတန်းလန်းပေါ့။ သံယောဇဉ်ကြိုးကြီးလေ၊ အဲလိုနေမှာပဲ မဟုတ်လား၊ (မှန်ပါဘုရား)။ မရှုလို့ကတော့ တန်းလန်းကြီးပါပဲ၊ သူက ဝေးဝေးခွဲ နေတာကို သံယောဇဉ် ဖြတ်တယ် အောက်မေ့တာနော်၊ (မှန်ပါဘုရား)။ ဘယ်ဟုတ်လိမ့်မလဲ၊ သံယောဇဉ်ဖြတ်တယ်ဆိုတာ ဘယ်လိုလုပ်တာ၊ ဖြစ်ပျက်ရှုတာ၊ ဘာတဲ့၊ ဖြစ်ပျက်ရှုတာ၊ အားလုံးဒုက္ခ၊ ဒုက္ခမတွေ ကိုယ့်ရုပ်၊ ကိုယ့်နာမ်၊

ကိုယ့်ခန္ဓာအပေါ်မှာ မတွယ်တာဘူးလား၊ (တွယ်တာ ပါတယ် ဘုရား)။ ပြီးတော့ ကိုယ့်ခန္ဓာ၊ ကိုယ့်ရုပ်နာမ်အပေါ်မှာ အားကိုးမှုတွေကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။ အင်း. . . အဲဒါတွေက ဒိဋ္ဌိသဘောတွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒါတွေခွာရမှာ၊ အဲဒါတွေခွာနိုင်ဖို့ ဆိုတာလည်း ဖြစ်ပျက်မြင်အောင် ရှုဖို့မဟုတ်လား၊ (မှန်လှပါဘုရား)။

ကိုယ့်ကိုယ်ကို အတွယ်တာဆုံး

မရှုလို့ကတော့ သံယောဇဉ်ပြတ်ပါ့မလား၊ မပြတ်ပါဘူး၊ ဒါပဲ သံယောဇဉ်ပြတ်အောင် ဖြတ်တယ်ဆိုတာ အဲဒါပါ။ တခြား တခြား သား သံယောဇဉ်၊ သမီးသံယောဇဉ်၊ မြေးသံယောဇဉ်၊ စီးပွားဥစ္စာ သံယောဇဉ် ဆိုတဲ့ သံယောဇဉ်တွေက ဒါကသာမန်ပါ၊ တကယ့်တကယ်ဆိုတော့ အရေးကြီးတဲ့ဥစ္စာက ကိုယ့်ကိုယ်ပေါ်မှာ တွယ်တာတဲ့သံယောဇဉ်၊ ဘာတဲ့တုံး၊ (ကိုယ့်ကိုယ်ပေါ်တွယ်တာတဲ့ သံယောဇဉ်ပါ ဘုရား)။ အဲဒီ သံယောဇဉ်က အကြီးဆုံးမဟုတ်လား၊ (မှန်ပါဘုရား)၊ ကိုယ့်ကိုယ် အပေါ်မှာခင်တဲ့ ဥစ္စာက ပိုပြီးတော့အရေးကြီးဆုံး မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟို မိဖုရားကြီးတောင်ပြောပါ့ကော၊ မလွိကာမိဖုရားကြီးလေ၊ လောကကြီးမှာ ဘယ်သူ့အချစ်ဆုံးလဲဆိုတော့ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ပြောတယ်မဟုတ်လား၊ (မှန်လှပါဘုရား)။ အမယ် ကိုယ့်ကိုယ်ပေါ်မှာ အတွယ်တာဆုံးပေါ့။ (မှန်လှပါဘုရား)။ အဲဒီ ခန္ဓာပေါ်မှာတွယ်တာတဲ့ အတွက်ဒိဋ္ဌိသံယောဇဉ် အင်မတန်ကြီးမားတယ်နော်၊ တခြားတခြား စီးပွားရေး သံယောဇဉ်၊ တိုက်တာဒိုးအိမ် သံယောဇဉ်ဆိုတာ သာမန်ပါပဲ၊ အဲဒါတွေအသာထား၊ ဒီအခိုင်ဆုံးဖြစ်တဲ့ အတွက်ဒိဋ္ဌိသံယောဇဉ်၊ ဒီသံယောဇဉ် ဖြတ်လိုက်လို့ရှိရင် ကျန်တဲ့ဥစ္စာတွေ အကုန်ပြတ်ပါတယ်၊

(မှန်ပါဘုရား)။ မဖြတ်ဘဲနဲ့တော့ ရပါမလား၊ (မရပါဘူးဘုရား)။ မရပါဘူး၊ ဘယ်နှခြောင်း ဖြတ်ရမှာပါလိမ့်၊ (နှစ်ခြောင်းပါဘုရား)။ ဘာနဲ့ဘာပါလိမ့်၊ (ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာပါ ဘုရား)။ အေး. . . ဒါအရေးကြီးတယ်နော်၊ ဖြတ်ပုံဖြတ်နည်းက ဘယ်လိုလုပ်တာ၊ (ဖြစ်ပျက်ရှုတာပါဘုရား)။ ဖြစ်ပျက်ရှုတာ၊ ဖြစ်ပျက်ရှုတာ၊ ဒီလို ဖြစ်ပျက်ရှုပြီးတော့ မဖြတ်ဘဲနဲ့ သံယောဇဉ်မပြတ်ဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား၊ (မရောက်နိုင်ပါဘူး ဘုရား)။ မရောက်နိုင်ဘူး၊ သံယောဇဉ်တန်းလန်းကြီးနဲ့ နိဗ္ဗာန်သွားနေတယ်ဆိုရင် ခရီးတွင်ပါ့မလား၊ (မတွင်ပါဘူး)။ မတွင်ဘူးနော်၊ မတွင်ဘူး၊ မတွင်ဘူး၊ ကြိုးတော့ဖြတ်ရမှာ မဟုတ်လား၊ (မှန်လှပါဘုရား)။

ကိုဖိုးအေးနဲ့ မတုတ်

ဟုတ်တယ်၊ ဘုန်းကြီးတို့ ဟို အညာဒေသမှာရှိပါတယ်၊ 'ကိုဖိုးအေး'နဲ့ 'မတုတ်'ဆိုတာလေ၊ ရှိတယ်၊ ဟိုး. . . ဧရာဝတီမြစ်ကမ်းနားမှာ သူတို့ အိမ်ကလေးတစ်လုံးနဲ့ နေကြတာ၊ ရိုးပါ့၊ ကိုဖိုးအေးကလည်း နာမည်နဲ့လိုက်အောင် အေးပါ့၊ မတုတ်က အိမ်ထောင်ဦးစီးပြုတော့ ဒီလိုနဲ့ နေလာခဲ့ကြတာ၊ အမယ် သားတစ်ယောက်တောင်ရပြီ၊ အမယ်. . . သားကြီးတောင်မှ လူပျိုပေါက်အရွယ်ရောက်လာပြီ၊ အေးအေးဆေးဆေးပဲ၊ အဲ ပြောတယ်၊ အင်း. . . မတုတ်ကပြောတယ်၊ ရှင်ကလည်း ယောကျ်ားတန်မဲ့နဲ့ ထမီနားခိုစား၊ ဘာမှ. . . ရှင်က ထူးထူး ခြားခြား လုံ့လဝီရိယလည်း မလုပ်ဘူး၊ ဒီတိုင်းဆို ဖြစ်ပါ့မလားရှင့်၊ တစ်သက်စလုံး ဒီလိုသွားလို့ တော်ပါ့မလား၊ ဒါဆို ငါဘာလုပ်ရမှာလဲကွ၊ အို . . . ရှင်ကလည်း ယောကျ်ားပဲ၊ ယောကျ်ားတို့ အလုပ်လုပ်ရမှာပေါ့။ ပြောလေ ငါလုပ်ရမယ့်အလုပ် မင်းစီစဉ်ပေးပေါ့။ ကဲ. . . ဒီလိုဆိုလို့ရှိရင် ကျွန်မတို့

မိဘများ လက်ထက်ကတိုင်စပြီးတော့ အဆက်အသွယ်လုပ်ထားတာ ရှိတယ်၊ ကျွန်မတို့ဖောက်သည်တွေပဲ၊ အဲဒီသာသွားပို့၊ ဘာမှလိပ်စာ မေးနေဖို့ မလိုဘူး၊ ငါ့ချည်းပဲ ဖြစ်ပါ့မလားကွ၊ မဖြစ်ရင် ရှင့်သားကြီး ခေါ်သွား၊ ရှင်တို့သားအဖနှစ်ယောက်၊ အေး. . . အဲသလိုဆိုရင် ရပါတယ်ကွာဆိုပြီးတော့၊ လှေပေါ်မှာ သူတို့တင်ပို့ရမယ့် ဆေးပုတ်တွေတင်၊ အဲသလိုနဲ့ ညနေနေဝင်ရီသရော ထမင်းပါစားပြီးတော့ ကဲသွားကြပေတော့ ရှင်တို့သားအဖနှစ်ယောက်၊ လှေတစ်စင်းနဲ့လေ၊ လှော်သာလှော်၊ တစ်ညလုံးသာလှော်၊ ဟာ မနက်မိုးလင်းတဲ့အခါ ရောက်တဲ့ကမ်း ကပ်လိုက်၊ အဲဒီကမ်းကပ်လို့ တွေ့တဲ့ပွဲရုံဟာ ကျွန်မတို့ ဟိုတုန်းက မိဘတွေနဲ့ဆက်သွယ်တဲ့ ပွဲရုံပဲ။

ပုံကြီးမဖြုတ်လို့

ဟာ ဟုတ်ပါပြီဗျာဆိုပြီးတော့ သားအဖနှစ်ယောက် မို့မို့မိုင်းမိုင်းကအတိုင်း လှေတစ်စင်းနဲ့လှော်ကြတာပေါ့၊ ဆိပ်ကမ်းကထွက်ပြီနော်၊ (မှန်ပါဘုရား)၊ ဟာ အဲဒီအိမ်မှာပဲ မတုတ်ကကျန်ရစ်တယ်၊ သူတို့သားအဖနှစ်ယောက် သွားကြပြီ၊ သားအဖနှစ်ယောက် လှော်ကြတာ၊ တကျိကျိနဲ့၊ အဲဒီအပေါ်မှာ ဆေးပုတ်တွေ တင်လို့ပေါ့၊ အဲဒီလိုနဲ့ လှော်လိုက်တာ လေတွေကလည်းထန်ပါ့၊ တဝုန်းဝုန်းနဲ့၊ အဲဒါ သားအဖနှစ်ယောက် လှော်လိုက်ကြတာ၊ ကြိုးစားပမ်းစား၊ ဟော့ မိုးတော့လင်းလုပြီကွ၊ အရုဏ်တက်လာပြီဟော့ ရောက်တော့မယ်ထင်တယ်၊ ဟုတ်တယ် အဖေရ ရောက်တော့မယ်နဲ့တူတယ်၊ လှော်ကွ၊ ကြိုးစားလှော်ကွနဲ့ ဟာ . . . လင်းလည်းလာပါရော၊ ဟော့ လင်းတဲ့နေရာ လှေကပ်မှပဲကွ၊ အဲဒါတို့ပို့ရမယ့် နေရာပဲဆိုပြီး၊ မိုးလည်းလင်းရော လှေကလည်း ကမ်းစပ်က

သီပြီးတော့ လှော်နေတာကိုးဗျ၊ တဝုန်းဝုန်းနဲ့၊ ရပ်တော့ဟေ့ ဆိုပြီးတော့ လှေရပ်နေဦးကွ၊ အင်း တို့သွားရမယ့် ဆက်သွယ်ရမယ့်အိမ် မသွားခင် အပန်းဖြေ ဆေးလိပ်ကလေး ဘာလေးသောက်ကြဦးစို့ကွာ ဆိုပြီးတော့ ဆေးလိပ်ထုတ်တော့ ဟိုမီးခြစ်တွေ ဘာတွေ ရေစိုကုန်တာပေါ့။ မီးခြစ် လို့လဲ မရဘူး၊ အဲဒါနဲ့ ကဲ မီးခြစ်လို့မှမရရင် ဟိုကုန်းပေါ်က အိမ်တစ်အိမ် လှမ်းတော့မြင်နေတယ်ဟေ့ အဲဒီသွားပြီး မီးတောင်းပြီးတော့ မီးညှိကြစို့၊ ကဲမင်းက လှေစောင့်နေရစ်ခဲ့ကွာ ငါ ကုန်းပေါ်တက်မယ်ဆိုပြီးတော့ ကိုဖိုးအေးက ကုန်းပေါ်တက်တော့၊ ဟိုး . . . ကုန်းပေါ်က အိမ်ကလည်း တို့အိမ်နဲ့. တူလိုက်တာ၊ ဖြစ်တယ်၊ အိုး . . . အိမ်ရှင်တို့ အိမ်ရှင်တို့ လှမ်းခေါ်တယ်၊ ဒါနဲ့ မတုတ်ကဘယ့်နှယ် ဒါ ကိုဖိုးအေးအသံပဲ ဘယ်လို ဖြစ်ပါလိမ့်မလဲ ဆိုပြီးတော့ ဟိုက ထွက်ပြီးတော့ လာတာ။

အမယ် ဟိုကထွက်လာတာကလည်း မတုတ်နဲ့တူလိုက်တာ၊ ဘယ့်နှယ် ဟို. . . ကိုဖိုးအေး ရှင်တို့ ဘယ်လိုဖြစ်တာလဲ၊ ရှင်တို့မသွားကြဘူးလား၊ သွားတာပေါ့ကွ၊ မင်းက ဒီဘယ်လိုလုပ် ရောက်လာတာတုံး၊ ခက်ပြီ၊ ဘယ်လိုလုပ်ရောက်ရမှာလဲ၊ ကျွန်မကကျွန်မတို့အိမ် ကိုယ့်အိမ် ကိုယ်နေတာပေါ့။ မဟုတ်ဘူးလေ မင်းက အရင်ရောက်နှင့်သလားလို့၊ ဟာ မဟုတ်ပါဘူး၊ မဟုတ်ဘူး၊ ရှင်တို့ မသွားဘူးနဲ့တူတယ်၊ သွားပါတယ်ကွ မင့်သားတစ်ယောက်လုံးပါတယ်၊ တို့ တစ်ညလုံး လှော်လိုက်တဲ့ ဥစ္စာ၊ ဘယ်. . . တို့ပင်ပန်းလိုက်သမှ တစ်ညလုံးလှော်တဲ့ခရီး၊ မဟုတ် ပါဘူး၊ ရှင်တို့မသွားလို့ဟာပဲ၊ သွားတယ်ကွ မင့်သားမေးကြည့်ဦး၊ မဟုတ် ပါဘူး ကျွန်မ မယုံပါဘူးဆိုပြီးတော့ မတုတ်က ကမ်းစပ်ဆင်း လိုက်လာ တော့ ဟုတ်တော့ဟုတ်ပါတယ်၊ လှော်တော့လှော်ပါရဲ့ လှော်ပေမယ့်လို့ သူတို့က ပဲကြီးမဖြုတ်ဘဲ လှော်နေတာပဲ၊ ပဲကြီးမဖြုတ်ဘဲ လှော်တော့

ဒီလှေက သွားပါဦးမလား၊ (မသွားပါဘူး ဘုရား)၊ ဩော်. . . လှော်တော့ လှော်တာပဲ၊ ကြိုးတော့ ကြိုးစားတာပါပဲ၊ ဒါပေမယ့် ခရီးတွင်ရဲ့လား၊ (မတွင်ပါဘူး ဘုရား)၊ ဒီနားဒီနားပဲ ပြန်ရောက်တာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဒီတင်မှ သွားကြည့်တော့၊ ဩော်. . . ဟုတ်တယ်၊ ဟုတ်တယ်၊ သူတို့လှော်ပေမယ့်လို့ ပဲ့ကြိုးမဖြုတ်ဘဲ လှော်နေတာ သားအဖနှစ်ယောက်၊ အဲသလိုပါပဲ၊ အခုဘုန်းကြီးတို့တစ်တွေ နိဗ္ဗာန်ရချင်လို့ ကြိုးစားကြတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ပဲ့ကြိုးမဖြုတ်ဘဲနဲ့ လုပ်နေလို့ရမှာလား၊ (မရပါဘူး ဘုရား)၊ ဩော်. . . နိဗ္ဗာန်ရချင်တယ်ဆိုရင် ပဲ့ကြိုးဖြုတ်ရမှာ မဟုတ်လား။

ဒိဋ္ဌိသာပယ်နိုင်ရင်

အေး. . . အဲသလိုဖြစ်ပါတယ်၊ အခုဘုန်းကြီးတို့တစ်တွေ ဒီမယ်ဆိုင်ရာသံယောဇဉ် ပယ်ရမှာမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ သံယောဇဉ်က ဘယ်နှစ်ချောင်းပါလိမ့်၊ (နှစ်ချောင်းပါဘုရား)၊ မမျှားပါဘူး မဟုတ်လား၊ မမျှားပါဘူး၊ မမျှားတဲ့သံယောဇဉ်လေး ဒါလေးတော့ ပယ်ရမှာပေါ့ ဗျာ၊ ဘာနဲ့ဘာ၊ (ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ)၊ အဲသလိုပါ။ ဒါတောင်မှ တကယ့်ဘကယ်ကျတော့ ပယ်ကြပြီဆိုလို့ရှိရင် ဒိဋ္ဌိသာပယ်နိုင်တယ် ဆိုလို့ရှိရင် ဝိစိကိစ္ဆာပါရောပါတာတဲ့၊ ဝိစိကိစ္ဆာအတွက် သီးသန့်ပယ်ဖို့တောင် မလိုဘူး၊ ဘာကိုပယ်ရမယ်၊ ဒိဋ္ဌိကိုပယ်ရမယ်၊ ဒိဋ္ဌိသာပယ်နိုင်တယ် ဆိုလို့ရှိရင် ဝိစိကိစ္ဆာပါရောပါတာတဲ့၊ ဝိစိကိစ္ဆာအတွက် သီးသန့်ပယ်ဖို့တောင် မလိုဘူး၊ ဘာကိုပယ်ရမယ် ဒိဋ္ဌိကိုပယ်ရမယ်၊ ဒိဋ္ဌိသာပယ်နိုင်လို့ရှိရင် ဘယ်သူပါ ပါတုံး၊ (ဝိစိကိစ္ဆာပါ ပါပါတယ် ဘုရား)၊ ကဲ. . . ဒီလိုဆိုရင် တစ်ချောင်းပဲမဟုတ်လား၊ မိမိတို့ပယ်ရမှာ ဘယ်နှချောင်း၊

(တစ်ချောင်းပါဘုရား)။ တစ်ချောင်းက ဘာသံယောဇဉ်၊ (ဒိဋ္ဌိသံယောဇဉ် ပါဘုရား)။ ဒိဋ္ဌိသံယောဇဉ်၊ ဒါကတော့ ပယ်မှပေါ့ဟ၊ တစ်ချောင်းလေး တောင် မပယ်ချင်ဘဲနဲ့ အချောင်နိဗ္ဗာန်ရချင်လို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး ဘုရား)။

ကိုယ့်ကိုယ်ကိုအတွယ်တာဆုံး အတ္တဒိဋ္ဌိ

မဖြစ်ပါဘူး ပယ်ရပါမယ်၊ ဘာသံယောဇဉ်၊ (ဒိဋ္ဌိသံယောဇဉ်ပါ ဘုရား)။ ဟုတ်တယ်၊ ကြည့်စမ်း ဒိဋ္ဌိဆိုတာ ကိုယ့်ကိုယ်ပေါ်မှာ စွဲတဲ့ဒိဋ္ဌိ မဟုတ်လား၊ (မှန်လှပါဘုရား)။ အတ္တဒိဋ္ဌိပါ။ ဒိပြင် သားသံယောဇဉ်၊ သမီးသံယောဇဉ်၊ မြေးသံယောဇဉ်၊ စီးပွားဥစ္စာ သံယောဇဉ်တွေ အသာထားပါဦး၊ ဒီလောက်အရေးမကြီးပါဘူး၊ အရေးအကြီးဆုံး သံယောဇဉ်က ဘာပါလိမ့်၊ (ဒိဋ္ဌိသံယောဇဉ်ပါ ဘုရား)။ ဒိဋ္ဌိသံယောဇဉ်၊ ကိုယ့်ခန္ဓာကိုယ်ပေါ်မှာ စွဲတဲ့သံယောဇဉ် မဟုတ်လား၊ (မှန်ပါဘုရား)။ ဟုတ်တယ်၊ ဘုန်းကြီးတို့တစ်တွေက သံယောဇဉ် မပယ်ချင်ဘူး၊ တချို့ မရှိတာတောင်မှ ရှိအောင် ထပ်ထပ်လုပ်တယ် မဟုတ်လား၊ တချို့သားသမီး မထွန်းကားဘူးဆိုရင် သံယောဇဉ်ကလေးတွေက မရှိတော့၊ မနေတတ်တော့ သူများသားသမီး ခေါ်မွေးတယ်၊ ဒီလိုသံယောဇဉ်ကလေးတွေ လုပ်တယ်မဟုတ်လား၊ (မှန်ပါ့ဘုရား)။ အေး . . . သံယောဇဉ်ဖြတ်ရပါမယ်၊ သံယောဇဉ် ဖယ်ရှားရပါမယ်လို့ ဘုရားက ပြောနေတဲ့ဥစ္စာ၊ သံယောဇဉ် မရှိ ရှိအောင် လုပ်တာ မဟုတ်လား၊ (မှန်လှပါဘုရား)။ အဲဒီလိုတွေ၊ အဲဒီတော့ ဘုန်းကြီးတို့ ဘယ်နိဗ္ဗာန်နဲ့ ဝေး. . . ဝေး. . . သွားတာပေါ့နော်၊ (မှန်လှပါ ဘုရား)။ ဟုတ်တယ်၊ ပြီးတော့ ဟိုထဲက ဘာဆိုလား၊ အင်း. . . သံယောဇဉ်မရှိရင် တိရစ္ဆာန်တောင် မွေးရပါသတဲ့၊ အမယ် ဒီလိုလည်းလာသေးတယ် မဟုတ်

လား၊ အေး. . . အဲသလိုဆိုတော့ သံယောဇဉ် မရှိတဲ့ဥစ္စာ ရှိအောင်လုပ်လုပ်နေတာ မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲလိုဆိုတော့ ခက်တာပေါ့။ ဝေး. . . ဝေး. . . နေတယ် မဟုတ်လား၊ ဒီတော့ သံယောဇဉ်ကို ပယ်ရမယ်၊ ဘာသံယောဇဉ်၊ (ဒိဋ္ဌိသံယောဇဉ်)၊ ပယ်တယ်ဆိုတာ ဘယ်လိုလုပ် ပယ်တာ၊ ဖြစ်ပျက်ရှုတာ၊ ဟုတ်တယ်၊ ဘယ်အပေါ်မှာ ရှုမလဲ၊ ခန္ဓာပေါ်မှာ ရှုမယ်၊ ဟုတ်တယ်။

ခန္ဓာကဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ ဘယ်သူမျှားလဲ၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဒီခန္ဓာငါးပါး တစ်ပါးပါးအပေါ် ရှုလို့ရှိရင် အဖြစ်အပျက်တွေမြင်ရင် သံယောဇဉ် ပယ်တာပေါ့နော်၊ (မှန်လှပါဘုရား)။ ဟုတ်တယ်၊ ကဲ. . . ရှုကြည့်မယ်၊ ရုပ်ပဲရှုရှု၊ ဝေဒနာပဲရှုရှု၊ သညာပဲရှုရှု၊ စိတ်ပဲရှုရှု တစ်ခုခုကို ရှုမယ်နော်၊ (မှန်ပါဘုရား)၊ ရုပ်ရှုတဲ့အခါ ရုပ်မတွေ့.စေရဘူး၊ ရုပ်ရဲ့အဖြစ်အပျက်ကို တွေ့.ရမယ်၊ (မှန်ပါ ဘုရား)၊ ရုပ်တွေရဲ့အဖြစ်အပျက်ကို တွေ့.စေရမယ်၊ ဝေဒနာရှုချင်ရှု ဝေဒနာရဲ့အဖြစ်အပျက်၊ သညာရှုချင်ရှု သညာရဲ့အဖြစ်အပျက်၊ သင်္ခါရရှုချင်ရှု သင်္ခါရရဲ့အဖြစ်အပျက်၊ စိတ်ရှုချင်ရှု စိတ်မတွေ့.စေနဲ့၊ စိတ်ရဲ့အဖြစ်အပျက်တွေ့၊ ဒီလိုလုပ်ရမှာနော်။

ဖြစ်တာပျက်တာ မြင်အောင်ကြည့်

ကဲ. . . ဒီကနေ့ ဝေဒနာရှုကြမယ်၊ ဝေဒနာဆိုတာ ကိုယ့်သန္တာန်အမြဲရှိနေတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အခုကိုပဲ အိုက်စပ်စပ်ဖြစ်လို့ ယပ်ကလေးတွေ တခတ်ခတ်မဟုတ်လား၊ (မှန် လှပါဘုရား)၊ အိုက်စပ်စပ် ဖြစ်နေတဲ့ဥစ္စာ ဝေဒနာမဟုတ်လား၊ (မှန်လှပါဘုရား)၊ ဘာဝေဒနာပါလိမ့်၊ (ဒုက္ခဝေဒနာပါ ဘုရား)၊ ဒုက္ခဝေဒနာ၊ ယပ်တောင်ကလေးနဲ့ ခတ်လိုက်

တော့ အေးခနဲ ဖြစ်မလာဘူးလား၊ (ဖြစ်လာပါတယ်ဘုရား)။

အဲဒီအချိန် ဒုက္ခဝေဒနာရှိသေးလား၊ (မရှိပါဘူးဘုရား)၊ ဒုက္ခ ဝေဒနာ ပျောက်သွားပြီးတော့ ဘာဝေဒနာ အစားရောက်လာလဲ၊ (သုခ ဝေဒနာ အစားရောက်လာပါတယ် ဘုရား)၊ အဲ. . . သုခဝေဒနာအစား ရောက်လာ၊ ယပ်တောင်ကလေး ဟိုဘက်လွန်သွားခါရှိသေးတယ် တစ်ခါ ပြန်အိုက်လာပြန်ပြီ၊ (မှန်ပါဘုရား)၊ အမယ်. . . အိုက်လာတယ်ဆိုတော့ စောစောတုန်းက သုခဝေဒနာလေးကော အမြဲရှိလား၊ (မရှိပါဘူး ဘုရား)၊ ဒုက္ခဝေဒနာက ဇွတ်တွန်းဝင်လာပြီးတော့၊ သုခဝေဒနာကို တွန်းခွာပြီး တော့ သူအစားဝင်တယ် မဟုတ်လား၊ (မှန်ပါဘုရား)။

အားလုံးမမြဲကြပါ

နောက်တစ်ခါ ယပ်ကလေးနဲ့ ခတ်ထုတ်လိုက်ပြန်တော့ အေးခနဲ ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ် ဘုရား)၊ ဒီလိုဆိုရင် ဒုက္ခဝေဒနာက ပြန်ပျောက်သွားပြန်ပြီပေါ့၊ ဘယ်သူအစားဝင်လာ၊ သုခဝေဒနာဝင်လာ၊ အဲ. . . သုခအစားဝင်တယ်ဆိုတော့ သုခဝေဒနာလည်း မမြဲဘူး၊ ဒုက္ခ ဝေဒနာလည်း မမြဲဘူး၊ အပြောင်းအလဲဖြစ်နေတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အဲဒါကလေးကိုပဲ ကြည့်နေစမ်းပါ။ သုခဝေဒနာလည်း ပေါ်လာ ပြီး ပျောက်သွားတယ်၊ ဒုက္ခဝေဒနာလည်း ပေါ်လာပြီး ပျောက်သွားတယ်။

ပေါ်တာလည်းသိ၊ ပျောက်သွားတာလည်း သိရမယ်

ဒီသဘောလေးတွေ သတိမထားလို့သာ မသိတာပါ၊ သတိ ထားရင် အဲဒါပဲ တရားမဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲဒါပဲတရား၊ ပေါ်လာတာလည်း သိမယ်၊ ပျောက်သွားတာလည်း သိမယ်ဆိုလို့ရှိရင်၊

သြော်. . . ဒါပါပဲလား၊ ဝေဒနာဆိုတာ ရှုမဲ့ပြီးတော့နေအောင် မခံသာ အောင်ဖြစ်မှ ဝေဒနာမဟုတ်ဘဲ၊ (မှန်လှပါဘုရား)၊ အဲဒါတွေလည်း ဝေဒနာပဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ သိပ်မခံသာတဲ့ဥစ္စာ ဒုက္ခ ဝေဒနာ၊ ခံသာတဲ့ဥစ္စာက သုခဝေဒနာ၊ ဒီလိုတွေ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ကြားအလယ်အလတ်က ဥပေက္ခာဝေဒနာ၊ ဒါကလေးတွေကို သိပြီးတော့နေရင် ပြောင်းလဲ ပြောင်းလဲသွားတာလေးတွေ သိနေရင် ဒါတရားမဟုတ်လား၊ (မှန်လပါဘုရား)၊ ပြောင်းလဲ ပြောင်းလဲသွားတာက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒုက္ခသစ္စာ၊ သိသိနေတာက ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာ၊ ဟုတ်ပါတယ်။

အရှုခံရဲ့ရှုဉာဏ် နှစ်ခုပြိုင်မပေါ်နိုင်

ကဲ. . . ရှုမယ် ဝေဒနာကိုရှုမယ်၊ စိုက်ပြီးတော့ကြည့်တော့ ဝေဒနာက အရှုခံ၊ ဉာဏ်ငါးပါးက အရှုဉာဏ်၊ ဝေဒနာက အရှုခံ၊ ဉာဏ်ငါးပါးက အရှုဉာဏ်၊ ဝေဒနာက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဒေဝနာက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဖြစ်ပျက်နေတာတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာ)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)၊ ဒီလိုလာမှာပါ။

ဝေဒနာပေါ်ကို ဉာဏ်မပေါ်နိုင်

အေး. . . အသွားက ဒီအသွားပဲ၊ ဒါပေမယ့် တကယ်ရှုပြီဆိုတော့ ဝေဒနာကို ဉာဏ်နဲ့ရှုတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဝေဒနာဆိုတာ ရုပ်လား၊ နာမ်လား၊ (နာမ်ပါဘုရား)၊ ရှုတဲ့ဉာဏ်ကကော ရုပ်လား၊ နာမ်လား၊ (နာမ်ပါဘုရား)၊ ဒါဖြင့်ရင် နာမ်တရားတစ်ခုကို နာမ်တရား တစ်ခုနဲ့ ရှုတာပေါ့၊ (မှန်လှပါဘုရား)၊ အရှုခံကလည်း နာမ်၊ ရှုတဲ့ဉာဏ်

ကလည်း နာမ်၊ နာမ်တရားတစ်ခုကို နာမ်တရားတစ်ခုနဲ့ ရှုတယ်ဆိုတော့ ဟို. . . ပြောထားတဲ့အတိုင်း နာမ်တရားတို့မည်သည် တစ်ချိန်တည်း နှစ်ခုပြိုင် ဖြစ်ရုံးရှိသလား၊ (မရှိပါဘူး ဘုရား)၊ မရှိဘူး၊ ဝေဒနာလေးပေါ်ပြီး နေတဲ့အခိုက် ဉာဏ်ပေါ်ပါ့မလား၊ (မပေါ်ပါဘူး ဘုရား)၊ မပေါ်ဘူး၊ ဝေဒနာလေးက သူ့ အတိုင်းအတာအတိုင်း ပေါ်ပြီးတော့ ပြန်ဝင်ပျောက်သွား သွားတဲ့အခါကျမှ၊ ရှုတဲ့ဉာဏ်က ပေါ်လာတယ်၊ ရှုတဲ့ဉာဏ် ပေါ်တဲ့အချိန် ဟာ. . . ဝေဒနာရှိသေးလား၊ (မရှိပါဘူး ဘုရား)၊ အဲ. . . အရှုခံ ဝေဒနာလည်းပေါ်ပြီးတော့ ဘာဖြစ်တုံး၊ ပျောက်. . . ၊ ဒီတော့မှ ဘာပေါ်လာ၊ ရှုတဲ့ဉာဏ်ပေါ်လာ၊ ဒါဖြင့် အရှုခံနဲ့ရှုဉာဏ်၊ အရှုခံနဲ့ ရှုဉာဏ်၊ တိုက်ရိုက်ကြီး သူတို့ တွေ့လို့ရလား၊ (မရပါဘူး ဘုရား)၊ မရပါဘူး။

ရှုပြီးမှ မရှိဘဲဖြစ်သွားတာ

နာမ်တရားတစ်ခုကို နာမ်တရားတစ်ခုနဲ့ ရှုတဲ့အခါ ဒီရှုတဲ့ ဉာဏ်ပေါ်လာတဲ့အချိန်မှာ ဝေဒနာရှိသေးလား၊ (မရှိပါဘူးဘုရား)၊ ဒါဖြင့် ဒီဉာဏ်ဟာ ဘာနဲ့သွားတွေ့၊ မရှိတာနဲ့သွားတွေ့တယ်၊ ဘာနဲ့သွားတွေ့၊ မရှိတာနဲ့သွားတွေ့တယ်၊ ရှိတာနဲ့တွေ့သလား၊ မရှိတာနဲ့တွေ့သလား၊ (မရှိတာနဲ့တွေ့တာပါ ဘုရား)၊ မရှိတာကအနိစ္စ၊ မရှိတာကအနိစ္စ၊ တွေ့တာက မဂ္ဂ၊ မရှိတာက အနိစ္စ၊ တွေ့တာက မဂ္ဂ၊ အဲဒါလေးပဲနေမယ်၊ မရှိတဲ့သဘောလေးတွေ့မယ်၊ မရှိတဲ့သဘောလေး တွေ့နေမှာပဲ၊ (မှန်လှပါ ဘုရား)၊ မရှိတာက လုံးလုံးမရှိတာမဟုတ်ဘူး၊ အစကတည်းကတိုင်း လုံးလုံးမရှိတာမဟုတ်ဘူး၊ စောစောတုန်းက ရှိပါတယ်၊ အခုမှ မရှိတာပါ။ (မှန်ပါ ဘုရား)။ **'ဟုတ္တာ အ ဘာဝါကာရော အနိစ္စလက္ခဏံ'၊ ဟုတ္တာ**-ရှိပြီးတော့မှ၊ **အ ဘာဝါကာရော**-မရှိပဲဖြစ်သွားတဲ့ အခြင်းအရာ

အမှုအရာဟာ၊ **အနီစွလက္ခဏာ**-အနီစွလက္ခဏာနော်၊ လုံးလုံးမရှိတာ မဟုတ်ဘူး၊ စောစောတုန်းကရှိတယ်၊ အခုကြည့်တဲ့ အခါကျတော့မှ မရှိတာ၊ အေး အဲဒါကိုလေ ဆင်ကြိုးအိပ်သွားတဲ့ ဥပမာနဲ့ပြောတယ်၊ ဘုန်းကြီးတို့ရိပ်သာ ဟော. . . ဟိုဘက်နား ဆင်ကြိုးတစ်ကောင်အိပ်နေတာ နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊ ဘယ်ကမျှား မျက်စိလည်လာတယ် မသိဘူး၊ ဟာ. . . တကယ်လား၊ ဟုတ်ပါတယ်၊ တကယ်ပဲ အိပ်နေတာတွေ့တယ်၊ ဟေ့. . . တို့ သွားကြည့်ကြမယ်၊ ဟေ့. . . လာကြဟေ့၊ ဘယ်သူတို့၊ ဘယ်ဝါတို့ လိုက်ကြဦးမလား၊ ကျွက်. . . ကျွက်. . . ကျွက်နဲ့ အဖော်ညှိတော့၊ ဆင်ကြီးက လူသံကြားတာနဲ့ ထသွားတယ်၊ အဲဒီအချိန်ရောက်တော့မှ ဒီက လူအုပ်ကြီးက ရောက်သွားတော့ ဆင်ကြီးတွေ့သေးလား၊ (မတွေ့တော့ပါဘူး ဘုရား)။ ဘယ်မှာတုံး ဆင်ကြီး၊ စောစောတုန်းကတော့ ဒီအနားပဲ၊ ဒီအနားပဲဆို တွေ့မှာပေါ့။ ဟုတ်ပါတယ်၊ ဟုတ်ရင် တွေ့မှာပေါ့။ ခုနတုန်းက စကားက ညာပြောတာ ထင်ပါရဲ့၊ မညာပါဘူး၊ ဟုတ်ပါတယ်၊ ဟုတ်ရင် ဆင်တွေ့ရမှာပေါ့ဆိုတော့၊ ဆင်ကတော့ မရှိတော့ပါဘူး။

အနီစွရဲ့ အမှတ်အသားလက္ခဏာတွေ့မယ်

ဒါပေမယ့် ဟောဒီမှာတွေ့လား၊ ဟော ဆင်ခြေရာ၊ ဟောဒီမယ် ကျောက်ကန်သွားတာလည်း ရှိတယ်၊ ဒီမှာ မစင်စွန့်သွားတယ်၊ ဒီမှာလည်း ကျင်ငယ်တွေ စွန့်သွားတယ်၊ ခြော် ခြော် ခြော်. . . ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီနေရာမှာမစင်တွေ၊ ကန်ကျောက်သွားတာတွေ၊ ဆင်ခြေရာတွေ တွေ့သောအားဖြင့် ဟုတ်တယ်၊ စောစောတုန်းက ဒီအနား ဆင်ကြီးလာသွားတာ ဟုတ်ရမယ်၊ ဟုတ်ဘူးလား၊ (မှန်လှပါ ဘုရား)။ ဒီမှာဆင်ကြီး

တွေ့တာလား၊ အမှတ်အသားတွေ့တာလား၊ (အမှတ်အသားတွေ့တာပါ ဘုရား)၊ အမှတ်အသား တွေ့သောအားဖြင့် စောစောတုန်းက ဆင်ကြိုးလာသွားတယ်ဆိုတာ ဟုတ်ရမယ်၊ (မှန်ပါ ဘုရား)၊ ဒါဖြင့် ဒီမယ်. . . သွားကြည့်တဲ့ အချိန်ကျတော့ ဆင်ကြိုးမတွေ့ပါဘူး၊ အမှတ်အသားပဲ တွေ့တယ်၊ ဆင်ကြိုးတွေ့သလား၊ အမှတ်အသား တွေ့သလား၊ (အမှတ် အသားတွေ့တာပါ ဘုရား)၊ အမှတ်အသားဆိုတာ ပါဠိလို လက္ခဏာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ပါဠိလိုဘယ့်နှယ်တုံး၊ (လက္ခဏာပါ ဘုရား)၊ အေး. . . ပျောက်သွားတာက အနိစ္စ၊ အဲဒီအနိစ္စရဲ့ လက္ခဏာပဲ တွေ့ပါမယ်၊ အနိစ္စတွေ့မှာလား၊ အနိစ္စရဲ့လက္ခဏာပဲ တွေ့မှာလား၊ (အနိစ္စရဲ့ လက္ခဏာပဲ တွေ့ရမှာပါဘုရား)၊ ဟုတ်တယ်၊ အဲဒီလိုပဲ၊ ဒုက္ခ တွေ့မှာလား၊ ဒုက္ခရဲ့ လက္ခဏာတွေ့မှာလား၊ (ဒုက္ခရဲ့လက္ခဏာ တွေ့မှာပါ ဘုရား)၊ အနတ္တတွေ့မှာလား၊ အနတ္တရဲ့လက္ခဏာ တွေ့မှာလား၊ (အနတ္တရဲ့လက္ခဏာ တွေ့မှာပါဘုရား)၊ အဲသလိုဖြစ်လာမယ်၊ အသေးစိတ်လာတော့ အဲဒီ သဘောသဘာဝ အမှတ်အသား လက္ခဏာ၊ လက္ခဏာလေးတွေမျှသာ သိနိုင်ပါတယ်၊ (မှန်ပါ ဘုရား)၊ တိုက်ရိုက်ကြီး သိလို့ မရပါဘူး၊ နာမ်တရားတို့မည်သည် နှစ်ခုပြိုင်ဖြစ်ရိုး မရှိဘူး မဟုတ်လား၊ (မှန်လှပါဘုရား)။

ဖြစ်ပျက်မြင်မှ ဒီဋ္ဌိစင်မယ်

အေး. . . ဒီလိုလေးတွေ တွေ့လာပါမယ်၊ ဘယ်ဟာပဲရှုရှု ဖြစ်တာပျက်တာ၊ ဖြစ်တာပျက်တာလေးတွေ မြင်ပြီးတော့လာမယ် မဟုတ်လား၊ (မှန်ပါဘုရား)၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌိစင်၊ (ဉစ္ဆေဒ ဒိဋ္ဌိစင်ပါတယ် ဘုရား)၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌိစင်၊ (သဿတ

ဒိဋ္ဌစင်ပါတယ် ဘုရား)၊ အဲဒီဖြစ်တာနဲ့ပျက်တာ ပုဂ္ဂိုလ်သတ္တဝါတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ ယောက်ျား၊ မိန်းမတွေလား၊ (မဟုတ်ပါဘူး ဘုရား)၊ လူ၊ နတ်၊ ဗြဟ္မာတွေလား၊ (မဟုတ်ပါဘူးဘုရား)၊ ဘာတွေပါလို့၊ နာမ်တရားနဲ့ ရုပ်တရား၊ ဓမ္မတွေပေါ့။ (မှန်ပါဘုရား)၊ ဖြစ်တာ ပျက်တာတွေက ဘာတွေတုံး၊ ဓမ္မတွေ၊ အဲဒီလိုသိလာရင် ဘာဒိဋ္ဌစင်၊ (သက္ကာယဒိဋ္ဌစင်ပါတယ် ဘုရား)၊ ဒါဖြင့် ဒိဋ္ဌဟူသမျှ သဿတ၊ ဥစ္ဆေဒ၊ သက္ကာယ၊ ဒီအထဲအကုန်ပါပြီ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဟာ . . . အဲဒါဆိုရင် ဒိဋ္ဌစင်တော့တာပေါ့။ (မှန်လှပါဘုရား)၊ ဒိဋ္ဌစင်လို့ရှိရင် **'ဒိဋ္ဌ နိရောဓာ ခေါ ဝိစိကိစ္ဆာ နုပ္ပဇ္ဇတိ'** ဝိစိကိစ္ဆာပါ ရောပါတယ်၊ (မှန်လှပါဘုရား)၊ ဒိဋ္ဌပြုတ်လို့ရှိရင် ဘယ်သူပါ ရောပါ။ ဝိစိကိစ္ဆာပါ ရောပါ။ အဲဒီလိုဆိုရင် ဒိဋ္ဌနဲ့ ဝိစိကိစ္ဆာ ကင်းကွာတော့တာပေါ့နော်၊ (မှန်လှပါ ဘုရား)၊ ဒီလိုဆိုရင် ဒီပုဂ္ဂိုလ်ဘာပုဂ္ဂိုလ်၊ သောတာပန်ပုဂ္ဂိုလ်၊ ဒါပဲ သောတာပန်ဖြစ်ရေးလမ်းစဉ်ဟာ အခုလို ဆိုင်ရာသံယောဇဉ် ပယ်တာပဲ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ သံယောဇဉ်ပယ်တယ် ဆိုတာလည်း ကပ်ကြေးကြီးနဲ့ ထိုးဖြတ်တာလား၊ (မဟုတ်ပါဘူး ဘုရား)၊ ဓားမကြီးနဲ့ ပိုင်းထိုဖြတ်တာလား၊ (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး။

တွယ်တာမှုကင်းကွာတော့ သံယောဇဉ်ပြတ်တယ်

ဘယ့်နှယ်လုပ်တာ၊ ဖြစ်ပျက်ရှုတာ၊ ဒါပါပဲ၊ ဖြစ်ပျက်မြင်တော့ ကိုယ့်ကိုယ်ပေါ်မှာ တွယ်တာတဲ့ဒိဋ္ဌ သံယောဇဉ်တွေ ကင်းကွာသွားတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟိုတုန်းကတော့ ဒီခန္ဓာကိုယ်ကြီး ဒီလို ဖြစ်တယ်၊ ပျက်တယ်ဆိုတာမသိတော့ သူ့အပေါ်မှာ လိုချင်မှု၊ ဒီလိုတွေ မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒီအပေါ်မှာ တွယ်တာမှု ဒိဋ္ဌတွေ လွှမ်းမိုး

နေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အခု သေသေချာချာကြည့်တော့ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကြီးက မမြဲပါဘဲလား၊ တဖွဲဖွဲ တသဲသဲနဲ့ ဖြစ်ပျက် ပြောင်းလဲနေတာပါလားလို့ ဒီလိုသိလာတော့ သူ့အပေါ်မှာ တွယ်တာမှု ကင်းကွာလာတော့တာပေါ့။ (မှန်လှပါဘုရား)၊ အေး. . . ဒီလိုဖြစ်အောင် လုပ်တာကိုပဲ ဘာခေါ်တယ်၊ သံယောဇဉ်ဖြတ်တာ၊ ဘာတဲ့တုံး၊ (သံယောဇဉ်ဖြတ်တာပါ ဘုရား)၊ အို သံယောဇဉ်ဖြတ်တာက အခုလို တပည့်တော်တို့ လူထဲမှာပဲနေပြီး ဖြတ်လို့ရသလား၊ ရပါတယ်၊ သွားရင်း၊ လာရင်း၊ စားရင်း၊ သောက်ရင်း၊ နေရင်း၊ ထိုင်ရင်း၊ ထမင်းချက်ရင်း ဖြတ်လို့ရပါတယ်၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာရှုတာ၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာရှုတာပါ၊ ရပါတယ်၊ ဒီဥစ္စာတွေ သက်သေသာဓကတွေ အများကြီးရှိပါတယ်၊ ထမင်းချက်ရင်း ရကုန်တာတွေ၊ ဟို ကာလီဆိုတဲ့ အမျိုးသမီးဆိုရင် ဘုံခုနစ်ဆင့်အပေါ်မှာနေတာ၊ ဟို . . . ကောင်းကင်ကနတ်သားနှစ်ယောက်က တရားစကားတွေ ပြောတာ တရားရှုပုံရှုနည်းတွေ ပြောတာကြားတော့ အဲဒီအတိုင်း သူ့ဉာဏ်နဲ့ သူ့ခန္ဓာ စိုက်လိုက်တာ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေမုန်း၊ ဖြစ်ပျက်တွေဆုံး၊ သောတာပန်ဖြစ်သွားတယ်၊ ဘုံခုနစ်ဆင့်ပေါ်မှာ နေရင်းသား ဘာဖြစ်သွား၊ (သောတာပန်ဖြစ်သွားပါတယ်ဘုရား)၊ အဲဒါပါပဲ၊ သောတာပန်ဖြစ်တယ်ဆိုတာ အဲဒါပါပဲ၊ ခုတိုင်းဆိုလို့ရှိရင် ခဲတောင့်ခဲယဉ်းကြီး မဟုတ်ပါဘူး၊ (မှန်လှပါဘုရား)၊ ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေ ဖြစ်နိုင်တဲ့ အခြေအနေတွေချည်းပဲ မဟုတ်လား၊ (မှန်လှပါဘုရား)။

အဏုယူဓရာ သုဒ္ဓါဒေရမင်းကြီးနဲ့ သန္ဓတိအမတ်ကြီး

အဲသလိုပါ၊ ဟို. . . သုဒ္ဓါဒေနမင်းကြီးဆိုလို့ ရှိရင် နန်းတော်

ပေါ်မှာနေရင်းသားနဲ့ မင်းဝတ်မင်းစားတွေတောင် မချွတ်ရသေးဘူး၊ အဲဒီအတိုင်းပဲ နေရင်းနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ညွှန်ကြားလို့ ဒီအတိုင်း ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာပေါ်စိုက်လိုက်တာ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး၊ တစ်ခါဆုံး၊ နှစ်ခါဆုံး၊ သုံးခါဆုံး၊ လေးခါဆုံးတော့ ရဟန္တာကြီးဖြစ်သွား၊ ဘာတဲ့တုံး၊ ရဟန္တာကြီးဖြစ်သွား၊ ဟို. . . ရှင်ဘုရင် အဝတ်အစားတွေတောင် မချွတ်ရသေးဘူး၊ ဒီလိုတွေနော်၊ (မှန်လှပါဘုရား)၊ ဟို စလွယ်ကြီးတွေ၊ အဲဒါကြီးတွေလည်း သိုင်းလျက်ပဲ၊ မင်းဝတ်မင်းစားတွေနဲ့ပေါ့။ (မှန်လှပါဘုရား)၊ ဘာဖြစ်သွား၊ ရဟန္တာကြီးဖြစ်သွား၊ ရဟန္တာကြီးသာဖြစ်တာ ရဟန်းတော့လည်း မဟုတ်ဘူးနော်၊ (မှန်လှပါ ဘုရား)၊ လူအဖြစ်နဲ့ လေးမဂ်လေးဖိုလ်ဆိုက်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲသလိုတွေဖြစ်ပါတယ်၊ ဟို. . . သန္တတိအမတ်ကြီးဆိုတာ၊ စစ်တိုက်လို့ အောင်နိုင်ပြီးတော့လာတော့ ဘုရင်ကြီးက သူ့(၇)ရက် နန်းစည်းစိမ်ပေး၊ မင်းကြိုက်တာလုပ်ဆိုတော့၊ တိုင်းပြည်မှာ သူက ပျော်တတ်၊ ပါးတတ်၊ သောက်တတ်၊ စားတတ်တဲ့သူဆိုတော့ သူပိုင်တဲ့ ၇-ရက်အတွင်းမှာ တိုင်းပြည်ကြီးတစ်ခုလုံးကို ကြေညာတယ်၊ ဟေ့ . . . ပျော်ပျော်ပါးပါးနေကြ၊ စားကြ၊ သောက်ကြ၊ ကကြ၊ ခုန်ကြ၊ ကြိုက်သလို နေကြ၊ ဒီ ၇-ရက်အတွင်း ကျွန်ုပ်ပိုင်တယ်၊ ကျွန်ုပ်တိုင်းပြည် ဆိုပြီးတော့ တိုင်းပြည်ကြီးတစ်ခုလုံးကို ကြေငြာတယ်၊ သူကိုယ်တိုင်လည်း မူးရွှဲသောက်စား၊ အငြိမ့်ပွဲကြည့်ပြီးတော့ နေတာ၊ ကြည့်နေရင်း နေရင်းနဲ့၊ သူ့ရှေ့မှာ ဇာတ်ခုံပေါ်မှာကနေတဲ့ အမျိုးသမီးလေးက လေဟပ်ပြီးတော့၊ နှုလုံးလေဟပ်ပြီးတော့ ဖတ်ခနဲလဲသေ၊ အဲဒါကိုမြင်လို့၊ သူက အို. . . နှုလုံးပူလို့ အပူမီးတောက်သတဲ့ အမတ်ကြီးနော်၊ ဘယ်သူတုံး၊ သန္တတိအမတ်ကြီး၊ အဲဒါ ဟို . . . ။

ဒီအပူ ဘယ်လိုလုပ်ပဲ့ါမလဲဟဲ့၊ ဟို. . ဘယ်လိုမှ ဖြေဖျောက်လို့ မရတော့ ဘုရားဆီပြေးပါ။ ဘုရားဆီသွားပါလို့ ဘေးကညွှန်လို့ ဘုရားဆီပြေး၊ ဒီတင်ဘုရားကိုယ်တော်မြတ်ကြီးက ဆီးပြီးတော့ ဟောပါတယ်၊ **'ယံ ပုဗ္ဗေတံ ဝိသောဓေဟိ ပစ္ဆာတေ မာဟုကိဉ္စနံ'** အဓိပ္ပာယ်ကတော့ အမတ်ကြီး လွန်လေပြီးသားအပိုင်းက အတိတ်ကာလက ဖြစ်ခဲ့တဲ့ ဥစ္စာတွေ ပြန်မတွေးနဲ့ကွဲ့၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလအပေါ်မှာ ဖြစ်ကြမယ့် (ရုပ် နာမ် ခန္ဓာ)၊ ဒါတွေအပေါ်လည်း ကြိုပြီးတော့ မတွေးနဲ့၊ ယခုပစ္စုပ္ပန်ကာလ ဖြစ်ဆဲကာလမှာလည်းပဲ ဒီအပေါ်မှာ ဖြစ်ပြီးတော့နေတဲ့ ရုပ်၊ နာမ်၊ ခန္ဓာတွေအပေါ်မှာလည်း အတွယ်အတာ မထားနဲ့ဆိုတော့ ကာလသုံးပါးအပေါ်မှာ အတွယ်အတာမထားနဲ့လို့ ပြောရာ ရောက်တာပေါ့။ (မှန်လှပါဘုရား)၊ ဉာဏ်နဲ့ စိုက်လိုက်စမ်းဟဲ့ ဆိုတော့ အဲဒီတင်စိုက်လိုက်တာ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး၊ တစ်ခါဆုံး၊ နှစ်ခါဆုံး၊ သုံးခါဆုံး၊ လေးခါဆုံးတော့ ဒီအမတ်ကြီးကော ဘာဖြစ်သွား၊ ရဟန္တာကြီးဖြစ်သွား၊ ဟယ် . . . ပုဂ္ဂိုလ်တွေကလည်း ထက်မြက်ပါပေတယ်၊ ရဟန္တာကြီး ဖြစ်သွားတယ်နော်၊ (မှန်လှပါဘုရား)၊ ဘယ်သူတုံး၊ အမတ်ကြီး၊ အိုး. . သူ့လည်းကြည့်ပါဦး၊ အမတ်အဝတ်အစား တွေတောင် မချွတ်ရသေးဘူး၊ ဝန်ကြီးဆိုတော့ ခေါင်းပေါင်းစကြီးနှစ်စ ထောင်လို့နေမှာပေါ့။ (မှန်ပါဘုရား)၊ ဟာ ဖျင်အင်္ကျီကြီးလည်း ဟားဟား ဟားဟားနဲ့ နေလိမ့်မယ် ထင်တယ်၊ ဘောင်းနားတောင်းတွေလည်း မချွတ်ရသေးဘူးနော်၊ အမယ်လေး. . . သူပါးစပ်နမ်းကြည့်ရင် အရက်နံ့တောင် ပျောက်သေးပုံမပေါ်ဘူး၊ ဒီအနေအထား မဟုတ်လား၊ အခုသူ ဘာဖြစ်သွား၊ ရဟန္တာကြီးဖြစ်သွား၊ အဲလိုပါ။ အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အဲဒါရရေး

အတွက် စူးစိုက်လုပ်တဲ့ သူတွေဆိုတော့ ပိုပြီးတော့ရရမှာပေါ့။ (မှန်လှပါဘုရား)။ အဲဒါကို ခဲတောင့်ခဲယဉ်းကြီး ဖြစ်ပြီးတော့ ကိုယ့်ကိုယ်ကို တွန့်ဆုတ်မနေကြနဲ့၊ (မှန်လှပါဘုရား)။

အထက်မင်္ဂလာရချင်ရင် အထက်ပိုင်းသံယောဇဉ်တွေဖြတ်ပါ

တကယ်တော့ ဆိုင်ရာသံယောဇဉ် ဖြတ်ဖို့ဆိုတာ လိုက်စစ်လိုက်တော့ သံယောဇဉ်က မများပါဘူး၊ တစ်ချောင်းတည်း မဟုတ်လား၊ (မှန်ပါဘုရား)၊ ဘာသံယောဇဉ်၊ ဒိဋ္ဌိသံယောဇဉ်၊ ဒါပဲ ဒိဋ္ဌိသံယောဇဉ် ပြတ်ဖို့ ကွာဖို့ဆိုတာကလည်း ဘာမြင်ရမယ်၊ ဖြစ်ပျက်မြင်ရမယ်၊ ပျက်ပျက်ကုန်တာမြင် ဘာဒိဋ္ဌိစင်၊ (သဿတဒိဋ္ဌိစင်ပါတယ် ဘုရား)၊ ဖြစ်ဖြစ်လာတာမြင် ဘာဒိဋ္ဌိစင်၊ (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ် ဘုရား)၊ ဖြစ်တာ၊ ပျက်တာ ပုဂ္ဂိုလ်သတ္တဝါတွေမှ မဟုတ်ဘဲ၊ ယောက်ျား၊ မိန်းမမှမဟုတ်ဘဲ၊ ဓမ္မတွေပဲ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဓမ္မတွေမျှသာပဲလို့သိရင် ဘာဒိဋ္ဌိစင်၊ (သက္ကာယဒိဋ္ဌိစင်ပါတယ် ဘုရား)၊ ဒါပဲ ဒိဋ္ဌိစင်တယ်ဆိုရင် ဒိဋ္ဌိ သံယောဇဉ် ပြတ်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ **'ဒိဋ္ဌိ နိရောဓာ ခေါ ဝိစိကိစ္ဆာ နုပ္ပဇ္ဇတိ'** ဝိစိကိစ္ဆာပါရောပါတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ ဒီလိုဆိုရင် ဒီဥစ္စာ ဖြစ်ပျက်ဖြိုင်ဖြိုင် မြင်ဖို့ပဲ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဒါကတော့ ရနေပြီနော်၊ တချို့တော်တော်များများ ရနေပြီ၊ အစတွေ့နေပြီ မဟုတ်လား၊ ဆက်ကြိုးစားပါ။ ယုံယုံကြည်ကြည်နဲ့ ကြိုးစားပါ။ ဖြစ်နိုင်တဲ့ အနေအထားတွေပါ။ (မှန်လှပါဘုရား)၊ အဲသလို ဒါသူ့ဆိုင်ရာဆိုင်ရာ သံယောဇဉ်ဖြတ်နိုင်တော့ အခုလိုရတာပဲ မဟုတ်လား၊ ဟုတ်တယ်၊ သောတာပန်ဖြစ်ချင်ရင်တော့ အခု တစ်ချောင်းပဲ မဟုတ်လား၊ အထက်မင်္ဂ၊ အထက်မင်္ဂတွေ ရချင်ရင်တော့ အထက်ပိုင်းသံယောဇဉ်တွေ ဖြတ်ရ

မှာပေါ့။ (မှန်လှပါဘုရား)။ အဲလိုပါ။ မဖြတ်ဘဲနဲ့တော့ မရပါဘူး၊ မရပါဘူး။

သားသံယောစဉ်မဖြတ်နိုင်လို့

ဘိက္ခုနီမတစ်ယောက်၊ ဟိုး. . . လူ့ဘဝက ရလာတဲ့သန္ဓေသား ကလေးက၊ ဘိက္ခုနီမဘဝရောက်တော့မှ ဘိက္ခုနီမကျောင်းမှာ မွေးဖွားလာတော့၊ ကလေးသံကလေး ကြားနေတယ်၊ အဲဒါ ဘိက္ခုနီမကျောင်းနဲ့ ကလေသံနဲ့ နားထောင်မကောင်းပါဘူးဆိုပြီးတော့ နန်းတော်က ကလေးလေးခေါ်ပြီးတော့ မွေးထားတာပေါ့။ (မှန်ပါဘုရား)။ တရွေ့ရွေ့နဲ့ ကလေးက ၇-နှစ်အရွယ် ရောက်လာတယ်လေ၊ သူက ကုမာရကဿပ၊ ဘာတဲ့တုန်း၊ (ကုမာရကဿပပါဘုရား)၊ 'ကုမာရ'က ကလေး၊ 'ကဿပ'ကတော့ 'ကဿပ'နာမည်ပေါ့။ ကလေးကဿပ ပေါ့နော်၊ ဟို. . . ကဿပတွေက များ‌လို့မို့လို့ ဒီကလေးကျတော့ ဘာတဲ့တုံး၊ ကုမာရကဿပ၊ ကုမာရကဿပ ၇-နှစ်အရွယ်ရောက်တော့၊ သူက ကိုရင်ကလေး လုပ်ချင်တယ်ဆိုတော့ သူ့ကိုဝိုင်းကိုရင်ကလေး လုပ်ပေး၊ တကယ့်ကလေးပဲ၊ သဒ္ဓါတရားရှိတယ်၊ မထေရ်ကြီးတွေထံ သွားပြီးတော့ တပည့်တော်ကို တရားပေးတော်မူပါ။ တောင်းပြီးတော့၊ အမယ်. . . တောထဲထွက် တရားကျင့်တာနော်၊ ဒါပေမယ့် ကလေးဆိုတော့ တရားတော့ မရရှာပါဘူး၊ ၇-နှစ်လောက်ကြာပြီးတော့ သွားတော့၊ နောက် ၇-နှစ်ဆိုတော့ ဘယ်လောက်တုံး၊ ၁၄-နှစ်၊ ဒီအရွယ်ရောက်တော့ ဟိုး . . . တချိန်တုန်းက မိတ်ဆွေဖြစ်ဖူးတဲ့ ငြဟ်ဟာတစ်ဦးက သူ့ဆီရောက်လာပြီးတော့ ပဉ္စာတွေပေး၊ ဒီမေးခွန်းတွေကို ဘုရားထံသွားမေးပါ ဆိုတော့၊ ဒီမေးခွန်းပဉ္စာတွေကို ဘုရားထံသွားမေးတော့၊ ဘုရားကိုယ်တော်မြတ်ကြီးက တစ်ခုချင်း၊ တစ်ခုချင်း ဖြေပြလိုက်တော့၊ ဒီ ၁၄-နှစ်သားကိုရင်

ကလေးက ရဟန္တာဖြစ်သွားတယ်၊ ဘာဖြစ်သွား၊ (ရဟန္တာဖြစ် သွားပါတယ် ဘုရား)၊ ရဟန္တာဖြစ်သွားပြီ၊ ဟို. . . ပုဏ္ဏာတွေ နာရရုံနဲ့တော့ ဘယ်ဟုတ်မလဲ၊ ပုဏ္ဏာထဲမှာ အကြောင်းအရာတွေ၊ ရှုပုံ၊ ရှုကွင်းရှုကွက်တွေ ပါတာပေါ့၊ (မှန်လှပါ ဘုရား)၊ အဲဒီအတိုင်း သူဉာဏ်နဲ့. သူ့ခန္ဓာစိုက်လို့ ရဟန္တာဖြစ်တာပေါ့။ (မှန်လှပါဘုရား)၊ ကိုရင်ကလေး ဘာဖြစ်သွား၊ ရဟန္တာဖြစ်သွား၊ ရဟန္တာဖြစ်သွားတယ်၊ မိခင်ကြီးကတော့ သူသားကလေးကို နန်းတော်ကခေါ်သွားတဲ့ အချိန်ကစပြီးတော့ မျက်ရည်တွေ တရွဲရွဲနဲ့၊ တစ်နေ့မှမျက်နှာကြည်လင်တယ်လို့ကို မရှိဘူး၊ သားနဲ့ခွဲရလို့တဲ့၊ (မှန်ပါဘုရား)၊ အစတုန်းကတော့ဖြင့် တရားရချင်လို့ဆိုပြီး သျှောင်တစ်လုံး အဆုံးခံပြီး ဘိက္ခုနီမလုပ်လာတာ မဟုတ်လား၊ အခုတော့ သားနဲ့ခွဲရလို့တဲ့ မျက်ရည်တရွဲရွဲနဲ့၊ အခု ၁၄-နှစ်တောင်ကြာပြီပေါ့။ (မှန်လှပါ ဘုရား)။

သံယောဇဉ်ဖြတ်လိုက်တော့မှ

ကြာပေမယ့်လို့ သူကတော့ဖြင့် တရားမရသေး၊ ဟော. . . သားလုပ်တဲ့သူကတော့ ရဟန္တာတောင်ဖြစ်ပြီ မဟုတ်လား၊ (မှန်ပါ ဘုရား)၊ တွေ့လည်းမတွေ့ရလို့တဲ့၊ တစ်နေ့တော့ ကံအားလျော်စွာ ဆွမ်းခံရင်းတွေ့ကြပါလေရောလား၊ အင်း. . . ရှေ့ကသွားနေတဲ့ဥစ္စာ သားမှန်းသိတော့၊ သား. . . သားနဲ့ နောက်ကလိုက်တာတဲ့၊ အမယ်. . . ဟော. . . ငါ့မယ်တော်ကြီးက ဒီလိုဖြစ်နေတာကိုး၊ မယ်တော်ကြီးတော့ ခပ်တည်တည်ဆက်ဆံမှ ဖြစ်မယ်၊ မကြားချင်ယောင်ဆောင်ပြီးတော့ သွား၊ သား. . . သားနဲ့လိုက်တဲ့ဥစ္စာ သက်နှံးစနဲ့ခြေမ နင်းမိတော့ ဝုန်းဆိုလဲ၊ ဟော. . . လူတခြား သပိတ်တခြားဖြစ်၊ ဟာ. . . အဲဒါ သပိတ်ကြီးတွေကော မြေကြီးပေါ်ကဖုန်တွေ၊ ဖုန်တွေခါပြီးတော့ကောက်၊ ပြီးတော့

လိုက်ပြန်တယ်၊ သား. . . သား. . . သားနဲ့နောက်ကလိုက်တော့မှ သူက ငူငူကြီးလုပ်ပြီးတော့ ပြန်လှည့်လိုက်တယ်၊ ခင်ဗျားကြီးက ဘယ်လိုဖြစ်နေတာလဲ သားက၊ ဘာကွယ့်၊ မဟုတ်ပါဘူး ခင်ဗျားက တရားရချင်လို့ သျှောင်တစ်လုံး အဆုံးခံနိုင်တဲ့ပုဂ္ဂိုလ်က ဒီသားလေးတစ်ယောက် အတွက်တောင် ရတက်မအေး ဖြစ်နေရသလားဗျ၊ ဩော် . . . မင်းက ဒီလိုလား အမေကလေ၊ အမယ်. . . **'အယံ ပနေဝံ ထဒ္ဓ ဟဒယော'** မင်းက တယ် အသည်းမာနေပါလား‌တဲ့၊ အမေက. . . အမေက. . . အင်း. . . ငါ့မယ်တော့ဖြင့် **'စုဒ္ဓသ ဇာတိဝသ သဟသာနီ'** ၁၄-နှစ်တို့ ကာလပတ်လုံး. . . ၊ **'အဿူနီ ပဝတ္တယ မာနော'** မင်းနဲ့ခွဲနေရလို့ မျက်ရည်နဲ့မျက်ခွက်၊ **'ကီမေ ဣမိနာ'** တော်ပြီ မင်းလိုလူစား၊ ငါ့တော့ဖြင့် သူ့အတွက် သံယောဇဉ်တွေ ကြီးလိုက်ရတာ ဆိုပြီးတော့၊ ချာခနဲ လှည့်ထွက်သွားပြီးတော့၊ ပြန်သွားလို့ ကျောင်းရောက်တယ်ဆိုရင် ဆွမ်းတောင်မစားနိုင်ဘူး၊ သပိတ်ကြီး တော်ရာထိုးထားတဲ့ပြီးတော့ ကမ္မဋ္ဌာန်းကျောင်းထဲဝင်တော့တာ၊ အဲဒီတင် တစ်ခါတည်း. . . ဟို. . . စိုက်ပြီးတော့ တရားတွေအားထုတ်လိုက်တာ၊ ဟို. . . တခါတည်း သမာဓိတွေတည်လာ၊ ဉာဏ်တွေဝင်လာ၊ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေ မုန်း၊ ဖြစ်ပျက်တွေဆုံး၊ တစ်ခါဆုံး၊ နှစ်ခါဆုံး၊ သုံးခါဆုံး၊ လေးခါဆုံးတော့ သူဘာဖြစ်သွား၊ ရဟန္တာမကြီးဖြစ်သွား၊ ရဟန္တာမကြီး ဖြစ်သွားတယ်၊ စောစောတုန်းက သူ တရားရရဲ့လား၊ (မရပါဘူးဘုရား)၊ ဟို. . . ဘာတွေ ရှိနေလို့၊ သံယောဇဉ်တွေရှိနေလို့၊ အခုတော့ ဒီသံယောဇဉ်လေး တစ်ချောင်း ငါကတော့ဖြင့် တင်းတင်းကြီး ဖြစ်နေတာ၊ သူကဒါမျှား တူးတူးခဲးခဲးကြီး၊ သူ ဘာဖြစ်လို့ တွယ်နေရမှာလဲ၊ ဒီလိုလုပ်တာ မဟုတ်လား၊ (မှန်ပါဘုရား)၊ အဲဒီတင် ရှုချလိုက်တာ သံယောဇဉ်တွေ အကုန်ပြတ်

တယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။ အဲဒီကျမှ သူတရားရတယ်နော်၊ ဒီလိုဆိုရင် ကိုယ့်ဆိုင်ရာ သံယောဇဉ် ပယ်နိုင်မှ နိဗ္ဗာန်ရမယ် မဟုတ်လား၊ (မှန်ပါဘုရား)။ ဆိုင်ရာသံယောဇဉ်ကို ပယ်နိုင်မှ နိဗ္ဗာန်ရမယ်ဆိုတော့၊ ဘုန်းကြီးတို့က များများတောင် မပြောသေးပါဘူး၊ ပုထုဇဉ်ဘဝကနေ ပြီးတော့ သောတာပန်တက်ဖို့အတွက် ပြောနေတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)။ အဲဒီလောက်ဆိုရင် သံယောဇဉ် မများသေးပါဘူး၊ ဘယ်နှခြောင်းတင်ပယ်ရမှာ၊ တစ်ခြောင်းတင်ပယ်ရမှာ၊ ဘာသံယောဇဉ်၊ (ဒိဋ္ဌိ သံယောဇဉ် ပါဘုရား)၊ ဟို. . . ပယ်ဖို့အနေ အထားတွေကော မဖြစ်နိုင်ဘူးလား၊ (ဖြစ်နိုင်ပါတယ် ဘုရား)။ ဖြစ်နိုင်ပါတယ်၊ အနည်းဆုံး အဲဒီတစ်ခြောင်းတော့ ပယ်ကြရမှာပေါ့။ (မှန်ပါဘုရား)။။

အားလုံး ကိုယ်စီကိုယ်ငဒိဋ္ဌိတွေပယ်နိုင်ကြ၍၊ လိုလား အပ်သည့် အဆင့်ကို ရောက်သည့်တိုင်အောင်၊ ကြိုးစားအားထုတ် နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု

◆ ◆ ◆



သမ္မာဒိဋ္ဌိငါးမျိုး

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟာရထ၊ မာ အ နာထာ' လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီ မိန့်မှာတော်မူချက်အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ၊ ဒကာမတို့ကို တဖွဖွနဲ့ သတိပေးနေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး. . . အဲဒီသတိပေးချက်အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စီကိုယ်ငြ မပေါ့လိုက်ကြပါနဲ့လို့ ထပ်မံနှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)၊ ဒီကနေ့ သမ္မာဒိဋ္ဌိအကြောင်းကို ဟောပါမယ်၊ သမ္မာဒိဋ္ဌိနော်။

သမ္မာဆိုတာက မှန်မှန်ကန်ကန်

'သမ္မာ'က မှန်မှန်ကန်ကန်၊ 'ဒိဋ္ဌိ'ဆိုတာက မြင်တာ၊ သမ္မာဒိဋ္ဌိဆိုတော့ မှန်မှန်ကန်ကန် မြင်တာပေါ့နော်၊ (မှန်လှပါဘုရား)၊ အေး . . .

အဲဒီမှန်မှန်ကန်ကန် မြင်တာကို သမ္မာဒိဋ္ဌလို့ ခေါ်ပါတယ်နော်၊ (မှန်လှပါဘုရား)၊ အဲဒီသမ္မာဒိဋ္ဌက ငါးမျိုးတောင်ရှိပါတယ်၊ ဘာလဲလို့ဆိုရင် နံပါတ်(၁)က ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ ဘာတဲ့၊ (ကမ္မဿက တာ သမ္မာဒိဋ္ဌပါဘုရား)၊ ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ နံပါတ်(၂)ကျတော့ စျာနသမ္မာဒိဋ္ဌ၊ ဘာတဲ့တုံး၊ (စျာနသမ္မာဒိဋ္ဌပါဘုရား)၊ စျာနသမ္မာဒိဋ္ဌ၊ နံပါတ်(၃)ကျတော့ ဝိပဿနာ သမ္မာဒိဋ္ဌ၊ ဘာတဲ့၊ (ဝိပဿနာ သမ္မာဒိဋ္ဌပါဘုရား)၊ ဟုတ်ပြီ၊ နံပါတ်(၄)ကျတော့ မဂ္ဂသမ္မာဒိဋ္ဌ၊ (မဂ္ဂသမ္မာဒိဋ္ဌပါဘုရား)၊ ဟို နံပါတ်(၅)ကျတော့ ဖလသမ္မာဒိဋ္ဌ၊ (ဖလသမ္မာဒိဋ္ဌပါ ဘုရား)၊ သမ္မာဒိဋ္ဌ ငါးမျိုးပေါ့နော်၊ ပြန်ပြောပါဦးမယ်၊ နံပါတ်(၁)က ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ ဆိုပါဦး၊ (ကမ္မဿက တာ သမ္မာဒိဋ္ဌ)၊ ဟုတ်တယ်၊ သမ္မဿက၊ ဒီလိုလာရမယ်၊ ပြီးတော့မှ 'တာ' တစ်လုံးတည်းနော်၊ (မှန်လှပါဘုရား)၊ ကမ္မဿကတာနဲ့ ဒီလိုအဖြတ်မှားနေတယ်နော်၊ မှားတတ်ကြတယ်၊ ကမ္မဿကထိအောင် သွားပြီးမှ နောက်ဆုံးကျမှ 'တာ'တစ်လုံးတည်းနော်၊ (မှန်လှပါ ဘုရား)၊ ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ ဆိုပါဦး၊ ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ ပြီးတော့နောက် တစ်ခုက စျာနသမ္မာဒိဋ္ဌ၊ ဘယ်လို၊ (စျာနသမ္မာဒိဋ္ဌ ပါဘုရား)၊ နောက်တစ်ခုက ဝိပဿနာ သမ္မာဒိဋ္ဌ၊ နံပါတ်(၄)က မဂ္ဂသမ္မာဒိဋ္ဌ၊ နံပါတ်(၅)က ဖလသမ္မာဒိဋ္ဌ၊ ဘယ်နှမျိုးပါလိမ့်၊ (ငါးမျိုးပါဘုရား)၊ ဟုတ်တယ်၊ သမ္မာဒိဋ္ဌငါးမျိုး၊ မှန်မှန်ကန်ကန်မြင်တဲ့ အမြင်ငါးမျိုး မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်ပြီ၊ အဲဒီ ငါးမျိုးရှိတဲ့အနက် အဦးဆုံးက ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ ကမ္မဿက တာ သမ္မာဒိဋ္ဌ၊ မှန်မှန်ကန်ကန် မြင်တာ မဟုတ်လား၊ ဟုတ်တယ်။

အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာကို လက်ခံရင်

အကြောင်းကြောင့် အကိုးဖြစ်တယ်၊ အကြောင်းကြောင့် အကိုး ဖြစ်တယ်ဆိုတဲ့ဥစ္စာ၊ ကံဆိုတဲ့ ကံသာလျှင် မိမိဥစ္စာရှိတယ်၊ ကံအကြောင်း တရားကြောင့်၊ ဟိုဘက်မှာ ကံကြောင့်ဖြစ်တဲ့ အကိုးတရားတွေ ဒီလို ဖြစ်နေတာနော်၊ (မှန်လှပါ ဘုရား)။ အဲဒါ ယုံကြည်တဲ့ဉာဏ်၊ အဲဒီဉာဏ် ရှိရမယ်၊ အဲဒီဉာဏ်ဟာ ကမ္မဿက တာ ဉာဏ်ခေါ်တာပေါ့။ (မှန်လှပါ ဘုရား)။ ကမ္မဿက တာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ကမ္မဿက တာ သမ္မာဒိဋ္ဌိပဲ၊ (မှန်လှပါ ဘုရား)။ ဟိုး . . . တချို့တစ်တွေကတော့လည်းပဲ မဟုတ်ပါဘူး၊ သူ့ဘာသာသူ ဖြစ်ချင်လို့ပဲ ဖြစ်နေတာဆိုတော့၊ သူ . . . အကြောင်းတရား မပါဘူးနော်၊ (မှန်လှပါ ဘုရား)။ ဘယ် . . . ဖြစ်ချင်လို့ ဖြစ်တာ ဘယ်ဟုတ်လိမ့်မလဲ၊ အရာခပ်သိမ်း အကြောင်းကြောင့် အကိုးဖြစ်နေတာ၊ မိုးရွာတဲ့ဥစ္စာ သူဟာသူ ရွာချင်လို့ရွာတယ်၊ ဘယ်ဟုတ်လိမ့်မလဲ၊ ရွာနိုင်လောက်အောင် အကြောင်းတရားတွေ သူ့မှာရှိတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ ဟိုက မိုးသက်တွေ၊ မုန်တိုင်းတွေ၊ အငွေ့တွေ၊ ဒီလို အကြောင်းတရားတွေရှိမှ၊ ဒီမှာ မိုးရွာခြင်းဆိုတဲ့ အကိုးတရားမဟုတ်လား၊ (မှန်လှပါ ဘုရား)။ နေပူတာလည်း သူ့အကြောင်းနဲ့သူ ဒီလိုမဟုတ်လား၊ (မှန်လှပါ ဘုရား)။ မိုးအုံ့တာလည်း သူ့အကြောင်းနဲ့သူ ဒီလိုမဟုတ်လား၊ (မှန်လှပါ ဘုရား)။ အကြောင်းကြောင့် အကိုးဖြစ်၊ အဲဒီသဘောတရားတွေကို လက်မခံဘူးဆိုရင်တော့၊ ဒီပုဂ္ဂိုလ်ဟာ ကမ္မဿက တာဉာဏ်မရှိဘူးပေါ့။ (မှန်လှပါ ဘုရား)။ ဒီလိုဖြစ်ပါတယ်၊ အရာခပ်သိမ်းဟာ ကောင်းတဲ့အကြောင်းတရား လုပ်လို့ရှိရင် ကောင်းတဲ့အကိုးဖြစ်၊ မကောင်းတဲ့ အကြောင်းတွေလုပ်ရင် မကောင်းတဲ့ အကိုးတွေဖြစ်တယ်လို့၊ ဒီလိုယုံကြည်ပြီးတော့ နေလို့ရှိရင် ကမ္မဿက တာဉာဏ်ရှိတာပေါ့။

(မှန်လှပါဘုရား)။အဲဒီ ကမ္မဿက တာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ၊ ကမ္မဿက တာ သမ္မာဒိဋ္ဌိ၊ ကမ္မဿက တာ သမ္မာဒိဋ္ဌိ၊ ဟို သဘာဝကိုပဲ အခါးမျိုးစေ့စိုက်ရင် အခါးပင်ကြီးပေါက်ပြီး အခါးသီးတွေ သီးတယ်ဆိုတာ သဘာဝမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အချိုမျိုးစေ့တွေစိုက်ရင် အချိုပင်ကြီးပေါက်ပြီး အချိုသီးတွေ သီးတာလည်း သဘာဝမဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ သူသဘာဝအတိုင်း အဲသလို အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ ကောင်းတဲ့ အကြောင်းကြောင့် ကောင်းတဲ့အကျိုးဖြစ်၊ မကောင်းတဲ့အကြောင်း ကြောင့် မကောင်းတဲ့အကျိုးဖြစ်တယ်ဆိုတာ သဘာဝ မဟုတ်လား၊ (မှန်လှပါ ဘုရား)။

လက်ခံရင် ကမ္မဿက တာ ဉာဏ်ရှိပြီ

အဲဒါကို လက်ခံရင်တော့ ကမ္မဿက တာဉာဏ်ရှိပါပြီ၊ ကံသာလျှင် မိမိဥစ္စာ ရှိတယ်ဆိုတဲ့ဉာဏ်၊ ဒီသူ့မှာ ပါပြီပေါ့နော်၊ (မှန်လှပါ ဘုရား)၊ အဲလို ကမ္မဿက တာဉာဏ်ရှိလို့ရှိရင်၊ ဒီဥစ္စာဟာ ဘာဒိဋ္ဌိ၊ (ကမ္မဿက တာ သမ္မာဒိဋ္ဌိပါဘုရား)၊ ဘယ်လို၊ ကမ္မဿက တာသမ္မာဒိဋ္ဌိ၊ ဟုတ်ပါတယ်၊ အရာခပ်သိမ်း ဒီသဘောပဲ၊ ဒီသဘောပဲ၊ ကောင်းတဲ့အကြောင်းတရားတွေလုပ်ရင် ကောင်းတဲ့အကျိုးတွေဖြစ်၊ မကောင်းတဲ့အကြောင်းတရားတွေလုပ်ရင် မကောင်းတဲ့အကျိုးဖြစ်၊ ဒီလိုမဟုတ်လား၊ (မှန်လှပါဘုရား)၊ ပေဒင်ဆရာ၊ လက္ခဏာဆရာတွေ သွားမေးလို့ရှိရင် လက်ဝါးဖြန့်ကြည့်ပြီးတော့ လက်ဝါးမှာပေါ်နေတဲ့ အမှတ်အသား လက္ခဏာကို ကြည့်ပြီးဟောတာပဲ မဟုတ်လား၊ (မှန်လှပါဘုရား)။

အေး . . . အကြောင်းတရားတွေ၊ အမှုအရာလက္ခဏာတွေ ပေါ်နေတယ်၊ ကောင်းတဲ့အကြောင်း လက္ခဏာတွေ ပေါ်ရင်တော့

ကောင်းကျိုးတွေ သူဟောမှာပေါ့၊ (မှန်လှပါ ဘုရား)၊ မကောင်းတဲ့ လက္ခဏာတွေ တွေ့နေရင်တော့ မကောင်းကျိုးတွေ ဖြစ်လိမ့်မယ် ဟောမှာပေါ့၊ (မှန်လှပါဘုရား)၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဟုတ်တယ်၊ ဒီလက္ခဏာတွေဟာ အမြဲတမ်း တည်နေတာ မဟုတ်ဘူးတဲ့၊ ပြောင်းပါသတဲ့၊ မကောင်းတဲ့ အချိန်အခါမျိုးဆိုရင် လက္ခဏာတွေ ညံ့နေတယ်၊ ကောင်းနေတဲ့အခါဆိုရင် လက္ခဏာတွေ ကောင်းနေတယ်လို့ ဆိုပါတယ်၊ ဟုတ်တယ်နော်၊ (မှန်လှပါ ဘုရား)။

အေး . . . အဲသလို ဥစ္စာတွေကိုလေ၊ မကောင်းတဲ့ လက္ခဏာ တွေများ ပေါ်လာလို့ရှိရင် ကောင်းအောင်ပြောင်းကြတာ ရှိပါကော၊ (မှန်လှပါ ဘုရား)၊ ကုသိုလ်ကောင်းမှုလုပ်တာတို့၊ သီလဆောက်တည် တာတို့၊ ဘာဝနာပွားများတာတို့ ဆိုတဲ့ဥစ္စာတွေလေ၊ (မှန်လှပါ ဘုရား)။

ကောင်းအောင်ပြောင်းတဲ့ အကောင်းဆုံးနည်း

ကောင်းတဲ့ဥစ္စာတွေ၊ ကောင်းတဲ့အကြောင်းတွေ ပြောင်းလိုက်လို့ ရှိရင်၊ အဲဒီလက္ခဏာတွေလည်း ပြောင်းသွားတယ်၊ အဲသလိုပြောင်း အောင် လုပ်တဲ့အထဲ၊ အမြန်ဆုံးကတော့ဖြင့် ဝိပဿနာတဲ့၊ (မှန်လှပါ ဘုရား)၊ ဘာတဲ့၊ (ဝိပဿနာပါ ဘုရား)၊ ဝိပဿနာသာလုပ်၊ ဒီပုဂ္ဂိုလ် ဘယ်လောက်ပဲ ကံဇာတာတွေ ညံ့နေနေ၊ အဲဒီလက္ခဏာတွေပါ ပြောင်း သွားတယ်၊ (မှန်လှပါ ဘုရား)။

ဘာလို့တုံးဆိုတော့ ကောင်းတဲ့စိတ်ဓာတ်တွေချည်း ဒီထဲမွေး လိုက်တာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ကောင်းတဲ့စိတ်ဓာတ်တွေချည်း ဖြစ်အောင် လုပ်တယ်ဆိုတော့၊ အဲဒီစိတ်ကြောင့် ဖြစ်တဲ့ရုပ်တွေ လန်းလာ ပြီးတော့ လက္ခဏာတွေပါ ပြောင်းသွားမှာပေါ့၊ (မှန်လှပါ ဘုရား)။

အဲသလို ပြောင်းအောင်လုပ်နိုင်တဲ့အထဲမှာ ဒါနလည်းပြောင်းအောင် လုပ်နိုင်တယ်၊ သီလလည်း ပြောင်းအောင်လုပ်နိုင်တယ်၊ ဘာဝနာလည်း ပြောင်းအောင်လုပ်နိုင်တာပဲ၊ (မှန်လှပါ ဘုရား)၊ အဲဒီအထဲအထက်ဆုံးကတော့ဖြင့် ဘာဝနာတဲ့၊ (မှန်လှပါ ဘုရား)၊ ဝိပဿနာဘာဝနာအလုပ်သာ လုပ်လိုက်လို့ရှိရင်၊ ဒီပုဂ္ဂိုလ်ရဲ့ လက္ခဏာတွေဟာ ကောင်းတဲ့ဘက်ကို ပြောင်းသွားတာပဲတဲ့၊ အမြန်ဆုံးတဲ့။

ကံဇာတာညှိရင် ရုပ်လက္ခဏာလည်း ညှိုးနွမ်းတယ်

ဟို . . . ဇာတ်တော်ထဲမှာ ဒီသာပါမောက္ခဆရာကြီးထံမှာ တပည့်တွေငါးရာလောက်၊ ပညာသင်ကြားနေတာ၊ ဟစ်နေ့တော့ ဆရာကြီးက ဟို ကျောင်းသားတစ်ယောက်ကို မြင်တယ်၊ ညှင်းသိုးသိုးနဲ့. ဒီကောင့်ကြည့်ရတာ၊ လာစမ်းဟေ့ကောင်၊ အနားနားရောက်တော့ မင်းခုနှစ်သက္ကရာဇ် ပြောစမ်း၊ ဆရာကြီးက အကုန်တတ်တာ၊ ပေဒင်တွက်ကြည့်ချင်လို့၊ ဒါနဲ့. ခုနှစ်သက္ကရာဇ်ပြောတော့ တွက်ကြည့်တော့ အလို . . . ဒီကောင်ဟာ ခုနစ်ရက်အတွင်း သေမှာပါလား၊ ဒီတွက်ကိန်းထဲလာပေါ်နေတယ်၊ အလို. . . ဒါကြောင့် သူညှိုးနေတာကိုး၊ သူကြည့်ရတာလည်း ညှင်းသိုးသိုးနဲ့၊ ညှိုးနေတာ၊ ကံဇာတာညှိုးလို့ ဆိုတာကို သိတယ်၊ ဒီတော့သူ့ကို မင်းသေမယ်လို့ မပြောပါဘူး၊ ပရိယာယ်နဲ့. ပြောတယ်၊ အင်း . . . ငါဆီသေနေတာထက် သူ့အမေ၊ အဖေတို့ဆီသေလို့ရှိရင် အမေ၊ အဖေတွေလည်း သက်သာရာရအောင်လို့၊ ဒီမှာဆိုရင် ယူကျုံးမရဖြစ်လိမ့်မယ်၊ သားရဲ့အလောင်းတောင် မတွေ့.ရဘဲနေတဲ့အတွက်၊ ဒီတော့ ပရိယာယ်နဲ့.ပြောပါတယ်၊ တပည့်ရာ အခုဒီမှာဆရာကြီးတွက်ကြည့်တော့ ဒီထဲမှာ မင်းအမေ၊ အဖေတွေက သိပ်လွမ်းနေတယ်

ဆိုပါလား၊ ကွ၊ ဆရာကြီးကလေ၊ ဒီတော့ မင်းအမေ၊ အဖေတွေ အလွမ်းပြေအောင် ပြန်လိုက်ပါဦးလား၊ ကွ၊ ဆရာကြီးက ပရိယာယ်နဲ့ ပြောတာနော်၊ (မှန်ပါဘုရား)၊ ဟုတ်ကဲ့ဆရာ၊ ဆရာက ခွင့်ပြုတယ်ဆိုလို့ ရှိရင်လည်း ပြန်ပါ့မယ်၊ အမေ၊ အဖေတွေက လွမ်းတယ်ဆိုတာကိုး၊ အင်း. . . အဲဒါနဲ့ပဲ ဆရာကြီးက ခွင့်ပြုလိုက်တော့ သူပြန်သွားတယ်၊ ဇာတ်ကြောင်းအရဆိုရင် အင်း . . . တောလမ်းခရီးက ပြန်ရတာ၊ နှစ်ရက် သုံးရက်လောက်ပြန်ရတဲ့ အဓိပ္ပာယ်ရှိတယ်၊ ဒီလူက လမ်းတစ်လျှောက် ဘာတွေလုပ်သွားသလဲဆိုတော့ ဒီကျောင်းသားက စိတ်ကောင်း၊ နှလုံးကောင်းရှိပါတယ်၊ ဆူးတွေ၊ ငြောင့်တွေတွေ့. ဖယ်သွားတယ်၊ ခလုတ်တံသင်းတွေတွေ့. ဖယ်သွားတယ်၊ ဟို. . . နွယ်တွေ၊ ချုံတွေ မလွတ်တာလည်း ပါလာတဲ့ ခါးမတိုလေးနဲ့ ခုတ်ထွင် ရှင်းလင်းသွားတာ လမ်းတစ်လျှောက်လေ၊ (မှန်လှပါဘုရား)၊ အဲသလို စိတ်ကောင်း နှလုံးကောင်း ရှိပါတယ်၊ သူများတွေငြိမှာ ထိမှာစိုးလို့နော်၊ (မှန်လှပါဘုရား)၊ ဘာကြောင့် ညာ့ကြောင့် မဟုတ်ပါဘူး၊ သူများတွေ ချမ်းချမ်းသာသာ သွားရအောင်လို့ဆိုပြီးတော့၊ အဲသလိုရှင်းလင်း သွားတာပါ။

စိတ်ထားကောင်း၊ စေတနာကောင်းဖြင့်

ဟိုတစ်နေရာ ရောက်တဲ့အခါကျတော့ ချောင်းကလေး၊ မြောင်းကလေးပါပဲ၊ လှမ်းခုန်သွားလိုက်ရင်လည်း ရပါတယ်၊ ယောကျ်ားသားတွေဆိုရင် လွှားကနဲ ခြေလှမ်းကျဲကျဲနဲ့. ခုန်ကူးလိုက်ရင် ရပါတယ်၊ အမျိုးသမီးတွေကျတော့မတော်ဘူး၊ ခုန်ကူးရမှာ၊ ရေထဲဆင်းသွားဖို့ကလည်း ဒုးဆစ်လောက်ထိအောင် နက်တာဆိုတော့ လုံချည်ရေစိုလိမ့်မယ်၊ ဒီတော့ ဘယ်သူပဲဖြစ်ဖြစ် ၊ အိန္ဒြေရရ သွားလို့ရအောင်၊ အဲဒီမယ် တုံးကလေး

ထိုးလိုက်မယ်ဆိုပြီးတော့၊ ဟို . . . ခြေသလုံးလောက်တုတ်တဲ့ တုံးကလေး သုံးတုံးလောက်၊ လေးတုံးလောက် ဘေးနားမှာခုတ်ထစ် ပြီးတော့ အဲဒီမှာ ထိုးလိုက်တာ။

အင်း . . . လွှားကနဲ ခုန်လို့ရတဲ့ မြောင်းကလေး၊ မကြီးမကျယ် မကျဉ်းမကျယ်ပေါ့လေ၊ အဲသလိုဆိုတော့ ဒီတုံးကလေးတွေပေါ်က လျှောက်သွားလိုက်တယ်ဆိုတော့၊ တံတားထိုးထားတယ် ဆိုတော့ သွားလို့ မကောင်းဘူးလား၊ (ကောင်းပါတယ် ဘုရား)၊ အဲဒါ ဘာ့ကြောင့်၊ ညာ့ကြောင့် မဟုတ်ပါဘူး၊ သူများတွေ သွားတဲ့လာတဲ့အခါ ချမ်းသာအောင်လို့ သူလျှောက်လုပ်တာပဲ၊ (မှန်လှပါဘုရား)၊ အဲလိုနဲ့ သူလျှောက်ပြီးတော့သွားလို့ တစ်နေရာရောက်တော့ မောမောနဲ့ အရိပ်ကောင်းတဲ့ သစ်ပင်ကြီးအောက် ဝင်အိပ်လိုက်တာ၊ အိပ်ရာကနိုးတော့ ကြည့်လိုက်တော့၊ အမယ် . . . ညောင်ပင်ကြီးပဲ၊ အရိပ်က ကောင်းပဲ့၊ အေးလည်း အေးပဲ့။

အဲဒါက ကိစ္စမရှိဘူး၊ ကိုင်းတွေက နိမ့်ကျနေတာ၊ ဝေပြီးတော့ ကိုင်းတွေက နိမ့်ကျနေတယ်၊ ရုတ်တရက် ဒီထဲဝင်လိုက်လို့ရှိရင် နဖူးထိုးမိမှာနော်၊ (မှန်ပါဘုရား)။ ကိုင်းတွေကလေ၊ အဲဒါမြင်တာနဲ့၊ ဘေးနား ခွလေးဘာလေး ခုတ်ပြီးတော့၊ အဲဒါ ထောက်ပေးလိုက်တယ်၊ ညောင်ပင်ရဲ့ ကိုင်းတွေကို ဘာလုပ်ပေးလိုက်တုံး၊ (ထောက်ပေးလိုက် ပါတယ်ဘုရား)၊ ထောက်ပေးလိုက်တယ်။

ကောင်းတဲ့အကြောင်းလုပ်ရင်

ဘာလို့ထောက်တုံး၊ ကုသိုလ်တွေ ဘာတွေ ဒါတွေကို မပြောပါဘူး၊ တစ်ဖက်သား နဖူးထိုးမိမှာစိုးလို့နော်၊ (မှန်ပါဘုရား)၊ အဲဒီနည်းနဲ့ လျှောက်ပြီးသွားလို့ အိမ်ရောက်တဲ့အခါကျတော့ ဟဲ့ . . . သား ပြန်လာ

သလား၊ ဟုတ်တယ်၊ ဘာလို့ပြန်လာတုံး၊ ဆရာကြီးကပြောတယ် ဗေဒင်တွက်ကြည့်တော့ မေမေတို့၊ ဖေဖေတို့က ကျွန်တော့်ကို လွမ်းတယ်ဆိုပါလား၊ ဟာ . . . ဒါကတော့ လွမ်းတာပေါ့။ အမေ၊ အဖေဆိုတာက သားသမီးအပေါ် အမြဲလွမ်းတာပေါ့နော်၊ (မှန်ပါဘုရား)။ ခွဲခွာနေရတာ၊ ဟုတ်တာပေါ့ကွဲ့၊ လွမ်းတာပေါ့။ အဲဒါ အလွမ်းပြေ မင်းပြန်ချဆိုလို့ ကျွန်တော်ပြန်လာတာ၊ သြော်. . . အဲသလိုလား၊ ဆရာကြီးက အလိုက်သိတတ်လိုက်တာ ဆိုပြီးတော့ အမေ၊ အဖေတွေကလည်း သားပြန်လွတ်တယ်ဆိုတော့ ဝမ်းသာအားရပါပဲ၊ ဒီတင်မိသားစု ကောင်းစွာမွန်စွာ ချက်ပြုတ်စားကြ၊ သောက်ကြလို့၊ အဲသလိုနဲ့ (၁၅)ရက်လောက်ရှိတော့၊ သား မင်းက ပညာသင်တာကလည်း တစ်ပိုင်းတစ်စကြီး၊ ပြီးသေးတာမဟုတ်ဘူး၊ ဒီတော့ ပြီးအောင် ဆက်ပြီးတော့ ပြန်သင်ချဉ်း၊ အမေတို့၊ အဖေတို့ကလည်း အလွမ်းပြေပါပြီကွယ်၊ ဟုတ်ကဲ့၊ အမေတို့၊ အဖေတို့ လွှတ်ရင်လည်း ကျွန်တော်ပြန်မှာပေါ့ ဆိုပြီးတော့ ပြန်သွားတော့၊ ဆရာကြီးက အံ့အားသင့်နေတယ်၊ ဟယ်. . . ဒီကောင်သေရမှာ မဟုတ်လား၊ အခုမသေဘဲ ပြန်လာနေတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။ ဟဲ့ . . . ဘယ့်နှယ်၊ သူလည်း အံ့အားသင့်နေတယ်၊ လာစမ်းပါဦးကွ မင်းခုနှစ် ပြောစမ်းပါဦးဆိုတော့၊ ခုနှစ်သက္ကရာဇ် ပြောတော့လည်း အရင်ပြောတာနဲ့ အတူတူပဲ၊ (မှန်လှပါဘုရား)။ ခုနှစ် သက္ကရာဇ်များမှားသလား၊ မမှားဘူး၊ ဒီကောင်ပြောတာ အရင်တစ်ခါ ပြောတာနဲ့ အတူတူပဲ၊ ဒါနဲ့တွက်ကြည့်တော့ အရင်လိုပဲ တွက်ကိန်းကတော့ ထွက်နေတာပဲ၊ (မှန်ပါဘုရား)။ ခုနှစ်ရက်အတွင်းမှာ ဒီကောင် ဘာဖြစ်မလဲ၊ (သေရပါမယ်ဘုရား)။ သေရမှာ၊ အခုသေလား၊ (မသေပါဘူး ဘုရား)။ ဟာ. . . ဒီတပည့် ကြည့်လိုက်၊ သူ့တွက်ကိန်း ကြည့်လိုက်၊ တပည့်ပြန်

ကြည့်လိုက်၊ ဘယ်လိုပါလိမ့်မလဲ၊ ငါအခါတိုင်း မမှားပါဘူး၊ ငှါဗေဒင် ခုတိုင်းဆိုရင် မှားနေပြီမဟုတ်လား၊ အပြန်ပြန် အလှန်လှန် ကြည့်ပြီး တော့မှ နေစမ်းပါဦးကွ၊ ဆရာကြီးကိုပြောစမ်း၊ ငါ ဒီက ပြန်လွှတ်လိုက်တဲ့ အချိန်ကစပြီးတော့ မင်းဘာတွေ လျှောက်လုပ်သလဲ၊ ပြောစမ်းဆိုတော့ တပည့်လုပ်သူက ပြောပါတယ်။

ရည်ရွယ်ချက်ကောင်းဖို့ အစီက

ဆရာကြီးလွှတ်လိုက်တဲ့ အချိန်ကစပြီးတော့ ကျွန်တော် လမ်းတစ်လျှောက်လေ၊ ဟာ. . . ဆူးတွေ၊ ငြောင့်တွေ ဖယ်ရှားသွားတယ်၊ ခလုတ်တံသင်းတွေလည်း ဖယ်ရှားသွားတယ်၊ ဟာ. . . နွယ်တွေ၊ ချုံတွေ၊ ခေါင်းနဲ့ မလွတ်တဲ့ဥစ္စာတွေလည်း ကျွန်တော်က ရှင်းလင်းသွားတာ၊ ဟို. . . တစ်နေရာဆိုရင် ချောင်းကလေးကို ကျွန်တော်က တံတားလေးတောင် ထိုးလိုက်သေး၊ ပြီးတော့ တစ်နေရာရောက်တဲ့ အခါကျတော့ ညောင်ပင်ကြီး အရိပ်ကကောင်းပါဘိနဲ့၊ ကိုင်းတွေက သူများနဖူး ထိုးမိမှာစိုးလို့ ကျွန်တော်က ခွလေးတွေနဲ့တောင် ထောက်ခဲ့သေးတယ်၊ သြော်. . . ဒါကိုး၊ ဆရာကြီးက ခေါင်းတညိတ်ညိတ်နဲ့၊ သြော်. . . ဒါကိုး၊ ဒါကြောင့်ကိုး၊ ဒါကြောင့်ကိုး နဲ့လေ၊ ငါက ငှါဗေဒင်များ များသလားလို့ ပါကွာ၊ ခုတိုင်းဆိုရင် ငှါဗေဒင်လည်း မမှားပါဘူး၊ မင်းက ဗေဒင်များလောက်အောင် လုပ်သွားတာကိုး၊ သူကလေ၊ အင်း. . . ဗေဒင်တွက်ကိန်းအရ ဆိုရင်တော့၊ ဒီအတိုင်းပဲ ထွက်တာပဲနော်၊ (မှန်ပါဘုရား)၊ ဒါပေမဲ့လို့ တွက်ကိန်းတောင် မှားသွားအောင် သူလျှောက်လုပ်တာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ လမ်းတစ်လျှောက် သူလုပ်သွားတဲ့ဥစ္စာတွေက မကောင်းတဲ့ဥစ္စာတွေလား၊ ကောင်းတဲ့ဥစ္စာတွေလား၊ (ကောင်းတဲ့

ဥစ္စာတွေပါ ဘုရား)၊ ကောင်းတဲ့ဥစ္စာဆိုတော့ ကောင်းတဲ့ကံတရားတွေ သူလျှောက်လုပ်သွားတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒီတော့ ကောင်းတဲ့ ကံတရားတွေလုပ်တယ်ဆိုရင် အကျိုးဖြစ်ရမှာလည်း ကောင်းကျိုးဖြစ်ရမှာ၊ ဘယ်လိုတုံး၊ ကောင်းကျိုး ဖြစ်ရမှာ၊ သြော် သြော် သြော်. . . ဒါကိုး၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ငါက ပေဒင်မှားသလားလို့ပါ။ မမှားပါဘူး၊ ငါ့ပေဒင်လည်း မမှားပါဘူး၊ မင်းလုပ်တာက မှားလောက်အောင် လုပ်လို့ပဲ၊ လမ်းတစ်လျှောက် သူလုပ်သွားတဲ့ဥစ္စာတွေက ကောင်းတဲ့ဥစ္စာတွေ၊ ကောင်းတဲ့ကံတွေ လုပ်သွားတာ မဟုတ်လား၊ (မှန်ပါဘုရား)၊ ကြည့်စမ်း၊ ဆူးငြောင့်ခလုတ်တွေ ဖယ်ရှင်းသွားသတဲ့၊ တစ်နေရာဆိုရင် မြောင်းကလေး၊ ချောင်းကလေးကို တံတားလေးတောင် ထိုးလိုက်သတဲ့ နော်၊ (မှန်ပါဘုရား)၊ တံတားထိုးတယ်ဆိုတော့ ဒီခေတ်လို အကျအန မဟုတ်ပါဘူး၊ တုံးကလေး နှစ်တုံး၊ သုံးတုံးကို စီပေးလိုက်တာပါ။ (မှန်ပါဘုရား)၊ အဲဒါကို 'တံတား'လို့ ပြောတာပဲ။

ဒကောင်းသော စိတ်ဓါတ်အောင်းနေရင်

အေး. . . အဲသလိုပါ။ ဟိုညောင်ထောက်တယ်ဆိုတော့ နဖူးထိုး မိမှာစိုးလို့ ဝေကျနေတဲ့ ညောင်ကိုင်းကြီးကို ခွန့်ထောက်လိုက်တာ မဟုတ်လား၊ (မှန်လှ ပါဘုရား)၊ အဲဒီသဘောတွေပါပဲ၊ ဘာကြောင့် ညာကြောင့်မဟုတ်ပါဘူး၊ ကုသိုလ်ရအောင် မရအောင်တောင် မပါပါဘူး၊ တစ်ဖက်သား ဒုက္ခမရောက်အောင် အဲဒီစေတနာလေး မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး. . . အဲသလို လုပ်လိုက်တဲ့အတွက် ကောင်းတဲ့ကံတရားတွေလုပ်တော့၊ သူဟာ သေသေးလား၊ (မသေပါဘူးဘုရား)၊ ကောင်းတဲ့စိတ်ဓာတ်တွေ ကိန်းအောင်းပြီးတော့ အဲဒီကောင်းတဲ့

စိတ်ဓာတ်တွေကြောင့် ပြောင်းလွဲပြီးတော့၊ အမူအရာ လက္ခဏာတွေလည်း ပြောင်းလွဲတာပေါ့။ (မှန်လှပါဘုရား)၊ ရုပ်တွေလည်း လန်းဆန်းလာပြီးတော့ သူသေရမယ့် ဥစ္စာတောင်မှ မသေဘူးဖြစ်သွားတာ၊ (မှန်လှပါဘုရား)၊ အေး. . . အဲဒါတွေကြည့် ကြည့်ပြီးတော့ ဒီခေတ် ပေဒင်သွားမေးပြီဆိုရင် ဟာ. . . ပေဒင်ဆရာတွေက ပြောပါကောတဲ့တားခင်းပါ၊ ညောင်ထောက်ပါ။ ပြောတယ်မဟုတ်လား၊ (မှန်ပါ)၊ တဲ့တားခင်းပါ၊ ညောင်ထောက်ပါ၊ အဲဒီလိုပြောတယ်၊ ဘုန်းကြီးတို့ ကျောင်းပေါက်ဝနား ဟိုတစ်ခါတုန်းကတွေ့တယ်၊ ဝါးခြမ်းပြားလေးတွေ တစ်တောင်လောက် ရှိတယ်၊ ဝါးခြမ်းပြား လေးငါးခြောက်ချောင်းကို ဟာ. . . လျှော်ကလေးနဲ့ ခက်သီပြီးတော့၊ ဟာဟို အဝင်ဝနား လာပြီးတော့ ချထားတာ၊ ပတ္တလားလေးလိုပေါ့လေ၊ ဘယ့်နှယ်၊ ဒါဘာတုံးလို့တွေ့လို့မေးတော့၊ တဲ့တားထိုးတာတဲ့၊ အင်း . . . သူက မြေကြီးပေါ်ဒီအတိုင်းခင်းတဲ့ ဥစ္စာကို၊ အင်း . . . ဘာဖြစ်လို့ ထိုးတာတုံးလို့ဆိုတော့၊ ပေဒင်ဆရာက ပေါ့လေ၊ ကံကောင်းလာအောင်လို့တဲ့ ပြောလို့ဆိုပြီးတော့ တဲ့တားထိုးတာလေ၊ တကယ်တော့ အဲဒီတဲ့တားမျိုး ဟုတ်ပါ့မလား၊ (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ဘူး၊ ကောင်းတာ မကောင်းတာ အသာထား၊ သူများတွေ သွားလို့လာလို့ လွယ်ကူအောင်ဖြစ်တဲ့ တဲ့တားမျိုး မဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း . . . သူဥစ္စာက စတီပဲ၊ ပြီးတော့ ညောင်ထောက်ဆိုတော့ ဟာ ဟို. . . ကမ္ဘာအေးထဲမှာ လိုဏ်ဂူကြီး ဒီဘက်က ညောင်ပင်ကြီး သွားကြည့်လေ၊ ညောင်ထောက်ကြတာ၊ ဟာ ဟိုဘက်နားက 'လမ်းဝ' နှီးဆိုင်က နှီးလေးတွေ ဝယ်သွားတယ်၊ နှီးလေးတွေကို တစ်မိုက်လောက် တစ်မိုက်လောက် ဖြတ်ပြီးတော့ အဲဒီအပင်ခြေက ဟာ အမြစ်ကိုသွားထောက်တာ၊ အများကြီးပဲ၊

အေး. . . သူပင်ရင်းက အဲသလို အခြေအမြစ်သွားထောက် ရမှာလား။ (မဟုတ်ပါဘူး ဘုရား)။ မဟုတ်ဘူး။

ကောင်းကြောင်းလုပ်မှ ကောင်းကျိုးရ

ကိုင်းတွေ နိမ့်ကျနေတဲ့ဥစ္စာ သူများနဖူး ထိုးမိမှာစိုးလို့ ထောက်တဲ့အထောက်မျိုး မဟုတ်လား၊ (မှန်လှပါဘုရား)၊ အင်း . . . သူတို့ကတော့ အဲလိုမဟုတ်ဘူး၊ ထောက်ဆိုလို့ ထောက်တာပဲ၊ ပြီးတော့ များများကလည်း မတတ်နိုင်ဘဲကိုး၊ အဲဒီနှီးစကလေးတွေ ဟာ . . . တစ်မိုက်၊ တစ်ထွာ ဖြတ်ပြီးတော့ ပျော့ပျော့လေးတွေပေါ့၊ သွားထောက်တော့ ခွေခွေကွေးကွေးလေးတွေ နေတာပေါ့၊ အဲသလိုလုပ်တာတဲ့၊ အဲသလို၊ ညှဉ်ပြီးတော့နေတဲ့ ကံတရားတွေကို ကောင်းတဲ့ကံတရားတွေ အစားထိုးလိုက်လို့ရှိရင် အကျိုးတွေကလည်း ကောင်းကျိုးတွေ ဖြစ်လာမယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ကောင်းတဲ့အကြောင်း တရားကြောင့် ကောင်းတဲ့အကျိုးဖြစ်၊ မကောင်းတဲ့ အကြောင်းတရားကြောင့် မကောင်းတဲ့အကျိုးတွေ ဖြစ်တယ်လို့ ယုံကြည်တဲ့ဉာဏ်ဟာ ကမ္မဿက တာ ဉာဏ်၊ ဘာတဲ့၊ ကမ္မဿက တာ ဉာဏ်၊ (ကမ္မဿက တာဉာဏ်ပါ ဘုရား)၊ အဲဒီဉာဏ်ရှိရင် ကမ္မဿက တာ သမ္မာဒိဋ္ဌိပဲ၊ (မှန်လှပါဘုရား)။

စျာန်သမထ

ဟုတ်ပြီ၊ ရှေ့ဆက်သွားကြမယ်၊ နောက်တစ်ခုသွားတော့ ကမ္မဿက တာ ဉာဏ်ဆိုတဲ့ဥစ္စာက၊ ကမ္မဿက တာ သမ္မာဒိဋ္ဌိပေါ့နော်၊ (မှန်ပါဘုရား)၊ ရှေ့သွားတော့ နံပါတ်(၂)က စျာန သမ္မာဒိဋ္ဌိ ဘာတဲ့တုံး၊ စျာနသမ္မာဒိဋ္ဌိ 'စျ' နဲ့နော်၊ အင်း. . . သူက ရှုရတာပါ၊ 'သမထ'လုပ်ငန်း

ပါပဲ၊ ဟိုတစ်ချိန်တုန်းကတော့ ဘုရားသာသနာ မပေါ်ခင်တုန်းကတော့၊ ဟို . . . ငြဟ္မာ့ပြည်ရောက်တာက ခေါင်ထိပ်၊ သူအမြင့်ဆုံး အလုပ်ပေါ့။ (မှန်လှပါဘုရား)၊ အဲဒီရောက်ဖို့အတွက်လည်းပဲ ရှုပ်ပွါးရတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ စျာန်သမထ အားထုတ်ရတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး . . . အားထုတ်တဲ့နေရာမှာ လုပ်ငန်း မှန်မှန်ကန်ကန် လုပ်ကြတဲ့ ဥစ္စာကို စျာနသမ္မာဒိဋ္ဌိ ပြောတာနော်၊ (မှန်လှပါဘုရား)။ ဘုရားသာသနာကြီးပေါ်လာတော့ ဒီ စျာန်သမထလောက်နဲ့တင် ဘယ်ကလိမ့်မလဲ၊ ဒီထက်မြင့်မြတ်တဲ့ နိဗ္ဗာနဓါတ်ကြီးတွေထိအောင် အားလုံးဘုန်းကြီးတို့တစ်တွေ သိနေရတာ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဟိုတုန်းကတော့လည်းပဲ ဒီစျာနသမ္မာဒိဋ္ဌိက အထွတ်အထိပ် ခေါင်ဖျားပဲပေါ့။ (မှန်လှပါဘုရား)၊ သူ့ဟာနဲ့သူ အကျိုးတွေရပါတယ်။

သမထအားကောင်းရင်

'သမထ' အားကောင်းအောင် လုပ်လိုက်တယ်ဆိုလို့ရှိရင် အခုခေတ်လည်းပဲ ဒါလေးတွေရနေကြပါတယ်၊ အမယ် တို့အိမ်ကို ဟောဧည့်သည်ဘယ်နှစ်ယောက် လာမယ်၊ အမယ် ဒီလိုလေးတွေလေ၊ သြော်. . . ပုတီးစိပ်တယ်၊ 'သမထ'အလုပ်တွေ များများလုပ်တယ်၊ ဘာဖြစ်လိမ့်မယ် ညာဖြစ်လိမ့်မယ်ဆိုတဲ့ ရှေ့ပိုင်းအကြောင်းအရာလေးတွေ ကြို့ကြို့သိနေတယ် ဆိုတာလေ၊ (မှန်လှပါဘုရား)၊ 'သမထ'ရဲ့စွမ်းအားပါ၊ ဒါကသာမန်ပါ၊ တကယ့်တကယ်ဆိုရင် ဒီထက်အများကြီးသိနိုင်တာပေါ့၊ (မှန်လှပါ ဘုရား)၊ ရှေ့ကြောင်း နောက်ကြောင်းတွေကို ပြန်မြင်တယ် ဆိုတာတွေလည်း သိနိုင်တယ်၊ 'သမထ'စွမ်းအား မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟိုဘက်ဘဝ၊ ဒီဘက်ဘဝ၊ ဒါတွေလည်း

ပြန်မြင်နိုင်တယ်၊ ဘုရားလက်ထက်တုန်းက 'ဝဏီသ'ဆိုတဲ့ လူရွယ်တစ်ယောက်ဆိုရင် သူဒီလိုအလုပ် လုပ်ရင်းက တတ်ပြီးတော့လာတာ၊ ဘယ်လိုတုန်းဆိုတော့ သေတဲ့သူရဲ့ အရိုးခေါင်းကို သူ့မန္တန်ကလေးရွတ်ပြီးတော့ ခေါက်ရင် ဘယ်ဘုံရောက်တယ်ဆိုတာ သူပြောနိုင်တာပေါ့။ (မှန်လှပါဘုရား)။

'ဝဏီသ'ဆိုတဲ့ လူရွယ်တစ်ယောက်နော်၊ (မှန်လှပါဘုရား)၊ အသက်နှစ်ဆယ်ကျော် အစိတ်ခန့်ဖြစ်ပါလိမ့်မယ်၊ သေတဲ့သူရဲ့အရိုးခေါင်းကို သူ့မန္တန်လေးခေါက်၊ ဒေါက် . . . ဒေါက်၊ ဒါဘယ်ဘုံရောက်တယ်လို့ ပြောနိုင်တာပေါ့၊ (မှန်လှပါဘုရား)၊ အဲဒါနဲ့သူက လာကြ၊ ကိုယ့်ဆွေမျိုးတွေ ဘယ်ဘုံရောက်တယ်ဆိုတာသိချင်ရင် ယူခဲ့ကြဆိုတော့ သုသာန်သွားဖော်တာပေါ့၊ အဲ. . . ဖော်ပြီးတော့ ခေါင်းကလေး သူ့ပေး၊ သူ့ရှေ့ချပေး၊ သူက မန္တန်ကလေးရွတ်ခေါက်၊ ဒေါက် ဒေါက် ဟာ. . . ဘယ်ဘုံရောက်သွားပြီ၊ သူပြောနိုင်တယ်နော်၊ လူ့ဘုံရောက်တယ်၊ ငရဲဘုံရောက်တယ်၊ ပြိတ္တာဘုံရောက်တယ်၊ နတ်ပြည် ရောက်သွားတယ်၊ ဗြဟ္မာ့ပြည် တက်သွားတယ်၊ သူအကုန် ပြောနိုင်တယ်နော်၊ (မှန်လှပါဘုရား)၊ အဲ. . . အဲသလိုနဲ့ တရွေ့တရွေ့နဲ့ နောက်တော့ ဟိုကလာ ဒီကလာနဲ့၊ ဆရာ့ ဒီဥစ္စာလေး ခေါက်ပေးပါဦးလို့ပြော၊ ခေါက်ပေး၊ ဟာ. . . တစ်နေ့လုံး သူ့အလုပ်ကို လုပ်ရတယ်လို့မရှိဘူး၊ ဒီတော့ နောက်တော့ သူပြောလာတယ်၊ ခင်ဗျားတို့ဥစ္စာ ကျုပ်အလုပ်ကို မလုပ်ရဘူး၊ ဒီတော့ အလကား ခေါက်မပေးနိုင်ဘူး၊ တစ်ခေါင်း ဘယ်လောက်ဈေးလုပ်တာပေါ့၊ အင်း . . . ဒီလိုပဲ လုပ်ရမှာပဲ မဟုတ်လား၊ အဲသလိုနဲ့ တစ်ခေါင်းတစ်မတ်၊ (သို့မဟုတ်) ငါးမူး၊ ဒီလိုလေး သတ်မှတ်ပြီးတော့ လာတော့၊ ဟာ. . . ကိစ္စမရှိပါဘူး၊ ပေးပါ့မယ်ဆိုပြီးတော့ အဲ. . .

ခေါက်၊ သူကအဲသလို လုပ်ပေးနေတာ၊ နောက်တော့ ဒါနဲ့ပဲ နာမည်ကြီးလာတာပေါ့။

အရိုးခေါင်း ခေါက်ပြီးဟာတဲ့ 'ဝဂီသ'

ဟို. . . ဒီသတင်းကြားတော့ ဘေးက ရွာတွေကလည်းလာကြ၊ ရွာကနေပြီးတော့မြို့၊ နောက်တော့ ဒါသည်ပင် သူအဖို့ စီးပွါးရေးလုပ်ငန်းလုပ်လာတော့တာ၊ က. . . နယ်လှည့်မယ်ဆိုပြီးတော့ ဒီပညာရပ်နဲ့ နယ်လှည့်မယ်၊ သူတပည့်တွေလည်းပဲ ငါးရာလောက်ပါပဲ၊ သူပညာလိုချင်လို့ နောက်ကလိုက်နေကြတာ၊ အဲသလိုနဲ့ တစ်မြို့ကတစ်မြို့၊ တစ်နယ်ကတစ်နယ်၊ လှည့်လည်ပြီးတော့ သွား၊ ဟို. . . လာကြ အရိုးခေါင်းယူခဲ့ကြ၊ ဘယ်ဘုံရောက်တယ်ဆိုတာ သိချင်ရင်ယူခဲ့ကြ၊ ဆိုတော့ ယူ. . . ယူလာကြတာ၊ အဲဒီတင် သူက မန္တန်ကလေး ရွတ်ခေါက် ဒေါက် . . . ဒေါက် . . . ဒေါက်၊ သိတယ်နော်၊ အဲသလိုနဲ့ တစ်ခါဟာတော့ဖြင့် ဘုရားကိုယ်တော်မြတ်ကြီးနဲ့ တွေ့ပါလေရောလား၊ ဘုရားကိုယ်တော်မြတ်ကြီးကလည်း တပည့်ပရိသတ် ၅၀၀-ခန့်နဲ့ ဒေသစာရီလှည့်လည်တော့ မြို့ကလေးတစ်မြို့ သွားဆုံကြတာကိုး၊ (မှန်လှပါ ဘုရား)၊ သူကအောက်မေ့သတဲ့၊ အရှင်ဂေါတမဟာ နာမည်ကြီးတဲ့ပုဂ္ဂိုလ်၊ ငါလည်းပဲ နာမည်ကြီးတဲ့ပုဂ္ဂိုလ်၊ ဒီတော့ နာမည်ကြီးတဲ့ သူချင်းတွေ့ဆုံရတာ ကောင်းပါတယ်လေ၊ သူက အောက်မေ့တာပေါ့၊ အဲဒါနဲ့ ဘုရားကိုယ်တော်မြတ်ကြီးဆီ သွားတော့၊ လာ. . . လာ. . . လာ ဝဂီသ၊ ဘုရားကိုယ်တော် မြတ်ကြီးက၊ အမယ် သူ ငါ့နာမည်တောင် သိနေတယ်၊ သူကလေ၊ ဟို. . . အရှင်ဂေါတမ ကျွန်ုပ်နာမည်သိလို့လား၊ သိတာပေါ့ကွဲ့၊ မင်းကကျော်ကြားတဲ့ လူတစ်ယောက်ပဲဟာ၊ ဟုတ်တယ်၊ ကျော်ကြား

တာပေါ့၊ ကျော်ကြားပါတယ်ဆိုကာမှ၊ အေး. . . မင်းက ဘယ်လို တွေကြောင့် ကျော်ကြားရတာလဲ၊ ဟို. . . ကျွန်ုပ်ကလေ သေတဲ့သူရဲ့ အရိုးခေါင်းခေါက်၊ ဘယ်ဘုံရောက်တယ်ဆိုတာ ပြောနိုင်တယ်၊ အဲဒီ အတတ်ပညာနဲ့ ကျွန်ုပ်က ကျော်ကြားတာ။

ဘုရားနဲ့အမေးအဖြေလုပ်တယ်

အရှင်ဂေါတမကော သိလား၊ အမယ် ဘုရားကို သူကနော်၊ သြော် သိတာပေါ့ကွဲ့ ဒီဥစ္စာ၊ သြော်. . . ကျွန်ုပ်သာသိသလား အောက်မေ့ တယ်၊ အရှင်ဂေါတမလည်း သိတာပဲကိုး၊ ဒီလိုဆိုရင် ပညာချင်းပြိုင်ရ အောင်တဲ့၊ ဘုရားကိုနော်၊ ဟာ. . . တကယ့်လူငယ်ပဲ၊ သတ္တိကောင်း တယ်နော်၊ ပြိုင်ဆိုလည်း ပြိုင်တာပေါ့ကွာ၊ ဟုတ်ပြီ၊ ဘယ်သူက ဘယ်လို ပြိုင်ကြမလဲ၊ ဒီပညာချင်း ပြိုင်ကြမှာပေါ့၊ တစ်ယောက် တစ်ယောက် မေးကြမယ်၊ ကဲ ဘယ်သူကစမေးပြီး ဘယ်သူကစဖြေမလဲ၊ ဒီလိုလုပ်ပါ၊ အရှင်ဂေါတမက ကျွန်ုပ်ကိုမေးပါ၊ ကျွန်ုပ်ကဖြေပါ့မယ်၊ အေး. . . ကဲ မင်းသဘောအတိုင်းပါပဲကွာ၊ မင်းတတ်တဲ့ပညာနဲ့ ငါမင်းကို မေးမှာပေါ့ ဆိုပြီး ဘုရားကိုယ်တော်မြတ်ကြီးကလေ၊ ဟာ. . . သုသာန်က အရိုး ခေါင်းတွေကို တန်ခိုးတော်နဲ့ ယူပြီးတော့ သူ့ရှေ့မှာ ချပေးတယ်၊ ကဲ ဒီခေါင်းကို ခေါက်စမ်းပါကွာ၊ ဘယ်ဘုံ ရောက်သလဲဆိုတဲ့ ဥစ္စာ၊ သူက မန္တန်လေးရွတ်ခေါက် ဒေါက် . . . ဒေါက် . . . ဒေါက်၊ ဟာ. . . ဒါ အဝီစိရောက်သွားလေရဲ့. ကိုယ်တော်၊ အမယ်. . . သူကလေ၊ နောက်တစ်လုံး ဘုရားကိုယ်တော်မြတ်ကြီး ချပေးတယ်၊ သူက မန္တန်လေး ရွတ်ခေါက် ဒေါက် . . . ဒေါက် . . . ဒေါက်၊ ဟာ. . . ဒါကတော့ ပြိတ္တာ ဘုံ ရောက်သွားလေရဲ့ကိုယ်တော် ဟုတ်လား၊ ဟုတ်ပါတယ်၊ အမယ်

သူလည်းပညာတတ်သားပဲ၊ နောက်တစ်လုံး ချပေးပြီးတော့ မေးတယ် ဘုရားကိုယ်တော်မြတ်ကြီးက၊ သူက မန္တန်လေးရွတ်ခေါက်၊ ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒေါက်၊ ဟာ. . . ဒါကတော့ဖြင့် တိုက္ခာန်ဘုံ ရောက်သွားတယ် ကိုယ်တော်။

မန္တန်ရွတ်ပြီးခေါက်တယ်

နောက်တစ်လုံး ချပေးတယ်၊ မန္တန်လေးရွတ်ခေါက်၊ ဒေါက် . . . ဒေါက် . . . ဒေါက်၊ ဒါကတော့ဖြင့် လူ့ပြည် ပြန်ရောက်တယ် အရှင်ဘုရား၊ အမယ် နောက်တစ်လုံး ချပေးတယ်၊ မန္တန်လေးရွတ်ခေါက်၊ ဒေါက် . . . ဒေါက် . . . ဒေါက် . . . ဒါကတော့ နတ်ပြည်တက်သွားလေရဲ့ ကိုယ်တော်၊ ဘယ့်နှယ့်လဲ ကိုယ်တော့်ပညာက၊ ဟုတ်တယ် ငါလည်းဒီလိုပဲမြင်တယ်၊ အမယ် ငါ့ချည်းလားလို့ သူလည်း တတ်သားပဲ၊ အင်း. . . နောက်တစ်လုံး ချပေးတယ်၊ မန္တန်လေး ရွတ်ခေါက်၊ ဒေါက်. . . ဒေါက်. . . ဒေါက်. . . ဒေါက်၊ ဒါကတော့ ငြဟ္မာ့ပြည် ထိအောင် ခေါင်ထိပ်ရောက်သွားတာပဲ ကိုယ်တော်ရဲ့ ဟုတ်ရဲ့လား၊ ဟုတ်ပါတယ်၊ တစ်ခါ နောက်တစ်လုံး ချပေးတယ်၊ ဒေါက် . . . ဒေါက် . . . ဒေါက်. . . ဒီကျတော့မပေါ်ဘူး၊ ဘယ့်နှယ် နောက်တစ်ခါ မန္တန်များများသလားလို့ ကျကျနနရွတ်ခေါက်၊ ဒေါက် . . . ဒေါက် . . . ဒေါက် မပေါ်ဘူးဖြစ်နေတယ်၊ ခါတိုင်းတော့ တစ်ခါရွတ် တစ်ခါတန်းပေါ်နေကြ၊ နောက်တစ်ခါ ရွတ်ခေါက်၊ ဒေါက် . . . ဒေါက်. . . ဒေါက်. . . မန္တန်များများသလားလို့ ကျကျနန ရွတ်ခေါက် မရဘူးဖြစ်နေတယ်၊ ဘာလည်း ကျိုးတွေများ ပေနေလို့လား၊ အင်း ပွတ်သပ်ပြီးခေါက် ဒေါက်. . . ဒေါက်. . . ဒေါက် . . . မပေါ်ဘူး၊ နောက်တစ်ခါရွတ်ခေါက်

ဘုရားကိုယ်တော်မြတ်က ကြည့်နေတာကိုး၊ ဘယ့်နှယ့်လဲကွဲ့ 'ဝဏီသ' လက်လျှော့တော့မှာလား၊ ဟင်... မလျှော့ဘူး၊ နောက်တစ်ခါ ရွှတ် ခေါက် ဒေါက်...ဒေါက်...ဒေါက်၊ ဒီလိုနဲ့သွားတာ၊ ဟော နောက်တစ်ခါထပ်ခေါက် လေးငါးခါလောက်ခေါက်၊ ဘယ့်နှယ့်လဲကွဲ့ လက်လျှော့တော့မှာလား၊ နေအုံး တစ်ခေါက်လောက်တော့ လုပ်လိုက်ဦးမယ်၊ ခေါက် ဒေါက်...ဒေါက်...၊ အဲသလိုနဲ့ ဘယ်လိုမှ မရတော့မှ ဘယ့်နှယ့်လဲကွဲ့၊ ဒီတိုင်းဆိုရင်တော့ လျှော့ရတော့မယ့်ပုံပဲ၊ အမယ်... သူက အဲသလိုနော်။

ဘယ်ဘုံမှမရောက်လို့

ဟင်... သူမျှားတော့ပြောလို့၊ အရှင်ဂေါတမကော သိလို့လား၊ သိတာပေါ့ကွဲ့၊ ဟာ ဒီတစ်ချက်တော့ ငါ့ထက်သူသာသွားပြီ၊ ဘုရားကိုလေ၊ သူက သူ့ကိုယ်သူ ဘဝင်မြင့်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ ဘုရားရယ်၊ ဘာရယ်လို့ သိပ်ပြီးတော့ အင်း... လေးစားတာမဟုတ်ဘူး၊ ဘုရားရယ် ဘာရယ်လည်း ဒီလောက်ကြီး လေးလေးစားစား မရှိပါဘူးလေ၊ သူက ကြည်ညိုတဲ့ သူမှ မဟုတ်ဘဲကိုး၊ အဲသလိုနဲ့ ဒီတစ်ချက်ကတော့ အရှင်ဂေါတမက ကျွန်ုပ်ထက်သာသွားတာပဲ၊ ဒီပညာတစ်ခုပဲ ကျွန်ုပ်မတတ်တာ၊ ကျန်တာတွေ အရှင်ဂေါတမနဲ့ ကျွန်ုပ်နဲ့တူတာပဲ၊ ဒီတော့ ကျွန်ုပ်ကို ဒါလေး သင်မပေးနိုင်ဘူးလား၊ ပေးနိုင်ပါတယ်၊ ဟာ... လုပ်စမ်းပါ ကိုယ်တော်ရဲ့၊ ဘယ် ဒီလိုတော့ အလကားရမလဲကွဲ့၊ အခရမှ၊ 'အခ'က ဘယ်လောက်ပေးရမလဲ၊ အပြတ် ဘယ်လောက်၊ ဩော်... ဒီလိုပါကွယ်၊ 'အခ'ဆိုတာ ဒီလိုပါကွယ်၊ ဒီလိုအဝတ်ဝတ်ရမယ်၊ တို့လိုကတုံး တုံးရမယ်၊ ဩော်... တကယ်နော်၊ ဩော် ... တကယ်ပေါ့ကွယ်၊ တပည့်တို့

ကြားတယ် မဟုတ်လားကွ၊ ငါ ပညာသင်ဦးမယ်၊ ဒါလေးတစ်ချက်ပဲ ကျန်နေတာ၊ ဒါလေးရှိရင် တို့က ဇမ္ဗူတစ်လွှား တို့အကျော်ကြားဆုံး၊ ကဲ မင်းတို့ပြန်နှင့်ကြ၊ ငါပညာ သင်လိုက်ဦးမယ်၊ ပညာတတ်ပြန်ထွက် ရတာပဲ။

အင်း . . . ဆိုပြီးတော့ ကျွန်ုပ်သင်တော့်မယ်၊ ကဲ. . . သင်ချင်လို့ ရှိရင်တော့ လိုက်ခဲ့ဆိုပြီးတော့ ကျောင်းတော်ခေါ်သွားတယ်၊ ဟိုရောက်တော့ ကတုံးတုံး၊ သင်္ကန်းဝတ်ပေး၊ ရဟန်းခံပေးတော့ ရဟန်းဖြစ်သွားတာပေါ့၊ (မှန်လှပါဘုရား)။ ကဲ . . . သင်တော့၊ ဟာ . . . သြော် မင်းကလည်း ပညာသင် တယ်အရွေးကြီးတာကိုးကွ၊ ပညာတစ်ရပ် သင်တယ်ဆိုတာ အခြေခံတွေပါရသေးတာ၊ အခြေခံတောင် မတက်ရသေးဘူး မင်းက တန်းလိုချင်တာ၊ ဘယ်လို ဘယ်အခြေခံတွေတုံး၊ ဟာ. . . အခြေခံတွေ ကဲ ငါသင်ပေးမယ် မင်းလိုက်ဆို. . . အတ္ထိ ဣမသ္မိံ ကာယေ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော ဆိုပြီးတော့ ၃၂- ကောဋ္ဌာသတွေ သင်ပေးတာပေါ့၊ (မှန်လှပါဘုရား)။ ငါ့ကိုယ်မှာ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညှို့၊ အပြင်း၊ အဆုပ်၊ အူသိမ်၊ အူမ၊ အစာသစ်၊ အစားဟောင်း ဒါတွေ မဟုတ်လား၊ (မှန်လှပါဘုရား)။

ဒီဥစ္စာကို ကျေနေအောင်ဆိုကွဲ့၊ ထပ်ပြန်တလဲလဲ ဆိုတယ်၊ အူသိမ်၊ အူမ၊ အစာသစ်၊ အစာဟောင်း၊ ကျင်ကြိုး၊ ကျင်ငယ်၊ နှပ်၊ တံတွေး၊ ချွေး၊ ဟာ . . . ခွဲစရာတွေ၊ ဘယ်လိုတွေသင်ပေးပါ လိမ့်မလဲ၊ အဲသလိုနဲ့ ထပ်ပြန်တလဲလဲ ဆိုရင်း ဆိုရင်း တဖြည်းဖြည်း သဘောပေါက်လာတယ်၊ ဟုတ်သားပဲ ဟုတ်သားပဲနဲ့၊ အဲသလိုဆိုရင်း ဆိုရင်းနဲ့ တစ်ခါတည်း သဘောပေါက်ပြီးတော့၊ သူဉာဏ် သမာဓိတွေလည်း

တည်သွားပြီ၊ ဉာဏ်တွေလည်း ဝင်သွားပြီ၊ အဲဒီဉာဏ်တွေနဲ့ ကြည့်တော့ ခန္ဓာကိုယ်ပေါ်က ရုပ်တွေ၊ နာမ်တွေအပေါ် အဖြစ်အပျက်တွေ မြင်ကုန်တာပေါ့။ (မှန်လှပါဘုရား)၊ အဲဒါ ဆက်ကြည့်ရင်း ဆက်ကြည့်ရင်းနဲ့ အဖြစ်အပျက်တွေ မြင်ရာက အဖြစ်အပျက်တွေမုန်း၊ မုန်းရာကနေ ပြီးတော့ ဆုံးတာပေါ့။ (မှန်ပါ ဘုရား)။ တစ်ခါဆုံး၊ နှစ်ခါဆုံး၊ သုံးခါဆုံး၊ လေးခါဆုံး ဉာဏ်ကလည်း ကောင်းတဲ့ပုဂ္ဂိုလ်ပဲ၊ (မှန်လှပါ ဘုရား)၊ အဲသလိုနဲ့ ဆက်တွန်းလိုက်တာ လေးခါဆုံးတော့ ဒီပုဂ္ဂိုလ် ဘာဖြစ်၊ ရဟန္တာဖြစ်၊ ရဟန္တာဖြစ်တယ်၊ ဘုရားကိုယ်တော်မြတ်က တစေ့တစောင်းကနေ အကဲခတ်နေတာ၊ ရဟန္တာဖြစ်မှန်းလဲသိတယ်၊ (မှန်လှပါဘုရား)၊ ဘယ့်နှယ့်လဲကွယ့် 'ဝဍီသ' အခြေခံတွေ မကျေသေးဘူးလား၊ ရှေ့ပညာ ဆက်တက်ပေးတော့မယ်၊ တော်ပါပြီ ဘုရား၊ ဟဲ့. . . ဘယ်လိုဖြစ်တာတုံး၊ တပည့်တော်သိသွားပြီ ဖြစ်တော့တာ၊ ဟင်. . . ဘယ့်နှယ် မသင်တော့ဘူးလား၊ မဟုတ်ဘူး ဘုရား။

သမထရည်းရဲ့သီတာပါ

တပည့်တော် တတ်ခဲ့တဲ့အတတ်က သာမန်မျှသာပါ။ အရှင်ဘုရားတို့ တတ်တဲ့ပညာကသာ ခေါင်ထိပ်ရောက်တာပါ။ ဒီလိုဖြစ်လာပြီ၊ တပည့်တော်က အကာမျှသာပါ။ အရှင်ဘုရားတို့ သိတော်မူတဲ့တရားတော်က အနှစ်တွေပါ။ တပည့်တော်က တပည့်ပါ၊ အရှင်ဘုရားက ဆရာပါ၊ အခုလာပြီနော်၊ အင်း . . . အဲသလိုတွေ တောင်းပန်တယ်၊ တပည့်တော် ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပစ်မှားမိသမျှ ခွင့်လွှတ်တော်မူပါ။ ဒီကရှေ့ အရှင်ဘုရားနောက်က ဖဝါးမကွာ လိုက်ပါပါတော့မယ်၊ ဖြစ်တော့တာ၊ အခုအချိန် သူကဘာဖြစ်သွား၊ (ရဟန္တာဖြစ်

သွားပါတယ်ဘုရား)၊ ရဟန္တာဖြစ်သွားတာ၊ စောစောတုန်းက ခေါင်းတွေ အမျှားကြီး စီချပေးတဲ့အထဲ၊ နောက်ဆုံးခေါင်းက ရဟန္တာရဲ့ခေါင်း၊ ဘယ်သူ့ခေါင်း၊ (ရဟန္တာရဲ့ခေါင်းပါ ဘုရား)၊ ရဟန္တာရဲ့ခေါင်းကို ဘုရားကိုယ်တော်မြတ်က ချပေးတော့ သူ့မန္တန် ရွတ်ခေါက် ဘယ်ဘုံ ရောက်တယ်လို့ တွေ့သေးလား၊ (မတွေ့ပါဘူး ဘုရား)၊ ဟော. . . ရဟန္တာဆိုတာ ဘယ်ဘုံရောက်တယ်လို့ ရှိသေးလား၊ (မရှိပါဘူး ဘုရား)၊ မရှိပါဘူး၊ ဘယ်ဘုံမှ မရောက်တဲ့ခေါင်းကို ချပေးလို့ သူ မတွေ့တာပါ၊ (မှန်လှပါဘုရား)၊ သူပညာ ညံ့လို့တော့ မဟုတ်ဘူးနော်၊ (မှန်ပါဘုရား)၊ အမယ် . . . သူပညာလည်းထက်ပါတယ်၊ ဘုရားကိုယ်တော်မြတ်ကပဲ ဘယ်ဘုံမှ မရောက်တဲ့ခေါင်းကို ရွေးချပေးတာ၊ ဒီတော့ အခုကျတော့ သူကိုယ်တိုင်လည်း ရဟန္တာဖြစ်သွားပြီဆိုတော့ သူကိုယ်တိုင် ပုံတော်မူတဲ့ အခါ ဘယ်ဘုံမျှားရောက်ဦးမလဲ၊ (ဘယ်ဘုံမှမရောက်ပါဘူး ဘုရား)၊ ဘယ်ဘုံမှမရောက်ဘူး၊ ရောက်စရာ ရှိလား၊ (မရှိပါဘူးဘုရား)၊ မရှိပါဘူး၊ အဲဒီခေါင်း၊ ဒီလိုသိပြီးတော့ သွားတဲ့အတွက် ကိုယ်ကိုယ်တိုင်လည်း သိသွားတဲ့အတွက် တော်ပါပြီ ဘုရား၊ ရှေ့ဆက်သင်ဖို့ရော လိုသေးလား၊ (မလိုပါဘူးဘုရား)၊ တပည့်တော်က တပည့်ပါ၊ အရှင်ဘုရားက ဆရာပါ၊ တောင်းပန်ရှာပါတယ်၊ အဲသလို ဒီပုဂ္ဂိုလ်သာသနာ့ဘောင်ထဲ ရောက်လာပါတယ်၊ အဲဒီ စွာနသမ္မာဒိဋ္ဌိကို ကြိုးစားရာက တဖြည်းဖြည်း အသိပညာ တွေဟာလေ ခေါင်းတွေခေါက်ရင် ဘယ်ဘုံရောက်တယ်ဆိုတဲ့ အတတ်ပညာတွေ သိလာတာနော်၊ (မှန်လှပါဘုရား)၊ အေး . . . ဒါဟာ သမထ ကနေပြီးတော့ သိလာတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အားလုံး ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေလည်း ဒီဥစ္စာ ကြိုးစားလို့ရှိရင် ဖြစ်နိုင်ပါတယ်၊ (မှန်ပါ)၊ ဖြစ်နိုင်တယ်၊ စွာနသမ္မာဒိဋ္ဌိ၊ စွာနသမ္မာဒိဋ္ဌိ။

ဝိပဿနာသမ္မာဒိဋ္ဌိ ငါးမျိုး

ဟုတ်ပြီ၊ ပြန်ပြီးတော့ ပြောကြစို့၊ နံပါတ်(၁)က ကမ္မသက တာသမ္မာဒိဋ္ဌိ၊ နံပါတ်(၂)က စျာနသမ္မာဒိဋ္ဌိ၊ ရှေ့ဆက်သွားကြစို့၊ နံပါတ်(၃)က ဘာပါလိမ့်၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဒီဥစ္စာကတော့ အရေးကြီးတယ်၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကိုယ်လုပ်နေတာ ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတာ ဝိပဿနာရှုရတာ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဝိပဿနာရှုတဲ့အခါ မှန်မှန်ကန်ကန် မြင်တဲ့ဉာဏ်ပြောတာ၊ (မှန်လှပါဘုရား)။ ဝိပဿနာ ရှုတဲ့အခါ မှန်မှန်ကန်ကန်မြင်တဲ့ဉာဏ် ပြောတာပေါ့၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိဆိုတော့ ဘယ်နှပါးပါလိမ့်၊ ငါးပါး၊ ဘယ်သူတွေများလဲဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဘယ်နှပါးပါလိမ့်၊ (ငါးပါးပါဘုရား)။ အဲဒီမဂ္ဂင်ငါးပါးပါ၊ လောကီမဂ္ဂင်ငါးပါးသာ စုံလို့ရှိရင်တော့ အမှန်အတိုင်းမြင်ပါတယ်၊ (မှန်လှပါဘုရား)။ ငါးပါးသာ စုံလို့ရှိရင် အဲဒီ မြင်တဲ့ဉာဏ်ဟာ ဝိပဿနာသမ္မာဒိဋ္ဌိ။

ခန္ဓာငါးပါး တစ်ပါးပါးအပေါ် ရှုပါ

ဝိပဿနာဆိုတော့ ရှုမှာမဟုတ်လား၊ (မှန်လှပါဘုရား)။ ဘယ်အပေါ် ရှုမှာလဲ၊ ခန္ဓာပေါ်မှာရှုမယ်၊ ဘယ်အပေါ်ရှုမယ်၊ ခန္ဓာပေါ်မှာ ရှုမယ်၊ ခန္ဓာကဘယ်နှပါး၊ (ငါးပါးပါဘုရား)။ ခန္ဓာငါးပါးက ဘယ်သူများပါလိမ့်၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါး တစ်ပါးပါးအပေါ် ရှုမယ်နော်၊ (မှန်ပါဘုရား)။ ဟုတ်ပြီ၊ ခန္ဓာငါးပါး တစ်ပါးပါးအပေါ်ရှုမှာ၊ ဝေဒနာအပေါ်မှာ ဒီကနေ့ ရှုကြမယ်နော်၊ (မှန်ပါ)။ ဝေဒနာဆိုတာ ကိုယ့်မှာရှိနေတာပဲ၊ (မှန်ပါဘုရား)။

စျေးထဲမှာ နောက်ထပ် သွားဝယ်ရဦးမှာလား၊ (မဝယ်ရပါဘူး ဘုရား)။ ကိုယ့်မှာရှိတဲ့ ပစ္စည်းချင်း အလုပ်လုပ်ကြမှာ မဟုတ်လား၊ (မှန်ပါဘုရား)။ ကဲ. . . ဝေဒနာဆိုတာ သုံးမျိုးပဲ၊ မသက်မသာဖြစ်တဲ့ ဥစ္စာက ထင်ရှားတာ၊ အင်း. . . ပို၍ ထင်ရှားတာဆိုတော့ ဒုက္ခဝေဒနာပေါ့နော်၊ (မှန်လှပါဘုရား)။ ကဲ. . . ဒုက္ခဝေဒနာကို ဉာဏ်နဲ့ရှုမယ်၊ ဝေဒနာဆိုတဲ့ဥစ္စာ၊ ဒီခန္ဓာမှာပဲ မဟုတ်လား၊ (မှန်ပါဘုရား)။

ဝေဒနာဆိုတာ နာမ်တရား

ဝေဒနာဟာ ရုပ်တရားလား၊ နာမ်တရားလား၊ (နာမ်တရားပါဘုရား)။ နာမ်တရား၊ မျက်စိနဲ့ကြည့် မြင်ရလား၊ (မမြင်ရပါဘူး ဘုရား)။ ဘယ်လိုလုပ် သိတာတုံး၊ (ဉာဏ်နဲ့သိရပါတယ် ဘုရား)။ ဉာဏ်နဲ့သိရတာပါ။ ညောင်းတယ်၊ ကိုက်တယ်ဆိုတာ မြင်ရလား၊ (မမြင်ရပါဘူး ဘုရား)။ ခြေသလုံးထဲက ကိုက်လိုက်တာဟယ်ဆိုတော့ ကိုက်တဲ့ဥစ္စာကြည့်လို့ မြင်ရလား၊ (မမြင်ရပါဘူး ဘုရား)။ မမြင်ရပါဘူး၊ ဒါပေမယ်လို့ ကိုက်တာမှန်းတော့ သိနေတယ်နော်၊ (မှန်လှပါဘုရား)။ ဘာနဲ့သိ၊ (ဉာဏ်နဲ့သိပါတယ် ဘုရား)။ ဉာဏ်နဲ့သိနေတယ်၊ အဲဒီဝေဒနာကို မျက်စိနဲ့တင် မကဘူး၊ နားနဲ့ကပ်ထောင်ရင်ရော အသံကြားရလား၊ (မကြားရပါဘူး ဘုရား)။ အမယ် စစ်စစ် စစ်စစ်နဲ့၊ ဟယ် . . . ကိုက်လိုက်တာ၊ အမယ် . . . အပြောကတော့ စစ်စစ် စစ်စစ်ပဲ၊ ဟင် . . . စစ်စစ် စစ်စစ်ဆိုလို့ တကယ်အသံကြားရလား၊ (မကြားရပါဘူး ဘုရား)။ ဘယ်ကြားရလိမ့်မလဲ၊ နာမ်တရားဆိုတာ ဘယ်. . . နားနဲ့ကြားလို့ရလား၊ (မရပါဘူး ဘုရား)။ ဘယ်လိုလုပ်သိရတာတုံး၊ (ဉာဏ်နဲ့သိရပါတယ် ဘုရား)။ ဉာဏ်နဲ့သိရတာ၊ နှာခေါင်းနဲ့ နမ်းကြည့်ရင်ရော အနံ့.

ရမလား၊ (မရပါဘူး ဘုရား)။ မရပါဘူး၊ ဘာပြုလို့တုံး၊ (နာမ်တရား မို့လို့ပါ ဘုရား)။ နာမ်တရားမို့လို့၊ ခန္ဓာကိုယ်နဲ့ တွေ့ထိ စမ်းသပ်တာရော နုတယ်၊ ကြမ်းတယ်ရှိလား၊ (မရှိပါဘူး ဘုရား)။ မရှိပါဘူး၊ ဘာပြုလို့တုံး၊ (နာမ်တရား မို့လို့ပါ ဘုရား)။ နာမ်တရားမို့လို့ ဟုတ်တယ်နော်၊ (မှန်လှပါ ဘုရား)။

နာမ်တရားကို ညာဏ်နဲ့သာသိနိုင်တယ်

ဒီတော့ နာမ်တရားဆိုတာ မျက်စိတို့၊ နား‌တို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့နဲ့. စမ်းသပ်လို့ မရပါဘူး၊ ဘယ်လိုလုပ် စမ်းသပ်ရမယ်၊ ညာဏ်နဲ့.သာ စမ်းသပ်လို့ရတာပါ။ ညာဏ်နဲ့သိတဲ့ အသိမျိုးပါ။ (မှန်လှပါ ဘုရား)။ ဟို. . . နောက်ကျောအလယ်ခေါင်မှာ ရွှန်ရွှန်နဲ့ ဖြစ်နေတယ်၊ ဟဲ့ ကြည့်စမ်းဟဲ့၊ ငါ့နောက်ကျော အလယ်ခေါင်မယ်၊ ဟိုကငုံ့ကြည့်တယ်၊ မြင်ရလား၊ (မမြင်ရပါဘူး ဘုရား)။ ဟယ်. . . အထက်နားတောင်ရောက် သွားပြန်ပြီ၊ အောက်နားတိုးလိုက်၊ အင်း လွန်တောင်သွားပြန်ပေါ့။ အဲဒီလူက ပြောနေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ ကြည့်တဲ့ သူကရော မြင်ရလား၊ (မမြင်ရပါဘူး ဘုရား)။ ဒီကာယကံရှင် ကိုယ်တိုင်ကကော မြင်ရလား၊ (မမြင်ရပါဘူး ဘုရား)။ သူ ဒါဖြင့်ဘယ်လိုလုပ် သိနေတာတုံး၊ (ညာဏ်နဲ့.သိပါတယ်ဘုရား)။ သြော်. . . ညာဏ်နဲ့သိနေတာ၊ ညာဏ်နဲ့သိနေတာ၊ သြော်. . . ညာဏ်နဲ့ သိပြီးတော့နေတာ၊ သူတို့သဘောလေးတွေ ရွှေ့လျားနေတာလေးတွေလေ၊ (မှန်လှပါဘုရား)။ အေး အဲဒါပါ။ ဘာပြုလို့ မမြင်ရတုံးဆိုတော့ နာမ်တရားမို့လို့ ဟုတ်တယ်နော်၊ အဲဒီ နာမ်တရားတွေကို သိဖို့ဆိုတော့ ဘာနဲ့သိရမယ်၊ (ညာဏ်နဲ့သိရပါမယ် ဘုရား)။ အဲဒီနာမ်တရားတွေကလည်း တည်ငြိမ်နေတာမဟုတ်ဘဲ ပြောင်းလဲနေတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)။ ပြောင်းလဲနေတဲ့

ဥစ္စာကို ဘာနဲ့သိရမယ်၊ ဉာဏ်နဲ့သိရမယ်၊ ပြောင်းလဲတယ်၊ ဖောက်ပြန်တယ်၊ ဒီသဘောလေးတွေ မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အင်း ဖောက်ပြန်တယ်ဆိုတော့ ဖောက်ပြန်စရာရှိဖို့ ပေါ်လာရဦးမှာပေါ့၊ ပေါ်လာပြီးမှ ဘာဖြစ်တယ်၊ (ဒုက္ခာက်သွားမယ်)၊ ပေါ်လာပြီးမှ ပျောက်သွားမယ်၊ ဒီသဘောလေးတွေ ဉာဏ်နဲ့. ကြည့်ကြည့် ကြည့်ကြည့်ပြီး တော့နေမယ်၊ အပြောကတော့ဖြင့် ဝေဒနာရှုတယ်လို့ ပြောတာပဲ။

ပျက်ဖို့ရာ အတွက် ဖြစ်ရအုံးမယ်

တကယ့် တကယ်ကျတော့ ဝေဒနာကို မြင်နေရုံနဲ့မပြီးသေး၊ ဝေဒနာရဲ့အပျက်တွေကို မြင်အောင်ကြည့်ပါတဲ့၊ ဝေဒနာရဲ့ အပျက်တွေကို မြင်အောင်ကြည့်ပါ၊ ဝေဒနာ မြင်နေရုံနဲ့တော့ဖြင့် ဝိပဿနာ မဟုတ်သေးပါဘူး၊ (မှန်ပါဘုရား)၊ ဘာကိုမြင်ရမယ်၊ ဝေဒနာရဲ့အပျက်ထိအောင် မြင်ရမယ်၊ ဟုတ်ရဲ့လား၊ (မှန်ပါဘုရား)၊ ရုပ်ရှုတဲ့သူက ရုပ်ကိုတော့ဖြင့် လူတိုင်းသိတာပေါ့၊ ရုပ်ကိုမြင်နေရုံနဲ့တော့ ဝိပဿနာ မဟုတ်သေးပါဘူး၊ (မှန်ပါဘုရား)၊ ရုပ်ရဲ့အပျက်၊ ပျက်ဖို့အတွက် ဖြစ်လည်း လာရဦးမှာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒါဖြင့် နှစ်ခုလုံးဆိုရင် ရုပ်ရဲ့အဖြစ်အပျက်၊ ဝေဒနာရဲ့အဖြစ်အပျက်၊ သညာရဲ့အဖြစ်အပျက်၊ သင်္ခါရရဲ့အဖြစ်အပျက်၊ စိတ်ရဲ့ အဖြစ်အပျက်၊ **သမုဒယဓမ္မာ နုပသီဝါ၊ ဝယဓမ္မာ နုပသီဝါ** ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတာ တိုက်ရိုက်ရှိပါတယ်၊ ဒါကို ဆရာတော်ဘုရားကြီးက ပီပီသသထောက်ပြတယ်၊ အင်း . . . မင်းတို့တစ်တွေက ရုပ်ရှုတယ်ဆိုတာ ရုပ်ကြီးကို မျက်စိနဲ့ ကြည့်နေရတယ် အောက်မေ့တာ၊ ဘယ် ဟုတ်လိမ့်မလဲကွဲ့၊ ရုပ်ကြီး ကြည့်နေတာကတော့ ဒါကတော့လူတိုင်း ကြည့်တတ်တာပေါ့။

ဒါပြောတာ မဟုတ်ဘူးကွဲ့၊ စောစောပိုင်းမှာတော့ ဟုတ်တာပေါ့။ နောက်ပိုင်းမှာ သမုဒယဓမ္မာ နုပသီဝါ၊ ဝယဓမ္မာ နုပသီဝါ၊ ဖြစ်တာ၊ ပျက်တာကို မြင်အောင် ကြည့်နေပါ။ ဘုရားကိုယ်တော်မြတ်ကြီး ဟောတဲ့တရားတော်ထဲမှာကို ရှေ့ပိုင်း နောက်ပိုင်းရှိတယ်၊ ရှေ့ပိုင်းက 'သမထ'၊ နောက်ပိုင်းက 'ဝိပဿနာ'၊ **သုခံ ဝါ ဝေဒနံ ဝေဒယ မာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ ဒုက္ခံ ဝါ ဝေဒနံ ဝေဒယမာနော ဒုက္ခံ ဝေဒနံ ဝေဒယာ မီတိ ပဇာ နာတိ။**

သိဆိုတာ ရူစရာပစ္စည်း အဲဒါလို့ သိခဲ့မှာသာ

အဓိပ္ပာယ်က သုခဝေဒနာပေါ်ရင် သုခဝေဒနာ ပေါ်တယ်လို့သိ၊ ဒုက္ခဝေဒနာပေါ်ရင် ဒုက္ခဝေဒနာပေါ်တယ်လို့ သိ၊ ဥပေက္ခာဝေဒနာပေါ်ရင် ဥပေက္ခာဝေဒနာပေါ်တယ်လို့ သိဆိုတာ၊ ဒါက သိရုံပဲသိရမှာ၊ ရူစရာပစ္စည်း ပျောက်သွားမှာစိုးလို့၊ ရူစရာပစ္စည်းက ဒါပဲလို့ သိရအောင် ရှေ့ပိုင်းက ပြောတာနော်၊ (မှန်လှပါဘုရား)၊ အဲဒီ သိ . . . သိ . . . သိဆိုတဲ့ အဲဒီ အခန်းထိအောင် ဝိပဿနာ မဟုတ်သေးဘူးနော်၊ (မှန်လှပါ ဘုရား)၊ သိရုံသိတာကတော့ ဟို ရူစရာပစ္စည်းရှာရုံ၊ ဖွေရုံပဲ ရှိသေးတယ်၊ (မှန်လှပါဘုရား)၊ အဲဒီရဲ့နောက်နားက ဆက်ပြီးတော့ လာတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးဟောတာ၊ **သမုဒယဓမ္မာ နုပသီဝါ ဝေဒနာသု ဝိဟရတိ၊ ဝယဓမ္မာ နုပသီဝါ ဝေဒနာသု ဝိဟရတိ၊** (မှန်လှပါဘုရား)၊ အင်း . . . ဝေဒနာတို့ရဲ့အဖြစ်၊ ဝေဒနာတို့ရဲ့ အပျက်၊ ပြောနေကြအတိုင်း ဆိုရင် ဝေဒနာတို့ရဲ့ အဖြစ်အပျက်၊ ဘာတဲ့တုံး၊ (ဝေဒနာတို့ရဲ့အဖြစ်အပျက်)၊ အဲဒီအဖြစ်အပျက် ရောက်တဲ့အဆင့်ကျမှ ဟော . . . ဘာတဲ့ ဝိပဿနာ၊ စောစောတုန်းက ဒါဝေဒနာပဲ၊ ဒါသုခဝေဒနာပဲ၊ ဒါ ဒုက္ခ

ဝေဒနာပဲ သိနေရုံနဲ့ ဝိပဿနာဖြစ်ပြီလား၊ (မဖြစ်သေးပါဘူး ဘုရား)၊ မဖြစ်သေးပါဘူးဗျာ၊ အဲဒီ ကြည့်တဲ့အခါကျတော့ ဝေဒနာမတွေ့ဘူး၊ ဝေဒနာကလေးတွေ ပျောက်ပျောက် သွားတာတွေ့တယ်၊ ဝေဒနာကလေးတွေ ပျောက်ပျောက်သွားတာ တွေ့တယ်၊ ဘာတဲ့တုံး ပျောက်ပျောက် သွားတာတွေ့တယ်၊ အဲ ဘယ်သူနဲ့ တွေ့တာတုံး၊ ဉာဏ်နဲ့ တွေ့တာ၊ အဲသလို တွေ့တဲ့အဆင့် ရောက်မှ ဘာတဲ့တုံး၊ (ဝိပဿနာပါဘုရား)၊ ဝိပဿနာ။

ဖြစ်ပျက်မြင်မှ ဝိပဿနာ

ဒါဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ ဒေသနာတော်နဲ့ အညီပဲ၊ မဟာသတိပဋ္ဌာန်ပါဠိတော်ကြီးထဲ၊ ဒါပြောတယ်နော်၊ (မှန်ပါဘုရား)၊ ဆရာတော်ကြီးက ဒါကိုထောက်ပြပြီးတော့ တိတိကျကျ ဆုံးဖြတ်ထားပါတယ်၊ အဖြစ်အပျက်တွေကို မြင်တဲ့အဆင့်ရောက်မှ ဘာခေါ်၊ (ဝိပဿနာခေါ်ပါတယ် ဘုရား)၊ ဟုတ်တယ်နော်၊ အင်း ဒီတော့ ရုပ်ကြည့်တဲ့အခါ ရုပ်တွေ့သလား ရုပ်ရဲ့အဖြစ်အပျက် တွေ့သလား၊ (ရုပ်ရဲ့ အဖြစ်အပျက်တွေ့တာပါ ဘုရား)၊ ဝေဒနာ ကြည့်ပြန်တော့ရော ဝေဒနာတွေ့တာလား ဝေဒနာရဲ့ အဖြစ်အပျက် တွေ့တာလား၊ (ဝေဒနာရဲ့ အဖြစ်အပျက်တွေ့တာပါ ဘုရား)၊ အလားတူပဲ သညာရဲ့ အဖြစ်အပျက်၊ သင်္ခါရရဲ့အဖြစ်အပျက်၊ စိတ်တွေရဲ့ အဖြစ်အပျက်၊ ဟုတ်တယ်နော်၊ ဒါ ဘာနဲ့ ရှုနေတာတုံး၊ (ဉာဏ်နဲ့ ရှုနေတာပါ ဘုရား)၊ ဟုတ်တယ်၊ ဉာဏ်နဲ့ရှုနေတာ။

ဖြစ်ပျက်မြင်နေစဉ် ဒုက္ခာပျောက်နေတယ်

ဒီ ဒီဋ္ဌိက ဘာဒီဋ္ဌိ၊ ဝိပဿနာသမ္မာဒီဋ္ဌိ၊ ဘာတဲ့၊ (ဝိပဿနာ

သမ္မာဒိဋ္ဌိပါ ဘုရား)။ ဉာဏ်ငါးပါးပဲ မဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒါနဲ့ ရှုနေတာ၊ အဲလိုရှုတဲ့အခါကျတော့ အဖြစ်အပျက်ပဲ တွေ့နေတယ် မဟုတ်လား၊ (မှန်ပါဘုရား)။ အဲဒီဥစ္စာ ခန္ဓာဖွဲ့ကြစမ်းပါ။ ရုပ်ရှုတော့ ရုပ် မတွေ့ဘူး၊ ရုပ်ရဲ့ အဖြစ်အပျက်တွေချည်း တွေ့နေတယ်နော်၊ (မှန်လှပါ ဘုရား)။ အင်း. . . ရုပ်တုန်းကတော့ ခန္ဓာဖွဲ့ရင် ဘာခန္ဓာ၊ (ရူပက္ခန္ဓာ)။ အခုရုပ် မတွေ့ဘူး၊ ဟော. . . ရိပ်ရိပ် ရိပ်ရိပ် ပြောင်းလဲ ဖောက်ပြန်နေတာလေးတွေပဲ အဖြစ်အပျက်တွေပဲ တွေ့နေတယ်၊ (မှန်လှပါဘုရား)။ အဲဒီဥစ္စာလေးတွေ ခန္ဓာဖွဲ့စမ်းပါ။ အင်း. . . အဲလိုဖွဲ့လို့မရဘူး၊ ဟို. . . အဲသလို အဖြစ်အပျက် မဟုတ်သေးခင်ဆိုရင်သာ ရုပ်ဆိုလို့ရှိရင် ရူပက္ခန္ဓာ၊ ဝေဒနာဆိုရင် ဝေဒနာက္ခန္ဓာ၊ သညာဆိုရင် သညာက္ခန္ဓာ၊ သင်္ခါရဆိုရင် သင်္ခါရက္ခန္ဓာ၊ စိတ်ဆိုရင် ဝိညာဏက္ခန္ဓာ၊ သူအရှိအရှိတိုင်း တွေ့နေတာဆိုရင်နော်၊ (မှန်ပါဘုရား)။ ဝေဒနာလည်း နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ (သို့မဟုတ်) မနာမကျင်၊ မကိုက် မခဲဘူးဆိုရင်တော့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ နာမည်ပေးလို့ရတယ်၊ ဒီဝေဒနာကို မတွေ့ဘူး၊ ဟော. . . ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ၊ နာတာ၊ ကျင်တာ၊ ကိုက်တာ၊ ခဲတာကို မတွေ့ဘူးနော်၊ (မှန်ပါ ဘုရား)။ ဘာတွေပဲတွေ့နေ၊ ဖြစ်တာနဲ့ ပျက်တာ အတိုကောက် ပြောနေကြဆိုရင်တော့ ဖြစ်-ပျက်၊ ဘာတဲ့တုံး၊ (ဖြစ်-ပျက်)။ အဲဒါကို ခန္ဓာဖွဲ့စမ်းပါ။ ဖွဲ့လို့မရဘူး၊ ခန္ဓာဖွဲ့စမ်းပါ။ ဖွဲ့လို့မရဘူး၊ ဒါဖြင့် ရုပ်ရဲ့အဖြစ်အပျက်ကို ခန္ဓာဖွဲ့လို့မရဘူး၊ ဝေဒနာရဲ့ အဖြစ်အပျက် ခန္ဓာဖွဲ့လို့ မရဘူး၊ သညာရဲ့ အဖြစ်အပျက်၊ သင်္ခါရရဲ့ အဖြစ်အပျက်၊ စိတ်ရဲ့အဖြစ် အပျက်ကို ခန္ဓာ ဖွဲ့လို့မရဘူး၊ ဒါဖြင့် ခန္ဓာ ပျောက်နေတယ်၊ (မှန်ပါဘုရား)။ ဘာပျောက်နေ၊ (ခန္ဓာပျောက်နေပါတယ် ဘုရား)။ ခန္ဓာပျောက်နေတယ်၊ ဖွဲ့စရာခန္ဓာ ပျောက်နေတယ်၊ (မှန်ပါ

ဘုရား)၊ ခန္ဓာပျောက်နေတယ်၊ ဘာပဲမြင်နေတုံး၊ အဖြစ်အပျက်ပဲ မြင်နေတယ်၊ အဖြစ်အပျက်ပဲ မြင်နေတယ်၊ ဖြစ်ပျက်တော့ ရှိသေးတယ်ပေါ့နော်၊ (မှန်ပါဘုရား)၊ ခန္ဓာရှိသေးလား၊ (မရှိပါဘူးဘုရား)၊ ခန္ဓာ ဘာဖြစ်နေတုံး၊ ပျောက်နေတယ်၊ အဲဒါကို ခန္ဓာစွန့်တယ် ပြောတာပေါ့။

နှစ်ခုပြိုင်ဖြစ်ရိုးထုံးစံမရှိ

အဲဒီအချိန်မှာ၊ ဒီပုဂ္ဂိုလ်သန္တာန်မှာ လောဘတဏှာရော လာသေးလား၊ (မလာပါဘူး ဘုရား)၊ ဘာပြုလို့တုံးဆိုတော့ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ လုပ်နေတဲ့အခါ အဖြစ်အပျက်ကို ဘာနဲ့မြင်နေတာတုံး၊ (ဉာဏ်နဲ့မြင်နေပါတယ် ဘုရား)၊ အဖြစ်အပျက်ကို ဘာနဲ့မြင်နေ၊ ဉာဏ်နဲ့မြင်နေ၊ ဟုတ်တယ်၊ ဉာဏ်နဲ့မြင်ပြီးတော့ နေတယ်၊ အဲသလို မြင်နေတဲ့အခါမှာ ဉာဏ်က ဘယ်အပေါ်မှာဖြစ်တာ၊ ဟဒယဝတ္ထုပေါ်မှာ ဖြစ်တာ၊ ဟုတ်တယ်နော်၊ (မှန်ပါဘုရား)၊ လောဘတဏှာ လာရင်ရော ဘယ်အပေါ်မှာလာရမယ်၊ (ဟဒယဝတ္ထုပေါ်မှာပါ ဘုရား)၊ ဒီတော့ ဉာဏ်ကလည်း နာမ်တရား၊ လောဘတဏှာကလည်း နာမ်တရား၊ နာမ်တရားတို့မည်သည် တစ်ချိန်တည်း နှစ်ခုပြိုင်ဖြစ်ရိုး ရှိသလား၊ (မရှိပါဘူးဘုရား)၊ မရှိပါဘူးဆိုတော့၊ ဟော . . . လောဘ တဏှာဝင်လို့ရမလား၊ (မရပါဘူး ဘုရား)၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ မြင်နေတဲ့ ပုဂ္ဂိုလ်သန္တာန် လောဘတဏှာ ဝင်လို့ရမလား၊ (မရပါဘူး ဘုရား)၊ လောဘတဏှာ သူဝင်မယ့်နေရာ ဘယ်သူ ဦးနေတုံး၊ ဉာဏ်ဦးနေတယ်၊ မဂ်ဦးနေတယ်၊ ဒီတော့ လောဘတဏှာ လာလို့ရလား၊ (မရပါဘူး ဘုရား)၊ ဒါကြောင့် အဲဒီအခိုက်မှာ တဏှာလည်း စွန့်ထားတယ်၊ (မှန်ပါဘုရား)။ တဏှာလည်း စွန့်ထားတယ်၊ စောစောတုန်းက ခန္ဓာလည်း

စွန့်ထားတယ်၊ အခု တဏှာလည်း စွန့်ထားတယ်၊ ဖြစ်ပျက်မင်း၊ ဖြစ်ပျက်မင်း၊ ဖြစ်ပျက်မင်း မြင်နေတဲ့အခိုက်၊ ဒီပုဂ္ဂိုလ်သန္တာန် ခန္ဓာလည်းစွန့်ထားတယ်၊ ခန္ဓာဖွဲ့စရာပစ္စည်း မရှိဘူးနော်၊ (မှန်ပါဘုရား)။ ဘာတွေပဲ တွေ့နေတုံး၊ အဖြစ်အပျက်တွေပဲ တွေ့နေတယ်၊ ခန္ဓာစွန့်တာပေါ့။ (မှန်ပါ ဘုရား)။

မင်ဉာဏ်ဦးရေလို့ ခန္ဓာနဲ့ တဏှာ စွန့်တယ်

ဒီအချိန်မှာတဏှာရော လာနိုင်သလား၊ (မလာနိုင်ပါဘူး ဘုရား)။ တဏှာလည်း စွန့်နေတယ်၊ တဏှာလည်း စွန့်နေတယ်ဆိုတော့ အင်္ဂါဘယ်နှချက်ပါလိမ့်၊ နှစ်ချက်၊ ခန္ဓာစွန့်တယ်၊ တဏှာစွန့်တယ်၊ ဘာတဲ့တုံး၊ ခန္ဓာစွန့်တယ်၊ တဏှာစွန့်တယ်၊ ဘယ်ဉာဏ်နဲ့ ရှုတဲ့အခိုက်တုံး၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့၊ ဘာတဲ့၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ရှုတဲ့အခိုက်မှာ ဟုတ်တယ်နော်၊ (မှန်ပါဘုရား)။

အေး . . . ခန္ဓာရှုနေတာ ဘုန်းကြီးတို့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းကြီးနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ဒုတိယအကွက်ထဲ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ခန္ဓာက ဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ သုတ္တန်စကားလုံးနဲ့ ပြောလို့သာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ ဖြစ်နေတာ၊ အဘိဓမ္မာစကားလုံးနဲ့ လှယ်ပြီးတော့ ပြောမယ်ဆိုရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာဘယ်နှပါး၊ (ငါးပါးပါဘုရား)၊ အဲဒီခန္ဓာငါးပါးထဲက တစ်ပါးပါးအပေါ်မှာ အခုလို ဖြစ်ပျက်တွေကို မြင်ပြီးတော့ နေတယ်ဆိုရင် ဖြစ်ပျက်တွေ မြင်နေတဲ့အခိုက် ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာ လာလို့ရလား၊ (မရပါဘူး ဘုရား)၊ ဩော်. . . လောဘတဏှာ လာလို့မရတဲ့အတွက်၊ တတိယအကွက်ထဲကနော်. . . စစချင်း လောဘတဏှာ မဟုတ်လား၊ အခါတိုင်းဆိုရင်

လာတတ်တယ်၊ မရှူတဲ့ပုဂ္ဂိုလ်ဆိုရင်၊ ဒီပုဂ္ဂိုလ် သန္တာန် လောဘတဏှာ လာတတ်လို့ တတိယအကွက်မှာ တဏှာ၊ တဏှာပြီးရင် ဥပါဒါန်၊ ဥပါဒါန်ပြီးရင် ကမ္မဘဝလာနေကြ၊ အခုတော့ ဖြစ်ပျက်တွေ မြင်ပြီးတော့ နေတဲ့အခိုက် ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာ လာသေးလား၊ (မလာပါဘူး ဘုရား)၊ တဏှာစွန့်နေပြီ မဟုတ်လား၊ (မှန်ပါ ဘုရား)၊ ရှေ့ဘက်က (နှစ်)အကွက်ထဲမှာလည်း ခန္ဓာရှိသေးလား၊ (မရှိပါဘူး ဘုရား)၊ မရှိပါဘူး၊ ရှိတာက ဖြစ်ပျက်တွေပဲရှိတယ်၊ ဖြစ်ပျက်တွေပဲ ရှိတယ်ဆိုတော့ ခန္ဓာစွန့်တယ်၊ တဏှာစွန့်တယ်၊ ဘာတဲ့တုံး၊ ခန္ဓာစွန့်တယ်၊ တဏှာစွန့်တယ်။

ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ အလုပ် လုပ်နိုင်မှာ

ဘယ်ဉာဏ်နဲ့တုံး၊ (ဝိပဿနာဉာဏ်နဲ့ပါ ဘုရား)၊ ဟုတ်တယ်၊ ဝိပဿနာဉာဏ်နဲ့၊ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ အလုပ်လုပ်လို့ ပြည့်ပြည့်စုံစုံ ဖြစ်ပြီးတော့ နေတဲ့အခါမှာ ခန္ဓာစွန့်တယ်၊ တဏှာစွန့်တယ်၊ ရှေ့ဘက်က ခန္ဓာစွန့်တယ်၊ နောက်ဘက်က တဏှာစွန့်တယ်၊ ကိုယ့်ကိုယ်ကို သိတယ်၊ ကိုယ့်ကိုယ်ကို သိတယ်နော်၊ ဒီအခိုက်မှာ လောဘတဏှာ မဝင်ဘူး၊ ပြီးတော့ အဖြစ်အပျက်တွေ မြင်ပြီးတော့ နေတယ်ဆိုတော့ ခန္ဓာဖွဲ့စရာ လည်းမရှိဘူး၊ (မှန်လှပါဘုရား)၊ ဒီအချိန်မှာ ခန္ဓာစွန့်တယ်၊ တဏှာကို လည်း စွန့်တယ်၊ အလုပ်နှစ်လုပ် လုပ်နေပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဝိပဿနာသမ္မာဒိဋ္ဌိက ဘာတဲ့တုံး၊ ခန္ဓာစွန့်တယ်၊ တဏှာစွန့်တယ်၊ (နှစ်)အကွက်ထဲမှာ ခန္ဓာငါးပါးတစ်ပါးပါးအပေါ် ရှူနေတော့ အဖြစ် အပျက်တွေချည်း မြင်နေတဲ့အတွက် ခန္ဓာရယ်လို့ ဖွဲ့စရာရှိသေးလား၊ (မရှိပါဘူး ဘုရား)၊ အဲဒါကြောင့် ခန္ဓာစွန့်တယ်၊ အဲဒီအခိုက်မှာ တတိယ အကွက်က လောဘတဏှာလာရဲ့လား၊ (မလာပါဘူး ဘုရား)၊ တဏှာ

လည်း စွန့်တယ်၊ စက်ဝိုင်းကြီးရှိလို့ စက်ဝိုင်းကြီး ထောက်ပြတာပါ။ စက်ဝိုင်းကြီး မရှိရင် ဒီခန္ဓာကိုယ်ကြီးက စက်ဝိုင်းကြီးပေါ့။ (မှန်ပါဘုရား)။ ဒီခန္ဓာကြီးအပေါ်မှာ ဘာနဲ့ရှုမယ်၊ ဉာဏ်နဲ့ရှုမယ်၊ ရှုတော့ အဖြစ်အပျက်တွေ မြင်နေပြီ၊ (မှန်လှပါဘုရား)။ ဒီခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ ဘာတွေ မြင်နေ၊ အဖြစ်အပျက်တွေ မြင်နေပြီ၊ အဲဒီ အဖြစ်အပျက်တွေ ခန္ဓာဖွဲ့လို့ရှိရင် မရပါဘူး၊ ဒီတော့ ခန္ဓာစွန့်နေတာပေါ့။ ခန္ဓာစွန့်နေတယ်၊ အဲဒီလို အဖြစ်အပျက် မြင်နေတဲ့အခိုက် ဒီပုဂ္ဂိုလ်သန္တာန် လောဘတဏှာရော ဝင်သေးလား၊ (မဝင်ပါဘူး ဘုရား)။ မဝင်ဘူး၊ မဝင်ဘူး၊ ဒီတော့ တဏှာလည်း စွန့်၊ ဟာ. . . ဒီနှစ်ချက်သာ ညီနေတယ်ဆိုရင် ဧကန္တ ဝိပဿနာသမ္မာဒိဋ္ဌိထိအောင် မြင်တာပဲ၊ ကိုယ့်ကိုယ်ကို သိနိုင်တာပေါ့။ (မှန်ပါဘုရား)။ ဟုတ်ပြီ၊ ဒါလမ်းစဉ်မှန်နေပြီ၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ အဖြစ်အပျက်တွေ မြင်နေပြီဆိုရင် လမ်းစဉ်မှန်ပေါ်ရောက်နေပြီပေါ့။ (မှန်ပါဘုရား)။ အဲဒီအဖြစ်အပျက် မြင်တာကိုပဲ ဘုရားကိုယ်တော်မြတ်က သိပ်တန်ဖိုးထားဟောကြားတာ။

ယောစ ဝဿ သတံ ဇီဝေ၊ အပ္ပဿံ ဥဒယဗ္ဗယံ။
စကာဟံ ဇီဝိတံ သေယ္ယော၊ ပဿတော ဥဒယဗ္ဗယံ။

ဖြစ်ပျက်မြင်ပြီး တစ်ရက်အသက်ရှင်ရတာကမှ

အဓိပ္ပာယ်ကတော့ အဖြစ်အပျက်တွေ မမြင်ဘဲနဲ့ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ပြီးတော့ နေတာထက်၊ ဖြစ်ပျက်ကလေးမြင်ပြီး တစ်ရက် အသက်ရှင်ရတာက ပိုပြီးတော့တန်ဖိုးကြီးတယ်၊ မြတ်တယ်၊ ဒီလိုပြောတာ၊ ဒီကနေ့ အဖြစ်အပျက်လေးတစ်ချက် မြင်လိုက်တယ်ဆိုရင် ဟိုဘက်က အများကြီးရှိတဲ့ ဥစ္စာတွေထက် ပိုပြီးတော့ တန်ဖိုးကြီးတယ်

ပြောတာ၊ (မှန်လှပါဘုရား)၊ ဘာပြုလို့ကံုးဆိုတော့ ဒါ နိဗ္ဗာန်ရမယ့်အမြင်မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဖြစ်အပျက်ကို မြင်တာဟာ နိဗ္ဗာန်ရစေမယ့် အမြင်မျိုး မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ ဒါလမ်းစပဲ၊ ကိုယ်သွားရမယ့် လမ်းဆုံးရဲ့ အစပဲ၊ (မှန်လှပါဘုရား)၊ ကိုယ်သွားရမယ့် ခရီးလမ်းအဆုံးရဲ့ အစတွေ့တာပဲ၊ ဒီလိုဆိုရင် ဒီလမ်းပေါ် ရောက်ရင် မှန်ပြီပေါ့၊ (မှန်လှပါဘုရား)၊ ရှေ့ဆက်သွားရုံပဲ၊ အခု ဒီလမ်းပေါ် ရောက်ရင်ပဲ အဂၤါနှစ်ချက်တွေ့နေပြီ၊ ရှေ့ဘက်က ခန္ဓာစွန့်၊ နောက်ဘက်က တဏှာစွန့်၊ ဟုတ်ပြီ၊ ဒါကို ထပ်ပြန်တလဲလဲရှု၊ ရှုဖန်များလာတော့ တဖြည်းဖြည်း ဒါတွေပဲမြင်နေတယ်၊ ဒါတွေပဲ မြင်နေတယ်၊ ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ၊ မျက်စိနဲ့မြင်မှာလား၊ ဉာဏ်နဲ့မြင်မှာလား၊ (ဉာဏ်နဲ့မြင်မှာပါဘုရား)၊ ဉာဏ်ထဲမှာဒါပဲ၊ ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာပဲရှိတယ်၊ ဘာမှမရှိဘူးနော်၊ (မှန်ပါဘုရား)၊ ဟိုအာရုံတွေ၊ ဒီအာရုံတွေ မြင်တယ်ဆိုရင် မဟုတ်ဘူး၊ ဒါ 'သမထနိမိတ်' တွေနော်၊ (မှန်ပါဘုရား)၊ တချို့ပြောကြတယ်၊ တို့တရား ထိုင်လိုက်လို့ရှိရင် ဘယ်လောက်မှမကြာဘူး၊ ဘုရားကိုယ်တော်မြတ်ကြီး အမှူးထားပြီးတော့ သံယာတော်ငါးရာကောင်းကင်က ကြွလာလိုက်တာ၊ ဘုရားကရှေ့ဆုံးက မြသပိတ်ကြီးပိုက်လို့၊ သူကလေ၊ အေး . . . ဒါက ကိုယ့်သမာဓိက ဖန်ဆင်းတာ၊ တကယ်မဟုတ်ဘူးနော်၊ ဒါတွေနဲ့ ကျေနပ် မနေနဲ့နော်၊ (မှန်လှပါဘုရား)၊ ဘုရားလည်း မရှိတော့ပါဘူး၊ ဟုတ်လည်း မဟုတ်ပါဘူး၊ သူက ဘုရားတန်ဆောင်းထဲ ရေးထားတဲ့ ဓါတ်ပုံကားချပ် ကြီးကြည့်လာတာ၊ အဲဒါကြည့်ပြီးတော့ သူဟာသူ ဖန်ဆင်းတာနော်၊ (မှန်ပါဘုရား)။

မျက်လုံးမြင်က ဆင်ကွဲ/ တည်ငြိမ်

မဟုတ်ပါဘူး၊ ဝိပဿနာနယ်မှာ အဲဒါတွေမရှိဘူး၊ ဝိပဿနာမှာ ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ၊ ဒါပဲရှိမယ်၊ ထပ်ပြန်တလဲလဲ ဒါပဲတွေ့မှာပေါ့။ (မှန်ပါ ဘုရား)၊ ရှိတာကလည်း ဒါပဲရှိတာ မဟုတ်လား၊ (မှန်လှပါဘုရား)၊ အေး . . . မြင်တာက မျက်စိနဲ့ မြင်ရမှာလား၊ ဉာဏ်နဲ့ မြင်ရမှာလား၊ (ဉာဏ်နဲ့မြင်ရမှာပါ ဘုရား)၊ ဉာဏ်နဲ့ မြင်တဲ့ဥစ္စာ၊ ဒါပဲ၊ ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ၊ ပျက်တာပုံတူတွေပဲ၊ ပုံတူတွေ ပြောင်းလဲပြီးတော့နေတယ်၊ မျက်လုံးမြင်ကတော့ ပုံကွဲ၊ အဆင်ကွဲတွေ မြင်တယ်၊ ကြည့်လိုက်တယ်ဆိုရင် စိမ်းနေတာတွေ၊ ဖြူတာတွေ၊ နီတာတွေ၊ ဝါတာတွေ၊ ကြောင်တာတွေ၊ ကျားတာတွေ၊ လှတာတွေ၊ မလှတာတွေ၊ ပုတာတွေ၊ ရှည်တာတွေ မျိုးစုံမဟုတ်လား၊ (မှန်ပါဘုရား)၊ အဆင်မျိုးစုံ၊ အဆင်ကွဲ၊ ပုံစံကွဲတွေ မြင်တာက ဘာအမြင်တုံး၊ မျက်လုံးမြင်၊ အဆင်ကွဲတွေမြင်တာက မျက်လုံးမြင်၊ ဉာဏ်အမြင်ကတော့ အဆင်တူမြင်၊ ဆင်ကွဲမြင်က၊ အဲ. . . မျက်လုံးမြင်က ဘာတဲ့တုံး၊ ဆင်ကွဲမြင်၊ ဉာဏ်အမြင်ကတော့ ဆင်တူမြင်၊ အဆင်တူပေမယ့်လို့ တည်ငြိမ်နေတာ မဟုတ်ဘူး၊ ပြောင်းလဲနေတာ၊ ဆင်တူပြောင်းလဲ တာတွေမြင်၊ ဉာဏ်အမြင်ဆိုတာက ဆင်တူပြောင်းလဲတာတွေမြင်၊ အဆင်တူတွေပဲ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ဒါပဲ၊ ဒီအဆင်တူတွေချည်းပဲ၊ ပြောင်းလဲနေတာကိုမြင်၊ ဒါက ဘာအမြင်တုံး၊ ဉာဏ်မြင်၊ မျက်လုံးအမြင်ကျတော့ အဆင်ကွဲတာတွေလေ၊ (မှန်ပါဘုရား)၊ ကြီးတာတွေရော၊ ငယ်တာတွေရော၊ ပုတာတွေရော၊ ရှည်တာတွေရော၊ တိုတာတွေရော၊ စိမ်းတာ၊ ဖြူတာ၊ နီတာ၊ ဝါတာ၊ အဆင်ကွဲတွေ မဟုတ်လား၊ (မှန်ပါဘုရား)၊ ပြီးတော့ အဆင်ကွဲတွေ ပြောင်းလဲမနေဘူး၊ တည်ငြိမ်

နေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ မျက်လုံးမြင်က ဆင်ကွဲတည်ငြိမ်နေတယ်၊ ဆင်ကွဲတည်ငြိမ်နေတယ်။

ဉာဏ်မြင်က ဆင်တူ/ ပြောင်းလဲ

ဉာဏ်အမြင်က ဆင်တူပြောင်းလဲနေတယ်၊ ဆင်တူပြောင်းလဲနေတာတွေမြင်တာ ဟုတ်တယ်နော်၊ (မှန်ပါဘုရား)၊ ဟို နိဗ္ဗာန်ရတဲ့အမြင် ဆိုတာက ဒီလိုဆင်တူပြောင်းလဲ နေတာတွေကိုမြင်မှ နိဗ္ဗာန်ရတဲ့အမြင်၊ မျက်လုံးမြင်နဲ့ နိဗ္ဗာန်ရနိုင်မလား၊ (မရနိုင်ပါဘူး ဘုရား)၊ မရနိုင်ဘူး၊ ဒါလေးကိုသိပါ။ ဒီတော့မျက်လွှာလေး ချထားပြီးတော့ ဉာဏ်နဲ့ကြည့်လို့ ဉာဏ်ထဲမှာ ပြောင်းလဲနေတာတွေကို တွေ့စေရမှာ၊ ဉာဏ်ထဲမှာ ပြောင်းလဲနေတာလေးတွေကို တွေ့စေရမှာ၊ အဲသလို ပြောင်းလဲနေတာတွေကို မြင်တဲ့အခိုက်မှာ၊ အဖြစ်အပျက်တွေကို မြင်ပြီးတော့ နေတဲ့အခိုက်မှာ ရှေ့ဘက်က ခန္ဓာစွန့်၊ နောက်ဘက်က တဏှာစွန့် ကိုယ်ကိုယ်တိုင် သိပါတယ်၊ တရားအလုပ် အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ အဖြစ်အပျက်တွေ မြင်ပြီဆိုရင် အဖြစ်အပျက်တွေက ခန္ဓာဖွဲ့လို့ရလား၊ (မရပါဘူးဘုရား)၊ အဲဒီတော့ ခန္ဓာစွန့်တယ်၊ အဲဒီအချိန်မှာ လောဘတဏှာရော လာရဲ့လား၊ (မလာပါဘူး ဘုရား)၊ ဒီတော့ဘာစွန့်၊ (တဏှာလည်း စွန့်ပါတယ် ဘုရား)၊ အဲဒီနှစ်ချက်သာ ညီနေရင် ဘာဒိဋ္ဌိ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ ဒီအဆင့်ကိုပဲ မနည်းပါဘူး၊ ဒီအဆင့်လည်း ရကြပါတယ်၊ ဒီအဆင့်ထိအောင် မရတဲ့သူကတော့ သမာဓိ မတည်နိုင်သေးလို့ပေါ့နော်၊ (မှန်ပါဘုရား)၊ ဟို . . . ဒီအဆင့်ထိ ရောက်ပြီဆိုရင် အဖြစ်အပျက်လေးတွေ မြင်နေတယ်၊ (မှန်ပါဘုရား)၊ ဖြစ်ပျက်ကလေးတွေ မြင်နေပြီဆိုရင် ဘယ်အဆင့် ရောက်နေလဲ၊ ဝိပဿနာသမ္မာဒိဋ္ဌိ၊ အားလုံး ငါးမျိုးမဟုတ်လား၊ (မှန်ပါ ဘုရား)၊

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ၊ ကောင်းတာလုပ် ကောင်းတာဖြစ်တယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်တယ်ဆိုတဲ့ ဥစ္စာကတော့ မိဘ ဘိုးဘွား ဆရာသမားတို့ လက်ထက်ကတိုင်စပြီးတော့ ယုံကြည်လာပါတယ်၊ (မှန်လှပါ ဘုရား)။ အဲဒီဥဏ်ဟာ ကမ္မဿက တာ သမ္မာဒိဋ္ဌိ၊ ရှိပြီးသားနော်၊ (မှန်ပါ ဘုရား)။ ပြီးတော့ စျာန်သမထတွေနဲ့၊ ဟိုး ဗြဟ္မာ့ပြည် သွားချင်တယ်ဆိုတာ အားမသန်ကြပါဘူး၊ (မှန်ပါ)။ အဲဒါ ထားလိုက်ကြတော့၊ အခု တတိယကျတော့ ဘာတဲ့တုံး၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ အခု ဒီအလုပ်တွေ လုပ်နေတာ မဟုတ်လား၊ (မှန်လှပါဘုရား)။ အခုတရား အလုပ် လုပ်နေတာ ဘာဒိဋ္ဌနဲ့၊ ဝိပဿနာသမ္မာဒိဋ္ဌနဲ့၊ ဒီငါးချက် အင်္ဂါငါးချက်သာ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ လောကီငါးပါးသာ ပြည့်စုံလို့ရှိရင် ဖြစ်ပျက်ကလေးတွေ မြင်တယ်၊ (မှန်လှပါဘုရား)။ အဖြစ်အပျက်ကလေးတွေ မြင်ပါတယ်၊ ကြိုးစားစမ်းပါ၊ ရနိုင်ပါတယ်။

မုန်းတယ်ဆိုတာ တွယ်တာမှုကင်းကွာလာတာ

အဲဒီမြင်နေတဲ့အခိုက် အင်္ဂါဘယ်နှချက်ပါလိမ့်၊ နှစ်ချက်၊ ရှေ့ဘက်က ခန္ဓာစွန့်၊ နောက်ဘက်က တဏှာစွန့်၊ ဟုတ်ပြီ၊ ထပ်ပြန်တလဲလဲ သူဘာတွေမြင်နေတယ်၊ ဖြစ်တာနဲ့ပျက်တာ၊ ဘာတဲ့၊ ဖြစ်တာနဲ့ပျက်တာ၊ ကြာတော့ ဒါတွေပဲ မြင်ဖန်များတော့ မုန်းတဲ့အဆင့် ရောက်လာတာပေါ့၊ (မှန်ပါဘုရား)။ မုန်းတယ်ဆိုတာက ဟို... ဒီအပေါ်မှာ မတွယ်တာတော့တာပါ၊ ဟိုတုန်းက မသိပါဘူး၊ အခုတော့ ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ၊ နောက်ရမယ့်ရုပ်ဓာတ္တု နာမ်တွေလည်း ဖြစ်တာနဲ့ ပျက်တာဆိုရင်ဖြင့် မလိုချင်ပါဘူးဆိုပြီးတော့ ဒီရုပ်တွေ ဒီနာမ်တွေအပေါ်မှာ တွယ်တာမှု ကင်းကွာလာတာ၊ (မှန်လှပါဘုရား)။

အဲဒါကို ငြိုးငွေ့တယ်လို့ဆိုတာ၊ (မှန်ပါ)၊ ဟုတ်တယ်နော်၊ (မှန်ပါ)၊
အင်း. . . ငြိုးငွေ့တယ်ဆိတာ စိတ်ပျက်တာလည်း မဟုတ်ဘူးနော်၊ (မှန်ပါ

ပူတာပေါ့။ (မှန်ပါဘုရား)၊ ပူရင်ဘာဖြစ်တုံး၊ မီးဖြစ်တယ်၊ ဟုတ်တယ် မဟုတ်လား၊ ဒီသဘောပါပဲ၊ အရှုခံတရားတွေအပေါ်မှာ ရှုညာဏ်များနဲ့ ပွတ်တာပေါ့။ (မှန်ပါဘုရား)၊ အရှုခံတွေအပေါ်မှာ ရှုညာဏ်နဲ့ပွတ်၊ ပွတ်ပါများလို့ရှိရင် ပူတာပေါ့။ ပူပါများလို့ ရှိရင်ပွင့်မယ်၊ ပူပါများလို့ရှိရင် ပွင့်မယ်၊ ဒီသဘောပါပဲ၊ အရှုခံနဲ့ ရှုညာဏ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် မြင်ပါများတော့ ဒီရုပ်၊ ဒီနာမ်အပေါ်မှာ မလိုချင်ဘူးပေါ့။ (မှန်လှပါ ဘုရား)။

လိုချင်လို့ ရှုနေတာ

ဟိုတုန်းကတော့လိုချင်၊ လိုချင်နေလို့ ရရနေတာ၊(မှန်လှပါ ဘုရား)။ အခုတော့ မလိုချင်တော့ဘူး၊ မလိုချင်လည်း ဆက်ရှု၊ ရှု၊ ရှုပါများ တော့ဖျပ်ခနဲ၊ နောက်ဆုံးမရတဲ့ အဆင့်မျိုးဖြစ်သွားမှာ၊ လိုချင် လိုချင်နေလို့ ရတာ၊ မလိုချင်ရင် မရဘူး၊ ဒီဖြစ်ပျက်တွေ လိုချင်နေလို့ မဟုတ်လား၊ (မှန်ပါဘုရား)၊ အခု ဒီဖြစ်ပျက်တွေ မလိုချင်တော့ဘူးဆိုတော့ မရတော့ ဘူး ဖြစ်သွားမယ်၊ ဒီဉာဏ်က ဒီဖြစ်ပျက်တွေပေါ်မှာ မကြည့်ချင်ဘူး၊ ဖျပ်ခနဲ အဖြစ်အပျက်မရှိတဲ့ဘက် လည်ထွက်သွားတယ်တဲ့၊ (မှန်ပါ ဘုရား)၊ အဖြစ်အပျက် မရှိတဲ့ဘက်ကို လည်ထွက်သွားတယ်၊ စောစော တုန်းကတော့ ဒီဉာဏ်က ဘာနဲ့တည့်နေတုံး၊ ဖြစ်ပျက်နဲ့ တည့်နေတယ်၊ ဖြစ်ပျက်တွေက ဘာသစ္စာ၊ ဒုက္ခသစ္စာ၊ တည့်နေတဲ့ဉာဏ်က ဘာသစ္စာ၊ (မဂ္ဂသစ္စာပါဘုရား)၊ မဂ္ဂသစ္စာ။

အင်း . . . ဒီလိုဆိုလို့ရှိရင် ခန္ဓာစွန့်၊ တဏှာစွန့်၊ ဒီလိုအင်္ဂါ နှစ်ချက်လုပ်နေပြီ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ တောင်း နှစ်လုံး အလယ်ခေါင်က ထမ်းပိုးနဲ့လျှို့ထမ်းသလို မဟုတ်လား၊ (မှန်လှပါ

ဘုရား)၊ အခုဆက်ရှုလိုက်တော့ ဖြစ်ပျက်တွေမြင်၊ မြင်နေရာက ဖြစ်ပျက်တွေမုန်းလာပြီ၊ မုန်းလာလည်း ဆက်ရှုလိုက်တော့ ဖျပ်ခနဲ ဒီဉာဏ်ဟာ ဖြစ်ပျက်တွေ မကြည့်ချင်တော့ဘူး၊ အဖြစ်အပျက် မရှိတဲ့ဘက် လည်ထွက်သွားတယ်၊ အဖြစ်အပျက် မရှိတဲ့ဘက် လည်ထွက်သွားတယ်ဆိုတော့ ဒီဉာဏ်နဲ့ ဘာနဲ့သွားတည့်၊ အဖြစ်အပျက် မရှိတာနဲ့သွားတည့်၊ ဘာနဲ့သွားတည့်၊ အဖြစ်အပျက် မရှိတာနဲ့သွားတည့်၊ ဒီသဘောလည်း ရှိပါသေးတယ်တဲ့၊ (မှန်ပါဘုရား)။

ဉာဏ်အားညံ့နေသေးရင် ဖြစ်ပျက်ပဲမြင်နေဦးမယ်

ဒီတော့ ဖြစ်ပျက်နေတာလေးတွေက ဘာသစ္စာ၊ (ဒုက္ခသစ္စာ)။ ဖြစ်ပျက်မရှိတာက ဘာသစ္စာ၊ (နိရောဓသစ္စာပါ ဘုရား)။ နိရောဓသစ္စာ၊ အဲဒါနဲ့ သွားတည့်တာ၊ ဒီဉာဏ်ဟာ ဖြစ်ပျက်မရှိတာနဲ့ သွားတည့်တယ်၊ အဖြစ်အပျက်မရှိတာက ဘာသစ္စာ၊ နိရောဓသစ္စာ၊ အဲဒါနဲ့သွားတည့်တာပေါ့။ (မှန်ပါဘုရား)၊ တည့်တဲ့အခါကျတော့ ဒီဉာဏ်က ငါးပါးမကတော့ဘူး၊ သီလမဂ္ဂင် သုံးပါးပါတိုးလာလို့ ၈-ပါးဖြစ်ပြီ၊ (မှန်လှပါဘုရား)၊ ဉာဏ်အားကောင်းလာလို့လည်း အဖြစ်အပျက်မရှိတာနဲ့ သွားတည့်တာပဲ၊ (မှန်ပါဘုရား)။ ဉာဏ်အားညံ့နေသေးရင် အဖြစ်အပျက်နဲ့ တည့်နေဦးမှာ မဟုတ်လား၊ (မှန်လှပါဘုရား)။ ဉာဏ်အားကောင်းလို့ကတော့ ဘာနဲ့သွားတည့်၊ အဖြစ်အပျက်မရှိတာနဲ့ သွားတည့်၊ ဒီဉာဏ်ဟာ၊ အဖြစ်အပျက် မရှိတာက ဘာသစ္စာ၊ နိရောဓသစ္စာ၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ၊ မဂ္ဂသစ္စာ၊ အဲဒီအချိန်မှာ ငါးပါးလား၊ ရှစ်ပါးလား၊ (ရှစ်ပါးပါဘုရား)၊ ရှစ်ပါးဖြစ်လာပြီ၊ မြင့်တက်လာပြီ မဟုတ်လား၊ (မှန်လှပါ ဘုရား)။

ရှစ်ပါးဆိုတော့ လောကီလား၊ လောကုတ်လား၊ (လောကုတ်ပါ

ဘုရား)၊ အဲ . . . လောကုတ္တရာ၊ ဟိုက အရှုခံက လောကုတ္တရာ၊ ဒီရှုတဲ့ ဉာဏ်ကလည်း လောကုတ္တရာ၊ ဒီလိုဖြစ်သွားတာ မဟုတ်လား၊ (မှန်ပါ ဘုရား)၊ ဒီအချိန်မှာ အဖြစ်အပျက်မရှိတဲ့ နိရောဓသစ္စာကို ဘာနဲ့မြင်၊ ဉာဏ်နဲ့မြင်တယ်၊ မဂ်နဲ့ မဟုတ်လား၊ (မှန်ပါဘုရား)။

အေး . . . မြင်တယ်ဆိုတော့ အဖြစ်အပျက်မရှိတာ နိရောဓ သစ္စာဆိုတော့ နိဗ္ဗာန် မဟုတ်လား၊ (မှန်ပါဘုရား)၊ ဒါဖြင့် ဒီအဆင့် ကျတော့ နိဗ္ဗာန်ပါ မြင်တော့တာပေါ့။ (မှန်လှပါဘုရား)၊ အဲဒီအချိန်မှာ အဲဒီပုဂ္ဂိုလ်သန္တာန် ခန္ဓာရောရှိသေးလား၊ (မရှိပါဘူးဘုရား)၊ အဲ . . . ခန္ဓာလည်း စွန့်တာပေါ့။ (မှန်ပါဘုရား)၊ နောက်တစ်ခုက ဘာပါမြင်တုံး၊ နိဗ္ဗာန်လည်း မြင်တယ်၊ ဘာတဲ့တုံး၊ (နိဗ္ဗာန်လည်းမြင်ပါ တယ်ဘုရား)၊ နိဗ္ဗာန်လည်း မြင်တယ်ဆိုတော့ သုံးချက်မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ ရှေ့ဘက်က ခန္ဓာစွန့်တယ်၊ နောက်ဘက်က တဏှာ စွန့်တယ်၊ ပြီးတော့ နိဗ္ဗာန်ကိုလည်းမြင်တယ်၊ ဘာတဲ့၊ နိဗ္ဗာန်ကိုလည်း မြင်တယ်၊ ဒီအဆင့် တက်လာတာ၊ (မှန်ပါဘုရား)၊ ဒီတော့ ဘယ်သူနဲ့ မြင်တာတုံး၊ မဂ္ဂသမ္မာ ဒိဋ္ဌိ၊ ဘာတဲ့၊ (မဂ္ဂသမ္မာဒိဋ္ဌိပါဘုရား)၊ ဒီအဆင့်ဖြစ်လာတာ၊ (မှန်ပါဘုရား)၊ ဟုတ်တယ်မဟုတ်လား။

ဉာဏ်နဲ့မြင်တာပါ

မဂ္ဂသမ္မာဒိဋ္ဌိကျတော့ ခန္ဓာရောရှိသေးလား၊ (မရှိပါဘူးဘုရား)၊ အင်း . . . ခန္ဓာကိုလည်းစွန့်တယ်၊ တဏှာကိုလည်းစွန့်တယ်၊ နိဗ္ဗာန်ကို လည်းမြင်တယ်၊ ခန္ဓာမရှိဆိုလို့၊ ဒီငုတ်တုတ်ထိုင်နေတဲ့ ခန္ဓာကြီးပျောက် သွားတာ မဟုတ်ဘူး၊ (မှန်ပါဘုရား)၊ ဟို . . . တရားထိုင်နေတယ်ဆို တော့၊ ဟော . . . ငုတ်တုတ်ကြီးတော့ မြင်နေတာပဲ၊ ဘေးက လူကကြည့်၊

ငုတ်တုတ်ကြီးတော့ ရှိတာပဲ၊ (မှန်လှပါ ဘုရား)၊ ငုတ်တုတ်ကြီးမှ ရှိနေရင် ဒီရုပ်တွေ၊ နာမ်တွေ မဟုတ်လား၊ (မှန်လှပါဘုရား)၊ ရုပ်တွေ၊ နာမ်တွေရှိရင် သူဘာသာသူ ထုံးစံအတိုင်း ဖြစ် ပျက်တော့ နေမှာပဲ၊ (မှန်လှပါ ဘုရား)၊ သို့သော် ဉာဏ်က ဒီဖြစ်ပျက်ဘက်ကို သူကြည့်ရဲ့လား၊ (မကြည့်ပါဘူး ဘုရား)၊ ဘယ်ဘက်ကို လည်ထွက်သွား၊ ဖြစ်ပျက်မရှိတဲ့ ဘက်ကိုလည် ထွက်သွား၊ ဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)၊ ဒီခန္ဓာကြီး ပျောက်သွား တာ မဟုတ်ဘူး၊ (မှန်လှပါ ဘုရား)၊ ဒီဉာဏ်က ဖြစ်ပျက် မရှိတဲ့ဘက်ကို လည်ထွက်သွားတယ်ဆိုတော့၊ အဖြစ်အပျက် မရှိတာက နိဗ္ဗာန မဟုတ် လား၊ (မှန်လှပါ ဘုရား)၊ အဲဒါနဲ့ သွားတည့်တယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ နိဗ္ဗာန်နဲ့ သွားတည့်တာပေါ့၊ (မှန်ပါ ဘုရား)၊ ဟုတ်တယ် မဟုတ်လား။

ရူရမယ့် ခန္ဓာမရှိတာပါ

ဒီအချိန်မှာ ဒီပုဂ္ဂိုလ်သန္တာန် ခန္ဓာရောရှိရဲ့လား၊ (မရှိပါဘူး ဘုရား)၊ ခန္ဓာရှိရဲ့လားဆိုတာက ကိုယ်ရူနေတဲ့ ဉာဏ်အောက်မှာ တွေ့ရမယ့် ခန္ဓာပြောတာနော်၊ (မှန်လှပါဘုရား)၊ ဒီခန္ဓာကြီးကတော့ ရှိတာပေါ့၊ (မှန်ပါ)၊ အဲဒီအချိန်မှာ ခန္ဓာမရှိဘူးနော်၊ ဟို . . . ရူရမယ့် ခန္ဓာမရှိဘူး၊ ဟုတ်တယ်မဟုတ်လား၊ ဘာမှမရှိဘူးဆိုတော့ မရှိတာနဲ့ သွားတည့်နေတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ အဲတော့ ဒီအချိန်မှာ ခန္ဓာဘယ်နှယ်တုံး၊ စွန့်နေတာ၊ ဒီအချိန် တဏှာရော လာသေးလား၊ (မလာပါဘူး ဘုရား)၊ တဏှာစွန့်တယ်၊ ပြီးတော့ ဘာပါမြင်သေးတုံး၊ နိဗ္ဗာန်လည်း မြင်တယ်ဆိုတော့ ဘယ်နှချက်ပါလိမ့်၊ (သုံးချက်ပါဘုရား)၊ ဒီသုံးချက်သာ ညီလို့ရှိရင် စိတ်ချတော့တဲ့၊ ဒီပုဂ္ဂိုလ် နိဗ္ဗာန်ရတာပဲ၊

(မှန်လှပါဘုရား)။ ဟုတ်တယ်မဟုတ်လား၊ အေး . . . အဲသလို နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဒီသဘောပါတဲ့၊ (မှန်လှပါ)။ ဟုတ်တယ်နော်။

အဲဒီ မဂ်ပြီးတယ်ဆိုရင် ဟော . . . မဆိုင်းဘဲနောက်က ကပ်လိုက်လာတာက ဘာတုံး 'ဖိုလ်'၊ ဘာတဲ့တုံး၊ ('ဖိုလ်'ပါဘုရား)။ 'ဖိုလ်' လည်းပဲ ဒီအလုပ် သုံးလုပ်ပါပဲတဲ့၊ ဟော . . . ခန္ဓာလည်း စွန့်တယ်၊ တဏှာလည်း စွန့်တယ်၊ နိဗ္ဗာန်လည်း မြင်တယ်၊ ဒါဖြင့် ဘာထူးသလဲဆိုတော့၊ ဟော . . . 'ဖိုလ်'က အချောသပ်၊ မဂ်က အကြမ်းသပ်၊ 'ဖိုလ်'က အချောသပ်၊ အလုပ်ကဘယ်နှလုပ်လဲ၊ သုံးလုပ်၊ မီးဖိုထဲမယ် ထမင်းချက်ပြီးတော့ မီးကျည်းခဲတွေက မလိုတော့ဘူး၊ အဲဒါ ရေနဲ့ဖျန်းလိုက်တော့ ရှဲကနဲဆို မည်းမကုန်ဘူးလား၊ (မည်းကုန်ပါတယ် ဘုရား)၊ ဟယ်မီးတွေ ငြိမ်းကုန်ပြီလား၊ ဟုတ်တယ်၊ ငြိမ်းကုန်ပြီ၊ ငြိမ်ကုန်ပြီသာပြောတယ်၊ လက်နဲ့ သွားကပ်ကြည့်မယ် ဆိုလို့ရှိရင် ပူတယ်၊ အဲ. . . အငွေ့တော့ရှိပါသေးတယ်၊ နောက်ထပ်ရေ လေးငါးခြောက်ပုံး၊ ခုနစ်ပုံး၊ ရှစ်ပုံး၊ ကိုးပုံးလောက် လောင်းလိုက်တော့မှ အကုန်လုံးအငွေ့တွေပါ ငြိမ်းပြီးတော့ အကုန်လုံးအေးသွားမယ် မဟုတ်လား၊ (မှန်လှပါဘုရား)။ ဒီကျတော့ အချောသပ် သပ်တာ မဟုတ်လား၊ (မှန်ပါဘုရား)။ ဒီသဘောပါပဲ၊ မဂ်နဲ့သပ်တာက အကြမ်းသပ်၊ ဖိုလ်နဲ့သပ်တာက အချောသပ်၊ အလုပ်ကျတော့ ဘယ်နှလုပ်တုံး၊ (သုံးလုပ်ပါ ဘုရား)။ သုံးလုပ်၊ အဲသလို ဖြစ်သွားတာကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုတာ၊ ဟုတ်တယ်နော်၊ (မှန်လှပါဘုရား)။

မဂ်က အကြမ်းသပ်၊ ဖိုဂ်က အချောသပ်

ဒီအချိန်မှာ ခံစားလိုက်ရတဲ့ဥစ္စာက အင်မတန် အေးငြိမ်းသွား

ပါသတဲ့၊ အင်မတန် အေးငြိမ်းသွားပါသတဲ့၊ ရေချမ်းအိုးပေါင်း တစ်ထောင် လောက် လောင်းချိုးခံရသူရဲ့ ခန္ဓာကိုယ် အေးသလောက် ငြိမ်းချမ်းသွား တာနော်၊ (မှန်ပါ)။ အေးသလောက်လို့ ပြောတာနော်၊ (မှန်ပါဘုရား)။ ရေခဲအေးသလို အေးတာလား၊ (မဟုတ်ပါဘူးဘုရား)။ မဟုတ်ပါဘူး၊ ဟိုအေးသလောက် ဒီမှာငြိမ်းချမ်းမှု ခန္ဓာထဲ အေးသွားတယ် ပြောတာ နော်၊ (မှန်ပါ)။ အဲတာကို တင်စားပြောတာ မင်္ဂရေစင်၊ ဘာတဲ့၊ (မင်္ဂရေစင် ပါဘုရား)။ မင်္ဂရေစင်၊ အင်မတန် အေးချမ်းတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)။ တင်စားပြောတာပါ။ အဲဒါ ဓမ္မကထိကတစ်ပါးက ပြောတယ်၊ ပရိသတ်ကြီး ဒီကနေ့ အင်မတန်အေးမြတဲ့ မင်္ဂရေစင် တိုက်ကျွေးမယ် သောက်သုံးကြမလား၊ ပရိသတ်ကြီးက၊ (သောက်သုံး ကြပါမယ် ဘုရား)။ ဟို. . . ဒကာမကြီး တစ်ယောက်က မပြောဘူး၊ နောက်တစ်ခါ ပြန်မေး မယ်၊ ပရိသတ်ကြီး အေးမြတဲ့မင်္ဂရေစင် တိုက်ကျွေးမယ် သောက်သုံး ကြမလား၊ (မှန်ပါ သောက်သုံးကြပါမယ် ဘုရား)။ ခုနတုန်းက ဒကာမကြီး မပြောဘူးနော်၊ ဘုန်းကြီးကလည်း မျက်စိ လျင်လျင်နဲ့ မြင်ရတယ်၊ သုံးကြိမ်ပြည့်အောင် မေးဦးမယ်ဆိုပြီးတော့ သုံးကြိမ်မေးတော့လည်း မဖြေဘူး၊ ဒီတော့ မေးတယ်၊ ဟိုဒကာမကြီးက အေးမြတဲ့ မင်္ဂရေစင် မသောက်ချင်ဘူးလား၊ (မသောက်ချင်ပါဘူး ဘုရား)။ ဘာပြုလို့လဲ၊ တပည့်တော်မက ရင်ကျပ်ရောဂါရှိလို့ ဆရာဝန်ကပြောထားတယ် အအေးနဲ့ မတည့်ဘူးဆိုလို့၊ အဲလိုအေးတာ ဟုတ်ရဲ့လား၊ မဟုတ်ပါဘူး၊ ဘယ်လိုအေးတာတုံး၊ ညက်ထဲအေးသွားတာ၊ ဘယ်လိုတဲ့၊ ညက်ထဲ အေးသွားတာပါ။ အေး. . . အဲသလောက် အေးမြတဲ့ဥစ္စာကို အခု ဘုန်းကြီးတို့တစ်တွေ ရရှိခံစားရအောင်၊ ကြိုးစားနေကြတာ မဟုတ်လား၊ (မှန်လှပါ ဘုရား)။ အားလုံးကိုယ်စီကိုယ်ငြ အေးမြတဲ့ မင်္ဂ ရေစင်ကို ရရှိ၍၊

အားလုံး အေးငြိမ်းချမ်းသာတဲ့ သန္တိသုခဓာတ်ကို ကိုယ်စီ ကိုယ်ငဆိုက်ကပ်နိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းအချိန်စေ့တဲ့အတွက် တော်ကြဦးစို့။

သာဓု. . . သာဓု. . . သာဓု

မိုး

ချုန်းထစ်သံ ဟိန်းပါဘိ
ခြိမ်းခြိမ့်ခြိမ့် လာပြီ
ရွာသည်တဲ့မိုး။

ရွာတုန်း ရေခံလို့
နေရဟာန် ကောန်မြန်းလိုတဲ့
မလေးမေ ပူမသန်းရအောင်
ဖျန်းပက်လို့ချိုး။ ။

အမှာ– “ မိုး ” ဆိုတာ မိုးကုတ်ဓမ္မဒေသနာမိုးကို ဆိုလိုပါသတဲ့။